


ငွေလင်း

# ဝါးကြီးခိုင်သူပုန်

## ငွေလင်း [၁၉၁၂–၁၉၈၉]

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရှောက်ပင်ရွာတွင် အဖ ဦးကြည်သာ၊ အမိ ဒေါ်သိုင်းတို့က ၁၈ ဖွန် ၁၉၁၂ တွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးစိန်ဒို ဖြစ်သည်။

ချောင်းဖြူကျောင်း ဘုန်းတော်ကြီး ဦးနန္ဒဝံထံ၌ စတင် ပညာသင်ယူသည်။ ၁၉၃၃–၃၄ တွင် တောင်တွင်းကြီးမြို့ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထိုကျောင်းမှ ခုနစ်တန်း အောင်ပြီးနောက် ကျောင်းထွက်ခဲ့သည်။

နတ်မောက်နယ် ပင်းချောင်း (အင်းကန်) မီးရထားရုံပိုင် (အစ်ကိုတော်သူ) နှင့် အလုပ်ကူညီ လုပ်ခဲ့သည်။ တစ်ဖန် တောင်တွင်းကြီးမြို့၌ ပြန်လည် နေထိုင်ခဲ့သည်။ ၁၉၃၅ တွင် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့သည်။ အလုပ်အမျိုးမျိုး လုပ်ကိုင်ခဲ့သည်။ ပုံတူပန်းချီရေး ဝါသနာထုံလှသဖြင့် ပန်းချီပညာနှင့်လည်း အသက်မွေးဝမ်းကျောင်း ပြုဖူးသည်။ စစ်အတွင်း ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီ အိုင် အေ) တွင် ဝင်ရောက်ပြီး သံတွဲနှင့် အထက်ဗမာပြည်သို့ သွားရောက် အမှုထမ်းခဲ့သည်။ ဘီအိုင်အေတပ် ဖျက်သိမ်းလိုက်သောအခါ ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။ ဂျပန်ခေတ်တွင် ရန်ကုန်ခရိုင် အရေးပိုင်ရုံး၌ စာရေးအဖြစ် အမှုထမ်းခဲ့သည်မှာ အလုပ်မှ နုတ်ထွက်ခဲ့သည့် ၁၉၅၃ အထိ ဖြစ်သည်။ အိုးဝေ၊ ယဉ်ကျေးမှု၊ ပေဖူးလွှာ၊ နဝဒေး၊ သင့်ဘဝ စသည့် စာနယ်ဇင်းများတွင် အယ်ဒီတာ လုပ်ခဲ့သည်။

၁၉၃၅ ခန့်တွင် စာ စ ရေးသည်။ ထိုနှစ်တွင် ဈေးနှုန်းသတင်းစာ ဆောင်းပါးပြိုင်ပွဲ၌ ဆုရခဲ့သည်။ ဆုမှာ သုံးကျပ် ဖြစ်သည်။ ကလောင်အမည်မှာ 'တောင်တွင်းကြီး သတိုးစိန်' ဖြစ်သည်။ ထို့နောက် ၁၉၃၆–၃၇ တွင် ဒီးဒုတ်ဂျာနယ်၌ 'ရွှေတွင်းစိန်' ကလောင်အမည်ဖြင့် ဝတ္ထုတို သုံးလေးပုဒ်ခန့် ရေးခဲ့ဖူးသည်။ 'ငွေလင်း' အမည်နှင့် ပထမဆုံး ရေးသားသည်မှာ "ဤယမုန်" ဝတ္ထု ဖြစ်သည်။ ထင်ရှားသည့် စာအုပ်အချို့မှာ **ဤယမုန်** (၁၉၅၃)၊ **အသဲဂဃော** (၁၉၆၀)၊ **ဖူးရွှေစာငယ်** (၁၉၆၁)၊ **တုံးတို တိုက်သည်** (၁၉၆၁)၊ **ဆုံနှစ်လ ရာသီ** (၁၉၆၁)၊ **မူရာ** (၁၉၆၁)၊ **မင်းကြီး ရွှေလရောင်** (၁၉၆၂)၊ **ခရီးပန်းတိုင်** (၁၉၆၃)၊ **တပတ် ကျော့ ရွာအပြန်တွင်** (၁၉၆၅)၊ **ပင်းမြို့သူ** (၁၉၆၅)၊ **မြို့လုလင်မှ ပုန်ကန်ခြင်း** (၁၉၆၆)၊ **တစ်ဦးတည်းသော လင်** (၁၉၆၆)၊ **ရင်စတော်မြိုင်** (၁၉၆၇)၊ **ရန်ကုန် စစ်တလင်း** (၁၉၆၈)၊ **သူရဲတစ်ထောင်** (၁၉၆၉)၊ **ဝါးကြီးအိုင်သူပုန်** (၁၉၇၇)၊ **ရင်မှာ လောင်သောမီး** ( ? )၊ **မြင်လှည့်ပါကြင်စော်** ( ? )၊ **ဝင်လယ်ရေ ဘယ်မခန်း** ( ? )၊ **မေတ္တာ ခွန့်စားခန်း** ( ? )၊ **ယာသူတို့ရွှဲ** ( ? ) တို့ ဖြစ်ကြသည်။ "ဤယမုန်" ဖြင့် ၁၉၅၃ ခုနှစ် ရှမဝ တစ်ထောင်ဆု၊ "ပင်းမြို့သူ" ဖြင့် ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည် တတိယဆု တို့ကို ရရှိခဲ့သည်။ ဤယမုန်၊ ဝါးကြီးအိုင်သူပုန်နှင့် ခရီးပန်းတိုင်တို့ကို ရုပ်ရှင်ရိုက်ကူးခဲ့သည်။ လွတ်လပ်ရေး မော်ကွန်းဝင် တတိယဆင့် ရရှိခဲ့သည်။

၂၂ ဒီဇင်ဘာ ၁၉၈၉ တွင် ရန်ကုန်မြို့မှာ ကွယ်လွန်သည်။

**၂၀၁၇-၂၀၁၉ ထုတ်**
**ရာပြည့်စာအုပ်များ**

၄၄၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရာဘာသာပြန် [သုံးတွဲ၊ ပေါင်းချုပ်]
၄၄၈။ ပါမောက္ခဦးတင်ရွှေ ၏ စာပေနှင့် စာပေသဘောတရား အဖွင့်
၄၄၉။ မောင်ခင်မင် (ဓနုဖြူ) ၏ အမိတက္ကသိုလ်၏ ရင်ခွင်မှာ
၄၅၀။ မာန်မြင့် ဝတ္ထုတိုပေါင်းချုပ်
၄၅၁။ ဟန်ဝင်းအောင် ၏ ၁၄/၁၅/၁၆
၄၅၂။ သခင်ဘသောင်း ၏ ခြေလေးချောင်း တော်လှန်ရေး
၁၇(၃)။ မောင်ထင် ၏ မိုပါဆွန်း ဝတ္ထုတိုများ
၄၅၃။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ စာဏကျနီတိကျမ်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၅၄။ ထွန်းသစ် (ပြုစုသည်) တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ပထမအုပ်]
၄၅၅။ သိန်းသန်းထွန်း ၏ ဘယ်ပန်းရှိ ရေးလို့မှ မမှီ
၄၅၆။ နာဂတောင်တန်း မောင်ကြည်ဇင် ၏ ဖျောက်ဆိပ်ပင်ကို သက်သေတည်သည်
၄၅၇။ ဒေါက်တာလှဘေ ၏ ပညာပါရမီနှင့် အတွေးအမြင်စာစု
၄၅၈။ ငွေလင်း ၏ ပင်းမြို့သူ
၄၅၉။ ဆရာမာဃ ၏ ပုသိမ်ရာဇဝင်
၄၆၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သုတ္တန္တနီတိကျမ်း
၉၉(၃)။ မောင်ထင် ၏ ဝတ္ထုတိုပေါင်းချုပ် [ဖြည့်စွက် ထုတ်ဝေခြင်း]
၄၆၁။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာမင်းလက်ထက်တော် စာတမ်းများ
၄၆၂။ ဦးအောင်မွန် (မြတ်ဆုမွန်) ၏ မြတ်စွာဘုရားရှင်တို့၏ ခရီးဒေသစာ
၄၆၃။ သခ်ါ ၏ သူတော်ကောင်းကြီး
၄၆၄။ တောင်သာမာဒင် ၏ ပန်းခိုးမှုနှင့် ကျေးရွာတရားရုံး စုံထောက်မှုများ
၄၆၅။ ရွှေကိုင်းသား ၏ သမိုင်းထဲက စစ်ကိုင်း
၄၆၆။ မောင်ခင်မင် (ဓနုဖြူ) ၏ ဘာသာစာပေ သုတေသန စာတမ်းများ
၄၆၇။ စိန်စိန် ၏ ချစ်ငြိုးချစ်မာန်
၄၆၈။ ထွန်းသစ် ၏ တိုက်ပွဲ ၁၀၀၊ အောင်ပွဲ ၁၀၀ [ဒုတိယအုပ်]
၄၆၉။ ဆရာမာဃ ၏ နိဗ္ဗာန်ဝါဒသမိုင်း
၄၇၀။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ သူရဿတီနီတိ [ပေါင်းချုပ်]
၄၇၁။ မောင်ပေါ်ထွန်း နှင့် ချစ်ဝင်းညွန့် (မြန်မာပြန်) ၏ ပါရီ မီးလောင်ပြီလား
၄၇၂။ မှော်ဘီဆရာသိန်း ၏ စကားပဒေသာ
၁၀၉(၃)။ ကျော်အောင် (မြန်မာပြန်) ၏ အကောင်းမြင်သမား (Candide by Voltaire)
၄၇၃။ သခင်ဘသောင်း (မြန်မာပြန်) ၏ ဗုဒ္ဓ၏ စကြဝဠာတရား
၄၇၄။ မောင်ရွှေကြည် ၏ ကျားဆိုသော ကျား
၄၇၅။ စာတာတော်ပုံ ရာဇဝင်
၄၇၆။ ပြည့်စုံ ၏ ပန်းရုံ
၄၇၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ မြန်မာ ပြဇာတ်စာပေသမိုင်း
၄၇၈။ နေဦးဝေ (မြန်မာပြန်) ၏ သမိုင်းကို ပြောင်းလဲစေသော ကမ္ဘာကျော် အမှား ၁၀၀
၄၇၉။ သစ်ဦးဇင် (မြန်မာပြန်) ၏ မဟာကရုဏာသခင်၊ မီးအိမ်ရှင် ဖလောရင့် နိုက်တင်ဂေးလ်

**၂၀၁၉ ခုနှစ်တွင် ထုတ်ဝေမည့် စာအုပ်များ**

၄၈၁။ ဒေါက်တာတိုးလှ ၏ ပင်းယ-အင်းဝခေတ် သမိုင်းဝင် ဇေတီပုထိုးများ [၆၇၂-၁၂၄၇]
၄၈၂။ ကျော်အောင်၏ ပင်ကိုရေး ဝတ္ထုတိုများ
၄၈၃။ တင်မောင်မြင့် (မြန်မာပြန်) ၏ သတို့သားနှင့် အခြား ဝတ္ထုတိုများ
[ The Bridegroom by Ha Jin ]
၄၈၄။ မောင်ခင်မင် (ဓနုဖြူ) ၏ ကလောင်တစ်ချောင်း၏ အတ္ထုပ္ပတ္တိ
၄၈၄။ ဟန်ဝင်းအောင် ၏ မတ်လ ၂၇

ရာပြည့်စာအုပ် ၄၈၀

# ဝါးကြီးအိုင်သူပုန်

ငွေလင်း

ရာပြည့်စာအုပ်တိုက်
www.yarpyae.com
တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်
ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၉၇၃ ၂၆၁၂၈၉ (ဆိုင်)၊ ၀၁-၃၇၅၉၁၂ (နယ်/ဖြန့်ချိရေး)

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – (၁၉၇၇) အညာသားစာပေ

ဒုတိယအကြိမ် – (၂၀၁၉) ရာပြည့်စာအုပ်တိုက်

(ဩဂုတ် ၂၀၁၉)

အုပ်ရေ [၈၀၀]

❑

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]

၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**

ဦးလပြည့်ဝေး (လပြည့်လင်းပုံနှိပ်တိုက်-၀၁၃၆၉)

အမှတ် ၁၁(H)၊ ၅၅-လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံး ပန်းချီ နှင့် ဒီဇိုင်း**

ဝသုန် နှင့် လင်းဝဏ္ဏ

❑

**တန်ဖိုး**

၃၀၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

## စကားပလ္လင်

ကျွန်တော်သည် "ဝါးကြီးအိုင်သူပုန်" ဝတ္ထုကိုရေးရန် အချိန်အတန်ကြာကပင် အားထုတ်ခဲ့ပါသည်။ သို့သော် ဤဝတ္ထုပါ အချက်အလက်အချို့ကို ကျွန်တော် ဝါးကြီးအိုင်ရွာသို့ သွားရောက် လေ့လာလိုသေးသဖြင့်၊ သွားရောက် လေ့လာရန် လည်း အခွင့်မသာသဖြင့် ယင်းမျှ အချိန်ကြာညောင်းနေရခြင်း ဖြစ်ပါသည်။ ဝါးကြီးအိုင်ရွာ ဟူသည်မှာ မြေလတ်ဒေသ မကွေးတိုင်း မြို့သစ် မြို့နယ်အတွင်း၌ တည်ရှိပါသည်။

သို့သော် ယခု ဤဝတ္ထုရေးပြီးသည်အထိ ကျွန်တော် ဝါးကြီးအိုင်ရွာသို့ မသွားနိုင်ခဲ့ပါ။ မသွားနိုင်သည့် အဓိက အကြောင်းရင်းမှာ ယင်းအချိန်တွင် ကျွန်တော်၏ ကျန်းမာရေး ချို့တဲ့နေမှုကြောင့် ဖြစ်ပါသည်။ (ယင်းအချိန် ဆိုသည်မှာ ၁၉၇၀ ပြည့်နှစ်နှင့် ထိုနှစ်မတိုင်မီအခါကို ဆိုလိုပါသည်။ ဤဝတ္ထုကို ၁၉၇၀ ပြည့်နှစ်က ရေးသား၍ ပြီးခဲ့ပါသည်။ ယခုအခါ ကျွန်တော်၏ ကျန်းမာရေး ကောင်းသွားပြီ ဖြစ်ပါသည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးစလုံး ကျွန်တော် ဆေးထိုး၊ ဆေးစား လုပ်နေရပါသည်။ တစ်ခါတစ်ရံ ဤကြားထဲမှပင် မသက်သာဘဲ ရှိနေတတ်ပါသေးသည်။ ဝေးလံသော ခရီးများ သွားလျှင် ပိုလို့ ဆိုးတတ်ပါသည်။

ကျွန်တော် ဝါးကြီးအိုင်ရွာသို့ လုံးဝ မရောက်ဖူးသည်တော့ မဟုတ်ပါ။ ၁၉၅၈ ခုနှစ်ဆီက တစ်ခေါက် ရောက်ဖူးပါသည်။ ဝါးကြီးအိုင်ရွာတွင် ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေ အတော်များများ ရှိပါသည်။ ယင်းမိတ်ဆွေများ အနက်မှ ဝါးကြီးအိုင် အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘခင်သည် ငယ်ရွယ်စဉ်အခါက အတူတကွ နေထိုင်ခဲ့ဖူးသူ ဖြစ်ပါသည်။

ဝါးကြီးအိုင်ရွာသို့ ကျွန်တော် ရောက်သွားသောအခါ ကျွန်တော်၏ ငယ်သူငယ်ချင်း ဆရာကြီး ဦးဘခင်အိမ်တွင် တည်းခိုပါသည်။ အခြားမိတ်ဆွေများ

အိမ်သို့လည်း သွားရောက် လည်ပတ်ပါသည်။ ရွာတွင်း ရွာပြင်နှင့်တကွ ဘုန်းကြီးကျောင်းများသို့လည်း ရောက်ရှိခဲ့ပါသည်။ ရွာနှင့် ဘုန်းကြီးကျောင်းများ၊ ထိုဘုန်းကြီးကျောင်းများနှင့် ယင်းချောင်းကြီး စသည်တို့၏ တင့်တယ်လှပ သာယာပုံများကိုကား ဤဝတ္ထုတွင် အပြည့်အစုံ ရေးသားဖော်ပြထားသဖြင့် အထူးချဲ့ထွင်မရေးလိုတော့ပါ။

ကျွန်တော်သည် ထိုဝါးကြီးအိုင်ရွာသို့ ရောက်ရှိခဲ့စဉ်ကတည်းက ဝါးကြီးအိုင် ရွာကို အခြေခံထားကာ ဝတ္ထုတစ်ပုဒ် ရေးရန် စိတ်ကူးပေါက်ခဲ့ပါသည်။ သို့သော် ဘယ်အကြောင်းရပ်မျိုး ရေးမည်၊ ဘယ်သို့ ဇာတ်လမ်းဖွဲ့မည် ဟူ၍ကား ကြံစည် စိတ်ကူးခြင်း မပြုခဲ့မိပါ။ ထိုစဉ်အခါက ဝါးကြီးအိုင်ရွာမှ သူပုန်ထဖူးသည်ဟူ၍လည်း မကြားသိခဲ့ရပါ။ စိတ်ဝင်စားဖွယ်ကောင်းသော ရွာကြီးတစ်ရွာ၊ လူနေလူထိုင်မှ စ၍ အခြား တောရွာနေ လူများနှင့် မတူမူဘဲ အသိ၊ အမြင်၊ အကြား ကြွယ်ဝ တိုးတက်မှုရှိသော ရွာကြီးတစ်ရွာဟူ၍သာ မှတ်ချက်ချခဲ့ပါသည်။

ထိုနောက် ကျွန်တော်သည် ဦးကိုကိုလေး (မောင်ဒေါန) နေအိမ်သို့ ကိစ္စတစ်ခုဖြင့် ရောက်ရှိသွားပါသည်။ ဤတွင် ဦးကိုကိုလေးက ဂျူန်ဆရာစံ သူပုန်မထမီ ဝံသာနုခေတ်မှာ နယ်ချဲ့အစိုးရက သဿမေဓ အခွန်ငွေများ အတင်းအကျပ်တောင်းခဲ့မှုနှင့် ပတ်သက်ပြီး ဝါးကြီးအိုင်ရွာက သူပုန်ထခဲ့ဖူးကြောင်း၊ ထိုသူပုန်ထသည့်အကြောင်း ဝတ္ထုရေးလျှင် ကောင်းမည်၊ အဲဒါ ခင်ဗျား ရေးပါလားဟု ကျွန်တော့်အား တိုက်တွန်းစကား ပြောပါသည်။ နဂိုကမှ ဝါးကြီးအိုင်ရွာကို အခြေခံထားကာ ဝတ္ထုရေးချင်နေသော ကျွန်တော်သည် ယင်းစကားကြားပြီးနောက် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကာ မဆိုင်းမတွပင် ဦးကိုကိုလေးအား 'ကျွန်တော် ရေးမယ်ဗျာ' ဟု ဝန်ခံ ကတိပေးလိုက်ပါသည်။ ဦးကိုကိုလေးသည် မြို့သစ် မြို့သားတစ်ဦး ဖြစ်ပါသည်။

ဦးကိုကိုလေးမှာ ဝါးကြီးအိုင်ရွာက သူပုန်ထသည်ဆိုသော အကြောင်းလောက်သာ သိပြီး ဘယ်နည်းဘယ်ပုံ ထ သည်၊ ဘယ်သူတွေ ပါသည်ဟူ၍မူ အသေးစိတ် ပြောမပြနိုင်ပါ။ သို့သော် ကိစ္စမရှိ၊ ကျန်သော အချက်အလက်များကို ကျွန်တော့်ဘာသာ ကျွန်တော် လေ့လာ စုံစမ်းယူမည်ဆိုပြီး ကြော်ငြာရန်အတွက် ပုဂံစာအုပ်တိုက်သို့ ကျွန်တော် ရေးမည့် "ဝါးကြီးအိုင် သူပုန်" ဝတ္ထုခေါင်းစဉ်ကို ပေးလိုက်ပါသည်။

၁၉၇၀ ပြည့်နှစ် နှစ်ဦးပိုင်းလောက်က ဖြစ်ပါသည်။ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်သည် ဝါးကြီးအိုင်ရွာသို့ တစ်ခေါက်မှ သွား

ရောက် လေ့လာ စုံစမ်းခြင်း မပြုနိုင်တော့သဖြင့် ကြည့်မြင်တိုင် ဗားကရာ ကျောင်းတိုက်မှ ဗားကရာ ဆရာတော်ဘုရားကြီး ဦးသုန္ဒရထံသို့ သွားရောက် လျှောက်ထား စုံစမ်းရပါသည်။ ဆရာတော်ဘုရားကြီးမှာ ကျွန်တော်၏ ဆရာတစ်ဆူဖြစ်သည့်ပြင် သိက္ခာတော် ငါးဆယ်ကျော်ခန့်၊ သက်တော် ခုနစ်ဆယ်ကျော်ခန့်ရှိလျက် ဝါးကြီးအိုင်ရွာသား ဇာတိ ဖြစ်ပါသည်။

သို့သော် ဆရာတော်ဘုရားကြီးသည် ကျွန်တော် သိလိုသော အချက်အချို့ကိုသာ အမိန့်ရှိနိုင်ပြီး၊ အဓိက အချက်ဖြစ်သည့် ထိုစဉ်က ဝါးကြီးအိုင်ရွာမှ သူပုန်ထခဲ့ဖူးသည်ဆိုသော အကြောင်းကိုမူကား 'ငါတော့ဖြင့် မသိဘူးကွ။ အဲဒီအချိန်တုန်းက သူပုန်ထခဲ့ဖူးတယ် ဆိုရင်လည်း ငါ ရွာမှာ မရှိဘူး။ တခြားမှာ နေတာ။ ငါက ရဟန်းဖြစ်ပြီးကတည်းက ရွာမှာနေတယ်လို့ မရှိဘဲ တခြားမှာချည်း နေတာ' ဟု အမိန့်ရှိပါသည်။ ဟုတ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ရဟန်း ဒါယကာ၊ ရဟန်း ဒါယိကာမများသည်ပင် ဝါးကြီးအိုင်ရွာမှ မဟုတ်ပါ။ ဆင်ပေါင်ဝဲက ဖြစ်ပါသည်။

ယင်းအတွက် ကိစ္စမရှိပါ။ ကျွန်တော် ရေးလိုသည်က ဝတ္ထုဖြစ်ပါသည်။ ဝတ္ထုတွင် ကျမ်းစာများကဲ့သို့ လည်းကောင်း၊ သတင်းစာများကဲ့သို့ လည်းကောင်း တိကျမှန်ကန်သော ဖြစ်ရပ်များကို ဖော်ပြနေရန် မလိုပါ။ ထိုခေတ် ထိုအခါ၊ ထိုသမိုင်းကြောင်း ဖြစ်ရပ်မှန်များကို ထင်ဟပ်ပေါ်လွင်စွာ ရေးဖွဲ့နိုင်လျှင်ပင် သမိုင်းနောက်ခံ ဝတ္ထုတစ်ပုဒ် ဖြစ်လာနိုင်ပါသည်။

ထိုခေတ်အခါက ဤဝတ္ထုပါအတိုင်း ဝါးကြီးအိုင်ရွာက အမှန်တကယ် သူပုန် ထခဲ့သည်ဖြစ်စေ၊ သူပုန် မထခဲ့သည်ဖြစ်စေ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ခြုံငုံကြည့်ပါလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် ပတ်သက်ပြီး နယ်ချဲ့အစိုးရတို့၏ တိုင်းသူပြည်သားများအပေါ် ထားရှိသော သဘောနှင့် ဖိနှိပ်ချုပ်ချယ်မှုများကမူ ထိုအတိုင်း ဖြစ်ခဲ့ပါသည်။ ထိုစဉ်က မိမိတို့အပေါ် ဖိနှိပ်ချုပ်ချယ်လွန်းသော အစိုးရကို အကယ်ပင် အခွန်မပေးဘဲ တော်လှန်ပုန်ကန်ခဲ့သော နေရာများလည်း ရှိပါသည်။ ထင်ရှားသော အရပ်ဒေသများမှာ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်တို့ ဖြစ်ပါသည်။ သာယာဝတီ ခရိုင်မှ ဆရာစံသူပုန် မဟုတ်သေးပါ။ နယ်ချဲ့အစိုးရက လက်နက်ကိုင် စစ်တပ်များနှင့်တကွ အခွန်တော်ကို အတင်းအကျပ်လာရောက် တောင်းခံ၍ မခံမရပ်နိုင် ဖြစ်ကြကာ ထ သော သူပုန် ဖြစ်ပါသည်။

ထို့ပြင် ဝတ္ထုမှာ ဝါးကြီးအိုင်ရွာကို အခြေခံ ရေးဖွဲ့ထားခြင်းဖြစ်ရာ၊ ဤဝတ္ထုပါ ဇာတ်ကောင် အများစုမှာလည်း ဝါးကြီးအိုင် ရွာသူရွာသားများ ဖြစ်ကြ

ပါသည်။ ဇာတ်လမ်းအရ လူကောင်းများလည်းရှိ၍ လူဆိုးများလည်း ပါဝင်ရမည် ဖြစ်ပါသည်။ သို့သော် အကယ်ရှိသောလူများ မဟုတ်ပါ။ ကျွန်တော်၏ စိတ်ကူးဖြင့် ဖန်တီးထားသော လူများသာ ဖြစ်ပါသည်။ အကယ်၍ တကယ်ရှိသူများနှင့် နာမည်ချင်း၊ လုပ်ငန်းချင်း၊ သဘောသဘာဝချင်းများ တူနေခဲ့ပါလျှင် ထို တကယ်ရှိသူများ အကြောင်းကို ရေးသားခြင်း မဟုတ်ပါ။ တိုက်ဆိုင်မှု ဟူ၍သာ မှတ်ယူကြစေလိုပါသည်။

ဤဝတ္ထုကို ပုဂံစာအုပ်တိုက်အတွက်နှင့် ၁၉၇၀ ပြည့်နှစ်က ရေးသားပြီး ဖြစ်ခဲ့ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးပါပြီ။ ပုဂံစာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်ပေါင်း များစွာတို့တွင်လည်း "ဝါးကြီးအိုင် သူပုန်" ထွက်မည့်အကြောင်း ကြော်ငြာခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ပုဂံစာအုပ်တိုက်မှ အကြောင်းအားလျော်စွာ ရုတ်တရက် မထုတ်ဖြစ်နိုင်သေးဘဲ ရှိနေသဖြင့်၊ လောလောဆယ် ထုတ်ဝေရန် အစီအစဉ်လည်း မရှိသေးသဖြင့်၊ ထိုနောက် ကျွန်တော့်အနေဖြင့်လည်း ၁၉၇၃ ခုနှစ် အတွင်းနှင့် ယခုနှစ်အတွင်း လုံးချင်း စာအုပ်များ ရေးသား ထုတ်ဝေခြင်း မပြုနိုင်ဘဲ ရှိနေရာ၊ ကျွန်တော့်အနေဖြင့် စာရှုသူများနှင့်လည်း ကင်းကွာမနေလိုသဖြင့် တစ်နေရာရာမှ ထုတ်ဝေနိုင်ရန်အတွက် ယင်းစာမူကို ကျွန်တော့်အား ပြန်လည် မ စ ပါရန် "ပုဂံကိုချော"အား တိုးလျှိုး တောင်းပန်ရပါသည်။ ကိုချောကလည်း ကြည်ဖြူစွာပင် ပြန်လည်၍ ပေးအပ်ခဲ့ပါသည်။ သို့အတွက် မူလ ပုဂံစာအုပ်တိုက်မှ ထုတ်ဝေရန် ကြော်ငြာထားသော ဤ "ဝါးကြီးအိုင်သူပုန်" ကို ယခု ကိုတင်စိုးတို့၏ စံပယ်ဦးစာအုပ်တိုက်မှ ထုတ်ဝေလိုက်ရခြင်း ဖြစ်ကြောင်း ရေးသားရပါသည်။

**ငွေလင်း**
၁၁၊ ၅၊ ၇၄

## [ ၀ ]

လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။ တကယ် တမ်း သာပ၊ ဘယ်ပန်း စံမတူဘူး၊ နန္ဒမူ ဖန်ဂူထိပ်မှာလ၊ ပစ္စေကာ ချွေးတော် သိပ်ရတယ်၊ အေးရိပ်ဆာယာ။

အထက်ပါ သီချင်းကို ဟစ်၍ဆိုလိုက်သော ကြာဖံ၏အသံဝါကြီးမှာ တောလုံး ဟိန်းသွားပါသည်။ ကြာဖံသည် အသံသာ ကောင်းသူ မဟုတ်၊ အဆိုလည်း တတ်သူဖြစ်ရာ အထူးပင် နားထောင်ကောင်းလှသည်။ သို့ နားထောင် ကောင်းခိုက် အခြားအသံတစ်သံက ဖောက်လာသဖြင့် ကြာဖံက သူ့သီချင်း ကို ရှေ့မဆက်ဘဲ ရပ်ထားလိုက်သည်။

အရီးသာလုံး၊ ကြေးကိုင်တုန်းက၊ ဒို့အိမ်တောင် ကြန်စုံကုန်း၊ တနေ့ တုန်းက လဲကာသေ၊ သားရေနှင့် အမဲနံ၊ လက်ပံနှင့် ချိုင်ရလျှင်၊ ကျိုးနိုင် လေ မွမွပျောင်းတာမို့၊ ပြောင်းဆန်အို မျိုမကျရယ်နှင့်၊ မြိန်လှတယ်လေး။

'ဟေ့ကောင် သာညြ၊ မင်းက စိန်ကောင်း ကျောက်ကောင်း ရောင်း ရာ ဆေးရိုးသည်က ကန့်လန့်ကန့်လန့် လုပ်မနေစမ်းပါနဲ့၊ သူ့ဘာသာသူ သီချင်းဆိုတာ ကောင်းကောင်းမွန်မွန် ဆိုစမ်းပါစေ'

'အို.... ကိုရင်ကြွက်သိုးကလည်း ကျူပ်လည်း သီချင်းဆိုတာပဲဟာ၊ ဘာမို့ကြောင့် ဆေးရိုးသည်က ကန့်လန့် ကန့်လန့် ဖြစ်ရမှာတုံးဗျ။ ဟဲ... ဟဲ'

သာညြ ဆိုသူက ပြောပြီး ရယ်ကျဲကျဲ လုပ်လိုက်သေးသည်။

'မင်း ဆိုချင်ရင် သူ မဆိုခင်က ဆိုပါလား၊ ဘာပြုလို့ သူဆိုခါမှ လိုက်ဆိုရတာတုံး။ ပြီးတော့ မင်း ဆိုတဲ့သီချင်းက သီချင်းကောင်း သီချင်း မွန်လည်း မှုတ်ဖဲနဲ့'

'ဒါလားဗျ၊ သီချင်းကောင်း မဟုတ်တာ၊ ဒီသီချင်းက နယ်နယ်ရရ သီချင်းမှုတ်ဖူး၊ ကျုပ်တို့ဘကြီး မှတ်စု ဘုတ်အုပ်ထဲက တွေ့လို့ တမင်လာ ကျက်ထားတာဗျ'

သူတို့နှစ်ဦး ဘာပြောနေနေ လက်ဦးသီချင်းဆိုသူ ကြာဖံကမူ ခေတ္တ ရပ်ထားပြီးနောက် သူ့သီချင်းကို ဆိုမြဲ ဆက်ဆိုပါသည်။ သူ့ပခုံးထက်၌ လေးပင်သော အထမ်းကြီးထမ်းလျက်မှပင် ထိုအထမ်းကို နည်းနည်းကလေး မျှ မမှုဘဲ ပကတိ လူလွတ် လျှောက်သွားသကဲ့သို့ စိတ်ပါလက်ပါ သီချင်း ဆက်ဆိုနေပါသည်။

ဘာသာဘာဝ လုပ်ကိုင် စားသောက်ကြရသော ကွမ်းထမ်းသမား လေးဦးတို့ ဖြစ်ကြသည်။ ၎င်းတို့သည် အရွယ်အားဖြင့် နုနယ်ပျိုမျစ်ခြင်း၊ စိတ်အားဖြင့် အလုပ်အားဖြင့် ကြည်လင် သန့်ရှင်းခြင်းများ ရှိကြ၍သာ ယခုကဲ့သို့ သီချင်းဆိုနိုင်အားခြင်း ဖြစ်ကြသည်။ ၎င်းတို့၏အလုပ်မှာ သက်သာ လှသည်တော့ မဟုတ်ပါ။ အလေးချိန်အားဖြင့် ပိဿာ သုံးဆယ်မှ လေးဆယ် (အချို့ ထိုထက် ပိုပါသေးသည်)အထိ ထမ်းလျက် ကွမ်းထွက်သော၊ ကွမ်းခြံ ပေါသော ယင်းချောင်းနံဘေးရှိ ညောင်ဖင် အိုင်သာ ခေါ်သော ရွာများမှနေ၍ ခရီးတစ်သောင်းကျော် (မိုင်နှစ်ဆယ်ကျော်) မျှ ဝေးကွာသည့် အနောက်ကုန်း ခေါ်သော အရပ်သို့ သွားရောက် ရောင်းချကြရသည်။ တစ်ခါတစ်ရံ ယင်း ကုန်းရိုးလွန်၍ မြင်ကွန်း စသည့် မြစ်နားအရပ်သို့ပင် သွားရောက် ရောင်း ကြရသေးသည်။

လှေထိုး၊ လှတိုက်အလုပ်သည် အလွန်ပင်ပန်းသည်ဟု ပြောကြသည်။ ကွမ်းထမ်းအလုပ်က ထိုထက် ပင်ပန်းလိမ့်မည် ထင်ပါသည်။ နီးဖြင့် ရက် လုပ်ထားသည့် နှစ်တင်းဝင်ခန့်ရှိသော ပုတ်ငယ်များကို ဝါးကြိမ်များဖြင့် လေးဖက်သိုင်း၍ တစ်ဖက် တစ်တောင်းစီ သို့မဟုတ် တစ်ပုတ်စီ ထမ်းပိုး လျှိုကာ ထမ်းကြရပါသည်။ တစ်ပုတ် တစ်ပုတ်လျှင် အချိန်ဆယ့်ငါး၊ နှစ်ဆယ်၊ ခွက်အစိတ် စသဖြင့် အားကောင်းလျှင် ကောင်းလိုက် ထမ်းတတ်

ကြလေ့ ရှိပါသည်။ တစ်ပုတ် ခွက်အစိတ် ပါသူသည် နှစ်ပုတ်ပေါင်းလျှင် ခွက်ငါးဆယ် ဖြစ်ပါသည်။ ခရီးဝေးလျှင် ဝေးအလျောက် သွားရသဖြင့် ခရီးကလည်း ပန်းသေးသည်။ ပခုံးထက်၌ ထမ်းရသော ဝန်ကလည်း လေးသေးသည်။ ယင်းလုပ်ငန်းသည် အဘယ်မှာလျှင် လေ့ထိုး၊ လွှတိုက် ထက် မပင်ပန်းဘဲ ရှိပါမည်နည်း။

အများအားဖြင့် ၎င်းတို့၏ ပခုံးများမှာ ကျွဲပခုံး ဖြစ်နေကြသည်။

ခြေဖဝါးများသည်လည်း ဖိနပ်မပါဘဲ နေပူမိုးရွာမရှောင် သွားရလွန်းသဖြင့် ပျဉ်ချပ်များကဲ့သို့ အသားမာ ဖြစ်နေကြသည်။

သူတို့ ထမ်းသော ထမ်းပိုးများမှာ တော်ရုံလူတို့ ထမ်းကောင်းမှ ထမ်းတတ်ကြမည် ထင်သည်။ ကွေးနေသော လောက်လေးကိုင်းများကို ပက်လက် လှန်ထားသလို အဖျားနှစ်ဖက်က အပေါ်သို့ ကော့ထောင် နေသည်။ ပျံ့ဝဲနေသော စင်ရော်ငှက်၏ အတောင်ကော့ နှစ်ဖက်နှင့်ပင် တူပြန် သေးသည်။

ထမ်းသောအခါ ပခုံးကို ငြိမ်ငြိမ်ထားတတ်ရမည်။ ကော့နေသော အဖျားနှစ်ဖက် အောက်သို့လည်မသွားရန် လက်ဖြင့် ထိန်းနိုင်အား ရှိရမည်။

'ဒီထမ်းပိုးမျိုးက ထမ်းနေကျမှ၊ ထမ်းနေမကျရင် လွယ်တာ မှုတ်ဖူး' ဟူ၍ သူတို့ပြောသော စကားအရ သိရသည်။ သူတို့ကျတော့လည်း ခက်ခဲ ခြင်း မရှိပါ။ သူတို့ ထမ်းသောအခါ ကြည့်ရာတွင် ပခုံးပေါ်၌ ဝန်မပါသလို၊ လေးပင်ခြင်း မရှိသလို အသာကလေး ထမ်းသွားကြသည်။ ခြေလှမ်းစဉ်ကို မှန်မှန်သွက်သွက်ကြီး လှမ်းသွားကြသည်။ ရိုးရိုးလူများ အမြန်ဆုံး လျှောက် လျှင် တစ်နာရီ လေးမိုင်ခရီးခန့် တွင်မှု ၎င်းတို့က အဖျင်းဆုံး ခြောက်မိုင်၊ ခုနစ်မိုင်ခန့်အထိ သွားနိုင်ကြသည်။

သို့တိုင်အောင် ယင်းအထမ်းများကို ၎င်းတို့ ထမ်းသွားကြသောအခါ တောင့်တင်း မာကျော၍ ကော့ပျံနေသော ထမ်းပိုးကြီးများမှာ ကွမ်းပုတ် ကြီးများ မြေသို့ ထိလုခမန်း အောက်သို့ ညွတ်၍ ကျလာတတ်ပါသည်။ ယင်းသည် အလွန်လေးပင်ကြောင်း ထင်ရှားစေသော သာဓက ဖြစ်ပါသည်။

အမှန်ပင် လေးပါသည်။ ယခု ကွမ်းထမ်းလာသူ လေးဦး ရှိသည့် အနက် အသက်အငယ်ဆုံးလည်းဖြစ်၊ လူစိမ်းတစ်ယောက်လည်း ဖြစ်သော

သိုက်ထွန်း ဆိုသူမှာ အများတကာ၏ ကွမ်းထမ်းလောက် အချိန်မများဘဲနှင့် အတော်ခက်ခက်ခဲခဲ ပင်ပန်းတကြီး ထမ်းယူရပါသည်။

အခြားသူတို့၏ ကွမ်းထမ်းများမှာ အချိန်လေးဆယ်မှ ငါးဆယ် အထိ ပါကြသည်။ သိုက်ထွန်းမှာကား အချိန်သုံးဆယ်သာ ထမ်းနိုင်ခဲ့ သည်။ အလေးချိန် ငါးဆယ် အပြည့်ထမ်းနိုင်သူကား အခြား မဟုတ်။ ခန္ဓာကိုယ် ကြီးခိုင်ပြီး အသားမည်းသည့်အတွက် သူ့အား အချို့က ကျွဲသိုး ဟု အမည်ပေးထားသော ကြွက်သိုးပင် ဖြစ်ပါသည်။ ၎င်းတို့ လေးယောက် ထဲတွင် ဘယ်သူမှ အချိန်ငါးဆယ်ပြည့်အောင် မထမ်းနိုင်ကြ။ ကြွက်သိုး တစ်ယောက်သာ ထမ်းနိုင်သည်။ ကြာဖံနှင့် သာညြတို့ နှစ်ယောက်မှာ ကြာဖံက လေးဆယ်၊ သာညြက လေးဆယ့်ငါး၊ ထိုမျှလောက်သာ ထမ်း နိုင်ကြသည်။ ယင်းသည်တို့မှာ ၎င်းတို့၏ အားစွမ်းကုန် အသုံးပြုကြခြင်း ဖြစ်ပါသည်။

ယခုဆိုလျှင် အထက်တွင် ကြာဖံ သီဆိုခဲ့သော တေးသီချင်းတွင် ပါသော "လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ" ဆိုသည် နှင့် အညီ တန်ခူးလပင် ဖြစ်ပါသည်။ ယင်းအတာကူးသည့် တန်ခူးလတွင် "သိန်သရေ ထိန်ဝေလို့ တောက်တဲ့ပြင်၊ လမ်းတစ်လျှောက် သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘူ၊ ပန်းပိတောက် မင်း" ဟု စာဖွဲ့ရလောက် အောင်ပင် ထိုသူတို့ ဖြတ်သန်းသွားရာ တောလမ်းတစ်လျှောက်၌ အကယ်ပင် ပန်းပိတောက်တွေ သင်းပျံ့ကြိုင်လှိုင် ဝေဝေဆာ ဖူးပွင့်နေကြပါသည်။

၎င်းကွမ်းထမ်းလာသူ လေးဦးတို့ နားခိုရာ အရိပ်သည်ပင် ပိတောက် ပင်ရိပ် ဖြစ်ပါသည်။ ပိတောက်ပင်များ ဖူးပွင့်ကြ၍ တောလုံး သာယာ နေသည်မှအပ "တန်ခူး ကဆုန်၊ ဆွေ့ဆွေ့ခုန်" ဟူသော စကားအလိုက် နေက အလွန်ပူပါသည်။ သို့ နေပူရသည့်အပေါ် မွန်းတည့်မွန်းတိမ်း အချိန် လည်း ဖြစ်နေပြန်ရာ ယခုကဲ့သို့ အလေးအပင်များ ထမ်းပိုးရသော အထမ်း သမား မဆိုထားနှင့်၊ သူတို့ကဲ့သို့ ထီးဖိနပ်မပါဘဲ လျှောက်ရသူတို့ မဆို ထားနှင့်၊ ဘာအလေးအပင်မျှ မပါဘဲ ထီးဆောင်း၊ ဖိနပ်စီး သွားရသူတို့ပင် နေပူဒဏ်၊ လေပူဒဏ် မခံနိုင်ကြသဖြင့် ခုန်ဆွခုန်ဆွ ဖြစ်နေကြမည့် အချိန် အခါမျိုး ဖြစ်ပါသည်။

ရောင်းမငရွာနှင့် ဗွေးချိုရွာအကြားရှိ ကြာအင်းရွာ၏ အနောက်ဘက် ကုန်းတန်းခင်ကျောကလေးပေါ်၌ ဖြစ်ပါသည်။ ကွမ်းထမ်းသမား လေးဦး တို့သည် ရောင်းမငရွာမှ ထွက်ခဲ့ကြကတည်းက တစ်ထောက်မှလည်း မနား ရသေး။ နေပူရှိန်ကလည်း ပြင်းထန်လွန်းသဖြင့် ယင်းပိတောက်ပင်အောက် ၌ နားနေခဲ့ကြခြင်း ဖြစ်ပါသည်။ နာရီဝက်ခန့် နားနေပြီးနောက် ဆက်လက် ၍ သွားကြသောအခါ ကြာဖံသည် နေရာမှ မထွက်ခွာမီ သင်းပျံ့ ကြိုင်လှိုင် လျက် ရွှေဖူးရွှေပွင့်များ ဝေဝေဆာ ဖူးပွင့်နေသော ပိတောက်ပင်ကြီးကို တစ်ချက်မျှ မော့်ကြည့်ပြီး အဆိုပါသီချင်းကို ကောက်၍ ဟစ်လိုက်ခြင်း ဖြစ်ပါသည်။

ဘယ်သူမှ မထွက်သေးမီ ပထမ သိုက်ထွန်းက သူ့ကွမ်းထမ်း သူ ထမ်း၍ ထွက်သွားနှင့်သည်။ သိုက်ထွန်းသည် အသက်အငယ်ဆုံးနှင့် ပင်ပန်းခံနိုင်အား အနည်းဆုံးဖြစ်သော်လည်း ဝီရိယမှု အကောင်းဆုံး ဖြစ် ပါသည်။ ဝီရိယကောင်းရုံမျှမဟုတ်၊ သွက်လည်း သွက်လက်သူ ဖြစ်သည်။ ခရီးဆက်ရန် အတူထကြရာ၌ပင် အများတကာက ထမ်းရန် ဟန်ပြင်နေ ကြခိုက် ရှိသေးသည်။ သူက ပခုံးပေါ်သို့ ရောက်ပြီး၊ ပခုံးပေါ် ရောက်သည် နှင့် တစ်ပြိုင်နက် နေရာမှ ထွက်သွားပြီး ဖြစ်နေတတ်သည်။

ယခုလည်း ထိုအတိုင်းပင် သိုက်ထွန်းထွက်သွား၍ တစ်မျှော်တစ်ခေါ် ရောက်မှ ဒုတိယ ကြာဖံက လိုက်သည်။ နောက်မှ သာညြနှင့် ကြွက်သိုး တို့က လိုက်ကြသည်။ သို့သော် သိုက်ထွန်းမှာ ဤလိုချည်း တောက်လျှောက် မသွားနိုင်ပါ။ ခရီးတာ ဝေးလာသောအခါ သူ့အား နောက်လူများက မီလာ တတ်ပါသည်။ ကျင့်သား ရသူနှင့် ကျင့်သား မရသူ၊ လုပ်သက် နုသူနှင့် လုပ်သက် ရင့်သူတို့၏ ကွာခြားချက်ပင်။

ကြွက်သိုး အစရှိသူတို့က သူများထသော်လည်း မထသေးဘဲ၊ သူများ ထွက်သော်လည်း မထွက်သေးဘဲ နောက်ချန်နေကြခြင်းမှာလည်း ၎င်းနည်း အတိုင်း ကိုယ့်အားကိုယ် ယုံကြ၍ ဖြစ်လိမ့်မည် ထင်သည်။ ယုန်နှင့်လိပ် အပြေးပြိုင်ကြသည့်သဘော။

ယင်းတို့မှာ ဤမျှသာ မဟုတ်သေးပါ။ အဘယ်မျှ ခရီးတာ ဝေးဝေး၊ အဘယ်မျှ နေပူပူ မဖြုံတတ်ကြ။ သီချင်းဆိုလေ့ ရှိသူကလည်း သီချင်း

ဆိုချင်လျှင် ကောက်ဆိုလိုက်တတ်သည်။ အရွှန်းအနောက် ပြောသူကလည်း မောသည်ပန်းသည် သဘောမထား။ သွားရင်းလာရင်း၊ ထမ်းရင်းပိုးရင်းဖြင့် နောက်ပြောင်တတ်ကြသည်။ သူတို့သည် ထာဝစဉ် ဤသို့ချည်း ပင်ပန်းကြီးစွာ လုပ်ကိုင် ထမ်းပိုးနေကြရသူများ ဖြစ်ရာ၊ ကိုယ့်စိတ်ကို ယင်းသို့မှ ဖြေဖျောက်ခြင်း မပြုရလျှင် အဘယ်ပုံ ဖြေဖျောက်ရမည်နည်း။

'သူက ရာသီအလိုက် ပွင့်တဲ့၊ အလွန်လှ အလွန်လည်း မွှေးတဲ့ ယောဒီ ဒို့ နားခိုနေကျ ပိတောက်ပင်ကြီးကို ကြည့်ပြီး ပိတောက်ပန်းဘွဲ့ သီချင်းကို ဆိုတာကွ၊ သီချင်းစပ်က ကောင်းတော့ နားထောင်လို့လည်း အင်မတန် ကောင်းတယ်။ မင့်ဘကြီး မှတ်စုသီချင်းက အရီးသာလုံးလည်း ပါရဲ့၊ ဒို့အိမ်တောင် ကြန်စုံကုန်းလည်း ပါရဲ့၊ သားရေနဲ့ အမဲနံလည်း ပါရဲ့၊ ပြောင်းဆန်အိုလည်း ပါရဲ့၊ အလိုက်မကျ ဘာမကျနဲ့ ဘာသီချင်းမှန်းလည်း မသိဘူး'

'အလိုလေး ကိုရင်ကြွက်သိုးလေး၊ ဒီသီချင်းကိုလားဗျ၊ ဘာသီချင်းမှန်း မသိလို့ပြောတာ၊ ဒီသီချင်းလောက် အဓိပ္ပာယ်ပါတဲ့သီချင်း ဘယ်မှာ ရှိသေးတုံး။ ဒီသီချင်းကမှ ကျုပ်တို့ရဲ့ လက်ရှိဘဝနဲ့ နီးစပ်တာဗျ။ ကျုပ်တို့ အခု လက်ငင်းလက်တွေ့ စားနေကြရတာက ဘာတုံး၊ အမဲနံတို့ အမဲခေါင်းရေတို့ကို အမြတ်တနိုးထားပြီး လက်ပံခေါင်းတို့ ဘာတို့နဲ့ ကျိုစားကြရတယ် မှတ်လား။ အဲဒါ ပြောင်းဆန်အိုးနဲ့ ချက်ထားတဲ့ထမင်း ဖြစ်စေဦးတော့၊ စားလို့ ကောင်းချက်ကများ ဟား.... ဟား.... ဟား... ပြောရင်း ပြောရင်းနဲ့ ကျုပ်ဖြင့် ခုတောင် စားချင်လို့ သွားရည်ကျလာတီဗျာ'

ပြောပြီး သာညြက သွားရည်သိမ်းသလို ပါးစပ်ကို လက်ဖြင့် ပွတ်သည်။

'ခင်ဗျား ကြာဖံဆိုတဲ့ သီချင်းကကော ဘာအဓိပ္ပာယ်ရှိလို့တုံး။ လတန်ခူးက ဘာများ အလှထူးလို့တုံး။ ဒီတန်ခူးလဟာ ပူတယ်၊ အိုက်တယ်၊ ဖုန်ထူတယ်၊ ရေရှားတယ်၊ သစ်ပင်တွေကို ကြည့်လိုက်ဦးမလား၊ အရွက်ဆိုလို့ ဘာမှမရှိဘူး။ အကုန်လုံး ခြောက်သယောင်းနေတာပဲ။ ဒါကို ကျုပ်တို့မို့လို့ မွန်းတိမ်း မွန်းတည့်ကြီးမှာ ထွက်ငရဲခံနေကြတာ၊ တော်ရုံ လူက ဒီရာသီမှာ၊ ဒီအချိန်ကြီးမှာ ဘယ်ထွက်လိမ့်မတုံးဗျ။ အဲဒါကို ခင်ဗျား တို့က သီချင်းကောင်းလို့ ဆိုချင်သလား'

'ဟော့ကောင် သာညြ၊ မင်း လျှာရှည်နေတာနဲ့ ဒို့ နောက်တောင် ကျနေဘီ၊ သွားကြစို့'

ပြောပြီး နှစ်ယောက်သား ကိုယ့်ကွမ်းထမ်း ကိုယ်ထမ်း၍ ပိတောက်ပင် ရိပ်မှ ထွက်ခဲ့ကြသည်။ ကွမ်းထမ်းသမားများအနက် သူတို့နှစ်ယောက်သည် အသန်မာဆုံး၊ အထွားကျိုင်းဆုံးများ ဖြစ်ကြသည်နှင့်အညီ ခြေလှမ်းများကလည်း ခြေလှမ်းကျဲကြီးနှင့် အထူးသွက်လက်လှသည်။

သူတို့သည် ကွမ်းထမ်းသက် သမနိရှည်ကာ ထမ်းကျင့်နှင့် လမ်းလျှောက်ကျင့် ရနေကြပာန်နှင့်တူသည်။ သူတို့၏ ခြေသလုံးများမှာ ငှက်ပျောဖူးကြီးများလို တုတ်ခိုင်ပြီး တုတ်ချောင်းလို မာကျောလှသည်။ အချိန်လေးဆယ့်ငါး၊ ငါးဆယ်ခန့် လေးပင်သော အထမ်းများကို ပါသည်မှ အောက်မေ့ကြ၏လား မသိ။ ပေါ့ပေါ့ကလေး ထမ်းသွားကြသည်။ ထမ်းပုံထမ်းနည်း ကျွမ်းကျင်သလောက် သူတို့ ထမ်းသော ကွမ်းပုတ်ကြီးများကလည်း ထမ်းပိုးညွှတ်လျှင် ညွှတ်သည့်အလိုက် ရေလှိုင်းကြီးများပမာ အထက်သို့ မြင့်တက်သွားလိုက်၊ အောက်သို့ နိမ့်ကျလာလိုက်ဖြင့် ကြည့်၍ပင် ကောင်းသေးသည်။ ဤအထဲ ထမ်းပိုးနှင့် ကွမ်းထမ်းဆိုင်းတို့ ကြိတ်ရာမှ ဖြစ်ပေါ်လာသော "ကျွိကျွိ ကျွိကျွိ" ဟူသော အသံမှာ စစ်ချီစစ်တက်လေ့ကျင့်ရာတွင် ဘင်ခရာများ တီးမှုတ်ပေးသောအလား သူတို့၏ ခြေလှမ်းကို ပို၍ မှန်စေ၊ မြန်စေရန် ဖန်တီးပေးသကဲ့သို့ ရှိနေပါသည်။ ထိုအခိုက် သာညြက–

အကြံခက်လေသနော်၊ သန်လျက်တော် ကျောက်ဖျာအောက်တွင်မှ၊ လာရောက်ကာ ဖွက်သူကို ပြောရမယ် တဲ့၊ အထက်လူ၏ သဘောမှာ ပြောရင် မယုံမှာကြောင့်၊ ဓောဘဝင် တုန်စရာတွေများ၊ အထက်လူ၏ သဘောမှာ ပြောရင် မယုံမှာကြောင့် ဓောဘဝင် တုန်စရာတွေ များ၊ အား... အား... ဟ အား။

သာညြ၏အသံမှာ ကြာဇံ၏အသံကဲ့သို့ စည်းလုံးထွက်ပေါ်လာသော အသံဝါမျိုးမဟုတ်ပေသည့် ကျယ်တော့ အတော်ပင် ကျယ်လောင်သည်။ ဆွဲတိုင်း ငင်တိုင်းလည်း ရသည်။

ဤသို့ဖြင့် လေးဦးသားတို့သည် ကြာအင်းရွာနှင့် ဖွေးချို့ရွာအကြား

ရှိ ငုတ်တုတ်ရိုးခေါ်သည့် ရိုးကို ကျော်ဖြတ်ကာ ကျွန်းဖိုပင် အင်တိုင်းခေါ်သည့် အင်တိုင်းကုန်းပေါ်သို့ ရောက်ရှိလာကြသည်။ ယင်းနေရာသို့ ရောက်လျှင်ပင် ကနဦးက တကွဲတပြားစီ ထွက်ခွာလာကြသူအားလုံး ရှေ့စဉ် နောက်စဉ် ဖြစ်လာကြသည်။ ထိုအခါ ကျင့်သားရပြီးသူ သုံးဦးစလုံးက လွန်စွာ ပင်ပန်းကောင်းမှ ပင်ပန်းကြမည် ဖြစ်သော်လည်း သိုက်ထွန်းမှုကား ပခုံးတွင် မီးစဖြင့် ထိုးထားသလို ပူလောင်လှသည့်ပြင် နာလည်းအထူးနာကျင်နေပါပြီ။ သို့သော် သိုက်ထွန်းအနေဖြင့် ဖွဲလုံ့လ ရှိသူတစ်ဦးဖြစ်ရာ အများတကာမှ မနားလျှင် ငါလည်း မနားဟု သဘောပိုက်လျက်ကြိတ်မှိတ်၍ ထမ်းနေပါသည်။

'ဟော့... ရှေ့က ကောင်ငယ်ကလေး၊ ပခုံးပူရင် ဦးဠွန္နဝါ ကန်နံဘေးက ထနောင်းပင်ရိပ် ရောက်တော့ နားချင် နားဟော့'

ကြွက်သိုးက နောက်ဘက်မှနေ၍ အော်ပြောလိုက်ခြင်း ဖြစ်သည်။ သို့တိုင်အောင်ပင် ကြွက်သိုးနှင့် အငယ်ဆုံးဖြစ်သူ သိုက်ထွန်းတို့မှာ အတန်ငယ် အလှမ်းဝေးသဖြင့် သိုက်ထွန်းက ကြားချင်မှ ကြားမည်။ သိုက်ထွန်းနှင့် နီးသူ သာညြက တစ်ဆင့် လှမ်းပြောလိုက်ရသည်။

ပြောသည့်အတိုင်း ရေကန်နှင့် ထနောင်းပင်ရိပ်သို့ ရောက်သောအခါ သိုက်ထွန်းက ဦးစွာ ဝင်နားသည်။ ပြီး အားလုံး လိုက်နားကြသည်။ နားလျှင်နားချင်း သိုက်ထွန်းမှာ ရင်ပူလွန်း၍နှင့် တူသည်။ ရှေ့ဘက်မှ ကွမ်းထမ်းဆိုင်းတွင် အသင့် ချိတ်ဆွဲပါလာသော ရေဘူးကို ဖြုတ်ယူ၍ ရေကို အားပါးတရ မော့နေပါသည်။

ရေဘူးမှာ "ဘူးခါးရေ" ဟု အများခေါ်သော ဘူးသီးခြောက်ငယ်လည်ပင်းကျဉ်းကို ဖောက်၍ ရေထည့်ထားသော ဘူးဖြစ်သည်။ သူတို့တွင် ရေဘူးမျှမက ထမင်းချက်စားရန် ဆန်၊ ဆီ၊ ဆား အစုံနှင့် အိုးခွက်များလည်း ပါကြသည်။ ထမင်းအိုးနှင့် ဟင်းအိုးကိုမူ တစ်ယောက် တစ်လုံးကျစီ ယူသည် မဟုတ်၊ စုပေါင်း ချက်စားခြင်း ဖြစ်သဖြင့် ထိုအိုးကို အလှည့်ကျယူကြရသည်။

နောက် နားနေရင်းဖြင့် ဆေးလိပ်ကြိုက်သူက မီးခတ် ခတ်၍ ဆေးလိပ်ညှိသောက်သည်။ ကွမ်းကြိုက်သူက ကွမ်းဝါးသည်။ ကြာဖံဆိုလျှင်

ရေလည်းမသောက်၊ ကွမ်းလည်းမစား၊ ဆေးလည်း မဖွာမူဘဲ ကွမ်းထမ်းချပြီးလျှင် ချပြီးချင်း ခေါင်းတွင် ဆောင်းလာသော ခမောက်ကို ဖြုတ်တည့်ကာ ဘုမိကမ္ဘလာ မြေမွေ့ရာထက်၌ လှဲချလိုက်သည်မှာ တစ်ခဏအတွင်း အိပ်ပျော်သွားသည် ဟုပင် ထင်မှတ်ရသည်။

'အမယ်လေး လယ်ရေကာခန်း၊ နှမ်းကကွဲ၊ မင်းတိုင်းကပူ၊ ကြွေးကထူသနှင့်၊ ကျုပ်တစ်ယောက်တည်း ပစ်ထားခဲ့တော့မှာလားလေ ကိုကြာဖံရေ၊ အေ့... ဟော့.... ဟော့...'

'ဟော့ကောင် သာဩ၊ သေတဲ့လူ ဖြောင့်ဖြောင့်သေပါစေ၊ အော်ငိုမနေပါနဲ့'

သူတို့ ပြောသည်ကို နားလည်ကြ၍လား မပြောတတ်၊ ငှက်တော်တစ်အုပ်က ထနောင်းပင်မြင့်ပေါ်သို့ လာရောက်နားနေကြပြီး ညာသံပေးသလို ဆူညံစွာ အော်ဟစ်နေကြသည်။ အလားတူပင် ချိုးလင်းပြာ စုံတွဲကလည်း အဝေးမှ ပျံသန်းလာကြပြီး ထိုထနောင်းပင်ထိပ်ဖျားသို့ နားနေခါမှပင် အသံစာစာဖြင့် တစ်ကောင့် တစ်ကောင် ကလူ ကျီစယ် နေလိုက်ကြသေးသည်။

နောက်တစ်နည်းပြောရလျှင် ယင်း ထနောင်းပင်နှင့် မလှမ်းမကမ်းနေရာရှိ ဝွေးချို့ရွာကျောင်း ဘုန်းတော်ကြီး ဦးဝွန္နဝါ ကမကထပြု၍ ဆည်ဖို့ထားသဖြင့် ဦးဝွန္နဝါကန်ဟု အမည်တွင်နေသော ရေကန်တွင် ခန်းလုခန်းခင်ရေစပ်စပ်မျှ ရှိပါသည်။ ၎င်းခပ်စပ်စပ်မျှရှိသော ရေကို တောလည်မှဆိုးတို့က သစ်ကိုင်းခြောက်များ၊ ဆူကိုင်းခြောက်များဖြင့် ဝိုင်းဝန်းကာရံ ထားသည်။ ပြီးမှ လေးဖက်လေးတန်တွင် ငှက်များ ဝင်၍ ရေသောက်သာရုံအပေါက်သဖွယ် ချန်လှပ်ထားပြီး ထိုချန်လှပ်ထားသော နေရာ၌ မြင်းမြီး၊ နွားမြီး ကြိုးကွင်းများပါသည့် ကုပ်ဖြင့် ထောင်ထားကြသည်။ ငှက်များရေလာသောက်သောအခါ လည်ပင်းတွင် ကြိုးကွင်းလျှိုမိစေရန် ဖြစ်သည်။ ဤသည်ကို ၎င်းတို့ဒေသ ဝေါဟာရဖြင့် ငှက်ရေကျထောင်သည်ဟု ခေါ်ကြသည်။

ယခု ထနောင်းပင်ပေါ်သို့ လာရောက် နားနေကြသော ငှက်တော်နှင့် ချိုးလင်းပြာတို့မှာလည်း ၎င်းတို့ သောက်သုံးနေကျနေရာ ရေကန်တွင်

ဘေးအန္တရာယ် တစ်စုံတစ်ရာ ရှိ မရှိ၊ အကယ်တန္တု ငှက်ထောင်ကွင်း စသော ဘေးအန္တရာယ်များ ရှိခဲ့သော် ယင်းအန္တရာယ်မှ ကျော်လွှားနိုင်ရန် အဘယ်သို့ ကြံစည်ကြမည်ဟူ၍ ဆွေးနွေးစွာ နီးနှောဖလှယ်နေကြခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ် အန္တရာယ်ကို မြင်၍ ထို ရေကန်တွင် ရေဆင်းမသောက်ကြဘဲ ချော်တောငေါ် ပျံခဲ့ကြရင်းမှ ထနောင်း ပင် ပေါ်သို့ ရောက်လာကြခြင်းလည်း ဖြစ်ချင်က ဖြစ်နိုင်ပါသည်။

'အလို ငါ့ ဘသူတွေများတုံးလို့၊ လက်စသတ်တော့ ကျွဲသိုးတို့ကိုး'

တုံးလုံးလှဲ၍ မှိန်းနေကြသော ကြာဖံ တစ်ယောက်မှလွဲပြီး သုံးဦး သားတို့မှာ အသံကြားရာဆီသို့ ပြိုင်တူ မော့ကြည့်လိုက်ကြသည်။ မော့ ကြည့်၍ ဘယ်သူဘယ်ဝါဖြစ်ကြောင်း သိရလျှင် သိရချင်း အခြားသူများ တော့ ဘယ်လိုနေမည် မသိ၊ သိုက်ထွန်းမူကား ရုတ်ခြည်း မျက်နှာ ညှိုး သွားသည်။

'ဟုတ်ကဲ့ ဦးကြီးမင်း၊ ဦးကြီးမင်း နေကပူနဲ့၊ ဘယ်က ပြန်ခဲ့တုံး'

ကြွက်သိုးက မေးလိုက်ခြင်း ဖြစ်သည်။ ဦးကြီးမင်း ဆိုသူမှာ အခြား မဟုတ်။ ဝွေးချို့ရွာမှ ဦးလူမင်း ဖြစ်သည်။ ၎င်းမှာ တစ်ယောက်တည်း ဖြစ်သော်လည်း လူချည်းမဟုတ်၊ မြင်းဖြင့် လာခြင်း ဖြစ်သည်။

ဦးလူမင်းသည် သူ၏ လာရင်းလမ်းမှ ထနောင်းပင်ရိပ် ရှိရာသို့ ခွဲထွက်ခဲ့ကတည်းက မြင်းကို ဖြည်းညင်းစွာ စီးလာသဖြင့် ထနောင်းပင် ရိပ်၌ နားနေကြသူတို့ မြင်းခွာသံ မကြားကြရခြင်း ဖြစ်သည်။

တကယ်တော့ လွန်စွာ ပင်ပန်းနွမ်းရိလာသူများအနေဖြင့် မိမိတို့၏ ကိုယ်ခန္ဓာကို အစွမ်းကုန် လျှော့ချပြီး သက်သောင့်သက်သာ အပန်းဖြေ နေကြခြင်းမှတစ်ပါး အခြားဘယ်အရာကိုမှ အာရုံပြုနိုင်ကြမည် မဟုတ်။ ဘယ်ဆီ ဘယ်သို့ လှမ်း၍ စိတ်ဝင်တစား ကြည့်ရှုနေနိုင်ကြမည်လည်း မဟုတ်။ အားလုံးပင် ဦးခေါင်းများ အောက်စိုက်ကာ ကွမ်းဖတ်မြုံ့သူက မြုံ့၊ ဆေးလိပ်ဖွာသူကဖွာ လုပ်နေကြရင်း အပန်းဖြေ နားနေကြမည် ဖြစ် သည်။

၎င်းတို့တွင် မဟုတ်၊ ဦးလူမင်း စီးလာသောမြင်းမှုလည်း ချွေးတွေ

တစ်ကိုယ်လုံး ရွှဲနေပြီး ဟိုက်ထိုးနေသည်။ ဦးလူမင်းသည် ထိုနေရာသို့ မရောက်လာမီက မြင်းကို အတင်း စိုင်းနှင်လာခဲ့ဟန် တူသည်။

မှန်သည်။ စောစောက ကြွက်သိုးတို့လူတစ်စု ကျော်ဖြတ်လာခဲ့သော ငုတ်တုတ်ရိုးခေါ်သည့် ရိုးနေရာတစ်ဝိုက်သည် လူနေအရပ်လည်း ဝေးသည်။ တောချောက်လည်း ထူထပ်သည်။ ယင်းနေရာ၌ တစ်ခါတစ်ရံ လူဆိုး၊ ဓားပြတို့က လုတတ်ယက်တတ် တိုက်ခိုက်တတ်လေ့ရှိသည်။ ဦးလူမင်းလည်း ထိုလမ်းမှပင် လာခဲ့သည်။ ဦးလူမင်းလို ငွေတိုးကြေးတိုး ပေးစားသော၊ လယ်ပေါင်ယာပေါင်ခံသော လူချမ်းသာတစ်ဦးအဖို့ ပို၍ ကြောက်စရာ ကောင်းသေးသည်။ သို့အတွက် ဦးမင်းသည် ထိုနေရာသို့ ဖြတ်သန်းသွားလာခဲ့လျှင် ဘယ်အခါမှ မြင်းကို ဖြည်းဖြည်းမစီး၊ အပြင်းစိုင်းနှင်ကာ ဖြတ်တတ်လေ့ရှိသည်။ သူ့မြင်းက ကောင်းလည်း ကောင်းသည်။ နမ်းဖတ်နှင့် ပြောင်းဖူးစေ့များသာ ကျွေးထား၍ ဖီးနေအောင်လည်း ဝသည်။ ဘယ်လောက် စိုင်းစိုင်း အားနာဖို့ မလို။ ယခု ဦးဂွန္တဝါကန်ဆီသို့ ရောက်သောအခါ ဝွေးချို့ရွာနှင့်လည်း နီးလာ၍ ကြောက်စရာ မလိုတော့။ သို့အတွက် ထိုအနားရောက်မှ ဖြည်းဖြည်းစီးလာခဲ့ခြင်း ဖြစ်ပေမည်။

ဦးလူမင်းသည် ဤလမ်းကို ဤသို့ချည်း သတင်းတစ်ပတ်လျှင် တစ်ကြိမ်ကျ၊ သို့မဟုတ် တစ်လ နှစ်ကြိမ်၊ သုံးကြိမ် စသဖြင့် မြင်းစီးသွားတတ်လေ့ရှိသည်။ သူ့လုပ်ငန်းက မသွား၍လည်း မဖြစ်၊ ငွေတိုးကြေးတိုး ပေး၍ လယ်ပေါင်ယာပေါင် ခံသည် ဆိုခြင်းမှာ ဝွေးချို့တစ်ရွာတည်း မဟုတ်ပါ။ ဝွေးချို့ရွာနှင့် မြို့သစ်မြို့အကြား၌ရှိသော ကြွက်သိုးတို့ရွာ ရောင်းမင အပါအဝင် ကြာအင်း၊ ဇင်းပျိုး၊ အိုင်တို၊ ထောက်ရှာတန်း၊ ညောင်ဇင်၊ အိုင်သာ၊ ဖုတ်ကုန်း၊ မကျည်းကန်၊ ကြို့ချောင်းကုန်း၊ ဆင်ဖြူခြေ၊ တပ်ကုန်း၊ မကျည်းကုန်း၊ ထန်းရင်း၊ ပေကန်၊ ညောင်ကုန်း၊ မကျည်းထူး စသည် ရွာအားလုံးလိုလိုက သူ့ကြွေးမြီနှင့် မကင်းကြပါ။ တစ်ရွာလုံး မဟုတ်သော်လည်း အနည်းဆုံး တစ်ဦးစ၊ နှစ်ဦးစတော့ ရှိသည်။ ဦးလူမင်း ထိုလမ်းခရီးကို အခေါက်ခေါက်အခါခါ သွားရခြင်းမှာ ကြွေးတောင်းသွားခြင်း ဖြစ်သည်။ ယခု ကွမ်းထမ်းလာသူများထဲမှာပင် သူ့ကြွေးမြီနှင့် မကင်းပါ။ ဦးလူမင်းအဖို့

နေရာအနှံ့တွင် ကြွေးချေးထားသလို ကြွေးတောင်းလည်း ပက်စက်လှသည်။ မရလျှင် ရရာနည်းဖြင့် တောင်းတတ်လေ့ရှိသည်။

ဦးလူမင်းအား တွေ့မြင်ရလျှင် တွေ့မြင်ရချင်း သိုက်ထွန်း မျက်နှာပျက်သွားသည်မှာ ကြွေးကြောင့်ပင် ဖြစ်သည်။

သိုက်ထွန်းတို့မှာ ချေးထားသောကြွေး ပြန်မဆပ်နိုင်၍ ဦးလူမင်းက ယာသိမ်းမည်တကဲကဲ၊ နွားသိမ်းမည်တကဲကဲ လုပ်နေသည်။ သိုက်ထွန်းတွင် မဟုတ်၊ ကြာဖံလည်း ပေးစရာရှိသည်။ သာဩလည်း ပေးစရာ ရှိသည်။ ကြွက်သိုးမှုကား တစ်ချိန်ကတော့ ရှိခဲ့သည်။ ယခု ကြွေးကျေသည်မှာ မကြာသေး။

ဤအထဲ ကြွက်သိုးနှင့် ကြာဖံတို့က ရောင်းမငွာသားများ ဖြစ်ကြပြီး၊ သိုက်ထွန်းနှင့် သာဩတို့က ဦးလူမင်း နေသော ငွေးချိုရွာမှ ဖြစ်ကြသည်။

'မြို့သစ်ဘက်က ဆိုပါတော့ကွာ၊ မင်းတို့ ရွာတောင် ရောက်ခဲ့သေးတယ်၊ ဟ ဟိုပက်လက်ကြီး အိပ်နေတာ ဘသူတုံး'

'ကျုပ်ပါ ဦးကြီး၊ အိပ်ပျော်တာ မှုတ်ပါဘူး၊ ရောက်ကတည်းက မောလွန်းလို့ မှိန်းနေတာပါ'

လှဲနေသော ကြာဖံက ကမန်းကတန်း ထ ၍ ရိုသေစွာပြောခြင်း ဖြစ်သည်။

'ဟိုကောင်ကော ဘယ့်နှယ်တုံး၊ နေရာကျရဲ့လား၊ သူများနည်းတူ ကော ထမ်းနိုင်ရဲ့လား'

သိုက်ထွန်းဆီသို့ လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

'အခုမှ ထမ်းစဆိုတော့ သူများနည်းတူတော့ ဘယ်ထမ်းနိုင်လိမ့်ဦး မတုံး ဦးကြီး၊ တဖြည်းဖြည်း ကျင့်သားရသွားရင်တော့ ထမ်းနိုင်ကောင်း ထမ်းနိုင်လာမှာပါ'

တစ်ဦးစီ တစ်ယောက်စီ မေးမြန်းပြီး ဘာမျှမကြာမီ ဦးလူမင်း ထွက်သွားပါသည်။ ဦးလူမင်း ထွက်သွားခါမှသာ သိုက်ထွန်းအဖို့ ရင်ထဲမှ အလုံးကြီး ကျသွားသည်။ ဦးလူမင်း ရှိနေစဉ်တုန်းကမူ–

"ငါတို့ကြွေးအကြောင်း ဘာများပြောဦးမတုံး၊ ဖွတ်များ တောင်းနေမလား"ဟု အောက်မေ့ကာ ရင်ထဲမှ တထိတ်ထိတ် ဖြစ်နေသည်။ ခဏအကြာ ၎င်းတို့လည်း ခရီးဆက်ကြပြန်သည်။

## (၂)

'ဟဲ့... မိန်းကလေး ဘာဖြစ်လာတာတုံး'

ရွှေရီမ တစ်ယောက် မျက်နှာ မသာမယာဖြင့် အိမ်ပေါ်သို့ တက်လာပြီး ၎င်းနှင့် အတူပါလာသော ဟင်းရွက်ထုပ်ကို မိခင် ဒေါ်သာလိရှေ့တွင် ကပျာကသီချကာ အိမ်ခန်းတွင်းသို့ တန်းဝင်သွားသည်ဖြစ်၍ ဒေါ်သာလိက ကောက်ကာငင်ကာ မေးလိုက်ခြင်း ဖြစ်သည်။

သို့ မေးသည်ကို ရွှေရီမ ကြားလေသည်၊ မကြားလေသည်တော့ မပြောတတ်။ နောက်သို့မှ တစ်စိလေးမျှ လှည့်မကြည့်ပါ။ ခပ်သုတ်သုတ် လှမ်းသွားသော ခြေလှမ်းများသည်လည်း ဆုတ်ဆိုင်းခြင်း မရှိပါ။ အိပ်ခန်းတွင်းသို့ ကမျောသောပါး ဝင်သွားပါသည်။

'ဟဲ့.... မိရွှေရီ မေးတာလည်း မပြောဘူး၊ ဘသူနဲ့ ဘာဖြစ်လာလို့တုံး၊ မိငယ်တို့ အေးရင်မတို့နဲ့များ ရန်ဖြစ်ခဲ့သလား၊ သူတို့က ဘယ့်နှယ့်လုပ်လိုက်လို့တုံး၊ ဘာပြောလိုက်လို့တုံး'

ဒေါ်သာလိသည် ရွှေရီမ၏ ပုံပန်းလက္ခဏာကို ကြည့်ပြီး ရင်ထဲတွင် မကောင်းဖြစ်လာသည်နှင့် ရွှေရီမ ပစ်ချခဲ့သော ဟင်းရွက်ထုပ်ကိုပင် ကြည့်မနေနိုင်အားဘဲ နေရာမှ ရုတ်ခြည်း ထ တည့်၍ ရွှေရီမ နောက်သို့ လိုက်လာကာ မရအရ မေးမြန်းနေခြင်း ဖြစ်ပါသည်။

သို့သော် ရွှေရီမထံမှ ငိုရှိုက်သံမှတစ်ပါး ဒေါ်သာလိ မေးစကားနှင့် ပတ်သက်၍ ဘာအဖြေမျှ ပေါ်ထွက်မလာပါ။ ရွှေရီမသည် အိပ်ခန်းတွင်းသို့ ရောက်လျှင်ရောက်ချင်း စောင်ပုံကို မျက်နှာအပ်လျက် အားပါးတရ ငိုရှိုက်နေပါသည်။

ပြီး ဒေါ်သာလိက သူ့အပါးသို့ ဝင်ထိုင်လိုက်ပြီး ထပ်ကာ ထပ်ကာ မေးပြန်သည်။ မနားမနေ မေးသည်တွင်မှ ရွှေရီမက လည်ချောင်းမှ ဖျစ်ညှစ်ထွက်ရသော ငိုသံပါကြီးဖြင့်–

'ရှက်လွန်းလို့ပါ အမေ၊ သိပ် ရှက်စရာကောင်းတာပဲ'

'ဘာရှက်စရာကောင်းတာတုံး မိရွှေရီ၊ ပြောစမ်းပါ၊ ပြောပြမှ အမေတို့ သိရမှာပေါ့။ ဘသူက ဘာပြောလိုက်လို့တုံး၊ ဒါမှမှတ် မိန်းကလေးကို တစ်ယောက်ယောက်က ရိုက်လွှတ်လိုက်သလား'

အမေက မေးရုံတွင် မေးသည်မဟုတ်၊ ရွှေရီမ၏ ပြည့်တင်းနေသော ပခုံးစွန်းကို ရွရွမျှ ဆုပ်ကိုင် လှုပ်လိုက်သေးသည်။ နောက် ရွှေရီမ၏ နဖူးကို ကိုင်ကာ မော့ကာ ထားသော မျက်နှာကို လှန်ဟန်ပြုသည်။

'ရွှေရီ ပြောရမှာ ရှက်လွန်းလို့ပါ အမေ၊ အီး....'

ရွှေရီမက ငိုပြန်သည်။

'ရှက်လွန်းလို့ မပြောဘဲနေတော့ ဒီကိစ္စက ပြီးရောလားဟဲ့ မိန်းကလေး၊ သမီးနဲ့ မအေဆိုတာ ဘာဖြစ်ဖြစ် အသိပေးရတယ်။ ဘယ်လို အဖြစ်သနစ်မျိုးမဆို အကုန်အစင် ပြောပြရတယ်။ ဒါမှ လူကြီးလုပ်တဲ့လူက အကျိုးအကြောင်း အဆိုးအကောင်း ဝေဖန်နိုင်မှာပေါ့။ အရေးယူစရာရှိရင် မြန်မြန်ဆန်ဆန် အရေးယူနိုင်မှာပေါ့။ တိုင်ကြားရမယ့်ကိစ္စ ဖြစ်ရင်လည်း ကိုယ်က ဦးကင်အောင် တိုင်ကြားရမယ်'

ရွှေရီမ တွေ့ဆုံ ရင်ဆိုင်ခဲ့ရသောအဖြစ်မှာ တော်ရိလျော်ရိ အဖြစ်မဟုတ်၊ သေးသေးမွှားမွှားအကြောင်းမျိုး မဟုတ်ဟု ဒေါ်သာလိ တွေးမိဟန်တူပါသည်။ တစ်စုံတစ်ယောက်က နိုင့်ထက်ကလူ ပြုကျင့်ခဲ့လျှင် ငုံ့ခံနေ၍ မဖြစ်၊ အရေးယူ တိုင်ကြားသင့်က တိုင်ကြားရမည်ဟုလည်း စဉ်းစားမိပေလိမ့်မည်။ သို့အတွက် သမီးကို မေးသော မေးခွန်းထဲတွင် ထိုအကြောင်းများ ထည့်၍ မေးသည်။ ရွှေရီမကလည်း ထိုသို့ မေးခါမှပင် တိုး၍တိုး၍ ငိုပါလေသည်။ ငိုရှိုက်သံ ပိုမို ကျယ်လောင်လာသည်။ မျက်နှာကို ဝှက်သည်ထက် ဝှက်ထားသည်။ နောက် အတန်ကြာ ဆက်ကာ ဆက်ကာ မေးတော့မှ–

'ကျုပ်... ကျုပ်ကို ငထွားက... အီး'

ရီရွှေမက ရုတ်တရက် စကားမဆက်နိုင်ခင် အမေသည် ယမ်းပုံမီးကျသည့်အလား ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ–

'ဟင်.... ဒီငထွားက ငါ့သမီးကို စော်ကားလိုက်ပြီပေါ့ ဟုတ်လား၊ ပြောစမ်း... ပြောစမ်း။ မိန်းကလေးကို ဘယ့်နှယ့်လုပ်လိုက်တုံး၊ မခံဘူး။ သူကြီးသားမကလို့ ဘာသားဖြစ်နေနေ၊ သူကြီးက သူ့သားမို့လို့ အရေးမယူရင် အရေးယူတဲ့နေရာ သွားတိုင်မယ်'

ထိုအခိုက် ရွှေရီမနှင့်အတူ ဟင်းရွက်ချိုး ပါသွားသူ မိငယ် ပေါက်

လာသည်။ မိငယ်သည် ရွှေရီမ အိပ်ခန်းတွင်း၌ ရှိနေမည်ကို အတပ်သိ၍ လား၊ သို့မဟုတ် ၎င်းအိမ်ပေါ်သို့ ရောက်အလာ အိပ်ခန်းတွင်းမှ ရွှေရီမ၏ အမေ ဒေါ်သာလိ ယမ်းပုံမီးကျ ဒေါ်သူပုန်ထသံ ကြားရ၍လားမသိ၊ ဘယ် ကိုမျှ မသွား၊ အခန်းတွင်းသို့ စွတ်ဝင်လာသည်။

မိငယ် ရောက်လာသဖြင့် ရွှေရီမအဖို့ အတော်ကျသွားသည်။ မိခင်၏ ဒေါသအမျက် ခြောင်းခြောင်းထွက်နေပုံ၊ ၎င်း၏ အရက်ကြီးပုံမျိုးနှင့် တော်ရုံ စကားပြော၍ လိပ်ပတ်လည်နိုင်မည် မဟုတ်။ ကြားလူဖြစ်သော မိငယ်က ရှင်းပြတော့မှ အချိန်တိုတိုနှင့် လိုရင်းရောက်နိုင်မည် ဖြစ်သည်။

ဖြစ်ပုံကား ညနေတစောင်း နေချိုချိန်မှစ၍ ရွာအရှေ့မြောက် ယင်း တိမ်ဘက်ဆီသို့ လုံမပျိုများ ဖြစ်ကြသော ရွှေရီမ၊ မိငယ်နှင့် အေးရင်မတို့ သုံးဦးသား တံချူကိုယ်စီ၊ ထည့်စရာ ကိုယ်စီဖြင့် ဟင်းရွက်ခူး ထွက်ခဲ့ကြ သည်။ ဟင်းရွက် ဟူရာဝယ် မိမိတို့ စိုက်ကြံထားသော စိုက်ခင်း ကြံခင်းများ ထဲမှ မဟုတ်၊ တောတွင်း၌ အလေ့ကျပေါက်နေသော ဟင်းသီးဟင်းရွက် များမှ ဖြစ်ပါသည်။

ဝါးကြီးအိုင်ရွာမှ ဖြစ်ပါသည်။ ထိုအရပ်တွင် ယင်းကဲ့သို့ နွေခေါင် ခေါင် အခါ၌ တစ်ဦးတလေ စိုက်ပျိုးထားသော ရေလောင်းကိုင်းခင်းတို့မှ အပ စိုက်ကြံထားသော ဟင်းရွက်ခင်းဟူ၍ လုံးဝ မရှိပါ။ ယခုလို အလေ့ကျ ပေါက်သော ဟင်းသီးဟင်းရွက်ပင်များသာ ရှိပါသည်။ ၎င်းမှာလည်း ရွာနှင့် နီးနီးကပ်ကပ်နေရာတွင် မရှိတတ်။ နွားရေလူပါ အရောက်အပေါက်နည်း သော ဝေးလံသည့် နေရာများတွင်မှ ရှိတတ်ပါသည်။ ဖော်ပြပါ ယင်းတိမ် ခေါ်သည့် နေရာမှာ ရွာနှင့် အတန်အလှမ်းဝေးသောနေရာ ဖြစ်ပါသည်။

ယင်း ရာသီတွင် ခူးယူရတတ်လေ့ရှိသော ဟင်းရွက်များမှာ ဂုံရွက်၊ ကျီးအာရွက်၊ ငါးလျှာရွက်၊ ကင်းပုံရွက်၊ လဲလူရွက်၊ ဆူးပုပ်ရွက်၊ ကြက်တက် ရွက်၊ ငရုံ့ပတူရွက်နှင့် မကျည်းရွက် စသည်တို့ ဖြစ်ပါသည်။

ထိုအထဲမှ အချို့အပင်တို့မှာ နွယ်ပင်များ ဖြစ်ဖြစ်ပြီး ချုံပင်များကို လည်းကောင်း၊ သစ်ပင်များကို လည်းကောင်း မှီတွယ် ပေါက်တတ်လေ့ ရှိရာ လက်လှမ်းမမီလျှင် တက်၍ဖြစ်စေ၊ တံချူ ချိတ် စသည်တို့ဖြင့် ဖြစ်စေ ဆွဲချကာ ခူးရတတ်ပါသည်။

ယခုလည်း ရွှေရီမတို့ သုံးဦးသည် ၎င်းယင်းတိမ် အရပ်မှ ဂုံရွက်၊ ငါးလျှာရွက်၊ ကျီးအာရွက်၊ ဆူးပုပ်ရွက်၊ ကင်းပုံရွက်နှင့် မကျည်းရွက်များ ခူးလာကြခြင်း ဖြစ်သည်။ ရွှေရီမက ဟင်းရွက် ခူးထည့်ရန် အိတ်ထောင် (လွယ်အိတ်) မရှိသဖြင့် ဖခင်၏ လုံချည်အိုကို အိတ်လုပ်ပြီး ထည့်ခြင်း ဖြစ်သည်။ နောက် ထုပ်ပြီး ခေါင်းပေါ်ရွက်၍ ပြန်လာခဲ့ကြသည်။

ရွှေရီမတွင် ပါလာသော ဟင်းရွက်များမှာ ဂုံရွက်၊ ဆူးပုပ်ရွက်၊ ငါးလျှာရွက်နှင့် မန်ကျည်းရွက်တို့ ဖြစ်ပါသည်။ မန်ကျည်းရွက်ကို အစိမ်း သုပ်၍ ကျန်ဟင်းရွက်များကို စုပေါင်းပြီး စပ်စပ်ဟင်း၊ သို့မဟုတ် ကြော် ချက်ဟင်း ချက်ရန် ရည်ရွယ်ဟန် တူပါသည်။

ဤသို့ဖြင့် သုံးဦးသား ယင်းတိမ်မှတစ်ဆင့် ရွာဆီသို့ ပြန်ခဲ့ကြရာ ရွာနှင့် မလှမ်းမကမ်းနေရာတွင် ထန်းတောကြီးတစ်ခု ရှိပါသည်။ ယင်း ထန်းတောအတွင်း၌ ထန်းတက်သမား ကိုမုန်း ဆိုသူ၏ ထန်းတဲ ရှိပါ သည်။ ကိုမုန်းသည် ထန်းလျက်ချက်သော အလုပ်ကို အရောင်းပြမှု လုပ်ပြီး၊ တိတ်တဆိတ် ထန်းရည်ခါး တည်ရောင်းသူ ဖြစ်ပါသည်။

ရွှေရီမတို့ လုံမပျိုတစ်စု ဟင်းရွက်ခူးရာမှ ပြန်ချိန် ညနေရိုးရီအခါ၌ ဆိုလျှင် ၎င်း ကိုမုန်း ထန်းတဲသို့ ခွက်ကြီးကိုင် ဦးမင်းကျော် ပရိသတ်များ ဟိုမှသည်မှ ပေါက်ရောက်လာတတ်ကြသည်။ ထိုအထဲ ရွာသူကြီးသား ငထွားတို့ လူတစ်စုမှာ ရတနာပုံ နေပြည်တော်မှ ဗဟိုစည်ကြီးထက်ပင် အချိန်မှန်တတ်သေးသည်။

ယနေ့ ငထွားနှင့် သူ့အဖော် ချက်ကြီးတို့သည် ရွှေရီမတို့ ဟင်းရွက် ခူးထွက်ချိန် ညနေတစောင်း အချိန်လောက်ကတည်းက စောစီးစွာ ရောက် ရှိလာကြပြီး သောက်ပွဲ ကျင်းကြရာ၊ ၎င်းတို့ရွာသို့ ပြန်ကြချိန်နှင့် ရွှေရီမ တို့ တစ်စု ဟင်းရွက်ခူးရာမှ ပြန်ကြချိန်မှာ ချိန်းထားသလို တိုက်ဆိုင်နေပါ သည်။ တစ်နည်းဆိုသော် ငထွားက ရွှေရီမနှင့်တွေ့ရန် တမင်အကွက်ဆင် ခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် ငထွားအဖို့ "စားရကံ ကြုံ၍ မုတ်ဆိတ်ပျားစွဲ" ခြင်း ဖြစ်သည်။ သို့ဖြင့် ရွှေရီမတို့သုံးဦး ထန်း တောစပ်သို့ ရောက်ရှိလာချိန် ငထွားတို့နှစ်ဦးက ထန်းတဲအတွင်းမှ သိုင်းနင်း ထွက်လာကြပါသည်။

ပထမတွင် ငထွားတို့က ရှေ့မှ ရွာဘက်သို့ ဦးတည်သွားကြသည်။ ရွှေရီမတို့သုံးဦးက ခပ်လှမ်းလှမ်းမှ ငထွားတို့ ဦးတည်ရာလမ်းဆီသို့ လျှောက်လာကြသည်။ သို့သော် ထိုကြားထဲ ထူထပ်ပေါ်များလှသော ထန်းပင်လုံးများ၊ သစ်ပင်ကြီးငယ်များနှင့် နဘူးချုံ အစရှိသော ချုံပင်များက ကာဆီးနေရာ တစ်ဦးနှင့်တစ်ဦး မမြင်ကြရပါ။

လုံမပျို သုံးဦးတို့အဖို့ မမြင်ကြရုံမျှမဟုတ်၊ အေးရင်မ ဆိုသော လုံမပျိုကမူ မတိုးမကျယ် သီချင်းပင် ဆိုလိုက်ပါသေးသည်။

ဤလိုဖြင့် လာခဲ့ကြရာ ထန်းတောအလွန် ရိုးကလေးတစ်ခု ရှိသည်။ ၎င်းရိုးကလေး ကျော်မိလျှင် ကျော်မိချင်း ငထွားတို့နှစ်ယောက်နှင့် ရွှေရီမတို့ သုံးဦး ဘွားခနဲ တွေ့ဆုံကြရပါသည်။

ရွှေရီမသည် ၎င်းတို့သုံးဦးတွင်သာမက ဝါးကြီးအိုင် တစ်ရွာလုံးမှာပင် ချောသည်၊ လှသည်ဟု သတင်းကြီးနေသူ ဖြစ်သည်။ ကာလသားတိုင်းလိုလို၏ ပိုးပန်းခြင်းကို ခံရသည်။ ထိုအထဲ ရွာသူကြီး ဦးဒေါနစ၏သား ငထွားလည်း ပါသည်။ သို့သော် ငထွားကို ရွှေရီမက မကြိုက်။ ရွှေရီမ မကြိုက်သည့်အထဲ အကြောင်းမျိုးစုံ ပါဝင်ပါသည်။

ငထွားမှာ သူကြီးသားတစ်ဦး ဖြစ်သည်နှင့်အညီ မောက်မာသည်၊ ရမ်းကားသည်၊ အရက်သေစာ သောက်စား မူးယစ်သည်။ တစ်ခါတစ်ရံ ဘိန်းလည်း ရှုသည်။ သူတစ်ပါး၏ သားပျို သမီးပျိုကိုလည်း စော်ကားမော်ကားပြုချင်သည်။ ချောလှသည့် မိန်းကလေးများဆိုလျှင် ရွှေရီမ တစ်ဦးတည်း မဟုတ်၊ ဘယ်မိန်းကလေး ဘယ်လုံမပျိုမဆို အရချိုင်တတ်သည်။ အနုနည်းဖြင့် မရလျှင် အကြမ်းနည်းဖြင့် ပြုလုပ်တတ်လေ့ရှိသည်။ ပြီး အတည်မကြံချင်တတ်။ ၎င်းတွင် ဤလို ပွေသောရှုပ်သော၊ သောက်စား မူးယစ်သော အလုပ်မှတစ်ပါး အခြားဘာအလုပ်မျှ မရှိ။ ဘာမျှ မကြာသေးပါ။ ငထွားက ရွှေရီမကို ကြိမ်းဖူးသည်။

'ရွှေရီမရာ နင်က နင့်ကိုယ်နင် ရုပ်လှတယ်ဆိုပြီး မာနကြီးတာလား၊ နင် ဘယ်လောက် မာနကြီးနိုင်မတုံး၊ ကြီးစမ်းပါ။ တစ်နေ့ ငထွား လက်က ဘယ်မှ လွတ်မပြေးနိုင်ပါဘူး ဟ' ဟူ၍။

ထိုအချိန်က ရွှေရီမ အခြားလူတစ်ယောက်နှင့် ရည်ငံလျက် တိတ်

တဆိတ် ဆက်သွယ်နေကြကြောင်း ငထွား မသိသေး၍ ထိုမျှသာ ပြောဆိုဟန်တူသည်။ ယခု ရွှေရီမတွင် အခြားရည်ငံသူရှိကြောင်း သိရပြီးပြီ။ သိ၍လည်း ရွှေရီမ အလာ စောင့်ဆိုင်းနေခြင်းလားဖြင့် မပြောတတ်။

ရွှေရီမကလည်း ငထွား၏ ပုံပန်းလက္ခဏာကို မြင်ရလျှင် မြင်ရချင်း အခြေမလှသည်ကို သိသည်။ မသိလျှင် ခံနိုင်မည်လား။ ငထွားနှင့် ချက်ကြီးတို့ နှစ်ယောက်သည် ထန်းရည်ခါး သောက်ပြီး ရွာသို့ ပြန်ကြသူများဖြစ်လျက် လူကိုယ်များက ရွာဘက်သို့ လှည့်မနေ။ ၎င်းတို့လာရာ နောက်ဘက်သို့ လှည့်ပြီး လမ်းလယ်၌ မတ်တတ်ရပ် စောင့်နေကြသည်။ နှစ်ယောက်စလုံး ရီဝေသော မျက်လုံး၊ မှုးယစ်သောအသွင်များ ဆောင်နေကြသည်။ ငထွားကဆိုလျှင် လုံမပျို သုံးယောက် လာကြသည့်အနက် ဘယ်သူ့ကိုမျှ မကြည့်။ ကြောက်မက်ဖွယ် မျက်ထောင့်နီကြီးများဖြင့် ရွှေရီမသို့သာ စူးစိုက်ကြည့်နေသည်ဖြစ်ရာ၊ ထိုအခြင်းအရာကို မြင်ရလျှင် မြင်ရချင်း ရွှေရီမလည်း ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ထိတ်လန့် တုန်လှုပ်သွားပါသည်။ ရီးချောက်ကလေးမှ တက်အလာ လှမ်းနေသော ခြေလှမ်းများပင် တုံ့ခနဲ ဖြစ်သွားသေးသည်။ ပြီးမှ ဣန္ဒြေမပျက် ရှေ့မှသွားသော အဖော်များနည်းတူ ငထွားတို့နှစ်ယောက် ရပ်နေရာ လမ်းအတိုင်း မလျှောက်။ လမ်းဘေးမှ ကွင်းလျှောက်သည်။ ကွင်းလျှောက်သည့်နေရာတွင်လည်း အဖော်များလိုပင် နီးနီးကပ်ကပ်မကွင်း။ ထိုနှစ်ယောက်နှင့် ဝေးနိုင်သမျှ ဝေးစွာ ကွင်းလျှောက်ချိန်မှာပင် ယခင်က ကျောက်ဘီလူးရုပ်ကြီးလို သူ့အား စားတော့မလို ဝါးတော့မလို ရပ်ကြည့်နေသော ငထွားက–

'ဟေ့... ရွှေရီမ နေဦး၊ နင့်ကို ငါ ပြောစရာရှိသေးတယ်၊ မသွားနဲ့ဦး' ဟု ပါးစပ်မှလည်း ပြော၊ ဒယီးဒယိုင်ဖြင့် ရွှေရီမ ရှိရာသို့ လှမ်းလာပါသည်။ ရွှေရီမကလည်း သူ တားသည့်အတိုင်း ရပ်ပြီး မနေပါ။

'ဘာပြုလို့ နေရမှာတုံးတော့၊ ပြောစရာရှိရင် ပါးစပ်က ပြောပါလား'

ရွှေရီမက သွားမြဲ ဆက်သွားရင်း ထိုမျှသာ ပြောပါသည်။ ပြောရင်းပြောရင်း အသံများ တုန်ယင်လာသဖြင့် ရှေ့ဆက်၍ ပြောလိုသော်လည်း ပြောနိုင်တော့ဟန် မတူပါ။ နောက်တစ်ခု ရွှေရီမက ကွင်းလျှောက်သည်

ဆိုသော်လည်း ငထွားနှင့် အလွန်ချည်း မဝေးပါ။ ငထွားက ခပ်သွက်သွက်လေးငါးလှမ်း လှမ်းလိုက်လျှင်ပင် ရွှေရီမ ရှိရာသို့ ရောက်သွားနိုင်ပါသည်။ ဤတွင်မှုမက ရွှေရီမမှာ တား၍ရပုံမပေါ်သောအခါ ငထွားက ခြေလှမ်းမမှန်ဘဲဖြင့်ပင် ခပ်ပြေးပြေးကလေး လိုက်၍ ရွှေရီမ၏လက်ကို ဖမ်းရာဖမ်းမိသွားပါသည်။ ရွှေရီမက ရုန်းသည် မရ။ ပါးစပ်မှလည်း...

'ကျုပ်ကို မဆွဲနဲ့၊ ကျုပ်ကို မဆွဲနဲ့၊ လွှတ်လွှတ်' ဟု အော်သည်။ မရ။ ရွှေရီမတွင် မဟုတ်၊ ကျန်နှစ်ယောက်ကပါ–

'ကိုငထွား ဘယ့်နှယ်လုပ်တာတုံး၊ မလုပ်ပါနဲ့တော့' ဟု ဝိုင်းပြောကြသည်။ ငထွားက ထီမျှ မထင်။

'နင်က တစ်ရွာသား အနုပ်စုတ်ကုပ်စုတ် အကောင်ကျတော့ ကြိုက်တယ်။ ငါကျတော့ ငြင်းတယ်။ အခု နင် ဘယ်လိုမှ ငြင်းမရတော့ဘူး။ လာ... ငါ့နောက် လိုက်ခဲ့'

'တော့နောက်ကို ဘာလို့လိုက်ရမှာတုံး၊ လူကို မတရားမလုပ်နဲ့၊ ကျုပ်ကို အခု လွှတ်ပါ'

ငထွားက သူ့လက်ကို အတင်းဆွဲသောအခါ ရွှေရီမသည် ပူထူနေ၍ ဘာပြောရမှန်းမသိ၊ ဘာပြောမိမှန်းလည်း မသိ။ ပါးစပ်မှ ပြောမိပြောရာ စွတ်ပြောပြီး ကြက်ကန် ကန်ကာ အတင်းရုန်းနေပါသည်။

ထိုအခါ ငထွားနှင့် ပါလာသူ ချက်ကြီးက ဘယ်သို့မျှ ကူညီခြင်း မပြုပေသည့် မိငယ်နှင့် အေးရင်မတို့ကိုမူ ဟန့်တားသည်။

'နင်တို့နဲ့ ဘာမှမဆိုင်ဘူး၊ နင်တို့ ဝင်မရှုပ်ကြနဲ့။ နင်တို့ ဝင်ရှုပ်ရင် ဟောဒီ ဓားကြည့်' ဟု အသင့်ဆောင်ယူလာသော ခါးကြားမှ ဓားမြှောင်ကို ထုတ်၍ ပြပါသည်။ မူလက ငထွားကို တားမြစ်ပြီး သူငယ်ချင်းဖြစ်သူအား ဝင်ရောက် ဆွဲရုန်းရန် ဟန်ပြင်နေကြသော မိငယ်နှင့် အေးရင်မတို့လည်း ချက်ကြီး၏ ခြိမ်းခြောက်မှုကြောင့် တန့်သွားကြသည်။ နှစ်ယောက်စလုံး ရီဝေ မှူးယစ်နေကြသည်ကို တွေ့ရှိရသဖြင့် ကြောက်လည်း အလွန်ကြောက်နေကြသည်။

ဤကြားထဲ ရွှေရီမသည် ရုန်းရုံမျှ ရုန်းသည်မဟုတ်၊ ပါးစပ်မှလည်း အော်ဟစ် အကူအညီတောင်းသည်။ သူ အကူအညီတောင်းသည်မှာ ဘယ်သူ

ဘယ်ဝါရယ် မဟုတ်၊ ကြားရာလူ နီးရာလူက လာရောက်ကူညီရန် ဖြစ်သည်။ သို့သော်လည်း အကူအညီ ဟူ၍ ဘယ်ကမျှ ပေါ်မလာပါ။ ကူညီမည့်သူ ဟူ၍ အနီးအပါး၌ တစ်စုံတစ်ယောက်မှလည်း ရှိဟန်မတူပါ။ သို့လေလေ ငထွားက ပိုမို အတင့်ရဲလေ ဖြစ်လာသည်။

ရွှေရီမအား ရိုးရိုးနှင့် ဆွဲခေါ်၍ မရသောအခါ ရွှေရီမ၏ ကိုယ်လုံးကို လက်နှစ်ဖက်စုံဖြင့် အတင်းသိုင်းဖက်သည်။ ရွှေရီမ၏ ဟင်းရွက်ထုပ်သည်မှ စောစောကတည်းက ခေါင်းပေါ်မှ လွင့်စဉ်သွားသဖြင့် အေးရင်မက ကောက်ယူထားလိုက်သည်။ ရွှေရီမတွင် လူလုံးချည်းရှိနေရာ ငထွားလက်မှ မလွတ် အလွတ် ရုန်းသောအခါ ရုန်းအားရှိလာသည်။

သို့သော် သူက မိန်းမ၊ ငထွားက ယောကျ်ား။ ငထွားမှာ အတန်ငယ်မူးယစ် ရီဝေနေသည်မှအပ ငထွားဆိုသည်နှင့် လိုက်အောင် ကိုယ်ကာယထွားကျိုင်းသည်။ အားခွန်ဗလ ကောင်းသည်။ သို့အတွက် လွယ်လွယ်နှင့် ရုန်းမရ။ ပြီး ငထွားက ဆံပင်ကို ဖမ်းဆွဲထားသေးသည်။

ဤလိုဖြင့် လုံးလားထွေးလား ဖြစ်နေကြခိုက် ကုန်းဘက် လှည်းလမ်းဆီမှ မြင်းနှစ်စီးနှင့် လူနှစ်ယောက် အနောက်မှ အရှေ့သို့ ခပ်ဖြည်းဖြည်းစီးနင်းသွားသည်ကို မိငယ်နှင့် အေးရင်မတို့က တွေ့မြင်ကြရသည်။ တွေ့ရလျှင် တွေ့ရချင်း ၎င်းတို့က ထိုသူတို့ရှိရာသို့ ပြေးသွားကြသည်။ ပြေးရင်းလည်း အော်ဟစ် အကူအညီတောင်းကြသည်။ မြင်းနှင့် လူနှစ်ယောက်ကလည်း ၎င်းတို့အား အကူအညီတောင်းမှန်း သိလျှင်သိချင်း မိငယ်နှင့် အေးရင်မတို့ ရှိရာသို့ မြင်းများကို စိုင်းနှင်လာကြသည်။

ထိုအခြင်းအရာကို ချက်ကြီးက မြင်သည်။ မြင်ပြီး လန့်လည်း အတော်လန့်သည်။ ချက်ကြီး လန့်ရသည့်အကြောင်းမှာ မြင်းနှင့် လာနေသူ နှစ်ဦးအနက် တစ်ဦးသောသူသည် များသောအားဖြင့် အစိုးရ အမှုထမ်းနှင့် ပုလိပ်သားများသာ ဆောင်းတတ်လေ့ရှိသော ပျော့ခမောက် ဆောင်းလျက် ပါရှိသဖြင့် ဖြစ်ပါသည်။

'ဟေ့.... ငထွား၊ ဟိုမှာ အစိုးရဘက်ကလူ လာနေဘီဟ၊ အစိုးရဘက်က လူ'

'ဟေ.... တကယ်လား'

'တကယ်ပေါ့ဟ၊ မြင်းနဲ့ မြင်းနဲ့၊ ငါတော့ အမိမခံရဲဘူး၊ ပြေးမယ် ... ပြေးမယ်'

'လာကြပါ၊ ကယ်ကြပါဦးတော့၊ ဟော... ဒီမှာ ကျုပ်ကို ကိုငထွားက အတင်း ဆွဲခေါ်နေပါတယ်'

ရွှေရီမက အခွင့်ကောင်းယူကာ ကြောက်ပါတယ်ဆို ကြောင်နှင့် ထပ်တို့လိုက်ခြင်း ဖြစ်သည်။ ချက်ကြီး လှမ်းပြောလိုက်ကတည်းက ရွှေရီမအားတက်သွားသည်။ ငထွားမှာလည်း ရွာထဲတွင်သာ သူကြီးသား တစ်ယောက် ဖြစ်၍ ဗိုလ်ကျနေနိုင်သည်။ အစိုးရဘက်သားဟု ဆိုသောအခါ သူလည်း ဖိမ့်ဖိမ့်တုန်သွားသည်။ ထိုအထဲ ရွှေရီမက ထပ်၍ အော်လိုက်ပြန်သောအခါ မြင်းဖြင့်လာသူ အစိုးရဘက်သားဟူသည် ဘယ်သူဘယ်ဝါဟု ကြည့်ရှု စစ်ဆေးမနေနိုင်တော့ဘဲ၊ ဆွဲရန်း ခေါ်ငင်နေသော ရွှေရီမကို လက်မှ လွှတ်ခဲ့ကာ ရှေ့မှပြေးသော ချက်ကြီးမှ ရိုးထဲသို့ မရောက်ရသေးမီ ချက်ကြီး ပြေးသော ရိုးအတိုင်း ထွက်ပြေး ပျောက်ကွယ်သွားပါသည်။

ထွက်ပြေး ပျောက်ကွယ်သွားသည်ဆိုရာ၌ ရိုးသည်မှ လူတစ်ရပ် မြုပ်သည်အထိ မနက်ပါ။ ထိုရိုးကမ်းပါး တစ်ဖက်တစ်ချက်၌ နဘူးချုံ တန်းကြီးများ ရှိနေ၍ ထိုချုံတန်းများအတွင်း ကွယ်ပျောက်သွားခြင်း ဖြစ်ပါသည်။

ရွှေရီမသည် ဤနည်းဖြင့် ငထွား လက်မှ လွတ်မြောက်ခဲ့ရခြင်း ဖြစ်သည်။ မိငယ်နှင့် အေးရင်မတို့ အော်ဟစ် တိုင်ကြား၍ ကူညီရန် ရောက်လာကြသူ မြင်းစီးခရီးသည်တို့မှာ အခြားသူများ မဟုတ်ကြ။ ငွေးချိုရွာသူကြီး ဦးဩဇာနှင့် အဖော်တစ်ယောက်တို့ ဖြစ်ကြသည်။ ဦးဩဇာသည် မြင်းဖြင့် ခရီးသွားလျှင် ကျားပါးစပ်ဖိနပ်၊ နံ့သာရောင် ပိုးရှမ်းဘောင်းဘီ၊ ကာကီရှပ်လက်ရှည်နှင့် ပျော့ခမောက် (ဤခေတ်အခေါ် ဂေါ်ရခါးဦးထုပ်)ကို ဆောင်းတတ်လေ့ရှိရာ၊ အဝေးမှကြည့်လျှင် အကယ်ပင် အစိုးရအရာရှိ သို့မဟုတ် ပုလိပ်အမှုထမ်း တစ်ဦးနှင့် တူနေတတ်ပါသည်။

ယင်းသည်ပင် ချက်ကြီးက ရီဝေနေသော မျက်လုံးများဖြင့် လှမ်းကြည့်ရ၍၊ သို့မဟုတ်လျှင် သူကြီးနောက်လိုက်၏ ကျောတွင် လွယ်ပိုးလာသော သူကြီး၏ နှလုံးပြူးသေနတ်ကိုပါ မြင်ရပြီး ပို၍ လန့်ဖျပ်ပေဦးမည်။

နောက် သူကြီး ဦးသြဇာတို့က ရွှေရီမတို့ သုံးဦးအား ရွာနှင့် အတော်နီးကပ်သည်အထိ လိုက်ပို့ကြပြီး ငွေးချို့ရွာဘက်သို့ ပြန်လှည့်သွားကြသည်။

မိငယ်က ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြ၍ ဒေါ်သာလီ သိရသောအခါ ဒေါ်သာလီသည် ရင်ဘတ် စည်တီးဖြစ်ကာ–

'မခံဘူး၊ ငါမခံဘူး၊ ဒီကောင် ငါ့သမီးကို အရှက်ခွဲတာ၊ သင်းကိုလည်း အရှက်ကွဲအောင် လုပ်မယ်။ အရပ်လူကြီး တိုင်လို့ အရပ်လူကြီးက အရေးမယူရင် အရေးယူတဲ့နေရာ သွားတိုင်မယ်။ ကထဲတော် သူများသားပျိုသမီးပျိုကို ပန်းကောင်း အညွှန့်ချိုးလုပ်တာ ခံနေလို့ ဘယ်ဖြစ်လိမ့်မတုံး'

'အမေရယ် တိုင်ခါမှ တိုင်ပါ၊ ရွှေရီ ရှက်လွန်းလို့ပါ၊ အော်ကြီးဟစ်ကျယ် ပြောမနေပါနဲ့'

'ပြောမယ် ပြောမယ်၊ ဒါဟာ ဘာမှ ရှက်စရာမှုတ်ဘူး၊ ကလောက်ဆွဲရုံရုန်းရုံနဲ့ ကိုယ့်မှာ အလုံးလည်း ရှော့မသွားဘူး၊ အရပ်လည်း ရှော့မသွားဘူး၊ လူရမ်းကားတစ်ယောက်က စော်ကားလို့ အသရေညှိုးတာ တစ်ခုပဲ။ ပြောနေကြာတယ်၊ နင့်အဖေ ကိုမိုးကောင်းကို လိုက်ခေါ်မယ်။ သူနဲ့ခဏနေခဲ့စမ်းပါ မိငယ်ရယ်၊ အရီးလေး ဘုန်းကြီးဘနောက် လိုက်သွားချင် လို့ပါ' ဟု ဆိုကာ ဒေါ်သာလီ အိပ်ခန်းတွင်းမှ ထွက်သွားပါသည်။

## (၃)

'လာ ဒကာသော်၊ ဒကာသော် ဒီတစ်ခါ မြို့သွားတာ တယ်ကြာလိုက်ပါလား။ ကျုပ်စိတ်ထင်တော့ မြို့က ဒကာမလေးက တယ်လို့ အပြုအစုကောင်းနေ မှတ်တယ်'

'ဦးဇင်းကလည်း တောက်တီးတောက်တဲ့၊ ဘယ်က မြို့က ဒကာမလေး ရမှာတုံး၊ သြော်.... ဆရာရွှဲလည်း ရောက်နေသကိုး'

'အေးကွာ၊ ယင်းဟိုဘက်က မကျည်းတန်းရွာ လာရင်း မရောက်ကြာကြာရှိလို့ ဝင်လာချည်တယ်။ ဒါထက် နေပါဦးကွယ့် မောင်သော်ကရဲ့၊ ပွဲစားကြီး ဦးဖိုးဘရဲ့သမီးနာမည်က ဘသူတဲ့'

'ဟာ… ဆရာရွှဲကလည်း ဦးဇင်းက ဝါသနာရှိလို့ နေခက်နေတာ၊ အဟုတ် မှတ်နေပြန်ပါပြီ'

'မသိပါဘူး မောင်သော်ကရာ၊ ဘယ်သူက ဝါသနာမရှိဘူး။ ဘယ်သူက ဝါသနာရှိတယ်ဆိုတာတော့ ဒို့က တစ်ရှဲဆံလူ၊ မင်းတို့အချင်းချင်းမှပဲ သိကြမယ်၊ ဟား ဟား၊ ဟား ဟား'

ဆရာရွှဲဆိုသူ ဆေးဆရာကြီးမှာ အပြက်အချော် ပြောတတ်လေ့ရှိသလို အရယ်လည်း သန်လှသည်။ ၎င်းက ကျယ်လောင်စွာ ရယ်သောအခါ ဦးပဥ္စင်းနှင့် ကိုသော်ကတို့လည်း မရယ်ဘဲ မနေနိုင်ကြ။ တခစ်ခစ် ရယ်မောနေကြသည်။

ဝါးကြီးအိုင်ရွာ ဘုန်းကြီးကျောင်း၌ ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းဆိုသော်လည်း ဝါးကြီးအိုင်သည် တောရွာများအနက် ထူးခြားသော ရွာကြီးတစ်ရွာဖြစ်သဖြင့် ဘုန်းကြီးကျောင်း တစ်ကျောင်းသာရှိသည် မဟုတ်ပါ။ မြို့ငယ်တစ်မြို့၌ရှိသော ဘုန်းကြီးကျောင်းထက်ပင် များပါသေးသည်။

ကျောင်းကြီးကျောင်း၊ ရွှေစေတီကျောင်း၊ တံခွန်တိုင်ကျောင်း၊ သုံးထပ်ကျောင်း၊ ဘုရားကြီးကျောင်း၊ ချိုင်းကျောင်း၊ ပုပ္ပါးရုံကျောင်း၊ ဂန္ဓာရုံကျောင်း ဟူ၍ ကျောင်းပေါင်း ရှစ်ကျောင်းတိတိ ရှိပါသည်။ အဘယ်မျှကြီးသောရွာ ဖြစ်စေ၊ ထိုမျှ ဘုန်းကြီးကျောင်းများသော ရွာဟူ၍ အလွန်ရှားပါးလှသည်။ သူ့ကျွန်ဘဝသို့ မရောက်မီ ထိုရွာကြီး ကောင်းစားစဉ်က ဆောက်လုပ်ထားသော ကျောင်းများ ဖြစ်ဟန်တူသည်။ ထိုအချိန်တွင်ကား များသော ကျောင်းတို့မှာ ဆွမ်းရှား၊ ကွမ်းရှား ဖြစ်နေကြသည်။

၎င်းရွာတွင် ဘုန်းကြီးကျောင်းများသာ ထူးထူးခြားခြား များနေသည် မဟုတ်သေး။ ဘုန်းကြီးကျောင်းများ တည်နေပုံကလည်း ခေတ်အလျောက် ဆန်းပြားနေပြန်သည်။

ယင်းချောင်းသည် နတ်မောက်နှင့် မြို့သစ်မြို့များဆီတွင် မြောက်မှ တောင်သို့ စီးဆင်းသွားသည်။ တောင်တွင်းကြီးမြို့၏ အနောက်မြောက် အရပ်ဆီသို့ ရောက်သောအခါ အနောက်သို့ ကွေ့ဆင်းလျက် မြင်ကွန်းအနီး၌ ဧရာဝတီမြစ်နှင့် ပေါင်းဆုံသည်။ ဝါးကြီးအိုင်ရွာသည် ထိုယင်းချောင်း

အရှေ့နှင့် အနောက်မြစ်အထိ စီးဆင်းရာ မျဉ်းကြောင်း ဗဟိုလောက်တွင် ချောင်းနံ့ဘေးကပ်လျက် တည်ရှိပါသည်။

မကွေး၊ တောင်တွင်းကြီး၊ မြို့သစ် စသော ဖိုခုံလောက်ဆိုင် သုံးမြို့၏ အလယ်ဗဟိုလောက်တွင်လည်း ဖြစ်သည်။ မြို့သစ်မြို့မှာ ထိုရွာနှင့် အနီးဆုံးဖြစ်သဖြင့် မြို့သစ်မြို့နယ်တွင် အကျုံးဝင်သည်။

ရွာတည်နေပုံမှာ ချောင်းကမ်းပါးဟု ဆိုသော်လည်း ချောင်းနှင့် ကပ်လျက်၊ ချောင်းကမ်းနဖူးပေါ်တွင် မဟုတ်ပါ။ ချောင်းကမ်းနဖူးနှင့် အနည်းငယ် လှမ်းပါသည်။ ထိုလှမ်းသည့် ချောင်းနှင့် ရွာအကြားတွင် ချောင်းကမ်းပါးအတိုင်း သီ၍ ဘုန်းကြီးကျောင်းများ တည်ဆောက်ထားပါသည်။

ထို စီတန်းနေသော ဘုန်းကြီးကျောင်းများကို ယင်းချောင်းအတွင်းမှနေ ကြည့်လျှင် ယင်းကမ်းတစ်လျှောက် တိုက်တာအဆောက်အဦများ၊ ပြာသာဒ်ဆောင် ဘုံဆောင်များချည်း တွေ့မြင်ရသဖြင့် လွန်စွာ ကြည့်၍ ကောင်းပါသည်။

ဘုန်းကြီးကျောင်းများသာ မဟုတ်၊ ရွာသည်လည်း ထိုအတိုင်း ဇယားကွက် ချကာ တည်ဆောက်ထားသဖြင့် ရွာနှင့်ပင်မတူ။ အကွက်ချ၍ ပုံပန်းတကျ ဆောက်ထားသော မြို့တစ်မြို့နှင့်ပင် တူပြန်သေးသည်။

စီတန်း ဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းများ၏ မြောက်ဘက် ကုန်းဘက် ခဲတစ်ပစ်သာသာအကွာတွင် အရှေ့နှင့်အနောက် ပြလမ်းမကြီးများ တန်းလျက်၊ တောင်နှင့်မြောက် လမ်းသွယ်များ စီတန်းဖောက်လုပ်ထားပုံမှာ ထိုအနားမှ မြို့သစ်၊ နတ်မောက် စသော မြို့များသည်ပင် ထိုရွာလောက် ပုံပန်း မကျပါ။ စနစ်ဇယား မကျပါ။

၎င်းကို ရှေးသရောအခါ ဘယ်မင်းလက်ထက် ဟူ၍ အတိအကျ ပြောမပြနိုင်သော မြန်မာမင်းတစ်ပါးလက်ထက် အမတ်ကြီးတစ်ဦးဦးကသော်လည်းကောင်း၊ အဆင့်မြင့်သော အရာထမ်း တစ်ဦးဦးကသော် လည်းကောင်း ဦးဆောင်ကာ ရွာရော ဘုန်းကြီးကျောင်းများပါ တည်ထားခဲ့ခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဤလို အမိန့်အာဏာကို မသုံးဘဲ ဤရွာမျိုး၊ ဤဘုန်းကြီးကျောင်းမျိုး ဘယ်သူကမျှ တည်ဆောက်နိုင်ကြလိမ့်မည် မဟုတ်ပါ။

ယခု ကိုသော်ကတို့နှင့် စကားလက်ဆုံကျနေသော ဦးပဋ္ဌင်း သတင်းသုံးသည့် ကျောင်းမှာ ထိုကျောင်းများအနက်မှ ကျောင်းတစ်ကျောင်း ဖြစ်ပါသည်။ ၎င်းသည် ကျောင်းထိုင် မဟုတ်၊ ခန်းနေ ဦးပဋ္ဌင်းမျှ ဖြစ်သည်။ ဦးပဋ္ဌင်း၏ဘွဲ့မှာ ဦးဓမ္မပါလ ဖြစ်ပါသည်။

ဦးဓမ္မပါလမှာ ကျောင်းထိုင် မဟုတ်ငြားသော်လည်း ကျောင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆရာတော်က အရာရာ လွှဲအပ်ခြင်း ခံရသည့်ပြင် ရပ်ရွာရှိ ဒကာ၊ ဒကာမများ၏ ကြည်ညို လေးစားခြင်းလည်း ခံရပါသည်။ အထူးသဖြင့် ခေတ်လူငယ်များ၊ ကာလသမီး ကာလသားများ၏ ကြည်ညို လေးစားခြင်း အခံရဆုံး ဖြစ်ပါသည်။

'ဟုတ်တယ် ဦးဇင်း၊ ဒီခေတ်မှာ ရပ်ထဲရွာထဲက ကာလသားတွေ၊ ကာလသမီးတွေ ဘယ်လောက် ပါးတယ်၊ နပ်တယ်၊ လည်တယ် ဆိုပေသည့် ဦးဇင်းတို့လို ခေတ်ဦးဇင်းလေးတွေတော့ ဘယ်သူမှ မမီဘူး။ ဦးဇင်းတို့က အရပ်တကာစုံအောင် ရောက်ဖူးတယ်။ သူများ မမြင်ဖူးတာ မြင်ရတယ်။ သူများ မကြားဖူးတာ ကြားရတယ်။ သူများ မစားဖူးတာ စားရတယ်။ သူများ မရောက်ဖူးတဲ့အရပ် ရောက်ရတယ်။ ပြီး လူပေါင်းစုံနဲ့ ဆက်ဆံရတယ်။ တပည့်တော် ပြောတာ ဟုတ်ဘူးလား ဦးဇင်း'

'ထားပါတော့လေ၊ ဆရာရွှဲက ဘာဆိုလိုတာလဲ။ ဆက်စမ်းပါဦး'

'တခြားတော့ မှတ်ပါဘူး။ ဦးဇင်းဆိုလည်း မန်းတက်ပြီး ပညာသင်ခဲ့တယ်။ မန်းဆိုတော့ ဘာအထူးပြောစရာလိုတုံး။ ထီးသုံးနန်းသုံး ဗမာ့အသုံးအနှုန်း ဗမာ့ယဉ်ကျေးမှု မှန်သမျှ အခြေခံမြို့ကြီးကပဲ။ ဒီအထဲ ဦးဇင်းတို့က အိမ်ပေါက်စေ့တက် ဆွမ်းခံကြွရတယ်။ အထက်တန်းက လူရော၊ အောက်တန်းက လူရော၊ မင်းစိုးရာဇာတွေရော၊ လူမျိုးစုံနဲ့ ဆက်ဆံရတယ်။ ပြီး ကောင်မလေးတွေ ချောချောလှလှလေးတွေက ဆွမ်းလာလောင်းတယ်။ သူတို့နဲ့ လက်ချင်း ထိချင်ထိမယ်၊ သူတို့က သပိတ်ထဲ ဆွမ်းလောင်းထည့်တုန်း သူတို့ လက်ဖြူဖြူနုနုကလေးတွေကို သပိတ်ဖုံးနဲ့ပေမဲ့ မသိမသာ အုပ်ချင် အုပ်ထားလိုက်မယ်။ ဟား ဟား ဟား ဟား'

'ဟာ... ဆရာရွှဲကတော့ လုပ်ပြီ။ ကျုပ်ဖြင့် ဒီလိုလုပ်ဖို့ မပြောနဲ့၊ စိတ်ကူးထဲတောင် မထည့်ခဲ့ပါဘူး'

'ဦးဇင်းလုပ်တာ မလုပ်တာကို တပည့်တော် မဆိုလိုပါဘူး။ ဖြစ်တတ်တဲ့ သဘာဝ ပြောတာပါ။ ဦးဇင်းတို့က ဘုရားအရေတော်ခြုံထားလို့သာ ဦးဇင်း ဖြစ်နေတာကို၊ စင်စစ်တော့ လူပဲ။ လူဟာ လူ့စိတ်လိုပဲ ရှိမှာပဲ။ တစ်ခုတော့ ရှိတယ်။ ဦးဇင်းတို့က ဘုရား ပညတ်တော်မူတဲ့ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော သိက္ခာပုဒ်က ရှိနေတော့ တကယ်လို့ အဲဒီသိက္ခာပုဒ်ကို အလုံအခြုံ ထိန်းထားနိုင်ရင် ကာယကံမြောက်တော့ မဖြစ်နိုင်ဘူးပေါ့။ ငါ ပြောတာ မှုတ်ဘူးလား မောင်သော်ကရဲ့။ မင်း ဆိုရင် ဘာမှ အထူး ပြောနေစရာ မလိုဘူး။ ကိုယ်တွေ့ပဲ။ ဟဲ... ဟဲ'

'ဟာ ဆရာရွှဲကလည်း မဟုတ်တာ၊ ဘယ်က ကိုယ်တွေ့ရမှာတုံး ဗျ'

ကိုသော်ကမှာ အဆစ် အခွပ်ခံရသဖြင့် အတန်ရှက်သွားပုံရသည်။ ပြောပြီး ရှက်ပြုံးပြုံးရင်း ဦးခေါင်းငုံ့သွားသည်။

'ဒကာကြီးရွှဲ၊ တခြား ကိုယ်တော်တွေတော့ မပြောတတ်ဘူး။ ကျုပ်တို့ဖြင့် ဆွမ်းလောင်းတဲ့ ဒကာမတွေကို မျက်နှာတောင် စေ့စေ့မကြည့်ခဲ့ဖူးဘူး'

'အဲ... အဲကလို တခြားကိုယ်တော်တွေတော့ မပြောတတ်ဘူး ဆိုကတည်းက ဦးဇင်းက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တပည့်တော်ရဲ့စကား ဝန်ခံသလို ဖြစ်နေပါပြီ။ ဟုတ်ဘူးလား ဦးဇင်း'

'ဒကာကြီးရွှဲကလည်း ဘယ်ဥစ္စာမှ မလွတ်တော့ပါလား'

'ပြီး မောင်သော်ကတို့ဆိုရင် ပိုပြီး အတွေ့အကြုံ များနိုင်သေးတယ်။ ဘာပြုလို့တုံး ဆိုတော့ မောင်သော်ကက မန္တလေးထက် လူမျိုးပေါင်းစုံပေါတဲ့၊ မန္တလေးထက်လည်း ရှုပ်တဲ့ ရန်ကုန်လို မြို့ကြီးမှာ ဆွမ်းခံလာခဲ့တာကိုး။ တပည့်တော် စောစောကလျှောက်တာ အဲဒါကိုပါ။ ဦးဇင်းတို့အချင်းချင်းက အရည်အချင်းတူ၊ ဉာဏ်ရည်တူ၊ အတွေ့အကြုံမှာလည်း အတူ၊ ဒီတော့ တစ်ဦးခြေကို တစ်ဦးက မြင်နိုင်တာပေါ့၊ ဟား... ဟား... ဟား... ဟား'

ဆရာရွှဲ ပြောသလိုပင် ကိုသော်ကမှာ ဘုန်းကြီးလူထွက် ဖြစ်သည်မှာ မှန်ပါသည်။ ဦးပဥ္စင်းဘဝဖြင့် ရန်ကုန်မြို့၌နေ၍ ဆွမ်းခံစားခဲ့သည်မှာ

လည်း မှန်ပါသည်။ သို့သော် ဦးဓမ္မပါလနှင့် ကိုသော်ကတို့မှာ နေထိုင်ပုံ နေထိုင်နည်းချင်း၊ ပညာဆည်းပူးပုံ ဆည်းပူးကြချင်းကား မတူပါ။ဦးဓမ္မပါလ က မန္တလေးမြို့တွင် လောကုတ္တရာစာ သက်သက်သာ သင်ခဲ့၍၊ ကိုသော်က က ရဟန်းဖြစ်လျှင်ဖြစ်ချင်း ရန်ကုန်မြို့သို့ ရောက်သွားပြီး တစ်နှစ်ခန့်သာ လောကုတ္တရာစာ သင်သည်။ နောက် လူထွက်သည်အထိ ကျန်ငါးနှစ်ခန့် အချိန်တို့မှာ ဘုန်းကြီးဝတ်ဖြင့်ပင် အလွတ်ပညာသင်ကျောင်း တစ်ကျောင်း တွင် အင်္ဂလိပ်စာ သင်ယူခဲ့ရာ ခုနစ်တန်း အောင်မြင်သည်အထိ ပေါက်မြောက် ခဲ့ပါသည်။

ဘုန်းကြီးဝါဖြင့် ခြောက်ဝါမျှ ရခဲ့သည်။ ရန်ကုန်မြို့မှာပင် လူထွက် သည်။ ရန်ကုန်မြို့တွင် လူဝတ်ဖြင့် တစ်နှစ်ခန့် နေ၍ အလုပ်ရှာသည်။ အလုပ်မရ။ ဘယ်ဌာနမျိုးမဆို အလုပ်ခန့်ထားနိုင်သူ အရာရှိများမှာ မြန်မာ ဟူ၍ မရှိသလောက် ရှားသည်။ မျက်နှာဖြူ အင်္ဂလိပ်များ၊ အင်္ဂလိပ် ကပြား များနှင့် အိန္ဒိယလူမျိုးများသာ ဖြစ်ကြပေရာ ၎င်းတို့အားလုံးက အလုပ်ခန့် ထားရန် လူလို၍ အလုပ်ခန့်ခဲ့လျှင် မြန်မာလူမျိုး (သို့မဟုတ်) မြန်မာ တိုင်းရင်းသားကို မခန့်လိုကြချေ။ မျက်နှာဖြူနှင့် မျက်နှာဖြူကပြား အရာရှိ များက ပထမ သူတို့အမျိုးတူကို ကြည့်သည်။ နောက် ဘာသာတူကို ကြည့် သည်။ ထိုသူများ မရနိုင်မှ ဘာ ဘာသာဖြစ်နေနေ အိန္ဒိယလူမျိုးများကို အခွင့်အရေးပေးသည်။ အိန္ဒိယလူမျိုး အရာရှိများမှာ ပိုလို့ ဆိုးသေးသည်။ မျိုးချစ်စိတ် ရှိသည့်နေရာတွင် မြန်မာလူမျိုးများထက် သာသည်။ မြန်မာ လူမျိုးနှင့် သူတို့လူမျိုး ယှဉ်၍ အလုပ်လျှောက်လျှင် မြန်မာလူမျိုးကို မကြည့်။ သူတို့လူမျိုးသာ ကြည့်သည်။ သူတို့လူမျိုးသာ ခန့်သည်။

ထိုစဉ် (၁၉၂၀ ပြည့်နှင့် ၁၉၃၀ ပြည့်နှစ်များ အတွင်းကို ဆိုလို ပါသည်) အခါက ရန်ကုန်မြို့ ဆိုသည်မှာလည်း မြန်မာပြည်တွင်းမှ မြို့ တစ်မြို့ မဟုတ်သလို လူမျိုးခြားများက လူများစုဖြစ်ပြီး မြန်မာလူမျိုးများမှာ လူနည်းစုသာ ဖြစ်ပါသည်။ လူမျိုးခြားများအနက်လည်း အိန္ဒိယလူမျိုးက အများဆုံးဖြစ်သလို အစိုးရဌာနတိုင်းမှာလည်း အောက်ခြေမှစ၍ အထက် မျက်နှာဖြူများ အုပ်ချုပ်သော အဆင့်အထိ ၎င်းတို့လိုလိုချည်း ဖြစ်နေကြ သည်။

ကိုသော်က အနေဖြင့် ဤတွင် အလုပ်လျှောက်၍ မရနိုင်ဘဲ ဖြစ်နေသည်။ တစ်နှစ်ပတ်လုံး အလုပ်ရှာ၍ မရသောအခါ ကိုသော်က စိတ်ပျက်လာသည်။

နောက်တစ်ခု မျက်နှာဖြူအရာရှိများနှင့် မျက်နှာဖြူ ကပြားများက ညစ်သည်တို့ ရှိသေးသည်။ ထိုစဉ်အခါ ဝံသာနုတွေ အလွန်ခေတ်စားနေသောအခါ ဖြစ်သည်။ ဆရာတော် ဦးဥတ္တမ အပါအဝင် အမျိုးသား နိုင်ငံရေး ခေါင်းဆောင်များက တညီတညွတ်တည်း ဟုမ္မရူး (ကိုယ်ပိုင် အုပ်ချုပ်ရေး) တောင်းဆိုနေသော အခါလည်း ဖြစ်သည်။ အမျိုးသမီးများဆိုလျှင် ကုမ္ပဏီအသင်းများဖွဲ့၍ နိုင်ငံခြားဖြစ်ကို မဝတ်၊ ပင်နီချောနှင့် ယောထဘီကို ဝတ်သော အချိန်အခါလည်း ဖြစ်ပေရာ မျက်နှာဖြူနှင့် ကပြားများက မြန်မာဆိုလျှင် လွန်စွာ မုန်းတီးလျက် အောက်တန်းစားအလုပ် ဖြစ်စေဦးတော့၊ မြန်မာကို မခန့်၊ မြန်မာအစား ကုလားများကိုသာ ခန့်ထားတတ်ပါသည်။

ဤတွင် ကိုသော်ကမှာ စိတ်နာနာဖြင့် ရွာပြန် ဆောင့်လာခြင်း ဖြစ်သည်။ အင်္ဂလိပ်အစိုးရ လက်အောက်တွင် လခစားအလုပ်ကို ဘယ်တော့မှ မလုပ်ဟုလည်း သူ့စိတ်သူ ဆုံးဖြတ်ထားလိုက်သည်။

သို့တိုင်အောင်ပင် ကိုသော်ကမှာ ရွာပြန်ရောက်လာ၍ ပင်ပန်းကြီးစွာ အလုပ်မလုပ်ရပါ။ မိဘက ပစ္စည်းဥစ္စာ အသင့်အတင့်ရှိရုံမျှမက တောင်သူအလုပ်ကို ကောင်းစွာ လုပ်ကိုင်နိုင်သူ အစ်ကိုတစ်ယောက်နှင့် ညီတစ်ယောက်တို့ လူလွတ်များ ရှိနေကြ၍ သူ့အဖို့ လူပိုတစ်ယောက်လို ဖြစ်နေပါသည်။ မလုပ်၍လည်း ညီကရော အစ်ကိုကပါ ဘာမျှမပြောပါ။ သူ့ဘာသာသူ သွားချင်ရာ သွား၊ လုပ်ချင်ရာ လုပ်၊ နေချင်ရာ နေနိုင်ပါသည်။ သို့သော်လည်း သူက အလကားမနေပါ။ ရန်ကုန်သို့ သုံးလ တစ်ကြိမ်၊ လေးလ တစ်ကြိမ် ဆိုသလို သွား၍ ကုန်သေးကုန်နုပ်ကလေးများ ဝယ်ယူကာ ရွာထဲတွင် လည်းကောင်း၊ ရွာနီးချုပ်စပ်များတွင် လည်းကောင်း လိုက်လံရောင်းချတတ်လေ့ ရှိပါသည်။

သူ ရောင်းသော ကုန်ပစ္စည်းများမှာ လိပ်ခွံဘီး၊ ဆင်စွယ်ဘီး၊ လက်စွပ်ကျောက်၊ နားကပ်ကျောက် စသည့် လွယ်အိတ်ကုန်မျှ ဖြစ်သည်။

တစ်ခါတစ်ခါမှာ သူ့ရှိလျှင် ဖန်ပုတီး၊ ဖန်လက်ကောက်၊ ခတ်ပုတီး၊ ခတ်လက်ကောက်နှင့် ပန်းစည်းကြိုးများ ပြုလုပ်ရန် သိုးမွေးချည်ခင် စသည်တို့လည်း ပါတတ်သေးသည်။

သူ၏ ကုန်ပစ္စည်းများမှာ အများအားဖြင့် မိန်းကလေးကြိုက် ကုန်များသာ ဖြစ်သဖြင့် မိန်းကလေး၊ မိန်းမငယ်များက သူ့ကို အလွန်ခင်ကြသည်။ သူ့အဖို့ တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့ ကူးသန်း သွားလာရန်လည်း ခက်ခဲခြင်းမရှိပါ။ အကြောင်းမှာ သူ့မိဘများတွင် မြင်းတစ်ကောင်ရှိသဖြင့် ဖြစ်ပါသည်။

ယခုလည်း တောင်တွင်းကြီးမြို့မှ ယမန် တစ်နေ့ကမှ ပြန်လာသည်။ ယနေ့ ဦးပဥ္စင်း ဦးခေမ္မပါလထံသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သူသည် ထိုဦးပဥ္စင်းနှင့် အလွန် လေထပ်သူဖြစ်ရာ ရွာ၌ ရှိနေလျှင် တစ်နေ့တစ်ခေါက် အရောက်လာတတ်သည်။ ရောက်လာလျှင်လည်း ဦးပဥ္စင်းနှင့် တိုင်းရေးပြည်ရာအကြောင်း၊ ရဟန်းတော်များ ဖွဲ့စည်းထားသော သံဃသာမဂ္ဂီအဖွဲ့များအကြောင်း၊ ဝံသာနုအသင်းများအကြောင်း၊ ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ စသည့်အဖွဲ့များအကြောင်း၊ ဝံသာနုအသင်းနှင့် ကုမ္ဗာရီ အမျိုးသမီးအသင်းတို့က လူမျိုးခြားဖြစ် ပစ္စည်းများကို သပိတ်မှောက်ကာ တိုင်းရင်းဖြစ်ပစ္စည်းများကိုသာ သုံးစွဲကြသည့်အကြောင်း။

ဒိုင်အာကီအုပ်ချုပ်ရေးက ဘယ်လို၊ ဟုမ္မရူး ဆိုသည်က ဘယ်နည်း၊ ဒိုမီနီယန်က ဘယ်ပုံ စသည့် အကြောင်းများကို စိတ်ဝင်တစား ပြောဆိုဆွေးနွေးတတ်ကြလေ့ ရှိပါသည်။

စင်စစ် ဦးပဥ္စင်းအနေဖြင့် ထိုအကြောင်းများကို ယင်းမျှလောက်ဗဟုသုတရှိသည် မဟုတ်ပါ။ ကိုသော်က ပြောပြ၍ သိရခြင်းသာ ဖြစ်ပါသည်။ သို့သော်လည်း ဦးပဥ္စင်းမှာ တိုင်းရေးပြည်မှုနှင့် ပတ်သက်၍ လွန်စွာ ဝါသနာထုံလှသည့်ပြင် မိမိတို့လူမျိုးအပေါ် အနိုင်အထက်ကျင့်ကာ မတရားသက်သက် ကျွန်ပြုထားသော အင်္ဂလိပ်အစိုးကိုလည်း အထူးသဖြင့် မုန်းတီးလျက် ရှိပေရာ၊ ကိုသော်က ရောက်လာလျှင် အခြား ဘာအကြောင်းကိုမျှ မေးမြန်းဆွေးနွေးခြင်း မပြုလို။ ထိုအကြောင်းများကိုသာ ထပ်ပြန်တလဲလဲ မေးမြန်း လေ့လာနေတတ်လေ့ ရှိပါသည်။

ဦးပဥ္စင်းတွင် မဟုတ်၊ ဆရာရွှဲကလည်း ထိုနည်းလည်းကောင်းပင်။ သူသည် ရွာလည်၍ ဆေးကုနေပေသည့် တိုင်းရေးပြည်မှုကို အထူး စိတ်ဝင် စားသူ ဖြစ်သည်။ သူသည် ဦးပဥ္စင်းထံသို့ ရောက်လာသည် ဖြစ်စေ၊ ကိုသော်ကနှင့် တစ်နေရာရာ၌ တွေ့ရသည် ဖြစ်စေ၊ ယခုကဲ့သို့ သုံးဦး သုံးဖလှယ် ဆုံစည်းမိကြသည် ဖြစ်စေ ထိုအကြောင်းများကိုသာ စိတ်ဝင် တစား ဆွေးနွေးတတ်ကြသည်။ ၎င်းတို့အချင်းချင်း မတာန်ရည်ငံနေကြသူ များ ပီပီ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံမိကြလျှင်လည်း စောစောက ပြောဆို ခဲ့ကြသော စကားများအတိုင်း အရွှန်းအနောက်များက စ၍ ပြည်တည် တတ်ကြပါသည်။

ဆရာရွှဲမှာ ငွေလေးရွာတွင် နေသော်လည်း ငွေလေးရွာနှင့် ဝါးကြီး အိုင် ရွာသည် နှစ်ရွာတစ်ရွာလို ဖြစ်နေရာ ငွေလေးကဲ့သို့သော ရွာသိမ် ရွာငယ်တွင် အနေနည်းပြီး ဝါးကြီးအိုင်မှာ လိုလိုချည်း ရှိနေတတ်ပါသည်။ ဝါးကြီးအိုင်သို့ လာလျှင်လည်း ရွာထဲတွင် ဆေးကုစရာ၊ ဆေးပေးစရာ ရှိ လျှင်သာ နေတတ်ပြီး ကျန်အချိန်များတွင် ဘုန်းကြီးကျောင်းသို့သာ လာ ရောက်နေတတ်လေ့ ရှိပါသည်။ ဘုန်းကြီးကျောင်း၌ ယခုကဲ့သို့ သုံးဦးသား ဆုံမိနေလျှင် ရွာထဲမှ ထမင်းစား လာခေါ်လျှင်ပင် မလိုက်တတ်။ ဘုန်းကြီး ကျောင်းမှာပင် စားသောက်နေတတ်ပါသည်။

'နေပါဦးကွ၊ မောင်သော်က မြို့က ပြန်လာတယ်ဆိုတော့ မြို့က ဘာသတင်းထူးတွေများ ကြားခဲ့သေးတုံး'

'ထူးတော့ ထူးလှတယ် မှတ်ပါဘူး ဆရာရွှဲရာ၊ ခါတိုင်းလိုပါပဲ။ ဒါပေမဲ့ ကောလာဟလတွေကတော့ သူတစ်မျိုး ငါတစ်ဖုံ ပြောနေကြတာ ပဲ။ နက်ဖြန်ပဲ တိုင်းပြည်ပျက်တော့မလို၊ သန်ဘက်ခါပဲ စကြာမင်းလောင်း ဆိုက်လာလို့ အင်္ဂလိပ်တွေ ထွက်ပြေးရတော့မလို၊ တချို့ကလည်း အခု သံဃာတော်တွေ နယ်လှည့် တရားဟောနေတာ ရသေ့ရှစ်သောင်း ဆရာ ပေါင်းတို့ ဆိုက်လာမယ့် ရှေ့ပြေးနိမိတ်ပဲ တဲ့'

'တန်စမ်းပါကွယ်၊ ဒီစကြာမင်းတို့ ရသေ့ရှစ်သောင်းတို့ မျှော်ရ တာလည်း လူတွေ သေသေရတော့မယ်။ တကယ်တော့ စကြာမင်းဆိုတာ လည်း သေပြီးတဲ့ နောက်မှတော့ ဘယ်ကလာ ပြန်ရှင်နိုင်လိမ့်မတုံး။ ရသေ့

ရှစ်သောင်း ဆရာပေါင်းဆိုတာလည်း လူတွေက တော်လျော် ပြောနေကြတာပါ။ အင်္ဂလိပ်ဆရာတို့၊ မှော်ဆရာတို့ မဟုတ်တရုတ် ပြောတိုင်း ယုံနေကြတာပါ'

'ပြီး ပြောကြသေးတယ်။ ရန်ကုန်ဘက်က ကုမ္ပဏီတပ်ကြီး ချီလာပြီးတော့ သူတို့မြို့မှာရှိတဲ့ ကုလားဆိုင်တွေ တလုတ်ဆိုင်တွေကို သိမ်းရုံး ဖျက်ဆီးပစ်တော့မလိုလို၊ ကုလားဖြစ် အထည်ဝတ်တဲ့လူ တွေ့ရင်လည်း အဲဒီဝတ်ထားတာတွေကို အတင်း ဆွဲဖြဲကြလိမ့် မလိုလို၊ အဲဒီအသံတွေ ကြားတာနဲ့ ဈေးထဲက အပျိုမတွေလည်း လန့်ဖျပ်ပြီး တချို့ ပင်နီအင်္ကျီနဲ့ ယောထဘီနဲ့ ဖြစ်ကုန်ကြပြီ'

'အေး... အဲဒါတော့ ခပ်ကောင်းကောင်းပဲကွ။ နောင်ဖြစ်တာ မဖြစ်တာ အပထားလို့၊ အဲဒီလိုဝတ်ကြတဲ့အတွက် ပိတ်တွေ၊ ပဒုမ္မာတွေ အတော့်ကို အရောင်းထိုင်းသွားမှာ။ နောက်ဆုံး လုံးလုံးမရောင်းကြရဘူးဆိုရင် သင်းတို့ တိုင်းတစ်ပါးက ပစ္စည်းရောင်းနေတဲ့ ကုလားတွေ၊ တလုတ်တွေလည်း ဒီမြို့မှာ မနေနိုင်ကြတော့ဘူးပေါ့။ ဟုတ်ဘူးလား ဦးဇင်း'

'အင်း... ဒကာကြီးပြောတာ ကောင်းတော့ ကောင်းပါရဲ့။ သို့ပေမဲ့ ဒါက တကယ့်အချက်အချာ မဟုတ်သေးဘူး။ ကိုင်းဖျားကိုင်းနားလောက်ပဲ ရှိသေးတယ်။ တကယ့်တကယ် အရေးကြီးတာက ကျုပ်တို့အပေါ်မှာ ဖိနှိပ်လွှမ်းမိုးနေတဲ့ အင်္ဂလိပ် ဒကာကြီးရဲ့။ အင်္ဂလိပ်ကို သီပေါဘုရင် ပါတော်မူစက ကျုပ်တို့ မြို့လုင်ကနေပြီး ခံချတဲ့ ဗိုလ်မင်းရောင်တို့လို ခံချနိုင်မှ၊ တစ်နည်းနည်းနဲ့ နှောင့်ယှက်ကလူပြုနိုင်မှ အရေးပါ အရာရောက်မှာ'

'အင်း... ဒို့ ဦးဇင်းကတော့ဟော့ ကြံလိုက်ရင် သေးသေးကွေးကွေး ဘယ်တော့မှ မကြံဘူး။ ခေါင်မှ လှမ်းချင်တယ်။ ကဲ... ဦးဇင်းက် အစိုးရကို ခံချချင်တာတော့ ဟုတ်ပါပြီ။ ဘယ်မတုံး လူ၊ ဘယ်မတုံး လက်နက်'

'ဒါလည်း မခက်ပါဘူး ဒကာကြီးရဲ့၊ အခု ဒီနယ် ဒီပြည်မှာရှိတဲ့ လူတွေဟာ တိုက်ရမယ့်လူတွေပေါ့။ အဲဒီလူတွေဟာ ဦးစီးဦးဆောင် မရှိလို့သာ ငြိမ်နေကြရတာ။ ဒီအင်္ဂလိပ်အစိုးရကို ကျေနပ်နေတယ်များ ထင်သလား။ ဘယ်သူကမှ မကျေနပ်ဘူး။ မိုးခေါင်လို့ ဘာလုပ်သီးဆောင်တာမှ မရပါဘူးဆိုတာ မြေခွန် အတင်းတောင်းတယ်။ သဿမေခွန် အတင်း

တောင်းတယ်။ မပေးနိုင်တော့ နွားဆွဲတယ်၊ လှည်းဆွဲတယ်၊ သူတို့ လာတဲ့ အခါလည်း ဆန်ပေးရတယ်၊ ဆီးပေးရတယ်၊ လှည်းပို့ရတယ်၊ ဒီအထဲ သူကြီးလိုလူက အာဏာပြတာက တစ်မျိုး၊ တပ်စည်းရိုး အချိန်နဲ့ မပြီးရင် ထိတ်တုံးခတ်လိုက်ချင်တယ်။ လူမညီလို့သာ ခံနေကြရတာ၊ အဲဒါတွေကို ဘယ်သူမှ မခံချင်ကြဘူးဗျ'

ဦးပဥ္စင်းမှာ ပြောရင်း ပြောရင်း အသံကျယ်လာသည်။ ဒေါသသံ ပါလာသည်။ ယင်းကို ဆရာရွှဲနှင့် ကိုသော်ကတို့က ပြုံး၍ နားထောင်နေ ကြသည်။

'လက်နက်ဆိုတာလည်း ဘာခက်မှာတုံး။ ကျုပ်ရဲ့ ဒကာကြီး အခု ထက်ထိ မသေသေးဘူး၊ ရှိသေးတယ်။ ဒကာကြီးတို့ ဗိုလ်မင်းရောင်တပ်ထဲ လိုက်စဉ်တုန်းက လက်နက်ဆိုလို့ ဓားမတိုတစ်ချောင်းကလွဲပြီး ဘာမှမပါ ဘူးတဲ့။ နောက် ကုလားဖြူစစ်တပ်နဲ့လည်း နှစ်ပွဲ သုံးပွဲလောက် တိုက်လိုက် ပြီးရော။ ကုလားဖြူ ကိုင်တဲ့ မောင်းထိုးသေနတ်တွေ၊ အမြောက်တွေမှ ရလိုက်တာ သောက်သောက်လဲပဲ တဲ့'

'ဟုတ်မယ်လေ၊ ဦးဇင်းက ဘအမျိုး ဘိုးတူ ဆိုသလို ဗီဇကိုက ကုလားဖြူ မုန်းလာခဲ့တော့ ဒီအချိန်မှာ ဒီစကားပဲ ထွက်မှာပဲပေါ့'

ဗိုလ်မင်းရောင်တို့ တော်လှန်စဉ်အခါက ၁၈၈၅ ခုနှစ်နှင့် ၁၈၈၈ ခုနှစ်အကြား၌ ဖြစ်သည်။ ယခု ဦးပဥ္စင်းများ ပြောဆို ဆွေးနွေးနေသော အချိန်မှာကား ၁၉၂၅ ခုနှစ်တွင် ဖြစ်လျက်၊ ဗိုလ်မင်းရောင်ကို နယ်ချဲ့အင်္ဂလိပ် တို့က ရက်စက်စွာ ခေါင်းဖြတ် သုတ်သင်ခဲ့သည့် အချိန်နှင့်ဆိုလျှင် နှစ် ပေါင်း လေးဆယ်ပင် မပြည့်သေးပါ။ ဗိုလ်မင်းရောင်တပ်တွင်းသို့ လိုက်ပါ တိုက်ခိုက်ခဲ့သော ဦးပဥ္စင်း၏ ဒကာကြီးဆိုသူမှာ ယခုတိုင် အသက်ထင်ရှား ရှိလျက် ခြောက်ဆယ်အရွယ်ခန့်မျှသာ ရှိပါသေးသည်။ ဝါးကြီးအိုင်ရွာ၌ မဟုတ်၊ ဝွေးချို့ရွာ၌ ရှိပါသည်။

ဦးပဥ္စင်း ဝါးကြီးအိုင်ရွာသို့ ရောက်ရှိ ပျော်မွေ့နေခြင်းမှာ ရဟန်း ဒကာရှိနေ၍၊ ရဟန်းဒကာကလည်း လွန်စွာ ကြည်ညို၍ မန္တလေးသို့ ပို့ကာ စာသင်ကြားစေပြီး စာသင်ရာမှအပြန် ပင့်ထားခြင်း ဖြစ်ပါသည်။ ဦးပဥ္စင်း ၏ ရဟန်းဒကာကား အခြားမဟုတ်။ ရွှေရီမတို့အဖေ ဦးမိုးကောင်း ဖြစ်ပါ

သည်။ သို့အတွက် ဒေါ်သာလိက ဦးမိုးကောင်းကို "ဘုန်းကြီးဘ"ဟု ခေါ်ခြင်း ဖြစ်သည်။ ထိုအကြောင်းများကို ဆရာရွှဲက သိသည်။ သိ၍လည်း ဦးပဥ္စင်း၏ သတ္တိ ဗျတ္တိကို ချီးကျူးနေခြင်း ဖြစ်ပါသည်။

'ဒါထက် နေပါဦး ဦးဇင်း၊ တပည့်တော် ကြားဖြတ်ပြီး လျှောက်ပရစေဦး။ ဒီရောက်လာကတည်းက မေးဖို့ လျှောက်ဖို့ဟာ စကားကောင်းနေတာနဲ့ မလျှောက်ဖြစ်ဘူး။ ဦးဇင်းဒကာကြီး ကိုမိုးကောင်းရဲ့ သမီးကိစ္စ ဘယ်လိုဖြစ်သွားတုံး။ ပြီးကော ပြီးပြတ်သွားပလား'

'ဒီအကြောင်း မပြောစမ်းပါနဲ့ ဒကာကြီးရာ၊ ဒီအကြောင်း ပြောရင် ကျုပ် ဒေါသဖြစ်လွန်းလို့။ ကျုပ်ကလေ ဘုန်းကြီးဖြစ်နေလို့၊ ဘုန်းကြီး မဟုတ်ပဲ လူသာဆိုရင် ခုလောက်ရှိ စက်တိုင်ရောက်ချင် ရောက်နေမှာ'

ဦးပဥ္စင်းမှာ စောစောကထက်ပင် စိတ်တိုလာဟန် တူသည်။ ဦးပဥ္စင်း၏ သွင်ပြင်လက္ခဏာကို ကြည့်ပြီး ဆရာရွှဲပင် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားပါသည်။ ပြီးမှ ကိုသော်ကဘက်သို့ လှည့်၍–

'ဖြစ်ပုံက ဘယ်လိုတုံး မောင်သော်ကရဲ့၊ ရှင်းပြစမ်းပါဦး'

'ထုံးစံအတိုင်းပေါ့ ဆရာရွှဲရာ၊ သူတို့က အာဏာလက်ကိုင် ရှိနေတဲ့ လူတွေ မှုတ်လား။ ဒီတော့ ကော်မတီလူကြီးတွေကကော မျက်နှာလိုက်ချင်းလိုက်ရင် ဘသူ့ဘက် လိုက်မတုံး။ သူကြီးသားနဲ့ သူကြီးဘက် လိုက်မှာပေါ့ ဆရာရွှဲရဲ့။ နောက်ဆုံးတော့ ကော်မတီလူကြီး လေးယောက်စလုံးက ဒီအမှုဟာ အခြေအမြစ် မရှိဘူး။ သက်သေသက္ကာရ မခိုင်လုံဘူးဆိုပြီး ပလပ်ပလိုက်တာပေါ့'

'ဟာ... မင်းတို့ရွာက ကော်မတီတွေကလည်း ဘယ်လိုကော်မတီတွေတုံးကွ။ ကျောင်းဒကာ ဦးဖိုးကျော့တို့ဆိုရင် သိက္ခာ၊ သမာဓိ ရှိတဲ့ နေရာမှာ နာမည်တစ်လုံးနဲ့ နေတာပါ။ ပြီး ပစ္စည်းလေးကလည်း အတော်အတန်ရှိတော့ ငါ့စိတ်အထင် သူဟာဖြင့် အမှန်ကို အမှန်အတိုင်း ဆုံးဖြတ်မှာပဲ။ မျက်နှာမလိုက်တန်ကောင်းဘူး၊ သိက္ခာအပျက်မခံဘူးလို့ ထင်နေတာ'

'ဟုတ်ပါတယ်၊ ကျုပ်တို့လည်း အစက ဒီလိုပဲ ထင်နေတာ။ သူတွင် မှုတ်ပါဘူး၊ ဒီအထဲမှာပါတဲ့ သူ့လိုပဲ နာမည်တစ်လုံးနဲ့နေတဲ့ ဘုရားဒကာ

ဦးကြီးမှုံတို့လည်း တကယ်ကျတော့ ဒို့ဘုရားက မယားဘက် ပါသွားတာပဲ'

'ဒကာကြီး၊ ဒကာကြီးလည်း အနယ်နယ် နှံ့စပ်ပြီး ဗဟုသုတရှိတဲ့ လူတစ်ယောက်ပဲ။ ဒီခေတ်ကြီးမှာ လူရိုးဆိုတာ ဘယ်မှမရှိဘူး။ သချိုင်းကုန်းမှာပဲ ရှိတယ် ဒကာကြီးရဲ့'

ဦးပဥ္ဇင်းက ဝင်ထောက်လိုက်ခြင်း ဖြစ်သည်။ ဦးပဥ္ဇင်း၏ လေသံမှာ စောစောကကဲ့သို့ ဒေါသတကြီး မဟုတ်သော်လည်း ပြတ်သားလှသည်။ ဦးပဥ္ဇင်း၏မိန့်ကြားချက်သည် စကားလုံးနည်းပြီး အလွန်ရိုးသော မိန့်ကြားချက် ဖြစ်ပေသည့်လည်း အဓိပ္ပာယ်က ကျယ်ဝန်းလှသည်။ လူ့လောကကြီးတွင် အထင်ကြီးစရာ လူတွေ များစွာရှိသည်။ ထိုအထင်ကြီးစရာ လူများသည်ပင် တစ်နေ့ကျတော့ မဟုတ်တာကစ မဟာတ်တာ လုပ်နေကြသည်။ "ပါးစပ်က ဘုရား ဘုရား၊ လက်က ကားရား ကားရား" လုပ်ကြသည်။ ဟူ၍လည်း အဓိပ္ပာယ် ကောက်ယူလိုက ကောက်ယူနိုင်သည်။

'နို့အရင်က တပည့်တော် ကြားတော့ဖြင့် ကိုယ်တော်တို့ ငွေးချိုသူကြီး မောင်ဩဇာကတောင် မိန်းကလေးဘက်ကနေပြီး ကျုပ်ကို ကိုငထွားက အဓမ္မ ဆွဲရှန်းနေပါတယ်ဆိုတဲ့ စကားထွက်မလိုလိုကိုး။ ပြီး သူကိုယ်တိုင် ငထွား ရိုးထဲဆင်းသွားတာ နောက်ကနေ မြင်လိုက်ရ ဆို'

'ဒကာကြီးနယ်၊ ဒီသူကြီးကကော ဘာသား ထုထားတာမို့လို့ မျက်နှာကြီးငယ် မလိုက်ဘဲ နေရမှာတုံး။ သူက သူကြီး သူကြီးချင်း ဖြစ်လို့၊ ဦးဒေါ်နတို့ဘက် ပိုပြီး ကာကွယ်ဦးမှာပေါ့'

'ဦးဇင်း ဆွမ်းအုပ်စုံပြီ ဘုရား'

ကျောင်းသားကလေး တစ်ယောက် ဦးပဥ္ဇင်းကို လာရောက်ဝတ်ပြုပြီး လျှောက်ထားခြင်း ဖြစ်သည်။

'အေးအေး လှယ်နှင့်ကြ၊ ငါ လာခဲ့မယ်။ ဒကာကြီး ကျောင်းမှာ စားသွားနော်၊ ဘယ်မှ မသွားရဘူး၊ ဒကာသော်ရောပေါ့။ ကြုံကြိုက်တုန်း စားသွားပါ'

'တပည့်တော် အိမ်က စားခဲ့ပါပြီ ဘုရား၊ ဆရာရွှဲသာ ကျွေးပါ။ တပည့်တော်က ကိစ္စမရှိပါဘူး'

'ကိုင်း.... ဒါဖြင့် ဒကာသော် ဆရာရွှဲနဲ့ စကားပြောနှင့်ကြဦးပေါ့။ ကျုပ် ဆွမ်းသွားပြင်လိုက်ဦးမယ်။ ဒကာသော် ပြန်တော့ မပြန်နဲ့ဦးနော်။ ကျုပ် ဒကာသော့်ကို မေးစရာတွေ အများကြီး ရှိသေးတယ်'

'မပြန်သေးပါဘူး ဦးဇင်းရဲ့၊ ဆရာရွှဲနဲ့လည်း တွေ့တုန်းတွေ့ခိုက် နေဦးမှာပါ'

# (၇)

'မင်ုပါနဲ့ ရွှေရီရာ၊ ဒင်းတို့က မနာလိုဝန်တိုဖြစ်ပြီး စော်ကားကြပေမဲ့ ကိုယ့်မှာ ဘယ်လိုမှ ထိခိုက်နစ်နာသွားတာမှ မှုတ်ဖဲ။ သူတို့က ဒင်းတော့ နာမည်ပျက်ရောဟယ်ဆိုပြီး ဆွဲလားရုန်းလား လုပ်ကြရုံလောက်နဲ့လည်း နာမည်က သူတို့ ပျက်စေချင်သလို ပျက်သွားတာ မှုတ်ပါဘူး။ ဟိုတုန်းကလည်း ဒီရွှေရီ၊ အခုလည်း ဒီရွှေရီပဲ၊ ဘာထူးသေးတုံး'

'ထူးတာပေါ့၊ ထူးတယ်၊ အများကြီး ထူးတယ်။ ထူးလို့ပဲ ကိုသိုက်ထွန်းတောင် ဟိုအရင်ခေါက်တွေတုန်းက ဒီအိမ်ကို မဝင်ဘူး။ အခုဝင်တာ၊ အခု ဝင်တာတောင်လည်း အစ်မနဲ့ ပက်ပင်းပါ တွေ့ပြီး အစ်မက မှာလို့ ဝင်လာတာ၊ နို့မှုတ်ရင် ဝင်မှာ မှုတ်သေးဘူး။ အဲဒါ ထူးတာပေါ့'

'ဩော်... ဒါကြောင့်လား၊ ရွှေရီက ငါ ဒီအိမ် မလာလို့ စိတ်ဆိုးနေသလား။ ဒီအကြောင်း ရွှေရီကမှ မသိသေးဘဲကိုး။ ငါကဖြင့် ရွှေရီနဲ့ တွေ့ချင်လိုက်တာ၊ ရွှေရီတို့အိမ် လာချင်လိုက်တာမှ တစ်ပိုင်းကို သေလို့။ ငါ မလာတာက တခြားကြောင့်မှုတ်ဘူး ရွှေရီ၊ ဦးဇင်းကရယ်၊ ငါတို့အထဲက လူကြီးတွေဖြစ်တဲ့ ကိုကြွက်သိုးကြီးတို့၊ ကိုသာညွှတ်ကရယ်၊ ကိုသာညွှတ်ဆိုရင် အခု ပါပါတယ်၊ မယုံရင် ရွှေရီ မေးကြည့်ပါ။ အဲ.... သူတို့က အမှုအခင်း မပြီးသေးခင် မသွားနဲ့ဦးလို့ တားထားတဲ့အတွက် နေရတာ။ ဒီအတွက်တော့ ငါ့ကို ဘယ်လိုမှ အထင်မလွဲပါနဲ့ ရွှေရီ'

ရွှေရီမသည် စထိုင်ကတည်းက သိုက်ထွန်း ရှိရာဘက်သို့ မျက်နှာမလှည့်ဘဲ တစ်ဖက်သို့ လှည့်ထိုင်သည်။ ထိုင်ပြီးနောက် ဘာစကားမျှ မပြောဘဲဖြင့် တရှုပ်ရှုပ် ငိုနေခဲ့သည်။ သိုက်ထွန်းက အမျိုးမျိုး ချော့သည်။

အနည်းနည်းဖြင့် ဖျောင်းဖျသည်။ သို့သော် မရ။ ငိုမြဲ ငိုသည်။ သိုက်ထွန်းက ချော့မရသည့်အဆုံး အထက်ပါစကားကို ပြောလိုက်သောအခါတွင်မှ ရွှေရီမ သည် မိမိအပေါ်တွင် စိတ်ဆိုးနေကြောင်း၊ ထိုအချိန် ထိုကာလက မိမိ မလာသဖြင့် မိမိကို စိတ်မျက်လျက် ဝမ်းနည်းပက်လက် ဖြစ်နေကြောင်း ၎င်း၏စကားအရ သိရတော့သည်။ "အနာသိတော့လည်း ဆေးရှိ" လာရ သည်။ မိမိသည် ဘာကြောင့် သူ့ထံသို့ မလာရသည့်အကြောင်း ရှင်းပြရ သည်။ သို့ ရှင်းပြရင်းဖြင့် သိုက်ထွန်းက ရွှေရီမ၏ လက်မောင်းသား တစ်တစ် ရစ်ရစ်ကလေးကို အသာအယာ ဆုပ်ကိုင်ထားလေရာ ရွှေရီမက ဘယ်သို့မျှ မပြု၊ ရုန်းကန်ခြင်းလည်း မပြု၊ တွန်းဖယ်ခြင်းလည်း မပြု။ မျက်နှာသည်ပင် သိုက်ထွန်းဘက်သို့ လှည့်လာသေးသည်။

စောစောပိုင်းကမူ သည်သို့ မဟုတ်ပါလေ။ ရွှေရီမက သိုက်ထွန်းကို အနားကပ်လည်း မခံ၊ အကိုင်အတွယ်လည်း မခံပါ။ သိုက်ထွန်းက ရွှေရီမ နှင့် နီးစေရန် ရွှေရီမ အပါးသို့တိုးသည်။ ရွှေရီမက တစ်နေရာမှ တစ်နေရာ သို့ ရွှေ့သွားသည်။ လူချင်း တွေ့စက သိုက်ထွန်းသည် ရွှေရီမ အပါးသို့ ကပ်ပြီး ရွှေရီမ၏ လက်ကောက်ဝတ်ကလေးကို အသာအယာ ဆုပ်ကိုင်သည်။ ရွှေရီမက ဖယ်ချပြီး တစ်နေရာ တိုးသွားသည်။ ယခုမူ "အနာနှင့်ဆေး၊ သင့်အောင်ပေး" တော့ ဒဏ်ရာဒဏ်ချက် ပျောက်ကင်းသွားသည့် လက္ခဏာ။

ရွှေလသာသာ ညချမ်းချိန်ခါ၌ ဖြစ်ပါသည်။ ရွှေရီမတို့ အိမ်နှင့် ရွှေရီမ၏အစ်မ ရွှေကြည်တို့ နေထိုင်ကြသော အိမ်ကလေးအကြား ပဲစင် အောက်၌ ဖြစ်ပါသည်။

ဘုန်းကြီးဘ ဦးမိုးကောင်းနှင့် ဒေါ်သာလိတို့မှာ ရွှေကြည်၊ ရွှေရီ (များသော လူငယ် လူလတ်စု မိန်းမ ယောကျ်ား မဟူတို့က ရွှေကြည်မ၊ ရွှေရီမဟု ခေါ်တတ်ကြသည်) ဟူ၍ သမီးနှစ်ယောက်ရှိရာ၊ တစ်ယောက်သော သူ ရွှေကြည်က အိမ်ထောင်သည်၊ ရွှေရီမက ဆယ့်ရှစ်နှစ်ခန့်အရွယ် အပျိုတို့ ဖြစ်ကြသည်။

ရွှေကြည်မှာ အိမ်ထောင်ကျသည် ဆိုကတည်းက အိမ်ဝင်းအတွင်း မှာ အိမ်ခွဲနေသည်။ ခွဲသည်ဆိုပေသည့် အခြားသို့ ထွက်မသွား။ ၎င်းတို့ အိမ်ဝင်းအတွင်းမှာပင် အိမ်ငယ်တစ်လုံး ဆောက်နေသည်။ ထိုအိမ်ဝင်း

အတွင်း အိမ်နှစ်လုံးရှိသည့်အနက် ဘုန်းကြီးဘ ဦးမိုးကောင်းတို့ နေသော အိမ်က ခြေတံရှည်အိမ်မြင့် အိမ်ကြီး၊ ရွှေကြည်တို့လင်မယား နေထိုင်ကြသော အိမ်က အိမ်ငယ်၊ အိမ်ကုပ်ကလေး။ ယာလုပ်ငန်းကိုမူ အတူတူပင် လုပ်ကြသည်။

၎င်းနှစ်အိမ်ကြားတွင် ပဲစင် (ပဲပုစွန်ပင်) ရှိသည်။ မောင်းစင် ရှိသည်။ ထိုမောင်းစင်နှင့် ပဲစင်၏နောက်ဘက်တွင် နွားမခြံရှိသည်။ နေရာမှာ ဤကဲ့သို့ အဆောက်အဦများ ဗိုင်းဗိုင်းလည်နေ၍ တစ်ကြောင်း၊ လသာရက်ည ဖြစ်သော်လည်း ပဲစင်အောက်တွင် လရောင်ဟူ၍ ပန်းခရေပင်အောက်တွင် ခရေပွင့်ကလေးများ ကျိုးတိုးကျဲတဲ ဟိုတစ်ပွင့် သည်တစ်ပွင့် ကြွေကျသလိုသာ အပွင့်အပြောက်ကလေးများ ရောက်ရှိနေ၍၊ ချစ်သူနှစ်ဦးတို့ ထိုင်နေကြသည်အား အပြင်တစ်ရံဆံလူတို့ တွေ့မြင်နိုင်ရန် လွန်စွာ ခဲယဉ်းလှပါသည်။

၎င်းပြင်လည်း အိမ်တွင် ဦးမိုးကောင်း မရှိပါ။ ရွာသူကြီးက တစ်အိမ်တစ်ယောက် မောင်းထုခေါ်၍ သူကြီးအိမ်သို့ သွားနေပါသည်။ ဒေါ်သာလိသည် လရောင်လင်းသော အိမ်ကြမ်းပြင်၌ ဗိုင်းငင်နေသည်။

ရွှေကြည်တို့ အိမ်ကလေးတွင်မူကား သိုက်ထွန်း၏အဖော် သာညြနှင့် ရွှေကြည်တို့ စကားပြောနေကြသည်။ ပေါ်အေး အမည်ရှိသော ရွှေကြည်၏ ယောက်ျားသည်ကား အိမ်မကြီး၏ ခေါင်းရင်းဘက်တွင် နွားစာ ပြောင်းရိုး စဉ်းနေသည်။

အကယ်၍ သိုက်ထွန်းနှင့် ခယ်မဖြစ်သူ ရွှေရီမတို့ ချစ်သူအချင်းချင်း စကားပြောနေကြသည်ကို ပေါ်အေး သိလျှင်လည်း ဘာမျှ ပြဿနာတက်စရာအကြောင်း မရှိပါ။ ပေါ်အေးမှာ ပေါ်အေးဆိုသည်အလိုက် အလွန်အေး၊ အလွန်ရိုးသူ ဖြစ်ရုံမျှမက ရွှေကြည်ပြီးလျှင် ပြီးရသူ တစ်ယောက်ဖြစ်၍ပင်။ ရွှေကြည်အနေဖြင့်ကား ပြောဖွယ်ရာမရှိ။ သိုက်ထွန်းနှင့် ရွှေရီမတို့ ဤအခြေသို့ ရောက်ရှိလာကြခြင်းမှာ ၎င်းက လောၢ၍ ဖြစ်ပါသည်။

သိုက်ထွန်းအနေဖြင့် ရွှေရီမအပေါ် နဂိုကတည်းက မချစ်မကြင်၍ မဟုတ်၊ ချစ်ကြင်မှု ရှိခဲ့ပါသည်။ သို့သော် သူ့နဂိုအလျောက်တော့ ရွှေရီမကို မစရဲပါ။ သိုက်ထွန်းသည် အလွန်ရိုး၍ အလွန်လည်း ရှက်တတ်သူ

ဖြစ်ပါသည်။ သို့အတွက် မူလက ချစ်နေလျက် ရွှေရီမကို မစရဲခဲ့။ ရွှေရီမကလည်း ထိုနည်းလည်းကောင်း ဖြစ်သည်။ သူတို့အချင်းချင်း ယခုမှ တစ်ဦးကိုတစ်ဦး ရဲရဲတင်းတင်း ချစ်တင်းစကား ပြောရဲလာကြသည်။ ဤလိုလည်း ချစ်ကြရော မလိုမုန်းထားရှိသူ ငထွားက ကြားဝင် နှောင့်လိုက်ခြင်း ဖြစ်သည်။ ငထွားနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကြပြီးနောက် သူတို့အချင်းချင်း ဤတစ်ခါသာ တွေ့ရဖူးသေးသည်။ စောစောက သိုက်ထွန်း ရှင်းပြသည့် အတိုင်းပင် အမှုအခင်း ဖြစ်နေကြသည့် တစ်လခန့်အတွင်း သိုက်ထွန်းက မိမိချစ်သူ ရွှေရီမအား အဘယ်ကြောင့် လာရောက်တွေ့ဆုံခြင်း မပြုသည်ကို ရွှေရီမ နားလည်သွားပါပြီ။

ထိုထက် ၎င်းတို့အချင်းချင်း ဘယ်ပုံဘယ်နည်း ဆက်သွယ်မိကြသည်ကို အနည်းငယ် ရှင်းပြလိုပါသည်။ သိုက်ထွန်းသည် ဦးမိုးကောင်း၊ ဒေါ်သာလိတို့ ရဟန်းခံခဲ့သော ဦးဓမ္မပါလ၏ ညီတစ်ဝမ်းကွဲ ဖြစ်သလို၊ ဒေါ်သာလိသည်လည်း ဝွေးချို့ရွာ ဇာတိဖြစ်လျက် သိုက်ထွန်း၏အမေ ဒေါ်ငြိမ်းလှနှင့် တစ်ဦးကိုတစ်ဦး လွန်စွာ ချစ်ခင်သော ငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။

သို့ဖြစ်ရာ ဦးဓမ္မပါလ မန္တလေးသို့ ပညာသင် မသွားရသေးမီ ရဟန်းဖြစ်စ၊ သိုက်ထွန်းကျောင်းသားအရွယ်တွင် ဦးဓမ္မပါလက ၎င်းအား ဝါးကြီးအိုင် ကျောင်းသို့ ခေါ်ယူ၍ ပညာသင်စေခဲ့ပါသည်။ ထိုစဉ်က သိုက်ထွန်းမှာ နံနက်စာသာ ဘုန်းကြီးကျောင်း၌ စားပြီး ညစာ ထမင်းကို ၎င်း၏အစ်ကို ဦးပဍ္ဍင်း၏ ရဟန်းဒကာမလည်းဖြစ်၊ ၎င်း၏အမေ ဒေါ်ငြိမ်းလှ၏ သူငယ်ချင်းလည်း ဖြစ်သော ဒေါ်သာလိတို့ အိမ်တွင် စားပါသည်။

ဒေါ်သာလိတို့တွင်လည်း သားယောက်ျားဟူ၍ မထွန်းကားဘဲ သမီးမိန်းကလေးများချည်း ရှိနေရာ၊ ထိုစဉ်က သိုက်ထွန်းအား သားယောက်ျားလေး တစ်ဦးအလား အထူးချစ်ခင်ကြပါသည်။ သိုက်ထွန်းကလည်း ၎င်းတို့အား မိဘကလွဲလျှင် မိဘပမာ အထူးလေးစား၍ ၎င်းထက်ကြီးသော ရွှေကြည်အား အစ်မ တစ်ယောက်ကဲ့သို့ လည်းကောင်း၊ ၎င်းထက်ငယ်သော ရွှေရီမအား နှမကလေး အရင်းအချာကဲ့သို့ လည်းကောင်း ချစ်မြတ်နိုးခြင်း ရှိခဲ့ပါသည်။ ထို ညီအစ်မကလည်း သူ့အား ထိုနည်းလည်းကောင်း ချစ်ကြ

သည်။ သူသည် ဒေါ်သာလိတို့၏ အိမ်သားတစ်ဦးကဲ့သို့ လုပ်စရာရှိလျှင် သူ တတ်အားသမျှ လုပ်ကိုင်ပေးသည်။ စားစရာရှိလျှင်လည်း စားသည်။ သူသည် ထိုစဉ်က ဦးပဥ္စင်း မန္တလေးသို့ စာသင်ကြွသွားသည့်တိုင် ကိုရင် လူထွက်ပြီးမှ ဋွေးချိုရွာသို့ ပြန်သွားသည်။

သိုက်ထွန်း ကိုရင်ဝါဖြင့် နှစ်ဝါ (နှစ်နှစ်ခန့်) နေထိုင်ခဲ့ရာ ထိုရက်များအတွင်း ဒေါ်သာလိတို့ကပင် ဆွမ်းချက်ပို့သည်။ ဋွေးချိုရှိ သိုက်ထွန်း၏ မိဘများက ဆန်၊ ဆီ ထောက်သော်လည်း မယူကြပါ။ သူတို့ ကုသိုလ် ယူချင်၍ဟု ဆိုကြသည်။

သို့ဖြင့် သိုက်ထွန်း ကိုရင် လူထွက်၍ ဋွေးချိုရွာသို့ ပြန်မည်ပြုသောအခါ ရွှေကြည်ကရော ရွှေရီမကပါ ဋွေးချိုကို မပြန်ပါနှင့်၊ သူတို့အိမ်မှာ နေပါဟု တားကြသေးသည်။ သိုက်ထွန်း ဋွေးချိုရွာသို့ မပြန်၍ မဖြစ်ပါ။ အကြောင်းမှာ သိုက်ထွန်း ကိုရင် လူထွက်သည်ကပင် သိုက်ထွန်းတို့အိမ်တွင် ယာတန်းလန်း၊ လယ်တန်းလန်း၊ စိုက်ခင်းများ တန်းလန်းဖြစ်ပြီး လုပ်ကိုင်မည့်သူ မရှိသောကြောင့် ဖြစ်ပါသည်။

သိုက်ထွန်း၏အဖေ နွားစာ မြက်ရိတ်ရင်းဖြင့် ပိုးထိခံရသည်။ ပိုးထိပြီး နေ့မှုမကူးဘဲ ဆုံးသွားသည်။ ထိုအခါ အမေတစ်ယောက်တည်း ဘယ်နည်းနှင့်မျှ မနိုင်နိုင်အောင် ဖြစ်နေသည်။ အခြား ကူဖော်လောင်ဖက် ဆို၍လည်း သိုက်ထွန်းအောက် "ဖွားစိန်" အမည်ရှိ သိုက်ထွန်း၏ နှမငယ်မှာ ထိုအခါက ဆယ့်လေးနှစ်အရွယ် လူမမည်မျှ ရှိသေးသည်။ လူမည်သည်တိုင်အောင်လည်း အမျိုးသမီးမျှဖြစ်၍ အလွန်တရာ ကြမ်းခက် ထရော်လှသော ယောကျ်ားသားတို့၏ လုပ်ငန်းများဖြစ်သည့် ထွန်စီးသော အလုပ်၊ လှည်းတိုက်သော အလုပ်၊ စည်းရိုးကာသော အလုပ် စသည့် တောင်သူယာလုပ် ဓားမခုတ်ကို လုပ်နိုင်မည်မဟုတ်။ သိုက်ထွန်း၏ အမေသည်ပင် တစ်ကြိမ်တစ်ခါမျှ ထွန်မစီးဖူး၊ လှည်းမတိုက်ဖူး၊ ယာမခုတ်ဖူးခဲ့ပါ။ အမျိုးသမီးများ အလုပ်ဖြစ်သည့် ကောက်စိုက်၊ ကောက်ရိတ်နှင့် နှမ်းနုတ်၊ နှမ်းခါ၊ ပေါင်းထိုး၊ ပဲသင်လောက်သာ လုပ်ဖူးပါသည်။ ဖွားစိန်အောက် "သိုက်ညွန့်" အမည်ရှိ ညီငယ်တစ်ယောက် ရှိသေးသည်။ သူကမူ ကျောင်းနေတုန်း။

သိုက်ထွန်းသည် မူလက ကိုရင်ဝတ်ဖြင့် သုံးဝါဆိုမည်ဟု ခန့်မှန်းထားရာ သုံးဝါ မဆိုဖြစ်။ ဆယ့်ခြောက်နှစ်သားအရွယ် နှစ်ဝါဖြင့် လူဝတ်လဲလိုက်ရသည်။ အလွန်တရာ ကြမ်းတမ်း၊ အလွန်တရာ ပင်ပန်းလှသော ယာလုပ်ငန်းကို ထိုအရွယ်ကတည်းက မနိုင့်တနိုင်ဖြင့် ဦးစီးဦးဆောင်ပြုကာ လုပ်ခဲ့ရသည်။ ၎င်း ကိုရင် လူထွက်စဉ်က ရွှေကြည်နှင့် ရွှေရီမတို့က ဗွေးချိုရွာ မပြန်ဖို့ တားသည်ဆိုခြင်းမှာ သူတို့လည်း ငယ်ရွယ်သူများ ဖြစ်ကြ၍၊ ရှေ့နောက် တိုင်းထွာခြင်း မပြုနိုင်သေး၍ ဖြစ်ပါသည်။ ယခုလောက် သိတတ်သောအရွယ် ဆိုလျှင် သည်သို့ တားကြလိမ့်မည် မဟုတ်။

သိုက်ထွန်းမှာ ဆယ့်ခြောက်နှစ်သား အရွယ်မှစ၍ ထွန်နှင့် နွားနှင့်၊ လှည်းနှင့် ယာနှင့် အိမ်ထောင်ကြီး တစ်အိမ်ထောင်ကို ရိုးသားစွာဖြင့် ဦးစီး၍ လုပ်ခဲ့သည်မှာ ယခု အသက်နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။ သည်ကြားထဲ ထမင်းတော့ မငတ်ဘဲ စားကြရပါသည်။ သို့သော် အသက်ကလည်း ငယ်၊ လုပ်ကျင့်လည်း မရှိ၊ မိုးကလည်း တစ်နှစ် မဟုတ်၊ နှစ်နှစ်လည်း မဟုတ်၊ သုံးနှစ် သုံးမိုး ဆက်၍ ဆက်၍ ခေါင်ခဲ့ဆိုသောအခါ ယနေ့ မျက်မှောက် အခြေအနေတွင် လုပ်အား ကျွမ်းကျင်၍ လူအားကောင်း၊ နွားအားကောင်း၊ မြေကောင်း ရေကောင်းများတွင် လုပ်ကိုင်နေကြသော တောင်သူကြီးများ ပင်လျှင် ကြွေးတင် ကျွန်ဖြစ်လုနီး ငတ်တော့ ပြတ်တော့မည် ဆိုသောအခါ၌ သက်ဆိုင်ရာ အစိုးရတို့ကလည်း သီးနှံပျက်များကို သီးနှံပျက်စာရင်း မသွင်းဘဲ မြေခွန်ယာခွန် မရမနေ တောင်းခံနေသောအခါ၊ သိုက်ထွန်းတို့တွင် မြေကောင်း ရေကောင်း အချို့လည်း သူတစ်ပါး လက်တွင်းသို့ ရောက်သလောက် ရောက်ကုန်ပြီး၊ နွားများလည်း ဖခင် ထားရစ်ခဲ့သည့်အတိုင်း မဟုတ်တော့။ နွားမ အချို့နှင့် နွားကြီးနွားကောင်း မှန်သမျှ ပြုတ်ကုန်ပြီ။ ယခင် ဗွေးချိုရွာမှ လူချမ်းသာကြီး ဦးလူမင်းနှင့် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရစဉ်က သိုက်ထွန်း နှလုံးတုန် ရင်ခုန် ဖြစ်မိသလို ကျွေးဆပ်စရာလည်း တန်းလန်းရှိသေးသည်။ သို့အတွက် ဤနှစ် ယာလုပ်ငန်း အားလပ်နေသည့် နွေရာသီတွင် အလုပ်တကာတို့တွင် အပင်ပန်းဆုံးဖြစ်သည့် ကွမ်းထမ်း လုပ်ငန်းကို အဖော်များနှင့်အတူ လိုက်၍ ထမ်းခဲ့ခြင်း ဖြစ်ပါသည်။

ယခုဆိုလျှင် တန်ခူးကုန် ကဆုန်ဆန်း၍ အချို့အရပ်ဒေသတို့၌

ကဆုန် ညောင်ရေသွန်းပွဲတော်များပင် ကျင်းပ ပြီးစီးခဲ့ပြီဖြစ်သည်။ သိုက်ထွန်း တို့သာပင် ကဆုန် ညောင်ရေသွန်းချိန်မှန်းလည်း မသိ၊ လှူရတာန်းရ ပျော်ရပါးရမှန်းလည်း မသိ။ ကူသယ် ခေါက်သယ် ကွမ်းထမ်း ရောင်းချ ခဲ့ရသည်မှာ ယခု အနောက်ဘက် မြစ်နားဆီတွင် ရောင်းချပြီး ပြန်လာခဲ့သည့် အခေါက်အထိ တစ်နွေလုံး ဆယ်ခေါက်တိတိ ရှိခဲ့ပါပြီ။ နောက် ထမ်းနိုင် လျှင် တစ်ခေါက်စ နှစ်ခေါက်စသာ ထမ်းနိုင်တော့မည်။ ယာလုပ်ငန်း စ ရတော့မည်။ "အလှည့်မသင့်တော့ နွားမ တောင် ရုန်းရ" ဆိုသလို နွေဦး ဆောင်းနှောင်းကာလက ကြွေးတိုး ဆပ်လိုက်ရသော နွားကျားကြီးအစား ချိုကွေးမကြီးနှင့် စာပေါက်အမည်ရှိ နွားသိုးကလေးတို့ဖက်၍ နွားချေး ချရဦးမည်။ အချို့ ဤအချိန်မှာပင် နွားချေး ချနေကြပြီ။ ဤအထဲ စိတ် မကောင်းစရာ၊ ခံပြင်းစရာအဖြစ်က ပေါ်လာသေးသည်။ မိမိက နှမကလေး လို တစ်ဖုံ၊ ရည်းစားလို တစ်မျိုး၊ ကျေးဇူးရှင်မကလေးလို တစ်နည်း အသည်း စွဲအောင် ချစ်ခဲ့ခင်ခဲ့ ကြင်နာခဲ့ရသော ရွှေရီမအား သူကြီးသား လူရမ်းကား ငထွားက ဖခင်အားကိုး၊ လူမိုက်အားကိုးနှင့် စော်ကားခဲ့သောအဖြစ်။

သိုက်ထွန်းသည် ၎င်းဖြစ်ရပ်များကို ကြားခါစက "ဖြစ်ရလေခြင်း" ဆိုပြီး ထမင်းပင် မစားနိုင်ပါ။ သို့သော် ရန်ကိုရန်ချင်း တုံ့ပြန်လိုစိတ်ကား မရှိ။ သူ့အနေဖြင့် သတ္တိ ဗျတ္တိ နံ့ညှံ့သူမဟုတ်ပေသည့် လူမိုက်လမ်းစဉ်ကို မလိုက်လိုပါ။ မိမိချစ်သူ ရွှေရီမအတွက် ကရုဏာ သက်နေခြင်းမျှ ဖြစ်ပါသည်။

ထိုအချိန်ကတည်းက ချစ်သူကို အလွန် တွေ့ချင်နေသည်။ ချစ်သူ လွန်စွာ စိတ်ထိခိုက်နေမည်၊ ဝမ်းနည်း ခံပြင်းနေမည်ကို သိသည်။ သို့သော် အစ်ကိုဖြစ်သူ ဦးပဉ္ဇင်းက လည်းကောင်း၊ ဦးပဉ္ဇင်းကဲ့သို့ပင် ကျောင်းသား အရွယ်က အစ်ကိုလို တစ်မျိုး၊ ဆရာသမားလို တစ်ဖုံ၊ အတူတကွ နေထိုင်ခဲ့ ရဖူးသူ ကိုသော်ကက လည်းကောင်း၊ ရွှေရီမ၏မိခင် ဒေါ်သာလိက လည်း ကောင်း အမှုကိစ္စ မပြီးပြတ်ခင် ရွှေရီမနှင့် မတွေ့ပါနဲ့ဦး ဆို၍ ရွှေရီမထံ လာချင်လျက် မလာဘဲ အောင့်အည်းနေခဲ့ရသည်။

ရွှေရီမနှင့် သိုက်ထွန်းတို့ ဆက်သွယ်မိခဲ့သည်မှာ လအတန်ကြာ ခဲ့ပြီ။ ဦးပဉ္ဇင်းနှင့် ဒေါ်သာလိတို့နား ရောက်သည်မှာ မကြာသေး။ ၎င်းတို့

အနက် ဒေါ်သာလိအနေဖြင့် ဘာမျှမပြောသော်လည်း ဦးပဋ္ဌင်းကမူ သိုက်ထွန်းကို အပြစ်တင်သည်။ ၎င်းကို အများက အပြစ်ပြောလိုက ပြောနိုင်သည်ဟု ဆိုသည်။ နောက်ပိုင်းတွင် ဘာမျှမပြောတော့။ "မလှုပ်စိတ်တူ" ဆိုသောစကားအတိုင်း တစ်ဖက်ကလည်း ရဟန်းဒကာ ဒကာမ၏သမီး၊ ကိုယ့်နှမနှင့် ဘာမျှ မခြား။ ကျန်တစ်ဖက်ကလည်း ညီတော်နေသည်။ အချင်းချင်းအလယ်လယ်တွေ ဖြစ်မိတူတူ၊ ဘာမျှ စိတ်မချစရာ မရှိဟု ယူဆပုံရသည်။

'ရွှေရီ အခု ဟင်းရွက်ခူးတွေ ဘာတွေ ထွက်သေးလား'

'အဖေက ဟင်းရွက်ခူးတာနဲ့ ပတ်သက်လို့ တောထဲ လည်ပြီး ဟင်းရွက်ခူးဖို့ မပြောနဲ့၊ ဟောဒီ အိမ်ဝင်းထဲမှာရှိတဲ့ မန်ကျည်းပင်တို့၊ သနပ်ပင်တို့က အရွက်တောင် တက်မခူးရဘူးတဲ့။ မရှိ ရှိတာနဲ့ ချက်တဲ့။ ခူးပေးတဲ့လူလည်း မရှိဘူး၊ ချက်စရာလည်း မရှိဘူးဆိုရင် မစားဘဲ နေကြတဲ့'

'ဦးကြီးက ရွှေရီ ဒီလိုဖြစ်ရတာ တော်တော့်ကို စိတ်မကောင်းဘူးနဲ့တူပါတယ်။ ဒါကြောင့် စိတ်ဆိုးဆိုးနဲ့ ပြောတာဖြစ်မှာ။ နို့ ရေခပ်တွေဘာတွေကော'

'ရေခပ်တော့ ထွက်တာပေါ့။ ရေခပ်မှ မထွက်ရဲဘူး ဆိုရင်လည်း သူတို့ကို ကြောက်လို့ ဖြစ်နေမယ်။ အားချင်းမတူလို့ မနိုင်ရင်သာ ရှိရမယ်၊ လူ လူချင်းတော့ ဘယ်သူ့မှ မကြောက်ဘူး'

ရွှေရီမ၏အသံမှာ ဟိုတုန်းကလို ငိုသံပါဖြင့် မဟုတ်တော့၊ အတန်ငယ် မာကျောလာသည်။ ချစ်သူနှင့် တွေ့ဆုံရသဖြင့် စိတ်လည်း ကောင်းသွားပုံ ရသည်။ ထိုသို့ ခပ်ဆတ်ဆတ် ခပ်မာမာ ပြောလိုက်သဖြင့် သိုက်ထွန်းက "အာဂ ရွှေရီပါကလား" ဟု စိတ်ထဲမှ ကျိတ်၍ အောက်မေ့မိသေးသည်။

သူတို့ ထိုင်သောနေရာမှာ နှစ်တောင်ခန့် အရှည်ရှိသော အင်ကြင်းကျောက်တုံးကြီး တစ်ခု၏ ဟိုဘက်စွန်း သည်ဘက်စွန်း ဖြစ်ပါသည်။ တစ်ယောက်၏ ကိုယ်နှင့် တစ်ယောက်၏ ကိုယ်တို့မှာ ထိပွတ်မနေကြ။ ကြားတွင် အတန်ငယ် ကွာဟ နေသည်။ သို့အတွက် ရွှေရီမ ပြောသော စကားအဆုံးတွင် သိုက်ထွန်းက လူကိုယ်ချင်း ကပ်သွားအောင် တိုးလိုက်သည်။ သို့ တိုးကပ်လိုက်သောအခါ ရွှေရီမ၏မျက်နှာ တစ်ခုလုံးပေါ်တွင်

ပဲစင်အရိပ်ကြောင့် လရောင် ကျရောက်ခြင်းမရှိသေးသည့် အနီးအပါးရှိ အခြားအရာဝတ္ထုများပေါ်တွင် လရောင် ကျရောက်နေသည်ဖြစ်ရာ၊ ယင်းတို့က ရောင်ပြန်ဟပ်ပြီး ရွှေရီမ၏ မျက်နှာအလှကို ဝိုးတဝါးမျှ ပေါ်လွင် စေပါသည်။ ဤတွင် သိုက်ထွန်းက မျက်နှာချင်း ကပ်တည့်ပြီး–

'ငါကပဲ ရွှေရီ့မျက်နှာ မမြင်ရတာ ကြာလို့လား။ ရွှေရီကပဲ တောထဲတောင်ထဲဆိုလို့ ဘယ်ကိုမှ မထွက်ရဘဲ ငြိမ်းပြီး အသားအရေ စိုပြေလာလို့လား မပြောတတ်ဘူး၊ ဟိုတုန်းကနဲ့စာရင် ရွှေရီ အများကြီး ပိုလှလာတယ်'

'အမယ် တန်စမ်းပါ၊ ဒီက သူ မလာတာ ဖမ်းအပြစ်တင်လိုက်လို့ ပျားရည်နဲ့ ဝမ်းချတာပါ။ တကယ်တော့ စိတ်ထဲက ပါလို့ပြောတာ မှုတ်ပါဘူး'

ရွှေရီမက ခေါင်းခါခါ လည်ခါခါဖြင့် ပြော၍၊ စကားအဆုံးသတ်၍ မေးကလေး ငေါ့တည့်ကာ မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။

'တကယ်ပါ ရွှေရီ၊ ငါ ဘယ်တုန်းကမှ လိမ်မပြောဘူးပါဘူး။ ဒီမှာ ဒီဘက် လှည့်စမ်းပါဦး'

'လှည့်ဘူး၊ နဂိုထဲက သူများ ချစ်သလို မချစ်လို့ မလာ မသွား လုပ်နေတာ'

မလှည့်ဘူးဆိုသော်လည်း မရပါ။ သိုက်ထွန်းက ရွှေရီမ၏ တစ်ကိုယ်လုံးကို သိမ်းဖက်လိုက်ပြီး၊ ရွှေရီမ၏ ၎င်းဘက်သို့ မလှည့်လိုသော မျက်နှာကို ၎င်း၏ရင်ဆီသို့ အရောက် ဆွဲယူလိုက်ပါလေသည်။

'ဟောဟိုမှာ ကိုပေါ်အေးကြီး လာနေတယ်၊ ဖယ်စမ်းပါ'

ရွှေရီက အလန့်တကြား ပြောလိုက်သဖြင့် သိုက်ထွန်းလည်း အဟုတ်ထင်မှတ်ကာ ရွှေရီမ၏ကိုယ်ကို ရစ်ပတ်ဖွဲ့နှောင်ထားသော လက်များ ကပျာကသီ ရုပ်သိမ်းလိုက်ပါသည်။ ရုပ်သိမ်းပြီးလျှင်ပြီးချင်း ရွှေရီမက တစ်နေရာသို့ ရွှေ့ထိုင်လိုက်သည်။

'ဘယ်မတုံး၊ ကိုပေါ်အေးက ဒီလာတာမှ မှုတ်ဖဲ၊ အိမ်ပေါ် တက်သွားတဲ့ ဉစ္စာ'

ရွှေရီမက ခစ်ခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးမှ–

'ရွှေရီကကော ကိုပေါ်အေး ဒီကို လာတယ်ပြောတာမှ မှတ်ဖဲ့၊ လာနေတာ မြင်လို့ မြင်တဲ့အကြောင်း ပြောတာ။ ဒါက အသာထားစမ်းပါဦး၊ ကိုသိုက်ထွန်းက ဒီတစ်နွေ ကွမ်းထမ်းပြီး ကြွေးကျေအောင် ဆပ်မယ်ဆိုတာ မိုးဦးလည်း ကျလုပေါ့၊ အခု ကြွေးကျေပလား'

ထိုစကားကို ကြားလိုက်ရသောအခါ သိုက်ထွန်းသည် စောစောက မြူးထူး ရွှင်ပျနေသလောက် သံပတ်ပေးထားသဖြင့် ခြေလှုပ် ခေါင်းလှုပ် လှုပ်နေသော သံပတ်ရုပ် တစ်ခုသည် သံပတ်ကုန်သည်နှင့် တစ်ပြိုင်နက် ခြေသည် လည်းကောင်း၊ လက်သည် လည်းကောင်း၊ ခေါင်းသည် လည်းကောင်း ရောက်ရာနေရာတွင် ရုတ်ခြည်းရပ်လျက် ဘယ်သို့မျှ ဆက်လက် လှုပ်ရှားခြင်း မပြုနိုင်တော့သလို တစ်ချက်တည်း မလှုပ်မယှက်ဖြင့် ငိုင်ကျသွားသည်။ ရွှေရီမ၏ အမေးကိုပင် ပြန်လည် ဖြေကြားရန် မေ့လျော့သကဲ့သို့ ရှိနေပါသည်။

'ဟင်.... ကိုသိုက်ထွန်း ဘာငိုင်နေတာတုံး၊ ရွှေရီ ပြောတာ ကြားကော ကြားရဲ့လား၊ အခု ကိုသိုက်ထွန်း ကွမ်းထမ်းတာ ငွေဘယ်လောက် စုမိပြီတုံး။ ဦးလူမင်းဆီက ယူထားတဲ့ကြွေး ကျေအောင် ဆပ်နိုင်ပါ့မလား'

ယင်းသည် သိုက်ထွန်းအဖို့ ပြဿနာပင် ဖြစ်ပါသည်။ သို့ဖြစ်၍ပင် ထိုစကားကို ကြားလိုက်ရသောအခါ သိုက်ထွန်းသည် အဆစ်အခွပ်ခံရသော ကြက်ကြီးလို တစ်ချက်တည်း မလှုပ်နိုင်၊ မယှက်နိုင် ငိုင်ကျသွားခြင်း ဖြစ်ပါသည်။

ဆောင်းသီးဆောင်းနှံများ ရိတ်သိမ်းချိန်အခါက ဖြစ်သည်။ သိုက်ထွန်းသည် အလုပ်အားလပ်သော ကြားရက် တစ်ရက်တွင် ငွေးချိုရွာမှနေ၍ ချစ်သူရှိရာ ဝါးကြီးအိုင်သို့ အပြေးရောက်ရှိလာခဲ့ပါသည်။ ထိုအခါ ချစ်သူ ရွှေရီမက သည်နွေ သို့မဟုတ် လာမည့်နှစ် ဝါမဆိုမီ တစ်ချိန်ချိန်တွင် လက်ထပ် မင်္ဂလာပြုရန် အရေးဆိုခဲ့ပါသည်။ သို့ အရေးဆိုစဉ် အခါက သိုက်ထွန်းက–

'ငါ ကြိုးစားပါ့မယ်ဟာ ရွှေရီရာ၊ ငါလည်း နင့်လိုပဲ ကိုယ်ချစ်တဲ့သူနဲ့ အတူတူနေချင်တာပေါ့။ ဒါကြောင့်လည်း ငါ ဒီတစ်နွေလုံးလုံး ဆင်းရဲဒုက္ခခံပြီး အလုပ်လုပ်တာပေါ့။ တခြား မကြည့်ပါနဲ့၊ ငါ့အသက် ငါ့အရွယ်နဲ့

ဘယ်တုန်းကမှ မလုပ်ဖူးခဲ့တဲ့၊ အဆမတန် လေးပင်တဲ့ ကွမ်းပုတ်ကြီးတွေကို လူကြီးတွေနဲ့ လိုက်ပြီး ထမ်းနေတာ ကြည့်ပါတော့'

ဤသို့ပြောတော့လည်း ရွှေရီမက သိုက်ထွန်းအတွက် စိတ်ကောင်းဟန် မတူပါ။ သိုက်ထွန်း ပြောစကားများကို ကရုဏာသက်သော မျက်နှာဖြင့် ငေးမော နားထောင်နေသည်အား အနီးကပ် ကြည့်လျှင် သိသိသာသာ တွေ့မြင်နိုင်သည်။ ထိုထက် ပို၍ ထင်ရှားသောအရာမှာ ရွှေရီမ၏ရင်ပင်ဖြစ်ပါသည်။ ရွှေရီမ၏ ရင်မို့မို့ကလေးပေါ်တွင် လရောင်သည် ပဲစင်အကြားမှ ဆီးရွက်ခန့် အပြောက်အပြောက်များ ထိုးကျနေပါသည်။ ယင်းအပြောက်အပြောက်များ အထက်အောက် နိမ့်တုံမြင့်တုံ လှုပ်ရှားနေသည်ကို ထောက်သဖြင့် ရွှေရီမ၏ ရင်တွင်း၌ ပြင်းပြသော ဝေဒနာ သို့မဟုတ် ခံစားချက် တစ်စုံတစ်ခု ရှိနေပြီကို အတပ်သိရပါသည်။

'အဲလောက် အပင်ပန်း အဆင်းရဲခံပြီး လုပ်တာတောင်လည်း ကြွေးဆပ်ဖို့ မပြောနဲ့၊ လုပ်ရင်းမတ်တတ် စားဖို့ အနိုင်နိုင်ရယ်၊ ဒီအထဲမှာ ကွမ်းရင်းတဲ့ အကြွေးလည်း ပြန်ဆပ်ရသေးတယ် မှတ်လား ရွှေရီ'

'နို့ ကွမ်းရင်းဖို့လည်း အဲဒီ ဦးလူမင်းကြီးဆီက ယူရတာပဲလား'

'အင်းပေါ့ဟ၊ ကြွေးချေးလို့ကလည်း သူတစ်ယောက်ပဲ လွယ်လွယ်ကူကူ ရတာ၊ သူက ကြွေးတောင်းပက်စက်တာ တစ်ခုက လွဲရင် သွားပြောတဲ့အခါ ဘယ်တော့မှ လက်မလွှတ်ဘူး၊ ပေးလိုက်တာချည်းပဲ'

'ဒါဖြင့် ကိုသိုက်ထွန်းတို့အပေါ် ဦးလူမင်း ကြွေးက မနည်းတော့ဘူး ပေါ့နော်'

ရွှေရီမက သူတို့ကိစ္စ အောင်မြင်ရေးထက် သိုက်ထွန်းတို့၏ နောင်ရေးကို တွေး၍ ပူမိဟန်တူသည်။

'ဘယ်နဲ့လိမ့်မတုံး၊ မနှစ်ကလည်း မိုးကြီးက ခေါင်လို့ အတိုးရော အရင်းရော တစ်ပြားမှ မဆပ်နိုင်ခဲ့ဘူး။ ပြီးခဲ့တဲ့ နွေဦးပေါက်ကလည်း ကွမ်းရင်းဖို့အပြင် အစိုးရက မြေခွန်နဲ့ သဿမေဓခွန် မပေးနိုင်တာလေးနဲ့ ရှိတဲ့ လှည်းနဲ့နွားကို အတင်းသိမ်းမယ်လုပ်လို့ အဲဒီဦးကြီး ဦးလူမင်းဆီကပဲ ငွေငါးဆယ် ထပ်ချေးရသေးတယ်။ အခု ကွမ်းထမ်းလို့ ရတာထဲက ကွမ်းရင်းတဲ့အကြွေးပဲ ဆပ်နိုင်တယ်။ အဲဒီ ငါးဆယ် မဆပ်နိုင်သေးဘူး'

ရွှေရီမသည် ချစ်သူနှင့် တွေ့တုန်းတွေ့ခိုက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်မည်အထင်ဖြင့် စကားစလိုက်ပါသည်။ ထင်ကြေးမကိုက်ရုံမျှမဟုတ်၊ ပို၍ စိတ်ရှုပ်စရာ၊ စိတ်နောက်ကျိစရာ စကားများကို ကြားနေရသဖြင့် သက်ပြင်းချရုံမှတစ်ပါး အခြားဘာစကားမျှ ထပ်၍ မဆိုနိုင်တော့ပါ။

'ဟော့... သိုက်ထွန်း၊ မင်းတို့ စကားပြောတာကလည်း ခုထက်ထိမပြီးကြသေးဘူးလား၊ အချိန်မရှိတော့ဘူးကွ၊ တော်ကြာ ဦးဖင်းက ကြာရကောင်းလားလို့ မြည်နေဦးမယ်၊ ပြန်ကြရအောင်'

သာညြက လာရောက် သတိပေးခြင်း ဖြစ်သည်။ သိုက်ထွန်းလည်း ထိုအခါမှပင် ပြန်ဖို့ကိစ္စ သတိရမိသည်။ ဟုတ်သည်၊ ဦးပဥ္စင်းက ရွာထဲသို့ လာခါနီးတုန်းက "ရွာထဲသွားရင် ညဥ့်နက်အောင် မနေကြနဲ့၊ မြန်မြန်ပြန်ခဲ့ကြ" ဟု မှာလိုက်သည်။ ဤသို့ ဦးပဥ္စင်းက သတိပေး မှာကြားခြင်းမှာ သိုက်ထွန်းအတွက် စိတ်မချ၍ ဖြစ်ကောင်း ဖြစ်နိုင်သည်။ သူကြီးသား ငထွားက ရွှေရီမအား သိုက်ထွန်းနှင့် ကြိုက်ရကောင်းလားဆိုကာ အကျိုးယုတ် အရှက်ကွဲ ပြုလုပ်ခဲ့ပြီးပြီ မဟုတ်လော။

ဦးပဥ္စင်း စိတ်မချမည်ဆိုလျှင်လည်း စိတ်မချစရာပါပေ။ အကြောင်းသော်ကား သိုက်ထွန်းသည် သာညြ လာရောက် သတိပေးပြီးနောက် မိမိချစ်သူကိုရော ရွှေကြည်ကိုပါ နှုတ်ဆက်ပြီး သာညြနှင့်အတူ ကျောင်းရှိရာသို့ ပြန်ခဲ့ကြသည်။ သို့ ပြန်လာ၍ ရွာလယ်လမ်းမသို့ ရောက်သောအခါ လမ်းမတစ်နေရာတွင် ငထွားနှင့် အဖော်နှစ်ယောက်တို့က ၎င်းတို့အား စောင့်နေကြသည်ကို တွေ့ရှိရပါသည်။

တွေ့သည်မှ ရိုးရိုးတွေ့ရှိရသည်မဟုတ်၊ သစ်ပင်ရိပ်တစ်ခုမှ လက်နက်ကိုယ်စီ ကိုင်လျက် ချောင်းမြောင်း စောင့်နေကြခြင်း ဖြစ်သည်။ ဤနေရာတွင် သာညြ ပါလာ၍၊ သာညြက လျင်မြန် ဖျတ်လတ်ခြင်းရှိ၍၊ သို့မဟုတ်လျှင် သိုက်ထွန်းသော် လည်းကောင်း၊ နှစ်ယောက်စလုံးသော် လည်းကောင်း ပွဲချင်းပြီး သေသွားနိုင်သည်။ မသေနှင့်ဦး၊ ကိုယ်က ဘာမှ ပြန်မလုပ်ရဘဲ ငုတ်တုတ်ခံရပြီး ပုံလျက် လဲသွားနိုင်သည်။

လမ်းမန်ဘေးတွင် လုံးပတ် လူကိုယ်ခန့်ရှိသော တမာပင် တစ်ပင်ရှိသည်။ ငထွားတို့က ထိုတမာပင် ပင်လုံးနှင့် တစ်ဖက်ခြံပိုင်းတန်းကို အမှီပြု

ပြီး ချောင်းမြောင်း စောင့်ဆိုင်းနေကြသည်။ ၎င်းတမာပင်ရိပ်ကလည်း လမ်းလယ်သို့အရောက် ထိုးထွက်နေသည်။ ထိုအခါ ရှေ့မှသွားသော သိုက်ထွန်းက အမှတ်တမဲ့ဖြင့် ဖြတ်၍ လျှောက်မည်ပြုရာ နောက်မှ လိုက်ပါလာသော သာညြက အဆိုပါနေရာတွင် လူရိပ်သဏ္ဍာန်လို လှုပ်ခနဲ တွေ့မြင်လိုက်ရသဖြင့် ရှေ့မှလူ သိုက်ထွန်းကို ဖမ်းဆွဲ အထားလိုက် လူတစ်ယောက် ပြေးထွက်လာကာ ဓာဝီတုတ် ဖြစ်ဟန်တူသော တုတ်ဖြင့် သိုက်ထွန်းသို့ တအားလွှဲရိုက်လိုက်ပါသည်။ ဤနေရာတွင် သာညြသာ မကာယ်လျှင် သိုက်ထွန်း၏ခေါင်း ဓာဝီထိပ်ဖူးဖြင့် အသေအချာ ထိမည်။ သာညြက ရွှေကြည်တို့အိမ်မှ ထွက်လာခါနီး လိုရမည်ရ ထမ်းပိုးကျည်းတစ်ချောင်း ဆွဲလာခဲ့သည်။ တစ်ဖက်လူက သိုက်ထွန်းကို ရိုက်လိုက်ချိန်၊ သာညြသည် ထိုပါလာသော ထမ်းပိုးကျည်းဖြင့် လှမ်းခံလိုက်ရာ ဓာဝီနှင့် ဦးခေါင်းလွဲပြီး တုတ်သားဖြင့်သာ ထိတော့သည်။ တော်သေးသည်၊ ဓာဝီဆိုလျှင် ခေါင်းကွဲရုံမက ပုံလျက်သားလဲကျမည်။ (သံမှုလီ အဖျားတပ် တုတ်ကို ဓာဝီတုတ် ခေါ်သည်။)

သိုက်ထွန်းလည်း ၎င်းကို အရိုက်မခံရမီ သာညြက ပခုံးလှမ်းဆွဲလိုက်ကတည်းက သတိဝင်လာရာ မိမိဦးခေါင်းဆီသို့ တုတ်ရောက်လာသည်ကို ရုတ်တရက်ဖြစ်၍ ရှောင်တိမ်းခြင်း မပြုနိုင်သော်လည်း မိမိအားရိုက်သူကိုကား အတင်းဝင်လုံးနိုင်သည်။ နောက်ထပ် မရိုက်နိုင်အောင်လည်း တုတ်ကို ဖမ်းဆုပ်ထားနိုင်သည်။

နောက်ထပ်၍ နှစ်ယောက် ပြိုင်တူထွက်လာကြသည်။ ထို ထွက်လာသူ နှစ်ယောက်အနက် တစ်ယောက်တွင် ဓားပါ၍ တစ်ယောက်တွင် တုတ်ပါသည်။ ဓားမှာ ဓားရှည် ဖြစ်သည်။ ဓားရှည်ကိုင်သူမှာ အခြားသူမဟုတ်၊ ငထွား ဖြစ်သည်။ ငထွားသည် သိုက်ထွန်းအား အထူးမကျေမချမ်းဖြစ်နေဟန်တူသည်။ သူက လူလွတ်ဖြစ်သော သာညြထံသို့ ဦးတည်၍ မလာ၊ သူ၏လူ ချက်ကြီးနှင့် လုံးထွေးနေသော သိုက်ထွန်းကိုသာ သူ၏ဓားဖြင့် ပြေးလာ၍ ခုတ်သည်။

'မင်းလားကွ သိုက်ထွန်း၊ မင်းကို ငါ ခုတ်ချင်လို့ စောင့်နေတာကြာပြီ'

ပြောလည်းပြော၊ ခုတ်လည်းခုတ် ပြုလုပ်ရာ သူ့လူနှင့်ကိုယ့်လူ လူ

နှစ်ယောက် တုတ်တစ်ချောင်းကို ယှဉ်၍ လုနေကြသည်အား သူ့လူ ကိုယ့်လူ ရွေးနေရ၍ အချိန်ငံ့သွားသည် တစ်ကြောင်း၊ သာညြ လက်သွက်သည် တစ်ကြောင်းတို့ကြောင့် ငထွား၏ဓား သိုက်ထွန်း ကိုယ်ပေါ်သို့ မကျမီ ဓားကိုင်သောလက်ကို သာညြက ထမ်းပိုးကျည်းဖြင့် ဖြတ်ရိုက်လိုက်ရာ၊ ငထွား၏ဓား သိုက်ထွန်း ကိုယ်ပေါ်သို့ မကျဘဲ စဉ်ထွက်သွားပါသည်။

နောက်တစ်ယောက်က သာညြသို့ လာရိုက်သည်။ သို့သော် ဦးခေါင်းကို မထိ၊ သာညြ ကွမ်းထမ်းနေကျ ကျွဲပခုံးကဲ့သို့ မာကျောသော ပခုံးကိုသာ ထိ၍ အနာတရ မဖြစ်။ သာညြ၏ တုတ်ချက်သည်သာ ထိုသူ၏ဦးခေါင်းကို တည့်တည့်မတ်မတ် ထိပြီး တုတ်သံ "ဖြောင်း" ခနဲ ကြားလိုက်ရသည်။

ထိုအချိန်မှာပင် ချက်ကြီး လက်တွင်းမှတုတ် သိုက်ထွန်း လက်ထဲသို့ ရောက်ရှိနေပြီဖြစ်ရာ၊ သိုက်ထွန်းတို့နှစ်ယောက်က လက်တွင်းတွင် လက်နက်ကိုယ်စီဖြင့်၊ ငထွားတို့သုံးယောက်က တစ်ယောက်သာ လက်နက်ရှိပြီး ကျန်နှစ်ယောက်က လက်နက်မဲ့ ဖြစ်နေကြသည်။ စောစောက ငထွား လွတ်ကျသော ဓားမှာ သာညြ၏ ခြေထောက်အနီး ရောက်ရှိလာသဖြင့် သာညြက ခြေဖြင့်နင်းထားရာ ငထွားလည်း လာမကောက်ရဲဘဲ ဖြစ်နေသည်။ ပြီး သူ့လက်လည်း သာညြ ဖြတ်ရိုက်ထားသဖြင့် အတော်နာကျင်နေပုံရသည်။

'ဟေ့... မင်းတို့တစ်တွေ တစ်ယောက်မှ အနားမကပ်နဲ့၊ အနားကပ်ရင် အကုန်သေကုန်မယ်'

ဓားကို ကောက်ယူပြီးနောက် သာညြက ဓားတစ်ဖက်၊ တုတ်တစ်ဖက် ကိုင်ရင်း ကြိမ်းမောင်းလိုက်ခြင်း ဖြစ်သည်။ တကယ်တော့ ငထွားတို့လူတစ်စုမှာ သတ္တိရှိသူများ မဟုတ်ပါ။ ထန်းရည်မူးမူးဖြင့် သိုက်ထွန်းကို မခံချင်လွန်း၍ ယခုကဲ့သို့ ကြံစည်ကြခြင်း ဖြစ်ပါသည်။ တစ်ဖက်သော သူတို့က ရဲရင့်သတ္တိဖြင့် ပါးပါးနပ်နပ် ခုခံ တိုက်ခိုက်လာသည်ကို သိရသော အခါ ထန်းရည်မူးသည်များလည်း ဘယ်ရောက်ကုန်မှန်း မသိဘဲ ထိတ်လန့်စိုးရွံ့ကုန်ကြပြီနှင့် တူပါသည်။

ထိုအချိန်မှာပင် ကိုသော်ကနှင့် အခြားလူတစ်ယောက်တို့က လမ်းကြား တစ်ခုမှ ထွက်လာကြသည်။ သူတို့အနေဖြင့် ပထမတွင် ဘယ်သူ

ဘယ်ဝါတွေမှန်း၊ ဘာဖြစ်နေကြမှန်း မသိ။ နောက် စုံစမ်းမေးမြန်းကြည့်၍ အကြောင်းစုံ သိကြရသည်။ သူတို့က ဖျန်ဖြေပြီး နှစ်ဦးနှစ်ဖက်စလုံးအား ပြန်လွှတ်လိုက်ကြသည်။

တကယ်တော့လည်း ငထွားတို့အနေဖြင့် ကိုသော်ကတို့ ရောက်လာကာ ကိုသော်ကတို့၏ ညဲဇာကို မလွန်ဆန်နိုင်၍ မဟုတ်ပါ။ သူတို့ဘက်မှ အရေးနိမ့်ကျနေသဖြင့် ရှေ့ဆက်၍ ရင်ဆိုင် သတ်ပုတ်ရလျှင်လည်း သူတို့ပင် နာမည်၊ သူတို့ချည်း ခံရမည်ကို သိသဖြင့် လူကြီးများ၏ ဖျန်ဖြေမှုကို နားထောင်ဟန်ဆောင်ကာ နောက်ဆုတ်သွားကြခြင်း ဖြစ်သည်။ စင်စစ် သိုက်ထွန်းထက် သာညကို ပို၍ ကြောက်ကြသည်။ ယခင်က သာညသည် မဟုတ်လျှင် မခံတတ်ကြောင်းသာ သူတို့ သိသည်။ ယခုလို သတ္တိ ဇွတ္တိ နှင့် ကျင်လည်စွာ တိုက်ခိုက်နိုင်လိမ့်မည်ဟု သူတို့ မသိ။ နောက်တစ်ခု ဗလချင်းရော၊ အရပ်အမောင်းချင်းရော ယှဉ်လိုက်လျှင် သာညကို သူတို့ မမီ။ ပြီး သာညလက်တွင် ဓားရော၊ တုတ်ရော ရှိနေပြီ။ သူတို့ သုံးယောက် မှ တုတ်တစ်ချောင်းသာ ရှိတော့သည်။ တစ်ဖန် သိုက်ထွန်းလက်တွင်လည်း ဓာဝီတုတ်တစ်ချောင်း ရောက်နေပြီ။ ကိုသော်ကတို့ ရောက်လာသည်နှင့် သူတို့အဖို့ ကယ် မ သူ သိကြားမင်း ရောက်လာသည်နှင့်ပင် တူပြန်သေး ရာ ကျေနပ်စွာဖြင့် ဆုတ်ခွာသွားကြခြင်း ဖြစ်သည်။

## (၅)

'ပြောထားတဲ့ ကတိတော့ တည်ပါစေနော် ကိုသာဖောင်၊ မရွှေယာကော ကြားလား။ ကျုပ်က ပေးမယ်ဆိုတဲ့နေ့ကို ဆက်ဆက်ပေးမှ ကြိုက်တယ်။ ဒီငွေဟာ ကျုပ်လည်း အလကား ရထားတဲ့ငွေ မှုတ်ဖူးဗျ၊ ငွေနဲ့ငွေချင်း ရင်းထားရတဲ့ငွေ၊ ကြိုးစားပမ်းစား စုဆောင်းထားရတဲ့ငွေ၊ ခင်ဗျားတို့မှာ မျိုးနှမ်း၊ မျိုးစပါးမှ လုံးလုံးဝယ်စရာ မရှိဘူးဆိုလို့ သနားပြီးတော့ ချေးလိုက်တာ၊ ခင်ဗျားတို့ ပြောထားတဲ့အတိုင်း နှမ်းပေါ်ပြီး သတင်းကျွတ်လို့မှ မပေး နိုင်ဘူး ဆိုရင် အတိုးအရင်း လှန်ရလိမ့်မယ်'

'ဟုတ်ပါတယ်.... ဟုတ်ပါတယ်၊ ဦးလူမင်း သဘောရှိ လုပ်ပါ။

ကျုပ်တို့ကတော့ အခု အခက်အခဲကြုံနေတုန်း လွယ်လွယ်ကူကူ ထုတ်ပေးလိုက်တာပဲ ဦးလူမင်းကို ကျေးဇူးတင်လို့ မဆုံးပါဘူး'

'ကျေးဇူးကြီးလှပါတယ် ကျေးဇူးရှင်ကြီးရယ်တော်၊ ကျေးဇူးရှင်ကြီးမ စ ကြည့်ရှုလို့သာ ကျွန်ုပ်တို့ ဒီနှစ်အဖို့ ယာလုပ်နိုင်မှာပါ'

'အင်း... ကြွေးယူလို့ ရတုန်းတော့ ဒီအတိုင်း ပြောကြတာချည်းပဲ ဗျ၊ နောင် ပေးတဲ့အခါ ကျတော့သာ တွန့်ဆုတ် တွန့်ဆုတ်နဲ့ တီ ဆားနဲ့တို့သလို ဖြစ်နေတတ်ကြတာ'

'ကျွန်ုပ်တို့ကတော့ ဒီလိုမှုတ်ပါဘူး သူဌေးမင်းရယ်၊ သူဌေးမင်းနဲ့ကျွန်ုပ်တို့ ဆက်ဆံတာဟာ ခုမှ မှုတ်ဖဲ၊ ကြာကြာလှပေါ့၊ ဆပ်မယ်ဆိုတဲ့ရက်ကို ကျွန်ုပ်တို့က မရှိ ရှိတာနဲ့ ဆပ်ခဲ့တာချည်းပဲ။ မိုးခေါင်လို့ ဘာမှမရတဲ့ နှစ်ကျရင် နွားဖြစ်ဖြစ် ယာဖြစ်ဖြစ် အပ်ခဲ့တာချည်းပါပဲ၊ အခုလည်း'

'အို.... ရွှေယာကလည်း ဆပ်ပါ့မယ်ဆိုရင် ပြီးရောပေါ့ဟ၊ ဘာပြုလို့များ ဒါလောက်တောင် စကားရှည်နေရတာတုံး'

ဇင်းမျိုးရွာသား တောင်သူကြီး လင်မယားတို့ ဖြစ်ကြသည်။ သူတို့သည် နှစ်စဉ် နှစ်တိုင်းလိုလိုပင် ယခုကဲ့သို့ ယာလုပ်ငန်းခွင် ဝင်ခါနီးအချိန်တွင် ငွေးချိုရွာမှ လူချမ်းသာကြီး ဦးလူမင်းထံသို့ လာရောက် ကြွေးချေးရတတ်လေ့ရှိသည်။ တစ်ခါတစ်ရံ နှစ်ချင်း ပေးဆပ်နိုင်၍၊ တစ်ခါတစ်ရံတွင်လည်း နှစ်ချင်းမဆပ်နိုင်ဘဲ နှစ်ထပ်တိုးတွေ တက်နေတတ်လေ့ရှိသည်။ နှစ်ထပ်တိုး ဆိုသည်မှာလည်း သက်သာလှသည်မဟုတ်၊ ဤနှစ် ငွေတစ်ရာချေးထားလျှင် နောင်နှစ် အတိုးချည်း ငွေတစ်ရာမက တက်သည်။ ယင်းကိုအတိုးအရင်း ပြန်လုံးလျှင် ဘိုးဘိုးအောင် ဝလုံးလို တစ်ရာက နှစ်ရာ၊ နှစ်ရာက လေးရာ၊ လေးရာကနေ ရှစ်ရာ ဖြစ်လာသောအခါ ငွေရှင်က ထိုအတိုင်း စောင့်မနေတော့။ နွားရှိလျှင် နွား၊ နွားနှင့်မှ မကျေလျှင် မြေပါမကျန် ရှိပစ္စည်းအားလုံး သိမ်းတော့သည်။ ဤနည်းဖြင့် ယခု ငွေလာချေးသူ ဦးသာဖောင်နှင့် ဒေါ်ရွှေယာတို့သည်လည်း ငွေရှင် ဦးလူမင်းသို့ နွားရော၊ လှည်းရော၊ ယာရော အားလုံး အပ်ပြီးခဲ့ပြီ။ ယခု သူတို့ လုပ်ကိုင်လျက်ရှိသော လယ်နှင့်ယာတို့မှာ သီးစားပေး၍၊ ဒေသအခေါ် ဦးလူမင်း မြေကိုအဖက်လုပ်နေကြရခြင်း ဖြစ်သည်။ ယခု ဒေါ်ရွှေယာတို့က ထိုအဖြစ်ကို

စိတ်နာနာဖြင့် ပြန်ပြောင်း လှန်လှောလိုဟန် တူသည်။ ဦးသာဖောင်က ဟန့်တားလိုက်သဖြင့် အသာ ငြိမ်နေလိုက်ရသည်။

စကားပြောကြတုန်းမှာပင် ဦးလှမင်းသည် လက်ထဲမှ စာရင်းပုရပိုက်ကို ဘေးသို့ အသာချလျက် အနီး၌ အသင့်ရှိနေသော ကွမ်းအစ် နီနီကြီးထဲမှ ငွေစလွယ်အိတ်တစ်ခု ထုတ်ယူလိုက်ပြီး ငွေများကို ဖျာပေါ်သို့ သွန်ချလိုက်ရာ ငွေသံများ ချွမ်ချွမ်မြည်သွားတော့သည်။

'ဟော့... ကိုရင် ဘယ်သွားဦးမလို့တုံးကွ၊ အဖေ တစ်ခုခိုင်းမယ်လို့ ဟာ'

ငွေများ ငွေအိတ်ထဲမှ သွန်ချခိုက်မှာပင် သားဖြစ်သူ ကျော်ဖေ အထက်ထပ် လှေကားမှ ဆင်းလာပြီး အပြင်သို့ ထွက်မည်ပြုသဖြင့် ဦးလှမင်းက ဖမ်းခေါ်လိုက်ခြင်း ဖြစ်ပါသည်။

'ဘာခိုင်းမလို့တုံး၊ ခိုင်းပါ အဖေ၊ ကျုပ် ဘယ်မှ သွားစရာ မရှိပါဘူး'

'တခြားမှုတ်ပါဘူး၊ အနောက်ရွာက ကိုငယ်တို့ဆီ ခိုင်းမလို့ပါ'

'ဟုတ်ကဲ့၊ ကျုပ် ဒီနားလေးတွင်ပါ၊ ခု ပြန်လာခဲ့ပါ့မယ်'

ကျော်ဖေက ခေတ္တမျှ ရပ်စကားပြောပြီး ဆက်လက် ထွက်သွားပါသည်။ ဦးလှမင်းကလည်း ဘယ်သို့မှ ဆက်မပြောတော့ပါ။ ကျော်ဖေအပေါ် ဘာမှ စိတ်မဝင်စားတော့သလိုဖြင့် ထွက်သွားသော ကျော်ဖေကိုလည်း မကြည့်တော့မူဘဲ သွန်ချထားသော ငွေဒင်္ဂါးများကို ရေတွက်နေပါသည်။

'ကိုင်း.... ဟောဒီမယ် ခင်ဗျားတို့ဖို့ ငွေငါးဆယ်၊ ရှေ့တွင် တီးခေါက် ကြည့်ကြဦး၊ နောင်ခါမှ အ သလေး၊ ထုံသလေး ဆိုပြီး ပြန်လဲလို့ မရဘူး'

'ဟုတ်ကဲ့.... ဟုတ်ကဲ့'

ဦးသာဖောင်သည် ဦးလှမင်း တစ်ဆယ်စီ တစ်ဆယ်စီ ပုံချထားသော ငွေဒင်္ဂါးပုံများကို ခပ်ယို့ယို့ လှမ်းယူပါသည်။ ၎င်းငွေများအနက် အချို့က ဝေလခေါင်း၊ အချို့က ကုလားမခေါင်း ခေါ်သော ဝိတိုရိယဘုရင်မ ခေါင်းတံဆိပ် မိတ်ထုံးများ ဖြစ်သည်။ နောက် ဦးသာဖောင်က

ဒင်္ဂါးတိုင်း ဒင်္ဂါးတိုင်းကို လက်တစ်ဖက် လက်ညှိုးထိပ်ပေါ်တင်ပြီး ကျန်လက်တစ်ဖက်မှ ဒင်္ဂါးတစ်ခု ကိုင်ကာ တီးကြည့်သည်။

ဦးသာဖောင်သည် ဤသို့ ငွေချေးရသဖြင့် ဝမ်းနည်းမိ၍လား၊ ဝမ်းသာမိ၍လား၊ သို့မဟုတ် ဦးလူမင်း၏အရှိန်အဝါကိုပဲ ကြောက်ရွံ့နေ၍လား မဆိုနိုင်၊ ငွေကို လှမ်းယူကတည်းက လက်များ တုန်နေပါသည်။ သို့တုန်နေ၍ လက်ညှိုးထိပ်ပေါ်သို့ ဒင်္ဂါးများ တင်သောအခါ တစ်ကြိမ်တည်းဖြင့် တင်မရဘဲ နှစ်ကြိမ် သုံးကြိမ် တင်ပြီးမှ တီးခတ်၍ရပါသည်။ ယင်းကို ဒေါ်ရွှေယာက စိတ်မရှည်၍နှင့် တူသည်။

'ကိုသာဖောင်ကလည်းတော် ဒင်္ဂါးလေး တီးတာ ခေါက်တာ သလောက်တောင် ဖြစ်နေရသလား၊ ပေးစမ်းပါ၊ ဒီက တီးစမ်းပါ့မယ်' ဟု ဆိုကာ ဆွဲယူတီးမှ ကိစ္စအမြန်ပြီးသွားပါသည်။ နောက် ဦးသာဖောင်က ငွေဒင်္ဂါးများကို သူ့တွင် ပါလာသော ဖျင်စ တစ်ခုဖြင့် ထုပ်ပြီး ပုဆိုးအိတ်ထောင် (တောင်ရှည်ပုဆိုး) ထဲသို့ အကျအနထည့်ကာ နောက်ထပ် ထုပ်ပြန်သည်။ ပြီးမှ ဦးလူမင်းအား နှုတ်ဆက်၍ ပြန်ရန် နေရာမှ ထ ကြသည်။

'အင်း အဘိုးကြီး အမယ်ကြီး နှစ်ယောက်ထဲ လမ်းလည်း သတိဝီရိယနဲ့ သွားကြဦးနော်'

'ဟုတ်ကဲ့ ဟုတ်ကဲ့၊ လမ်းလည်း ငုတ်တုတ်ရိုးတစ်ချက်က လွဲလို့ တခြားနေရာ သိပ်စိုးရိမ်ဖို့ မရှိလှပါဘူး သဌေးမင်းရဲ့၊ ဘာပြုလို့တုံး ဆိုတော့ ဒီအချိန်မှာက ယာခုတ်တဲ့လူတို့၊ ကျွန်းမီးရှို့တဲ့လူတို့၊ ထင်းခွေတဲ့လူတို့ ရှိနေတတ်ကြပါတယ်'

'အဲဒီလို စိတ်ချရတယ်ဆိုလည်း ကောင်းပါ့ဗျာ'

လင်မယားနှစ်ယောက် ပွေးချုံရွာမှ ငွေထုပ်ပိုက်၍ ပြန်ခဲ့ကြသည်။ "နောင်ခါလာ နောင်ခါချေးကြောင်း ပေါက်ရာနှင့် ရောင်း" ဆိုသလိုပင် နောင်တစ်နေ့ ကြွေးဆပ်စရာမရှိ၍ ရှိသည့် ကျွဲနွားများ အကုန်ထိုးအပ်လိုက်ရ အပ်လိုက်ရ (ယာကောင်းယာမွန်များကိုမူ အပ်စရာ မရှိတော့ပါ။ အဖိုးမတန်သော ဖုန်းဆိုးမြေများမှလွဲ၍ အားလုံး ဦးလူမင်း လက်တွင်းသို့ ရောက်ကုန်ပါပြီ) ယနေ့ သီးနှံမျိုးစုံ ဝယ်ဖို့နှင့် မျိုးဝယ်ပြီး အကျန် လောလောဆယ်ဆယ် စားဖို့သောက်ဖို့က ပို၍ အရေးကြီးနေပါသည်။ သို့အတွက်

နှစ်ယောက်စလုံး ဝမ်းသာနေကြသည်။ အိမ်အပြန်လည်း ဖြစ်သဖြင့် သူတို့ ခြေလှမ်းများမှာ ပို၍ သွက်လာသည်။

ဦးသာဖောင် ပြောသလိုပင် ထွေးချို့ရွာမှထွက်၍ ကျွန်းဖိုပင်၊ အင်တိုင်း ဆီလောက်အထိ လူပြတ်သည်ဟူ၍ မရှိပါ။ လမ်းနံဘေးတစ်လျှောက် ယာခုတ် သမားများ၊ ကျွန်းမီးရှို့သူများ၊ ထင်းခွေ ထင်းခုတ်သမားများတို့ကို အဆက် မပြတ် တွေ့နေရပါသည်။

သည့်မျှသာ မဟုတ်သေးပါ။ ရှေ့ခပ်လှမ်းလှမ်းဆီမှ ကွမ်းထမ်းသမား များ ဖြစ်ဟန်တူသော မိမိတို့ကဲ့သို့ပင် ရှေ့ဘက် ကြာအင်းဇင်းမျိုးဆီသို့ ဦးတည်သွားနေသော သူများ၏ အသံဗလံများ၊ သီချင်းဆိုသံများပင် ကြား နေရ၍ ဘာမျှ စိုးရိမ်စရာ မရှိပါ။

ဟုတ်ပါသည်။ သူတို့ရှေ့က သာညြတို့၊ သိုက်ထွန်းတို့ လူတစ်စု ကွမ်းရောင်းအပြန် ကွမ်းပုတ်လွတ်များထမ်း၍ နောက်တစ်ခေါက်အတွက် ကွမ်းဝယ်ရန် ရောင်းမင၊ သို့မဟုတ် ညောင်ဇင်အိုင်သာဆီသို့ သွားနေကြ ခြင်း ဖြစ်ပါသည်။ သို့သော် ယင်းတို့မှာ ဦးသာဖောင်တို့ကဲ့သို့သော အသက် ငါးဆယ်ကျော် အဘိုးကြီး အဘွားကြီးများ ခြေနှင့်မတူပါ။ ကွမ်းမပါဘဲ ဝန်ပေါ့များလည်း ဖြစ်သဖြင့် ယင်းတို့နှင့် ကြာလေဝေးလေ ရှိနေမည်မှာ အမှန်ပင် ဖြစ်ပါသည်။ သိုက်ထွန်းမှာ ယမန်နေ့ညက ရန်ပွဲတွင် ချက်ကြီး ရိုက်လိုက်၍ တုတ်ချက်တစ်ချက် ကောင်းကောင်းမိခဲ့သော်လည်း ဓာဝီဖြင့် မဟုတ်ဘဲ တုတ်ရိုးရိုးဖြင့် ထိခဲ့၍ ဦးခေါင်းချိုခွန်းတွင် ပေါက်သည်ဆိုရရုံ၊ သွေးစို့ရုံမျှ စို့ခဲ့သည်။ အလုပ်မပျက်၊ အသွားလည်း မပျက်ပါ။ နောက် တစ်ခု ကိုယ်ကလည်းရိုက်၊ သူကလည်းရိုက် ဖြစ်နေ၍ ဦးပဋ္ဌင်းအား အပြစ် တင်မည်စိုး၍ ကျိတ်လျှောက်ခဲ့သည်မှတစ်ပါး ဘယ်သူ့ကိုမျှလည်း မတိုင် တောပါ။ တိုင်၍လည်း သူကြီးက သူ့သားကို အရေးမယူရုံမျှမက အမှု ပေါက် အမှုစရာ၍ ကိုယ့်ဘက်ပင် အမှုပြန်ပတ်နိုင်သေးသည်။ ပြီး အမှု အခင်းဖြစ်လျှင် အလုပ်အကိုင်လည်း ပျက်ဦးမည်။ ဆက်တိုက် ရက်မပျက် လုပ်ခဲ့နိုင်သည်ပင် ထမင်းနပ်မှန် စားရရုံသာ ရှိသည်။ လုပ်ရက် ပျက်လျှင် ကား ငတ်ရမည်မှာ မလွဲ။

ယခု လမ်းလာရင်းလည်း သိုက်ထွန်းကသာ ပြီးခဲ့သောညက ရွှေရီမ

နှင့် တွေ့ခဲ့ရသည့်အကြောင်း၊ မိမိ၏ အခက်အခဲနှင့် အကျပ်အတည်းများကို ရွှေရီမအား ပြောမပြချင်ဘဲဖြင့် ပြောခဲ့ရသည့်အကြောင်း၊ ငထွားတို့လူတစ်စုက မိမိကိုရော ရွှေရီမကိုပါ ရန်အလိုကြီး လိုလျက် မပြတ် တရစပ်နှောင့်ယှက်နေကြသည့်အကြောင်း၊ ထိုအနက် မိမိအဖို့ ယောက်ျားသားဖြစ်၍ ဘာမျှအရေးမကောင်း။ ရွှေရီမအတွက်မူ စိတ်မချရသည့်အကြောင်းများကို ကရွတ်ကင်းလျှောက် တွေးတောနေမိပြီး၊ သာသြမှာကား မူလကပျော်ပျော်ပါးပါး နေတတ်သူ ဖြစ်သည့်ပြင် ဖြစ်ရင်းကိစ္စမှာ သူနှင့် ဘာမျှပတ်သက်ခြင်း မရှိ။ ပတ်သက်သည်တိုင် ဘာမျှမမှုဘဲ ပြီးပြီးပျောက်ပျောက်နေတတ်သူ ဖြစ်သည်နှင့်အညီ ယခု လမ်းလာရင်းလည်း ထုံးစံအတိုင်းသီချင်းဆိုမြဲ သီချင်းဆို၍ ပျော်မြဲ ပျော်နေပါသည်။

သို့တိုင်အောင်ပင် ငုတ်တုတ်ရိုးဆီလောက် အရောက်တွင် သီချင်းဆိုရပ်ကြပြီး အခြားစကားတွေသာ ဆူညံစွာ ပြောဆိုနေကြပါသည်။ ထိုအခိုက်တစ်ယောက်သောသူက–

'ဟော့ ဟောဟိုမှာ တောကြက်တစ်အုပ် အော်ပြီး ပျံသွားတာ တွေ့တယ်။ ဧကန္တ လူနဲ့တူတယ်'

'ဟုတ်တယ်ဟော့၊ လူတောင် တောလည်သမားတော့ ဟုတ်မယ်မထင်ဘူး။ ဘာပြုလို့တုံးဆိုတော့ ဒီနေရာက တောနက်တယ်။ ချောက်ကမ်းထူတယ်၊ မဟုတ်ခါမှလွဲရော ငါတော့ ဒို့ လမ်းသွားလမ်းလာတွေ ချောင်းနေတဲ့ လူဆိုးလို့ ထင်တာပဲ'

'ဟာ... ကြာဖံကလည်း မတော်တရော်၊ ဒို့လိုလူမျိုးတွေ ချောင်းလို့ဒို့ဆီက ဘယ်လောက်များ ရမှာမို့လို့တုံး၊ ဒို့ တိုက်တဲ့ ဓားပြကတော့သူတို့ကတောင် ပြန်ပေးသွားရဦးမယ်'

ကြွက်သိုးက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ သူတို့ ပြောစကားများမှာ အကယ်ပင် မှန်ပါသည်။ လူဆိုးကလည်း သူတို့ကွမ်းထမ်းသမားကိုလုလိမ့်မည် မဟုတ်ပါ။ သူတို့ကို လုယက် တိုက်ခိုက်ဖို့ရာ မလွယ်ပါ။သန်မာ ထွားကျိုင်းသော ယောက်ျားကြီးများ၊ သူတို့တွင် ထမ်းပိုး စသောလက်နက်များ ပါလာသည်ဖြစ်၍ တော်ရုံလူက တိုက်ရဲ၊ လုရဲကြလိမ့်မည်မဟုတ်ပါ။

'မပြေးနဲ့၊ ပါတာ အကုန်ပေး'

'မပြေးပါဘူး လူကလေးတို့ရယ်၊ အမေတို့မှာ ဘာမှလည်း မပါဘူး၊ လူကိုတော့ ချမ်းသာပေးကြပါ'

'ဘာ မပါရမှာတုံး၊ အမယ်ကြီး လိမ်မပြောနဲ့၊ တစ်ချက်တည်း ပိုင်းချလိုက်လို့ ဇက်ပြုတ်သွားမယ်'

စောစောက တောချုံများအတွင်းမှ တောကြက်တစ်အုပ် ပျံသွားသည်မှာ အမှန် လူဆိုးများပင် ဖြစ်ပါသည်။ လမ်းသွား လမ်းလာများကို စောင့်မျှော် ချောင်းမြောင်းနေသည်မှာလည်း အမှန်ပင် ဖြစ်သည်။ သို့သော် ကြွက်သိုးတို့ကဲ့သို့သော ကွမ်းထမ်းသမားများ အပြန်ကို ချောင်းမြောင်းနေခြင်း မဟုတ်။ ကြွက်သိုးတို့လူစု ငုတ်တုတ်ရိုးကို ဖြတ်သန်းသွားကြပြီးနောက် အချိန်အတော်ကြာမှ ရောက်ရှိလာသော ဦးသာဖောင်နှင့် ဒေါ်ရွှေယာတို့အား ချောင်းမြောင်းနေကြခြင်း ဖြစ်ပါသည်။

လူဆိုးနှစ်ယောက်တို့ ဖြစ်ပါသည်။ နှစ်ယောက်စလုံးတွင် ဓား ကိုယ်စီ ကိုင်ထားကြသည်။ သို့သော် ငှက်ကြီးတောင်ဓား၊ ဆောင်ဓား စသော ဝင်းလက် တောက်ပြောင်နေသည့် ဓားကောင်းဓားမွန်များ မဟုတ်။ တစ်ယောက်တွင် ဓားရှည်အိုတစ်ချောင်း တိုနန့်နန့်ပါ၍၊ ကျန်တစ်ယောက်က သစ်တက်ဆတ်သော ဓားရှည်ယောင် ဓားမငယ်မျိုး ဖြစ်သည်။ သို့သော် မြွေမှန်လျှင် ကြီးသည်ဖြစ်စေ၊ သက်ငယ်ချောင်းမျှ သေးသည်ဖြစ်စေ အဆိပ်ရှိသကဲ့သို့ ယင်းတို့ ကိုင်ဆောင်သော ဓားများမှာလည်း အန္တရာယ်ပြုနိုင်သည်သာ။

နှစ်ယောက်စလုံးမှာပင် ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားကြပြီး တစ်ယောက်က လုံချည်အိုတစ်ခုကို လည်းကောင်း၊ ကျန်တစ်ယောက်က တဘက်ဟောင်းတစ်ထည်ကို လည်းကောင်းခေါင်းတွင် ပေါင်းထားကြသည်။ တဘက်ဟောင်း ပေါင်းသူသည် မျက်နှာ၌ အိုမဲများ သုတ်လိမ်းထားရုံမျှမက ပါးစပ်ထဲတွင် ကွမ်းသီးငုံထားဟန် တူသည်။ ပါးစောင်တစ်ဖက် ဖောင်းနေပြီး အသံကလည်း ဝါးတားတား ဖြစ်နေသည်။ ဦးသာဖောင်တို့လင်မယား ငုတ်တုတ်ရိုး လမ်းဆင်းသို့ ဆင်းကြတော့မည် အပြု နှစ်ယောက်သား သင်ပေါင်းရုံတစ်ရုံအကွယ်မှ ပြိုင်တူ ထွက်လာကြ

ပြီး အဘိုးကြီးလင်မယား နှစ်ယောက်အား ဓားမိုး၍ ဟန့်တားလိုက်ကြခြင်း ဖြစ်သည်။

ဦးသာဖောင်ရော ဒေါ်ရွှေယာပါ ပထမတွင် ထိတ်လန့်တကြား ဖြစ်သွားပြီး ဘာပြန်ပြောရမှန်း မသိဘဲ နှစ်ယောက်စလုံးတို့အား ငေးကြောင်ကြည့်နေကြသည်။ နောက် ငွေလုမည့် လူဆိုးများမှန်းသိ၍ ဒေါ်ရွှေယာက ကပျာကသီ ထိုင်တည့်၍ လက်နှစ်ဖက်ယှက်ကာ ဦးချဟန်ပြုပြီး တောင်းပန်တိုလျှိုးလိုက်ခြင်း ဖြစ်သည်။

'ဒီအဘိုးကြီးက ပါတာပေးဆို မြန်မြန်မထုတ်ဘူး၊ ကဲကွာ'

ဦးသာဖောင်၏ကျောကို ဓားပြားဖြင့် တစ်ချက် ဖြတ်ရိုက်လိုက်ရာ ဦးသာဖောင်လည်း အလိုလို ထိုင်လျက်သား ဖြစ်သွားလေသည်။

'ဘာ... ဘာ... ဘာမှ မပါလာပါဘူး လူလေးတို့ရယ်'

ဦးသာဖောင်သည် ငွေရှင် ဦးလူမင်း ရှေ့မှောက်၌ ငွေရေတွက်စဉ်အခါတုန်းက လက်ဖျားများသာ တုန်သည်။ ယခု တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ အောက်ကျနောက်ကျဖြင့် မရမက ချေးငှားခဲ့ရသော အသပြာငါးဆယ်ကို ပေးရန် နမြောလွန်း၍နှင့် တူသည်။

'ဘယ်က မပါရမှာတုံး၊ ခင်ဗျားတို့နှစ်ယောက် ဦးလူမင်းအိမ်က ငွေချေး ပြန်လာကြတာ ကျုပ်တို့ သိတယ်။ အဲဒီတုန်းက ကျုပ်တို့လည်း ရွာထဲမှာ ရှိတယ်။ ကျုပ်တို့ကို ဘယ်သူ အောက်မေ့နေတုံး။ အဲဒီ ငွေးချို ရွာက ကွမ်းထမ်းသမားတွေဗျ။ ကျုပ်တို့ ခင်ဗျားတို့ရှေ့လေးတွင် ရွာက ထွက်ခဲ့ကြတာ။ ခင်ဗျားတို့ ဘယ်လောက် ချေးခဲ့ကြတုံး၊ ချေးလာသမျှ အကုန်ပေး၊ ပေးဆို အသက်မသေချင်ရင် မြန်မြန်ပေးဗျာ၊ ကြာရင် လူလာနေလိမ့်မယ်'

ခက်ကပြီ။ ဓာတ်သိဖြစ်နေ၍ မကွယ်သာတော့ပြီ။

'ရှိကြီးခိုးပါရဲ့ လူကလေးတို့ရယ်၊ အခု မိုးဦးကျ မျိုးကြဲဖို့ တစ်စေ့မှ မရှိတာနဲ့ မျိုးဖိုးကလေး နည်းနည်းပါးပါး ချေးလာခဲ့တာပါ။ ဖြစ်လောက်အောင် မပါလို့ မပါဘူးလို့ ပြောတာပါ'

'ဒီအမယ်ကြီး ရှာရှည်နေပြန်ပြီ။ ခုတစ်ခါတော့ ဓားပြားရိုက်ရုံတွင် မှတ်ဖူး။ ခုတ်ကို ခုတ်မှာ၊ ထုတ်ပါ... မြန်မြန်ထုတ်'

လူဆိုးများသည် ပါးစပ်မှ တောင်းရုံမျှ တောင်းမနေတော့ဘဲ ဒေါ်ရွှေယာ ခေါင်းတင်လာသော တဘက်ကို လည်းကောင်း၊ ဦးသာဖောင်၏ ပုဆိုးလမောင်းကို လည်းကောင်း ဆွဲရုန်း ရှာဖွေကြရာ ဦးသာဖောင်၏ ပုဆိုးလမောင်းမှ သူတို့ အလိုရှိသောငွေ ရရှိသွားသည်။ ငွေယူပြီး အချိန် တစ်ခဏအတွင်း ပျောက်ကွယ်သွားကြသည်။

## [၆]

မြို့သစ်ကလေး ဖြစ်ပါသည်။ မြို့ဟု ဆိုသော်ငြားလည်း ဈေးရှိသည်၊ ရုံး ရှိသည်၊ ဂါတ်ရှိသည်၊ စာတိုက်ရှိသည်တို့မှအပ ဝါးကြီးအိုင်ရွာထက် ပိုမို ကြီးကျယ်ခြင်း မရှိပါ။ ဝါးကြီးအိုင်ရွာလောက်လည်း ပုံပန်း ကျနခြင်း မရှိပါ။ ဝါးကြီးအိုင်ရွာသည် အရှေ့အနောက် ဖြတ်သန်း စီးဆင်းနေသော ယင်းချောင်းနံဘေးတွင် တည်ရှိသကဲ့သို့ မြို့သစ်မြို့ကလေးမှာလည်း အထက် ၌ ရေးခဲ့ပြီးသလို မြောက်နှင့်တောင် ဖြတ်သန်း စီးဆင်းနေသော ယင်း ချောင်း ကမ်းပါးပေါ်၌ပင် တည်ရှိနေပါသည်။

မြို့သစ် မြို့ကလေးက ဝါးကြီးအိုင်ရွာထက် ထူးခြားသော အခြား အကြောင်းလည်း ရှိပါသေးသည်။ မြို့သစ်မြို့သည် တောင်တွင်းကြီးမြို့ နှင့် နတ်မောက်မြို့တို့ ကူးသန်းရာ ပေတစ်ရာ လမ်းမကြီးပေါ်တွင် တည် ရှိသဖြင့် ခရီးသွားလမ်းလာတို့ ထူထပ်များပြားသော မြို့ငယ်တစ်မြို့လည်း ဖြစ်ပါသည်။

ယင်း ပေတစ်ရာ လမ်းမကြီးပေါ်တွင် အစိုးရကိစ္စဖြင့် တစ်မြို့မှ တစ်မြို့၊ တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာနေကြသော မြင်းများ၊ နွားလှည်းများ၊ ကုန်သည်များ၏ ကုန်တင်လှည်းများ စသည်တို့ ဥဒဟို လှုပ်ရှား သွားလာနေသည်ကိုလည်း တွေ့ရှိရပါသည်။

ဝါးကြီးအိုင်ရွာနှင့် ချောင်းကမ်းပါးအကြားတွင် လှပ ခမ်းနားစွာ ဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းများ စီတန်း တည်ရှိနေသဖြင့် သာယာ ကြည်နူးဖွယ် ဖြစ်ရသလို၊ မြို့သစ်မြို့နှင့် ယင်းချောင်းကမ်းပါး အကြား၌လည်း ဖော်ပြပါ ခရီးသွားလမ်းလာတို့ အလွန်ထူထပ်ပေါ်များသော ပေတစ်ရာလမ်းမကြီး ရှိနေရာ ချောင်းဘက်မှနေ၍ ကြည့်လျှင် စီတန်းနေ

သော ကုန်သည် လှည်းတန်းကြီးများ၊ မြင်းများ၊ ခြေကျင်ခရီးသွားများအပြင် ပင်ချင်းယှက်မျှ အုပ်ဆိုင်း ညို့မှိုင်းနေသော သဘော်ကုက္ကိုပင်ကြီးများနှင့် ပင်လုံးညွတ်ခမန်း ထိန်ထိန်တောက်အောင် ဖူးပွင့်နေကြသော စိန်ပန်းပင် ကြီးတို့သည် ယင်းချောင်းကြီးနှင့် အထူးပန်ရကာ မျက်စိပသာဒ ရှိလှပါ သည်။

ဤယနေ့သည် မြို့သစ်မြို့၏ ငါးရက်တစ်ပတ် ဈေးနေ့ ဖြစ်သဖြင့် ယင်း ပေတစ်ရာ လမ်းမကြီးပေါ်တွင် ဈေးရောင်း ဈေးဝယ်တို့အပါအဝင် ခရီးသွားလမ်းလာများ အထူးရှုပ်ထွေးနေပါသည်။ မြို့၏ မြောက်ဘက် အထွက် ပေတစ်ရာ လမ်းမကြီးနံဘေးတွင် ဘယ်နှစ်ဘယ်ကာလက ဆောက် လုပ်ထားသော ဇရပ်ဟူ၍ မဆိုနိုင်။ မိုးထားသော ပျဉ်ကြွပ်များပင် အတန်ငယ် ဆွေးသယောင် ရှိနေပြီ။ ပျဉ်ခင်းအချို့လည်း ကျိုးသည်တို့ကျိုး၊ ပဲ့သည်တို့ ပဲ့နေကြပြီ။ ရှေးက ဇရပ်အိုကြီးဖြစ်၍ ခါးပန်းကြီးများ ဗြက်တစ်တောင်ခန့်၊ ထု လက်လေးသစ်ခန့် ရှိနေသည့်အထဲ လူသရမ်းများ လက်ဆော့ထား သဖြင့် ဓားထစ်ရာချင်း ထိခမန်း ဖြစ်နေသည်။

တိုင်အချို့မှာ အခြေကျဉ်နေပြီ ဖြစ်သော်လည်း မူလက ထန်းပင် လုံးကြီးများအလား လူတစ်ဖက်နီးနီးမျှရှိ ထုထည် ကြီးမားလှသဖြင့် ယိုင် နဲ့ခြင်းကား မရှိသေးပါ။ အချိန်စောပြီး နေရောင်နုသေး၍ ဇရပ်အနီးတွင် ဖြတ်သန်းသွားလာသူ လှည်းရော လူပါ အထူးများပြားသော်လည်း ဇရပ် ပေါ်သို့ ဝင်ရောက် နားခိုသူ ဟူ၍ကား လွန်စွာ နည်းပါးလှပါသည်။

လူနည်းသလောက် ဇရပ်၏ ပတ်ဝန်းကျင်တွင် လှည်းစခန်းချသူ များနှင့် နားနေသူများ စွန့်ပစ်ခဲ့ကြသော မီးလင်းဖိုဟောင်းများ၊ ရိုးရိုးမြေကြီး ခဲ ဖိုခုံလောက်၊ သစ်သားငုတ်တိုင် ဖိုခုံလောက် စသည်တို့ ပါရှိသော မီးဖို ဟောင်းများ၊ ထင်းတိုထင်းစများ၊ နွားစာ ပြောင်းရိုးမှိုက်များ၊ ပြောင်းဖူးခွံ များ၊ ထန်းသီးခွံများ၊ ထမင်း ထုပ်စားတတ်လေ့ရှိသော အင်ဖက်များနှင့် ဆေးလိပ်တို စသည်တို့ မွှဆန်ကြဲနေပါသည်။

ရာသီမှာ "ကိုးခွင်ငယ် မှိုင်းပါလို့၊ မြစ်တိုင်းမှာတဲ့ မဲညို၊ လဲ့လဲ့ ငယ်စို"ဟု စာဖွဲ့ရသည့် ဝါဆိုလအခါ မိုးရာသီဖြစ်သော်ငြားလည်း မိုးခေါင် ရေရှား ဒေသဖြစ်သည်နှင့်အညီ ကိုးခွင်လုံးမှိုင်းနေဖို့ မဆိုထားနှင့်။ "မိုး

တောင်က၊ ပွေးပေါင်က" ဟူသည့် စကားအရ တောင်ရပ်ဆီမှပင် မိုးရိပ် မိုးသားဟူ၍ ကြည့်နိုင်မှ မြင်ရပါသည်။ ကျန်အရပ်တို့မှာကား ကောင်းကင် တစ်ခွင် တစ်ပြင်လုံး လင်းကျင်း၍ နေပါသည်။ နံနက် ကိုးနာရီခွဲ ဆယ်နာရီ ခန့်မျှ ရှိသေးသည်။ နေမှာ နွေခေါင်ခေါင်နှင့်မခြား ပူအိုက်လှပါသည်။ ပတ်ဝန်းကျင်ရှိ လှည်းစခန်းချသူတို့ စွန့်ပစ်ထားခဲ့သော မီးဖိုရာများ၊ ထင်းတို ထင်းစများ ပကတိအတိုင်း ရှိနေခြင်းမှာလည်း လွန်စွာ မိုးခေါင်လှသဖြင့် ဖြစ်ပါသည်။ အချို့ လောလောလတ်လတ် မီးဖိုများဆိုလျှင် မီးခိုးမီးငွေ့များ တလူလူ ရှိနေပါသေးသည်။

မိုး လုံးဝ မရွာသေးသည်တော့ မဟုတ်၊ မိုးဦးကျပြီးနောက် တစ်ကြိမ် နှစ်ကြိမ်ခန့် ရွာခဲ့ပြီးပါပြီ။ မြက်နုကလေးများပင် အတော်ရှည်လျားနေပါပြီ။ သို့သော် ယင်းတို့မှာ နေပူဒဏ်ကို မခံနိုင်ကြသဖြင့် ညှိုးလျှနွမ်းရော်နေကြပါပြီ။

အလားတူ ညှိုးရော်နေသည်များလည်း ရှိပါသေးသည်။ ယင်းတို့မှာ အခြားမဟုတ်၊ ဇရပ်ပေါ်တွင် အခြားဘယ်သူမျှ မရှိပါဘဲလျက် ရှိသေခန့်ညားရသူတို့၏ ရှေ့မှောက်၌ ထိုင်နေကြဘိနည်းတူ ရိုကျိုး ကျုံ့ယုံ့စွာ ထိုင်ကြရင်း လွန်စွာ ဝမ်းနည်းပက်လက် ဖြစ်နေကြဟန် အမူအရာဖြင့် တစ်နေရာသို့ တစူးတစိုက် လှမ်းမျှော်ကြည့်နေကြသော အမျိုးသမီးနှစ်ဦးတို့ ဖြစ်ပါသည်။

ယင်းတို့၏ သွင်ပြင်လက္ခဏာကို ကြည့်ရှုရခြင်းဖြင့် ယင်းတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်လွန်စွာ ထိခိုက်မှု ရှိနေကြလျက် သားအမိလည်း ဖြစ်ဟန်တူပါသည်။ ဇရပ်၏ အရှေ့ဘက် မလှမ်းမကမ်း နေရာ၌ရှိသော အဆောက်အဦ တစ်ခုဆီသို့ လှမ်းမျှော်စူးစိုက် ကြည့်နေကြခြင်းမှာလည်း ထိုအဆောက်အဦတွင် တစ်စုံတစ်ခုရှိနေ၍ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ဖြင့် စူးစိုက် ကြည့်ရှုနေကြပြီး ရံဖန်ရံခါတွင်မူ မြို့ဘက် ဖြစ်သော တောင်ဘက်အရပ်သို့လည်း လှမ်းမျှော် ကြည့်ရှုတတ်သေးသည်။

'အမေ၊ အချိန်လည်း မရှိတော့ဘူး၊ ခုလောက်ဆိုရင် မောင်ကြီးလည်း ထမင်းဆာလှရော့မယ်။ စာရေးကြီးဆိုတာက လက်မခံရင် ကျုပ်တို့အိမ် လာဖူးတဲ့ ဗိုလ်ကြီးကို သွားပြီး တောင်းပန်ပေးရရင် မကောင်းဘူးလားဟင်'

သူတို့နှစ်ဦးမှာ ထင်သည့်အတိုင်း သားအမိပင် ဖြစ်ပါသည်။ သားအမိမှာလည်း အခြားသူမဟုတ်၊ သိုက်ထွန်း၏အမေ ဒေါ်ငြိမ်းလှနှင့် သိုက်ထွန်း၏နှမ ဖွားစိန်မတို့ ဖြစ်ပါသည်။ သိုက်ထွန်း အချုပ်ခံနေရသဖြင့် သိုက်ထွန်းအား လာရောက် တွေ့ဆုံရင်း ထမင်းပို့ကြခြင်း ဖြစ်သည်။ သို့သော် ဂါတ်တဲသို့ ရောက်သောအခါ ဂါတ်စာရေးလုပ်သူက အချုပ်သားကို တွေ့ခွင့်လည်း မပေးနိုင်၊ ထမင်းလည်း ပေးခွင့်မပြုဟု ဆိုသဖြင့် ဤဇရပ်ပေါ်သို့ စိတ်ဆင်းရဲစွာဖြင့် လာရောက်ထိုင်နေကြရင်း တစ်စုံတစ်ဦး ရောက်အလာကို စောင့်စားနေကြခြင်း ဖြစ်ပါသည်။

သိုက်ထွန်းတို့ လူတစ်စုလည်း "ကံဆိုးမ သွားလေရာ မိုးလိုက်လို့ ရွာ" ဆိုသော စကားကဲ့သို့ ဖြစ်နေသည်။ သူတွင်မဟုတ်၊ သူတို့ ကွမ်းထမ်းသမား လေးဦးစလုံး ဖမ်းဆီး ချုပ်နှောင်ခြင်း ခံနေကြရသည်။

အခြား ဟုတ်ပါရိုးလား၊ ဦးသာဖောင်နှင့် ဒေါ်ရွှေယာတို့ လုယက်ခြင်း ခံရစဉ်က လုယက်သူ လူဆိုးများက "ကျုပ်တို့ကို ဘသူ အောင်ကမေ့နေတုံး။ ငွေးချို့ရွာက ကွမ်းထမ်းသမားတွေဗျ" ဟူ၍ ပြောဆိုခဲ့သော စကားများအရ ထိုကွမ်းထမ်းသမားများကို ဖမ်းဆီး ချုပ်နှောင်ထားခြင်း ဖြစ်ပါသည်။

ထို့ပြင်လည်း ဦးသာဖောင်တို့ ထွက်ဆိုသော စကားအတိုင်းပင် ဦးသာဖောင်တို့ ဦးလူမင်းအိမ်၌ ငွေချေးနေကြစဉ်က သိုက်ထွန်းတို့ လူတစ်စုသည် အမှန်ပင် ငွေးချို့ရွာတွင်း၌ ရှိနေကြပါသည်။ လမ်းကြုံ၍ မိမိတို့ အိမ်သို့ ခေတ္တခဏ ဝင်ရောက်ကြခြင်း ဖြစ်ပါသည်။ ပြီး ဦးသာဖောင်တို့ ရွာတောင်တံခါးမှ မထွက်ကြမီကလေးမှာပင် ယင်းတို့ လေးယောက်က ဦးစွာ ထွက်နှင့်ကြသည်။ သည်သို့ ရှေ့ဆင့်နောက်ဆင့် ထွက်ကြပုံကို တွေ့မြင်ရသူ သက်သေများလည်း ရှိသည်။ ဤနေရာ၌ လူပြိန်းတွေး တွေးလျှင် "ဆင်ခြေရာနှင့် ပြောင်းခင်း တန်းနေသည်" ဟု ဆိုဖို့ရှိသည်။ ပုလိပ်ကလည်း ထိုအတိုင်း တွေးပုံရသည်။ ထိုအထဲ အဆင်းတွန်းသူများလည်း ရှိပြန်သေးရာ နောက်ဆုံး "မြေနိမ့်ရာ လှံစိုက်" ဆိုသော စကားလိုရောက်သမျှ ဘေးဒဏ် သူတို့လေးဦးက ခံလိုက်ရခြင်း ဖြစ်သည်။

ဥပဒေအရဆိုလျှင် အချုပ်သားတစ်ဦးကို သက်သေသာကေနှင့်

တကွ အကြောင်းပြ မခိုင်လုံဘဲဖြင့် ရမန်နှစ်ပတ် သို့မဟုတ် ဆယ့်ငါးရက် ထက် ပို၍ ချုပ်မထားရပါ။ ယခုလည်း လုယက်သူတို့က လိုးလွဲပြောသွားသည့် စကားများကို ကာယကံရှင်တို့က ဟုတ်တိုင်းမှန်ရာ ထွက်ဆိုကြသည်နှင့် ရွာတံခါးမှ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်ကို မြင်၍ မြင်ကြောင်း ထွက်ဆိုကြသည်မှတစ်ပါး အခြား ဥပဒေဘောင်ဝင်သော သက်သေခံ အထောက်အထားများနှင့် မျက်မြင်သက်သေဟူ၍ ပုလိပ်က တင်ပြခြင်း မပြုနိုင်ပါဘဲဖြင့် ဆယ့်ငါးရက်ကျော်ရုံမက၍ တစ်လပင် ပြည့်နေပြီ ယနေ့ထက်တိုင် မလွှတ်သေးပါ။ မလွှတ်သည့်အပြင် ပုလိပ်က ခဏခဏ နှိပ်စက်ညှဉ်းပန်းခြင်းပြုပြီး မဟုတ် ဟုတ်၊ ဟုတ်သည်ဟု ဝန်ခံခိုင်းနေကြောင်း သိရပါသည်။

ယင်းမှာလည်း အားလုံး လူများကို မဟုတ်၊ သိုက်ထွန်း တစ်ဦးကိုသာ မဲ၍ နှိပ်စက်နေကြသည်။ သိုက်ထွန်းမှာ နှိပ်စက်လွန်းအားကြီး၍ လူရုပ်နှင့်ပင် မတူတော့ဟု ကြားသိရသည်။ သို့ ကြားရလေလေ မိခင်နှင့် နှမတို့အဖို့ ရင်ထုမနာ ဖြစ်နေကြသည်မှာ မုချပင်။

ထိုလေးယောက်အနက်မှ ရောင်းမင ရွာသားများ ဖြစ်ကြသော ကြွက်သိုးနှင့် ကြာဖုံတို့ကိုမူ ပုလိပ်က ငွေပေးလျှင် ကွင်းလုံးကျွတ် လွှတ်မည်၊ တစ်ယောက်အတွက် ငွေငါးဆယ် ပေးရမည်ဟု ဆိုသည်။ သို့သော် ကြွက်သိုးနှင့် ကြာဖုံတို့အနေဖြင့် ငါးဆယ်မဆိုထားနှင့်၊ ငါးပြားပင် ပေးစရာ မရှိ၍ မလွှတ်ဟု သိရသည်။

ထိုချုပ်နှောင်ထားသည့် ရက်များအတွင်း သိုက်ထွန်း၏မိခင် ဒေါ်ငြိမ်းလှ တို့သည် လည်းကောင်း၊ အခြားသူများ၏ ဆွေမျိုးသားချင်းနှင့် အိမ်သူအိမ်သားတို့သည် လည်းကောင်း ယင်းမျှ ဝေးလံသောခရီးကို နေ့စဉ် လာရောက်နိုင်ကြသည် မဟုတ်ပါ။ ငါးရက်ဈေးနေ့များမှပင် လာသည့်အခါမှ လာနိုင်ကြပါသည်။ သာဩ၏မိဘများဆိုလျှင် လူခွဲကလည်း မရှိ၊ မိခင်ဖြစ်သူမှာ မျက်စိနှစ်ကွင်း အလင်းမရသဖြင့် ဘယ်လိုမှ မသွားနိုင်။ ဖခင်မှာ သူတစ်ပါး၏ နွားများကို အငှားကျောင်းနေရသဖြင့် ဘယ်ကိုမှ သွားခွင့်မရ ဖြစ်နေရာ သားထံသို့ တစ်ကြိမ်တစ်ခါသာ လာဖူးပြီး နောက်ထပ်၍ မလာနိုင်ရှာပါ။

ဒေါ်ငြိမ်းလှတို့ လာရောက်ခဲ့သဖြင့်လည်း ရှေးဦးဆုံးအကြိမ်သာပင် သားနှင့် တွေ့ခွင့်လည်းရ၊ ထမင်းထုပ်လည်း ပေးနိုင်ပြီး ယခုတစ်ကြိမ် အပါအဝင် နောက်ထပ် လာရောက်သမျှ အခေါက်တိုင်းတွင်း လူကိုလည်း တွေ့ခွင့်မရ၊ ထမင်းထုပ်လည်း မပေးကြရပါ။ ရှေးဦးဆုံးအကြိမ်က တွေ့ခွင့်ရသည်မှာလည်း အခြားကြောင့်မဟုတ်၊ ဝါးကြီးအိုင်ရွာမှ ကိုသော်က ပါလာ၍ ဖြစ်သည်။

ဒေါ်ငြိမ်းလှက သားဖြစ်သူ အဖမ်းခံရလျှင် ခံရချင်း ဘယ်သို့မျှ မကြံစည်တတ်သည့်အဆုံး ဝါးကြီးအိုင်၌ ရှိနေသော တူ ဦးပဍ္ဍင်းထံသို့ ပြေးသည်။ ဦးပဍ္ဍင်းကလည်း ဘုန်းကြီးတန်မယ့်ဖြင့် အစိုးရဘက်သား များကို အောက်ကျနောက်ကျခံ၍ စကားမပြောလို။ ကိုသော်က တစ်ဆိတ် လိုက်သွားပါဆိုသဖြင့် ကိုသော်ကကလည်း သိုက်ထွန်းအပေါ် ခင်မင်ရင်းစွဲ ရှိနေရာ မငြင်းမဆန် လိုက်၍ ဆောင်ရွက်ခဲ့ပါသည်။

သို့သော် ငွေးချို့ရွာနှင့် ဝါးကြီးအိုင်ရွာမှာ "မယ်တစ်ရွာ မောင် တစ်မြို့" ဆိုသလို အတန်ငယ် ကမ်းလှမ်းနေရာ အချိန်တိုင်း အခါတိုင်း တိုင်ပင်ခြင်း မပြုနိုင်ပါ။ ထိုထက် ငွေးချို့ရွာနှင့် အစိုးရဂါတ်ရှိသော မြို့သစ် မြို့သည် လည်းကောင်း၊ ဝါးကြီးအိုင်ရွာနှင့် မြို့သစ်မြို့သည် လည်းကောင်း အထူးဝေးကွာလျက်ရှိနေရာ ဒေါ်ငြိမ်းလှအနေဖြင့် ကိစ္စကြီးငယ်ရှိတိုင်း ကိုသော်ကကို အကြောင်းမကြားဘဲ သားအမိနှစ်ယောက်ထဲသာ သွား ခဲ့ပါသည်။ သို့ သွားတိုင်း သွားတိုင်းပင် သိုက်ထွန်းကို မတွေ့ခဲ့ရပါ။ ယူသွားသောထမင်းထုပ်ကိုမူ လက်ခံသည့်အခါ လက်ခံ၍ တစ်ခါတစ်ရံ လက်မခံဘဲ ပြန်ပေးလိုက်သည်။ ယနေ့လည်း ကိုသော်က လိုက်လာမည် ဆိုသဖြင့် ဂါတ်တဲက ပါလာသော ထမင်းထုပ်ကို လက်မခံသည့်အဆုံး ဂါတ်တဲအနီးမှ ဇရပ်ပေါ်သို့ တက်၍ ကိုသော်က အလာကို စောင့်ဆိုင်း နေကြသည်။ သူတို့သားအမိက မြို့ဘက်သို့ မကြာမကြာ ကြည့်ရှုနေကြ ခြင်းမှာ ကိုသော်ကကို စောင့်မျှော် ကြည့်ရှုနေကြခြင်း ဖြစ်ပါသည်။

ဂါတ်နှင့် အချုပ်ထောင်သည် မြို့ပြင် မြို့မြောက်ဘက်၌ သီးခြား ရှိနေရာ၊ မြို့တွင်းမှ ထိုဂါတ်တန်းလျားသို့ လာသူများ ဇရပ်အနီးမှပင် ဖြတ်သန်း သွားကြရပါသည်။

ဇရပ်သည် မြို့ဘက်သို့ သွားရာလမ်း၊ ဂါတ်တန်းလျားများသို့ သွားရာလမ်း၊ မြို့ပြင်မှ ဖြတ်သွားသော တောင်မြောက် ပေတစ်ရာလမ်းမကြီးတို့၏ ပေါင်းဆုံရာနေရာ အလယ်ဗဟိုတွင် ရှိနေသဖြင့် မြို့နှင့် ဂါတ်တန်းလျား ကူးသန်းသွားလာသမျှ လူအပေါင်း၊ ပေတစ်ရာ လမ်းမကြီးပေါ်သို့ လှုပ်ရှားသွားလာနေကြသော ရဟန်းရှင်လူအပေါင်း ဒေါ်ငြိမ်းလှနှင့် ဖွားစိန်မတို့အား မကြည့်သူဟူ၍ မရှိ။ ကြည့်ရှု အကဲခတ်သွားကြသည်ချည်းပင်။ ဒေါ်ငြိမ်းလှတို့ သားအမိမှာကား ထိုလူများကို ကြည့်ရှုနိုင်ကြဖို့ဝေးစွ၊ သားနှင့် အစ်ကိုဖြစ်သူအတွက် ပူဆွေးဒုက္ခရောက်နေကြသဖြင့် မိမိတို့၏ ရှေ့တည့်တည့်မှ ဖြတ်သန်းသွားသူများကိုပင် ကြည့်မြင်ကောင်းမှ ကြည့်မြင်မိကြလိမ့်မည် ထင်ပါသည်။

ထိုစကား အမှန်ပင် ဖြစ်သည်။ ဒေါ်ငြိမ်းလှနှင့် ဖွားစိန်မတို့မှာ တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်ပင် ထိုင်နေကြသည်။ သို့ဖြစ်လျက် ဒေါ်ငြိမ်းလှသည် တစ်နေရာတည်း၊ တစ်ခုတည်းကိုသာ အာရုံစိုက်နေမိသဖြင့် ဖွားစိန်မ ပြောစကားများကို စိတ်ထဲမှ ကြားယောင်မိသကဲ့သို့ ရှိသော်လည်း ဘာပြောသည်ဟူ၍ လုံးဝ နားမလည်ဘဲ ရှိနေရာ၊ ဖွားစိန်မအား လှည့်ကြည့်ရုံသာ လှည့်ကြည့်ပြီး ဘာမှ ပြန်မပြောဘဲ ယခင်အတိုင်း ငေးမောမြဲ ငေးမောနေပါသည်။ နောက်ထပ် ဖွားစိန်မက–

'ဟုတ်လား အမေ၊ ကျုပ်တို့ ဒီအတိုင်း ထိုင်စောင့်နေလို့တော့ ဘာမှ အကြောင်းမထူးဘူး ထင်တယ်။ ဗိုလ်ကြီးအိမ် ရှာပြီး ဗိုလ်ကြီးက တစ်ဆင့် အပေးခိုင်းရရင် မကောင်းဘူးလား' ဟု ပြောသည်တွင်မှ နားဝေဘိမ်တောင် အမူအရာဖြင့်–

'ဗိုလ်ကြီး ဘာဖြစ်တယ်၊ ဘယ်မှာသွားပြီး ဗိုလ်ကြီးအိမ်ရှာမှာတုံး၊ သူ့ကို ဘာအပေးခိုင်းမှာတုံး'

'အို.... အမေကလည်း၊ ကျုပ် စောစောက ပြောတာ မကြားဘူးနဲ့ တူတယ်။ ကျုပ်တို့မှာ ကိုယ်တိုင်လည်း ထမင်းသွားပေးလို့ မရဘူး။ ဒီလောက်ကြာရင် မောင်ကြီးလည်း ဆာလှရော့မယ်။ ကျုပ်တို့အိမ် ပစ္စည်းလာရှာတဲ့ ဗိုလ်ကြီးဆိုတာ ဒီဂါတ်တန်းမှာပဲ နေတယ်လို့ပြောတယ်။ သူ့အိမ်

သွားပြီး ထမင်းထုပ်ကို သူ့အပေးခိုင်းရ မကောင်းဘူးလား။ ရှိခိုး တောင်းပန်ရ တောင်းပန်ရပေါ့ အမေရယ်'

'အလို မလုပ်ပါနဲ့ မိန်းကလေးရယ်၊ ဒီဗိုလ်ကြီးက အမှုဖမ်းတဲ့ ဗိုလ်ကြီး။ ခင်ဗျားတို့လည်း အလိုတူ အလိုပါဆိုပြီး မတော်တဆ အမေတို့ပါ ဖမ်းချုပ်ထားမှဖြင့် သားအမိတစ်တွေလုံး အချုပ်ထောင်ထဲ ရောက်နေကြ ပါဦးမယ်'

'ကျုပ်တို့မှ ဘာမှ မလုပ်ဘဲ၊ ကျုပ်တို့ကို ဘာပြုလို့ ဖမ်းချုပ်ရမှာတုံး အမေရဲ့'

'မလုပ် လုပ်၊ အစိုးရဘက်သားဆိုတာက သူတို့စိတ်က မထင်ရင် မထင်သလို ဖမ်းချုပ်တတ်တာ။ တခြားမကြည့်ပါနဲ့၊ ညည့်မောင်ကြီး ကြည့် ပါလား။ သူလည်း မဟုတ်ရဘဲနှင့် သူ့ကို ဖမ်းချုပ်ကြတာ၊ နေပလေစေပါ အေ၊ တော်ကြာ မောင်သော်က ပေါက်လာမှာပါ။ မောင်သော်က ရောက် လာမှ သူ့ဘာသာ သူ စီစဉ်ပါလိမ့်မယ်'

ဒေါ်ငြိမ်းလှသည် သီပေါမင်း ပါတော်မူ ခေတ်ကာလပျက်ချိန်ကို ကောင်းကောင်း မီလိုက်သူ ဖြစ်သည်။ ထိုကာလပျက်စဉ်က ကုလားဖြူ ကုလားမည်းနှင့် အစိုးရဘက်သားဆိုသူများက သောင်းကျန်းချင်တိုင်း သောင်း ကျန်းခဲ့ကြသည်။ တိုင်းသူပြည်သား လူအများတို့အား နှိပ်စက်ချင်တိုင်း နှိပ်စက်ခဲ့ကြသည်။ လူတစ်ယောက် အပြစ်တစ်စုံတစ်ရာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဖမ်းချုပ်ချင်က ဖမ်းချုပ်သည်။ နှိပ်စက်ကလူပြုချင်က ပြုသည်။ သတ်ချင်လျှင်လည်း လူရင့်မာကြီးကို ကြက်တစ်ကောင်၊ ငှက် တစ်ကောင် သတ်သကဲ့သို့ လွယ်လွယ်ကူကူပင် သတ်လိုက်တတ်ကြသည်။ မလိုသူ တစ်ဦးက သူ မလိုလျှင် မလိုသလို သွားရောက် ကုန်းချောလျှင် လည်း အစစ်အဆေး အမေးအမြန်းမရှိ၊ ထိုအတိုင်း ပြုလုပ်တတ်ကြသည်။

ယင်းတို့ကို ဒေါ်ငြိမ်းလှက ကိုယ်တိုင် တွေ့ဖူး မြင်ဖူး၊ ကြုံဖူးခဲ့ရ သည်။ သို့အတွက် ဒေါ်ငြိမ်းလှခမျာ ကုလားဖြူအစိုးရ သို့မဟုတ် အင်္ဂလိပ် အစိုးရနှင့် အစိုးရဘက်သားများဆိုလျှင် အလိုလိုနေရင်း လန့်နေသည်။ ထိတ်ကြောက် စိုးရွံ့နေသည်။ တကယ်တော့ ဒေါ်ငြိမ်းလှ လန့်မည်ဆိုလည်း လန့်စရာပါပေ။ ယခုကော ထိုခေတ် ထိုအခါနှင့် ဘာထူးသေးသနည်း။

မိမိတို့ကိုယ်တိုင်၊ မိမိသားကိုယ်တိုင် မဟုတ်သည်ကို အဟုတ်၊ မလုသည်ကို အလုဟူ၍ စွဲဆိုခြင်း ခံနေရပြီ မဟုတ်လော။

ဒေါ်ငြိမ်းလှမှာ တကယ်ကြောက်သည့် အမူအရာ ပေါ်နေပါသည်။ ဂါတ်တန်းသို့ သွားရောက် စုံစမ်းဖို့ မပြောနှင့်၊ ပုလိပ်အဝတ်အစား ဝတ်ထားသူများ မိမိတို့အပါးမှ ဖြတ်သန်းသွားသည်ကို တွေ့ရလျှင်ပင် ဖိမ့်ဖိမ့်တုန်နေတတ်ပါသည်။ သားဖြစ်၍၊ သားကို အင်မတိ အင်မတန် ချစ်၍သာ မလွှဲသာဘဲ ယခုကဲ့သို့ အစိုးရဘက်သားများရှိရာသို့ ဇွတ်မှိတ်လာရခြင်းဖြစ်သည်။ သူ့အနေဖြင့် ပုလိပ်သားများကို ကြည့်လည်း မကြည့်လို၊ မြင်လည်း မမြင်လိုပါ။ ဖွားစိန်မလည်း သူ့မိခင်ကို နောက်ထပ်၍ ပြောကြည့်ပါသေးသည်။ ပြော၍ မရသည့်အဆုံး လက်လျှော့လိုက်ရပါသည်။

'ပြောရင်းဆိုရင်း ဟောဟိုမယ် ဗိုလ်ကြီး လာပြီ အမေ၊ အမေအသာသာနေ၊ ဘာမှမပြောနဲ့၊ ကျုပ် ပြောမယ်တော်'

'ဖြစ်ပါ့မလား မိန်းကလေးရယ်'

ပြောပြီး ဒေါ်ငြိမ်းလှမှာ ဗိုလ်ကြီး လာသည်ဆိုသောအရပ်သို့ မကြည့်၊ ဘယ်သို့မျှလည်း မကြည့်ဘဲဖြင့် ဦးခေါင်းကို ငုံ့ထားလိုက်သည်။ ဦးခေါင်းငုံ့ထားရင်းလည်း ဘယ်ပုံဘယ်နည်း ဝမ်းနည်းနေမိမှန်း မသိ။ မျက်လုံးအိမ်များထဲမှ မျက်ရည်များ တွေတွေ စီးကျလာသည်။

'ဖြစ်ပါတယ် အမေ၊ မောင်ကြီး ခဏခဏပြောဖူးသားပဲ။ လူဆိုတာ မသေဝံ့ စွန့်ရတယ်တဲ့။ ခုလည်း ဒီလိုပဲ စွန့်စားရမှာပေါ့။ ဟော လာတာမှ ဗိုလ်ကြီးတစ်ယောက်တည်း မှတ်ဖူး အမေရဲ့။ ဝါးကြီးအိုင်က မောင်ကြီးနဲ့ ရန်ဖြစ်တယ်ဆိုတဲ့ ကိုငထွား ဆိုတာလည်း ပါတယ်။ ပြီးတော့ ကိုကျော်ဇောကြီးလည်း ပါလာတယ်'

'ဘယ်ကျော်ဇောတုံး၊ ဒို့မောင်ရင် လူမင်းသား ကျော်ဇောလား'

'ဟုတ်တယ် အမေ'

'အင်း သူတို့က ဘာပြုလို့များ လိုက်လာကြတာတုံး မပြောတတ်ဘူး၊ လာစေချင်သူ မောင်သော်ကကျတော့ မလာ၊ မလာစေချင်သူတွေက ရောက်လာနေတာကိုး'

ဟုတ်သည်။ ဒေါ်ငြိမ်းလှ ကြောက်သည့်အထဲတွင် အစိုးရဘက်သား

ပုလိပ်အဝတ်အစား ဝတ်သူများချည်း မဟုတ်။ ငထွားတို့လို မိဘက သူကြီးဖြစ်ပြီး အစိုးရနှင့် နီးစပ်သူ၊ ကျော်ဇောတို့လို ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝလျက် အစိုးရဘက်သားများနှင့် ပေါင်းဖော် ဝင်ဆံ့နေသူတို့လည်း ပါသည်။ အာဏာရှိသူများထက် ထိုအာဏာရှိသူတို့အပါးတွင် ကပ်မြှောင်ကပ်ပါးလုပ်သူတို့က ပို၍ အာဏာပြတတ်ကြသည်အား ဒေါငြိမ်းလှ၏ ဘဝသက်တမ်းတစ်လျှောက် တွေ့ဖူးကြုံဖူး များခဲ့လှပြီ ဖြစ်သည်။

ကျော်ဇောသည် ယခုတလော ပို၍ အစိုးရဘက်သားများနှင့် အတွဲများသည်။ မြို့တက် တွဲလိုက်၊ မြို့က အစိုးရဘက်သားများကို ရွာသို့ ခေါ်လာလိုက်၊ ပြီး အစိုးရဘက်သားချည်း မဟုတ်။ ငထွားထံသို့လည်း သွားသည်။ ငထွားလည်း ငွေးချိုသို့ ခဏခဏ လာလည်သည်။ ယင်းတို့ကို ဒေါငြိမ်းလှ ကိုယ်တိုင် မြင်တွေ့ရ၍ မဟုတ်။ သူပြောလူပြော ကြားရသည်။ သို့ ကြားရကတည်းက ကျော်ဇောကို အလိုလိုနေရင်း ရွံနေသည်။ သိုက်ထွန်းအဖမ်းခံရပြီးမှဆိုလျှင် ဘယ်အကြောင်းကြောင့်ဟူ၍ မဆိုနိုင်။ ဒေါငြိမ်းလှသည် ကျော်ဇောကို ရွံ့လည်း ရွံ့သည်၊ ပို၍လည်း ကြောက်လာသည်။

ဒေါငြိမ်းလှ မတွေ့လိုသူများက ဒေါငြိမ်းလှတို့ထံ ဦးတည်လာနေကြပြီ။ ဟုတ်သည်၊ ယင်းတို့ သုံးဦးသည် ဂါတ်တန်းသို့ သွားရာလမ်းအတိုင်း မသွားကြမူဘဲ ဒေါငြိမ်းလှတို့ သားအမိနှစ်ဦး ထိုင်နေကြရာ ဇရပ်ဆီသို့ ဦးတိုက်လာနေကြသည်။ ယင်းတို့၏ ပုံပန်းလက္ခဏာကို ကြည့်ရခြင်းဖြင့် ယင်းတို့သည် ဘုံဆိုင်၊ သို့မဟုတ် တစ်နေရာရာမှ သောက်စားမူးယစ်လာကြဟန် တူပါသည်။ ယင်းတို့၏ ခြေလှမ်းများမှာ ဟိုတစ်ချက်၊ သည်တစ်ချက် သိုင်းကွက်နင်းလာကြသည်။ မျက်နှာများသည်လည်း ဘီလူးသဘက်တို့၏ မျက်နှာများလို အသားနီစပ်စပ်၊ မျက်ထောင့်ကွက်နီကြီးများဖြင့် ကြောက်စရာပင် ကောင်းပြန်သေးသည်။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ မူလက ဗိုလ်ကြီးကို သွားရှာမည်၊ ဗိုလ်ကြီးကတစ်ဆင့် မောင်ကြီးဖြစ်သူကို ထမင်းထုပ် အပေးခိုင်းမည်ဟု ကြံစည် စိတ်ကူးထားသော ဖွားစိန်မသည်ပင် ယင်းကြံစည် စိတ်ကူးချက်များ လွင့်ပျောက်ကုန်ပြီး ထိတ်လန့် ကြောက်ရွံ့နေမိပါသည်။

'ဒီအမယ်ကြီး သားအမိ ဘာလာလုပ်ကြတာတုံး၊ ဒီမှာ ဘယ်တုန်းက ရောက်နေတုံး'

ဇရပ်ခါးပန်း အနီးသို့ ပထမဆုံး ချဉ်းကပ်လာသူ၊ သူတို့အခေါ် ဗိုလ်ကြီးဆိုသူက စတင် မေးမြန်းလိုက်ခြင်း ဖြစ်ပါသည်။ သူသည် စင်စစ် ဗိုလ်ကြီး မဟုတ်ပါ။ စာစဉ်ခေါ် စာသင်တစ်ယောက်မျှ ဖြစ်ပါသည်။ သို့သော် သူ့ကို အရပ်သားတို့က ဗိုလ်ကြီးဟု အခေါ် များပါသည်။ တောရွာသူ တောရွာသားများကမူ ဗိုလ်ကြီး ခေါ်ရုံသာ မဟုတ်သေး၊ ဘုရားပင် ထူးကြပါသည်။

ဒေါ်ငြိမ်းလှနှင့် ဖွားစိန်မတို့ကမူ ကိုသော်ကက မှာကြားထားသဖြင့် ဘုရားတော့ မထူးပါ။ အခြားနည်းဖြင့်သာ ရိုသေ ကိုင်းရှိုင်းခြင်း ပြုကြပါသည်။ သို့သော် ယခု စာသင်ကြီးက ငေါက်သံနှင့် မေးလိုက်သောအခါ နှစ်ယောက်စလုံး ကြောက်ဒူးတုန်ပြီး ဘာပြန်ပြောရမှန်း မသိဘဲ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေကြပါသည်။ ဤတွင် ကျော်ဇောက ကြားဝင်၍–

'ဟဲ့ ဖွားစိန်မ ပြောလိုက်လေ၊ နင်တို့ ဘယ်အချိန်က ရောက်ကြတုံး၊ နင်တို့အမှုက ဒီဗိုလ်ကြီးလက်ထဲမှာ ရှိတာ၊ ဘာမဆို ဒီဗိုလ်ကြီး ပြီးရင် ပြီးနိုင်တယ်'

'ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်မတို့ ရောက်နေတာ ကြာပါပြီ။ မောင်ကြီးနဲ့ တွေ့ချင်လို့၊ မောင်ကြီး စားဖို့လည်း ထမင်းထုပ် ပေးချင်လို့ လာခဲ့ကြတာပါ။ ဒါပေမဲ့ ဒီဂါတ်တဲရောက်တော့ အချုပ်သားဆိုတာ ဒီလို တွေ့ချင်တိုင်း တွေ့လို့၊ ကျွေးချင်တာ ကျွေးလို့ရတာမျိုး မှုတ်ဖူးတဲ့။ သူတို့မှာ အပြစ်ရှိလို့ ချုပ်ထားတာ မတွေ့ရဘူး။ မတွေ့ရရုံတွင် မှုတ်ဘူး၊ ကျွေးလည်း မကျွေးရဘူး တဲ့'

'ဩော်.... သူတို့က ဂါတ်တောင် ရောက်ပြီးကြပြီကိုး။ တယ်လည်း စွမ်းရည်သတ္တိ ရှိလိုက်ကြပါကလား။ ဘယ်သူက လိုက်ပို့သေးတုံး၊ နင်တို့ သားအမိချည်း သွားကြသလား'

'ကျွန်ုပ်တို့မှာ ဘယ်သူမှ အားကိုးအားထား မရှိပါဘူး ဗိုလ်ကြီးရယ်၊ စွမ်းရည်သတ္တိဆိုလို့လည်း ဘာတစ်ခုမှ မရှိပါဘူး။ ဒါပေမဲ့ သားလေး ကံမကောင်း အကြောင်းမလှလို့၊ ဒီလို မင်းပြစ်မင်းဒဏ် ခံနေရတယ်ဆိုတော့

အင်မတန်မှ သနားလွန်းလို့၊ တွေ့လည်း တွေ့ချင်လွန်းလို့ အရဲစွန့်ပြီး လာခဲ့ကြရတာပါ။ ကျွန်ုပ်တို့ကို သနားသဖြင့် ဗိုလ်ကြီးက ထမင်းထုပ်ကလေးတော့ ပေးခွင့်ပြုစေချင်ပါတယ်'

ဒေါ်ငြိမ်းလှမှာ အစိုးရဘက်သားဆိုလျှင် အထူးကြောက်ရွံ့တတ်လေ့ရှိသော်လည်း ဤတစ်ခါ သားအတွက်ဖြစ်၍ စွန့်စားပြောရဟန် တူသည်။ စကားပြော၍အပြီး မျက်ရည်များ မဆည်နိုင်အောင် စီးကျလာပြန်လေရာ၊ ဒေါ်ငြိမ်းလှမှာ ထိုစီးကျလာသော မျက်ရည်စများကို ပခုံးစွန်းရှိ တဘက်စဖြင့် သုတ်လိမ်းရပြန်လေသည်။ ထိုအခိုက် ကျော်ဇောသည် ဘယ်လိုအကြောင်းရှိလေသည် မသိ၊ စာသင်ကြီးအား မျက်စိမှိတ်ပြလိုက်သည်။

'စိတ်ချနေ အမယ်ကြီး၊ ခင်ဗျားသားကတော့ ထောင်ဆယ်နှစ်ထက်မနည်း ကျမှာပဲ'

ငထွားက ဝင်ရောက်ပြောဆိုခြင်း ဖြစ်ပါသည်။ ငထွားသည် ကစားသမား၊ အပျော်သမား၊ အသောက်သမား စုံနေသူဖြစ်ရာ ယခုလည်း သူများတကာထက် မူးနေဟန်တူပါသည်။ အများတကာနည်းတူ ဇရပ်အောက်မှနေ၍ ဇရပ်ခါးပန်းကို ကိုင်ကာ မတ်တတ်ရပ်နေရသည်ပင် တစ်ချက်တစ်ချက်ဖွားစိန်မထံသို့ မျက်လုံးပြူးကြီးများဖြင့် စိုက်၍ စိုက်၍ ကြည့်တတ်သည်မှအပ ဘယ်ကိုမျှ မကြည့်။ ဟိုယိုင် သည်ထိုး ဖြစ်နေသည်။ စကားပြောသည်ပင် အာလေးသံကြီးဖြင့် ခပ်ဝါးတားတား ပြောခြင်း ဖြစ်သည်။

'ဟေ့ ကိုထွား၊ ခင်ဗျား ဘာတွေ လျှောက်ပြောနေတာတုံး၊ ကိုယ်နဲ့မဆိုင်ရင် မဆိုင်သလို နေဗျာ၊ ကျုပ်ကိစ္စထဲ ဝင်မရှုပ်နဲ့'

'ဟုတ်ကဲ့ ဗိုလ်ကြီး၊ ကျွန်တော်မျိုး နောက်မပြောတော့ပါဘူး။ နောက်ပြောရင် ဗိုလ်ကြီး စီးထားတဲ့ ဖိနပ်ကို ချီးသုတ်ပြီး ဟောဒီးပါး ချပါ'

'ဒါဖြင့် အသာနေ၊ ဘာစကားမှ ဝင်မပြောနဲ့'

ငထွားက မပြောရုံတွင်မဟုတ်၊ အခြားတစ်နေရာသို့ပင် ရွှေ့သွားလိုက်သေးသည်။

'ဒီမှာ အမယ်ကြီး၊ ထုံးစံကတော့ တရားခံဆိုတာ အပြင်လူနဲ့ တွေ့လည်း မတွေ့ရဘူး၊ ဘာမှလည်း မပေးရဘူး၊ မကျွေးရဘူးပဲ။ ဒါပေမဲ့ ဒီအမှုက ကျုပ်လက်ထဲမှာ၊ ကျုပ်ကိုင်တဲ့အမှု၊နောက်ဆုံး တစ်နေ့ ကျုပ် လွှတ်

ပစ်မယ်ဆိုရင်တောင် လွှတ်ပစ်လို့ရတယ်။ အခုတော့ မလွှတ်နိုင်သေးဘူး။ နောင်တစ်နေ့ ဟုတ်ဟုတ် မဟုတ်ဟုတ် ကျုပ် လွှတ်ချင်ရင် လွှတ်ပစ်မှာပဲ'

'မဟုတ်တာကတော့ အမှန်ပါ ဗိုလ်ကြီးရယ်၊ သူတွင်မကဘူး၊ ကျွန်ုပ်တို့ သားအမိတစ်တွေ အကုန်လုံး ကျမ်းကိုင်ဆိုရင် ကျမ်းကိုင်ပြောဝံ့ပါတယ်'

'ဟာ... အမယ်ကြီးကပါ လက်ဆုပ်လက်ကိုင် မိလျက်နဲ့ မုန်လာဥ လုပ်ပြန်ပါပြီ။ အမှုရှင်ကိုယ်တိုင်က သူတို့ပါလို့ ထွက်ထားတဲ့ဥစ္စာ၊ ခင်ဗျားတို့က ဘယ်လို လိမ်ချင် လိမ်ချင် မရဘူးဗျ။ ပြီးတော့ ဒီအမှုက ခိုးမှုတို့ ဘာတို့လို ပေါ့ပေါ့အမှု မှုတ်ဘူး။ ပုဒ်မ ၃၉၂ နဲ့ စွဲထားတဲ့ လုယက်မှုဗျ၊ သိလား။ လုယက်မှုဆိုတာက ထောင်ဆယ်နှစ်လောက်တော့ အေးအေးလေး ကျနိုင်တယ်၊ သိလား'

ထောင်ဆယ်နှစ် ဆိုကတည်းက သားအမိနှစ်ယောက် မျက်လုံးပြူးကုန်ကြသည်။ အထူးသဖြင့် ဒေါ်ငြိမ်းလှမှာ မျက်လုံးပြူးရုံမျှမဟုတ်၊ ပြူးနေသော မျက်လုံးအစုံ၌ မျက်ရည်များပင် ရစ်ဝိုင်းလာပြန်သည်။ နားထဲတွင်လည်း "ထောင်ဆယ်နှစ်၊ ထောင်ဆယ်နှစ်၊ ထောင်ဆယ်နှစ်" ဟူသော ကြောက်မက်ဖွယ် အသံများ ထပ်မနား ဝင်လာကြသည်ဟု အောက်မေ့နေမိသေးသည်။ ထိုနောက် စာသင်ကြီးသည် သားအမိနှစ်ယောက်စလုံး သည်းထိတ်ရင်ဖို ဖြစ်သွားကြသည်ကို နှစ်ခြိုက်အားရဟန် လက္ခဏာဖြင့် "ဟဲ... ဟဲ" ဟု ရယ်လိုက်ပါသည်။ ပြီးမှ–

'ဟဲ.... ဟဲ ဒါပေမဲ့ ခု နင်က ကျုပ်ပြောထားဘိ မှုတ်လား၊ ဒီအမှု ကျုပ်လက်ထဲမှာ ရှိနေတယ်လို့'

စာသင်ကြီးသည် ပြောမည့်စကားကို ဆက်လက် ပြောဆိုခြင်း မပြုသေးဘဲ သူ၏ မျက်စိရှေ့မှောက် ဇရပ်ကြမ်းပြင်ပေါ်တွင် ကျုံ့ကျုံ့ကလေး သနားစဖွယ် ထိုင်နေသော ဖွားစိန်မအား မိမိ၏ရှေ့မှောက်သို့ အလိုအလျောက် ရောက်ရှိနေသော သားကောင်ကို အာသာငမ်းငမ်း ကြည့်၍နေသော ကျားရဲကြီး တစ်ကောင်အလား ဝါးမျိုကိုက်ခဲတော့မည့်ဟန်မျိုးဖြင့် ကြည့်ရှုနေပြန်ပါသည်။

ဖွားစိန်မသည် သူ့မောင်ကြီး သိုက်ထွန်းနှင့်စာလျှင် မိန်းမသား တစ်ဦးလည်း ဖြစ်နေပြန်၍ အတန်ငယ် အရပ်ပုသယောင် ရှိသော်လည်း

သိုက်ထွန်းကဲ့သို့ပင် အသားဖြူသည်၊ မျက်လုံးမျက်ဖန်ကောင်းသည်၊ နှာတံပေါ်သည်ဖြစ်၍ အသက်အရွယ်နှင့်လိုက်အောင် အတော်ကလေး ကြည့်ကောင်းပါသည်။ ပုပုတိုက်တိုက်ဖြစ်၍ပင် တစ်တုံးတစ်ခဲဖြင့် ပို၍ ချစ်စရာကောင်းနေပြန်သည်။ သူသည် နေပူစပ်ခါးမရှောင် သွားလာလှုပ်ရှားနေရသော ဆင်းရဲသူမကလေးတစ်ဦး ဖြစ်၍လားမသိ၊ ဖောင်းမို့နေသော ပါးစုံကလေး နှစ်ဖက်တို့မှာ နီရဲပြီး အထူးချစ်စရာကောင်းလှပါသည်။ အားလုံးသော ယောက်ျားသားတို့အား ဆွဲဆောင်နိုင်စွမ်း အရှိဆုံးမှာကား အသားအရေ ပြည့်ဖြိုးသည့်အလျောက် မောက်ကြွနေသော ရင်အစုံပင် ဖြစ်သည်။

ဤနေရာတွင် ဖွားစိန်မသည် ရွှေရီမထက် သာကောင်း သာလိမ့်မည် ထင်သည်။ ရွှေရီမသည် ဖွားစိန်မလောက် အသားအရေ ဆူဖြိုးခြင်းမရှိ။ သူ့အလုံးနှင့် သူ့အရပ် မျှရုံသာရှိသည်။ ဖွားစိန်မကား တုတ်တုတ်ခဲခဲ ဝဝကစ်ကစ် ဖြစ်နေရာ ပါးစုံ၊ ရင်သား စသည်တို့ကျတော့လည်း အခြားသူတို့ထက် လွန်ကဲသည်။ မို့မောက်သည်။ ယင်းအတွက် စာသင်ကြီး၏ မျက်လုံးများမှာလည်း ဖွားစိန်မထံမှ မခွာနိုင်ဘဲ ဖြစ်နေပါသည်။

'ဒီအမှုနဲ့ပတ်သက်လို့ ကျုပ် တစ်ခုပဲ၊ ကျုပ်က လေးချင်ရင်လည်း လေးလို့ရတယ်၊ ပေါ့ချင်ရင်လည်း ပေါ့လို့ရတယ်'

'ပေါ့နိုင်သလောက်သာ ပေါ့အောင် လုပ်ပေးပါ ဗိုလ်ကြီးရယ်၊ ကျွန်ုပ်တို့မှာ ဒီသားလေး တစ်ယောက်ပဲ အားကိုးနေရတာပါ။ အခု ဒီသားလေး မရှိဘူးဆိုတော့ တောင်သူပါ မလုပ်နိုင်တော့ဘူး။ လူမရှိလို့ တောင်သူ မလုပ်နိုင်ရတဲ့အထဲ ဟောဒီ မောင်ကျော်ဇောတို့အဖေ မောင်ရင်လူမင်းက သားလွတ်လာအောင် ခဏဆိုင်းပါဦးဆိုတာ ပြောမရဘူး၊ နသိုးလေး တစ်ကောင်ကို ကြွေးနဲ့ အတင်းသိမ်းသွားပါတယ်'

'အမယ်ကြီး ဒါတွေပြောမနေနဲ့၊ ဒါတွေက ကျုပ်တို့နဲ့ ဘာမှမဆိုင်ဘူး။ အခု အမှုကိစ္စနဲ့ လာတယ်မှတ်လား၊ အမှုအကြောင်းပဲ ပြော'

'ဟုတ်သားပဲ အမေကလည်း၊ မောင်ကြီး အမှုအတွက် လာတာ မောင်ကြီး အမှုအကြောင်း မပြောဘဲနဲ့ ဘာတွေပြောနေမှန်း မသိဘူး'

'ဟုတ်တယ်ဟ ဖွားစိန်မရာ၊ နင့်အမေက သိုက်ထွန်း အမှုအတွက် သက်သာရာသက်သာကြောင်း မပြောဘဲနဲ့ မဆီမဆိုင်တာတွေ လျှောက်

ပြောနေတယ်။ အဖေက ကြွေးတောင်းတာ၊ ကြွေးမပေးနိုင်လို့ သူ့နွား တန်ရာ တန်ဖိုး ထားပြီး သိမ်းတာ ဘာဆိုင်လို့တုံး'

'ကိုင်း... အမယ်ကြီး အခု ဘာလုပ်ချင်သတုံး၊ ဘာပြောချင်တုံး၊ ပြောစမ်း'

'အခု လုပ်ချင်တာကတော့ တခြား မဟုတ်ပါဘူး ဗိုလ်ကြီးမင်းရဲ့၊ ကျွန်တော်မတို့သားအမိ မောင်ကြီးနဲ့ တွေ့ချင်လို့ လာတာပါ။ ဂါတ်က ဗိုလ်ကြီးမင်းတို့က မတွေ့ရဘူးဆိုလို့ မတွေ့ဘဲ ပြန်လာခဲ့ရပါတယ်။ အဲဒါ ဗိုလ်ကြီးမင်းက တွေ့ခွင့်ပြုပါလို့ အသနားခံပါတယ်။ ပြီးတော့ ဟောဒီ ထမင်းထုပ်ဟာလည်း သန်းခေါင်ကျော်လောက်က ချက်လာတာမို့လို့ ကြာ သထက် ကြာရင် သိုးကုန်မှာ စိုးတဲ့အတွက် မြန်မြန်ဆန်ဆန်လေး ပေးရ အောင် လုပ်ပေးပါ ဗိုလ်ကြီးမင်းရယ်'

ဖွားစိန်မသည် မူလက အရက်မူးသမားများဖြစ်၍ ကြောက်ရွံ့ပြီး စကားကို ဆက်လက် မပြောဘဲနေခဲ့ရာ၊ ယခု စာသင်ကြီးက အတော်အတန် လိုက်ရော ပြောဆိုလာသည်ကို တွေ့ရှိရသဖြင့် ကြောက်စိတ်များ ပြေပျောက် သွားဟန်တူသည်။ မိခင် မပြောမီ အလိုရှိသော အရာကို တဲ့တိုးပင် ပြော လိုက်ပါသည်။

'ကောင်းပြီ၊ ကိစ္စမရှိဘူး၊ ငါကလည်း ဝတ္တရားရှိလို့သာ နင်တို့ မောင်ကြီးကို ဖမ်းရတာပါ။ နင်တို့သားအမိ မြင်ရတော့ စိတ်မကောင်းပါဘူး။ ငါ တတ်နိုင်သရွေ့တော့ ဆောင်ကြဉ်းပေးမှာပဲ။ သို့ပေမဲ့ အခု လောလော ဆယ်တော့ မဖြစ်နိုင်သေးဘူး။ ဘာပြုလို့တုံးဆိုတော့ အခု ဂါတ်တဲမှာ တိုက်ပိုင်မင်း ရောက်နေတယ်။ အကျဉ်းသားတွေကိုလည်း စစ်ဆေးနေတယ်။ တော်တော် နေ့လယ်လောက်ကျတော့ အဆင်ပလင်ကြည့်ပြီး တွေ့ရအောင် ကြံစည်ပေးမယ်၊ အဲဒီတော့ ထမင်းထုပ်ပါ တစ်ခါတည်းပေးပေါ့'

ချက်ချင်း မတွေ့ရသော်လည်း တွေ့ရအောင် ကြံစည်ပေးမည်ဆို၍ သားအမိနှစ်ယောက် အတော်အတန် စိတ်ကောင်းသွားကြပုံရသည်။ သားအမိ နှစ်ယောက် စောစောကကဲ့သို့ မျက်နှာကြီးများ အိုမနေဘဲ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

'ဒါထက် တစ်ခုပြောချင်တာ ရှိတယ်။ တိုက်ပိုင်မင်း ဂါတ်စစ်ပြီး

ပြန်လာရင် ဒီလမ်းက လာလိမ့်မယ်။အမယ်ကြီးတို့ သားအမိကို တိုက်ပိုင်မင်း ကိုယ်တိုင်က သိုက်ထွန်းရဲ့နှမနဲ့ အမေဆိုတာ သိနေတယ်။ အဲ ခုလို လာ တွေ့တာ တိုက်ပိုင်မင်း မြင်သွားရင် မကောင်းဘူး။ တရားခံဆိုတာ အခုလို လာစောင့်မနေရဘူး၊ လာမတွေ့ရဘူး။ လာစောင့်တဲ့လူကို ဖမ်းတောင် ချုပ်ချင်ရင် ချုပ်နိုင်တယ်။ ဒီတော့ အမယ်ကြီးတို့ သားအမိ ဒီနေရာမှာ မနေကြနဲ့၊ ဘေးကင်းရန်ကင်း တစ်နေရာမှာ သွားနေပါ။ ပြီးတော့ ကျုပ် လာခေါ်မယ်'

ဒေါ်ငြိမ်းလှတို့ သားအမိလည်း မျက်လုံးပြူးကုန်ကြသည်။

'ဟိုအဝေးကြီး သွားနေရမှာလား၊ ဘယ်လိုနေရာ သွားနေရမှာတုံး ဗိုလ်ကြီးရယ်'

'ဒါဖြင့် သိပ်ဝေးဝေးလည်း မသွားရအောင် ဒီလိုလုပ်၊ ဟောဟိုမြို့ မြောက်တံခါးဝနားက အိမ်တစ်အိမ်ကို ဒီက အမယ်ကြီးတို့ ရွာသား ကျော်ဇော လိုက်ပို့လိမ့်မယ်'

ကျော်ဇောဘက်သို့ လှည့်၍–

'ဟေ့.... ကျော်ဇော ဒီသားအမိကို တင်ပုတို့အိမ် ပို့လိုက်စမ်းကွာ၊ ငါ ပြီးတော့မှ သွားခေါ်မယ်'

'ဟုတ်ကဲ့ ဗိုလ်ကြီး'

သူတို့ ရောက်လာခါစ ကျော်ဇောက စာသင်ကြီးအား မျက်စိမှိတ် ပြသလို ယခုလည်း စာသင်ကြီးက ကျော်ဇောအား မျက်စိတစ်ဖက် မှိတ်၍ ပြပါသည်။ ဒေါ်ငြိမ်းလှတို့ သားအမိလည်း ဘုမသိ ဘမသိဖြင့် ကျော်ဇော ခေါ်ရာသို့ လိုက်ပါသွားကြရသည်။ စာသင်ကြီးနှင့် ငထွားတို့ကမူ ဂါတ် တန်းဆီသို့ ဆက်လက် သွားကြသည်။

## (၇)

'အမလေး သေပါတော့မယ် ဗျ'

သိုက်ထွန်းသည် ခံနိုင်သလောက် ခံမည်။ မအော်ဘူး၊ အမယ်လေး မတဘူး ဟူ၍ စိတ်ကို တင်းထားသော်လည်း တင်း၍မရပါ။ ယခုချက်ချင်း ပင် အသက်ထွက်တော့မတတ် အသည်းခိုက်အောင် နာကျင်လွန်းသဖြင့် အော်ရခြင်း ဖြစ်သည်။

'နာသလားကွ သိုက်ထွန်းရ၊ နာရင် ဟုတ်တယ်လို့ ပြောပါလား၊ ဘာလို့ ဘူးခံနေသေးတုံး'

'မဟုတ်ပါဘူး ခင်ဗျ၊ ကျုပ် သူများပစ္စည်းဆိုလို့ ဆေးလိပ်တစ်တို တောင် မသိဘဲ မယူဖူးပါဘူး'

'ဟဲဟဲ လာပြန်ပလား မယူဘူး၊ ကဲ... မယူဖူးဘူး ဆိုတဲ့အကောင် အကြောင်းသိရအောင် တစ်ပတ်လှိမ့်လိုက်စမ်းကွာ အောင်ခန့်ရာ'

သိုက်ထွန်းအား ပုလိပ်သားများက သူတို့၏အရှင်သခင် မျက်နှာဖြူ အင်္ဂလိပ်တို့ နှိပ်စက် ညှဉ်းပန်းနည်းအတိုင်း နှိပ်စက်ညှဉ်းပန်းကြခြင်း ဖြစ်ပါသည်။ မျက်နှာဖြူ အင်္ဂလိပ်တို့သည် လူပါးလူနပ်များ၊ ဥပဒေ လက်တစ်လုံးကြား လုပ်တတ်သူများ ဖြစ်သည်။ သူတို့သည် တရားခံတစ်ဦးအား မပေါ်ပေါ်အောင် စစ်ဆေးရာတွင် ဝိနည်းရှောင် ဒဏ်ရာမပေါ်သောနည်းဖြင့် နှိပ်စက်တတ်ကြသည်။ ထိုနည်းကို မြန်မာလက်ပါးစေ ပုလိပ်သားများက အကုန် အတုယူကြသည်။ သူတို့၏ အရှင်သခင်က သင်ကြားထားသည့် အတိုင်း ကိုယ့်အမျိုးသား အချင်းချင်းကို မထောက်မညှာ လိုက်၍ လုပ်နေကြသည်။

ယင်းတို့ ပြုလုပ်တတ်လေ့ရှိသော နှိပ်စက် ညှဉ်းပန်းနည်းများမှာ ကား လူကို ခြေရောလက်ပါ ကြိုးများဖြင့် တုပ်၍ ရေနက်ထဲသို့ ကန်ချခြင်း၊ မွန်းသလောက် ရှိတော့မှ ကြိုးစမှ ဆွဲတင်ပြီး စစ်မေးခြင်း၊ ဝန်မခံသရွေ့ ထပ်ကာ ထပ်ကာ ပြုလုပ်တတ်ခြင်း၊ ပြီးနောက် လက်နှစ်ဖက်ကို ကြိုးတုပ် လျက် အိမ်ထုတ်ကဲ့သို့သော အမြင့်သို့ တွဲလောင်းချည်ထားခြင်း၊ ထိုနည်း မှာ ရေမွန်းသလို အသက်ဘေးဖြင့် မနီးကပ်လှသော်လည်း ကြာ၍ သွေး တောင့်လာသောအခါ တော်တော်အခံရခက်သောနည်း ဖြစ်ပါသည်။ မရိုက် မနက်ဘဲဖြင့် နာကျင် ကိုက်ခဲလာတတ်သည်။ ကြာလေ အခံရခက်လေပင်။ ထိုထက် ပို၍ ဆိုးသည်ကား ထိုနည်းကို အတည့်မဆွဲဘဲ လူကိုယ်အား ဇောက်ထိုးထား၍ ဆွဲခြင်းဖြစ်ပါသည်။ နောက် မျက်နှာကို အဝတ်စည်းပြီး ရေဖြင့် ပက်သည်။ ကြာကြာပက်သောအခါ ရေတွင် နစ်သလိုပင် မွန်းလာ သည်။ ပြီး နာကျင်လာသည်။

အသည်းခိုက်အောင် နာကျင်သော နောက်တစ်နည်း ရှိပြန်သေး

သည်။ ယင်းမှာ လူကိုပက်လက်လှန်ထားပြီး ခြေသလုံး ညှို့သကျည်းပေါ်တွင် မျဉ်းလုံးတင်၍ လူတစ်ကိုယ်တက်ကာ ခြေဖြင့်လိမ့်ခြင်း ဖြစ်ပါသည်။ ယခု သိုက်ထွန်းအား ပြုလုပ်သောနည်း ဖြစ်သည်။ သိုက်ထွန်းလည်း သတ္တိ ဗျတ္တိနှင့်လူ ဖြစ်သည်။ မအော်ဘဲ ကြိတ်ခံမည်ဟု အားတင်းထားရာ မရပါ။ အသည်းကို ဓားဖြင့် နုပ်နုပ်ပါအောင် အစဉ်းခံရသလို ခြေသလုံး မယ်တရိုးကို ပုဆိန်ဖြင့် ရိုက်ချိုးသလို နာကျင်လှသဖြင့် အမယ်လေး တမိခြင်း ဖြစ်သည်။

သူသည် ဤတစ်ခါသာ နှိပ်စက်ညှဉ်းပန်းခြင်း ခံရဖူးသည် မဟုတ်။ အချုပ်ခံနေရသည့် တစ်လခန့်အတွင်း အကြိမ်ပေါင်းများစွာ၊ နှိပ်စက်နည်းပေါင်းများစွာဖြင့် ခံရပြီးပါပြီ။ အထက်တွင် ပါရှိသော နှိပ်စက်နည်းများ အနက် နည်းမျိုးစုံဖြင့် ခံရဖူးပြီ ဖြစ်သည်။ နည်းတစ်နည်းအတွက် တစ်ခါ မဟုတ်၊ အခါခါ ခံရဖူးပြီ ဖြစ်သည်။ တစ်ကြိမ်တွင်မူ အနှိပ်စက်လွန်သွား၍ တစ်ညလုံး၊ တစ်နေလုံး သတိမေ့မြောနေခဲ့သည်။

ပုလိပ်များသည် ဖမ်းချုပ်ခါစက လူအားလုံးကို နှိပ်စက်သည်။ ယခု နောက်ပိုင်းတွင်ကား သိုက်ထွန်း တစ်ဦးတည်းကို ရွေး၍ နှိပ်စက်ညှဉ်းပန်းခြင်းပြုသည်။ သိုက်ထွန်းကလွဲလျှင် သာဩကို ပို၍ နှိပ်စက်သည်။ ဤလိုပြုခြင်းမှာ အခြားကြောင့်မဟုတ်၊ ငထွားနှင့် ကျော်ဇောတို့၏ ပယောဂ ကြောင့် ဖြစ်သည်။ ငထွားသည် သိုက်ထွန်းနှင့် သာဩတို့အား ဖမ်းသည် ကြားကတည်းက ငွေးချို့ရွာသို့ ပေါက်လာသည်။ သူ၏အပေါင်းအသင်း ကျော်ဇောနှင့် ဆုံမိကြသည်။ သူတို့နှစ်ဦးသည် နဂိုကတည်းက ဝါသနာတူ၊ အကျင့်တူ သောက်ဖော်သောက်ဖက် မိုက်ဖော်မိုက်ဖက် အပေါင်းအသင်း ရောင်းရင်းများ ဖြစ်ကြရာ၊ သိုက်ထွန်းတို့ အဖမ်းခံရသည့် ကိစ္စတွင်လည်း ရည်ရွယ်ချက်ချင်း တူနေကြသည်။

ငထွားကား သိုက်ထွန်းအပေါ် ရန်ငြိုးထားရာ၌ ပြောစရာပင် မလိုပါ။ သူ့အဖို့ ထိုသတင်းသည် မင်္ဂလာအပေါင်းနှင့် အပြည့်စုံဆုံး သတင်းပင် ဖြစ်ပါသည်။ တတ်နိုင်လျှင် ကြားရသည်နှင့် တစ်ချိန်တည်းမှာပင် သိုက်ထွန်းတို့ ရှိရာ၊ သိုက်ထွန်းတို့အား ချုပ်နှောင်ထားရာ မြို့သစ်မြို့သို့ တစ်ပြိုင်နက်တည်း ရောက်သွားချင်သည်။ မြို့သစ်ရှိ ဂါတ်တစ်ခုလုံး ငထွားကို မသိသူ

မရှိ။ ငထွားက အရက်မတိုက်ဖူးသူ မရှိ။ အားလုံးက သူ့ကို ခင်သည်။ သူ၏အပြုအစုကို ခံဖူးသည်။ အချို့ ပုလိပ်သားများဆိုလျှင် ငထွား ပြောသည့်အတိုင်း လိုက်၍ ပြုလုပ်ကောင်း ပြုလုပ်လိမ့်မည် ထင်သည်။

သို့ ခင်မင်ကြသည့်အထဲ ယခု သိုက်ထွန်းတို့အမှုကို ကိုင်တွယ် စစ်ဆေးရသော စာသင်ကြီးလည်း ပါသည်။ စာသင်ကြီးသည် ငထွားတို့နှင့် သောက်ဖော်သောက်ဖက် မူးဖော်မူးဖက် ဖြစ်သည်။ သူ၏ လိုအင်ဆန္ဒကို ငထွားက ဘာမဆို လုပ်ကိုင်ပေးတတ်သလို၊ ငထွားက တစ်စုံတစ်ရာ အကူအညီ တောင်းလျှင်လည်း လက်မနှေးသူ ဖြစ်သည်။ ငထွား ငွေးချိုရွာသို့ ဝင်လာပြီးနောက် သိုက်ထွန်းတို့အမှုကို ထိုစာသင်ကြီး ကိုင်တွယ်ကြောင်း ကျော်ဇောထံမှ တစ်ဆင့် ကြားသိရသောအခါ ငထွားသည် ထခုန်မတတ် ဝမ်းသာသွားသည်။ ချက်ချင်း ကျော်ဇောကို ခေါ်ပြီး မြို့သစ်သို့ လိုက်လာခဲ့သည်။ မြို့သစ်ရောက်၍ ထိုစာသင်ကြီးနှင့် တွေ့သောအခါ သိုက်ထွန်းအား တစ်ချီတည်း နှိပ်စက်ခိုင်းပါသည်။

စင်စစ် ကျော်ဇောလည်း ၎င်းနှင့် တစ်ဂိုဏ်းတည်း ဖြစ်ပါသည်။ ကျော်ဇောတွင် သိုက်ထွန်းနှင့် ပတ်သက်၍ အခြားရည်ရွယ်ချက်လည်း ရှိကောင်း ရှိမည်လား မဆိုနိုင်။ ကျော်ဇောတွင်မက ကျော်ဇော၏ဖခင် ဦးလူမင်းကလည်း ပုလိပ်အရာရှိများ အမှုအတွက် ငွေးချိုရွာသို့ လာရောက်စုံစမ်းစဉ်က သူ၏အိမ်သို့ ဖိတ်ခေါ်ကာ ကျကျနန ပြုစုခဲ့ပါသည်။

ဦးလူမင်းသည် အစိုးရ ဘက်သားမှန်သမျှ ဘယ်အစိုးရဘက်သား လာလာ ပြုစုတတ်လေ့ရှိသည်မှာ မှန်သည်။ ဤလို အပြုအစုကောင်းသဖြင့် သူ့အဖို့ အမြတ်ပင် ရလိုက်သေးသည်။ ယင်းသည် အခြားမဟုတ်၊ မြို့သစ်မြို့မှ မြေတိုင်းစာရေး တစ်ဦးသည် ငွေးချိုဘက်သို့ ကွင်းဆင်းသည့်အခါတိုင်း ဦးလူမင်း အိမ်တွင် တည်းခိုနေတတ်လေ့ ရှိသဖြင့် နောက်ဆုံး ကျော်ဇောထက် အကြီး ဦးလူမင်း၏သမီးနှင့် အိမ်ထောင်ကျလျက် ယခုအခါ မြို့သစ်မြို့တွင် တင့်တောင်းတင့်တယ်ဖြင့် စာရေးကြီးကတော် ဖြစ်နေပြီ။

သို့သော် ယခု လုယက်မှုအတွက် လာရောက် စုံစမ်းသော ပုလိပ်အရာရှိတို့အား ပြုစုပုံ ပြုစုနည်းမှာ ပို၍ ထူးခြားသည်။ အိမ်တွင် အသင့်ရရှိနေသော ကြက်ဥ ကြက်သား၊ ဘဲဥ ဘဲသားတို့ဖြင့် အားမရသေး၍

ဝက်သတ်သမားများကို ဝက်ပေါ်ခိုင်းသည်။ ဤမျှသာ မဟုတ်သေး၊ ရွာသို့ ပုလိပ်အရာရှိများ လာမည့်သတင်း ကြားကတည်းက ကျော်ဇောအား မြို့သို့ မြင်းဖြင့် လွှတ်၍ နိုင်ငံခြားအရက် အဝယ်ခိုင်းထားသည်။ ဦးလူမင်း အနေဖြင့် ဘယ်ဧည့်သည်မျိုးမှ ဤလို ပြုစုခြင်းမျိုးဖြင့် မပြုစုခဲ့ဘူး။

နောက်တစ်ခု ရှိပါသေးသည်။ ကျော်ဇောသည် သိုက်ထွန်းတို့မိသားစု အပေါ် ဘယ်တုန်းက အငြိုးသိုခဲ့လေသည်မသိ။ သိုက်ထွန်းအား ဖမ်းဆီးရန် လာသူကို ၎င်း၏အဖေက ထူးကဲစွာ ပြုစု ကျွေးမွေးခဲ့သည်သာ မကသေး၊ သိုက်ထွန်း၏ရန်သူ ငထွားနှင့် ပူးပေါင်းပြီး စာသင်ကြီးနောက်သို့လည်း လိုက်၍ နေပြန်သေးသည်။

ပြီး သိုက်ထွန်း၏နှမ ဖွားစိန်ကို စာသင်ကြီးလက်သို့ ဝကွက်၍ အပ်သည်မှာလည်း သူပင်ဖြစ်သည်။ သူကိုယ်တိုင် တိုက်တွန်းပြီး သူကပင် အကွက်ဆင်ပေးခဲ့သည်။ တကယ်တော့ ဟိုတစ်နေ့က စာသင်ကြီးက ဒေါ်ငြိမ်းလှတို့ သားအမိအား သိုက်ထွန်းနှင့် တွေ့ပေးမည်၊ ထမင်းထုပ်လည်း ပေးခွင့်ပြုမည်ဆိုသည်မှာ မမှန်ပါ။ ဖွားစိန်မကို မတရားကျင့်ကြံလို၍ အကွက်ဆင်ခြင်းသာ ဖြစ်ပါသည်။ အမှန်လည်း မတရားကျင့်ကြံခဲ့ပါသည်။

ဖွားစိန်မကို သူ့မိခင်နှင့်ခွဲပြီး တစ်နေရာသို့ လှည့်ထုတ်သွားချင်သည်။ ဇရပ်မှနေ၍ လှည့်ထုတ်ဖို့မလွယ်။ ဇရပ်မှာ ဂါတ်တန်းနှင့် လည်းကောင်း၊ အချုပ်ထောင်နှင့် လည်းကောင်း နီးကပ်နေသည့်ပြင် လူပေါင်းစုံ ဖြတ်သန်းသွားလာသော နေရာလည်း ဖြစ်သည်။ ပြီး ဒေါ်ငြိမ်းလှတို့ သားအမိက သူတို့ချည်း ထမင်းထုပ် ပေးမရ၍ တစ်စုံတစ်ဦးကို စောင့်မျှော်နေသည်ဟုလည်း သိရသည်။ ကိုသော်ကသည် ဒေါ်ငြိမ်းလှတို့အား ကူညီ စောင့်ရှောက်လျက် ရှိသည်။ ထို ကိုသော်ကကို ဈေးပိုင်းတွင် သူတို့ တွေ့ခဲ့ကြသည်။ သူတို့လူတစ်စုနှင့် ကိုသော်က စကားမပြောခဲ့ရပေသည့် ဇရပ်ပေါ်တွင် ဒေါ်ငြိမ်းလှတို့သားအမိကို မြင်လိုက်ရသည်ဆိုလျှင် ကိုသော်ကနှင့် ချိန်းဆိုထားကြောင်း သူတို့ နားလည်ပြီး ဖြစ်ကြသည်။ ကိုသော်က ရောက်မလာမီ အမယ်ကြီး သားအမိကို တစ်နေရာ ထုတ်သွားမှဟူသော ကြံစည်ချက်ဖြင့် အထက်တွင် ရေးခဲ့သည့်အတိုင်း စီစဉ်ကြခြင်း ဖြစ်သည်။

သူတို့ ထွက်သွားပြီး၍ ဘာမျှမကြာမီ ကိုသော်က ရောက်လာပါ

သည်။ သို့သော် "အလာကောင်းပါ၏၊ အခါနှောင်းပြီ" ဆိုသော စကား ကဲ့သို့ပင် ကိုသော်ကနှင့် အလွဲကြီး လွဲခဲ့ကြရသည်။ နောက် ကိုသော်က လိုက်ရှာသည်။ ဟိုမေးသည်မြန်း ပြုလုပ်သည်၊ မရ။ သို့ဖြင့် ကိုသော်က လက်လျှော့ ပြန်သွားရသည်။

ဖွားစိန်မတို့သားအမိကို ကျော်ဇောက စာသင်ကြီး ညွှန်ကြားသည့် အတိုင်း မြို့မြောက်တံခါးအနီးရှိ အိမ်တစ်အိမ်ကို သွားပို့သည်။ ပို့ပြီး ချက်ချင်း ပြန်ထွက်သွားသည်။ လာမခေါ်မချင်း ဒီအိမ်မှာ စောင့်နေပါဟု လည်း မှာကြားသွားသေးသည်။ နောက် ကျော်ဇောနှင့် စာသင်ကြီးတို့ လူသိုက် တစ်နေရာတွင် ဆုံကြသည်။ သူတို့ဆုံသောနေရာမှာ ဂါတ်တန်း မဟုတ်၊ တရုတ်ခေါက်ဆွဲဆိုင်၌ ဖြစ်ပါသည်။ ခေါက်ဆွဲဆိုင် ဆိုသော်လည်း ခေါက်ဆွဲချည်း ရောင်းချသည်မဟုတ်၊ အရက်မျိုးစုံပါ ရောင်းချသည်။ ထို ဆိုင်တွင် သောက်ရင်းစားရင်း အချိန်ဖြုန်းကြခြင်း ဖြစ်သည်။ ညနေစောင်း သလောက်ရှိတော့မှ ဖွားစိန်မကို သွားခေါ်ကြသည်။ သို့ခေါ်ရာတွင် ကျော်ဇော မပါရှိတော့၊ ကျော်ဇောက သူ့အစ်မအိမ်သို့ ပြန်သွားသည်။

လူနှစ်ယောက် လာသော်လည်း အထက်လူကြီး အမိန့်အရ နှစ် ယောက်စလုံး တွေ့ခွင့်မပြုနိုင်၊ တစ်ယောက်သာ တွေ့ခွင့်ပြုနိုင်မည်။ ထို တစ်ယောက်မှာလည်း ကာယကံရှင် သိုက်ထွန်း ကိုယ်တိုင်က သူ့နှမနှင့် စကားပြောချင်သည်၊ သူ့နှမသာ ခေါ်ခဲ့ပါ မှာ၍ ဖွားစိန်မ တစ်ယောက်သာ လိုက်ခဲ့ဟုဆိုကာ ခေါ်ထုတ်သွားခြင်း ဖြစ်သည်။ သွားခေါ်စဉ်က စာသင်ကြီး တစ်ယောက်တည်း ဖြစ်သော်လည်း နောက် ငထွား ပါလာသည်။

'နှင့် မောင်ကြီး အချုပ်ထောင်ထဲမှာ မဟုတ်ဘူး၊ စစ်ဆေးစရာ ရှိ တယ်ဆိုပြီး ဒို့ အပြင်ထုတ်ထားတယ်၊ အဲဒီနေရာကို လိုက်ခဲ့' ဟု ဆိုသဖြင့် အချုပ်ထောင်သို့ မဟုတ်ဘဲ ဖွားစိန်မ တစ်နေရာသို့ လိုက်သွားရပြန်သည်။ မြို့၏အနောက်မြောက်အရပ် ယင်းတိမ်၌ရှိ ကိုင်းလုပ်သော တဲတစ်တဲသို့ ခေါ်ဆောင်သွားကြခြင်း ဖြစ်သည်။ လူမရှိသောတဲ ဖြစ်သည်။ ထိုတဲသို့ ရောက်ပြီးမှ ဖွားစိန်မ သိရသောအခါ ဘာမျှ မတတ်နိုင်တော့ပါ။ စာသင် ကြီးနှင့် ငထွားတို့က သောက်ကြသည်။ သောက်ပြီး စာသင်ကြီးက ဖွားစိန်မ အား အကြိမ်ကြိမ် မတရားပြုကျင့်သည်။ ညနေပိုင်းမှ အစပြု၍ တစ်ညလုံး

ဆိုကြပါစို့။ မိုးလင်းအားကြီးမှ ဒေါ်ငြိမ်းလှ စောင့်နေသောအိမ်သို့ ပြန်ပို့ကြသည်။

ဒေါ်ငြိမ်းလှလည်း နဂိုကမှ အေတေတေ အတတ။ အိမ်ရှင်ဖြစ်သူက ချော့တစ်လှည့် ခြောက်တစ်လှည့် လှည့်ပတ် ပြောဆိုထားသည်ဖြစ်၍ သမီးဖြစ်သူ ညတိုင်အောင် ပြန်မရောက်သော်လည်း ဘယ်သို့မျှ လိုက်လံ မေးစမ်းခြင်း မပြုနိုင်ပါ။ တကယ်တော့ ဒေါ်ငြိမ်းလှအနေဖြင့် ဘယ်ကိုမျှလည်း မသွားတတ်ပါ။ ညနေစောင်းကတည်းက ယခု ပြန်လာနိုး၊ တော်တော်ကြာ ပြန်လာနိုးဖြင့် စောင့်မျှော်နေခဲ့ရာ ညဥ့်နက်ချိန်သို့ ရောက်သောအခါ တစ်စုံတစ်ခု ဖြစ်နေပြီ၊ မရိုးမဖြောင့်သောစိတ်ဖြင့် ခေါ်သွားခြင်း ဖြစ်သည်ဟု စိတ်ကို တုံးတုံးချတော့သည်။ ထိုအချိန်သို့ ရောက်ခါမှတော့ ဘာတတ်နိုင်ဦးမည်နည်း။ စောစောကမှ မသွားတတ်၊ မလာတတ်၊ မမေးမြန်းတတ် ဖြစ်နေရာမှ ညဥ့်မှောင်မိုက်ကြီး ဘယ်သို့ လိုက်ရှာနိုင်လိမ့်မည်နည်း။

မြို့သစ်မြို့တွင် ဒေါ်ငြိမ်းလှ သိသူဟူ၍ ကျော်ဇော၏ အစ်မ တစ်ယောက်သာ ရှိသည်။ သို့တိုင်အောင် ဘယ်နေရာ ဘယ်အရပ်၌ နေမှန်းမသိ။ ပြီး ကျော်ဇောကလည်း လိုက်ပို့ပြီး ပြန်ထွက်သွားကတည်းက မပေါ်လာ၊ ပေါ်လာသည်ထားဦး၊ သူကပါ အလိုတူ အလိုပါ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်နေရာ ဘယ်ပုံ အားကိုးရမည်နည်း။

ဒေါ်ငြိမ်းလှမှ ခက်သည်။ အိမ်ရှင်များကိုလည်း မတိုင်ပင်ရဲ။ အိမ်ရှင်များက သူတို့ဘက်သား။ ဒေါ်ငြိမ်းလှတွင် အဖော်ဟူ၍ အခြားမရှိ၊ မျက်ရည်သာ ရှိသည်။ တစ်ညပတ်လုံး ရင်နာစွာဖြင့် ထိုင်၍ ငိုလိုက်၊ အိပ်ငိုလိုက်၊ ကျိတ်ငိုလိုက် ဖြစ်နေရသည်မှတစ်ပါး အခြား ဘာမျှ မတတ်နိုင်။

နံနက် အရုဏ်တက်ချိန်လောက်တွင်မှ ဖွားစိန်မ ပေါက်လာသည်။ နှစ်ယောက်ဆုံမိကြသောအခါ နှစ်ယောက်စလုံး တစ်ဦးကိုတစ်ဦး ဖက်၍ ငိုကြရပြန်သည်။ ပြီး သားအမိ နှစ်ယောက်လုံး ရှက်ရှက်ဖြင့် မိုးမျှမလင်းသေးမီ ရွာဆီသို့ ပြန်ခဲ့ကြပါသည်။

'နင် ဒီအကြောင်းကို ဘယ်သူ့မှ မပြောရဘူး၊ ဘယ်သူ့မှ မတိုင်ရဘူး။ နင်ပြောလို့ တစ်နေရာရာက ပေါက်ကြားရင် နင့်မောင်ကြီးကို တစ်သက်လုံး အချုပ်ထဲက မလွှတ်တော့ဘူး' ဟူ၍ စာသင်ကြီးကိုယ်တိုင်က ပြောဆို

ကြိမ်းမောင်းလိုက်သဖြင့် ရွာသို့ ရောက်သောအခါ၌လည်း ဘယ်သူ့ကိုမျှ ဖွင့်ဟ၍ မပြောပါ။ ပြောလျှင်လည်း အရှက်ရရုံမှလွဲ၍ ဘာအကြောင်း ထူးဦးမည်နည်း။

စာသင်ကြီးသည် ညကပင် ဤလူမရှိသော တဲသို့ သိုက်ထွန်း၏နှမ ဖွားစိန်မအား လှည့်ပတ် ဖြားယောင်း ခေါ်ငင်ခဲ့ပြီး၊ မသမာ ညစ်ညမ်းစွာ အဓမ္မအမှုပြုခဲ့သည်။ ယခု ဤနေရာသို့ပင် သိုက်ထွန်းကို ခေါ်လာကာ နှိပ်စက်ညှဉ်းပန်းခြင်း ပြုပြန်သည်။ ဤလောကကြီးအတွင်း ထိုသူလောက် ရက်စက်ကြမ်းကြုတ်သူ၊ ယုတ်မာ ညစ်ညမ်းသူ အဘယ်မှာ ရှိပါဦးမည်နည်း။

သို့သော် သိုက်ထွန်းခမျာ မသိရှာခဲ့။ အကယ်၍ သိခဲ့လျှင်လည်း အရှက်ရရုံမှတစ်ပါး ဘာမျှတတ်နိုင်လိမ့်မည် မဟုတ်။ သူသည်ပင် တစ်လ ပတ်လုံး နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းခြင်း ခံထားရသည်ဖြစ်၍ အရိုးပေါ် အရေတင်ဖြစ်ကာ လူရုပ်နှင့်ပင် မတူတော့ပါ။ "ကိုယ်မရှိ အမိသော်လဲ သားတော်ခဲ" ဆိုသော စကားလို ကိုယ့်ဒုက္ခထက် နှမအတွက် အရှက်ဝင် နေနိုင်လိမ့်မည် မဟုတ်ပါ။

ယခုလည်း စာသင်ကြီးက သူနှင့် အတူပါလာသော ပုလိပ်သား နှစ်ယောက်အား တစ်ယောက်မောလျှင် တစ်ယောက် ဆက်ကာ ဆက်ကာ မျှဉ်းလုံးပေါ်နင်း၍ အလိမ့်ခိုင်းသဖြင့် သိုက်ထွန်း မခံမရပ်နိုင်ဖြစ်လျက် မေ့မြောနေပါပြီ။ သို့ မေ့မြောနေသည်ကို "မူရာမာယာ" လုပ်သည်ဆိုကာ စာသင်ကြီး ကိုယ်တိုင်က သူ စီးလာသော ဘွတ်ဖိနပ်ဖြင့် သိုက်ထွန်း၏ ဦးခေါင်းကို ကန်ပြန်ပါသည်။

'ကြည့်စမ်း၊ ဘယ်လောက် မူရာမာယာများတဲ့ အကောင်တုံးဆို တာ။ သင်း လုတာကို လုတယ်လို့ ဝန်မခံချင်လို့၊ ဆက်ပြီးတော့လည်း အနာခံရမှာစိုးလို့ မေ့မြောချင်ယောင်ဆောင်နေတယ်။ မေ့ယောင် ဆောင် ချင်တဲ့ ကောင်၊ ကဲကွာ... ကဲကွာ'

'တကယ်မေ့နေတာ ဗိုလ်ကြီး၊ မေ့ချင်ယောင်ဆောင်တာ မှုတ်ဖူး'

ရိုးရိုးပုလိပ်သားများကလည်း သူ့ကို ဗိုလ်ကြီးပင် ခေါ်ကြသည်။

'အံမယ် ရွှေရက တရားခံကို နင့်အမေ့လင်မို့လို့ သနားနေတယ်

ပေါ့လေ။ ဟေ့ စံခကွ၊ သူများမှုတ်ဖူး၊ ဒီအမူ ဖော်ကို ဖော်စေရမယ်၊ မေ့ချင်ယောင် ဆောင်တာတွေ ဘာတွေ ငါ နားမလည်ဘူး။ ဆက်လုပ်'

'ဟုတ်တယ် ဗိုလ်ကြီး၊ ဟောဒီမှာ ကြည့်ပါလား၊ ပါးစပ်က အမြှုပ်တွေတောင် ထွက်နေတယ်။ ဒါထက် တိုးလုပ်ရင် အသက်ပါသွားလိမ့်မယ် ဗိုလ်ကြီး၊ ခဏ ရပ်ထားဦးမှ ဖြစ်မယ်'

ကျွန်ပုလိပ်သားတစ်ယောက်က တစ်နေရာ၌ ထွန်းထားသော ရေနံဆီမီးတိုင်ကို ယူ၍ပြရာ အမှန်ပင် ပါးစပ်မှ အမြှုပ်များ ထွက်နေပါသည်။

'အေး ဒါဖြင့် ခဏရပ်ထားလိုက်ဦး၊ ဒါပေမဲ့ တရားခံတစ်ယောက်သေလို့တော့ ဘာမှ နှမြောစရာမရှိပါဘူး။ တရားခံက ခုခံလို့ ရိုက်ဖမ်းတာ လက်လွန်သွားတယ်ပေါ့ကွာ'

နောက် စာသင်ကြီးက အရက်ပုလင်းထဲမှ တစ်ယောက် တစ်ခွက်စီ ငှဲ့ပေးသည်။ စားစရာ ကြက်ပေါင်ကြော်များလည်း ပေးသည်။ သူလည်း သောက်သည်။ ယင်းတို့မှာ စောစောက ငထွားတို့နှစ်ဦး လာပို့သွားသော စားစရာ၊ သောက်စရာများ ဖြစ်ပါသည်။

ခဏအကြာ သိုက်ထွန်း လူးလွန့်လာသည်။ အင်း အဲ ဖြစ်လာသည်။ သို့သော် နေရာမှမူ မထနိုင်။ ထ၍လည်း မဖြစ်။ လက်ရောခြေပါ အားလုံး တုပ်ထားသည်။ ထိုစဉ် စာသင်ကြီးက ကမန်းကတန်း ထထည့်ကာ သိုက်ထွန်း အပါးသို့ သွား၍–

'ဟေ့ မူရာမာယာများတဲ့ အကောင်၊ ဒို့အကြောင်း သိသွားပြီ မှုတ်လား၊ မင်း ဟုတ်တယ်လို့ ပြောမလား၊ မပြောဘူးလား၊ တစ်ခွန်းတည်းပဲ ပြောစမ်း'

'ကျုပ် မဟုတ်ကို မဟုတ်လို့ပါ ဗိုလ်မင်းရယ်'

သိုက်ထွန်း၏ အသံမှာ ယဲ့ယဲ့သာ ကြားရသည်။

'လာပြန်ပလား ဒီမဟုတ်ဘူး၊ မင်း ငါ့အကြောင်း ခုထက်ထိ မသိသေးဘူးလား။ မဟုတ်ဟုတ် ဟုတ်တယ်လို့ပြော၊ မပြောရင် ဒီကနေ့ည မင်းနဲ့ငါ အသိပဲ။ ဟေ့ သိုက်ထွန်း၊ တရားခံတစ်ယောက် ညှဉ်းပန်းလို့ သေသွားရင် ပုရွက်ဆိတ်တစ်ကောင် သေတာထက် ဘာမှ မထူးဆန်းဘူး

ကွယ့်၊ မင်းကို ဒို့က သေအောင် ရိုက်လို့လည်း ဒို့မှာ ဘာမှ အပြစ်မရှိဘူး ကွ။ ဒီတော့ မင်း ဟုတ်တယ် ပြောမလား၊ အသက် အသေခံမလား'

'အခုပဲ သေလုနေပါဘီ ဗိုလ်ကြီးရယ်၊ မဟုတ်တာကိုတော့ ဟုတ်တယ်လို့ မပြောပါရစေနဲ့'

'ကိုင်း မင်းကလည်း ခေါင်းမာတဲ့ တရားခံ၊ ငါကလည်း တစ်နယ်လုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရတဲ့ စံခ၊ သိကြရောပေါ့။ ကိုယ့်လူတို့၊ ရဲဆေးတင်လို့ ပြီးကြရင် ဟောဒီမှာ အသေခံနိုင်သလား၊ မခံနိုင်သလား သိရအောင် တစ်ချီတစ်မောင်း တွယ်လိုက်ကြစမ်းဦး'

ပုလိပ်သား နှစ်ယောက်တို့သည်လည်း စောစောက သွေးနည်းနည်း အေးနေ၍ အသနားဖက်ချင်စိတ် ပေါ်လာမိကြသည်။ ယခု သွေးပူလာကြပြီ။ တစ်ပါးကျွန်များပီပီ မူလရှိရင်းစွဲ ဘီလူး သဘက်စိတ်များလည်း ပြန်ဝင်လာကြပြီ။ သို့ဖြစ်ရာ ယင်းတို့၏ အထက်လူ စေခိုင်းသည့်အတိုင်း ငရဲခန်း ပြန်၍ ဖွင့်ကြပါသည်။ သို့သော် သိုက်ထွန်းကမူ အသေခံမည်၊ မဟုတ်သည်ကို ဟုတ်သည် ဟူ၍တော့ ဝန်မခံပါ။

# [ ၈ ]

'အစ်မရေ.... အစ်မရေ'

'ဟေ....'

ရွှေကြည်မသည် "ဟေ" ဆိုသော စကားကိုပင် ရတ်တရက် ပြန်ထူးနိုင်သည် မဟုတ်သေး။ ပါးစပ်ထဲတွင် ထမင်းလုတ်တန်းလန်း ဖြစ်နေ၍ ထိုထမင်းလုတ် လည်ချောင်း တစ်မနေရန် မနည်းမျိုချပြီး ထူးလိုက်ခြင်း ဖြစ်သည်။ တစ်နည်းဆိုရသော် ရွှေရီမသည် ရွှေကြည်မတို့၏ အိမ်ကုပ်ကလေးပေါ်သို့ လှမ်းမတက်မီက ခေါ်ခဲ့ရာ မီးဖိုခန်းအတွင်း၌ ရှိနေသော ရွှေကြည်မက ရွှေရီမ သူ့အပါးသို့ရောက်ခါမှ ထို "ဟင်"တစ်လုံးကို နင်နင်ဆို့ဆို့ဖြင့် ထူးဖြစ်တော့သည်။

'ဘာတုံးဟဲ့၊ နင်ခေါ်ပုံက မထိတ်သာ မလန့်သာ၊ ပြီးတော့လည်း မျက်နှာက ပြူးတူးပြဲတဲနဲ့၊ သူ့နောက်က ရန်သူပဲ လိုက်လာသလိုလို'

ရွှေကြည်မက ပြောပြီး ထိတ်လန့်တကြား အမူအရာဖြင့် လက်တွင်ကိုင်ထားသော ထမင်းဇလုံကို အောက်သို့ ချလိုက်ပါသည်။ ဇလုံ ဆိုပေသည့် သံဇလုံ၊ ကြွေဇလုံ စသည်တို့ မဟုတ်ပါ။ မြေဇလုံ ဖြစ်ပါသည်။ ရိုးရိုးမြေထမင်းအိုး၊ မြေဟင်းအိုးများကဲ့သို့ မြေကြီးကို ဇလုံပုံ၊ ပန်းကန်ပုံ ပြုလုပ်၍ မီးဖုတ်ထားခြင်း ဖြစ်သည်။

သူတို့သည် ကြွေပန်းကန်၊ သံပန်းကန် စသည်တို့ ဝယ်ယူသုံးစွဲခြင်း မပြုနိုင်လောက်အောင် ဆင်းရဲမွဲပြာကျနေသည်တော့ မဟုတ်။ ထိုခေတ်က ဝံသာနုခေတ် ဖြစ်သည်။ တစ်တိုင်းလုံး၊ တစ်ပြည်လုံး ဝံသာနုစိတ် တက်ကြွနေသည်လည်း ဖြစ်သည်။ အနယ်နယ်အရပ်ရပ်သို့ ဝံသာနုတရား လှည့်လည်ဟောပြောကြသူများက နိုင်ငံခြားဖြစ် ပစ္စည်းများ မသုံးစွဲရန်နှင့် ပြည်တွင်းဖြစ် ပစ္စည်းသုံးစွဲဖို့ တိုက်တွန်း နှိုးဆော်ထားရာ၊ တောအရပ်မှ ဝံသာနုစိတ် ပြင်းထန်သော လူများစုတို့သည် ထိုခေတ်ထိုအခါက ပြည်တွင်းဖြစ် ကြွေထည် ပစ္စည်းများလည်း မပေါ်ပေါက်သေးသဖြင့် ကြွေပန်းကန်နှင့် သံပန်းကန်၊ ဒန်အိုး ဒန်ခွက်တို့အစား မြေပန်းကန်နှင့် မြေအိုး မြေခွက်တို့သာ သုံးစွဲကြလေ့ ရှိပါသည်။

မြေခွက် မြေပန်းကန် ဆိုသော်လည်း သောက်ရေအိုး စသည်များနှင့် မြေထမင်းအိုး၊ မြေဟင်းအိုးများကဲ့သို့ ကြမ်းတမ်းနေသည်တော့ မဟုတ်ပါ။ မြေသပိတ်များကဲ့သို့ မာကျော ချောမွတ်နေတတ်ပါသည်။ ယင်းသည် ထမင်းစားရန် ဇလုံ ပန်းကန်ချည်းမဟုတ်၊ ဆွမ်းတော်တင်သော၊ လက်ဖက်ရည်ကြမ်း သောက်သော ပန်းကန် အသေးအမွှားများမှအစ အရွယ်အစားစား ရှိပါသည်။ ဦးမိုးကောင်းတို့ မိသားစုမှာလည်း ဝံသာနုစိတ် ပြင်းထန်သူများ ဖြစ်ကြရာ နိုင်ငံခြားဖြစ် ပစ္စည်းဟူ၍ ဘာကိုမျှမဝတ်၊ ဘာကိုမှလည်း မသုံး။ ဆွမ်းတော်တင်သော၊ ဟင်းထည့်သော ပန်းကန်များသည်ပင် မြေဖြင့် ပြုလုပ်သော မြန်မာဖြစ်ကိုသာ သုံးကြပါသည်။ နောက်တစ်ခု အဝတ်ချုပ်သော အပ်ကို ပြည်တွင်းဖြစ် မရှိ၍ နိုင်ငံခြားဖြစ်ကို ဝယ်ယူ သုံးစွဲရပေသည့် အပ်ချည်ကိုကား အပ်ချည်ကဲ့သို့ မသေး သေးအောင် ဝါချည်ကို ကိုယ်တိုင်ငင်၍ သုံးကြပါသည်။

'မှတ်ဖူး အစ်မရဲ့၊ ကိုသိုက်ထွန်းတို့အကြောင်း သတင်းကြားလို့ အိမ်ပေါ်တောင် မတက်သေးဘဲ အစ်မဆီ ပြေးလာခဲ့တာ'

ဟုတ်ပါသည်။ ရွှေရီမမှာ ယာတောမှ လာခြင်းပင် ဖြစ်ပါသည်။ ယာတောသို့ အဖော်များနှင့်အတူ ယာခင်းတစ်ခင်းသို့ ပေါင်းထိုးသွားရာ၊ ရွာနှင့်နီးသော ယာခင်းဖြစ်သဖြင့် ထမင်းစားချိန်သို့အရောက် နံနက်စာ ထမင်းစားရန် အိမ်သို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။ သူ ဝတ်ထားသော အဝတ်များတွင် သူ့လက်၊ သူ့ခြေတို့တွင် မြေကြီးအစအနများပင် ပေကျံလျက် ရှိနေသေးသည်။ သူ့လက်၌လည်း "တလပါ" ခေါ်သော ပေါင်းထိုး ကိရိယာ တစ်ခု ပါလာသေးသည်။

'ဟေ.... သိုက်ထွန်း ဘာဖြစ်လို့တုံး၊ သိုက်ထွန်း အခု အချုပ်က လွတ်လာပတဲ့လား'

ရွှေကြည်မက ထမင်းလုတ်ကို ဆက်ခွံ့ရန် ဟန်ပြင်နေခိုက် ထမင်းလုတ် မခွံ့သေးဘဲ ပြန်လည် မေးမြန်းလိုက်ခြင်း ဖြစ်သည်။

'လွတ်လာလို့ မှတ်ဖူး အစ်မရဲ့၊ သူ့သတင်းကို ကြားခဲ့တာ၊ ကြားရသလောက်ဆိုရင် သတင်းက တော်တော့်ကို စိတ်မချမ်းသာစရာ ကောင်းတယ်'

'အေးပါ၊ ဘသူက ပြောလို့ ဘာကြားခဲ့တာတုံး၊ ကြားရတဲ့အတိုင်း ပြောစမ်းပါ'

ရွှေကြည်မသည်လည်း သိုက်ထွန်းကို ခင်မင်ရင်းနှီး ရှိနေသူဖြစ်ရာ၊ သိုက်ထွန်း ဟူသော အသံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် သိလိုဇောပို၍ ပြင်းထန်လာသည်။

'ဒီလို အစ်မရဲ့၊ အေးရင်မက သူများဆီက တစ်ဆင့်ကြားခဲ့ရတာ။ ကျုပ်ဖြင့်လေ ကြားကြားချင်း ဟိုအကောင်လည်း ဒေါသဖြစ်၊ စိတ်ထဲကလည်း ကိုသိုက်ထွန်းတို့ မောင်နှမအတွက် ဘယ်လို ခံပြင်းနည်း ခံပြင်းနေမှန်း မသိဘူး'

ပါးစပ်က ပြောသည့်အလိုက် စိတ်ထဲမှ တကယ်မကောင်း ဖြစ်နေ၍နှင့်တူသည်။ ရွှေရည်မသည် ပြောလက်စ စကားကို ဖြတ်လျက် သူ့ရင်ဘတ်ကိုသူ ဖိထားရင်း အတန်ကြာ ငေးငိုင်နေပြန်သေးသည်။ ရွှေရီမ

နှုတ်ထွက်နေးသလောက် ရွှေကြည်မကလည်း အလျင်စလို ကြားချင်လှပြီ ဖြစ်ရာ၊ ရွှေရီမကို ကြည့်ပြီး စိတ်မရှည်သည့် အမူအရာဖြင့်–

'ရွှေရီကလည်းဟဲ့ ပြောမယ့်စကား ဗာရာဏသီချဲ့နေလိုက်ထာ'

'ပြောတာက သူများမှုတ်ဖူး၊ ဟိုအကောင်က ထန်းရည်မူးမူးနဲ့ ပြောတာ တဲ့'

'ဟိုအကောင် ဆိုတော့ ဘသူတုံး၊ ငထွားလား'

'ဟုတ်တယ်၊ ဒီအကောင်အပြင် ဘယ်အကောင် ရှိရဦးမှာတုံး။ အဲဒါ ကြားတဲ့လူကတစ်ဆင့် အေးရင်မကို ပြောတာ။ ဒီလို အစ်မရေ၊ ဒီကောင် တလောတုန်းက ရွာမှာ သိပ်မနေဘူး။ ဗွေးချိုတို့ မြို့သစ်တို့ချည်း သွားသွား နေတယ်။ အဲဒါ အကောင်းသွားတာ မှုတ်ဖူး၊ ကိုသိုက်ထွန်းကို မကောင်း ကြံစည်ချင်လို့ သွားတာ။ ပြီးတော့လည်း ကိုသိုက်ထွန်း အမှုစစ်တဲ့ ဗိုလ်ကြီး နဲ့ ဒီကောင်က သိပ်ခင်သတဲ့'

'သိုက်ထွန်း အမှုစစ်ထာ ဗိုလ်ကြီး မှုတ်ပါဘူးအေး၊ ကိုရင်ကြီး ပြောတော့ စာသင် ကိုစံခ ပါတဲ့'

ကိုရင်ကြီး ဟူသည်မှာ ကိုသော်ကကို ခေါ်ခြင်းဖြစ်သည်။ ဘုန်းကြီး လူထွက်လျှင် အများအားဖြင့် ကိုရင်ကြီးဟု ခေါ်တတ်ကြပါသည်။

'ဘာပဲခေါ်ခေါ်ပေါ့ အစ်မရယ်၊ ဟိုအကောင်က အဲဒီလူနဲ့ ပေါင်း ပြီးတော့ ကိုသိုက်ထွန်းကို နှိပ်စက်ခိုင်းသတဲ့။ ပေါင်းတယ်ဆိုတာကလည်း သူတို့ကြိုက်တာ ကျွေးတယ် မွေးတယ်၊ ငွေလိုရင် ငွေပေးတယ်ပေါ့ အစ်မ ရယ်။ ဒါကြောင့် ဖမ်းထားတဲ့လူတွေ အားလုံးထဲက ဘသူ့ကိုမှ နှိပ်စက် ညှဉ်းပန်း မလုပ်ဘဲ သူတစ်ယောက်ကိုသာ နှိပ်စက်ညှဉ်းပန်း လုပ်သတဲ့။ ခုဆိုရင် ကိုသိုက်ထွန်းဟာ တရားလွန် နှိပ်စက်ထားလို့ ပိန်ချုံးနေတာ လူရုပ်နဲ့တောင် မတူဘူး တဲ့။ ပြီးတော့ လူတစ်ကိုယ်လုံးလည်း အညို အမည်းနဲ့ ဒဏ်ရာချည်းပဲ တဲ့။ ဒါနဲ့ အိပ်လည်း မအိပ်နိုင်ဘူး၊ စားလည်း မစားနိုင်ဘူး တဲ့'

ရွှေရီမသည် ပြောရင်း ပြောရင်း အသံများ တိမ်ဝင်သွားသည်ဟု ထင်ရသည်။ အသံသည်သာ တိမ်ဝင်သွားသည် မဟုတ်သေး၊ မျက်လုံးအိမ် များထဲတွင်လည်း မျက်ရည်များ အလိုလိုပြည့်လျှမ်းလာသည်။ ထိုအကြောင်း

ကို ကြားရသောအခါ ရွှေကြည်မသည်ပင် ရုတ်ခြည်း ရင်ထဲ၌ ပြည့်ကျပ်လာသည်။ ပြီး ရွှေရီမက ဝမ်းနည်းသံကြီးဖြင့် ဆက်လက် ပြောပြန်သည်။

'ဒီက အရီးငြိမ်းလှတို့ ထမင်းသွားပို့တော့ လက်မခံအောင်နဲ့ လူချင်းတွေ့ခွင့်မပေးတာလည်း ဒီကောင် ပြောထားလို့ တဲ့'

'ကြည့်စမ်း ကြည့်စမ်း၊ သေခြင်းဆိုးနဲ့ သေမယ့်အကောင်၊ လူတစ်ဖက်သားကို ရက်စက် ယုတ်မာလိုက်တဲ့ ဖြစ်ခြင်း'

'ဒါ့အပြင် တခြားယုတ်မာတာ ရှိသေးတယ် အစ်မရဲ့၊ အဲဒါလည်း ကိုသိုက်ထွန်းကို အတွင်းကြေ ကြေအောင် နှိပ်စက်ထားသလို ဆိုးတာပဲ။ ညစ်ညမ်း ယုတ်မာတဲ့နေရာမှာ သူကတောင် သာချင် သာလိမ့်ဦးမယ်။ တစ်နေ့ ကိုရင်ကြီး ဒီအိမ်ကို လာပြောဖူးတယ် မှတ်လား။ ကိုရင်ကြီးနဲ့ အရီးငြိမ်းလှတို့ မြို့သစ်မှာ ဆုံပြီး ကိုသိုက်ထွန်းကို ဝင်တွေ့ကြဖို့၊ ထမင်းထုပ်လည်း ပေးဖို့ ချိန်းထားကြတယ်တဲ့။ ပြီး ကိုရင်ကြီး ဒီက သွားတော့ မြို့သစ်မှာ မတွေ့ကြဘူးတဲ့။ တခြားနေရာတွေ သွားရှာတော့လည်း မတွေ့ဘူး တဲ့။ နောက် ကိုရင်ကြီးက မြင်းနဲ့ပြန်လာပြီး ဝွေးချို့ရွာ ဝင်မေးတော့ အရီးငြိမ်းလှနဲ့ ဖွားစိန်မတို့ သားအမိ ဝွေးချို့မှာ မရှိဘူး၊ မြို့သစ်မှာ ရှိနေတယ်တဲ့။ အဲဒီအချိန်က ဖြစ်မှာပဲ။ ဒင်းတို့တစ်တွေက တစ်ဖက်လှည့်နဲ့ ခေါ်သွားလို့ ကိုရင်ကြီးနဲ့ မတွေ့ခဲ့တာ ဖြစ်မှာပဲ'

'အေးပါ၊ ဒါနဲ့ ပြီးတော့ ဘာဖြစ်သတုံး'

ရွှေရီမသည် ပါးစပ်မှ ဘယ်သို့မျှ ဖွင့်မပြောရသေးမီ မျက်လုံးအိမ်များထဲမှ မျက်ရည်ပေါက်ကြီး အလိမ့်လိမ့် စီးကျလာပြန်သည်။ ပြီး ဝမ်းနည်းပက်လက်ဖြင့် တစ်ချက်မျှ အသံထွက်အောင် ရှိုက်လိုက်သည်။

'ရွှေရီ ပြောတောင် မပြောချင်တော့ပါဘူး အစ်မရယ်၊ ယုတ်မာ ရက်စက်လိုက်ကြတဲ့ လူတွေ။ သူတို့က ဖွားစိန်မကို အရီးငြိမ်းလှနဲ့ ခွဲထုတ်ပြီး....'

ရွှေရီမက ပါးစပ်မှ ပြောမထွက်၊ ရှေ့မဆက်ဘဲ စကားကို ဖြတ်ထားလိုက်ပေသည့် ထိုမျှလောက်ဆိုလျှင် ရွှေကြည်မလည်း နားလည်ရပြီ ဖြစ်သည်။ နားလည်သည်နှင့်အမျှ မျက်လုံးမျက်ဆန်များ ပြူးထွက်လာကာ သူ့ရင်ဘတ်ကို သူ့လက်နှစ်ဖက်ဖြင့် ဖိလျက်–

'အမယ်လေးလေ၊ အစိုးရဆိုတဲ့ လူတွေကလည်း ဒါလောက်တောင် ညစ်ညမ်း စုတ်ပဲ့ကြရသတဲ့လားတော်၊ အဲဒါ ဟိုအကောင်လည်း ပါတယ် ပေါ့ ဟုတ်လား။ ငါ့နှယ်နော် ကိုယ်ချင်းစာပြီး ဖွားစိန်မကို သနားလိုက်ပါ ဘိတော့'

'ပါတာပေါ့၊ ဒင်းပါလို့ ဒင်းတို့ ဒီလို ဒီလို ကြံစည်ခဲ့ကြတဲ့အကြောင်း ဖွင့်ပြောတာပေါ့။ ဒါတောင် ထန်းရည်မူးလို့ ကျွဲခိုးပေါ်တာဖြစ်မှာ၊ အဲဒါ ကိုက ဒင်းတို့အိမ်မှာ အရက်ဝိုင်းသောက်ကြရင်းနဲ့ အရက်မူးတော့ ဟိုကောင် က ဖွင့်ပြောတာတဲ့'

'ဟိုကောင်က ဘယ်သူ့ကို ဖွင့်ပြောတာတုံး'

'သူ့လူတွေပေါ့၊ ချက်ကြီးတို့ မဲလုံးတို့ကို နေမှာပေါ့။ ဒီလို ပြော နေတာကို ကိုမာဒင်ရဲ့မိန်းမ စံမှီက အကုန်ကြားတယ်။ ပြီး သူကြားရတဲ့ အတိုင်း အေးရင်မတို့ အမေကို ပြန်ပြောတယ် တဲ့'

'ကြည့်စမ်း၊ သိုက်ထွန်းတို့တစ်တွေကို မဟုတ်ဖဲနဲ့ အဟုတ်လုပ်ပြီး အဖမ်းခိုင်းတာလည်း ဒီကောင့်ဉာဏ် ဖြစ်မှာပဲ'

'ဒါတော့ သူချည်းမှုတ်ဘူး အစ်မရဲ့၊ ကိုရင်ကြီး ပြောပြတာ သိရ တော့ သူတို့ ငွေးချိုရွာက ဦးလူမင်းတို့သားအဖတဲ့။ ဦးလူမင်းဆိုတဲ့ လူကြီး က တော်တော်ဉာဏ်များတဲ့ လူကြီး။ ကိုသိုက်ထွန်းတို့ဆီမှာရှိတဲ့ ပစ္စည်း တွေကို သူ့ကြွေးနဲ့ အကုန်နိုမ်ချင်တယ်၊ ကိုသိုက်ထွန်းကလည်း ဒီနွားနဲ့ ဒီယာကလေးကို သိမ်းလိုက်ရင် ဘာမှလုပ်စရာ မရှိတော့မှာစိုးလို့ အနိမ် မခံချင်ဘူး။ မဖြစ်ဖြစ်တဲ့နည်းနဲ့ လုပ်ဆပ်မယ်လို့ ပြောတယ်။ ဒါကို သူက မကျေနပ်ဘူး၊ ကိုသိုက်ထွန်းကို မျက်မုန်းကျိုးနေတယ်။ ပြီးတော့လည်း ကိုသိုက်ထွန်းသာ မရှိဘဲ အရီးငြိမ်းလှတို့ချည်းဆိုရင် သူ လုပ်ချင်သလို လုပ်လို့ရမယ်။ အခု ဖမ်းဖို့ တို့မီးရှို့မီး လုပ်တဲ့အထဲမှာ အဲဒီအကြောင်း ပါလိမ့်မယ်'

'အဲ ဟုတ်ပြီ၊ အခုတလော သူ့သား ကျော်ဇောလည်း ဒီရွာကို ခဏခဏ လာတယ်။ ငထွားကလည်း သူတို့ရှိတဲ့နေရာကို မကြာမကြာ သွားတယ်'

'ဒါထက် အစ်မ၊ ဒီအကြောင်းကို ဦးဇင်း လျှောက်ရရင်....'

'ဟဲ့.... ညီမ'

ရွှေကြည်မက ကပျာကယာ လက်တားသည်။

'မလုပ်ပါနဲ့ ညီမရယ်၊ ရာဇဝတ်အိုး တုတ်နဲ့ထိုးသလို ဖြစ်နေပါဦးမယ်။ ဒို့ဦးဇင်းက သိပ်စိတ်ကြီးတာ၊ အခုတောင် မဟုတ်ဘဲနဲ့ မတရားအဖမ်းခံရတယ်ဆိုပြီး တောက်တခေါက်ခေါက်နဲ့၊ အခု လီဆယ်ဖမ်းတဲ့အထဲမှာ ဒီကောင်လည်း ပါတယ်။ ဒီကောင်က သိုက်ထွန်းကို နှိပ်စက်ဖို့ခိုင်းတယ်။ ပြီးတော့ ဟိုဥစ္စာ၊ တော်ပါတော့ ညီမရယ်၊ ဒီကိစ္စမျိုးက ဦးဇင်းနဲ့လည်း မအပ်စပ်ပါဘူး'

'ဒါပေမဲ့ ကိုသိုက်ထွန်းကို ပုလိပ်တွေက နှိပ်စက်တယ်ဆိုတာတော့ ဦးဇင်းလည်း ကြားရသားပဲ။ ကိုရင်ကြီးဆီက တစ်ဆင့်ကြားရမှာပေါ့'

'ဟုတ်တယ်၊ ဦးဇင်း ကြားတာက တို့ကြားသလိုပဲ။ သာမန်ကာလျှံကာ ကြားတာ။ အခုလို ငထွားက ခိုင်းလို့၊ ငထွားတို့က ပုလိပ်သားတွေကို ကျွေးမွေး ပြုစုပြီး အနှိပ်စက်ခိုင်းတယ်ဆိုတာ သိရရင်...'

'ခက်ပါတယ် အစ်မရယ်၊ ဒီသတင်း ကြားပြီးကတည်းက ရွှေရီ့ရင်ထဲမှာ ဘယ်လိုဖြစ်နေမှန်း မသိဘူး'

စောစောကအတိုင်းပင် ရွှေရီ၏အသံမှာ တိမ်ဝင်သွားပြီး မျက်ရည်များ စမ်းချောင်းပမာ စီးဆင်းလာပြန်သည်။

'ဝဋ်ရှိသမျှတော့ ခံဦးပေါ့ ညီမရယ်၊ ကိုရင်ကြီး ပြောသလိုဆိုရင် ဒီဝဋ်က မကြာခင် ကျွတ်တော့မှာပါပဲ။ ကိုရင်ကြီး တစ်နေ့က ပြောသွားတာ။ အခု ပုလိပ်ကနေပြီး ရုံးကို တရားစွဲမတင်တာ တခြားကြောင့် မှုတ်ဖူး၊ သက်သေအထောက်အထား ဘာမှမရှိလို့တဲ့။ သက်သေ မရှိရင် ဒီအတိုင်းချည်း ကြာကြာချုပ်မထားနိုင်ဘူးတဲ့။ တစ်နေ့ လွတ်ရမှာပဲတဲ့။ မလွတ်သေးခင် သူတို့ နှိပ်စက်တာ ခံဦးပေါ့ ညီမရယ်'

'အစ်မပဲ စဉ်းစားကြည့်ပါ၊ ရုံးကို တရားစွဲမတင်ဘဲနဲ့ အခုလို တစ်လကျော်ကျော် နှစ်လနီးပါး နှိပ်စက်နေတယ်ဆိုတော့ လူဟာ သံချောင်းမှ မှုတ်ဖဲ။ ခံနိုင်ပါဦးမလား'

'ဟုတ်တော့လည်း ဟုတ်ပါတယ်၊ အစ်မလည်း ဒီအတွက် နည်းနည်းမှ စိတ်မကောင်းပါဘူး။ ဖွားစိန်မအဖြစ်ကလည်း ဆိုးတော့ ဆိုးတာပဲ။

ဒါပေမဲ့ ဟိုတစ်ယောက်အဖို့ မလွတ်မချင်း သေလုမြောပါး အနှိပ်စက်ခံနေရတာက တွေးလိုက်တိုင်း ရင်ထဲမှာ မသက်သာစရာကြီးပဲ။ အဲဒါ ကိုယ်ကလည်း ဘယ့်နယ်မှ မလုပ်တတ်ဘူး၊ လုပ်လို့လည်း မရဘူး။ သူတို့ထောင်ချောက်ထဲ ရောက်နေပြီကိုး'

## (၉)

အချိန်ကို ရေနာရီ၊ နေနာရီ၊ စက်နာရီ စသော အရာတို့ဖြင့် ပိုင်းခြားသတ်မှတ်ကြသည်။ ရေနာရီသည် ပဟိုရ်စည်ဟုခေါ်သော မြန်မာ့နန်းတွင်းသုံး နာရီဖြစ်ခြင်းကြောင့် ယခုအခါ ပဟိုရ်စည်သံ ဆိတ်သုဉ်းခဲ့သည်နှင့်အမျှ ရေနာရီကို အသုံးမပြုတော့ဘဲ ရှိနေကြသည်။ နေနာရီကား ကမ္ဘာသုံးနာရီ၊ အများသုံးနာရီ ဖြစ်သဖြင့် နေဝန်းကြီး ပျောက်ပျက်မသွားသရွေ့ ဘယ်သောအခါမျှ ပျောက်ပျက်လိမ့်မည် မဟုတ်။

သို့သော် စက်နာရီဟူ၍ ပေါ်လာသောအခါ ကမ္ဘာပေါ်ရှိ တိုင်းပြည်တိုင်းလိုလိုပင် နေနာရီကို အသုံးနည်းပြီး စက်နာရီကိုသာ အသုံးပြုကြလေ့ရှိသည်။ အထူးသဖြင့် မြို့ကြီးပြကြီးများ၌ဆိုလျှင် နေနာရီကို အသုံးမပြုကြသလောက် ဖြစ်နေပြီ။ ဤနိုင်ငံ၌လည်း တောသူ တောင်သားတို့လောက်ယင်းနေနာရီကို အသုံးပြုတတ်ကြလေ့ရှိသည်။ နေဖြင့် ဖဝါးတိုင်းခြင်း၊ နေရိပ်ကို စက်ဝန်းပြုလုပ်၍ တိုင်းထွာ မှတ်သားခြင်း စသည့်နည်းများဖြင့်ဖြစ်သည်။

စင်စစ် ဘယ်နာရီဖြင့် ဘယ်နည်းဖြင့် အမှတ်အသားပြုသည် ဖြစ်စေနာရီသည် နာရီ၊ အချိန်သည်အချိန် အမှတ်အသားသာ ဖြစ်သည်။ အချိန်သည် နည်းနည်းကလေးမျှ ရပ်နားမနေ အစဉ်ရွေ့လျားနေသည်။ စက်နာရီအမှတ်အသားဖြင့် ပြောရမည်ဆိုလျှင် စက္ကန့်က မိနစ် ဖြစ်သည်။ မိနစ်ကနာရီဖြစ်သည်။ နာရီတွေ စုလိုက်လျှင် ရက်ဖြစ်သည်။ ရက်ကို ပေါင်းလျှင်လ ဖြစ်သည်။ လပေါင်းများသော် နှစ်ဖြစ်ပြန်သည်။ ဤလိုဖြင့် ငယ်သူတို့ကတစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီးတစ်နှစ် ကြီးလာသည်။ ကြီးသူတို့က တစ်စထက်တစ်စ ရင့်ရော်လာသည်။ ရင့်ရော်သူတို့က

အိုမင်းလာသည်။ ထိုကြားထဲ သေကျေ ပျက်စီးသူတို့လည်း သေကျေပျက်စီး ကုန်ကြသည်။ ယင်းကို ဘဝ၊ သို့မဟုတ် လူ့ဘဝဟု ခေါ်စမှတ် ပြုကြ ပါသည်။

နာရီရွေ့သည်နှင့်အမျှ၊ အချိန်ပြောင်းသည်နှင့်အမျှ လူတို့၏ဘဝ သည်လည်း တစ်နေရာတည်း၊ တစ်သမတ်တည်း တည်ရှိမနေ။ သံသရာ လည်နေသည်။ ဤအထဲမှ မူလအခြေအနေထက် တိုးတက် ပြောင်းလဲလာ သူများလည်း ရှိချင်ရှိမည်။ မူလအခြေထက် ဆိုးယုတ် ပျက်ပြားနေသူများ လည်း ရှိချင်ရှိမည်။ တစ်ခုတော့ ရှိသည်။ ဤနိုင်ငံမှာ တိုင်းတစ်ပါးသားတို့၏ လက်အောက် ကျွန်သပေါက် ဘဝဖြင့် အလူးအလဲခံနေရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပေရာ၊ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် အဆိုးဘဝမှ အကောင်းဘဝသို့ ကူးပြောင်း ရောက်ရှိလာဖို့ ဆိုသည်မှာ အလွန်ခဲယဉ်းသောအလုပ် ဖြစ်ပါ သည်။

မြို့တွေ၊ ရွာတွေ၊ နယ်တွေမှာ တစ်နေ့ထက်တစ်နေ့ အခြေဆိုးလာ သည်။ စီးပွားရေးက ကျပ်သထက် ကျပ်တည်းလာသည်။ ထိုထက် အချိန် ကြာညောင်းလာလျှင် လူတွေ ငတ်သေကုန်မည်ပင် စိုးရသေးသည်။ အုပ်စိုး သူ အင်္ဂလိပ်များက ယခုလို လူတွေ မငတ်ငတ်အောင်၊ မမွဲ မွဲအောင် ဖန်တီး ထားလေရော့သလားဟု တွေးလိုက တွေးနိုင်သည်။ လူတွေ မွဲမှ၊ ငတ်မှ သူတို့ လိုသလို အုပ်ချုပ်နိုင်လိမ့်မည် မဟုတ်ပါလား။

တကယ်တော့ ဟုတ်ပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ နယ်ချဲ့နည်း ပရိယာယ်ကြောင့်ပင် ဖြစ်ပါသည်။ အလွန်အားကောင်းလှသော ဆင်များကို အသုံးပြုလို၍ ဖမ်းဆီးသည့်အခါ ပထမ ထိုဆင်များကို ကျုံးသွင်း ဖမ်းယူ ရပါသည်။ နောက် လိုရာခိုင်းစေနိုင်ရန်အတွက် ဆင်ရိုင်းများကို ဆင်ယဉ် ဖြစ်အောင် ကျင့်ရသည်။ သို့ကျင့်သောအခါ လူကို အန္တရာယ်မပြုစေခြင်းငှာ အားကောင်းသော ဆင်များကို အစပထမ အားနည်းသွားအောင် ပြုလုပ် ရသည်။ အစာကို မကျွေးဘဲ ထားသည်။ ရေကို မတိုက်ဘဲ ထားသည်။ ဤလိုဖြင့် အင်အားကြီးမားသော ဆင်များသည် လွန်စွာ အင်အား ယုတ် လျော့ ချည့်နဲ့လာကြသည်။ မလှုပ်နိုင်မရှားနိုင်၊ မထိုးနိုင် မကော်နိုင်သည် အထိ မသေရုံတမည် ယဲ့ယဲ့ကလေး ကျန်သောအခါမှ အစာကို နည်းနည်း

ကလေး ချွေးကျွေးသည်။ ထိုအခါ လူတို့က သူတို့ကြိုက်သလို ပြုပြင်ကြ
သည်။ ပုံသွင်းကြသည်။ ခိုင်းစေကြသည်။ သူတို့အဖို့ လူတို့အား ပြန်လှန်
တိုက်ခိုက်ရန် အင်အားမရှိကြတော့သဖြင့် လူတို့ ခိုင်းစေရာသာ လုပ်ကိုင်
နေကြရသည်။

နိုင်ငံချဲ့ အင်္ဂလိပ်တို့ကလည်း မြန်မာ တိုင်းရင်းသားတို့အား ထို
နည်းအတိုင်း ကျင့်ကြံနေကြသည်။ မြန်မာတို့ အားရှိနေလျှင် သူတို့ကို
ပြန်တွယ်မည်။ မြန်မာတို့ ထမင်းဝနေလျှင် သူတို့၏ အမိန့်ဩဇာကို နာခံ
ကြလိမ့်မည် မဟုတ်။ အလွန်အင်အားကြီးမားသော ဆင်ကြီးများကိုပင်
အစာငတ် ရေငတ်ထားပြီး လေ့ကျင့်ပေးနိုင်သေးလျှင်၊ လိုရာကို အသုံးပြုနိုင်
သေးလျှင် တစ်ဦးချင်းအနေဖြင့် ဘာမျှ အင်အားမရှိသော လူများကိုကော
ဤလိုပြုလုပ်၍ မရနိုင်သလော။ ဤနည်းဖြင့် အုပ်ချုပ်သူ အင်္ဂလိပ်များက
အအုပ်ချုပ်ခံ မြန်မာ တိုင်းရင်းသားတို့အား ပြုလုပ် ကြံစည်နေကြခြင်း
ဖြစ်ပါသည်။

မြန်မာပြည် နိုင်ငံရေး လှုပ်ရှားစအချိန် ၁၉၂၁ ခုနှစ်ဆီမှ ဤစီမံ
ကိန်းကို စတင်အကောင်အထည် ဖော်ခဲ့ကြခြင်း ဖြစ်ပါသည်။ တိုင်းရင်းသား
မြန်မာများ၏ အသက်သွေးကြောဖြစ်သော လယ်ယာထွက် သီးနှံပစ္စည်း
များကို ဈေးနှိမ်ရန်အတွက် ယင်းတို့ မျက်နှာဖြူပိုင် ကုမ္ပဏီကြီးများဖြစ်သည့်
စတီးဘရားသားကုမ္ပဏီ၊ ဘလုပ်ဘရားသားကုမ္ပဏီ၊ အယ်လာမင်အာရ်ကင်
ကုမ္ပဏီနှင့် အင်္ဂလိုဘားမားကုမ္ပဏီ စသည့် ကုမ္ပဏီကြီး လေးခု ပေါင်းစည်း၍
ဘူလင်ဂျာပူးလ်ဟူ၍ တစ်ခုတည်းသောသဘော ဖြစ်စေရန် ဖွဲ့စည်းလိုက်
ကြပါသည်။

တကယ်တော့လည်း ဗမာတစ်ပြည်လုံး၏ သီးနှံထွက် ရောင်းဝယ်မှု
မှာ ထိုကုမ္ပဏီလေးခု၏ လက်တွင်း၌သာ ရှိခဲ့ပါသည်။ သို့သော် ယခင်က
သူတို့အချင်းချင်း ဈေးနှုန်း ညှိနှိုင်းမှု မရှိခဲ့ကြ။ ယခု အချင်းချင်း ဈေးနှုန်း
များ တညီတညွတ်တည်းဖြစ်အောင် ညှိနှိုင်းထားကြရုံမျှမက မြန်မာတွေ
ဘယ်သောအခါမျှ နာလန်မထူနိုင်အောင်၊ ယင်းတို့၏ ဘုရင်ဧကရာဇ်အား
လည်း တော်လှန် ပုန်ကန်ခြင်း မပြုနိုင်အောင် ဆင်များကို ကျုံးသွင်းပြီး
အစာငတ် ရေငတ်ထားသကဲ့သို့ အငတ်ငတ်အပြတ်ပြတ် ဖြစ်နေကြစိမ့်ငှာ

လယ်ထွက်ယာထွက် ပစ္စည်းများဖြစ်သော စပါး၊ ဆန်၊ ဝါ၊ နှမ်း၊ မြေပဲနှင့် အခြားပဲမျိုးစုံတို့ကို အနည်းဆုံး ဈေးပေး၍ ဝယ်ယူနေကြခြင်း ဖြစ်ပါသည်။

ယင်းပစ္စည်းများ နိုင်ငံခြားသို့ (ဆီ မပါ) တင်ပို့ ရောင်းချခွင့်ကို လည်းကောင်း၊ နိုင်ငံခြားမှ သွင်းယူသော (စားသုံးဆီ အပါအဝင်) ပစ္စည်း များကို လည်းကောင်း ယင်းတို့ကသာ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထား လေရာ တောင်သူလယ်သမား ဆင်းရဲသားတို့အနေဖြင့် ကိုယ်က ရောင်းချ သော ပစ္စည်း အဘယ်မျှ ဈေးနည်းသည်ဖြစ်စေ၊ ကိုယ်က ဝယ်ယူရန်ပစ္စည်း အဘယ်မျှ ဈေးကြီးသည်ဖြစ်စေ အခြားဆက်သွယ်စရာ နေရာမရှိ။ ယင်းတို့ နှင့်သာ ရောင်းဝယ်ဖောက်ကားခြင်း ပြုကြရသည်။ အနစ်နာ ခံကြရသည်။ သူတို့ လက်ခုပ်ထဲကရေ၊ သူတို့ သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်ချင် သလို လုပ်နိုင်သည်။

ဤသို့ဖြင့် တောင်သူလယ်သမား ဆင်းရဲသားများအဖို့ တစ်နေ့ထက် တစ်နေ့ ဆင်းရဲ မွဲပြာကျလာသည်။ ယင်းတို့၏ ဖိနှိပ်မှုအောက်တွင် နာလန် မထူနိုင်အောင် ပြားပြားဝပ် ခံနေကြရသည်။ ကြွေးတင်ကျွန်ဖြစ်လျက် အချို့ စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြသည်။ ယင်းမှာ တစ်နေရာတည်း မဟုတ်၊ တစ်နယ်တည်း မဟုတ်၊ တစ်တိုင်းတစ်ပြည်လုံး ဖြစ်နေကြသည်။

ယင်းသို့ တိုင်းသူပြည်သား လူများစုတို့ ဆင်းရဲမွဲပြာကျလျက် စားရမဲ့ သောက်ရမဲ့ ဖြစ်နေကြပြီဆိုသောအခါ ခိုးမှု၊ တိုက်မှုနှင့် လုယက်မှုများ ထူပြောလာသည်။ အူမ မတောင့်၍ သီလ မစောင့်နိုင်ဘဲ ဖြစ်ကုန်ကြသည်။

လူအားလုံး (လူများစုကို ဆိုလိုသည်) သီလပျက်ကြသည် ဆိုသော အခါ အုပ်ချုပ်ရေးပိုင်းက တစ်ဆင့်တက်လာပြန်သည်။ ဆင်းရဲသား တောင်သူ လယ်သမားတို့အား ဖိနှိပ်လာသည်။ ဤသည်မှာ နိုင်ငံချဲ့ အင်္ဂလိပ်တို့၏ နည်းပရိယာယ်တည်း။

'အား....'

'ဟ... ဒီအိမ်က ကလေးတစ်ယောက်တည်းပါလား၊ လူကြီးတွေ ဘယ်သွားကုန်လို့တုံး'

လူပုံက ခန့်ခန့်၊ ဗိုက်က ရွဲရွဲ၊ အသားက မည်းမည်း၊ နှုတ်ခမ်းမွေး ကြီးက ကားလျက် ရှိနေရာ ထိုသူကို မြင်ရသော အဘယ်ကလေးသည် မကြောက်ဘဲ၊ မလန့်ဘဲ၊ အော်၍ မငိုဘဲ ရှိပါလိမ့်မည်နည်း။

ဟုတ်ပါသည်။ ယင်းသူမှာ အခြားသူ မဟုတ်ပါ၊ ဦးလူမင်း ဖြစ်ပါသည်။ ဦးလူမင်းသည် အများတကာတို့၏ မသဒ္ဒါရေစာ၊ အများတကာတို့၏ မေတ္တာရေများ စူးရှနေ၍လား မဆိုနိုင်။ တစ်နေ့တခြား အဆီတွေတိုးပြီး၊ တစ်နေ့တခြား ဗိုက်ကြီးက တိုး၍တိုး၍ ပူလာသည်။ အများတကာတို့ ငတ်ပြတ် မွဲတေနေရသည့်အထဲ သူတစ်ယောက်တည်းက စားဝင် အိပ်ပျော်ဖြစ်နေ၍လား မဆိုနိုင်။

'အမေရေ၊ အရားကြီး.... ကြောက်တယ် အမေ'

'ဟဲ့ အပု၊ မငိုနဲ့... တိတ်တိတ်၊ ဩော်... ဦးကြီးလား၊ လာ ထိုင်ပါဦးကြီး'

'အင်း... သိုက်ထွန်းလည်း အရှိသားပဲ။ ငါက မရှိဘူး အောက်မေ့လို့'

'ရှိပါတယ် ဦးကြီး၊ ဒီနေ့ အလုပ်အားနေလို့ ဘယ်မှ မသွားပါဘူး'

မီးဖိုခန်းမှ ထွက်လာသော သိုက်ထွန်းက ဦးလူမင်း မြင်၍ ကြောက်လန့် ငိုကြွေးနေသော ကလေးအပါးတွင် ကပ်ထိုင်လိုက်ရင်း ဖြေကြားလိုက်ခြင်း ဖြစ်သည်။ ပြီး ဦးလူမင်းက သိုက်ထွန်းအား စေ့စပ်သေချာစွာ အကဲခတ် ကြည့်ရှုရင်း အိမ်ကလေး၏ ကြမ်းစွန်းတွင် တင်ပါးလွှဲ ထိုင်ချလိုက်သည်။

သိုက်ထွန်းသည် ရှေးကနှင့် နည်းနည်းကလေးမျှ မတူပါ။ လေးနှစ်တာ ကာလအတွင်း ရှေးကနှင့် အများကြီး ခြားနားသွားသည်။ ရှေးက ဦးလူမင်းကို မြင်လျှင် လွန်စွာ ထိတ်လန့်စိုးရွံ့သော ဟန်သွင်ဖြင့် မနေတတ်၊ မထိုင်တတ်၊ မပြောတတ် ဖြစ်နေလေ့ရှိသည်။ ယခု ထိုသို့ မဖြစ်၊ အသက်အရွယ် အတန်ငယ် ကြီးရင့်လာသည်နှင့်အမျှ ရင့်ကျက်သော သွင်ပြင်လက္ခဏာကို ဆောင်လျက်ရှိသည်။ လောကဓံတရားကို ကြံ့ကြံ့ခံနိုင်လာသည့် သဘောပင် ဖြစ်ဟန်ရာသည်။

မှန်သည်။ သူ ကျင်လည်ခဲ့ရသည့် ဘဝ၊ သူ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများက သူ့အား ပညာပေးခဲ့၊ အသိရရှိစေခဲ့သည် မဟုတ်ပါလော။

လူ့ဘဝဟူသည် ဘာမျှမဆန်း။ ကိုယ်က အကောင်းလုပ်ပေးသည့် ကောင်းချင်မှ ကောင်းသည်။ မကောင်းလုပ်သူများလည်း မကောင်း မဖြစ်ကြ။ အကောင်း ဖြစ်ချင်လျှင် ဖြစ်နေသည်။ ကိုယ် ဖြစ်ချင်သည်ကို မဖြစ်၊ ကိုယ် မဖြစ်ချင်သည်တွေချည်း ဖြစ်နေသည်။ ဘာလုပ်လုပ် ဘာကိုင်ကိုင်၊ ဘယ်လောက် ကြိုးစား ကြိုးစား ဘာမျှမထူး၊ မွဲချင်သူအဖို့ မွဲမြဲမွဲနေမည်။ ဆင်းရဲမြဲ ဆင်းရဲနေမည်။ မတရားပြုချင်သူတို့ကလည်း မတရားမပြုပါနဲ့ ဟူ၍ တားဆီးမရ။ သူတို့ပြုချင်က ပြုကြမည်၊ နှိပ်စက်ချင်ကလည်း နှိပ်စက်ကြမည်သာ။ သူတို့ကို တွေးကြောက်နေ၍၊ တွေးရွံ့နေ၍ တွေးတော ပူပန်နေ၍ကော ဘာထူးဦးမည်နည်း။

သိုက်ထွန်းသည် ရှေးကထက် လေးနှစ်တာခန့် အသက်ရင့်ခဲ့ပြီ။ ထို လေးနှစ်တာခရီး အတွေ့အကြုံက သူ့အား သင်ကြားတတ်မြောက်စေခဲ့ပြီးပြီ မဟုတ်ပါလော။

လွန်ခဲ့သည့် လေးနှစ်ခွဲခန့်အချိန် သိုက်ထွန်း ကွမ်းထမ်းအလုပ်ကို လုပ်ကိုင်နေစဉ်က ဦးဝွန္နဝါ ရေကန်အနီး ထနောင်းပင်ရိပ်၌ ကွမ်းထမ်းချ၍ နားနေကြစဉ် သိုက်ထွန်းတို့ လူတစ်စုရှိရာသို့ ဦးလူမင်းသည် မမျှော်လင့်ဘဲ ရုတ်တရက် မြင်းဖြင့် ပေါက်လာသည်။ ထိုအခါ သိုက်ထွန်းသည် ဦးလူမင်းကို တွေ့မြင်ရလျှင် တွေ့မြင်ရချင်း ရင်ထဲတွင် "ဒိန်း" ခနဲ ဖြစ်သွားသည်။ အသည်းနှလုံးများ လှိုက်ဖိုသွားသည်။ ယခု ထိုသို့ မဖြစ်တော့၊ နကမ္ဗတိသာ။ စိုးရိမ်ကြောက်ရွံ့ တုန်လှုပ်နေ၍ကော သူ့အဖို့ ဘာများ ထူးခဲ့သနည်း။ ဘူးမျှမထာ ဘာမျှမထူးခဲ့။ ဘယ်လောက် တောင်းပန် တောင်းပန်၊ ဘယ်လောက် တိုးလျှိုး တိုးလျှိုး သနားညှာတာကင်းသူသည် သနားညှာတာကင်းစွာဖြင့် သူတို့ လုပ်ချင်သလို လုပ်မည်။ ရှိပစ္စည်းများအနက်မှ နွား ယူချင်လျှင် ယူသည်။ ယာ သိမ်းချင်လျှင် သိမ်းသည်။ လူကို နှိပ်စက်ချင်လျှင် နှိပ်စက်သည်။ တောင်းပန်နေ၍ အလကား၊ ဤလိုဖြင့် သိုက်ထွန်း၏ ဘဝတစ်လျှောက် ခံခဲ့ရပေါင်း များလှပြီတည်း။

ယခု သိုက်ထွန်း၏အိမ်သို့ ဦးလူမင်း ရောက်ရှိလာခြင်းမှာလည်း တစ်စုံတစ်ခု ပြုလုပ်ရန် လာခြင်းပင် ဖြစ်မည်။ ယင်းကို သိုက်ထွန်းက ကြောက်နေလျှင်၊ ရွံ့နေလျှင်၊ တောင်းပန် တိုးလျှိုးနေလျှင်လည်း ဘာမျှ

အကြောင်းထူးမည် မဟုတ်။ သိုက်ထွန်းတို့က တောင်းပန်တိုးလျှိုး၍ ဦးလှမင်း အနေဖြင့် ဘယ်အခါကများ ညှာတာ ထောက်ထားခဲ့ဖူးသနည်း။ သူ ရဖို့က လွဲပြီး ဘယ်တုန်းကမျှ မညှာခဲ့ဖူးပါ။

ပြီး ဦးလှမင်းသည် ပြောမည့်စကားကို နှုတ်က မဖွင့်သေးဘဲ ပထမ သိုက်ထွန်းတို့ အိမ်ကလေး၏ အတွင်းအပြင်သို့ လှည့်ပတ် ကြည့်ရှုသည်။ အိမ်တစ်အိမ်လုံးလည်း ဘာမျှ မည်မည်ရရ မရှိ။ တောင်သူမျိုးရိုးတို့၏ အိမ်များ၌ တွေ့ရှိရတတ်သော ပစ္စည်းများကိုပင် မတွေ့မမြင်ရ။

တောင်သူလယ်သမားတိုင်းတို့၏ အိမ်၌ တွေ့ရတတ်သော ပစ္စည်း များမှာ လူသုံးပစ္စည်းထက် လယ်ယာသုံး လယ်လုပ်ကိရိယာနှင့် လယ်ထွက် ယာထွက် ပစ္စည်းက များသည်။ နွားချည်ကြိုး၊ ထမ်းပိုးကြိုး၊ ထမ်းပိုးကျည်း၊ ထွန်ညှင်း၊ ထွန်သွား စသည့် နွားနှင့် ထွန်နှင့်ပတ်သက်သော ပစ္စည်းများ။ ယင်းတို့ကို အချို့ အောက်တွင်ပုံလျက် လည်းကောင်း၊ အချို့ ဟိုနေရာ တွဲလောင်း၊ သည်နေရာ တွဲလောင်း ချိတ်လျက် လည်းကောင်း ရှိတတ်ပြီး ယာထွက်ပစ္စည်းများ ထည့်သိုသော ပုတ်၊ တောင်း စသည်တို့လည်း အိမ်၏ နေရာအနှံ့အပြား၌ ပိုးလိုးပက်လက် ရှိနေတတ်သည်။ ယခု ထိုအိမ်၌ ဘာမျှ မရှိ။ အရှေ့အနောက် တိုးလျှိုပေါက်၊ တောင်မြောက် ထုတ်ချင်းပေါက်၊ အတွင်းခန်း အပြင်ခန်း ခြားထားသော ကဲလားသည်ပင် အကွပ်သာ ကျန်ပြီး အပေါက်နှင့် ဟောင်းလောင်း။

အတွင်း ကဲလားများသည်သာ မဟုတ်သေး၊ အပြင် ကဲလားများ သည်လည်း ထိုနည်းလည်းကောင်း ဖြစ်ပါသည်။ အိမ်ခြံဝင်းသို့ ကြည့်လို လျှင် အောက်ဆင်းကြည့်နေစရာ မလို၊ အိမ်ပေါ် ထိုင်လျက်မှနေ၍ ကြည့်ရှု လေ့လာလျှင် ပြီးသည်။ သို့ဖြစ်ရာ ဦးလှမင်းက အိမ်တွင်းသာ မဟုတ်၊ အိမ်ပြင်သို့လည်း ကျီးကန်းတောင်းမှောက် ကြည့်ရှု လေ့လာနေပါသေး သည်။

အိမ်ပြင်၌လည်း အိမ်တွင်းနှင့် ဘာမျှ မထူးခြားပါ။ နွားတင်းကုပ် ဆိုလျှင် အမိုးပင်မရှိတော့။ ယိုင်သည့်တိုင်က ယိုင်၊ ကျိုးသည့်တန်းက ကျိုး၊ အခြင်များလည်း အချို့က တွဲလောင်း၊ အချို့က ကန့်လန့်၊ နွားကျွေးခေါင်း တစ်ခု ရှိသည်မှာလည်း မှောက်လျက်သား။ ဤသည်ကပင် သိုက်ထွန်းတို့

အိမ်၌ နွားတစ်ကောင် တစ်မြီးမျှ မရှိတော့ကြောင်း သက်သေခံ ဖြစ်နေပါသည်။ သို့သော် အိမ်ခြံဝင်းကား အတော်ကလေးကျယ်ပါသည်။ အလုံးစုံ လှေ့လာကြည့်ရှုပြီးသော အခါတွင်မှ ဦးလူမင်းသည် အားရကျေနပ်သော အမူအရာဖြင့် သူ့အပါး၌ ကလေးကို ရင်ခွင်ထက်၌ ပွေ့ချီထားသော သိုက်ထွန်း ဘက်သို့ လှည့်လိုက်ပါသည်။ ဦးလူမင်း၏မျက်နှာကို စေ့စေ့ကြည့်မြင်ရသည် ဆိုလျှင်ပင် ပြူးတည့်ပြူးကြောင်ဖြင့် ကြောက်အားပိုနေသော ကလေးက မဲ့လိုက်ပြန်ပါသည်။

'မငိုနဲ့အပု မငိုနဲ့၊ ဘကြီးလေ အပုရဲ့၊ ဘကြီးကို မသိဘူးလား'ဟု ဆို၍ သိုက်ထွန်းက ကလေး၏မျက်နှာကို သူ့ရင်ဘတ်တွင်းသို့ ဆွဲသွင်း လိုက်သည်။

'နို့ ကောင်မလေးကတော့ ဘယ်သွားလို့တုံး'

'ဒွေးလေးဖော့တို့က ခေါ်လို့ ဝါကောက်တဲ့ ဦးကြီးရာ၊ ခါတိုင်းတော့ လည်း ကလေးကို ခေါ်ခေါ်သွားပါတယ်။ ဒီကနေ့တော့ ငါလည်း အိမ်မှာ အားနေတယ်၊ ကလေးကို ထားချင် ထားပစ်ခဲ့ ဆိုတာနဲ့။ ဒါထက် အခု ဦးကြီး လာတာ အကြောင်းများ ထူးသလား ဦးကြီး'

'အကြောင်းထူးဆို ဒီလိုလေ၊ သီတင်းမကျွတ်ခင်တုန်းက မင်းပဲ ပြောခဲ့တယ်မှတ်လား၊ သီတင်းကျွတ်ပြီးရင် ကျုပ်တို့အစီအစဉ် လုပ်ပါ့မယ် လို့၊ အခု သီတင်းကျွတ်ရုံမကလို့ တန်ဆောင်မုန်းလတောင် ကုန်လုနေပြီ ကွ'

ရှေးသရောအခါများကဆိုလျှင် သိုက်ထွန်းသည် ဦးလူမင်းထံမှ ဤမျက်နှာပေါက်မျိုး၊ ဤလေသံမျိုးနှင့် ဤအပြောမျိုးကို မြင်တွေ့ ကြား သိလိုက်ရသည်နှင့် တစ်ပြိုင်နက် ရင်ထဲမှ အလုံးကြီး ဆို့တက်လာပြီး မျက်နှာလည်း တစ်ချက်တည်း ညှိုးကျသွားတတ်ပါသည်။ တစ်ဆက်တည်း ပင် ဦးလူမင်း၏ ခြေသလုံးကို လှမ်းဖက်ချင်သလိုလို၊ ပုဆစ်ဒူးတုပ်၍ ဦးပဲ ချချင်သလိုလို၊ ဦးလူမင်း၏ခြေဖဝါးနှင့် သူ့နဖူး ပွတ်တိုက်တော့ မလိုလို၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတတ်ပါသည်။ ယခုကား သည်သို့ မဟုတ်ပါလေ။ မျက်နှာအမူအရာ တစ်ချက်ကလေးမျှ ပြောင်းမသွားပါ။ နဂိုအတိုင်း ရှိနေပါသည်။ ပကတိ တည်ငြိမ်လျက် ရှိနေသည်။ သူ၏မျက်နှာ

ဟန်ပန်သည် တင်းမာခက်တရော် ဖြစ်မလာသည့်ပြင် ပြုံးယောင်ပင် သမ်းလာသည် ထင်မှတ်ရသေးသည်။ နောက် သူ၏ရင်ခွင်ထက်မှ ကလေး၏ ကျောကို ပွတ်သပ်ရင်း–

'ဒီတော့ ဦးကြီးက ဘယ်လို လုပ်ချင်လို့တုံး၊ အမိန့်ရှိပါဦး'

သိုက်ထွန်းက မေးခွင့်မေး ဝတ္တရာအတိုင်း မေးရသည်။ တကယ်တော့ ဦးလူမင်း ပြောမည့်စကားကို သိပြီးဖြစ်နေပါသည်။ အဘယ်မှာမသိဘဲ ရှိပါလိမ့်မည်နည်း။ ဦးလူမင်းသည် အိမ်ပေါ်တွင် ထိုင်လိုက်ပြီဆိုကတည်းက မျက်စိအစုံ ကျွတ်ကျမတတ် သိုက်ထွန်းတို့ အိမ်အခန်းအသီးသီးနှင့်တကွ (တကယ်တော့ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အခန်းများစွာ မရှိပါ) အိမ်၏အနေအထား၊ အိမ်တွင်းရှိ ပစ္စည်းများ၊ အိမ်ပြင်ရှိ ပစ္စည်းများသာမက အိမ်ဝင်းခြံ၏ အကျယ်အဝန်း၊ အိမ်ဝင်းခြံအတွင်းရှိ သစ်သီးသစ်ပင် စသည် စသည်များအား ခရေစေ့တွင်းကျ အကဲခတ်လေ့လာနေကတည်းက သိုက်ထွန်းက သိရှိပြီးဖြစ်သည်။ သိုက်ထွန်းတို့၏ ဘိုးဘွားအဆက်ဆက်က အခြေချ နေထိုင်လာခဲ့သော အိမ်ဝင်းခြံနှင့်တကွ အိမ်ကလေးကို ကြွေးဖြင့် ခုနှိမ်သိမ်းပိုက်ရန် လာခြင်း ဟူ၍။

သိုက်ထွန်းတို့တွင် မျက်စိကျစရာဟူ၍လည်း သည်တစ်ခုသာ ကျန်တော့သည်။ သိုက်ထွန်းတို့၏ ဘိုးဘပိုင် ယာမြေလယ်မြေများ၊ ခိုင်းနွားများနှင့်တကွသော သားပေါက်နွားများ၊ နွားကလေးများနှင့် အခြားလုည်းအစရှိသည့် လယ်ယာသုံး ပစ္စည်းကိရိယာ အားလုံးကို ဦးလူမင်းက အလီလီ ကြွေးဖြင့် ခုနှိမ် သိမ်းပိုက်ခဲ့ပြီးပြီ ဖြစ်ပါသည်။

နောက်ဆုံး ကျန်ရှိနေသေးသော ယာတစ်ကွက်နှင့် ချိုကွေးမကြီး သားအမိကို သိမ်းပိုက်စဉ်က သိုက်ထွန်းလည်း အချုပ်မှ လွတ်လာခါစ ဖြစ်သည်။ (သိုက်ထွန်းတို့အမှုကို ရုံးသို့ စွဲတင်နိုင်ရန် သက်သေမပြည့်စုံသဖြင့် အားလုံးလွှတ်လိုက်ခြင်း ဖြစ်သည်) ထိုစဉ်က သိုက်ထွန်းတို့မိခင်ဒေါ်ငြိမ်းလှလည်း အသက်ရှင်လျက် ရှိသေးသည်။ ဒေါ်ငြိမ်းလှ အနိစ္စရောက်ခဲ့သည်မှာ ဘာမျှမကြာသေးပါ၊ ယခုမှ အခါလည်ခန့်မျှ ရှိပါသေးသည်။

သို့ရှိစဉ် ဦးလူမင်းက 'နင်တို့မှာ ရှိနေတဲ့ကြွေးကို အခုချက်ချင်း ငွေကျေမပေးနိုင်ရင် နင်တို့ရဲ့ ရှိပစ္စည်းအားလုံးကို ငါ သိမ်းရလိမ့်မယ်။ အဲဒါ

လွယ်လွယ်နဲ့ ပေးရင်ပေး၊ မပေးရင် ရုံးတင် တရားစွဲရလိမ့်မယ်'ဟု ခြိမ်းခြောက်တောင်းဆိုခဲ့ဖူးပါသည်။

ထိုအခါ ဒေါ်ငြိမ်းလှတို့အနေဖြင့် ကြွေးဆပ်ဖို့ မဆိုထားနှင့်၊ ထမင်းကိုပင် နပ်မှန်အောင် ချက်မစားနိုင်၍ တောထဲမှ သစ်ဥသစ်ဖုများကို တူးဆွစားသောက်နေရသောအချိန် ဖြစ်ပါသည်။ ထိုနှစ်က သိုက်ထွန်းကလည်း အချုပ်ကျနေသည်။ ဒေါ်ငြိမ်းလှကလည်း ကောင်းစွာ မကျန်းမာသဖြင့် ဘာမျှမလုပ်နိုင်။ ယာနှစ်ကွက်နှင့် နွားသိုးတစ်ကောင်၊ ချိုကွေးမကြီး သားအမိတို့ ရှိသည့်အနက် သိုက်ထွန်း အချုပ်ကျနေစဉ် ယာတစ်ကွက်နှင့် နွားသိုးတစ်ကောင်ကို ဦးလူမင်းက ကြွေးဖြင့် အတင်းလာရောက် သိမ်းယူသွားသည်။

သို့အတွက် ယာလုပ်မည့်သူလည်း မရှိ။ ယာလုပ်ရန် နွားလည်း မရှိဘဲ ဖြစ်နေသည်။ အကယ်၍ သိုက်ထွန်းသာ ရှိနေလျှင် နွားသိုး တစ်ကောင်နှင့် ချိုကွေးမကြီးတို့ တွဲဖက် ထွန်ယက်ဖို့ စီစဉ်ထားသည်။ နောက်တစ်ခု သိုက်ထွန်းကလည်း မိုးလယ်လောက်ကျမှ အချုပ်က လွတ်လာသည်။ သို့ တိုင်အောင် သိုက်ထွန်းမှာ အပြင်သို့ ရောက်လျှင်ရောက်ချင်း ဘာမျှ မလုပ်နိုင်သေး။ အချုပ်ကျစဉ်က နှိပ်စက် ညှဉ်းပန်းခြင်း ခံထားရသဖြင့် အတန်ကြာအောင် နာမကျန်းဖြစ်နေသေးသည်။ ထိုနှစ် တစ်မိုးလုံး ဖွားစိန်မနှင့် သိုက်ညွှန်းတို့၏ လုပ်စာကိုသာ မှီခို စားသောက်နေကြရသည်။

တကယ်တော့ ဖွားစိန်မလည်း ကောင်းစွာ ကျန်းမာသည် မဟုတ်။ သိုက်ညွှန်းဆိုသည်မှာ ထိုစဉ်က ကျောင်းသားသာသာမျှ ရှိသေးသည်။ လက်လုပ်လက်စား အလုပ်ခေါ် ပေါင်းထိုးအငှား၊ ပဲကောက် အငှား၊ နှမ်းနုတ် အငှားလိုက်သည့် အလုပ်များကို လူတွဲနှင့်မှ လုပ်မှရသည်။ သူ့ကို ဖွားစိန်မက တွဲခေါ်ရသည်။ သို့သော် လူတစ်ယောက်၏ လုပ်ခမှာ ကိုယ့်ထမင်း ကိုယ်စား၊ တစ်နေကုန်လုပ်မှ သုံးပဲ တစ်မတ်မျှ ရရှိသည်အား လူနှစ်ယောက် လုပ်စာဖြင့် လူလေးယောက် ဝလင်အောင် စားနိုင်ဖို့ များစွာမှ ခဲယဉ်းလှသည်။ ပြီး အလုပ်ကလည်း နေ့စဉ် ရှိချင်မှ ရှိသည်။ "လှေဦးစိုလျှင် ဝမ်းစို၊ လှေဦးခြောက်လျှင် ဝမ်းခြောက်" ဆိုသော ရေလုပ်သားတို့၏ စကားပုံလို လုပ်ရသောနေ့ စားရပြီး မလုပ်ရသောနေ့များအဖို့ ဗိုက်မှောက်

နေကြသော အချိန်အခါမျိုးတွင် ဦးလူမင်းက တင်ရှိနေသော ကြွေးများ မပေးနိုင်လျှင် ရှိပစ္စည်းအားလုံး အပ်ရမည်၊ မအပ်ပါက ရုံးတင် တရားစွဲမည် ဆိုသောအခါ ဒေါ်လှငြိမ်းအဖို့ ချုံးပွဲချ၍ ငိုကြွေးခြင်းပြုသည့်အပြင် အခြား ဘယ်နည်း တတ်နိုင်ပါဦးမည်နည်း။

အထူးသဖြင့် ရုံးစကားပါလာ၍ ဒေါ်ငြိမ်းလှတွင် နောက်ထပ်တစ်ဖန် သည်းထိတ်ရင်ဖို ဖြစ်ရပြန်သည်။ ထိုအသံကြားရသောအခါ ဒေါ်ငြိမ်းလှသာ မက သိုက်ထွန်း အပါအဝင် တစ်အိမ်သားလုံး နှလုံးတုန် ရင်ခုန် ဖြစ်နေ ကြရသည်။ သို့အတွက် ဦးလူမင်းကလည်း "ကြောက်ပါတယ်ဆို ကြောင် နှင့် တို့ခြင်း" ဖြစ်ကောင်းစရာ ရှိသည်။

'ရှိပစ္စည်းဆိုတော့ ဘယ်လိုတုံး မောင်ရင် လူမင်း၊ အိမ်နဲ့ ဝင်း ကိုပါ ဆိုလိုတာလား'

'အေးပေါ့ဟ ငြိမ်းလှရ၊ နင်တို့အပေါ် တင်နေတဲ့ကြွေးက အိမ်နဲ့ ဝင်း ထည့်တာတောင် ငါက နာနေသေးတယ်။ တကယ်ဆိုတော့ နင်တို့ အိမ်နဲ့ဝင်းက ဘာတန်ဖိုးရှိလို့တုံး'

'နေပါဦး ဦးကြီး၊ ကျုပ်တို့ယူတဲ့ကြွေးဟာ ကျုပ် ရှင်လူမထွက်ခင် ကျုပ်တို့ ငယ်ငယ်က ယူထားတဲ့ငွေက ပေပင်လယ်ကွက်နဲ့ချေလို့ ကျေ သွားပြီလေ။ ကျုပ် ရှင်လူထွက်ပြီးမှ ယာလုပ်ချင်လို့ ယူတဲ့ ငွေခြောက်ဆယ် ပဲဟာ၊ အဲဒီနောက် ကွမ်းရင်းဖို့ ချေးတာက သူ့ဟာနဲ့သူ ရှင်းပြီးပြီ မှတ် လား ဦးကြီးရဲ့'

'ဟော့.... သိုက်ထွန်း၊ တော်... တော်၊ မင်း စကားမရှည်နဲ့၊ အခု မင်းပြောတဲ့ပုံက ငါက မင်းတို့အပေါ် မတရားလုပ်တယ်လို့ ပြောချင်တာ ပေါ့လေ'

'မှတ်ပါဘူး ဦးကြီး၊ ကျုပ်က နားမရှင်းလို့ မေးနေတာပါ'

'ဘာလို့ နားမရှင်းရမှာတုံးကွ၊ သုံးနှစ်ဆက်တိုက် မင်းတို့က ငါ့ကို အဲဒီငွေထဲက တစ်ပြားတစ်ချပ်မှ ပြန်မပေးနိုင်ခဲ့ဘူး။ ပထမ ငါ ပေးစဉ်က ငွေခြောက်ဆယ်ကို သီတင်းကျွတ် ဆီသုံးရာပေးနဲ့ ပေးခဲ့တယ် မှတ်လား၊ အဲဒီ သီတင်းကျွတ်က မင်းတို့ လုံးလုံးမဆပ်နိုင်ခဲ့ဘူး။ အဲဒါနဲ့ပဲ ဆီပေး ငွေပေးပြန်လုပ်ရတယ်။ ဆီသုံးရာကနေ အဲဒီနှစ်မှာပဲ ခြောက်ရာ ဖြစ်ခဲ့

တယ်။ ဒီလိုနဲ့ တစ်နှစ်ပြီး တစ်နှစ်၊ နှစ်ပြန်တိုးတွေ တိုးတိုးလာခဲ့တာ ဟို တလောကမှ မင်းလည်း ဒီနှစ် ယာလုပ်နိုင်မှာ မှုတ်ဖူး၊ ဒီအတိုင်းသာ ထားရင် အတိုးတွေလည်း တက်သထက် တက်ကုန်လိမ့်မယ်ဆိုပြီး မင်း တို့ကို ညှာတဲ့အတွက် မင်း အချုပ်ကျနေတုန်း ငြိမ်းလှဆီက နသိုး တစ်ကောင်နဲ့ သနပ်ပင် မြေကွက်ကို ကြေးသင့်ယူခဲ့ရတယ် မှုတ်လား။ ဒါ အပြင် မင်းတို့က မှတ်မှတ်ရရ ဘာများ ဆပ်ဖူးလို့တုံး'

'ဟုတ်ပါပြီ ဦးကြီး၊ ကျုပ်တို့က မဆပ်နိုင်လို့ တစ်နှစ်ထက်တစ်နှစ် အတိုးတွေ များများလာတာလည်း မှန်ပါတယ်။ အဲဒီ ငွေလေး ခြောက်ဆယ် ကို သနပ်ပင် မြေကွက်ကြီး တစ်ကွက်လုံးနဲ့ နွားတစ်ကောင်ကို တန်ဖိုး နှစ်ရာ့ငါးဆယ် ကြေးဖြတ်လည်း ဆပ်ခဲ့ရပြီးပြီ။ အခုလည်း ရှိပစ္စည်း အကုန်လုံး သိမ်းဦးမယ် ဆိုတော့'

'တော်တော် သိုက်ထွန်း၊ မင်း ရှေ့ဆက်ပြီး ဘာမှမပြောနဲ့၊ အခု ငါ့ကြွေးကို ဆပ်မလား၊ မဆပ်ဖူးလား၊ မင်းတို့မှာရှိတဲ့ ပစ္စည်းနဲ့ အနိမ်ခံမလား၊ မခံဘူးလား ဒါပဲပြော။ မင်းက အခုလောက် ရက်ရှည်လများ အချုပ်နှောင် ခံခဲ့ရတာလဲ နောင်မကျင်သေးဘဲကိုကွ'

ဦးလူမင်းသည် ထုံးစံအတိုင်း ချော့သင့်သူကို ချော့သည်။ ခြောက် သင့်သူကို ခြောက်သည်။ သို့မဟုတ် ငွေလုံးငွေရင်းဖြင့် ဖိ၍ ပြောသင့် သူကို ဖိ၍ ပြောသည်။ သူသည် သူ၏ မသမာမှုကို ဤနည်းဖြင့် အစဉ် ကာကွယ်တတ်လေ့ရှိသည်။ ယခုလည်း သိုက်ထွန်းကို အခြားနည်းဖြင့် ခြောက်လှန့်ခြင်းမပြုဘဲ အချုပ်ဖြင့် ခြောက်လှန့်လိုက်သည်။ ထိုအခါ သိုက်ထွန်းအနေဖြင့် ဘယ်ပုံ ခံစားရလေသည် မသိ။ ဒေါ်ငြိမ်းလှမှုကား နားထဲသို့ အမြောက် ခုနစ်စင်း ဆိုင်၍ ပစ်သွင်းလိုက်သည်ထက်ပင် အခံရ ခက်လှပြီး ခေါင်းနားပန်းများကြီး၊ မျက်လုံးမျက်ဆန်များ ပြူးသွားပါသည်။

'လူကလေးကလည်းကွယ်၊ ပေးရမှာတူတူ ဘာပြုလို့များ မေးနေ သေးတုံး။ တကယ်တော့လည်း မောင်ရင် လူမင်းက အမေတို့အပေါ် ဘယ်မဟုတ်တာ လုပ်လိမ့်မတုံး'

'အမေ ကျုပ်ကလည်း မပေးဘူးလို့ ပြောတာမှ မှုတ်ဘဲ၊ ပေးစရာ

ရှိတဲ့ဥစ္စာ ပေးရမှာပေါ့။ ဒါပေမဲ့ မူလ ယူတာက ဘယ်လောက်၊ အတိုးက ဘယ် ဘယ်လောက် တက်နေပြီ၊ ချေပြီးတာက ဘယ်လောက်'

'ဟော့ သိုက်ထွန်း၊ မင်းက ပြောလေ ကဲလေ၊ မန်းလေ သဲလေ အကောင်ပါလားကွ။ မင်းတို့ကို နှစ်ပြန်တိုး လုပ်တိုင်း လုပ်တိုင်း ရှင်းပြ ပြီးတဲ့နောက် ငါက ထပ်ရှင်းမနေနိုင်တော့ဘူးကွ။ နောက်ဆုံး စာရင်းချုပ် လိုက်ရင် အခု မင်းတို့ဆီမှာ ငွေလေးရာ့ငါးဆယ်တိတိ ကျန်သေးတယ်၊ ဒါပဲ။ အဲဒါ မင်းတို့ရဲ့ ရှိပစ္စည်းနဲ့ အခုရှင်းမယ်။ ရှင်းတယ်ဆိုတာတောင် မင်းတို့ရှိပစ္စည်း မြေရော၊ နွားရော၊ အိမ်ရော၊ အိမ်ဝင်းခြံရော ပေါင်းလိုက်ရင် လေးရာ့ငါးဆယ် မတန်ဘူး၊ ငါက အနာခံရမှာပါကွ'

ဒေါ်ငြိမ်းလှတို့ သားအမိတစ်တွေ မျက်လုံးပြူးကုန်ကြသည်။ ငွေ ခြောက်ဆယ် အရင်းက သုံးနှစ်အတွင်း ဆပ်မကုန်အောင် ဖြစ်နေသည်။ ငွေခုနစ်ရာ ဖြစ်လာသည်။ တကယ်တော့ ဦးလူမင်း ပြောသလို နှစ်ပြန် တိုးပင် မဟုတ်ပါ။ တစ်နှစ်လျှင် နှမ်းဆီပေါ်ချိန်၊ မြေပဲဆီပေါ်ချိန် ဟူ၍ ဆီပေါ်ချိန် နှစ်ခါဖြစ်သည်။ မူလက ဆီပေါ်ပေး ယူထားခြင်းဖြစ်ရာ နှမ်းဆီ ပေါ်ချိန်တွင် တစ်ခါ၊ မြေပဲဆီပေါ်ချိန်တွင် တစ်ခါ အတိုးအရင်း လှန်ရသဖြင့် တစ်နှစ်လျှင် နှစ်ခါပြန် ဖြစ်နေသည်။ ထိုအထဲ ဆီဈေးကိုလည်း မတန်တဆ လျှော့ထားရသေးသည်။ သို့သော် ကိုယ်က ပေးချိန်တွင် ပေါက်ဈေးအပြည့် ပေးရသည်။ သို့ဖြင့် သုံးနှစ်အတွင်း ငွေခြောက်ဆယ်မှ ငွေခုနစ်ရာတိတိ ဖြစ်လာခဲ့ရသည်။

သို့သော် ဘာမျှမတတ်နိုင်။ ထိုကြွေးအားလုံး လျှော်ပစ်ဖို့ ခြေသလုံး ဖက်၍ တောင်းပန်သော်လည်း ရမည်မဟုတ်ပါ။ နောက်ဆုံး ဒေါ်ငြိမ်းလှက ကြွေးလျှော်ဖို့ကို မတောင်းပန်ဘဲ အခက်တကာ့ အခက်ဆုံးမှာ နေထိုင်ရန် အိမ်နှင့် အိမ်ဝင်းခြံ ဖြစ်သဖြင့် အိမ်နှင့်ဝင်း ငွေငါးဆယ် တန်ဖိုးဖြတ်ပြီး ချန်ရစ်ခဲ့ဖို့၊ ထို ငွေငါးဆယ်ကိုလည်း တစ်နှစ်ပြည့်၍မျှ အကျေမဆပ်နိုင် လျှင် တစ်နှစ်အတွက် အစိတ်တိုးထားပြီး အတိုးသာဆပ်သွားဖို့ တောင်းပန် တိုးလျှိုးခြင်းပြုရာ၊ ဦးလူမင်းက သဘောတူလိုက်သည်။ ယင်းကိုလည်း နှစ်စဉ် နှစ်တိုင်း အစိတ် အစိတ် အတိုးပေးနေရသည်။

ဒေါ်ငြိမ်းလှ အနိစ္စရောက်ပြီးနောက် လွန်ခဲ့သည့်နှစ်က ထိုငွေအစိတ်

ကိုပင် မပေးနိုင်ခဲ့ပါ။ သို့အတွက် ဦးလူမင်းက မိုးလယ်လောက်က တစ်ချိန် လာရောက်ပြီး အတိုးရော အရင်းပါ မပေးနိုင်လျှင် မင်းတို့ ဒီအိမ်ပေါ်က ဆင်းသွားကြဟု လာရောက်၍ နှင်ခဲ့ဖူးသည်။ ထိုစဉ် သိုက်ထွန်းက–

'ဦးကြီး ကျုပ် ကပ်ချင်လို့ မဟုတ်ပါဘူး၊ ကျုပ်တို့ရဲ့ ဗုဒ္ဓဘာသာ ဗမာလူမျိုးတို့ထုံးစံဟာ ဝါတွင်းကြီးမှာ အရွှေ့အပြောင်း လုပ်ကြလေ့ မရှိပါ ဘူး။ ငှက်များတောင် အသိုက်မပြောင်းဘူးလို့ ကြားရဖူးပါတယ်။ ဒါကြောင့် ဝါတွင်းကြီးမှာ ဘယ်ကိုမှ မပြောင်းပါရစေနဲ့ဦး ဦးကြီး။ သီတင်းဝါလ ကျွတ် တဲ့ အခါကျတော့ ဦးကြီး သဘောပါ။ ဦးကြီး ပြောင်းပေးစေချင်တဲ့ အချိန် မှာ ပြောင်းပေးပါ့မယ်' ဟု ပြောဆိုခဲ့ဖူးရာ၊ သိုက်ထွန်းအဖို့ မိမိ စကားအရ ထပ်မံ တောင်းပန်ရန်လည်း မလိုတော့ဟု သဘောပိုက်ထားသူ ဖြစ်သည်။

သို့သော် ယခု ဦးလူမင်းက ဘယ်သို့ စီစဉ်မည် ဆိုသည်ကို သူ မသိ။ ယနေ့ပင် ပြောင်းရွှေ့ပေးရမည်လား၊ နက်ဖြန်ခါ ပြောင်းရမည်လား။ ဤအိမ်၌ မိမိတို့ ဘယ်နှရက် နေနိုင်ခွင့်ရှိသည် ဆိုသည်ကို သူ သိလိုသည်။ သိလိုသဖြင့် အထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်ပါသည်။

'ဟ သိုက်ထွန်းရ၊ ငါက ဘာလုပ်ချင်တယ် ဆိုတာကို အထူး ပြောနေဖို့ လိုသေးသလား။ ငါက မင်းတို့ကို ညှာတာမှုနဲ့ အတတ်နိုင်ဆုံး လိုက်ရောပြီးပြီ မှတ်လားကွ'

'ဟုတ်ပါဘီ ဦးကြီး၊ ကျုပ်တို့ ဒီအိမ်မှာ ဘယ်နှရက်အထိ ဆက်ပြီး နေခွင့်ပြုမှာတုံး။ အခုချက်ချင်း ပြောင်းပေးရမှာလား၊ ဘယ်နှရက်ကြာရင် ပြောင်းပေးရမှာတုံးဆိုတာ သိချင်လို့ မေးတာပါ ဦးကြီး၊ ဘာပြုလို့တုံး ဆိုတော့ ကျုပ်တို့ ဘယ်ပြောင်းမယ်၊ ဘယ်ရွှေ့မယ်ဆိုတဲ့ အစီအစဉ်လုပ်ဖို့ လည်း လိုသေးတယ် မှတ်လား'

'အေး မင်းတို့ ဒီအိမ်ကို ဆက်နေဖို့ သန်ဘက်ခါ နေကုန်အထိ ငါ ခွင့်ပြုမယ်၊ သန်ဘက်ခါက ကျော်ရင်တော့ တစ်ရက်မှ နေခွင့် မပြု နိုင်ဘူး။ ဒါပဲ'

'ဟုတ်ကဲ့ပါ ဦးကြီး'

ပါးစပ်က ဟုတ်ကဲ့ပါဟု လွယ်လွယ်ကူကူ ဆိုလိုက်ရပေသည့်

သိုက်ထွန်းအဖို့ စိတ်ကမူ တစ်စုံတစ်ရာ တွေးတော ပူပန်နေဟန် လက္ခဏာ ရှိပါသည်။

ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိ၊ နေစရာလည်း အိမ်မရှိဆိုသော ကိန်းဖြင့် အခုမှ ပက်ပင်းတိုးနေရပြီ မဟုတ်ပါလော။

သိုက်ထွန်းသည် ရင်ခွင်ထက်၌ ကလေးကို ပွေ့ပိုက်ထားရင်းမှ ငေးငိုင်နေမိသည်မှာ ဘယ်အချိန်က ဟူ၍ပင် မမှန်းဆတတ်အောင် ဖြစ်နေပါသည်။ ထိုအတွင်း ဦးလူမင်းက 'ငါ ပြန်မယ်' ဟု နှုတ်ဆက်၍ ထ ပြန်သွားသည်ကိုပင် ဘယ်သို့ ပြန်ပြောလိုက်မိသည်မသိ။ ခေါင်းညိတ် လိုက်သည်လား၊ ခေါင်းမညိတ်ဘဲ ထိုအတိုင်း ငိုင်မြဲ ငိုင်နေမိသည်လား လည်း မဆိုနိုင်။ အိမ်ကလေး၏ရှေ့သို့ တစ်စုံတစ်ယောက် ရောက်လာမှ သတိပြန်ဝင်လာပါသည်။

'အပုရေ... မောင်ကြီးရေ'

ရောက်လာသူကား အခြားသူမဟုတ်၊ ဖွားစိန်မ ဖြစ်သည်။ ဖွားစိန်မ က အိမ်ပေါ်သို့ တက်မည်အပြု သားငယ်နှင့် သူ့မောင်ကြီး အတူတကွ ပူးတွဲနေသည်ကို တွေ့မြင်ရသဖြင့် သားငယ်ကို မြူရင်း သူ့မောင်ကြီးနာမည် ပါ တွဲခေါ်လိုက်ခြင်း ဖြစ်ပါသည်။

နောက် သားငယ်က သိုက်ထွန်း၏ ရင်ခွင်ထက်မှ ထလျက် မိခင် ရှိရာသို့ ပြေးလာသည်။ မိခင်သည် သားငယ်အား ဆီးကြိုပွေ့ဖက်ကာ နမ်းရှုပ်နေပါသည်။ ပြီးမှ သူ့မောင်ကြီး၏မျက်နှာကို အကဲခတ် ကြည့်ရှု ရင်း–

'မောင်ကြီး ဟို ဖုတ်ပြိတ္တာကြီး လမ်းမြောင်ကြားမှာ တွေ့လိုက် တယ်၊ မောင်ကြီးဆီ ဝင်သွားသေးသလား ဟင်'

'ဝင်တာ မှတ်ဖူး၊ ဒီကို တမင် လာတာ'

'ဟင်.... ဒါဖြင့် ဘာပြောသွားတုံး'

ဖွားစိန်မလည်း သိုက်ထွန်း မျက်နှာမကောင်း ဖြစ်နေသည်ကို ယခုမှ နားလည်လာရသည်။ စောစောက သားငယ်နှင့် သူ့မောင်ကြီး တွဲဖက် တွေ့မြင်ရသဖြင့် မှိုရသည့်အလား ချိုလွင် ရွှင်ပျနေသောမျက်နှာမှာ ရုတ်ခြည်း သူ့မောင်ကြီးနှင့် အလားတူ ညှိုးချုံးသွားပါသည်။

'အင်း.... တစ်နေ့တော့ ဒီအဖြစ်မျိုး ကြုံရလိမ့်မယ်ဆိုတာ နဂိုထဲက တွက်ထားပါတယ်။ ဒါပေမဲ့ ကိုယ့်အခြေအနေက မဟန်တော့လည်း ဘာ တတ်နိုင်မှာတုံး'

'အို... အခု အိမ်နဲ့ဝိုင်း သိမ်းဖို့လာပြောတာ ဟုတ်လား မောင်ကြီး'

'ဟုတ်တယ်၊ ဒီအိမ်နဲ့ ဒီဝိုင်းကနေ သန်ဘက်ခါ နောက်ဆုံးထားပြီး ထွက်သွားရမတဲ့'

'ဒါဖြင့် ဘယ်လိုလုပ်ပ၊ မောင်ကြီးကော ဘယ်လိုလုပ်ဖို့ စီစဉ်ထား တုံး'

'စီစဉ်တာကတော့ ခုမှမှတ်ဖူး၊ ကြာလှဘီ စီစဉ်နေတာ၊ ဒါပေမဲ့ ကိုယ်က လက်ဖဝါး ခြေဖဝါးချည်းဆိုတော့ ဘာစိတ်ကူးပြီး ဘာစီစဉ်လို့ ရမှာတုံး'

ဖွားစိန်မထံမှ နောက်ထပ် ဘာသံမျှ ထွက်ပေါ်မလာပါ။ အသံထွက် မည့်အစား မျက်ရည်လှိုင်းများသာလျှင် တစ်သုတ်ပြီး တစ်သုတ်၊ တစ်လှိုင်း ပြီး တစ်လှိုင်း ယိုစီး ထွက်ပေါ်လာပါသည်။ ဤအထဲ သားငယ်က နို့ကို အတင်းလုန်စို့နေပြန်၍ သားငယ်အား ရင်ခွင်ပိုက်လျက် အကျအန ထိုင်ကာ နို့တိုက်နေရပါသည်။ နောက် မကြာခင် သိုက်ညွှန်း ပေါက်လာပြန်သည်။ သိုက်ညွှန်း ရောက်လာပြန်တော့လည်း ထိုနည်းလည်းကောင်း မောင်နှမ သုံးယောက်သား ခေါင်းချင်းဆိုင်၍ မှိုင်ကြရပြန်သည်။

ဖွားစိန်မ၏သားငယ်မှာ အခြားမဟုတ်ပါ။ သိုက်ထွန်း အချုပ်ကျ နေစဉ်က သိုက်ထွန်းအား တွေ့လို၊ ထမင်းကျွေးလို၍ သွားရာမှ ရရှိခဲ့သော အမြတ်ပင် ဖြစ်ပါသည်။ ထိုအကြောင်းကို ပထမ သိုက်ထွန်း မသိပါ။ မိခင်ကရော နှမကရော ပြောမပြပါ။ သိုက်ထွန်း အချုပ်မှ လွတ်မြောက် လာ၍ လအတန်ကြာတွင် နှမဖြစ်သူ အခြေမလှသည်ကို တွေ့ရှိရပါသည်။ သို့ တွေ့ရှိရသောအခါ လွန်စွာ ဒေါသအမျက် ထွက်နေပါသည်။ နှမဖြစ်သူ ပလော်ပလည်နိုင်ရကောင်းလား၊ အရှက်မဲ့ရကောင်းလားဟု မိခင်မှတစ်ဆင့် ဆူပူကြိမ်းမောင်းပါသည်။ အိမ်မှ ဆင်းသွားမည်ပင် ပြုသည်။နောက် မတတ် သာသည့်အဆုံး မိခင်က ဟုတ်တိုင်းမှန်ရာကို ဖွင့်ပြောရရှာသည်။ ဖွင့်ပြော

ပြီးကတည်းက နောက်ထပ် ဘာမှုမပြောတော့ပါ။ မေးလား စမ်းလားလည်း မလုပ်တော့ပါ။

သားသမီးနှစ်ဦးက ဒေါ်ငြိမ်းလှတို့သားအမိလည်း လက်သည်ကောင်းများ ရှာ၍ ယင်းသားသမီးကို ဖျက်ဆီးခြင်း ပြုပါသေးသည်။ သို့သော် သားသမီး၏ကံ ကုသိုလ်ကပဲ ကောင်းနေ၍လား၊ ဖျက်ဆီးသူ လက်သည်ကပဲ ညံ့ဖျင်း၍လား မပြောတတ်၊ ချို့ယွင်း ပျက်စီးခြင်း မဖြစ်ခဲ့ပါ။

ပြီး ယခု "အပု" ခေါ် "မောင်ကံမြင့်" ခေါ် ချစ်စဖွယ်သော သားကလေးကို ဖွားမြောက်လာခဲ့ပါသည်။ သိုက်ထွန်း လွတ်မြောက်လာသောနှစ်က ဖွားစိန်မ ကောင်းစွာ မကျန်းမာဘဲဖြင့် ပေါင်းထိုး၊ ပဲကောက်အလုပ်ကို သိုက်ညွန့်းနှင့်တွဲ၍ မလွဲသာဘဲ လုပ်ကိုင်နေရသည်ဆိုခြင်းမှာ ကိုယ်ဝန်ရှိနေသည်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဟုတ်သည်၊ ဖွားစိန်မအဖို့ လူပုံအလယ် မရှက်နိုင်၊ မကြောက်နိုင်။ ထိုနှစ် ပေါင်းထိုး၊ ပဲကောက်ချိန် တစ်ချိန်လုံး လုပ်ကိုင်နေခဲ့ရပါသည်။ မောင်ကြီးဖြစ်သူကလည်း ပုလိပ်သားတို့၏ ညှဉ်းပန်း နှိပ်စက်ဒဏ်ကြောင့် ကောင်းစွာ အလုပ် မလုပ်နိုင်ဘဲဖြစ်နေ၊ မိခင်ကလည်း မူလရောဂါဟောင်း ပန်းနာရောဂါက ထ နေ၍ဖြစ်သည်။

မျက်နှာမြင်ပြီးနောက်လည်း မီးဖွားသော ရက်များမှလွဲ၍ ယနေ့ထက်တိုင် မနားရသေးပါ။ မောင်နှမ သားအမိတစ်တွေ ဤလိုပင် လုပ်ကိုင်စားသောက်ခဲ့ကြရပါသည်။ သိုက်ထွန်းအနေဖြင့် ထိုစဉ်က ယခုကဲ့သို့ကြင်နာ ယုယမှု မရှိသေးပါ။ မြူဆွခြင်း၊ ချီပိုးခြင်းလည်း မပြုလုပ်ပါ။ ဘာသာလဝါ နေတတ်ပါသည်။ မိခင်ဖြစ်သူ ဒေါ်ငြိမ်းလှ အနိစ္စရောက်လုနီးတွင်မှ ဒေါ်ငြိမ်းလှက သူ့အား ဤနှမငယ်နှင့် သားငယ်ကို ချစ်ကြင်နာစွာပြုစု စောင့်ရှောက်ဖို့၊ နှမဖြစ်သူ သူ့အလိုအလျောက် အိမ်ထောင်မပြုသမျှမခွဲမခွာ နေထိုင်ဖို့၊ စင်စစ် နှမဖြစ်သူ ဤသို့ဖြစ်ရသည်မှာ သူလော်မာ၍မဟုတ်၊ အရက်အကြောက် ကင်းမဲ့၍လည်း မဟုတ်၊ သူ့မောင်ကြီး ဒုက္ခခံစားနေရသည်ကို လွန်စွာ သနားညှာတာသည့်အတွက် သူ့ဘဝကို အနစ်နာခံခဲ့ခြင်း ဖြစ်ကြောင်းများ ပြောပြခဲ့ရာ၊ သိုက်ထွန်းလည်း ထိုအချိန်မှစ၍

နမအား လည်းကောင်း၊ သားငယ်အား လည်းကောင်း ကြင်နာ ယုယစွာ ဖြင့် ဆက်ဆံခြင်း ပြုခဲ့ပါသည်။

တကယ်တော့လည်း အတိတ်သည် အတိတ်၊ မကောင်းသူသည် မကောင်းသူသာ ဖြစ်ပါသည်။ လူတစ်ဦး ပုဂ္ဂိုလ်တစ်ယောက် မကောင်းရုံ မျှဖြင့် သူ့အဆက်၊ သူ့အနွယ် လိုက်ပြီး တစ်မျိုးလုံး၊ တစ်နွယ်လုံး မကောင်း ဟု ယူဆ၍ မရပါ။ "ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ" ဆိုသော စကားကို ထောက်ရှုသဖြင့် သိသာနိုင်ပါသည်။

သိုက်ထွန်းသည် မူလကလည်း လူဆန်၍ နူးညံ့ပျော့ပျောင်းသော နှလုံးသားရှိထားသူဖြစ်ရာ ထိုအာဃာတများ၊ အပြစ်ဟောင်း အပြစ်ဆွေး တို့ကို မေ့ပျောက်ထားလိုက်ပြီ ဆိုသောအခါ၊ တစ်ဖက်မှလည်း နမရင်းချာ၏ ရင်သွေးရင်နှစ် ဖြစ်နေပြန်သောအခါ ကံကောင်းထောက်မသဖြင့် လက်သည် ၏ လက်ချက်ကြောင့် ပျက်စီး ဆုံးရှုံးမသွားသည်ကို အကြောင်းပြုလျက် ဘွားအေကြီး ကိုယ်တိုင်က "ကံမြင့်" ဟု အမည် ကင်ပွန်းတပ်သွားသော တူ သားကလေးကို အဘယ်မှာလျှင် ချစ်ခင်ယုယ မပြုလုပ်ဘဲ နေနိုင် လိမ့်မည်နည်း။

ယခုဆိုလျှင် နမဖြစ်သူနှင့် ညီဖြစ်သူတို့က အလုပ်သွားလျှင်၊ သူ့ တွင် အလုပ်မရှိလျှင် သူက အိမ်မှာနေရင်း ကလေးထိန်းသည်။ ထမင်း ချက်သည်။ တစ်ခါတစ်ရံ အိမ်လည်သွားသည်ပင် ချီပိုးသွားတတ်သေး သည်။ ယနေ့ တွေ့မြင်ရသည့်အတိုင်း ကြင်နာယုယစွာ စောင့်ရှောက်တတ် ပါသည်။ သူက အများသူငါလိုပင် ကံမြင့်ဟု မခေါ်၊ သူ့မိခင်လိုပင် အပု ဟု ခေါ်သည်။

'ဟော့ ကံမြင့် လာပါဦးကွ၊ မင်းကလည်း နို့စို့လို့ မပြီးသေးဘူး လား'

သိုက်ညွန့်းက လှမ်းခေါ်လိုက်ခြင်း ဖြစ်သည်။ သိုက်ညွန့်းသည် ဘယ်လောက် စိတ်ညစ်ညစ် ခဏတစ်ဖြုတ်သာ မှိုင်ငေးနေတတ်ပြီး နောက် သူ့ထုံးစံအတိုင်း ရွှင်ရွှင်ပင် နေတတ်သည်။ သူသည် အငယ်ဆုံးလည်း ဖြစ်ရာ လူပျိုပေါက်ကြီး ဖြစ်လာသည့်တိုင် ကလေးစိတ်က မပျောက်ချင် တတ်သေး။ သို့အတွက် ကလေးကို မြှူရာ၌ပင် သူငယ်ချင်းပြော ပြောမြှူ

သည်။ ကံမြင့်ကလည်း မိခင်က နို့မဖြတ်ဘဲထား၍သာပင် သုံးနှစ်သား ရှိနေပြီ ဖြစ်သဖြင့် ဘာမဆို နားလည်နေပြီ။

'မင်းက ဦးလေးလေးကို မချစ်တော့ဘူးလားကွ ကံမြင့်ရ'

ကလေးက တစ်ခါမြူရုံဖြင့် မလှုပ်မယှက်လုပ်နေ၍ နောက်တစ်ခါ ထပ်ပြောပြန်သည်။ ထိုအခါ ကံမြင့်သည် တစ်နေကုန် နို့ငတ်နေသဖြင့် ထောင်ကားနေသော မိခင်၏နို့တစ်လုံးကို အားရပါးရငုံလျက် ကျန် နို့ တစ်လုံးကိုမူ လက်မှ ပယ်ပယ်နယ်နယ် ကိုင်တွယ်ရင်းမှ ခေါင်းခါပြသည်။

'အံမာ မင်းကလားကွ ငါ့ကို မချစ်ဘူး ပြောတာ၊ ကဲကွာ ကဲကွာ'

သိုက်ညွှန်းက နေရာမှ ထထည့်၍ ကံမြင့်၏ တင်ပါးကလေးကို အသာအယာ ပုတ်ပါသည်။ ခဏအကြာ သိုက်ထွန်းသည် နေရာမှ ထ၍ အိမ်အောက်သို့ ဆင်းသွားသည်။ ဖွားစိန်မကမူ သားငယ်သို့လည်း မကြည့်၊ သားငယ်သို့ ကျီစယ်ကလူပြုနေသော သိုက်ညွှန်းသို့လည်း မကြည့်၊ နေရာမှ ထ သွားသော မောင်ကြီးဖြစ်သူသို့ပင် မကြည့်ဘဲဖြင့် တွေဝေငေးမောမြဲ တွေဝေ ငေးမောလျက် ရှိနေပါသည်။

## [ ၁၀ ]

'ဟ ဒီအိမ်က လူမှရှိကြရဲ့လား၊ မီးလည်း မမြင်၊ လူသံလည်း မကြားရနဲ့၊ ဟေ့ မောင်သိုက်ထွန်း'

'ဘာသူပါလိမ့်၊ ရှိပါတယ် ခင်ဗျာ၊ ရှိပါတယ်'

သိုက်ထွန်းက ပြောပြောဆိုဆို အိမ်ပေါ်မှနေ၍ အသံလာရာဆီသို့ ကမန်းကတန်း ပြေးဆင်းသွားသည်။

'ငါပါကွ မောင်သိုက်ထွန်းရ'

'ဩော် ဆရာရွှေပါလား၊ မိုးကြီးချုပ်မှ ဘယ်ကနေ လှည့်လာတာ တုံး ဆရာရွှေ'

'ဟာ ငါ့တော့ မမေးနဲ့၊ မိုးချုပ်တာ၊ မှောင်တာ၊ နေပူတာ၊ မိုးရွာတာ တို့ ဆိုတာ ငါ့မှာ ဘယ်တော့မှ မရှိဘူးကွ။ ငါ သွားချင်တဲ့အချိန်သွား၊ ငါ လာချင်တဲ့အချိန် လာ၊ ငါ လုပ်ချင်တဲ့အလုပ် ငါ လုပ်နေရရင် ကျေနပ်လို့'

'ဖွားစိန်ရေ ဆရာရွှဲ လာနေတယ်၊ မီးလေးဘာလေး ထွန်းပါဦးဟ'

'ဟုတ်ကဲ့ မောင်ကြီး'

နှစ်ဦးသား အိမ်ကလေးပေါ်သို့ လှမ်းတက်ရန်အပြုတွင် သိုက်ထွန်းက နှမဖြစ်သူသို့ ပြောလိုက်ခြင်း ဖြစ်သည်။ မှောင်သည် ဆိုသော်လည်း တန်ဆောင်မုန်း လပြည့်ကျော်စ လ သည် လောကဓာတ်ကြီး တစ်ခုလုံး လင်းကျင်းရန် အလို့ငှာ အရှေ့ကုန်းရိုးပေါ်တွင် မေးတင်နေပြီ ဖြစ်သဖြင့် လွန်စွာ မှောင်မိုက်ခြင်း မရှိပါ။ အိမ်ပြင်၌ဆိုလျှင် တစ်ဦးကိုတစ်ဦး ကောင်းစွာ မြင်တွေ့နိုင်ပါသည်။ ထိုထက် သိုက်ထွန်းတို့အိမ်ကလေးမှာ အကာကလည်း ဖရိုဖရဲ၊ အမိုးကလည်း ကျိုးတိုးကျဲတဲ ရှိနေရာ အခြားအိမ်များနှင့် စာလျှင် လွန်စွာ မှောင်မိုက်၍ မနေပါ။ တစ်ယောက်၏ လူရိပ်ကို တစ်ယောက် ကောင်းစွာ မြင်တွေ့နိုင်ပါသည်။ သိုက်ထွန်းတို့မောင်နှမ မီးထွန်း၍ မနေခြင်းမှာလည်း ယင်းကြောင့်ပင် ဖြစ်တန်ရာသည်။ နောက်တစ်ခု သူတို့မောင်နှမ ဤအိမ်မှ ဆင်းပေးကြရမည် ဖြစ်သဖြင့် ဘယ်သို့ ရွှေ့မည်၊ ဘယ်သို့ ပြောင်းမည်ဟူ၍ လူမြင်သူမြင် မခံဘဲ တစ်ဦးနှင့်တစ်ဦး တိုးတိုးတိမ်းတိမ်း တိုင်ပင် ဆွေးနွေးနေကြခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

နောက် ဖွားစိန်မက မီးဖိုသို့ သွား၍ မီးတိုင်ထွန်းနေသည်။ မီးထွန်းရသည်မှာလည်း မလွယ်ကူလှပါ။ မီးခတ် ခတ်၍ ဆေးလိပ်မီးညှိပြီး ထွန်းလျှင် ထွန်း၊ သို့မဟုတ်လျှင် မီးဖိုရှိ မီးစဖြင့် ထွန်းရပါသည်။ ဖွားစိန်မသည် ဆေးလိပ်သောက်တတ်သူ မဟုတ်သဖြင့် မီးဖိုတွင်းသို့ ဝင်ကာ ထွန်းညှိရပါသည်။ ဤလို အရေးတကြီး မီးထွန်းလိုလျှင် အလွယ်တကူ ထွန်းညှိနိုင်ရန်အလို့ငှာ မီးစများကို ငြိမ်းသတ်ခြင်းမပြုဘဲ ဆိုင်ထားရပါသည်။ သို့မဟုတ် မီးစထိပ်များကို ပြာပုဖြင့် ဖုံးအုပ်ထားရပါသည်။

ဖွားစိန်မသည် မီးဖိုဘေးတွင် ကပ်ထိုင်လျက် ရေနံမီးခွက်ကို တစ်ဖက်၊ မီးစကို လက်တစ်ဖက်မှ ကိုင်ကာ မီးမတောက်မချင်း မီးစကို တအားမှုတ်နေပါသည်။ ၎င်းမီးမှုတ်နေချိန် သိုက်ထွန်းနှင့် ဆရာရွှဲတို့က ထိုင်နှင့်ပြီးကြပြီ ဖြစ်သည်။ အချိန်ကြာစွာမှုတ်မှ မီးစတွင် မီးတောက်ပြီး ရေနံမီးခွက်သို့ ကူးယူရပါသည်။ ရေနံမီးခွက်ဆိုသည်မှာ သံဖြူဖြင့် ပြုလုပ်ထားသော ရေနံဆီမီးတိုင်ကို ဆိုလိုခြင်း မဟုတ်ပါ။ ရေနံစိမ်း၊ သို့မဟုတ် ရေနံချေး

ထွန်း မီးခွက်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ရှေးအကျဆုံးသော မီးခွက် အမျိုးအစားဟု ဆိုလျှင် ဆိုနိုင်၏။ မြေကြီးဖြင့် ပြုလုပ်ထားသော ရေနံချေးမီးခွက်ဖြစ်သည်။

ကလေးကစားသော အိုးပုတ်အရွယ်၊ တစ်ဖက်မှ လက်ကိုင်ရန် လက်ကိုင်တစ်ခု ပါရှိသည်။ ကျန်တစ်ဖက်မှ အပေါက်ဖောက်လျက် အနို့တပ်ထားသည်။ ယင်းအနို့မှာ မီးစာတပ်ရသည်။ ရေနံလောင်းထည့်သော၊ အိုးပုတ်ကဲ့သို့သော ခွက်တွင် အချို့ အဖုံးပါရှိပြီး အများအားဖြင့် အဖုံးပါလေ့ မရှိပါ။ ၎င်းထွန်းညှိပြီး ရေနံမီးခွက်ကို သိုက်ထွန်းတို့အပါးသို့ လာချပါသည်။

'ဆရာရွှဲ အခု ဘယ်ကလာတာတုံး၊ ထမင်းမစားရသေးရင် ထမင်းချက်ခိုင်းလိုက်မယ်လေ'

'မလုပ်ပါနဲ့ကွာ၊ မင်းတို့မှာ ညစာရှိလို့ မနက်စာ မရှိဘူး၊ မနက်စာရှိလို့ ညစာ မရှိဘူးဆိုတာ ငါ မသိတာမှတ်လို့၊ မင်းတို့အိမ် လာမယ်ဆိုရင် ထမင်းမစားရသေးဘဲ ဘယ်လာလိမ့်မတုံး၊ တကယ်လို့ မင်းတို့က စေတနာရှိလို့ ကျွေးချင်တယ် ဆိုဦးတော့၊ ငါက မစားရက်ပါဘူး'

'ကိစ္စမရှိပါဘူး ဆရာရွှဲ၊ တကယ်လို့ မစားရသေးဘူး ဆိုရင်တော့ မရှိ ရှိတာ ချက်ရမှာပေါ့'

'ဟဲ... ဟဲ၊ ပြီးခဲ့ပါပြီကွာ၊ မယ်ဖော့တို့အိမ်က စားလာပါတယ်။ ငါ ထမင်းစားနေတုန်းမှာပဲ မင့်ညီ သိုက်ညွှန်း ပေါက်လာတယ်။ ပြီး သူ့ဒွေးလေး မယ်ဖော့နဲ့ တိုးတိုး တိုးတိုးပြောနေကြတာ ငါက မသင်္ကာလို့ မေးတော့ မင်းတို့အကြောင်းတွေကို သိရတာပါပဲ'

'ဟုတ်တယ် ဆရာရွှဲ၊ ညနေကပဲ ဦးကြီးလူမင်းက ဒီအိမ်နဲ့ ဒီဝိုင်း သူ့အပ်ရမယ်လို့ လာပြောသွားတယ်။ ဘာတတ်နိုင်တော့မှာတုံး ဆရာရွှဲရယ်၊ ကံပစ်ချရာပဲပေါ့၊ ကျုပ်တို့ကမှလည်း သူ့အကြွေး မဆပ်နိုင်ကြဘဲကိုး'

'ဘယ်ကလာ ကံပစ်ချရာရမှာတုံးကွ၊ သူ ညစ်လို့၊ သူက မတရားလုပ်လို့ မင်းတို့မှာ ယာတွေ နွားတွေ ပြုတ်သွားရတဲ့ဥစ္စာ။ ဒီအထဲမှာ နေတဲ့

အိမ်ကိုပါ သိမ်းဦးမယ်ဆိုတော့ တရားမလွန်လွန်းဘူးလား၊ ဒီတော့ ဒီလို လုပ်ကွာ၊ မင်းတို့ ဖယ်မပေးကြနဲ့၊ ဖွတ်ပေနေကြ'

'ဟင်....'

သိုက်ထွန်းက ဟင်တစ်လုံးသာ ရွတ်ဆိုပြီး အံ့ဩသော အမူအရာဖြင့် ဆရာရွှဲသို့ ကြည့်နေသည်။ အလားတူပင် ဖွားစိန်မလည်း ရေနံမီးခွက်ကို ချပေးပြီးနောက် မလှမ်းမကမ်းနေရာတွင် ကျုံ့ကျုံ့ကလေး ထိုင်နေရင်းမှ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ကြည့်နေသည်။ ထိုအချိန်တွင် ကံမြင့် ကလေးမှာ ဖွားစိန်မ အပေါ်တွင် နှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိနေပြီ။

'မဟင်နဲ့လကွ၊ ဒါ မင်းအိမ်၊ ဒါ မင်းဝိုင်း၊ မင်းက လက်သင့်မခံရင် ဘယ်သူမှ ဝင်ပိုင်ခွင့် မရှိဘူး။ မင်းက မထွက်ဘူးဆိုလို့ သူတို့က တုတ် တပြက် ဓားတပြက်နဲ့ လာပြီး နှင်ထုတ်ကြမလား၊ ဒီလို လာလုပ်ရင်ကော မင်းက ခံမတွယ်ရဲဘူးလား'

'ဒီလိုတော့ လုပ်မယ် မထင်ပါဘူး ဆရာရွှဲရဲ့၊ သူတို့က သူကြီး လက်ကိုင်ရှိတဲ့လူ၊ ပုလိပ်လက်ကိုင်ရှိတဲ့လူ။ နှင်ရင် အဲလို သူကြီးတို့၊ ပုလိပ် တို့နဲ့ နှင်မှာ၊ ဒါမှမှုတ် တရားစွဲပြီး ရုံးကနေ နှင်မှာ'

'မင့်သူကြီးက ဘာတုံး၊ သူက နှင်နိုင်ဖို့ သူ့မှာ ဘာအာဏာရှိလို့ တုံး။ ကင်းမစောင့်ဘူးဆိုရင်၊ တပ်စည်းရိုး မလုပ်ဘူးဆိုရင် မင်းကို ဒဏ် တပ်ချင် တပ်မယ်။ အရပ်ထဲ မူးရမ်းနေရင် နှစ်ဆယ့်လေးနာရီ ထိတ်တုံးခတ် ထားချင် ခတ်ထားမယ်။ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်ရင် ဂါတ်ကို ဖမ်း ပို့မယ်။ ဒါ့အပြင် သူက ဘာတတ်နိုင်လို့တုံးကွ။ ပြီး ပုလိပ်ဆိုတာ၊ ရုံး ဆိုတာက မင်းအမှု ဖြေရှင်းပေးဖို့ နေနေသာသာ သူတို့မှာ တစ်တိုင်းလုံး တစ်ပြည်လုံးက အခွန်မပေးဘူးဆိုလို့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် အလုပ်ရှုပ်နေကြတယ်ကွ။ တချို့ ပုလိပ်တွေလည်း မြို့ပိုင်တွေ၊ မြို့ချုပ် တွေ အခွန်တောင်းသွားရာမှာ နောက်က တကောက်ကောက် လိုက်နေကြ ရတယ်ကွ။ ဒါတွေ မင်း နည်းနည်းပါးပါးလေးတောင် မကြားမိဘူးလား'

'ကြားတော့ ကြားမိပါတယ် ဆရာရွှဲ၊ အရင်တလော ဆရာရွှဲနဲ့ ကိုရင်ကြီးတို့ လာတုန်းက ပြောပြလို့လည်း သိသင့်သလောက် သိရပါ

တယ်။ ဒါပေမဲ့ အခြေအနေက ဒီလောက်အထိ ဖြစ်မလာနိုင်သေးဘူးလို့
အောက်မေ့မိတာနဲ့'

'ဟာ.... ဖြစ်ပါပြီလားကွာ၊ အေး နေဦး၊ အဲဒါ နောက်မှ ပြောပြမယ်။
အခု စဉ်းစားရင်း စဉ်းစားရင်းမှ အကြောင်းက ပေါ်လာတယ်။ ဒီကနေ့
ကိုလူမင်းက သူ့ကြွေးနဲ့ မင်းတို့အိမ်ဝိုင်းကို လာသိမ်းတာဟာ မဟုတ်မှလွဲရော
တိုင်းပြည် ဗရုတ်သုတ်ခ မဖြစ်ခင် ဒီအိမ်ဝိုင်း သူ့လက်ရှိ ဖြစ်ချင်လို့ မင်းတို့ကို
ကပျာသီနောင် လာနှင်တာကွ။ ဒီကြားထဲ တစ်ခုခုဖြစ်လို့ ကာလပျက်ကြီးနဲ့
ကြုံရင် သူ့ကြွေးလည်းဆုံး၊ အိမ်ဝိုင်းလည်း လက်လွတ်ဖြစ်သွားမှာ ကြောက်
လို့ကွ။ အခု ဒီရောက်မှ ငါ သတင်းကြားရသလောက် ဆိုရင် မင့်းလူ
ကြောက်လို့ ချီးချမ်းနေဘီ'

'ဟုတ်ပါ့မလား ဆရာရွှဲ'

သိုက်ထွန်းက အားတက်သရော အမူအရာဖြင့် မေးလိုက်ခြင်း ဖြစ်
သည်။ သိုက်ထွန်း အားတက်သရော ဖြစ်သလိုပင် ဖွားစိန်မလည်း ဘုမသိ
ဘမသိဖြင့် မျက်လုံးအစုံကို အားရိုပါးရို ပြူးလျက် ဆရာရွှဲအား မျက်တောင်
မခတ် စိုက်ကြည့်နေသည်။

'ဟာ...ဟုတ်တဲ့ ဟိုဘက် ခုနစ်ဘူတာတောင် လွန်နေသေး။ ကိုးခု
ကိုးခု တယုယု၊ ဆယ်ခုမှာဆူ၊ မီးလို ပူမတဲ့ကွ။ တဘောင် ရှိတယ်။
အခု ဘယ်နှခုတုံး၊ သိလား'

'ထောင့်နှစ်ရာ ရှစ်ဆယ့်ကိုးခုနှစ်ပါ ဆရာရွှဲ'

'အေး အဲဒီနှစ်ဟာ ဆူပူခြင်းရဲ့အစပဲ၊ တိုင်းပြည်ပျက်ခြင်းရဲ့ အစ
ဆိုပါတော့။ နောင်နှစ် ဆယ်ခုနှစ်ကျတော့ ဒင်းတို့တစ်တွေ မခံနိုင်လို့ ပြေး
ကြရရော မှတ်လား။ ဒီနှစ် နှစ်ဦးလောက်ကပဲ တစ်တိုင်းပြည်လုံး ဟိုနယ်က
ဆူတော့မလိုလို၊ ဒီနယ်က ပွက်တော့မလိုလို၊ အောက်နယ် အောက်ရွာက
စပြီးတော့ဘဲ သူပုန်ထတော့မလိုလို ဖြစ်ခဲ့တယ် မှတ်လား။ ထတော့မလိုလို
တွင် မှတ်ဘူး သာယာဝတီနယ်မှာဆိုရင် မြေခွန် လူခွန် မပေးဘဲနေလို့
အင်္ဂလိပ် အစိုးရက ရွာတွေကို စစ်တပ်တွေနဲ့ သွားဝိုင်းပြီး တောင်းတယ်။
တချို့ကလည်း ဘာစစ်တပ်နဲ့တောင်းတောင်း မပေးဘဲ ဖွတ်ပေခံနေတယ်။

တချို့ရွာတွေကျတော့ အဲဒီစစ်တပ်ကို တိုက်တောင် လွှတ်ကြတယ်။ အဲဒါ သူပုန်ပေါ့ကွ'

'ဟုတ်ကဲ့၊ ဦးဇင်းလည်း ဆရာ့ရွဲ ပြောသလိုပဲ တစ်ခါပြောဖူးပါတယ်။ ပီး အဲဒါနဲ့ တစ်ချိန်တည်းမှာပဲ ကျုပ်တို့ မိတ္တီလာတို့၊ ရမည်းသင်းတို့ဆီမှာ အခွန်တော်မပေးဘဲ နေခဲ့ကြသေး ဆို'

'အင်းလေ တို့ဆီက လူတွေသာ ညံ့ကြလို့ ဘာမှ မလုပ်ကြတာပေါ့။ မင်း သိလိုက်သေးလား၊ မနှစ်က ဒီအချိန်လောက်မှာပဲပေါ့။ ရန်ကုန်က ဝံသာနု ဓမ္မကထိက ဦးဝိစာရ ကိုယ်တော် ရမည်းသင်း၊ မိတ္တီလာကနေ တောင်တွင်းကြီး လှည့်ဝင်မယ်ဆိုလို့ တို့ဆီက ဦးဓမ္မပါလနဲ့ မောင်သော်က တို့ တောင်တွင်းကြီးက သွားစောင့်ကြတယ်။ ဆရာတော် ဦးဝိစာရ ရောက် မလာတာနဲ့ သူတို့လည်း ပြန်ခဲ့ကြရရော။ မင်းပြောတဲ့ မနှစ်က မိတ္တီလာတို့၊ ရမည်းသင်းတို့မှာ အခွန်မပေးဘဲ နေကြတယ်ဆိုတာ အဲဒီဆရာတော် တရား ဟောထားလို့ပေါ့ကွ။ ဒါပေမဲ့ လူတွေက မညီကြတော့ အဖျားရှူးသွားရော။ ဘာမဆို လူညီဖို့က သိပ်အရေးကြီးတယ်။ လိပ်ကို အခွံခွာမှ သေမယ်လို့ ဆိုထားမှုတ်လား။ တစ်တိုင်းလုံး တစ်ပြည်လုံးက ညီညီညာညာသာ အခွန် မပေးဘဲ နေလိုက်ကြရင် ဒီမျောက်ဖြူတွေ ဘာခံနိုင်မှာတုံးကွ။ အခုပဲကြည့်၊ လူတွေက အခွန်မပေးဘဲ နေကြမယ်ဆိုတာသိလို့ အချိန်မကျခင်ကတည်းက အခွန်ပေးဖို့ လိုက်ပြီး နှိုးဆော်နေကြပြီ။ တချို့ရွာတွေလည်း လိုက်ကောက် နေကြပြီ။ စိတ်ချ၊ ဒီနှစ်တော့ တဘောင်အရ တစ်တိုင်းပြည်လုံး ညီကို ညီစေရမယ်ကွ'

သိုက်ထွန်းတို့ မောင်နှမ နှစ်ယောက်မှာ ဘာစကားမျှ မပြောဘဲ ဆရာ့ရွဲ ပြောသည်ကို ငေးငိုင်ကြည့်ရင်း နားထောင်နေကြပါသည်။ သူတို့ အနေဖြင့်"တိုင်းပြည် ပျက်လျှင်လည်း မြန်မြန်ပျက်ပါစေတော့၊ သူပုန် ထ လျှင်လည်း မြန်မြန် ထ ကြပါစေ" ဟူ၍ ဆုတောင်းကောင်း ဆုတောင်း နေကြမည်လား မဆိုနိုင်။

'ဒါထက် နေပါဦး မောင်သိုက်ထွန်းရ၊ မင်း ဝါးကြီးအိုင် မရောက် တာ ဘယ်လောက်ကြာသွားပတုံး'

'တစ်လလောက် ရှိသွားဘီ ဆရာရွဲ၊ ကျုပ်လည်း စိတ်က သွားချင်ရဲ့၊ လူက မရောက်နိုင်ဘဲ ဖြစ်နေပါတယ်'

'ဒါဖြင့် ဒီကြားထဲ ဦးဓမ္မပါလနဲ့ရော၊ မောင်သော်ကနဲ့ရော တစ်ခါမှ မတွေ့ရဘူးလား'

'မတွေ့ရပါဘူး၊ ဘာများ သတင်းထူး သတင်းဆန်း ကြားရလို့တုံး ဆရာရွဲ'

သိုက်ထွန်းက အားတက်သရော အမူအရာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

'တယ်လည်း ပေါ့ကြတာကိုး။ ဒီလိုကွ၊ ငါက ဆေးကု အယောင်ပြပြီး ဒီတစ်ပတ် နင်းကြမ်းတို့၊ ရောင်းမငတို့၊ မကျည်းကန်တို့၊ အိုင်သာတို့၊ ညောင်ဇင်၊ ဖုတ်ကုန်းတို့ကနေ ယင်းနားတစ်လျှောက် ပေကန်၊ မကျည်းထူး ထိအောင် အခွန်တော် မပေးရေး၊ မင်းမှုစိုးမှု မထမ်းရွက်ရေးတို့နဲ့ ပတ်သက်လို့ သိမ်းသွင်း လှုံ့ဆော်နေမယ်။ ဒီအနားတစ်ဝိုက်က ရွာတွေကိုတော့ ဦးဇင်းနဲ့ မောင်သော်ကတို့က တာဝန်ယူပါ။ အထူးသဖြင့် ငွေးချိုရွာဆိုတာက ဦးဇင်းက ပိုပြီး နိုင်ပါတယ်။ ဦးဇင်းချည်းဖြစ်ဖြစ်၊ ဦးဇင်းနဲ့ မောင်သော်ကဖြစ်ဖြစ် အနည်းဆုံး တစ်ခေါက်တစ်ကျင်းတော့ သွားပြီး ကိုယ်ထဲကိုယ်ဟာတွေက တစ်ဆင့် တပ်လှန့်ပေးလိုက်ပါဦးလို့ မှာခဲ့တာကွ။ ခု တစ်ခေါက်မှ မလာဘူး ဆိုတော့ အင်မတန် ပေါ့တာပေါ့'

သိုက်ထွန်း ထင်သည်က တစ်ဖုံ၊ ဆရာရွဲ ပြောသည်ကတစ်မျိုး ဖြစ်နေ၍ သိုက်ထွန်းအဖို့ ရင်မောရပြန်သည်။ သိုက်ထွန်းသည် ရွှေရီမတို့နှင့် အဆက်ပြတ်နေသည်မှာ အချိန်အတန်ကြာခဲ့ပြီ။ ဤကြားထဲ အလုပ်မအား၍ မဟုတ်၊ မသွားလို၍ မသွားဘဲ နေခဲ့သည်။ သို့သော် စိတ်ကမူ ရွှေရီမကို အမြဲသတိရနေခဲ့သည်။ ရွှေရီမတွင်မဟုတ်၊ ရွှေရီမတို့ တစ်အိမ်သားလုံးအတွက် စိတ်မအေးဘဲ ဖြစ်နေသည်။

ယင်းသည် အခြားကြောင့် မဟုတ်။ တော်သလင်းလကုန် သီတင်းကျွတ် လဆန်းလောက်ဆီက ဝါးကြီးအိုင်ရွာသူကြီး ဦးဒေါ်န အနိစ္စ ရောက်ခဲ့သည်။ သို့ အနိစ္စရောက်ပြီး များမကြာမီ သက်ဆိုင်ရာတို့က လစ်လပ်

နေသော သူကြီးနေရာကို ဦးဒေါနဇ၏ တစ်ဦးတည်းသောသား ငထွားကို သူကြီး ခန့်လိုက်ကြသည်။

ငထွားသည် သူကြီးဖြစ်၍မျှ ခုနစ်ရက် မပြည့်သေးမီ ရွှေရီမ၏ဖခင် ဘုန်းကြီးဘ ဦးမိုးကောင်းအား အကြောင်းမဲ့သက်သက် ဖမ်းပြီး ထိတ်တုံး ခတ်ပါသည်။ ဦးပဥ္စင်း ဦးဓမ္မပါလနှင့် ကျောင်းထိုင်ဆရာတော် သုံးပါး၊ ပေါင်း ရဟန်းတော်လေးပါးတို့ သူကြီး ငထွားအိမ်သို့ ကြွချီကာ ဘုန်းကြီးဘ ဦးမိုးကောင်းအတွက် မေတ္တာရပ်ခံကြသည်၊ မရပါ။ ဘာအပြစ်ရှိ၍ ယခုကဲ့သို့ ပြုလုပ်သနည်းဟု မေးသောအခါ သူ အခေါ်ခိုင်းတာ မလာ၍ အာဏာဖီဆန်မှုဖြင့် ထိတ်တုံးခတ်သည်ဟု ငထွားက လျှောက်သည်။ တကယ်တော့လည်း မခေါ်ပါ၊ တမင် အာဏာပြခြင်း ဖြစ်ပါသည်။ သုံးရက်ပြည့်မှ ပြန်လွှတ်လိုက်သည်။

ဤလို ပြုလုပ်ခြင်းမှာ ဦးမိုးကောင်း တစ်ယောက်တည်း မဟုတ်ပါ။ ဦးမိုးကောင်းလောက်သာ ရက်မကြာသည်၊ သူနှင့် မတည့်သူ အတော်များများကို ဖမ်းချုပ်ပြီး ထိတ်တုံးခတ်ခဲ့ပါသည်။ ဤနည်းဖြင့် ရမ်းနေရာ သီတင်းကျွတ်ရက်များလောက်က ရွှေရီမက သိုက်ထွန်းအား ဝါးကြီးအိုင်ရွာသို့ မလာခဲ့ပါနဲ့ဦးဟု လူကြုံဖြင့် လှမ်းမှာလိုက်သည်။ သိုက်ထွန်း ဝါးကြီးအိုင် ရွာသို့ မသွားလိုသည်မှာ ယင်းကြောင့် ဖြစ်ပါသည်။ ထိုအထဲ ဝါးကြီးအိုင်မှ ဘာသတင်းမျှ မကြားရသဖြင့် ပို၍ စိတ်ပူနေမိသည်။

စင်စစ် ဝါးကြီးအိုင်ရွာနှင့် ငွေးချို့ရွာမှာ အကူးအသန်း အသွားအလာ အလျှင်းမရှိ၍တော့ မဟုတ်။ အမြဲလိုလို ကူးသန်းသွားလာနေကြသူများ ရှိပါသည်။ ဝါကြီးအိုင်နှင့် ငွေးချို့ရွာသည် ရွာချင်း လွန်စွာ မနီးလှပေ[illegible]သည့် ယာလုပ်သူချင်း အလွန်နီးစပ်လျက် ရှိပါသည်။ ငွေးချို့ရွာမှ အနောက်အရပ်တွင် ယာခင်းရှိသူများနှင့် ဝါးကြီးအိုင်ရွာမှ အရှေ့အရပ်တွင် ယာခင်းရှိသူများတို့ ယာချင်း ထိစပ်လျက်ရှိပြီး၊ ယာလုပ်သူချင်းလည်း အမြဲလိုလို တွေ့ဆုံ နေတတ်ပါသည်။ နှမ်းနုတ်ချိန်၊ နှမ်းသိမ်းချိန်ကဆိုလျှင် သိုက်ထွန်းသည်ပင် နှမ်းနုတ် အငှားလိုက်ရင်းဖြင့် ဝါးကြီးအိုင်မှ လူများနှင့် တွေ့ဆုံခဲ့ရသေးသည်။ သို့သော် မိမိတို့၏ အတွင်းရေးများကို လူတွေ့တိုင်း မေးမြန်း၍ မဖြစ်ပါ။

အထူးသဖြင့် ငထွား သူကြီး ဖြစ်လာခါမှဆိုလျှင် ပို၍ ဆင်ခြင်ရပါသည်။ မိမိ မေးမြန်းသူသည် ငထွား၏လူတစ်ယောက် ဖြစ်နေခဲ့သော် ရာဇဝတ်အိုး တုတ်နှင့်ထိုးဘိအလား တစ်ဖက်သူသို့ သွားရောက် ရန်ရှာနေခဲ့လျှင် မခက်ပြီလောဟု တွေးတော ဆင်ခြင်မိပြီး ဘယ်သူ့ကိုမျှ မမေးတတ်အောင် ဖြစ်နေခဲ့သည်။

သူ မေးနိုင်သူများမှာ အတွင်းသိ၊ အစင်းသိများဖြစ်သည့် ရွှေကြည်မတို့ လင်မယား၊ ကိုသော်ကနှင့် ဦးပဥ္စင်း ဦးဓမ္မပါလတို့သာ ဖြစ်သည်။ ရွှေကြည်မတို့ လင်မယားကိုမူ တွေ့ဖို့မလွယ်။ ရွှေကြည်မတို့ ယာခင်းက ရွာ၏အရှေ့၌ မရှိ၊ မြောက်အရပ်တွင် ရှိသည်။ ဤကြားထဲ ကိုသော်ကနှင့် ဦးပဥ္စင်းတို့ကလည်း ငွေးချိုရွာသို့ မလာကြ။ ယင်းတို့ကလွဲလျှင် ဆရာရွှဲမှာ အရင်းနီးဆုံး ဖြစ်သည်။ ဆရာရွှဲမှာ ငွေလေးတွင် နေပေသည့် ငွေလေးနှင့် ဝါးကြီးအိုင်ရွာသည် နှစ်ရွာတစ်ရွာဖြစ်နေ၍ ဝါးကြီးအိုင်၌ တစ်စုံတစ်ခု ဖြစ်လျှင် ငွေလေးက အကုန်သိရသည်။ ငွေလေးရွာတွင် ဖြစ်လျှင်လည်း ဝါးကြီးအိုင်က အကုန်သိရသည်။ ယခုလည်း ဆရာရွှဲက ဝါးကြီးအိုင် အကြောင်း စပ်ပြောလိုက်ရာ၊ သိုက်ထွန်းက ရွှေရီတို့အကြောင်း ကြားရလိမ့်မည် အထင်ဖြင့် နားစွင့်နေရာ မျှော်လင့်သည်က တစ်မျိုး၊ ကြားရသည် တလွဲ ဖြစ်နေ၍ များစွာ စိတ်ပျက်နေမိသည်။

သို့သော် ထိုစိတ်ပျက်မှုမှာ ခဏသာ ဖြစ်သည်။ ဆရာရွှဲက သူ အပါအဝင် ဦးဓမ္မပါလ၊ ကိုသော်ကတို့ ဦးစီး ဦးဆောင် ပြုလုပ် လှုံ့ဆော်ထားသော အခွန်ဘဏ္ဍာ မပေးရေး၊ မင်းမှု စိုးမှု မထမ်းရွက် မလုပ်ဆောင်ရေးများ ယနေ့ အောင်မြင်သင့်သလောက် အောင်မြင်နေ၍ အင်္ဂလိပ်အစိုးရနှင့် တကွ အစိုးရဘက်တော်သားများ၊ နယ်မှ မတရားသောနည်းဖြင့် အစိုးရကို အမှီအခိုပြုပြီး ချမ်းသာ ကြွယ်ဝနေကြသူများတို့ ဘေးတွေ့ကြတော့မည်။ တစ်တိုင်းလုံး၊ တစ်ပြည်လုံး အစိုးရကို ပုန်ကန်ကြတော့မည်ဟု သိရသောအခါ တစ်ဖက်တစ်လမ်းမှ အားတက်လာရပြန်သည်။

သိုက်ထွန်းအနေဖြင့် "တောမီးလောင်လျှင် တောင်ကြောင် လက်ခမောင်း ခတ်" ချင်၍တော့ မဟုတ်ပါ။ ရေနစ်နေသူတစ်ယောက် ကယ်သူမဲ့

ဖြစ်နေချိန် သက်ငယ်ချောင်းတစ်ခု ရေတွင် မျောပါလာသည်ကို တွေ့ရှိသဖြင့် အားတက်မိသည့် အားတက်နည်းမျိုး ဖြစ်ပါသည်။

ထိုစကား မှန်ပါသည်။ သိုက်ထွန်းတို့ မောင်နှမသည် သီတင်းမကျွတ်မီအခါက သီတင်းကျွတ်လျှင် ကတိရှိထားသည့်အတိုင်း အိမ်ကို ဦးလူမင်း လက်သို့ အပ်ရမည်။ ယင်းသို့ အပ်နှံပြီး ငွေးချို့ရွာတွင်လည်း မနေ၊ တစ်နေ့ ရွှေရီမနှင့် အကြောင်းပါကြသည့်အခါ ဝါးကြီးအိုင်ရွာတွင် နေထိုင်ရမည့်အတူတူ ယခုကတည်းက ပြောင်းရွှေ့ နေထိုင်ကြမည်ဟု စီစဉ်ထားသည်။ ယခင်က သိုက်ထွန်းတို့ နေထိုင်ဖူးသော အိမ်ဝင်းကို ယခုသူတို့ ဘကြီးတစ်ဦးက ပိုင်ဆိုင်ထားသည်။ ယင်းတွင် ဘကြီးဖြစ်သူက နေခွင့်ပြုသဖြင့် တဲထိုးနေကြမည် ဖြစ်သည်။ နောက်ပိုင်း ငထွား သူကြီးဖြစ်လာသောအခါ သူနှင့် သဟဇာတ မဖြစ်သူများကို ရမ်းချင်တိုင်း ရမ်းနေ၍ သိုက်ထွန်းအတွက် စိတ်မချသဖြင့် ရွှေရီမက ပြောင်းရွှေ့မလာရန် တားထားခြင်း ဖြစ်သည်။

ရွှေရီမတွင် မဟုတ်။ ကိုသော်က ငွေးချို့ရွာသို့ လာစဉ်ကလည်း ထိုအတိုင်းပင် ပြောသည်။ ငထွားမှာ အာဏာရစဖြစ်၍ အာဏာ အလွန်ပြချင်နေသည်။ လူတစ်ယောက် အပြစ်ရှိရှိ၊ မရှိရှိ ဖမ်းချုပ်ချင်လျှင် ဖမ်းချုပ်တတ်သည်။ ယင်းကဲ့သို့ ငထွား အာဏာပြနေတုန်း အချိန်အခါ၌ ဝါးကြီးအိုင်ရွာသို့ ပြောင်းရွှေ့ နေထိုင်ဖို့ မဆိုထားနှင့်၊ ခဏခေတ္တပင် မလာပါနှင့်ဦးဟု ပြောပြန်သဖြင့် သိုက်ထွန်း မသွားဘဲ ကိုယ်ရှိန်သတ်နေခဲ့ရာ ယနေ့ထက်တိုင် ဖြစ်သည်။

ယနေ့ ဦးလူမင်း ပေါက်လာပြီး အိမ်နှင့်ဝိုင်းကို သူ့လက်သို့ အပ်ရမည်၊ သန်ဘက်ခါ နောက်ဆုံးထားပြီး ပြောင်းပေးကြဟု ပြောလာသောအခါ သိုက်ထွန်းအဖို့ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့။ ဤအိမ်ဝိုင်းမှလွဲလျှင် ငွေးချို့ရွာ၌လည်း ဆက်လက်၍ နေချင်စိတ် မရှိ။

စင်စစ် နေစရာလည်း မရှိပါ။ ဆွေမျိုးရင်းချာထဲမှ ဒွေးလေးဖော့ခေါ် ဒေါ်ဖော့တစ်ဦး ဒွေးလေးအရင်း ရှိပေသည့် သူတို့ဝိုင်းတွင်လည်း သူတို့သားသမီးများဖြင့် ကျပ်သိပ်နေသည်။ ဝါးကြီးအိုင်ရွာသို့ ပြောင်းရွှေ့နေရန် အစီအစဉ်မှာလည်း အထက်ပါအကြောင်းများကြောင့် ကျားရှေ့

ချော်လဲသည်နှင့် ဘာမျှထူးမည် မဟုတ်။ စောစောပိုင်းက ကြားသိရသော သတင်းများအရ ငထွားက–

'ဒီကောင် လာရဲရင် လာပစေ၊ ငါ့အကြောင်း သိရစေမည်' ဟု တစ်ကြိမ်တည်း ကြိမ်းမောင်းနေရာ သွားလျှင် တစ်စုံတစ်ခုဖြစ်မည်မှာ အလွန် သေချာသည်။ ယင်းအနက်မှ မိမိတစ်ယောက်တည်း ခံရလျှင် အရေးမကြီး သေး။ မိမိတွင် ညီ ရှိသည်၊ နှမ ရှိသည်။ တူကလေး ရှိသေးသည်။ ပြီး ရွှေရီမတို့မိသားစုအားလည်း ပို၍ ဒုက္ခပေးချင်လျှင် ပေးဦးမည်။ သို့အတွက် ယခုအခါ ဝါးကြီးအိုင်ရွာသို့ ပြောင်းရွှေ့ နေထိုင်ရန် စိတ်မကူးရဲ။ ယနေ့ သိုက်ထွန်းတို့မောင်နှမ၏ အခြေအနေမှာ အထက်ဆိုခဲ့သလို "ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိ" ဆိုသောကိန်းဖြင့် ဒက်ထိ တိုးနေချိန် ဖြစ်ပါသည်။

နောက် ဆရာရွှဲက ယနေ့ ဖြစ်ပျက်နေသော အခြေအနေများကို သိုက်ထွန်းအား ထိုက်သင့်သလောက် ရှင်းပြပြီးနောက်၊ သူတို့ စည်းရုံး လုပ်ဆောင်နေသော သဿမေဓ အခွန်တော် မပေးရေးနှင့် ပတ်သက်၍ ဌေးချို့ရွာမှ အခြားဩဇာတိက္ကမရှိသူ လူကြီးအချို့နှင့် အရေးတကြီး ဆွေးနွေး တိုင်ပင်ရန် ရှိသေးသည်ဆိုကာ၊ သိုက်ထွန်းတို့အိမ်မှ ပြန်လည် ထွက်ခွာ သွားပါသည်။

တကယ်တော့ သိုက်ထွန်းလည်း ထိုကိစ္စများအပေါ် စိတ်ဝင်စားမှု မရှိ၍ မဟုတ်ပါ။ သူ့မိခင် ဒေါ်ငြိမ်းလှ ရှိစဉ်ကဆိုလျှင် ဝါးကြီးအိုင်ရွာသို့ ခဏခဏသွားပြီး ဦးဓမ္မပါလ၊ ကိုသော်က စသူတို့နှင့် တိုင်ပင်ဆွေးနွေး ခြင်း ပြုခဲ့သည်။ သူတို့က ခိုင်းစေလျှင်လည်း ဘာမဆို လုပ်ကိုင်ပေးခဲ့သည်။ ဒေါ်ငြိမ်းလှ အနိစ္စရောက်ပြီးသည်၏ နောက်ပိုင်းတွင်မူကား အိမ်တွင် အကြီး အကဲ မရှိတော့၍ တစ်ကြောင်း၊ လူစေ့တက်စေ့ အလုပ်လုပ်သည်ပင် ဝတ်ရေး စားရေးအတွက် မစေ့ငနိုင်အောင် ရှိနေသည်က တစ်ကြောင်းတို့ကြောင့် ထို ကိစ္စကို အသာဘေးချိတ်ပြီး အိမ်တွင် ကုပ်၍ အလုပ်လုပ်နေခဲ့သည်။

အထူးသဖြင့် ငထွား သူကြီး ဖြစ်ခါမှဆိုလျှင် ဝါးကြီးအိုင် ရွာသို့ လုံးဝ မသွားတော့သဖြင့် ဦးဓမ္မပါလ၊ ကိုသော်က၊ ဆရာရွှဲတို့နှင့်ပါ အဆက် ပြတ်ပြီး ထိုကိစ္စများအကြောင်း ဘာမျှမသိဘဲ ဖြစ်နေခဲ့သည်။

အကယ်ပင်လည်း သိုက်ထွန်းမှာ ဆရာရွှဲ ပြောပြသော စကားများကို ရှေးဦးဆုံး ကြားရစဉ်အခါက ယခုမှ အိပ်ရာမှ လန့်နိုးသူကဲ့သို့ ယောင်တိယောင်အဖြင့် ဘာမျှမသိဘဲ ဖြစ်နေသည်။ အခြေအနေကို အတန်ကြာသုံးသပ်ပြီးသော အခါမှ သဘောပေါက်ရုံမျှမက အားလည်း တက်လာသည်။

သို့သော် ထိုအားတက်မှုမှာ အချိန်ကြာကြာ မခံလိုက်ပါ။ ဆရာရွှဲအိမ်ပေါ်မှ ဆင်းသွားပြီး ကွမ်းတစ်ယာညက်မျှ မကြာသေးမီ ညနေက မိမိတို့ အိမ်သို့ ဦးလူမင်း လာရောက်ခဲ့ပုံများ၊ သန်ဘက်ခါ နောက်ဆုံးထား၍ ဤဝိုင်းအတွင်းမှ ထွက်ခွာသွားရန် ပြောဆိုပုံများကို အဖြစ်အပျက် အစီအစဉ်အတိုင်း ပြေး၍ သတိရမိ၊ မြင်ယောင်နေမိပြန်သောအခါ စောစောက အားရဝမ်းမြောက် ဖြစ်မိသည်များ ဘယ်သို့ ရောက်ကုန်သည် မသိ။

"အေး မင်းတို့ ဒီအိမ်ကို ဆက်နေဖို့ သန်ဘက်ခါ နေကုန်အထိ ငါ ခွင့်ပြုမယ်၊ သန်ဘက်ခါက ကျော်ရင်တော့ တစ်ရက်မှ နေခွင့်မပြုနိုင်ဘူး။ ဒါပဲ" ဟူသော လွန်စွာ မောက်မာ ခါးသီးလှသည့် အမိန့်အာဏာသံကြီးက ခြောက်လှန့်နေ၍ သိုက်ထွန်း အိပ်မရဘဲ ဖြစ်နေသည်။

## [ ၁၀ ]

'ဘာတုံးဟေ့ တုတ်ကြီး'

'ကျုပ်တို့ စားစရာ မရှိတော့ဘူး ဦးကြီး၊ အဲဒါ ငွေဖြစ်ဖြစ်၊ စားစရာစပါးဖြစ်ဖြစ်၊ ပြောင်းဖြစ်ဖြစ် ပေးပါဦး'

'အံမာ မရှိလို့ တောင်းတဲ့အကောင်က မာရေကျောရေနိုင်လိုက်တာ၊ မင်းတောင်းတိုင်း ငါက ပေးရအောင် ငါ့မှာ မင်းပေးထားတာ ရှိလို့လားကွ။ ဒါမှမှတ် မင်းလုပ်ခ ကျန်သေးလို့လား၊ ပြောစမ်းပါဦးကွ တုတ်ကြီးရ'

'ကျုပ်လုပ်ခ ရှိတာလည်း ဦးကြီး သိပါတယ်၊ မရှိတာလည်း ဦးကြီး သိပါတယ်။ ဒါပေမဲ့ ကျုပ် ဒီအကြောင်းတွေကို မပြောအပ်တာမို့လို့ မပြောချင်ပါဘူး။ အခု ကျုပ် ပြောချင်တာက ကျုပ်မှာ လုပ်စရာ အလုပ်လည်း မရှိဘူး၊ စားစရာဆိုလို့လည်း ဘာတစ်စိမှ မရှိဘူး။ ဝယ်စရာ ပိုက်ဆံဆိုလို့လည်း တစ်ပိုင်တောင် မရှိဘူး'

'မင်းမှာ မရှိတာနဲ့ ငါနဲ့ ဘာဆိုင်လို့တုံးကွ၊ မပေးဘူးကွာ၊ သွား ... သွား'

'ဟိုတုန်းက ဦးကြီးပြောထာ ဒီလိုမှတ်ပါဘူး၊ ဦးကြီး ခိုင်းတာကို ကျုပ်က ဘာမဆို လုပ်ပေးရသလို ဦးကြီးက ကျုပ်အတွက် ဝေပုံကျ ပေးမယ်လို့ ပြောခဲ့ပါတယ်။ အဲဒီဝေပုံကျထဲက ကျုပ်အတွက်ဆိုလို့ မှတ်မှတ်ရရ တစ်ခါလား ရဖူးပါတယ်။ ကျုပ် လုပ်ပေးရတာက ဆယ်ခါတိတိပါ'

'ဟေ့ တုတ်ကြီး၊ တော် တော်၊ မင်းနဲ့ငါ ရှေ့ဆက်ပြောရရင် မကောင်းကြဘူး ဖြစ်ကုန်လိမ့်မယ်။ ဒီအချိန်ကျခါမှ မင်းက ဘယ်က ကယောင်ကတမ်း ထလာပြီး ပြောတာတုံး။ မင်း ရူးနေသလား၊ ဒါမှမှတ် ငါ ပေးကျွေးထားတာတွေ အစ ချီးဖြစ်ကုန်လို့ မေ့နေပလား'

'အဲဒီ ပေးတာ ကျွေးတာက ကျုပ် စာရင်းငှားခပဲဟာ၊ ဘာဆိုင်လို့တုံးဗျ'

'ဆိုင်ဆိုင် မဆိုင်ဆိုင် ငါ တစ်ပြားမှ မပေးဘူး၊ မင်း ဘာတတ်နိုင်တုံး။ ဟေ့.... မင်းနဲ့ ကြာကြာ စကားမပြောချင်ဘူး၊ သွားဆိုရင် ငါ့အိမ်ပေါ်က ခုချက်ချင်း ဆင်းသွားကွာ'

'ဦးကြီးက ဒီလိုတမ်းလား'

'ဒီလိုတမ်းမကဘူးဟေ့၊ မင်းကြိုက်ရာ လုပ်နိုင်တယ်၊ ကြိုက်ရာ သွားနိုင်တယ်။ တကတဲ ဒီက ကြွေးတွေ မြေတွေ တောင်းမရလို့ စိတ်စက်ညစ်နေရတဲ့အထဲ၊ သူက မီးတကျည်ကျည်၊ ဟေ့ သွားဆို မသွားသေးဘူးလား'

ဦးလူမင်းက အိမ်ပေါ်မှ ဆင်းသွားဖို့ ပြောသည်တိုင် တုတ်ကြီးမှာ ထိုင်လျက်မှပင် တွေ၍ စဉ်းစားနေသဖြင့် ဦးလူမင်းက ထပ်မံကာ ဟိန်းဟောက် လိုက်ခြင်း ဖြစ်သည်။

'မင်းဟာ ဒီတစ်ခါ မှတ်ဖူး၊ ဒီလိုချည်း ငါ့ကို လာလာပြီး အနှောင့်အယှက်ပေးတာ သုံးခါတိတိရှိပြီ၊ ဒါဟာ နောက်ဆုံးပဲ မှတ်ပါ။ ဘယ်တော့မှ ငါ့ဝိုင်းထဲကို ခြေလာမချပါနဲ့'

'ဒါဖြင့် ကောင်းဘီ၊ နောက်တော့သာ ကျုပ်ကို အဆိုးမဆိုပါနဲ့'

တုတ်ကြီးက ပြောလည်းပြော၊ နေရာမှလည်း တစ်ခါတည်း ထလျက်

လှေကားရှိရာဆီသို့ ခပ်မာမာ ခပ်ကြမ်းကြမ်း လျှောက်သွားသည်ဖြစ်၍ ဦးလူမင်းက သူ၏ ခွေးဘီလူးသံ ပေါက်နေသော အသံကြီးဖြင့် ဟိန်းသွားအောင် ရယ်တည့်ကာ–

'ဟား.... ဟား.... ဟား... တုတ်ကြီးရာ မင်းလောက်များ ငါက မပြုးဘဲနဲ့ ဝလုံးကွဲ ရယ်လိုက်ချင်တယ်ကွ၊ ဟား.... ဟား.... ဟား...မင်းလို အကောင်ကများ ဘာတတ်နိုင်လို့ အခုလို ကြိမ်းရတာတုံး၊ မင်း ဘာတတ်နိုင်တုံးကွ'

တုတ်ကြီးက ဦးလူမင်း၏ စကားဆုံးအောင်ပင် နားမထောင်ပြီ။ အိမ်အောက်သို့ပင် ရောက်သွားပြီ။ ယင်းသည် ဦးလူမင်း သိုက်ထွန်းတို့ အိမ်သို့ လာရောက်ကာ သိုက်ထွန်းတို့အား ထိုအိမ်မှ ထွက်ခွာပေးရန် ပြောသောညက ဖြစ်ပါသည်။ ထိုည သိုက်ထွန်းလည်း တစ်ညလုံး အိပ်မပျော်သလို တုတ်ကြီးလည်း အိပ်မရဘဲ ဖြစ်နေသည်။ သိုက်ထွန်းသည် တစ်ညလုံး အိပ်စက်မရသဖြင့် ဘာတွေ စိတ်ကူးနေမိသည် မသိ၊ လင်းအားကြီးအချိန် ဖွားစိန်မကို နှိုး၍–

'ငါ ဝါးကြီးအိုင် သွားချေဦးမယ်' ဆိုကာ အိမ်မှ ထွက်သွားသည်။ တုတ်ကြီးကလည်း တစ်ချိန်တည်းမှာပင် သူ့အိမ်မှနေ၍ ဘယ်သူ့မှ အတိုင်အပင် မပြုဘဲ ဂါတ်ရှိရာ မြို့သစ်မြို့ဆီသို့ ထွက်သွားသည်။

ထိုနေ့ နေပင် မစောင်းပါ၊ မြို့သစ်ဂါတ်မှ ပီအက်စ်အို ခေါ်သော ဌာနာအုပ်နှင့် ပုလိပ်သားတို့သည် ဝွေးချို့ရွာသို့ ဆိုက်ရောက်လာကြပြီး ဦးလူမင်းနှင့် ဦးလူမင်း၏ သား ကျော်ဇောတို့အား ဖမ်းပါလေသည်။

ဖမ်းသည်ဟု ကြားရလျှင် ကြားရချင်း သာညြသည် ဝမ်းသာအားရဖြင့် သိုက်ထွန်းတို့အိမ်သို့ ပြေးလာသည်။

'ဟေ့.... သိုက်ထွန်း သိုက်ထွန်း'

'မောင်ကြီး မရှိဘူး၊ မောင်ရင် သာညြ'

ဖွားစိန်မက အေးဆေးစွာ ထိုင်လျက် ကလေးနို့တိုက်ရင်း ပြန်ပြောလိုက်ခြင်း ဖြစ်သည်။

'ဟာ.... ဒီကောင် အရေးထဲကျခါမှ ဘယ်များ သွားပါလိမ့်။ ငါက သူ့ကို ဝမ်းသာစေချင်လွန်းလို့ သတင်းကောင်းတစ်ခုပြောဖို့ ကမန်းကတန်း

ပြေးလာတာ။ သူ ဘယ်သွားတုံးဟင် ဖွားစိန်မ၊ မနေ့က ဟိုပြိတ္တာကြီးက
လာနှင်လို့ နေဖို့နေရာ သွားရှာသလား'

'ကျုပ်လည်း ဘာမှပြောမသွားတော့ နေရာရှာသလား၊ ဘာလား
အမှန်မသိပါဘူး မောင်ရင်သာဩရယ်၊ သွားတာကတော့ ဝါးကြီးအိုင်ကို
သွားတာပဲ'

'ဟင်.... ဒီကောင် ဝါးကြီးအိုင်ကို မသွားပါနဲ့ဦးဆိုတာ ဘာပြုလို့
များ သွားရပါလိမ့်။ ဟုတ်ပါပြီ၊ ဒီကောင် ဝါးကြီးအိုင် ပြောင်းနေဖို့ ဝါးကြီး
အိုင်က အခြေအနေ သွားကြည့်တာပါ။ ဟော့ အခု ဝမ်းသာကြတော့ဟာ
ဘယ်မှ ပြောင်းနေဖို့ မလိုတော့ဘူး'

'ဟင်... မောင်ရင်သာဩကလည်း အရေးထဲ ရွှတ်နေပြန်ပြီ'

'အို.... ငါက နင်တို့ကို ဘာပြုမယ့် ရွှတ်ရမှာတုံး၊ ခုဥစ္စာက
တကယ်ပြောနေတာဟ၊ နင်တို့က တောင်ပိုင်းနဲ့ မြောက်ပိုင်းဖြစ်ပြီး ဝေး
နေကြလို့ မကြားတာ။ တို့ မြောက်ပိုင်းမှာတော့ တစ်ပိုင်းလုံး ဟိုးလေးကျော်
လို့၊ အခု ဟိုပြိတ္တာကြီးကို ပုလိပ်တွေက ဖမ်းသွားဘီ၊ နင်တို့ကို နောက်ထပ်
နှင်နိုင်တော့မှာ မှုတ်ဘူး'

'ဟင်.... အခု ဟိုလူကြီးကို ပုလိပ်တွေ လာဖမ်းသွားဘီ ဟုတ်လား'

'ဟုတ်လားမလုပ်နဲ့၊ အခု သူကြီးအိမ်မှာဗျား၊ သားအဖ နှစ်ယောက်
လုံး လက်ထိတ်ခတ်လို့၊ ငါလာတော့ လှည်းတွေဘာတွေတောင် ပြင်လို့။
သွားကြတော့မယ်နဲ့ တူတယ်'

'အို....'

ဖွားစိန်မသည် အခုမှ ပိုမို အံ့ဩမိသည့်ဟန် မျက်လုံးအပြူးသားဖြင့်
သာဩသို့ ကြည့်နေသည်။ ပြီး နို့တိုက်လျက်ရှိနေသော ကလေးကို နို့ချွတ်
လျက် ဘေးသို့ ဖယ်ထုတ်ကာ သာဩနှင့် နီးသည်ထက်နီးအောင် တိုးကပ်
လိုက်သည်။

'အဲဒါ နင် ဝမ်းမသာဘူးလား'

'သာတာပေါ့တော့၊ ဘယ့်နှယ့် ပြောပါလိမ့်။ ကျုပ်တို့ ဒီဝိုင်းက
ပြောင်းပေးရတာ မပေးရတာထက် ဒီလူကြီး မတရားလုပ်နေတာကို အစိုး
ဘက်က သိသွားတာ သိပ်ဝမ်းသာတာပဲ။ ဒါကို ဘယ်သူက ဖော်လို့တုံး

ဟင်၊ မောင်ကြီးနဲ့ မောင်ရင်သာညြတို့ ဟိုတလောတုန်းက ပြောကြသလို ကိုတုတ်ကြီးက ဖော်လို့လား'

'ဒါပေါ့ဟ၊ ဟိုကောင်က မကျေနပ်နေတာ ကြာလှဘီ၊ ငါကြားတာ တော့ အခုမှ သူ့မိန်းမ မိပိုင် ပါးစပ်က ထွက်လာတဲ့စကားတဲ့။ ငတုတ်ကြီး က အဲဒီ ဝေစုတောင်းမှုနဲ့ ပတ်သက်လို့ ညက တော်တော်ဖြစ်ကြတယ်ဆို ဘဲ။ အဲလိုချည်းဖြစ်တာ ဒီတစ်ခါပါနဲ့ သုံးခါရှိဘီတဲ့။ အခုတစ်ခါတော့ ငတုတ်ကြီးကလည်း မလျှော့ဘူး။ အိမ်မှာလည်း ငတ်ပြတ်နေတော့ ပိုပြီး ဒေါသဖြစ်နေသတဲ့။ သူကလည်း တစ်ပြားမှ မပေးဘူး။ သွားချင်ရာ သွားလို့ ဆိုသတဲ့။ ဒါနဲ့ စိတ်ဆိုးဆိုးနဲ့ ဂါတ်သွား အဖမ်းခံပြီး အကုန်လုံး ဖွင့်ချတာ'

'ကျုပ်က အဲဒါအတွက် ဝမ်းသာတာ မောင်ရင်သာညြရဲ့၊ သူတို့ မကောင်းကြံစည်ကြတဲ့အတွက် မောင်ကြီးတို့ မောင်ရင်သာညြတို့ ကြားထဲ ကနေ ဓားစားခံခဲ့ကြရတယ် မှတ်လား'

ဖွားစိန်မသည် ပြောပြီး တစ်စုံတစ်ခုကို သတိရမိဟန်ဖြင့် စကားကို ငေါင်းစင်းစင်း ဖြတ်ကာ ငိုင်ငေးနေပါသည်။ ပြီး ဖွားစိန်မသည် မိမိအပါး တွင် ငုတ်တုတ်ကလေး ထိုင်နေရင်းမှ မျက်လုံးကလေး အကြောင်သားဖြင့် မိမိသို့တစ်လှည့်၊ သာညြတို့တစ်လှည့် ကြည့်နေသော ဘာမျှမသိရှာသည့် သားငယ်အား အချိန်အတန်ကြာ စိုက်ကာ ကြည့်နေပြန်သည်။ ကြည့်ရင်း ကြည့်ရင်းလည်း မျက်လုံးအိမ်များထဲတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။ နောက် ဖွားစိန်မက သားငယ်ကို ပွေ့ယူလျက် ရင်ခွင်ထက်သို့ သွင်းကာ ထွေးပိုက်ထားလိုက်သည်။

'ဟာ ဒီပြိတ္တာကြီး မကောင်းတာတော့ မပြောနဲ့ဟ၊ နင်တို့နဲ့ တို့ချည်း ကြားကနေ ဓားစာခံဖြစ်ရတာ မှတ်ဖူး၊ အိုင်ဒိုရွာက ကိုဖိုးချီတို့ သားအဖ လည်း ဒီအတိုင်းခံရတာပဲ။ ကိုဖိုးချီနဲ့စာရင် တို့က တော်သေးတယ်။ တို့က အသက်မသေဘူး။ ကိုဖိုးချီက ပုလိပ်သား ညှဉ်းတဲ့ဒဏ်ကြောင့် အသက်ပါ သေသွားတယ်။ အဲဒါလည်း ဒီပြိတ္တာကြီးက မဟုတ်တရုတ်တွေ ပြောထား လို့ ပုလိပ်က ညှဉ်းတာပဲ။ အမှန်တော့ တို့အပါအဝင် ဒီလူတွေ ဘယ်သူမှ မှတ်ဖူးဟ၊ အိုင်ဒိုနဲ့ ငွေးချို့ရွာကြား၊ ကြာအင်းနဲ့ ငွေးချို့ရွာကြား လုယက်မှု

ဖြစ်ခဲ့သရွေ့ ကျော်ဇောနဲ့ တုတ်ကြီးချည်းပဲ။ ပြီးတော့လည်း အလုခံရတဲ့ လူမှန်သမျှ သူ့ဆီက ငွေချေးသွားတဲ့ လူချည်းပဲ'

မှန်သည်။ ဤသို့သော ခေတ်ဆိုး ခေတ်ကျပ်ကြီးအတွင်း၌ ဦးလူမင်း ကျိုကျိုတက် ချမ်းသာနေသည့်အကြောင်းများထဲတွင် ထိုအကြောင်းမှာ အရင်းခံ အကြောင်းတစ်ခု ဖြစ်ပါသည်။ မိမိထံသို့ လာရောက်၍ ငွေချေးငှားသူ အားလုံး ကိုကား မဟုတ်ပါ။ ဦးသာဖောင်၊ ဒေါ်ရွှေယာတို့ကဲ့သို့သော သက်ကြီးရွယ်အို များ၊ အလွန် ထုံ အ သူများ၊ တစ်ယောက်တည်း လာသူများကိုမှ ရွေးချယ် လုပ်တတ်လေ့ ရှိပါသည်။

အထက်တွင် ရေးသားခဲ့သည့်အတိုင်း ဝေးချို့ရွာနှင့် မြို့သစ်မြို့ အကြားရှိ ရွာအားလုံးလိုလိုက သူ့ထံသို့ မကြာခဏ လာ၍ ငွေချေးတတ် လေ့ရှိရာ၊ ထိုသူများထဲမှ ဦးသာဖောင်တို့လို ရိုးအသူ၊ အသက်အရွယ်ကြီး သူနှင့် တစ်ဦးတည်း လာသူများကို ရွေးချယ်၍ ၎င်းတို့၏အပြန်လမ်းမှ ဆီးကြို လုယက်စေပါသည်။

ရှေးအခါ မိမိ၏သား အရွယ်မရောက်သေးမီက ဆိုလျှင် မိမိ၏ တပည့်တပန်း၊ သို့မဟုတ် လူယုံစာရင်းငှားများကို ခိုင်းစေတတ်ပြီး ယခု မိမိ၏သား ကျော်ဇော အရွယ်ရောက်လာခါမှဆိုလျှင် မိမိသားနှင့် မိမိ၏ စာရင်းငှား ညာလက်ရုံး တုတ်ကြီးတို့အား ခိုင်းစေတတ်သည်။

သို့ ခိုင်းစေသူများအထဲတွင် တုတ်ကြီးသည် လုပ်ငန်း အကျွမ်းကျင် ဆုံး၊ သတ္တိအရှိဆုံးလည်း ဖြစ်သည်။ ကျော်ဇောအပေါ်ပင် သူက ဆရာ လုပ်နိုင်သည်။ အစီအစဉ် ပေးနိုင်သည်။ သူ့အပေါ် မတရားပြုကျင့်လျှင် လည်း နည်းနည်းမှ မခံချင်တတ်ပါ။

ဦးလူမင်းသည် လူညစ်တစ်ယောက်ဖြစ်ရာ မူလက ပြောထားသည့် အတိုင်း စကားမတည်၊ ကတိရှိထားသည်နှင့်အညီ ပေးကမ်းခြင်း မပြုသဖြင့် နှစ်ဦးလောက်က တောင်းဆိုခြင်းပြုရာ ဦးလူမင်းက အိရောအိရောဖြင့် အချိန် ဆွဲ၍ မပေးဘဲ နေခဲ့ပါသည်။ မိုးလယ်လောက်က တစ်ဖန် တောင်းပြန် သည်။ ထိုအခါ ဦးလူမင်းက "တစ်ပြားမှ ထပ်မပေးနိုင်" ဟု ပြောင်ပြောင် ပြောရုံမျှမက တုတ်ကြီးအား စာရင်းငှားအလုပ်ကပါ ထုတ်လိုက်ပါသည်။

ဦးလူမင်းက မူလ ကတိထားခဲ့သည်မှာကား တုတ်ကြီးအား သူ

လုပ်ကိုင်သော အလုပ်အတွက် စာရင်းငှားခ အပြည့်အဝပေးမည့်အပြင် လုယက်ရန် ခိုင်းစေတိုင်း၊ ခိုင်းစေတိုင်း လုယက်၍ ရရှိသော ငွေများအနက်မှ လေးပုံတစ်ပုံပေးမည် ဆိုခဲ့သည်။ ဆိုသည့်အတိုင်း ရှေးဦးဆုံး တစ်ကြိမ်သာ ရခဲ့ပြီးနောက် ဘယ်တော့မျှ အတိအကျ မပေး။ ထိုနေ့အဖို့ ကောင်းကောင်း ကျွေးသည်။ ကောင်းကောင်း စားရသည်။ သူနှင့်အတူ အရက်သေစာများ သောက်စားရသည်။ ဤမျှသာ ဖြစ်သည်။

သို့ဖြင့် သိုက်ထွန်းတို့ လူတစ်စု ဖမ်းဆီးခြင်းခံရသော၊ ဦးသာဖောင်တို့ လင်မယားအား လုယက်ခဲ့သော အကြိမ်အပါအဝင် တစ်ကြိမ်မှ နှစ်ကြိမ်၊ နှစ်ကြိမ်မှ သုံးကြိမ် စသဖြင့် ဆယ်ကြိမ်ခန့်အထိ လုပ်ကိုင်ပေးခဲ့သည်။ ထိုမျှ များပြားစွာ လုပ်ကိုင်ပေး၍မျှ ပြောထားသည့်ကတိအတိုင်း မပေးဘဲနေသောအခါ တုတ်ကြီးက ဖွင့်ဟ တောင်းဆိုခဲ့သည်။

ပထမအကြိမ် မပေးပေသည့် ဦးလူမင်းက ဘာမျှမပြောသေး။ ဒုတိယအကြိမ် ပြောသောအခါ မပေးရုံမျှမက စာရင်းငှားအလုပ်ကပါ ထုတ်လိုက်ခဲ့သည်။ တတိယအကြိမ် တုတ်ကြီးမှာ အကယ် ထမင်းငတ်နေ၍ သွားတောင်းရာ အထက်ပါအတိုင်း တစ်ဦးနှင့်တစ်ဦး ပါးကိုက်၍ နားကိုက်ကြပြီး အဆုံးဘဝသို့ ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ဦးလူမင်းအနေဖြင့် တုတ်ကြီးအပေါ်တွင် တင်းမာနိုင်ခြင်းမှာ အခြားကြောင့် မဟုတ်။ ဦးလူမင်းသည် မြို့သစ်ဂါတ် တစ်ဂါတ်လုံးအား သူက ကျွေးမွေးပြုစုထားခဲ့ရာ ဌာနာအုပ်မှစ၍ ပျာတာအထိ သူ၏ဩဇာ လွှမ်းနိုင်ခဲ့သည်။ ဦးလူမင်းက "ဒီအမှုနဲ့ ပတ်သက်လို့ ဒီလူ ဒီလူတွေကို မသက်ာဘူး၊ ဒီလူတွေသာ ဖမ်းစစ်ရင် မုချ ပေါ်ရမှာပဲ" ဟု ပြောရုံမျှဖြင့် ဖမ်းဆီးသည့် အခြေအထိ ရောက်ရှိခဲ့ပါသည်။ သိုက်ထွန်းတို့ လူတစ်စုကို ဖမ်းစဉ်ကကဲ့သို့။

ဤလို လွဲချဖို့ကလည်း အလွန် လွယ်ကူလှပါသည်။ သူတို့ လုယက်ကြချိန်နှင့် လုယက်ခါနီးအချိန်တွင် အနီးအနား၌ ဘယ်သူတွေ ရှိသည်၊ ဘယ်သူတွေ ဖြတ်သန်းသွားလာကြသည်ဆိုသည်ကို တစ်နေရာမှ စောင့်ကြည့်တတ်သည်။ သိုက်ထွန်းတို့တုန်းက ထိုအတိုင်း စောင့်ကြည့်နေရာ

သူတို့ လှုပ်ရှား သွားလာကြချိန် တောကြက်အုပ်တစ်အုပ်နှင့် တိုးမိနေ၍ တောကြက်များ ထ ပျံခဲ့သေးသည်။

ဤလို ယုတ္တိယုတ္တာနှင့်တကွ လက်ညှိုးထိုးပြသောအခါ ကာယကံရှင်များကလည်း မိမိတို့ ထိုအချိန် ထိုအခါ ထိုနေရာ၌ မရှိဟု မငြင်းကွယ်နိုင်။ သက်ဆိုင်ရာ ပုလိပ်တို့ကလည်း တရားခံအစစ်ဟူ၍ ထင်မှားစရာ ဖြစ်လာသည်။ ထိုအထဲ ဦးလှမင်းက နောက်ပိုင်းမှနေ မီးလောင်လေပင့် လုပ်ပေးလိုက်သောအခါ အဖမ်းခံရသူတို့အဖို့ ပို၍ နှိပ်စက်ညှဉ်းပန်းခြင်း ခံကြရသည်။

ဦးလှမင်း ဤသို့ ပြုလုပ်နေခြင်းကို အခြားငွေချေးလာသော ရွာခပ်များများက မသိကြပေသည့် ငွေးချို့ရွာရှိ လူအချို့ကတော့ သိသည်။ သိပေသည့် ဦးလှမင်းကို ကြောက်ရွံ့နေကြ၍ ဘယ်သူကမျှ မပြောရဲကြ။

သိုက်ထွန်း၊ သာညြ စသူတို့ကလည်း ဖမ်းဆီးပြီးနောက် မကြာမီအချိန်အတွင်းမှာပင် ဦးလှမင်းတို့သားအဖ ရှို့လိုက်သောစနက်ကြောင့် သူတို့တစ်တွေ အဖမ်းခံကြရကြောင်း သိသည်။ သို့သော် သူတို့တစ်တွေသည် အလွန် ရိုးအသူများ ဖြစ်ပေရာ၊ သူတို့မဟုတ်၍ မဟုတ်ကြောင်း ငြင်းဆန်တတ်သည်မှအပ အခြား ဘာမျှ မပြောတတ်ကြ။

'ဘယ်သူ့ဆီကတုံးကွ၊ ပြိတ္တာကြီးဆီကလား'

'ဩော်.... ဆရာရွှဲ၊ ကြွပါ ဆရာရွှဲ'

ဖွားစိန်မတို့အိမ်သို့ ရောက်နှင့်နေသော သာညြက သူ့နဂိုညာဉ်အတိုင်း စကားကို တိုးတိုးသက်သာ မဟုတ်ဘဲ ခပ်ကျယ်ကျယ်လောင်လောင် ပြောနေသည်ကို အိမ်ဝင်းထဲသို့ ရောက်ရှိလာသော ဆရာရွှဲက နားစွန်နားဖျားကြားလိုက်သဖြင့် အထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်သည်။

'ကျုပ်က ဆရာရွှဲ ခပ်စောစောက ပြန်သွားဘီ အောက်မေ့နေတာ'

'ဘယ်ပြန်နိုင်လိမ့်ဦးမတုံး သာညြရ၊ ကိုယ့်ကိစ္စကလည်း မပြီးသေး၊ ပြီးတော့ မင်းတို့ရွာမှာလည်း ဒီကနေ့ တကယ့်ပွဲကြီးပွဲကောင်း ရှိနေတာကို။ ဟဲ ဟဲ၊ ခုန မင်းတို့ပြောနေကြတဲ့ စကားလည်း အဲဒီစကားပဲ မှတ်လား'

'ဟုတ်ပါတယ် ဆရာရွှဲ၊ ဒီပြိတ္တာကြီးကြောင့် ကျုပ်တို့တစ်တွေ ဒုက္ခ

ရောက်ခဲ့ကြရတယ်။ ဒီပြိတ္တာကြီးကြောင့် ဒီတစ်နယ်လုံး ဆင်းရဲခဲ့ကြရတယ်။ အခုတော့ ရှင်းသွားဘီပေါ့'

'အေး၊ ဒါထက် မောင်သိုက်ထွန်း တစ်ယောက် ဘယ်သွားတုံး၊ ဝမ်းသာလုံးဆို့ပြီး အလုပ်တွေများ လျှောက်လုပ်နေသလား ဟင်'

'မောင်ကြီး မရှိဘူး ဆရာရွှဲ'

'ဟေ ဘယ်သွားတုံး၊ ဟိုပြိတ္တာကြီးတွေ ဖမ်းတယ်ကြားလို့ သူကြီးအိမ် လိုက်သွားသလား'

'မှုတ်ဘူး ဆရာရွှဲ၊ ကျုပ်လည်း ဟိုပြိတ္တာကြီးဖမ်းတာ သူ မသိသေးလို့ လာပြောတာပဲ။ ဒါပေမဲ့ ဒီရောက်တော့ သူ မရှိဘူး။ သူက အရုဏ်မတက်ခင် ကတည်းက ဝါးကြီးအိုင် ထွက်သွားသတဲ့'

'ဟာ ဒီအကောင် ဘာလို့များ ဝါးကြီးအိုင် သွားရပါလိမ့်။ ဝါးကြီးအိုင်မှာ ဟိုခွေးမသားက တော်တော်ရမ်းကားနေတယ်လို့ ပြောတယ်။ မျောက်မြင်ရင် အုတ်ခဲနဲ့ပစ်ချင် ဆိုသလို သူနဲ့ တွေ့တော့ ပိုဆိုးမှာပေါ့'

'ဝါးကြီးအိုင်က ဘာသတင်းထူးများ ကြားလို့တုံး ဆရာရွှဲ'

သာသြက မေးလိုက်ခြင်း ဖြစ်သည်။ ဖွားစိန်မကမူ ဆရာရွှဲသို့ ကြောင်၍ ကြည့်နေသည်။

'ထူးပါဘီလားကွ၊ ထူးဆိုတောင် တခြားလူမှုတ်ဖူး၊ သူနဲ့ ပတ်သက်တဲ့လူ၊ ခုနလေးတွင်ပဲ ဒို့ ငွေလေးရွာက ဖိုးချီ ဒီရွာကို ရောက်လာတယ်။ သူ့အပြော မနေ့က ဝါးကြီးအိုင်ရွာမှာ တော်တော် ရတ်ရတ်သဲသဲ ဖြစ်သွားသတဲ့။ အဲ သူ့ယောက္ခမလောင်းကြီး ကိုမိုးကောင်းလည်း ပါသတဲ့'

'ဟင်.... ဦးကြီး မိုးကောင်းလည်း ပါတယ်ဟုတ်လား ဆရာရွှဲ၊ ဘယ်လိုဖြစ်တာတဲ့တုံး၊ ထွေးက အရင်တစ်ခါလို ဘာမှအပြစ်မရှိဘဲ ဖမ်းပြီး ထိတ်တုံးခတ်ပြန်ပြီ ထင်တယ်'

'မဟုတ်ဘူး၊ ဒီတစ်ခါက အရင်တစ်ခါလို ကိုမိုးကောင်း တစ်ဦးတည်းလည်း မှုတ်ဖူး။ ရွာက လူတော်တော်များများနဲ့ ဖြစ်တာ၊ ပြီးတော့ လူကိုလည်း မဖမ်းဘူး၊ ပစ္စည်းကို သိမ်းတာတဲ့'

'အို.... မဟုတ်ထာ၊ သူကြီးမှာ ပစ္စည်းသိမ်းနိုင်တဲ့ အာဏာရှိသလား ဆရာရွှဲရဲ့'

'သူကြီးက မှတ်ဖူးကွေ့၊ သူကြီးက သူ မလိုတဲ့လူတွေကို ညစ်နိုင်ဖို့ အတွက် မြို့အုပ်နဲ့ ဂါတ်ကို စာရေးတိုင်တယ်။ ဒီလူတွေက အခွန်မပေး ဘူးလို့ ငြင်းနေတယ်။ ပြီး လူစုလူဝေးနဲ့ သူပုန်ထဖို့လည်း အားထုတ်နေ ကြတယ်ပေါ့ကွာ။ ဒါနဲ့ မြို့အုပ်ရယ်၊ ဂါတ်က ပုလိပ်သားတွေရယ် ဝါးကြီး အိုင် ရွာကို ရောက်လာကြသတဲ့။ ရောက်လာလာချင်း ငထွား စာရင်း ပေးထားတဲ့ လူတွေခေါ်ပြီး အခွန်တောင်းကြရော ဆိုပါတော့ကွာ'

'ဘာခွန်တုံး ဆရာရွှဲ၊ သဿမေဓခွန်လား၊ မြေခွန်လား'

'သဿမေဓခွန် ဖြစ်မှာပေါ့ သာညြရ၊ မြေခွန်က ဒီအချိန် ဘယ် ထွက်ဦးမတုံး။ သဿမေဓခွန် ဆိုတာတောင် အချိန်အများကြီး စောနေ သေးတယ်။ အမှန်မတော့ အချိန်ဟုတ်ဟုတ် မဟုတ်ဟုတ် သူကြီးကရော အစိုးရကရော မလိုလို့ ကူးတို့ခတောင်းတာ ဖြစ်မှာပေါ့ကွယ်'

'မလိုလို့ ဆိုတာက ဘာမလိုတာတုံး ဆရာရွှဲ'

'ဒါက ပြောရရင် အရှည်ကြီး ပြောရလိမ့်မယ်ကွ၊ သူကြီးငထွား သဘောကတော့ မင်း သိတဲ့အတိုင်းပဲ။ သူက မလိုတဲ့လူဆိုရင် အပြစ်မရှိ အပြစ်ရှာ လုပ်တတ်တယ် မှတ်လား။ စောစောက ကိုမိုးကောင်းတို့ကို ဖမ်းပြီး ထိတ်တုံးခတ်တဲ့ သဘောမျိုးပေါ့။ အခု သူ့သဘောနှင့် အပြစ်ရှာ နိုင်တဲ့ အာဏာ ကုန်သွားတော့ အစိုးရကို လှည့်တို့ပေးတယ်။ အစိုးရက လည်း နဂိုထဲက ဒို့ ဆင်းရဲသားတွေကို နှိပ်စက်ဖို့ မောင်းတင်ထားတာ ဖြစ်တော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဖြစ်သွားတာပေါ့ကွာ'

'အစိုးရက ဘာဖြစ်လို့တုံး၊ အခု ဆရာရွှဲတို့၊ ကိုရင်ကြီး ကိုသော်က တို့ လုပ်နေကြတဲ့ အခွန်တော်မပေးရေး ဘာရေး ဆိုတာတွေကို နှိပ်ကွပ် ချင်တဲ့ သဘောလား'

'အေးလကွယ်၊ ဟိုတစ်နှစ်တုန်းက သာယာဝတီနယ်မှာ ဒို့ နယ်လို ပဲ လူတွေက ဆင်းရဲလို့၊ မရှိလို့ ရိုးရိုးသားသား အခွန်မပေးဘဲ နေကြတာ။ သာယာဝတီက အင်္ဂလိပ် ရာဇဝတ်ဝန်တစ်ယောက်နဲ့ ပြည်အရေးပိုင် ဦးမဲ ဆိုတာက အဲဒီရွာတွေသွားပြီး စစ်တပ်နဲ့ နင်းတယ်တဲ့။ လူတွေကို ဖမ်း၊ တချို့ သေနတ်နဲ့ ပစ်သတ်၊ ရွာတွေကို မီးရှို့လုပ်ကြသတဲ့။ အခုလည်း အဲဒီလိုလုပ်ချင်လို့ အစိုးရကိုယ်တိုင်က ဆွ ပေးနေတာ ဖြစ်မှာပေါ့။ ပြီးတော့

ဒီအချိန်ကြီးမှာ သဿမေဓခွန် လာတောင်းလို့ ဘယ်သူ့လက်ထဲ ငွေရှိလိမ့်မတုံး။ ငွေမရှိတော့ မပေးနိုင်၊ မပေးနိုင်တော့ ပစ္စည်းကိုသိမ်း၊ ပစ္စည်းသိမ်းတော့ လူတွေက ဆူကြ၊ လူတွေဆူရင် ဖမ်းမယ်၊ ဆီးမယ်၊ စစ်တပ်နဲ့ဝိုင်းပြီး သေနတ်တွေနဲ့ ပစ်သတ်မယ်။ အဲဒီလို ဖြစ်လာအောင် အစိုးရက သူကြီးတွေကို မြှောက်ပေးထားတာကွ'

'အခု ဝါးကြီးအိုင်မယ် ပစ္စည်းတွေ သိမ်းတယ်ဆိုတာက ဘာတွေသိမ်းတာတဲ့တုံး ဆရာရွှေ၊ ဆီတို့ နှမ်းတို့ကို သိမ်းတာလား'

'ဆီသိမ်း နှမ်းသိမ်းလို့ကော ဘာရမှာတုံးကွ။ နှမ်းက မိုးခေါင်လို့မရကြဘူး၊ ရသမျှ နှမ်းနဲ့ ဆီကိုလည်း ဆီပေး နှမ်းပေးနဲ့ ကြွေးတိုးဆပ်ကြရလို့ ဆင်းရဲသားတွေ လက်ထဲမှာ မရှိကြတော့ဘူး။ ဒီတော့ မရှိ ရှိတာလှည်းနဲ့နွားပဲ သိမ်းတာပေါ့ကွ။ ဘယ်တောင်သူဖြစ်ဖြစ် လှည်းနဲ့နွား ရှိမှအလုပ်လုပ်ဖြစ်တာ၊ အခုလို သူတို့က သဿမေဓခွန်လေး မပေးနိုင်တာနဲ့ရှိပစ္စည်း လှည်းနွားတွေ သိမ်းတယ်ဆိုတော့ ဘာလုပ်စားရမှာတုံး။ သူပုန်ထ ဖို့ပဲ ရှိတော့တာပေါ့ကွ'

ဆရာရွှေသည် ပြောရင်း ပြောရင်း ဒေါသထွက်လာပုံဖြင့် အသံကိုခပ်ကျယ်ကျယ်လောင်လောင် ပြောချလိုက်သည်။

'နို့ ဆရာရွှေတို့ လုပ်နေကြတဲ့ အခွန်တော် မပေးဆောင်ရေး ဆိုတာကလည်း သူပုန်ထကြဖို့ပဲ မှုတ်လား။ ဒီတော့ အထူးလှုံ့ဆော်မနေရဘဲနဲ့သူ့အလိုအလျောက် အံဝင်လာတာပေါ့'

'ဟော့ သာသြ၊ ဒီနေရာမှာတော့ မင်း အသိလွဲနေဘီ ထင်တယ်။ ဒို့လုပ်နေတာက သူပုန်ထဖို့ မှုတ်ဖူးကွ။ ချက်ချင်း ဗြုန်းစားကြီး သူပုန် ထလို့ကော ဒို့မှာ ဘာလက်နက်ရှိလို့တုံး၊ လက်နက်မရှိဘဲ တိုက်တော့ ဒို့လူတွေ သေကုန်မှာပေါ့။ ဒို့လူမျိုးဟာ ရာဇဝင်အဆက်ဆက်၊ ဘိုးဘွားအဆက်ဆက်ကတည်းက ဒီပြည်၊ ဒီနိုင်ငံမှာ မွေးပြီး ဒီပြည်မှာပဲ နေလာခဲ့ကြတာ။ သူတစ်ပါးရဲ့ပြည် နိုင်ငံမှာ လာနေကြတာ မှုတ်ဘူး။ ဒါဟာ ဒို့ပြည်၊ ဒါဟာ ဒို့နိုင်ငံ၊ ဒို့မြေ ဒို့နိုင်ငံနဲ့ ဘာမှမဆိုင်တဲ့ တိုင်းတစ်ပါးသားကုလားဖြူတွေက လာပြီး ဒို့ကို အုပ်ချုပ်တယ်။ ဒို့ဆီက အခွန်အတုတ်တောင်းတယ်။ သူတို့နိုင်ငံနေတာ မှုတ်ဖဲ ဒို့နိုင်ငံ ဒို့နေတာ ဘာပေးဖို့ လို

တုံး။ အမှန်တော့ ဒို့လူမျိုးတွေ မညီကြလို့ပါ။ တကယ်လို့ တစ်နိုင်ငံလုံး ညီညွတ်ပြီး မပေးဘဲနေကြရင် သင်းတို့ ဘာမှမတတ်နိုင်ဘူး။ ပစ္စည်းလည်း မသိမ်းနိုင်ဘူး၊ လူလည်း မဖမ်းနိုင်ဘူး။ ဒီပစ္စည်းနဲ့ ဒီလူတွေ ဘယ်သွားထား မတုံး။ ခုဟာက လူမညီလို့ ပစ္စည်းအသိမ်းခံရတာ'

'အခု ဝါးကြီးအိုင်ရွာမှာ ဘယ်နှဦးလောက် ပစ္စည်းအသိမ်းခံရတဲ့ တုံး ဆရာရွှဲ'

'ဒါတော့ ဖိုးချီလည်း အသေအချာ မသိခဲ့ဘူးတဲ့။ သူ မသိတော့ ငါကော ဘာပြောနိုင်မှာတုံး။ ငါတို့ရဲ့ မူလအစီအစဉ်ကတော့ သူပုန်ထဖို့ မှုတ်ဘူး၊ အဲဒီအတိုင်းပဲ။ ဒါပေမဲ့ မင်းတို့ရဲ့ ဦးဇင်း ဦးဓမ္မပါလကတော့ ဒီသဘောမျိုး မှုတ်ဖူး၊ အခွန်မပေးရေးတွေ ဘာတွေ လုပ်မနေနဲ့၊ ရှုပ်တယ်။ သင်းတို့ ကုလားအစိုးရကို တစ်ခါတည်း တိုက်ပစ်ရမယ်၊ သူပုန်ထရမယ် လို့ ပြောတယ်။ နောက်ပိုင်းကျတော့ မောင်သော်ကကတောင် ဦးဇင်းနဲ့ တစ်သဘောတည်း၊ တစ်ဉာဏ်တည်း ဖြစ်လာတယ်'

'အဲဒါ အကောင်းသားပဲ ဆရာရွှဲရဲ့၊ အခွန်မပေးဘဲ နေရုံလောက်နဲ့ တော့ ဒင်းတို့က ကျုပ်တို့နိုင်ငံက ဘယ်ထွက်သွားလိမ့်မတုံး။ တစ်နိုင်ငံ လုံးက စုပြုံပြီး သူပုန်ထမှ၊ ဒင်းတို့ အင်္ဂလိပ်လူမျိုးမှန်သမျှ တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ လိုက်တိုက်မှ၊ လိုက်ခုတ်မှ ဒင်းတို့နိုင်ငံ ဒင်းတို့ ပြန်ပြေးကြ မှာပေါ့။ သူတို့ ရှိနေကြရင် ကျုပ်တို့ကို ဒီလိုပဲ ဆက်ပြီး နှိပ်စက်နေကြဦး မှာပဲ မှုတ်လား'

'တစ်နေ့တော့လည်း ဒီလိုလုပ်ကြရမှာပေါ့ကွ၊ ငါက အချိန်မကျသေး ဘူး၊ တိုက်တဲ့ခိုက်တဲ့ အလုပ်ကို အခု မလုပ်ပါနဲ့ဦးလို့ ပြောတာ။ ဒါထက် နေပါဦး၊ မောင်သိုက်ထွန်းအကြောင်း ဆက်ပြောစမ်းပါဦး။ သူက ဘယ်နေ့ ဘယ်အချိန် ပြန်လာမယ်လို့ ပြောသွားတုံး၊ ဟဲ့ ဖွားစိန်မရဲ့'

'ဘာမှပြောမသွားဘူး ဆရာရွှဲ၊ အဲဒီတုန်းက ကျုပ်တောင် အိပ်ရာ က မနိုးသေးလို့ အတင်းနှိုးပြီး ငါ ဝါးကြီးအိုင်ရွာ သွားချည်ဦးမယ်လို့ ပြောတာပဲ။ နောက်လည်း ဘာမှဆက်မပြောဘူး'

'တယ်ခက်တဲ့ ကောင်ပဲ။ ဒီအချိန်မှာ သူ ဝါးကြီးအိုင်ရွာ သွားဖို့ မကောင်းသေးဘူး။ ခုမနက် ကြားတဲ့သတင်းအရဆိုရင် သူ့အဖို့ ပိုတောင်

အန္တရာယ်များသေးတယ်။ ငါကလည်း ညက သူ့ကို ပြောမထားလိုက်မိဘူး။ အကြောင်းကတော့ ဒါတွင်မှတ်ပါဘူး၊ ဒီရွာမှာလည်း သူရှိဖို့လိုတယ်။ ငါ အခု ရွာမြောက်ပိုင်းက လူတွေနဲ့ အကြောင်းစုံ ဆွေးနွေးခဲ့ပြီးဘီ၊ ဒီရွာမှာ တကယ် စိတ်အားထက်သန်တဲ့ လူတွေက လူငယ်ပိုင်းက သိပ်မရှိဘူး။ လူကြီးလိုလိုချည်းပဲ။ ဒီတော့ မောင်သိုက်ထွန်းတို့လို၊ မင်းတို့လို သွက်သွက် လက်လက် လှုပ်ရှား သွားလာနိုင်တဲ့ လူငယ်ကလေးတွေ လိုတယ်။ ငါက အဲဒါ စီစဉ်မလို့ အခု ဒီအိမ် လာခဲ့တာ၊ ဒီရောက်တော့ သူက မရှိကဘူး'

'ကျုပ် မသိလို့ မေးပါဦးမယ်။ သူကြီး ကိုငထွားက မောင်ကြီးကို အန္တရာယ်ပြုနိုင်တယ်ဆိုတော့ ဖမ်းပြီး ဂါတ်ကို ပို့မှာလား၊ ဒါမှမှုတ် အရင် တစ်ခါလို သူ့အပေါင်းအဖော်တွေနဲ့ တစ်နေရာရာကနေ စောင့်ရိုက်မှာလား ဟင် ဆရာရွှဲ'

'ဒါတော့ ဘယ်အမှန် ပြောနိုင်လိမ့်မတုံးဟဲ့ ဖွားစိန်မရဲ့၊ အခု သူက အရင်လိုတောင်မှုတ်ဖဲ၊ သူကြီးရာထူး ရနေတော့ သူ့မှာ လူတစ်ယောက်ကို ဒုက္ခပေးနိုင်တဲ့ နည်းတွေ အများကြီး ရှိတာပေါ့'

'ဒီကောင် တခြားကိစ္စကြောင့် သွားတာ မှတ်ဖူးထင်တယ် ဆရာရွှဲ၊ နေဖို့ထိုင်ဖို့နေရာ သွားကြည့်တာ ဖြစ်မှာ၊ နက်ဖြန်ခါဆို ဒီအိမ်က ပြောင်း ပေးရမယ် မှတ်လား'

'အဲဒါကို ညထဲက ငါ ပြောတယ်။ အခုတော့လည်း ဟိုပြိတ္တာကြီး ဖမ်းသွားလို့ ကိစ္စက အလိုလို ပြီးသွားဘီ၊ မသိခင်တုန်းကလည်း ငါက ဘယ်မှ ပြောင်းမပေးနဲ့၊ ဖွတ်ပေနေ၊ သူက အတင်း ဆွဲမထုတ်နိုင်ဘူးလို့ ပြောတယ်။ အခု သူ ဝါးကြီးအိုင် သွားတဲ့အကြောင်းက အဲဒါ အမိက မှတ်ဖူးထင်တယ်။ ကောင်မလေးနဲ့ မတွေ့ရတာကြာလို့ ကောင်မလေးဆီ သွားတာ ဖြစ်ချင်ဖြစ်မှာ၊ အဲဒါသာ ဖြစ်ရင် ပိုပြီး စိုးရိမ်ရတယ်'

နောက်ပိုင်းတွင် သာဩနှင့် ဆရာရွှဲတို့သာ ဆက်၍ စကားပြောနေကြသည်။ ဖွားစိန်မမူ သူတို့ပြောစကားများကိုလည်း နားမထောင်၊ သူတို့ နှစ်ယောက်သို့လည်း မကြည့်ဘဲဖြင့် ကလေးနို့တိုက်ရင်းမှ ကလေးကို ငုံ့၍ ကြည့်သည်။ သို့တိုင်အောင် သူ၏ရင်ခွင်ထက်မှ ကလေးကို ကောင်းမွန် ထင်ရှားစွာ မြင်ရလိမ့်မည် မဟုတ်ပါ။ ဝိုးတဝါးပင် မြင်ကောင်းမှ မြင်ရပါ

လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူ၏မျက်လုံး အကြည်ခတ်ကို မျက်ရည်များ တွဲခိုဖုံးအုပ်နေ၍ ဖြစ်ပါသည်။

(၁၂)

'ဟော့ ချို့ကြီး၊ မင်းက ခပ်ရမ်းရမ်း လုပ်ချင်တတ်တယ်။ လူကြီးက မပြော ဘဲနဲ့ ဘာမှ မလုပ်နဲ့နော်'

'ဟုတ်ကဲ့ ကိုရင်ကြီး'

'သာအေးကော'

'ဟုတ်ကဲ့ပါ'

'ကောင်းဘီ၊ ဒါဖြင့် မင်းတို့နှစ်ယောက်ရယ်၊ ဖိုးညွန့်ရယ်၊ ကိုဖိုးမှန် ရယ်၊ ကိုတိုင်းပေါ်ရယ်က ကိုရင်စံပတို့နောက် လိုက်သွား၊ ကိုရင်စံပဆီမှာ ကိုရင်စံပပါ လူဆယ်ယောက်ရှိတယ်။ မင်းတို့ပါနဲ့ဆိုတော့ အားလုံးပေါင်း လူဆယ့်ငါးယောက်ပေါ့'

'ဟုတ်ကဲ့'

'ကိုတိုင်းပေါ်.... ကိုရင်စံပကို ပြောပါ။ ကျုပ်တို့က လူကို ပဓာနထား တိုက်မယ်။ ကိုရင်စံပနဲ့ ကိုတိုင်းပေါ်တို့က ပစ္စည်းကို အဓိကထား တိုက် ကြပါလို့။ ပြီးတော့လည်း ကျုပ်တို့က စ မတိုက်မချင်း ဘယ်လိုမှ မလုပ်ပါနဲ့လို့။ လူယောင်လည်း မပြပါနဲ့လို့၊ လျှိုထဲက ထွက်ကို မထွက် ပါနဲ့လို့၊ ဟုတ်လား ကိုတိုင်းပေါ်'

'ဒါထက် နေပါဦး မောင်သော်ကရဲ့၊ မင်းတို့က စတိုက်လို့ ဒို့ပါ ဝိုင်းတိုက်ကြရဘီ ဆိုပါတော့။ အဲဒီတော့ ဒို့က ပစ္စည်းသာ ယူရမှာလား၊ လူကိုကော မတိုက်ရဘူးလား'

'ကျုပ်ပြောတာက ဒီလိုမှတ်ဖူး ကိုတိုင်းပေါ်၊ ပစ္စည်းကို အဓိကထား ဆိုတာက သူတို့မှာ နွားတပ်ထားတဲ့ လှည်းလည်း ပါမယ်။ နွားလွတ်တွေ လည်း ပါမယ်။ တကယ်လို့ ကျုပ်တို့က အတင်းဝင်တိုက်၊ အတင်းဝင်လု လို့ ရုန်းရင်းဆန်ခတ် ဖြစ်နေရင် လှည်းမှာ တပ်ထားတဲ့ နွားတွေက လှည်း တန်းလန်းနဲ့ ထွက်မပြေးနိုင်ပေမဲ့လို့ နွားလွတ်တွေကတော့ လန့်ဖျပ် ပြေး

ကုန်ကြမှာပဲ။ အဲဒီပြေးတဲ့အကောင်တွေနောက် လိုက်တဲ့လူက လိုက်၊ ဆိုလို တာက ကိုယ့်နွားတွေ ပျောက်မကုန်အောင်ပေါ့။ အဲဒီအထဲမှာ လူပါ ပါလာ ရင် လူကိုလည်း တိုက်၊ နွားကိုလည်း ထိန်းရမယ်၊ ဆီးရမယ်လို့ ပြောတာ'

'အေးပါ၊ ဒါလောက်ဆိုရင် နားလည်ပါပြီ'

'နောက်တစ်ခု သတိထားဖို့က သူတို့မှာ ခြောက်လုံးပြူး သေနတ် လည်း ပါတယ်။ ဗထက်ခြိုက် သေနတ်တွေလည်း ပါတယ်။ အဲဒါကို ရှောင်တတ် တိမ်းတတ်ဖို့လည်း လိုတယ်'

'ဒင်းတို့ ပစ်လို့တော့ ပစ်စမ်းပါစေကွာ၊ နဂိုထဲက သေမှာ မကြောက် လို့ ခုလို လိုက်လာတာ၊ သေရင် ကိစ္စတောင် အေးသေး၊ ငါ့လရှီး'

ကိုသော်ကက ပြုံးလိုက်သည်။

'ဒီလိုလည်း မှတ်သေးဘူး ကိုတိုင်းပေါ်၊ ကျုပ်တို့အလုပ်က ဒီတစ်ချီ တည်း မှတ်ဖူး၊ နောက် လုပ်စရာတွေ အများကြီး ကျန်သေးတယ်။ လွယ် လွယ်နဲ့ အသေမခံနိုင်သေးဘူး။ ကိုင်း ကျုပ်ပြောချင်တာကတော့ ဒါပါပဲ လေ။ ဒင်းတို့လည်း လာခါနီးနေပြီ၊ ခင်ဗျားတို့ငါးယောက် ကိုရင်စံပတို့ ဆီသာ သွားကြပါ။ ဟို ဖိုးညွန့်က ယာခုတ် ဓားမကြီးနဲ့ပါကော၊ ကာလ သား တစ်ယောက် ဖြစ်ပြီး မင့်မှာ ဆောင်ဓားလေး ဘာလေးတောင် မရှိ ဘူးလား'

'မရှိပါဘူး ကိုရင်ကြီးရာ၊ ဆောင်ဓားကိုင်နိုင်ရ ဝေးလို့ ဒီဓားမတို သ, ခ တောင် ပန်းပဲမှာ အကြွေးတင်နေပါသေးတယ်'

'အေး.... အေး၊ ဒါပါပဲ။ မင်း ကိုတိုင်းပေါ်တို့နဲ့ လိုက်သွား၊ ဘာ မဆို သတိဝီရိယနဲ့ လုပ်ကြနော်'

'စိတ်ချ မောင်သော်က၊ လာကြဟေ့... ဒို့ သွားကြမယ်'

ဝါးကြီးအိုင်ရွာသားများ ဖြစ်ကြသည်။ ဆရာရွှဲ ပြောသကဲ့သို့ပင် မနေ့က အခွန်တောင်းခံသော မြို့အုပ်နှင့် လက်နက်ကိုင် ပုလိပ်များ ဝါးကြီး အိုင် ရွာသို့ ရောက်လာကြသည်။ တကယ်တော့ ယင်းအချိန်သည် အခွန် တောင်းခံရန် အချိန်တော့ မဟုတ်သေးပါ။ အတန်ငယ် စောနေပါသေး သည်။ သို့ပေသည့် ဝါကြီးအိုင်ရွာ သူကြီး ငထွားသည် အထက်သို့ ဘယ်ပုံ

ဘယ်နည်း အစီရင်ခံထားသည် မသိ။ ဝါးကြီးအိုင်ရွာသို့ စောစီးစွာ
လာတောင်းကြခြင်း ဖြစ်သည်။

ဝါးကြီးအိုင်ရွာတွင် ဦးမိုးကောင်းနှင့် ကိုသော်ကတို့ မိသားစု အပါ
အဝင် ငထွားနှင့် သင့်မြတ်သူဦးပေါင်း သုံးလေးဆယ်ခန့် ရှိသည်။ ထိုအထဲ
ကိုသော်ကတို့မိသားစု၊ တကယ်တော့ တစ်မိသားလုံး မဟုတ်ပါ။ ကိုစံပ
နှင့် ကိုသော်ကတို့ ညီအစ်ကိုနှစ်ယောက်မှလွဲ၍ ကျန်လူ အားလုံးတို့မှာ
တောင်သူအလုပ်ကို ရိုးရိုးကုတ်ကုတ် လုပ်ကိုင် စားသောက်ကြသူများသာ
ဖြစ်ပါသည်။ ကိုသော်ကတို့ ညီအစ်ကိုမှုကား အထူးသဖြင့် ကိုသော်က
သည် မြန်မာလူမျိုးများ တိုင်းတစ်ပါးသား လက်အောက်၌ နေနေရသည်ကို
နည်းနည်းကလေးမျှ ကျေနပ်သူ မဟုတ်ပါ။ တစ်နွယ်ငင်တော့ တစ်စင်ပါ
ဆိုသလို သူ၏အစ်ကို ကိုစံပသည်လည်း သူကဲ့သို့ ကိုယ်ထိလက်ရောက်
ဆောင်ရွက်ခဲ့ခြင်း မရှိပေသည့် သူ့နည်းတူ မြန်မာလူမျိုးတို့အား စိုးမိုး
ချုပ်ချယ်လျက် ရှိနေသော အင်္ဂလိပ်လူမျိုးတို့အား လွန်စွာ စက်ဆုပ် ရွံရှာ
နေသူ ဖြစ်သည်။ သို့ဖြစ်၍လည်း ကိုသော်က ယာအလုပ်၊ ချောင်းအလုပ်
များ မလုပ်ဘဲ ဟိုသွား၊ သည်လာ လုပ်နေ၍ ငြိုငြင်ခြင်း မရှိခဲ့။ လုပ်စရာ
အလုပ်မှန်သမျှ သူကချည်း ကျုံးလုပ်သည်။

ကိုသော်ကကလည်း ယခုတလော အိမ်ကပ်သည်ဟူ၍ မရှိ။ ဦးပဥ္စင်း
ဦးဓမ္မပါလနှင့် တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့ လျှောက်သွားပြီး နိုင်ငံ
ရေးကိုချည်း လုပ်နေသည်။ သဿမေဓခွန်များ မပေးရန် လိုက်လံ လှုံ့ဆော်
နေသည်။ အကယ်၍ အစိုးရဘက်က အကြမ်းပတမ်း ပြုလုပ်လာလျှင်
အကြမ်းနည်းဖြင့်ပင် ခုခံဖို့ သွေးထိုးပေးနေသည်။ သူပုန် ထ သင့်လျှင်
သူပုန် ထ မည် ဆိုသော အစီအစဉ်ပင် ဖြစ်သည်။

ယခု အစိုးရက သဿမေဓခွန် လာတောင်းရာ၌ မပေးဘဲ နေကြခြင်း
သည်မှု ကိုသော်ကတို့ မိဘများ အပါအဝင် နှစ်ဦး၊ သုံးဦးမှလွဲ၍ အကယ်
မပေးနိုင်သဖြင့် မပေးဘဲ နေကြခြင်းသာဖြစ်သည်။ ယင်းကို ဆိုင်ရာအစိုးရက
ငထွားရဲ့အဆိုပြုမှုကို ယုံကြည်ပြီး "သင်းတို့လည်း ဦးပဥ္စင်းရှုပ်နဲ့ ဘုန်းကြီး
လူထွက် ငသော်ကတို့စကား နားထောင်လို့ မပေးဘဲ နေကြတာပဲ။ ငါတို့

အစိုးရကို ပုန်ကန်ဖို့ ကြိုးစားကြတာပဲ။ ရှိပစ္စည်း အကုန်သိမ်း"ဟု အမိန့်ပေးသဖြင့် ပစ္စည်းများ အသိမ်းခံရခြင်း ဖြစ်သည်။

ထိုအချိန်သည် စပ်ကူးမပ်ကူးကာလ ဖြစ်သည်။ ဝါးကြီးအိုင်သည် စပါးစိုက်သောအရပ် မဟုတ်ပါ။ နှမ်းနှင့် မြေပဲကို အဓိကထား၍ လုပ်ကိုင်သော ဒေသဖြစ်ပါသည်။ နှမ်းမှာ မိုးခေါင်၍မရကြ၊ ရတတ်သမျှမှာလည်း စားကြွေးများဆပ်၍ လည်းကောင်း၊ ရောင်းချ၍ လည်းကောင်း ကုန်ကြပြီ။ မျှော်လင့်စရာဟူ၍ မြေပဲတစ်ခုသာ ရှိသည်။ မြေပဲလည်း အများဖြင့် မဖော်ရသေး၊ ငွေမပေါ်ကြသေးပါ။ ယင်းအချိန်တွင် အခွန်လာတောင်းသည်ဆိုခြင်းမှာ ဘိန်းပစ် ဖမ်းသည်နှင့် အလွန်တူလှသည်။ ပစ္စည်းများသိမ်းချင်၍ သို့မဟုတ် လူတွေကို ရန်ရှာချင်၍ လာတောင်းသည်နှင့် အလွန်တူလှသည်။ တကယ်တော့လည်း မှန်ပါသည်။ ငထွား၏သတင်းပို့ချက်အရ ထိုသူများကို အငြိုးဖြင့် လာရောက် တောင်းခံခြင်း ဖြစ်သည်။

ယခု လှည်း၊ နွား အသိမ်းခံရသူများထဲတွင် ငထွားနှင့် ပုဂ္ဂိုလ်ရေးအရ မတည့်သူ၊ ဘုန်းကြီးဘ ဦးမိုးကောင်း၊ ကိုသော်က စသူတို့နှင့် ဆွေမျိုးနီးစပ်တော်သူတို့ဖြစ်ရာ ရွာသူရွာသား အများရှိကြသည်အနက် သူတို့ကိုမှ အငြိုးကြီးဖြင့် ပြုလုပ်သည်ဆိုကာ လွန်စွာ ဒေါသထွက်နေကြပါသည်။

"ဒီလို မတရား နှိပ်စက်ခံနေရတာထက် သေတာက ကောင်းပါလိမ့်မယ်"ဆိုကာ ကိုသော်ကတို့ အကြံအစည်အတိုင်း လိုက်ပါလာကြခြင်း ဖြစ်သည်။

သို့ဖြင့် ဝါးကြီးအိုင်ရွာမှ လှည်းနှင့်နွားများ အသိမ်းခံရသူပေါင်း သုံးလေးဆယ်ခန့် ရှိသည်။ ရွာသားအများပင် သဿမေဓခွန်ကို မပေးနိုင်ကြပါ။ သို့တိုင်အောင်ပင် ငထွားနှင့် ပုလဲနံပါးသင့်သူတို့အားမူ ငထွားက အာမခံသဖြင့် ဘာပစ္စည်းမှ မသိမ်းဘဲ ထားသည်။ ဤတွင် ပစ္စည်းအသိမ်းခံရသူတို့အဖို့ ပို၍ မခံမရပ်နိုင်အောင် ဖြစ်လာကြသည်။ 'ဥပဒေက မျက်နှာလိုက်တယ်၊ အုပ်ချုပ်တဲ့အစိုးရက မလိုလျှင် မလိုသလို သိပ်ထိုးနှိပ်ထိုး လုပ်တယ်'ဟုဆိုပြီး ကိုသော်ကနှင့် ဦးဓမ္မပါလတို့အား လာရောက် တိုင်ကြားကြသည်။

'ဒီအတိုင်းတော့ ခံမနေနိုင်ဘူး၊ ကြာလေဆိုးလေ ဖြစ်လာလိမ့်မယ်' ဟု ပြောသူက ပြောသည်။

'တောင်သူ လုပ်စားတဲ့လူ လှည်းနဲ့ နွားမှ မရှိရင် ဘာလုပ်တော့မှာတုံး။ ဒါလောက်တောင် မတရားနိုင်လှတဲ့ အစိုးရ သူပုန်ထမှ အေးမယ်။ ကိုယ့်နွားနဲ့ ကိုယ့်လှည်းတွေကို ပြန်တိုက်ယူမယ်၊ ပြန်လုယူမယ်'ဟု ဆိုသူက ဆို၍၊ အချို့ကလည်း–

'ဦးဇင်းနဲ့ ကိုရင်ကြီးတို့ကသာ ခေါင်းဆောင်ပါ၊ တပည့်တော်တို့ ဘာခိုင်းခိုင်း လုပ်ပါ့မယ်။ အသေခံဆိုလည်း ရှေ့ဆုံးကနေ အသေခံပါ့မယ်' ဟုလည်း ပြောကြသေးသည်။

ဦးပဥ္စင်းနှင့် ကိုသော်ကတို့လည်း ဤအချိန် ဤအခါတွင် သူပုန်ထ မည်၊ သို့မဟုတ် အစိုးရကို တော်လှန် တိုက်ခိုက်မည်ဟူ၍ ရည်ရွယ်ထားခြင်း မရှိကြပါ။ အခွန်တော် မပေးဆောင်ဖို့သာ လိုက်လံ နှိုးဆော်နေကြခြင်း ဖြစ်ပါသည်။ ယခု မျက်စိရှေ့မှောက်တွင် မတော်မတရား ပြုကျင့်လုပ်ဆောင်နေသည်ကို တွေ့မြင်ရသောအခါ ပစ္စည်းရှင်တို့နည်းတူပင် မတရားပြုကျင့်သော သူကြီး ငထွားအား လည်းကောင်း၊ အစိုးရအပေါ်တွင် လည်းကောင်း လွန်စွာ ရှုံရှာစက်ဆုပ်လျက် ဒေါသမီး တောက်လောင်နေကြပါသည်။

'တောက် မသမာတဲ့ တိုင်းတစ်ပါးသား လူမျိုးခြားအစိုးရရဲ့ လက်ပါးစေ ကျွန်တွေပီပီ ရက်စက် ရိုင်းပျလိုက်လေကွာ'

ဦးပဥ္စင်းက စိတ်ထဲတွင် ဖြစ်ပေါ်လာသည့်အတိုင်း ခံပြင်းလှစွာ ညည်းညူလိုက်ခြင်း ဖြစ်သည်။

'သူတို့ ရက်စက်တော့လည်း ကိုယ်က ပြန်ရက်စက်လိုက်ရုံပေါ့ ဦးပဥ္စင်းရာ၊ ဘာ သလောက်တောင် ညည်းညူနေစရာလိုတုံး'

'မှုတ်ဘူး ဒကာသော်ရဲ့၊ တောင်သူဆင်းရဲသားတွေမှာ ဒီနွားနဲ့ ဒီလှည်းရှိမှ အလုပ်လုပ်ဖြစ်တဲ့ဥစ္စာ၊ ဒင်းတို့က နွားရော လှည်းရော သိမ်းသွားတယ်ဆိုတော့ မလွန်လွန်းဘူးလား။ ဒီသဿမေဓ အခွန်တော်ဟာ တစ်အိမ်ထောင်မှ သုံးကျပ်ပါဗျ။ အဲဒီသုံးကျပ်ကလေး မပေးနိုင်တာနဲ့ ရာကျော်တန်တဲ့ လှည်းနဲ့ နွားတွေကို သိမ်းတာ တရားသလား'

'မတရားဘူး ဘုရား'

သံပြိုင်ဆိုကြသည်။

'မရက်စက်လွန်းဘူးလား'

'အားကြီး ရက်စက်တာပေါ့၊ ဒီလိုရက်စက်တဲ့ အစိုးရကို တပည့်တော်တို့ကလည်း ပြန်ပြီး ရက်စက်မှ ဖြစ်မယ်ဘုရား၊ အထူးသဖြင့်ကတော့ အခု မတရားလာသိမ်းတဲ့ မြို့အုပ်နဲ့ သူ့လူတွေကိုရော၊ ဒီရွာက မသမာကောင် သူကြီးကိုရော ပူပူနွေးနွေး ပြန်ပြီး ကလဲ့စား ချေပစ်လိုက်ချင်တယ်။ သူသေသေ ကိုယ်သေသေ အခုကို တိုက်ပစ်ချင်တယ်'

မျက်ခမ်း ပေရှိန်းရှိန်းဖြင့် ငပွေးက ထပြောလိုက်ခြင်း ဖြစ်သည်။ ငပွေးတွင်မက–

'ဟုတ်တယ်၊ ငပွေး ပြောတာ မှန်တယ်။ ဒို့လည်း တိုက်မယ်' ဟု အသံတော်တော်များများက ဆူညံစွာ ပြောကြသည်။

'ဒီလို တစ်ယောက်တစ်ပေါက်တွေ ပြောမနေကြပါနဲ့၊ ဦးပဋ္ဌင်း အမိန့်ရှိပါလိမ့်မယ်။ ကျုပ်တို့ ဦးပဋ္ဌင်းနဲ့ ကိုရင်ကြီးတို့ကို အားကိုးပြီး ဒီရောက်လာကြတာ မှတ်ဖူးလား။ ကဲ ဦးဇင်း တပည့်တော်တို့ရဲ့ အရေးအကြီးဆုံးကိစ္စက တခြားမှတ်ဖူး၊ ပထမ တပည့်တော်တို့ဆီက သိမ်းသွားတဲ့ တပည့်တော်တို့ရဲ့ လှည်းတွေကို တပည့်တော်တို့လက်ထဲ ပြန်ရောက်အောင် လုပ်ချင်တယ်။ နောက်တပည့်တော်တို့ လူတစ်စုကို အငြိုးကြီးနဲ့ လုပ်တဲ့ လူတွေကို ပြန်ပြီး ကလဲ့စားချေချင်တယ်။ အဲဒါ ဦးဇင်းတို့က မြန်မြန် ဆန်ဆန်လေး စီမံပါ၊ တပည့်တော်တို့က ဦးဇင်းတို့ ညွှန်ကြားတဲ့အတိုင်း တသွေမတိမ်း လိုက်လုပ်ပါမယ်'

ဦးပဋ္ဌင်းနှင့် ကိုသော်ကတို့သည် တစ်ဦးမျက်နှာကိုတစ်ဦး ကြည့်လိုက်ကြသည်။ နောက် ဦးပဋ္ဌင်းက အကြံခက်သည့်သဘောဖြင့် ဘာမျှ မိန့်ကြားခြင်း မပြုဘဲ သက်ပြင်းတစ်ချက် ချလိုက်သည်။

နေဝင် ဆည်းဆာအချိန်၌ ဖြစ်သည်။ ကျောင်းဝင်းအတွင်းရှိ ဇရပ် တစ်ခုပေါ်တွင်ဖြစ်သည်။ သို့ဆွေးနွေး ပြောဆိုနေကြခိုက်မှာပင် ရွာသား အချို့သည် ထိုဇရပ်ဆီသို့ အလျှိုအလျှို ရောက်လာကြသည်။ ထိုအခိုက် လူရွယ်တစ်ယောက်သည် ဇရပ်ပေါ်သို့ ခပ်သုတ်သုတ် တက်လာပြီး ထိုင်

နေသော ကိုစံပအပါးသို့ ချဉ်းကပ်ကာ တီးတိုးစကား ပြောနေသည်ကို
လူအများက ဝိုင်းအုံ ကြည့်ရှုနေကြပါသည်။ သို့ အာရုံစိုက်ကြသည်နှင့်
အမျှ စောစောပိုင်းက ဆူညံစွာ ပြောဆိုနေကြသော စကားသံများလည်း
တိတ်ခြင်းကြီးမက တိတ်ဆိတ်သွားပါသည်။ ခဏကြာမှ ကိုသော်က လှမ်း
တည့်၍–

'ဘာတုံး၊ ကိုရင်ချစ်စံက ဘာလာပြောတာတုံး'

'ဩော်... တခြားတော့ မှုတ်ပါဘူး၊ စောစောက ငါ ချစ်စံကို သူကြီး
အိမ်ဆီသွားပြီး သတင်းထောက်လှမ်းဖို့ လွှတ်ထားတယ်။ အဲဒါ အခု ချစ်စံ
က လာပြီး သတင်းပေးတာပဲ'

'ဒါဖြင့် ဘာတဲ့တုံး၊ ပြောသာပြောပါ ကိုရင်၊ ဒီမှာ တခြားလူ မရှိ
ပါဘူး။ ကိုယ့်အချင်းချင်းတွေချည်းပဲ၊ စိတ်ချရပါတယ်'

'ဒို့ပြင်ဟာ မှုတ်ဖူးကွ၊ အခု အခွန်လာတောင်းတဲ့ မြို့အုပ်ရော၊
နောက်လိုက် ပုလိပ်သားတွေရော၊ ဒို့ဆီက သိမ်းထားတဲ့ လှည်းတွေ နွား
တွေ ယူပြီး နက်ဖြန်ခါမနက် ပြန်ကြလိမ့်မတဲ့'

'ဩော်... ဟုတ်လား'

'အဲဒါ ဒို့က ဘယ်လိုလုပ်မတုံး၊ လှည်းတွေ နွားတွေ သူတို့လက်ထဲ
ပါမသွားဖို့ ဘယ်လို စီမံမတုံး'

'ဟာ.... ဒါလွယ်ပါတယ်။ လမ်းကနေ ဖမ်းလုပေါ့၊ ဖမ်းတိုက်ပေါ့
မောင်စံပရဲ့'

'ဟုတ်တယ်၊ ဦးတိုင်းပေါ်ပြောတာ မှန်တယ်။ ကျုပ်တို့လှည်းတွေ၊
နွားတွေတော့ သူတို့နောက်ကို ဘယ်နည်းနဲ့မှ အပါမခံနိုင်ဘူး'

တစ်ယောက်တစ်ပေါက် ပြန်ဆူလာကြပြန်သည်။

'ဒါဖြင့် နေပါဦး၊ သူတို့ပြန်တော့ ဘယ်လမ်းက ပြန်မှာတဲ့တုံး၊
အင်တောလမ်းကလား၊ ဝွေးချိုလမ်းကလား'

'အင်တောလမ်းကတဲ့ ကိုရင်ကြီး'

ချစ်စံက ပြောလိုက်ခြင်း ဖြစ်သည်။ ပြောသာ ပြောသည်၊ ကိုယ့်
ပစ္စည်းများ သိမ်းဆည်း ယူဆောင်သွားတော့မည် ဆိုသောအခါ လွန်စွာ

နမြော တ သ သည့် လက္ခဏာဖြင့် လူများစုထဲမှ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ကုန်ကြသည်။

ကိုယ်တိုင် အဆင်းရဲခံ၍၊ အငတ်ခံ၍ နှစ်ရှည်လများ ဖန်တီး စုဆောင်းလာခဲ့ကြရသော မိမိတို့ပိုင် လှည်းနှင့်နွားများကို အဘယ်သူသည် မနမြောဘဲ၊ မတသဘဲ နေနိုင်ကြပါမည်နည်း။ တကယ်တော့ တောင်သူလုပ်၍ အသက်မွေး ဝမ်းကျောင်း ပြုရသူတို့သည် လှည်းနှင့်နွားကိုသာ အားကိုးပြု၍ လုပ်ကိုင်ကြရသည်ဖြစ်ရာ ယင်းလှည်းနွားများကို သိမ်းယူသွားသည် ဆိုသောအခါ အသက်မသေဘဲဖြင့် ခြေလက်အင်္ဂါများ ကျိုးပဲ့နေရသူတို့ကဲ့သို့ မိမိတို့ဝမ်းရေးအတွက် ဘာလုပ်၍ကော ဖြစ်နိုင်ဦးမည်နည်း။

မသမာသူ တိုင်းခြားသား အစိုးရကလည်း ဤယုန်မြင်၍ ဤချုံထွင်ခြင်းပင် ဖြစ်တန်ရာသည်။ ဒါမှ ဒင်းတို့လူမျိုးတွေ နာလန်မထူနိုင်ဖြစ်မည်။ "နာလန်မထူနိုင်မှ ဒို့ ခိုင်းရာ၊ ဒို့ စီမံရာ နာခံမည်" ဟု တွက်ကိန်းချ၍ ပြုလုပ်ခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ တစ်နည်းဆိုရသော် မြန်မာများကို နှိပ်စက်ကလူပြုချင်၍ ဤသသသမေခွန် ငွေသုံးကျပ်မျှ မပေးနိုင်သည်ကို တောင်သူယာလုပ်တို့၏ အသက်သွေးကြောဖြစ်သော တန်ဖိုးကြီးမြင့်လှသည့် လှည်းနှင့်နွားများကို သိမ်းယူကြခြင်း ဖြစ်ပေမည်။

ထိုအထဲ အထူးမနှစ်မြို့စရာကောင်းသော အချက်မှာကား ကိုယ့်လူမျိုး အချင်းချင်း မျက်နှာကြီးငယ်လိုက်၍ အာဏာပြနေကြခြင်းပင် ဖြစ်သည်။ ကိုယ့်ရွာထဲသားချင်း လက်ထဲ၌ ငွေမရှိ၍ အခွန်တော် မပေးနိုင်သူချင်း တူပါလျက် မလိုသူကို မလိုသလို ဖိနှိပ်လျက် သူတို့နှင့်သင့်မြတ်ပြီး သူတို့၏ဩဇာကို တသွေမတိမ်း နာခံနေသူတို့ကိုကား ဘာမျှ အန္တရာယ်မပြုဘဲ၊ ပစ္စည်းများကိုလည်း မသိမ်းဆည်းဘဲ ထားပါသည်။

ယင်းကို အချို့သူများက မခံမရပ်နိုင်ဖြစ်ပြီး "အုပ်ချုပ်တဲ့လူတွေ မတရားဘူး၊ သူကြီးက မျက်နှာလိုက်တယ်၊ ညစ်တယ်၊ ဒို့ မခံနိုင်ဘူး။ သူကြီးကို အပြုတ်ဖြုတ်မယ်။ မတရားသိမ်းတဲ့ ဒို့ပစ္စည်းတွေကို ပြန်လုယူမယ်။ ဒင်းတို့ မတရားတဲ့လူမှန်သမျှ အကုန်တိုက်ပစ်မယ်" ဟု အချင်းချင်း တိုင်ပင်ကြလျက် ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

ဦးပဥ္စင်း ဦးဓမ္မပါလနှင့် ကိုသော်ကတို့ဆိုသည်မှာ ပြောဖွယ်ရာ

မရှိ။ နဂိုကတည်းက လူမျိုးခြား အစိုးရအပေါ် အကြည်ညို ကင်းမဲ့နေသူများဖြစ်ရာ၊ ယခုကဲ့သို့ သသသမေခွန်ကလေး မပေးနိုင်ရုံမျှဖြင့် တောင်သူတို့၏ အသက်သွေးကြောဖြစ်သော နွားအပါအဝင် တောင်သူယာလုပ်ကိရိယာများကို အတင်းအဓမ္မ ယူငင် သိမ်းဆည်းကြသည် ဆိုသောအခါ ပို၍ ဒေါသထွက်လျက် ရှိကြပါသည်။

ကိုသော်ကအနေဖြင့်လည်း ပစ္စည်းများ ယူဆောင်သွားသောအခါ လမ်းမှ ဖမ်းလုလျှင် ဖြစ်နိုင် မဖြစ်နိုင်၊ လုပ်သင့် မလုပ်သင့် စဉ်းစားလျက် ရှိနေသည်။ ကိုသော်ကတွင်မဟုတ်၊ ဦးပဥ္စင်းကလည်း ထိုအတိုင်း စဉ်းစားသည်။ သို့ စဉ်းစားနေကြခိုက်မှာပင် ပစ္စည်းရှင်များ ဖြစ်ကြသော လူထုပရိသတ်က–

'ပစ္စည်းတော့ အပါမခံနိုင်ဘူး၊ သေနတ်နဲ့ ပစ်သတ်လို့ သေသွားရင်လည်း တစ်ခါတည်း ကိစ္စအေးရော၊ ဦးပဥ္စင်းနဲ့ ကိုရင်ကြီးတို့က ခွင့်မပြုချင်နေ။ တပည့်တော်တို့ကတော့ လုကို လုရမှ၊ တိုက်ကို တိုက်ရမှ ဖြစ်မှာ'

တစ်သံတည်း၊ တစ်သဘောတည်း အညီအညွတ် ခပ်ဖွတ်ဖွတ် ပြောဆိုလာကြသောအခါ "သံဃာအား ဘုရားမခံသာ" ဆိုသကဲ့သို့ ဦးပဥ္စင်းတို့လည်း သူတို့၏တောင်းဆိုချက်ကို လိုက်လျောခဲ့ကြရသည်မှအစ ယခုကဲ့သို့ ကိုသော်က ခေါင်းဆောင်သောအဖွဲ့နှင့် ကိုစံပ ခေါင်းဆောင်သောအဖွဲ့တို့ သိမ်းဆည်းသွားသော လှည်းနှင့် နွားတို့ကို လမ်းမှ ဆီးကြိုလုယူရန် အင်တောရွာနှင့် မလှမ်းမကမ်းနေရာရှိ လျှိုကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာကြခြင်း ဖြစ်သည်။

လူပေါင်း ငါးဆယ်ကျော် ခြောက်ဆယ်ခန့် ပါလာသည့်အနက် အချို့က ပစ္စည်းရှင်များ၊ အချို့က ပစ္စည်းရှင်နှင့် ဆွေမျိုးရင်းချာ တော်စပ်သူများ၊ အချို့တို့က နဂိုကတည်းက တိုင်းတစ်ပါးသား အစိုးရကို မုန်းတီးရင်းစွဲ ရှိကြပြီး ဦးဓမ္မပါလနှင့် ကိုသော်ကတို့၏ အခွန်တော် မပေးဆောင်ရေးလုပ်ငန်းကို ကိုယ်ထိလက်ရောက် အားပေးကူညီမှု ပြုခဲ့ကြသော လူငယ်လူရွယ် သိုက်ထွန်းတို့လို ပုဂ္ဂိုလ်များတို့ဖြစ်ပါသည်။ ထိုလူအားလုံး ကိုသော်ကနှင့် ကိုသော်က၏အစ်ကို ကိုစံပတို့က ခေါင်းဆောင်ကြပါသည်။

သိုက်ထွန်းသည် ထိုနေ့နံနက် အချိန်စောစွာ ငွေးချိုမှနေ၍ ဝါးကြီး

အိုင်သို့ ထလာခဲ့၍ အရဏ်ကျင်းစအချိန်တွင် ဝါးကြီးအိုင်ရွာ ဘုန်းကြီးကျောင်းသို့ ရောက်လာခဲ့သည်။ သူ ရောက်သောအချိန်သည် ကိုသော်ကတို့ လူတစ်စု ဘုန်းကြီးကျောင်း၌ စုဝေးနေကြသောအချိန်ပင် ဖြစ်သည်။ ဤတွင် အကျိုးအကြောင်း မေးမြန်း စုံစမ်းကြည့်ရာ သိုက်ထွန်းလည်း ပစ္စည်းရှင်တို့နည်းတူ သိမ်းဆည်းသွားသော ပစ္စည်းများကို လွန်စွာ နှမြောတသလျက် သူ၏ရန်ဖက်ဟောင်း ရွာသူကြီးညစ် ငထွားအား လည်းကောင်း၊ အဓမ္မ သိမ်းဆည်း ယူငင်သူ အစိုးရဘာက်သားများအား လည်းကောင်း ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ရှိပါသည်။

ပို၍ဆိုးသည်မှာ ရွှေရီမတို့အိမ်မှ လှည်းနှင့် နွားများ သိမ်းဆည်းခံရခြင်းပင် ဖြစ်ပါသည်။ သို့ သိမ်းဆည်းသဖြင့် ဦးပဉ္စင်းလည်း မျက်နှာမကောင်း၊ ဦးမိုးကောင်းမှာမူ ပြောဖွယ်ရာပင် မရှိတော့။ ရှက်လည်းရှက်၊ နှမြောလည်း နှမြောလှ၍ ထင်သည်။ ငိုမဲ့ငိုမဲ့ ဖြစ်နေသည်။ သိုက်ထွန်းသည် ဦးမိုးကောင်းကို တွေ့မြင်ရပြီး ရင်ထဲ၌ များစွာ မကောင်းဘဲ ဖြစ်နေသည်။

သိုက်ထွန်းအဖို့ ဤတွင် ရွှေရီမ၏ မျက်နှာကိုပါ မြင်ယောင်လာသည်။ "ခုလောက်ဆိုရင် ရွှေရီတော့ မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရှာမယ်" ဟုလည်း တွေးမိသေးသည်။ ဤတွင် ကိုယ်တိုင် ခံစားလာခဲ့ရသော ဒုက္ခသုက္ခများ ဘယ်ရောက်ကုန်သည် မသိ။ ကြက်ကလေး၊ ငှက်ကလေးများလို ပျောက်ခြင်းမလှ ပျောက်ပျက်ကုန်တော့သည်။

ထို့ပြင် မူလက လူမျိုးခြား အစိုးရနှင့် အစိုးရအမှုထမ်း ဆိုသူတို့အပေါ် နာကြည်းလက်စများလည်း "အနာပေါ် တုတ်ကျ" သကဲ့သို့ နာသည်ထက် နာ၍၊ ယခု စုဝေးရောက်ရှိလာကြသူများနှင့်အတူ လိုက်တိုက်မည်၊ သိမ်းဆည်းသွားသော ပစ္စည်းများကိုလည်း လုယူမည်ဟု ဆုံးဖြတ်ချက်ချလျက် သူလည်း လိုက်တိုက်မည်ဟု ဦးပဉ္စင်းနှင့် ကိုသော်ကတို့သို့ မဆိုင်းမတွ ပြောကြားလိုက်ပါသည်။

နောက် သိုက်ထွန်းလည်း လိုက်မည်၊ ပေါ်အေးလည်း ပါသေးသည် ဆိုသောအခါ ဦးပဉ္စင်းက ဦးမိုးကောင်းမှာ အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သဖြင့် လိုက်မသွားရန် ပြောကြားသည်ဖြစ်၍ ဘုန်းကြီးဘာ ဦးမိုးကောင်းလည်း မလိုက်ဘဲ နေရစ်ခဲ့ရသည်။

ယခု လူစုခွဲကြရာတွင် ကိုသော်ကက သိုက်ထွန်းတို့လို ဖျတ်ဖျတ်လတ်လတ်နှင့် တိုက်ရဲခိုက်ရဲရှိသူများကို သူနှင့်အတူ လိုက်ပါရမည့်ဘက်တွင် ထားကာ ပေါ်အေးတို့ ဖိုးညွန့်တို့လို အေးစက်စက်နိုင်သူများ၊ ဦးတိုင်းပေါ်နှင့် ဦးဖိုးမှန်တို့လို အသက်အရွယ် ကြီးရင့်သူများတို့ကို ကိုစံပနှင့်အတူ တိုက်ပွဲဖြစ်ပြီးနောက် နွားနှင့်လှည်းများ၊ သို့မဟုတ် နွားလွတ်များ ကစဥ့်ကလျား ဖြစ်ကုန်သောအခါ ထိုနွားများ အဝေးသို့ ရောက်မကုန်စေရန် ဆည်းဆိုဖို့အတွက် ကိုစံပကို ခေါင်းဆောင်စေကာ လျှိုကြီး၏ တစ်နေရာတွင် ပုန်းအောင်းနေကြစေပါသည်။ သို့သော် ထိုလူအုပ်ထဲ၌ ဦးပဥ္စင်းတော့ မပါပါ။

'ကိုရင်ကြီး.... ကိုရင်ကြီး'

လူရွယ်တစ်ယောက် ကိုသော်က ထိုင်နေရာအနီးသို့ အူယားဖားယား ပြေးလာသည်။

'ဘာတုံးဟေ့ ကြောင်ပျံ၊ သူတို့ လာနေကြပလား'

'ဟုတ်တယ် ကိုရင်ကြီး၊ လာနေကြဘီ၊ သူတို့ အင်းတိုင်အလယ်လောက် ရောက်နေကြဘီ'

'မင်း ဘယ်ကနေ ကြည့်တုံး'

'အင်တိုင်းစပ်မှာရှိတဲ့ အင်ပင်ကြီးပေါ်က တက်ကြည့်တယ် ကိုရင်ကြီး။ ပြီးတော့ မြို့အုပ်စီးတဲ့ လှည်းနဲ့တူတယ်၊ ရှေ့ဆုံးက ငထွားရဲ့ လှည်းယဥ်ကလေးနဲ့၊ သူ့နောက်ကမှ ပုလိပ်သားတွေ စီးတဲ့လှည်း'

'ဒါဖြင့် တခြားနွားပိုတွေတော့ ဘယ်သူမောင်းတုံး၊ အဲဒီနွားတွေ ပါကောပါရဲ့လား'

'ပါပါတယ် ကိုရင်ကြီး၊ အဲဒီ လှည်းအုပ်နောက်က နွားအုပ်ပါတယ်။ ဒါပေမဲ့ မောင်းတဲ့လူတွေကတော့ ရွာထဲက ငထွား လူတွေလား၊ ဘာလား၊ မပြောတတ်ဘူး'

'အေး ဒါလောက်ဆိုရင် တော်ဘီ၊ ဒါဖြင့် နေပါဦး၊ မင်းနဲ့အတူ သွားတဲ့ ငမှတ်ကော ဘယ်ကျန်ရစ်ခဲ့တုံး'

'သူလား၊ အဲဒီ အင်တိုင်းစပ်က မန်ကျည်းပင်ပေါ် ကျန်ရစ်ခဲ့တယ် ကိုရင်ကြီး၊ တကယ်လို့ အဲဒီလူတွေ ဒီလျှိုဘက်ဆင်းလာရင် မန်ကျည်းပင်

ပေါ်ကနေ လက်ခေါက်မှုတ် အချက်ပေးဖို့ ကျန်ရစ်ခဲ့တယ်။ သူတို့ အနား ရောက်လာတော့ အလွယ်တကူ အငိုက်ဝင်စီးနိုင်အောင်ပေါ့'

'အံမယ်လေး ကြောင်ပျံနယ်၊ ဒါက မလိုပါဘူးကွယ်။ ဒင်းတို့ လာတာ တစ်ယောက် နှစ်ယောက်ထဲမှ မှုတ်ဖဲ၊ နွားအုပ်နဲ့ လှည်းအုပ်နဲ့ ဆူညံနေမှာပေါ့။ ပြီးတော့လည်း ဒီအရေးဟာ ဒါလောက်တောင် လုံ့လ ထုတ်နေဖို့ မလိုပါဘူး။ ဒို့ဘက်က နိုင်ပြီးသားပါ။ ဟဲ... ဟဲ'

'ကြောင်ပျံဆိုသူက ရေးကြီးသုတ်ပျာနိုင်သလောက် ကိုသော်ကက အရေးမကြီးသည့်ပြင် ဘာမျှ မထူးဆန်းလေဟန်၊ စိတ်လှုပ်ရှားခြင်း မရှိ လေဟန် အပြီးသတ် ရယ်သွမ်းပင် သွေးလိုက်သေးသည်။ နောက်အပါး၌ ရှိသော သိုက်ထွန်းက–

'မြို့အုပ်လှည်းနောက်က ပုလိပ်သားလှည်း ဆိုတာကိုတော့ ကျုပ် ကိုယ်တိုင် တိုက်မယ် ကိုရင်ကြီး၊ ဒီပုလိပ်တွေတော့ ကျုပ်တစ်သက် ဘယ် တော့မှ ကျေမှာမှုတ်ဖူး၊ လူ့ပြည်မှာ ဒင်းတို့လောက် ယုတ်မာတာ ဒင်းတို့ပဲ ရှိတယ်။ ဒင်းတို့အကြောင်း တွေးမိတာနဲ့ ကျုပ်စိတ်ထဲမှာ ဘယ်လို ဖြစ်ဖြစ် သွားမှန်း မသိဘူး'

သိုက်ထွန်းက သူ၏ အတိတ်မှ ခံစားချက်များကို ယခုပင် ခံစား နေရသလို နာကြည်းလှ၍ ပြောလိုက်ခြင်း ဖြစ်ပေမည်။ တကယ်လည်း နာသင့်လှပါသည်။ မိမိကိုယ်တိုင် ဘာပြစ်မှုမျှ ကျူးလွန်ရခြင်း မရှိဘဲဖြင့်၊ မိမိတို့ကိုယ်တိုင်လည်း မိမိသည် ဘာပြစ်မှုမျှ မကျူးလွန်ကြောင်း သိထား လျက်ဖြင့် မိမိအား အသက်ထွက်လုထွက်ခင် မေ့မြောနေသည်အထိ နည်း မျိုးစုံဖြင့် ရက်စက် ကြမ်းကြုတ်စွာ နှိပ်စက်ကလူ ပြုကျင့်ကြခြင်းမှာ လူနှင့် မတူ၊ လူမဆန်၊ တိရစ္ဆာန်တမျှ မိုက်မဲလှစွာသည်။

ယုတ်မာ ညစ်ညမ်းလှသည့် တိုင်းတစ်ပါးသားတို့၏ လက်အောက်ခံ ကျွန်အမှုထမ်းများပီပီ တိုင်းတစ်ပါးသားများနည်းတူ အသနား အညှာတာ ကင်းမဲ့လွန်းလှသည်။ ထို့ပြင်လည်း မိမိ တစ်ဦးတည်းသာ ဒဏ်ခံရသည် မဟုတ်၊ မိမိကဲ့သို့ပင် အပြစ်အနာ ကင်းမဲ့လှသည့် ဘာမဆိုင် ညာမဆိုင် မိမိ၏နှမကိုပါ စော်ကားမော်ကား ပြုကျင့်ကြသေးရာ သိုက်ထွန်းအနေဖြင့်

အဘယ်မှာလျှင် ကျေချမ်းနိုင်ပါမည်နည်း။ ယခု သတိရလျှင် ယခုပင် အသားများ ဆတ်ဆတ်တုန်သည်အထိ ခံပြင်းနေရကား–

"လာမှလာစေ၊ ဒင်းတို့တော့ အရှင်ကို မထားဘူး၊ အသေ ခုတ်သတ် ပစ်မှ အေးမှာ" ဟု အောက်မေ့မိသဖြင့် အထက်ပါစကားကို ပြောလိုက်ခြင်း ဖြစ်ပေသည်။

တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ပြောဆိုကြပြီး၍ အချိန်မကြာလှ ပါ။ ကြောင်ပျံ ထားရစ်ခဲ့သော ငမှတ်၏အချက်ပေး လက်ခေါက်မှုတ်သံ ကြားကြရသည်။

'ဟော့ လက်ခေါက်မှုတ်သံ ကြားတယ်၊ အသင့် ပြင်ထားကြ'

ကိုသော်ကက သတိပေးလိုက်ခြင်း ဖြစ်သည်။ နေရာမှာ ချုံများ အလွန်ထူထပ်သောနေရာ ဖြစ်သည်။ ဆူးရစ်ချုံ၊ ဗူကလိန်ချုံ၊ ငမန်းစွယ်ချုံ စသည်တို့။ ယင်းချုံများအကြားမှ လှည်းလမ်းကို ဖြတ်ဖောက်ထားခြင်း ဖြစ်သည်။ ထိုလှည်းလမ်းသည် အင်တိုင်းပေါ်မှ လျှိုအတွင်းသို့ ဆင်းလာ သော လှည်းလမ်း ဖြစ်ပါသည်။

ထိုလျှိုမှ လွန်လျှင် ငွေလေးချောင်းမှာ ရှိသည်။ မူလအစီအစဉ်အရ ငွေလေးချောင်းသို့ မဆင်းမီ နွားများကို ပြန်မောင်းမည်။ ငွေလေးချောင်း လွန်မှ မောင်းသော် နွားများကို အမောင်းရ ခက်မည်။ ချောင်းခြားနေသဖြင့် နွားများ မပြန်တတ်ဖြစ်မည်။ သို့အတွက် ချောင်းမကူးမီ နွားများကို ပြန် လည် မောင်းထုတ်ရန် စီစဉ်ကြခြင်း ဖြစ်သည်။

လျှိုတွင်းသို့ ဝင်လျှင်ဝင်ချင်း လမ်း၏ တစ်ဖက်တစ်ချက်ရှိ ချုံများ အကြားမှ ဓားကိုယ်စီ ကိုင်ထားကြသော ကိုသော်ကတို့ လူစုက အသင့် ချောင်းမြောင်းနေကြသလို၊ လျှိုအလယ်ရိုးကလေးထဲမှ ကိုစံပတို့ လူစု ကလည်း ကိုသော်ကတို့ တိုက်ခိုက်သံကိုသာ နားစွင့်နေကြသည်။

'ကိုရင်ကြီး၊ ကျုပ်က လမ်းဟိုဘက် လူအုပ်ဆီ သွားမယ်။ ဒါမှ ကိုရင်ကြီးက ရှေ့ဆုံးက မြို့အုပ်လှည်းဆိုတာကို တိုက်နေတုန်း၊ ကျုပ်က ပုလိပ်သားလှည်းကို အလစ်ဝင်တွယ်နိုင်မှာ။ ဘာပြုလို့တုံးဆိုတော့ ကိုရင် ကြီးနဲ့ ကျုပ် တစ်ဖက်သတ်တည်းနေရင် နောက်က ပုလိပ်သားတွေကလည်း

ဒီတိုက်တဲ့ဘက်ကိုချည်း အာရုံစိုက်နေမှာ၊ ဒီလိုဆို ကျုပ် သူတို့ကို ခုတ်ဖြစ်ဖို့ မလွယ်ဘူး'

'အေး အဲဒါ အကောင်းသားပဲ၊ မင်းတွင်မှတ်ဖူး၊ ကြောင်ပျံပါ ခေါ်သွား၊ ဟုတ်လား ကြောင်ပျံ'

'ဟုတ်ကဲ့ ကိုရင်ကြီး'

'ဒါပေတဲ့နော်၊ ငါက စ မတိုက်ဖဲ မင်းတို့ တိုက်ကို မတိုက်ကြနဲ့ဦး၊ အရေးအကြီးဆုံးက ဒီမြို့အုပ်လှည်းပဲကွ၊ ဒီထဲမှာ သူက အာဏာပိုင်'

'ဟော လာကုန်ကြဘီ ကိုရင်ကြီး၊ နွားခြုသံ ကြားတယ်။ ကျုပ်တို့ ဟိုဘက် သွားမယ်'

'အေး... အေး၊ ဟိုလူတွေကိုလည်း ငါ မှာလိုက်သလို ပြောပြ'

'ဟုတ်ကဲ့ပါ'

## [ ၁၃ ]

လူတွေ များပေသည့် အခြေအနေမှာ လွန်စွာ တိတ်ဆိတ်နေသည်။ လူသံသည်သာ တိတ်ဆိတ် ငြိမ်လေသည် မဟုတ်သေး၊ လူရိပ်လူခြည်သည်လည်း တောကြက်များ၊ ယုန်များ တောထဲ၌ ရှိနေကြသောအခါ သစ်ပင် သစ်ပုတ်များ၊ ချုံများအကြား၌ ပျောက်ပျက်ကုန်ကြသလို ဘယ်သူတစ်ယောက်ကိုမျှ မတွေ့မြင်ရဘဲ လုံးဝ ကွယ်ပျောက်ကုန်ကြပါသည်။

ထိုအခါ တောအတွင်းဝယ် နွားများ၊ လှည်းများကို ယူဆောင်လာကြသူတို့၏ နွားငေါက်သံ၊ လှည်းမောင်းသံ၊ တောတွင်းရှိ တောကျေးတောငှက်တို့၏ အသံများမှအပ ဘာသံမျှ မကြားရပါ။

ဟုတ်ပါသည်။ မြို့အုပ်စီးသော လှည်းယဉ်ကလေးက ရှေ့ဆုံးမှ ဖြစ်သည်။ ငထွား၏လှည်းနှင့် ငထွား၏ နွားကြီးတစ်ရှဉ်းပင် ဖြစ်သည်။ ထိုနွားကြီး တစ်ရှဉ်းကို ရှောက်သီး လတ်လတ်အရွယ် ခြုလုံးကြီးတစ်ခုစီ ဆွဲထားသေးသည်။ ထိုလှည်း၏နောက်မှ ပုလိပ်သားတို့၏ လှည်းများ၊ ပုလိပ်သားဆိုပေသည့် များများစားစားတော့ မဟုတ်ပါ။ ပုလိပ်ငါးယောက်နှင့် စာသင်တစ်ယောက်၊ ပေါင်းခြောက်ယောက်သာ ပါသည်။ ပုလိပ်တစ်ဦး

တွင် ခေါ်းကိုယ်စီ ပါသည်။ စာသင်ကသာ ဗထက်ချိုင့်သေနတ်ကြီး တစ်လက်ကို ကိုင်ဆောင်ထားသည်။

စာသင်ကား အခြားသူမဟုတ်၊ တစ်ချိန်က သိုက်ထွန်းတို့အမှုကို ကိုင်ဆောင်ခဲ့၍ ဖွားစိန်မကို ရက်ရက်စက်စက်ကြီး မတရားပြုကျင့်ခဲ့သော စံခပင် ဖြစ်ပါသည်။ သေနတ်လက်နက်ဆို၍ သူတို့အထဲတွင် စာသင် စံခနှင့်အတူ ဗထက်ချိုင့်သေနတ် တစ်လက်၊ မြို့အုပ်၌ ခြောက်လုံးပြူး တစ်လက်နှင့် မြို့အုပ်၏ တောလိုက်စာရေးတွင် ပါရှိသော မြို့အုပ်ပိုင် နှစ်လုံးပြူး တစ်လက်၊ ပေါင်း သုံးလက်သာ ပါရှိသည်။

'ဟ နွားကြီး၊ ဒီနအိုကြီးက ဘယ်ထိုးထိုးသွားမှန်း မသိဘူး။ ငါ ဘာမှတ်နေတုံး၊ အမဲဖျက်စားလိုက်မနော်'

နွားလွတ်မောင်းသူများထဲမှ အသံဖြစ်သည်။ ထိုနည်းလည်းကောင်းပင် အခြားသူတို့၏ နွားမောင်းသံ၊ နွားငေါက်သံတို့သည်း ဆူညံနေပါသည်။

'ဟော့ကြောင်ပျံ နေဦးကွ၊ ဟိုက ကိုရင်ကြီးကမှ မတိုက်သေးဘဲ'

သင်ပေါင်းရုံ တစ်ရုံထဲသို့ နှစ်ယောက်သား ပူးတွဲ၍ ပုန်းအောင်းနေရာ လှည်းလမ်းအတိုင်း မောင်းနှင်လာသော လှည်းများ မိမိတို့ရှေ့မှောက်သို့ ရောက်အလာ၊ အလိုလိုနေရင်း လက်ယားပြီး ခုတ်ချင်ထစ်ချင် ဖြစ်နေသော ကြောင်ပျံက သင်ပေါင်းရုံအတွင်းမှ ထွက်ရန် ဟန်ပြင်လိုက်သဖြင့် သိုက်ထွန်းက ဖမ်းဟန့်လိုက်ခြင်း ဖြစ်သည်။

မြို့အုပ်စီးလာသော လှည်းသည် သူတို့ ရှေ့တည့်တည့်သို့ ရောက်ရှိလာကြောင်း သင်ပေါင်းလက်များအကြားမှ ထင်းထင်းကြီး တွေ့မြင်ရပါသည်။ သူတို့နှင့်သာ တည့်သည်မဟုတ်၊ တစ်ဖက်ရှိ ကိုသော်ကတို့ ပုန်းအောင်းသော နေရာနှင့်လည်း တည့်တည့်ပင် ဖြစ်သည်။ သို့တိုင်အောင် ကိုသော်ကတို့လူစုက ဘယ်လိုမှ လှုပ်ရှားခြင်း မပြုသေးသောအခါ လက်လွတ် မခံနိုင်သော ကြောင်ပျံက လက်ယားနေခြင်း ဖြစ်ပေမည်။

'မလုပ်သေး လုပ်သေး၊ တော်ကြာ ဒီလှည်း လက်လွတ်သွားတော့ ဘယ့်နှယ်လုပ်မတုံးဗျ'

နှစ်ယောက်စလုံး လေသံဖြင့် ပြောကြခြင်း ဖြစ်သည်။ သို့သော်

ကြောင်ပျံသည် သိုက်ထွန်းစကားကိုတော့ နားထောင်ပါသည်။ ပါးစပ်မှ ပြန်လည် ချေပသလို လူက ကလန်ကဆန် မလုပ်ပါ။

မြို့အုပ် စီးလာသော လှည်းယဉ်ကလေးတွင် မြို့အုပ်ပါသည်။ မြို့အုပ်၏ တောလိုက်စာရေး ပါသည်။ လှည်းမောင်းသူနှင့်မှ သုံးယောက်သာ စီးလာကြသည်။ ထိုအထဲ စာရေးက နှစ်လုံးပြူး သေနတ်ကြီးကို မိုးထောင် ကိုင်ထားသည်။ အန္တရာယ်ရှိမည်ကို ကြိုတင်သိထား၍ သေနတ်ကို အဆင်သင့် မောင်းတင်ထားခြင်းလား၊ သို့မဟုတ် ထိုလျှိုတွင်း၌ ချေ၊ သမင် စသော သားကောင်များလည်း ရှိတတ်သည်ဖြစ်ရာ သားကောင်များ တွေ့ရသောအခါ အလွယ်တကူ ပစ်ခတ်နိုင်ရန်အတွက် အသင့် ကိုင်ဆောင်ထားခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

သို့သော် ကိုသော်ကမှာ လက်နက်ပါသည်၊ မပါသည် ဂရုပြုဟန်မတူ၊ ထွက်၍ တိုက်ခိုက်ဖို့ အဆင်ပြေသည်နှင့် တစ်ပြိုင်နက် နေရာမှ ရုတ်ခြည်း ပြေးထွက်လာရင်း–

'ဒို့လူတွေ ထွက်ကြဟ၊ တိုက်ကြဟ' ဟု အော်အော်တိုက်တိုက် တိုက်ပါလေသည်။ ကိုသော်က အော်သံကို ကြားလျှင်ကြားချင် သိုက်ထွန်း အပါအဝင် ကျန်လူအားလုံးတို့လည်း ကိုယ်နှင့်နီးရာ လှည်းများဆီသို့ တစ်ဟုန်ထိုးထွက်၍ တိုက်ခိုက်ကြပါသည်။ ပါးစပ်မှလည်း ညာသံများ ပေးလိုက်ကြသေးသည်။ ထိုအခါ အခြေအနေသည် တိတ်ဆိတ် ငြိမ်သက်နေရာမှ တစ်မုဟုတ်ချင်း ပွက်လောရိုက်သွားပါသည်။ ဤအထဲ ညာသံများချည်း မဟုတ်၊ မကျေနပ်သူတို့၏ ဆဲသံ ဆိုသံများလည်း ပါလိုက်သေးသည်။

'ဒို့ကို မတရားကျင့်တဲ့လူတွေ၊ ညာမနေနဲ့၊ ခုတ်ကြဟ သတ်ကြဟ'

'အာဏာပြချင်တဲ့ အစိုးရသားတွေကို ဒို့ တိုက်တယ်'

'ဒို့လူမျိုးအပေါ် မတရား အုပ်စိုးတဲ့ အစိုးရကို ဒို့ ပုန်ကန်တယ်'

'နင်တို့ မတရားလို့ ဒို့ သူပုန် ထ တယ်'

အချို့သူတို့ကလည်း ဘာမျှ ရှည်ရှည်ဝေးဝေး ပြောမနေကြဘဲ ဘာ အစိုးရ၊ ညာအစိုးရဟု ဆဲရေး တိုင်းထွာနေကြပါသည်။

'နင်လားကွ ငါ့ညဉ်းဆဲတဲ့ ပုလိပ်၊ ကဲကွာ ဒီတစ်ခါ ညှဉ်းဆဲဦး'

သိုက်ထွန်းသည် ပုလိပ် စံခအပေါ် ဘယ်အထိ နာကြည်းခဲ့သည် မသိ။ စံခကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် အခြားဘယ်သူ့ကိုမျှ မကြည့်၊ စံခကိုသာ မဲ၍ တိုက်ခိုက်ရာ စံခသည်လည်း ရုတ်တရက်ဖြစ်၍ ဘယ်သို့မျှ ပြန်လှန်ခုခံနိုင်ခြင်း မရှိဘဲ သေနတ်ကြီး ကိုင်လျက်ဖြင့် ထိုသေနတ် ကိုင်ထားသော လက်ကို ဓားတစ်ချက် ထိသွားပြီး သေနတ်လည်း လက်မှ လွတ်ကျပါလေသည်။

နောက်တစ်ခု သူနှင့်အတူ တစ်လှည်းတည်း စီးလာသူ ပုလိပ်သား နှစ်ယောက်ပါသေးသည်။ သို့သော် ထိုပုလိပ်သားနှစ်ယောက်သည် လူများ ညာသံပေးပြီး ဝိုင်းလာကြကတည်းက အလန့်ကြီး လန့်ကာ လှည်းပေါ်မှ ခုန်ဆင်းပြေးကြရာ စံခအတွက် အကူအညီ မရဘဲ ဖြစ်နေသည်။

ဤတွင် သိုက်ထွန်းအဖို့ နောက်ရန်အတွက် စိုးရိမ်ကြောင့်ကြ ဖြစ် မနေရတော့ဘဲ စံခအား စိတ်တိုင်းကျ အေးအေးဆေးဆေး တိုက်ခိုက်နေ နိုင်ပါသည်။ အကယ်၍ နောက်ရန်ရှိနေလျှင်လည်း သိုက်ထွန်းက ဂရုစိုက် မည် မဟုတ်ပါ။ သူသည် စံခအား အငြိုးကြီး ငြိုးနေသူဖြစ်ရာ နောက်ပိုင်းရှိ တစ်စုံတစ်ယောက်က သူ့အား ဘယ်လိုပဲပြုပြု၊ သူ့အဖို့ စံခ သေဖို့သာ အရေးကြီးသည်။ အခြား ဘာမျှ အရေးမကြီး။

ထိုနည်းအတိုင်း သိုက်ထွန်းသည် လှည်းပေါ်သို့ ဘယ်နည်းဘယ်ပုံ ရောက်သွားသည်မသိ။ လေနှင့်အတူ ရုတ်ခြည်း လှည်းပေါ်သို့ ရောက်သွား ပြီး စံခအား အားရှိပါးရှိ ခွလျက် ခုတ်နေပါသည်။

သူ ခုတ်နေတုန်း လှည်းတက်မောင်းသူက မောင်းသည်။ မူလက လှည်းမောင်းလာသူမှာလည်း ဝါးကြီးအိုင်ရွာသား ဖြစ်သည်။ ထိုလူသည် သိုက်ထွန်းက စံခအား ဓားဖြင့် လှမ်းခုတ်၍ ကျန်ပုလိပ်သားများ လှည်း ပေါ်မှ ဆင်းပြေးကြကတည်းက သွေးရူးသွေးတန်းဖြင့် ထွက်ပြေးပြီဖြစ်ရာ သိုက်ထွန်းတို့ လူစုထဲမှ တစ်ယောက်က သူ့လှည်းနှင့် သူ့နွားတစ်ရှဉ်းကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ထိုလှည်းကို တက်၍ မောင်းပါလေသည်။

မောင်းသည် ဆိုပေသည့် ရှေ့ကိုမောင်းသည် မဟုတ်ဘဲ နောက်သို့ လှည့်မောင်းခြင်း ဖြစ်သည်။ နောက်၌လည်း လှည်းတွေက ဖရိုဖရဲဖြစ်နေရာ မောင်းမရဘဲ ဖြစ်နေပြန်သည်။ ဤသို့ ဖရိုဖရဲဖြစ်နေခြင်းမှာ အခြားကြောင့်

မဟုတ်၊ မူလက လှည်းမောင်းလာသူ၊ နွားမောင်းလာသူတို့က ပုလိပ်သားများနှင့်အတူ လစ်ထွက်ပြေးကုန်သဖြင့် ဘေးဖယ်သော လှည်းက ဖယ်၊ ချုံတိုးသောလှည်းက တိုး၊ များသော နွားလွှတ်တို့မှာမူ လန့်ပြီး နောက်ဘက်ရွာဆီသို့ အမြီးထောင် ပြေးကုန်ကြသည်။

'တော်ပါတော့ သိုက်ထွန်းရ၊ ဒီပုလိပ်ကြီး သေနေပါဘီ'

လှည်းပေါ်သို့ ရောက်ရှိနေသော လှည်းရှင်က သိုက်ထွန်းအား ပြောလိုက်ခြင်း ဖြစ်သည်။ သိုက်ထွန်းလည်း ထိုအခါကျမှ သတိရလျက် ခေါင်းထောင်ကြည့်လိုက်သည်။ သိုက်ထွန်း၏ကိုယ်မှာရော လှည်းတစ်စီးလုံးမှာပါ သွေးများ ခြင်းခြင်းနီနေသည်။ ထိုအခါ သိုက်ထွန်း၏ ရုပ်သွင်နှင့် ဟန်ပန် အမူအရာမှာ ကြောက်စရာပင် ကောင်းသေးသည်။

'စော်ကားချင်လှတဲ့ ခွေးပုလိပ်၊ မှတ်ကရောကွာ၊ ခုမှပဲ ကျေကျေနပ်နပ်ကြီး ကလဲ့စားချေရတယ်။ ဟင်.... ကျန်တဲ့ ပုလိပ်တွေ ဘယ်ရောက်ကုန်တုံး ကိုမြဒင်၊ သူတို့ကို ဘယ်သူမှ ခုတ်မသတ်ကြဘူးလား'

'ခုတ်သတ်ရထင်လား၊ ဒင်းတို့တစ်တွေ ကြောက်ကြောက်နဲ့ ပြေးလိုက်ကြတာမှ ဖင်ဖျားတောင် မမြင်ရတော့ဘူး'

'နို့ ကိုရင်ကြီးတို့ကော'

'ကိုရင်ကြီးတို့ ပထမတော့ ကြောက်ကြောက်နဲ့ အတင်းစိုင်းပြေးတဲ့ မြို့အုပ်လှည်းနောက်ကို လိုက်ကြသေးတယ်။ လိုက်ပေတဲ့ နွားတွေက ကောင်းတော့ မီလည်းမမီဘူး၊ သူတို့ကလည်း သေနတ်နဲ့ လှမ်းပစ်တယ်။ ဒါနဲ့ ပြန်လာပြီး လှည်းပေါ်က ကြောက်လို့ ဆင်းပြေးတဲ့ ပုလိပ်သားတွေနောက် လိုက်ကြလေရဲ့'

'တောက် ဒီမြို့အုပ်လှည်း လွတ်သွားတာ နာတယ်ဗျာ'

သိုက်ထွန်းသည် အပဟုတ်ပင် အခြေအနေကို ယခုမှ လှေလာသုံးသပ်မိပါသည်။ စောစောပိုင်း စံခကို အားပါးတရ ခုတ်နေစဉ်အခါက အများတကာ ဘာတွေလုပ်၍ ဘယ်လို ဆူညံနေကြသည်ကို သူ မသိ။ အတင်းစိုင်းပြေးသော မြို့အုပ်လှည်းမှ သေနတ်ပစ်သံကိုပင် သူ မကြားမိဘဲ ရှိနေသည်။

အကယ်ပင်လည်း ထိုအချိန်က သေနတ်သံများရော၊ ဆဲသံဆိုသံ

အော်ညံသံတို့ကိုပါ သိုက်ထွန်း သတိမမူမိဘဲ ရှိနေပါသည်။ ယခု သတိရမှ ကြည့်လိုက်သောအခါ ပုလိပ်သား ဟူ၍လည်း တစ်ယောက်မှ မတွေ့ရ၊ လှည်းမောင်း နွားမောင်း လိုက်ပို့ကြသော ရွာသားများကိုပင် မတွေ့ရဘဲ နွားလွတ် အနည်းငယ်နှင့် လှည်းအချို့ကို မိမိတို့လူများ သိမ်းဆည်းနေကြသည်ကိုသာ တွေ့ရတော့သည်။

ပြီး သိုက်ထွန်းသည် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော စံခ အလောင်းဘေးနားမှ သေနတ်ကို ကောက်၍ ယူလိုက်သည်။ သူသည် ယင်းသေနတ်မျိုးကို မြင်ရုံသာ မြင်ဖူးသည်။ တစ်ခါမျှ ကိုင်မကြည့်ဖူးခဲ့။ ယခုမှ ကိုင်ကြည့်ဖူးသည်။ နောက် သေနတ်တော့ ရပြီ၊ ကျည်ဆန်လိုသည်ဟုဆိုကာ ကျည်ဆန်ရှာပြန်သည်။ ကျည်ဆန်များ စံခ၏ခါးမှ သားရေအိတ်ထဲတွင် တွေ့သည်။ သေနတ်ရော ကျည်ဆန်ပါ ရသောအခါ ဝမ်းပန်းတသာဖြင့် လှည်းပေါ်မှ ဆင်းခဲ့သည်။

'ဟော.... ဟောဒီမှာလည်း တစ်လောင်း'

သိုက်ထွန်း ထွက်လာပြီးနောက် ချုံတစ်ချုံနှင့် လှည်းများ အလွန်တွင် လူများ ဝိုင်းကြည့်နေသည်ကို တွေ့ရသဖြင့် သွားကြည့်သောအခါ ထိုအလောင်းကို တွေ့ရခြင်း ဖြစ်သည်။

'လာကြဟေ့... လှည်းတွေရော၊ နွားတွေရော ဒီဘက် ပြန်မောင်းခဲ့ကြ ဟ'

လူတစ်ယောက်၏အသံ ဖြစ်သည်။

'ကိုရင်ကြီးတို့က ခုထက်ထိ မလာသေးဘူး၊ ဘယ်သွားနေကြတုံးမသိဘူး'

'ဟိုမှာလေ၊ အခု အော်တဲ့ဘက်မှာ ကိုရင်ကြီး ရပ်နေတာ မမြင်ဘူးလား'

ဟုတ်သည်။ ကိုသော်ကတို့ လူတစ်စုသည် မြို့အုပ်လှည်း နောက်သို့ ပြေးလိုက်ရာ ထိုလှည်းပေါ်မှ နှစ်လုံးပြူးသေနတ်ဖြင့် လှည်းမောင်းပြေးရင်း ဖမ်းပစ်လိုက်၍ ကိုသော်ကတို့အထဲမှ လူတစ်ယောက်၏ ပေါင်ကို ထိမှန်သွားသည်။ သို့ထိမှန်ပြီးနောက် ဆက်မလိုက်ဘဲ ပြန်လှည့်ခဲ့ကြခြင်းဖြစ်သည်။ နောက် ကိုသော်ကနှင့် သုံးလေးယောက်က ပုလိပ်များ ထွက်

ပြေးရာနောက်သို့ လိုက်ခဲ့ပါသော်လည်း တောတွင်း၌ ပျောက်ကွယ်သွား၍ မမိလိုက်ကြ။

တစ်ချိန်တည်းပင် ကိုစံပတို့ လူတစ်စုလည်း ရောက်ရှိလာကြသည်။ သူတို့သည် လူကို အာသီသမထား၊ နွားများနှင့် လှည်းများကိုသာ အာသီသထား၍ ယူငင်သိမ်းဆည်းကြသောအခါ လှည်းပေါ်တွင် သိုက်ထွန်း ခုတ်သတ်သော စာသင်စံခနှင့် အခြားပုလိပ်တစ်ယောက်တို့ သေသည်မှအပ ကျန်လူများ မလွတ်သင့်ဘဲ လွတ်ကုန်ကြသည်။

ယခု လှည်းများရော၊ ထွက်ပြေး လွတ်မြောက်သွားခြင်း မရှိသော နွားများပါ နောက်ဘက် အင်တိုင်းကုန်းဆီဘက်သို့ ပြန်မောင်းလာကြသည်။ အင်တိုင်းပေါ်သို့ ရောက်၍ လူများရော၊ နွားများပါ စစ်ကြည့်သောအခါ နွားလွတ် ခြောက်ကောင်ခန့် လွတ်ထွက်သွားပြီး ထိုလွတ်ထွက်ပြေးရာ နွားများ နောက်သို့ လူငါးယောက်ခန့် လိုက်ပါသွားသည်မှလွဲ၍ စုံစုံလင်လင် ရှိကြသည်။

'ဟေ့.... ဦးတိုင်းပေါ်နဲ့ ဖိုးညွန့်တို့ ထွက်ပြေးသွားတဲ့ နွားတွေနောက် လိုက်သွားတာ အမှန်ပဲနော်'

'အမှန်ပါ ကိုရင်ကြီး၊ သူတို့ ငါးယောက်စလုံးကို ကျုပ်ကိုယ်တိုင် တွေ့လိုက်ရပါတယ်'

'ဒါဖြင့် ကောင်းဘီ၊ ကျုပ်တို့ ဒီအတိုင်း ဒီနေရာမှာ ဆက်နေကြလို့တော့ မဖြစ်ဘူး၊ လွတ်သွားတဲ့ မြို့အုပ်က မြို့ရောက်အောင် ပြန်ချင်မှပြန်မှာ၊ ဒီအနီးအနားမှာရှိတဲ့ ငွေးချိုရွာဖြစ်ဖြစ်၊ အင်တောရွာဖြစ်ဖြစ်၊ အဲဒီနှစ်ရွာစလုံး ဖြစ်ဖြစ် သွားပြီး ရွာက သူကြီးတွေနဲ့ ရွာသားတချို့ကို ဆင့်ခေါ်ပြီး ဒို့ဘက် ပြန်လှည့်လာချင် လာဦးမှာ၊ အဲလို လာတယ်ဆိုရင် သေနတ်ကလည်း သုံးလေးလက် ပါချင် ပါမှာ'

'ပါချင်ပါပါစေ၊ လာချင်လည်း လာပါစေ ကိုရင်ကြီးရာ၊ တိုက်တဲ့နောက်တော့ မထူးပါဘူး၊ သူသေသေ ကိုယ်သေသေ တိုက်ရတော့မှာပဲ'

'အံမာ သိုက်ထွန်းက စာသင်စံခကို ခုတ်သတ်လိုက်ရလို့ သွေးစွန်းသွားပြီ မှတ်တယ်'

'မစွန်းကော ဦးလေးဖိုးမှန်ရာ၊ ခုနေ ကျုပ်တို့ဟာ သူပုန်ဖြစ်နေဘီ၊

မစွန်းလည်းတိုက် စွန်းလည်းတိုက်၊ ကျားမြီး မိထားတဲ့ လူလို ကျားမြီး လွှတ်ပြီး နောက်ပြန်ပြေးလို့ မရတော့ဘူး'

'နို့ နေပါဦး၊ သေနတ်ကြီးတော့ လွယ်ထားပြီး မင်းက အဲဒီသေနတ်ကို ပစ်ကော ပစ်တတ်ရဲ့လား'

'အမှန်အတိုင်းပြောရရင် ကျုပ် ဒီသေနတ်ကို ကျည်ဆန် ဘယ်လိုထည့်ပြီး ဘယ်လို မောင်းတင်ရမှန်းကို မသိဘူး။ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဒီသေနတ်မျိုး ပစ်တတ်တဲ့လူ ကိုကြီးစံပ ပါပါတယ်။ ကိုကြီးစံပဆီမှာ သေနတ်ပစ် သင်ယူရမှာပဲ'

'ဟော့.... နေကြပါဦး၊ မင်းတို့ ပြောချင်တာ နောက်မှ ပြောကြစမ်း။ မောင်သော်က ပြောတဲ့စကား ဆုံးအောင်နားထောင်ကြစမ်းဦး၊ သူ့အစီအစဉ်က ဘယ်လိုရှိတယ်၊ ဒီကနေ ဘယ်ကိုသွားကြမယ်ဆိုတာ ပြောမလို့ကွ'

တိုက်ပွဲတစ်ပွဲ အောင်မြင်လိုက်သည် ဆိုလျှင်ပင် လူများ သွေးကြွနေကြသည်။ ယင်းတိုက်ပွဲ၏ အဓိက ရည်ရွယ်ချက်မှာ သိမ်းယူသွားသော လှည်း နွား အားလုံး ပြန်ရရေးဖြစ်ရာ ယခုပြန်ရကြပြီ မဟုတ်ပါလော။ သို့အတွက် ဝမ်းသာအားရနေကြခြင်း ဖြစ်ပေမည်။

'ကျုပ်ပြောချင်တာက တခြားဟာ မှုတ်ပါဘူး၊ ဒီနေရာမှာ ကြာကြာ မနေဖို့ပါပဲ။ ကျုပ်က ဒီလိုလုပ်ချင်တယ်။ အခုရှိတဲ့ လူတွေထဲက နွားနဲ့လှည်းပါတဲ့ လူတွေက စောစောက ပြောထားတဲ့အတိုင်း ကိုယ့်နွား ကိုယ့်လှည်း အပ်ထားမယ့် ရွာတွေကို ကိုယ့်ဘာသာကိုယ် တစ်ယောက်တကွဲစီ သွားကြပါ။ ကျန်တဲ့လူတွေက ကျုပ်တို့နဲ့အတူ ဖိုမြောင်ကြီးစခန်း သွားကြမယ်၊ ဟုတ်ဘူးလား ကိုရင်။ ဒီတော့ ကိုရင်တို့ သိပ်အချိန်ဆွဲမနေနဲ့၊ ကိုယ့်လှည်း ကိုယ့်နွား ယူပြီးတော့ သွားကြပေတော့'

'ဟုတ်တယ်၊ ဒီနေရာမှာ ကြာကြာနေလို့ မဖြစ်ဘူး။ မြို့အုပ်က သွားမပြောတာတောင် စောစောက ပစ်တဲ့သေနတ်သံဟာ ဘယ်နည်းနဲ့မဆို အင်တောရွာက ကြားရမှာ၊ အင်တောသူကြီးနဲ့ ရွာက လူတွေတချို့ လိုက်လာရင် မကောင်းဘူး'

'အင်တောသူကြီး လာလည်း တိုက်လိုက်တာပေါ့ဗျာ၊ အစိုးရဘက်

သား ဆိုရင် သူကြီးတွင်မှတ်ဘူး၊ ဆယ်အိမ်ခေါင်းကစ မကောင်းဘူး၊ အကုန် သုတ်သင်ပစ်မှ အေးမှာ'

'အင်း.... ပေါ်အေးကပေမဲ့ အလာကြီးပဲဟေ့'

တစ်ယောက်က ပြောလိုက်ခြင်း ဖြစ်သည်။ ဤအထဲ မျက်နှာအရှင် ဆုံးနှင့် အားရဝမ်းသာ အဖြစ်ဆုံးသူမှာ သိုက်ထွန်း ဖြစ်လိမ့်မည် ထင်သည်။ သိုက်ထွန်းသည် သေနတ်ကြီး လွယ်လျက်၊ သွေးများပေကျံနေသော ဓားကြီး တဝင့်ဝင့်နှင့် ဖြစ်နေသည့်ပြင် ဖြူဖွေးနေသော သူ၏ သွားကြီးများကို ဖြဲကာ ဖြဲကာဖြင့်–

'ကျုပ်က တခြား ဘာမှဝမ်းမသာဘူး၊ ကျုပ်တို့ နှိပ်စက်လိုက်တဲ့ လူကို ကလဲ့စားချေလိုက်ရတာ သိပ်ဝမ်းသာတယ်ဗျာ။ ဟဲ.... ဟဲ'ဟု ခဏ ခဏ ပြောနေတတ်ပါသည်။ နောက် နွားနှင့် လှည်းပိုင်ရှင်များ အသီးသီး ထွက်ခွာ၍ သူတို့လည်း ခရီးဆက်ကြမည် ပြုသည်တွင်မှ သူ လွယ်ပိုးထား သော သေနတ်နှင့် ယမ်းတောင့်များကို ခေါင်းဆောင် ကိုသော်က လက်သို့ သွားရောက် ပေးအပ်ပါသည်။ ပြီး မကြာမီ ဆက်လက် ထွက်ကြပါသည်။

## (၀၇)

'ဝါးကြီးအိုင်မှာ သူပုန် ထ ကုန် ကြဘီ'

'ဝါးကြီးအိုင် သူပုန်'

'သူပုန် မထရင် ခံနိုင်ပါ့မလားကွ၊ သဿမေခွန်လေး မပေးနိုင် တာနဲ့ အစိုးရက လှည်းတွေ၊ နွားတွေ အတင်းသိမ်းတာကိုး'

'ပြော်.... ဟုတ်လား၊ ဒါဖြင့် အစိုးရ မတရားဘူးပေါ့၊ သဿမေဒခွန် ပေးရမှာက ငွေသုံးကျပ်ရယ်၊ လှည်း နွား တန်ဖိုးက နည်းတာမှ မှုတ်ဖဲ'

'မတရားတာကတော့ကွာ ပြောမနေနဲ့၊ ဒင်းတို့တွေက တခြားနိုင်ငံ သား၊ ဒို့နိုင်ငံကို လက်နက်အားကိုးနဲ့ လာတိုက်ပြီး အတင်းသိမ်းယူကတည်း က မတရားတာ၊ ခုမှ မတရားတာ မှုတ်ဖူး'

'နေပါဦး ဦးကြီးဖန်ရဲ့၊ ကျုပ် မသိလို့မေးပါရစေ၊ ဒီနိုင်ငံဟာ ကျုပ်တို့ လူမျိုးတွေနေတဲ့နိုင်ငံ၊ သူတို့က ဟိုအဝေးကြီးက လာပြီး ကျုပ်တို့ကို အုပ်ချုပ်

တာ၊ တိုင်းပြည်ကို အုပ်ချုပ်ပြီး တိုင်းပြည်ပိုင်တဲ့ ပစ္စည်းတွေ ယူရုံတွင် မကသေးဘူး၊ ကျုပ်တို့မြေပေါ်မှာ ကျုပ်တို့ဘာသာ ကျုပ်တို့နေပြီး အေးအေး ချမ်းချမ်း လုပ်ကိုင်စားနေတဲ့ လူတွေဆီက ဘာပြုလို့ အခွန်တောင်းချင်ရတာ တုံး။ ဒါဟာ ကျုပ်တို့မြေကြီး၊ ကျုပ်တို့ နေပိုင်ခွင့်ရှိတယ်၊ ဘယ်သူ့မှ အခွန် ပေးနေစရာ မလိုဘူး'

'အဲဒါတွေ အကုန်လုံးခြုံပြီး မတရားဘူး ပြောတာပေါ့ဟ ထွန်းလှရ။ တို့ရွာကို ခဏခဏရောက်လာတဲ့ ဆရာရွှဲကြီး ပြောဖူးတယ် မှတ်လား။ ဒို့နိုင်ငံက ထွက်တဲ့ သတ္တု၊ ရေနံ၊ သစ်တော၊ ဆန်စပါးတွေလည်း အကုန် ယူသေးတယ်။ ဒို့ပိုင်တဲ့နိုင်ငံမှာ ဒို့နေတဲ့အတွက် လူခွန်လည်း ပေးရဦးမယ် ဆိုတော့ ကမ္ဘာမှာ ဒီအင်္ဂလိပ်လောက် ညစ်ညမ်းစုတ်ပဲ့တာ ဘယ်မှာရှိလိမ့် မတုံး တဲ့'

'ဒါဖြင့် နေပါဦး ဦးကြီးဖန်၊ ကျုပ်တို့ ရွာသူကြီးကလည်း အခု သသသမေဒခွန်ပေးဖို့ နှိုးဆော်နေဘီ။ သူ့အပြောက မကြာခင် အခွန်တောင်း တဲ့ မြို့အုပ် ရောက်လာလိမ့်မယ်တဲ့။ အခွန်ဆောင်ဖို့ အသင့်ရှာထားကြတဲ့၊ အဲဒါ ကျုပ်တို့က ရှာမရလို့ မပေးနိုင်ရင် ဝါးကြီးအိုင်ရွာလိုပဲ လှည်းတွေ နွားတွေကို အတင်း သိမ်းဦးမှာပဲလား'

'ဟ ဒို့ရွာကိုကော ဘာသားထုထားတဲ့ ရွာမို့ ညှာရမှာတုံးကွ၊ မပေး နိုင်ရင် သိမ်းမှာပေါ့'

'နို့ အဲဒီ ဝါးကြီးအိုင်လိုပဲ သူပုန် ထ ကြ ဦးမှာလား'

'ဒို့ရွာလား၊ ဟား.... ဟား ဝေးပါသေးတယ် ထွန်းလှရာ၊ ဒို့ရွာက မြို့အုပ်မပြောနဲ့၊ ပုလိပ်သား မြင်တာနဲ့ ချီးချမ်းနေတဲ့ အကောင်တွေ၊ အစိုးရ ဘက်သား မြင်ရင် မှန်ပေါ့ဘုရား လုပ်ချင်တဲ့လူတွေ၊ သူပုန်ထတယ်ဆိုတဲ့ကိစ္စ ဟာ လွယ်တဲ့ကိစ္စမှ မှတ်ဖဲ၊ ရွာမှာ တကယ် တတ်သိလိမ္မာတဲ့ ရှေ့ဆောင် ရှေ့ရွက် ရှိရမယ်။ ပြီးတော့ အဲဒီလူတွေကလည်း တိုင်းပြည်ချစ်စိတ်၊ အမျိုး ချစ်တဲ့စိတ် ရှိရမယ်။ ပြီးတော့ နောက်လိုက် ငယ်သားတွေကလည်း ညီညွှတ် ရမယ်၊ သတ္တိရှိရမယ်။ ဝါးကြီးအိုင်ရွာဆိုတာ အဲဒီဘက်က နာမည်တစ်လုံး နဲ့ နေတာကွ။ သူတို့ရွာကို ဘယ်ပုလိပ်သား၊ ဘယ်အစိုးရကမှ မတရား လာလုပ်လို့ မရဘူး။ မတရားလုပ်ရင် ချလွှတ်ထာချည်းပဲ။အခုလည်း ငါ

ကြားတော့ စံပနဲ့သော်ကတို့ ညီအစ်ကိုက ခေါင်းဆောင်တယ်လို့ ပြောတယ်။ သူတို့ညီအစ်ကိုဟာ နှစ်ယောက်စလုံး ထက်ကြတယ်။ အစ်ကိုလုပ်တဲ့လူ စံပက စကားနည်းနည်းပြောပြီး အလုပ်အားကြီးလုပ်တယ်၊ သတ္တိ ရှိတယ်။ ညီဖြစ်တဲ့ သော်ကကတော့ အလုပ်ကြမ်းဆိုလို့ ဘာမှမလုပ်ဘူး၊ ပညာမှာ တော့ လောကီရေး လောကုတ္တရာရေး စွယ်စုံရတယ်။ ကုလားစာ ကုလား စကား ဆိုရင်လည်း မြို့အုပ်တွေ၊ မြို့ချုပ်တွေတောင် ယှဉ်ပြောနိုင်တယ်လို့ ပြောတယ်။ မဟုတ်မတရားတာ လုပ်ရင်လည်း နည်းနည်းလေးမှ မခံဘူးတဲ့။ ပြီးတော့ သူ မြို့မှာနေတုန်းက အခု နိုင်ငံရေးလုပ်နေတဲ့ ဝံသာနု ခေါင်းဆောင် ကြီးတွေနဲ့လည်း ကောင်းကောင်း ကျွမ်းသတဲ့။ ဒီတော့ အရည်အချင်းဆိုလို့ ဘာလိုသေးတုံး။ ဒို့ရွာက အဲဒီလို ရှေ့ဆောင်ရှေ့ရွက် လုပ်မယ့်လူလည်း မရှိဘူး။ ငယ်သားတွေကျတော့လည်း ငါတကော ကောချင်ကြတာချည်း ပဲ။ ဘယ်ကလာ သူပုန် ထ နိုင်မှာတုံး'

'ဦးကြီးဖန် ပြောတာ ဟုတ်တယ်၊ ကျုပ်တို့ရွာ မပြောပါနဲ့၊ ဒီနား တစ်ဝိုက်က ရွာတွေအားလုံး လိုက်ကြည့်ပါ၊ ဘယ်ရွာမှ အဲဒီလောက် ညီတဲ့ ရွာ မရှိပါဘူး။ အဲဒီလို တော်တဲ့လူတွေလည်း မရှိပါဘူး'

အခြား ရွာသားအချင်းချင်း ပြောနေကြသော စကားများ ဖြစ်သည်။ ဤလို ပြောကြသည်မှာ တစ်ရွာတည်း မဟုတ်ပါ။ နှစ်ရက် သုံးရက်အတွင်း ထိုသတင်း လက်လှမ်းမီသမျှ ရွာအားလုံး ပျံ့နှံ့သွားရာ ထိုပျံ့နှံ့သွားသော ရွာတိုင်းလိုလိုပင် ဟိုနားတိုးတိုး၊ ဒီနားကျိတ်ကျိတ်ဖြင့် ယင်းဝါးကြီးအိုင် ရွာမှ သူပုန် ထ သော အကြောင်းနှင့်ပတ်သက်၍ ပြောဆိုနေကြပါသည်။

ဤအထဲ အမှန်များချည်း မဟုတ်၊ နားစွန်နားဖျား ကြားရရုံမျှဖြင့် ချဲ့ကားပြောသော စကားများလည်း ပါသေးသည်။ အချို့ အခွန်လာတောင်း တဲ့ မြို့အုပ်ရော၊ နောက်လိုက် ပုလိပ်သားတွေကိုပါ ဝါးကြီးအိုင်ရွာသား တွေက ရွာထဲတွင် ဓားဖြင့် ခုတ်သတ်၍ အားလုံး သေကုန်သည်။ အချို့ ကျတော့လည်း ဝါးကြီးအိုင်ရွာသားတွေက အခွန်လာတောင်းတဲ့ အစိုးရ ဘက်သားတွေသာ တိုက်သည်မဟုတ်၊ မြို့သစ်မြို့ကိုပင် သွားတိုက်သလို လို၊ မြို့ကို ဝိုင်းထားကြသလိုလို၊ ဝေးလျှင် ဝေးသည့်အလျောက် စကားက ကားထွက်သွားသည်။

ထိုထက် ဝေးလံသော အရပ်တို့တွင်မူ “ဝါးကြီးအိုင်ရွာမှာ မင်း လောင်း ပေါ်သတဲ့၊ အဲဒီ မင်းလောင်းရဲ့နာမည်က ကိုရင်ကြီးထဲ့၊ ကိုရင် ကြီးက စစ်တပ်ဖွဲ့ပြီး အစိုးရကို ခံတိုက်ထာ ဘယ်အစိုးရမှ မခံနိုင်ဘူး အကုန်လန်သွားသတဲ့၊ ရွာနီးချုပ်စပ်က လူတွေကပါ မင်းလောင်း ကိုရင် ကြီး တပ်ထဲ ဝင်ကြလို့ အဲဒီ ကိုရင်ကြီးက ဘုရင်ခံအထိ တက်တိုက်မလို့ တဲ့”ဟူ၍ပင် သတင်းများ ကားသထက် ကားထွက်သွားပြန်သေးသည်။

အမှန်ကား ဤသို့ မဟုတ်ပါ။ ကိုသော်ကတို့ လူတစ်စု မတရား သိမ်းယူသွားသော လှည်းနှင့် နွားများကို လမ်းခုလတ်မှ ဆီးကြို လုယက် တိုက်အပြီး နှစ်ရက်ခန့်အကြာတွင် တောင်တွင်းကြီးမြို့မှ စစ်ပုလိပ်အဖွဲ့ တစ်ဖွဲ့ ဝါးကြီးအိုင်ရွာသို့ ရောက်ရှိလာပါသည်။ ယင်းမှာလည်း ခေတ္တ လာခြင်း မဟုတ်၊ ထိုရွာတွင် တပ်စခန်းချထားရန် ပို့လွှတ်လိုက်ခြင်း ဖြစ် သည်။ စစ်ပုလိပ်ဦးရေ ဗိုလ်များအပါအဝင် ငါးဆယ်ခန့် ရှိသည်။ အားလုံး ပေါင်း မြန်မာလူမျိုးစစ်စစ်ဟူ၍ တစ်ဦးတလေမျှ မပါ။ ဗိုလ်လုပ်သူမှာ ကုလား ကပြားလား၊ အင်္ဂလိပ် ကပြားလား မသိ။ အသားဖြူသည်၊ ပါးမုန်း မွေးများ စိမ်းနေအောင် ထူထပ်သည်။ ဗမာစကား ပြောသောအခါ ခပ်ဝဲဝဲ လေသံရှိသည်။ ကျန်ပုလိပ်သားအားလုံးမှာ ကုလားလူမျိုးချည်း ဖြစ်သည်။ ထိုအထဲ မုတ်ဆိတ်ဖားဖား၊ နှုတ်ခမ်းမွေး ကားကားဖြင့် ပန်ချာပီလူမျိုးများ လည်း ပါသည်။ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်း၊ နှာခေါင်းချွန်ချွန်၊ အသားနီစပ်စပ်၊ မျက်လုံးကြောင်ကြောင်ဖြင့် ပထန်ခေါ် ကာဘူလီ လူမျိုး များလည်း ပါသည်။ အနည်းငယ်သာ အခြားကုလားလူမျိုးများဖြစ်ရာ အားလုံး ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်း၊ ပေါင်းထုပ်ကြီး များဖြင့် ကြောက်စရာပင် ကောင်းပြန်သေးသည်။ မိန်းမများ၊ ကလေးများ ဆိုလျှင် ထိုစစ်တပ်နားသို့ပင် မသွားရဲကြ။ အဝေးမှ လှမ်းမြင်ရရုံဖြင့် လန့်ဖျပ် ကုန်ကြသည်။

အထူးဆိုးဝါးသည်ကား ဘုန်းကြီးကျောင်းတွင် လာရောက် တပ် စခန်းချခြင်းဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော ဘုရား ကျောင်း ပရဝဏ်တွင် လည်းကောင်း၊ ဇရပ်များပေါ်တွင် လည်းကောင်း ဖိနပ်စီးကြခြင်းပင် ဖြစ်သည်။ ယင်းကျောင်းမှာလည်း အခြားကျောင်းမဟုတ်၊

ဦးပဉ္ဇင်း ဦးဓမ္မပါလ နေထိုင် သီတင်းသုံးသောကျောင်းဖြစ်လျက် ၎င်းတို့ တည်းခိုနေထိုင်ကြသော နေရာမှာလည်း ကိုသော်ကတို့လူစု တိုက်ပွဲ မထွက်မီက စည်းဝေး ဆွေးနွေးကြသော ဇရပ်ပင် ဖြစ်ပါသည်။

ထိုကျောင်းကိုမှ ရွေးချယ်ခြင်းမှာ ငထွား၏လက်ချက်ပင် ဖြစ်ကောင်းဖြစ်နိုင်သည်။ ငထွား ရန်ငြိုးသိုခဲ့သူများအနက် ဦးပဉ္ဇင်း ဦးဓမ္မပါလလည်း ပါရှိခဲ့သည် မဟုတ်လော။ ယခု အစိုးရလူများကို ပြန်လှန် တိုက်ခိုက်သူတို့အား ဦးဓမ္မပါလနှင့် ကိုသော်ကတို့က ခေါင်းဆောင်သည်ဟု ယူဆထားသည်။

သို့သော် ထိုကျောင်းတွင် ယခု ဦးဓမ္မပါလ မရှိတော့ပါ။ ကိုသော်ကတို့ လူတစ်စု မြို့အုပ်နှင့် ပုလိပ်တို့အား လုယက်တိုက်ခိုက်သောနေ့ ညနေစောင်း အချိန်ကတည်းက ဦးဓမ္မပါလလည်း ထွက်သွားကြောင်း သိရပါသည်။

ထိုကျောင်းဝင်း အတွင်းသို့ စစ်ပုလိပ်တပ် ရောက်လာကတည်းက ကျောင်းသားများလည်း ကျောင်းသို့ တစ်ယောက်မျှ မလာတော့ပါ။ ဘုန်းတော်ကြီးနှင့် ဦးပဉ္ဇင်း သုံးလေးပါး၊ ကိုရင် သုံးလေးပါးသာ ကျန်ရှိတော့သည်။ ကိုရင်များက ဆွမ်းအုပ်ယူ ဆွမ်းခံကြရသည်။ အင်္ဂလိပ်အစိုးရသည် တိုင်းသူပြည်သားတို့ကိုသာ ဖိနှိပ် ညှဉ်းပန်းလိုသည် မဟုတ်၊ ဗုဒ္ဓသာသနာကိုလည်း ရှုတ်ချ ဖျက်ဆီးလိုဟန် တူပါသည်။

ယင်းစစ်ပုလိပ်တပ်တွင် လက်နက်ကိုယ်စီ၊ သေနတ်ကိုယ်စီ ပါရှိလေရာ သွားလေရာအရပ်တွင် သေနတ်ကြီးများ တကားကား ဖြစ်နေ၍ လူတိုင်းလိုလို ထိတ်လန့် ကြောက်ရွံ့နေကြရပါသည်။ အထူးသဖြင့် မိန်းမနှင့် ကလေးများဆိုလျှင် ထိုစစ်ပုလိပ်တပ်ရှိသော ဘုန်းကြီးကျောင်းနားသို့ပင် မသီရဲကြပါ။ စစ်ပုလိပ်များ ရွာထဲသို့ ရောက်လာလျှင်လည်း ကလေးများရော မိန်းမများပါ အိမ်တွင်းသို့ ပြေးဝင်ပုန်းနေတတ်ကြပါသည်။ အချို့သူရဲဘောကြောင်သော ယောကျ်ားကြီးများပင် စစ်ပုလိပ်များ လမ်းလျှောက်လာသည်ကို တွေ့မြင်ရလျှင် အဝေးမှ ရှောင်ရှားသွားတတ်ကြသည်။

စစ်ပုလိပ်များကလည်း အငြိမ်မနေပါ။ ရွာထဲတွင် တစ်အိမ်ဝင် တစ်အိမ်ထွက် လျှောက်သွားတတ်ကြသည်။ ဟင်းသီးဟင်းရွက် စားသူက

ဟင်းသီးဟင်းရွက်များ လျှော်ကော်တောင်းသည်။ အသားစားသူက ကြက်၊ ကြက်ဥနှင့် ဆိတ် စသည်တို့ကို ရှာသည်။ ယင်းအကောင်များကိုမူ အလကား တော့ မတောင်းပါ၊ ပိုက်ဆံပေး၍ ဝယ်ပါသည်။ သို့ပေသည့် ဘုရားစူးလွတ် ဝယ်သည် ဆိုရရုံသာပင်။ ခြောက်မူး သုံးမတ်တန်သော ကြက်ကြီး တစ် ကောင်ကို တစ်ပဲ သို့မဟုတ် ခြောက်ပြားခန့်သာ ပေးသည်။ ကြက်ရွယ် ကြက်လတ်များဆိုလျှင် ထိုမျှပင် မပေးချင်၊ အလွန်ဆုံး နှစ်ပြား သုံးပြား လောက် လာပေးချင်တတ်သည်။ ကြက်ဥတစ်လုံး တစ်ပြား၊ တချို့က တစ်ပြား နှစ်လုံးတောင်းသည်။ ဆိတ်တစ်ကောင် ဆိုလျှင်လည်း ခြောက်မူး သုံးမတ်ထက် ပိုမပေးကြ။

ရွာသူရွာသားတို့လည်း ကြောက်ကြ၍ သို့မဟုတ် သူပုန်ဘက်ပါသည် ဟု အစွပ်အစွဲခံရမည် စိုးရွံ့ကြ၍ ဘာမျှ မပြောရဲကြ။ သူတို့ ပေးသရွေ့ ဖြင့်သာ ကျေနပ်နေကြရသည်။

ဟုတ်လည်း ဟုတ်သည်။ ရွာထဲမှ လူကြီး လေးငါးယောက်ကို သူပုန်ဘက် ပါသည်၊ သို့မဟုတ် သူပုန်နှင့် အဆက်အသွယ် ရှိသူများဆိုပြီး ဖမ်းဆီးလျက် တောင်တွင်းမြို့ ထောင်ကြီးချုပ်သို့ ပို့ထားလိုက်လေပြီ ဖြစ် သည်။

ယင်းသူများထဲတွင် ကိုသော်ကနှင့် ကိုစံပတို့၏ဖခင် ဦးရွှေယာနှင့် ဘုန်းကြီးဘ ဦးမိုးကောင်းတို့လည်း ပါဝင်ကြသည်။ သို့ ဖမ်းဆီးခြင်းမှာ ငထွား၏စနက်ကြောင့်ပင် ဖြစ်သည်။ ဦးရွှေယာနှင့် ဦးမိုးကောင်းတို့ကိုကား အစိုးရဘက်မှ လူများ မလာခင် မြို့အုပ်တို့လူတစ်စု အတိုက်ခံရသောနေ့ ညနေကတည်းက ငထွားက ဖမ်းဆီးထားခဲ့ခြင်း ဖြစ်သည်။

ထိုထက်ဆိုးသည်ကား ကုလားစစ်ပုလိပ်များ သောက်စား မူးယစ် ကြချိန် ဖြစ်ပါသည်။ ညနေစောင်းသည်နှင့် တစ်ပြိုင်နက် စစ်ပုလိပ်များသည် ကိုမုန်း၏ ထန်းတဲသို့ လည်းကောင်း၊ ချက်အရက်ရောင်းသော ကိုမာဒင့် အိမ်သို့ လည်းကောင်း အလျှိုအလျှို ထွက်ကြပြီး သောက်စားတတ်ကြလေ့ ရှိသည်။ မူးလာသည်နှင့် တစ်ပြိုင်နက် ရွာသားအချို့ကို မိန်းမ အရှာခိုင်းသည်။ ရွာသားများက ရှာမပေးသောအခါ သူကြီးငထွားအား သွား၍အရှာခိုင်းသည်။ ငထွားလည်း ဘာမှမတတ်နိုင်သောအခါ သူတို့ကိုယ်တိုင် အိမ်ပေါက်စေ့

တက်၍ "မိန်းမ လိုချင်တယ်၊ မိန်းမ ရှိသလား" ဟု မေးတတ်ကြလေ့ ရှိသည်။

မိန်းမပျိုကလေးတိုင်းလိုပင် ညနေတိုင် အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ရဲအောင် အိမ်တွင်း အောင်းနေကြရသည်။ တစ်ခုကောင်းသည်ကား သူကြီးငထွားသည် ရှေးတုန်းကလို မိန်းကလေး၊ မိန်းမငယ်များအား မလုပ်ရဲ မပြောရဲ၊ မစော်ကားရဲခြင်းပင် ဖြစ်သည်။ ရွာသူရွာသားများက စစ်ပုလိပ်များကို ကြောက်နေရသလို သူလည်း ကြောက်နေရသည်။ သူသည် မလိုသူများကို မလိုသလို တွန်းလား၊ တိုက်လား ပြုလုပ်သည်မှအပ အခြား ဘာမျှ မလုပ်ရဲ၊ မပြောရဲဘဲ ဖြစ်နေသည်။စစ်ပုလိပ်များက ခေါ်လျှင်၊ ခိုင်းလျှင် ဘယ်စစ်ပုလိပ်က ခေါ်ခေါ်ခိုင်းခိုင်း ဘုရားချင်း မိုးမွှန်အောင် ထူးပြီး ပျာနေအောင် လုပ်ကိုင်ပေးရသည်။ ထိုသို့ လုပ်ကိုင်ပေးသည့် အထဲမှပင် စစ်ပုလိပ်ဗိုလ်က လည်းကောင်း၊ ရိုးရိုးပုလိပ်သားများက လည်းကောင်း အဆင်မတော်လျှင် ဆူချင် ဆဲချင်တတ်သေးသည်။ ဤလို ဆူလား ဆဲလား၊ ကြိမ်းလား မောင်းလား လုပ်သောအခါ ငထွား ဘယ်လိုနေရမှန်း မသိတော့။ တုန်နေအောင် ကြောက်သည်။

သို့အတွက် အပြစ်တစ်စုံတစ်ရာ ရှိမှာကို ငထွား ဘာမှမလုပ်ရဲခြင်း ဖြစ်သည်။ သူ အလွန် ကလဲ့စားချေချင်နေသော၊ တပ်မက် စွဲလမ်းလည်း ဖြစ်နေသော ရွှေရီမကိုပင် ဤလိုအခွင့်အရေးသာခိုက်တွင် အကြမ်းဖက်ချင်လျက် အကြမ်းမဖက်ရဲ ဖြစ်နေသည်။ ယင်းအချိန်တွင် ရွှေရီမတို့အိမ်၌ ရွှေရီမ၊ ရွှေရီမတို့၏မိခင် ဒေါ်သာလိနှင့် ရွှေကြည်မတို့ သုံးဦးသာ ရှိနေရာ၊ အကြမ်းဖက်ဖို့ရာ လွန်စွာ လွယ်ကူလှပါသည်။

ဘုန်းကြီးဘ ဦးမိုးကောင်းက တောင်တွင်းကြီး အချုပ်ထောင်တွင်း ရောက်နေသည်။ ရွှေကြည်မ၏ယောကျ်ား ပေါ်အေးက သူပုန်ထဲ ပါသွားသည်။ နောက် သူတို့ အားကိုးအားထားပြုနေသော ဦးပဥ္စင်း၊ ကိုသော်က၊ ကိုစံပ စသူတို့ကလည်း ထိုနည်းလည်းကောင်း သူပုန်ခေါင်းဆောင်များ ဖြစ်၍ ရွာတွင် မနေကြရ။ ပြီး ရွှေရီမ၏ချစ်သူ သိုက်ထွန်းမှာမူ ပြောဖွယ်ရာ မရှိ။ သူသည် သူပုန်ဖြစ်ရုံမျှမက စာသင် စံခအား မသေမချင်း ဓားဖြင့် ခုတ်သတ်သူ ဖြစ်သဖြင့် အဓိပတိ လူသတ်မှုတရားခံလည်း ဖြစ်နေပြီ။

သူ ခုတ်သတ်နေသည်ကို နွားနှင့် လှည်းများကို မောင်းပို့သူ ငထွားး၏လူ ရွာသားအချို့က ဒိဋ္ဌမမွ တွေ့မြင်ခဲ့ကြရရာ၊ ဤလုယက် တိုက်ခိုက်မှုတွင် အားလုံးထက် သိုက်ထွန်းမှာ နာမည်အကြီးဆုံး ဖြစ်နေသည်။

'သိုက်ထွန်းက စာသင် ဦးစံခကြီးကို မသေမချင်း ခုတ်သတ်သတဲ့'

'ဗိုလ်စံခကို သိုက်ထွန်းက အငြိုးကြီးနဲ့ သတ်တာ ဖြစ်မှာပေါ့ကွ၊ ဒါကြောင့် ဘယ်သူမှ မပါဘဲ သူတစ်ယောက်တည်း အသေခုတ်သတ်တာ'

'ကုပ်ကုပ်နေ တစ္ဆေမမှတ်နဲ့တဲ့၊ သိုက်ထွန်းက လူနေရိုးသလောက် သတ္တိက ကောင်းတယ်။ ကြည့်နေပါ၊ ဗိုလ်စံခကို ကလဲ့စားချေသလို ဘယ် ချက်တုန်း ဒို့ရွာက သူကြီးလည်း ခေါင်းလာဖြတ်တယ်လို့ ကြားရပါလိမ့် မယ်'

'ဟေ့ သူတို့အထဲမှာ တကယ်စွမ်း၊ တကယ်သတ္တိရှိတာက သိုက်ထွန်း ကွ။ ဒီကရှေ့ သူနဲ့မတည့်တဲ့လူတွေ သတိသာ ထားနေပေတော့၊ သူနဲ့ မတည့်ရုံတွင် မှုတ်ဖူး၊ သူ့ရည်းစား ရွှေရီမကို ရန်လုပ်ကြရင်တောင် သူ ကြားရင် ချမ်းသာပေးမှာ မှုတ်ဖူး၊ တိတ်တိတ် လာတွယ်မှာပဲ'

ထိုစကား အားလုံးကို ရွှေရီမ ကြားရပါသည်။ သည်သို့ ကြားရ၍ ဝမ်းသာသည်လည်း မဟုတ်၊ ဝမ်းနည်းသည်လည်း မဟုတ်၊ ရင်ထဲတွင် တစ်မျိုးကြီး ခံစားရသည်ဟု ထင်မှတ်မိသည်။ သူသည် သူပုန်ထသည်ကို မလိုလား၍မဟုတ်၊ လိုလားသည်။ လိုလား၍ ဖခင်ကိုတော့ မပြောဝံ့။ နွား တွေ လှည်းတွေ သိမ်းသွားစဉ် အခါက-

'ဒီလို မတရားလုပ်တဲ့ အစိုးရကိုတော့ တစ်တိုင်းပြည်လုံးက ပြန် တိုက်ကြဖို့ ကောင်းတယ်။ သူပုန် ထ တာ ကောင်းတယ်။ ကိုပေါ်အေး တကယ်လို့များ သူပုန်ထဖြစ်ရင် ကျုပ်ကိုလည်း ခေါ်ပါ၊ ကျုပ်ပါ လိုက် တိုက်ချင်တယ်' ဟု ပြောခဲ့သေးသည်။ နောက် တကယ် ထွက်ကြတော့ လည်း မသိလိုက်၍ သိသာသိလျှင် လိုက်မည်ဟု ပူဆာကောင်း ပူဆာနေ ဦးမည်။

ယခု ရင်ထဲ၌ တစ်မျိုးတစ်ဖုံ ခံစားနေရခြင်းမှာ အခြားကြောင့်မဟုတ်။ ဖခင်ဖြစ်သူ အချုပ်အနှောင်ခံရ၍ လွန်စွာ ပူပင်သောက မဖြစ်။ ဖခင်မှာ ဘာပြစ်မှုမျှ ကျူးလွန်ထားသူမဟုတ်၍ တစ်နေ့ လွတ်မြောက်လာလိမ့်မည်

ဟု ယုံကြည်ထားရာ စိတ်ကို ဖြေသိမ့်ခြင်း ပြုနိုင်သည်။ ထိုလူစုထဲတွင် မိမိ၏ ချစ်သူ သိုက်ထွန်း ပါလာသည်ကြား၍ ထိုလူစုနှင့်အတူ မိမိ မလိုက်ပါရသည်ကို ကျေနပ်ခြင်း မရှိသည် တစ်ကြောင်း၊ သိုက်ထွန်းမှာ ငထွားတို့ပြောစကားအရ သူပုန်လည်းဖြစ်၊ လူသတ်မှု တရားခံလည်း ဖြစ်နေ၍ အကယ်တန္တု အစိုးရ စစ်ပုလိပ်များနှင့် တိုက်ရင်းခိုက်ရင်း ထိုစစ်ပုလိပ်များက ဖမ်းမိသွားခဲ့သော် အစစ်အဆေးမရှိ သတ်ချင်လည်း သတ်ပစ်ကြမည်။ သို့မဟုတ် ရုံးတင် စစ်ဆေးပြီး တရားတာ မတရားတာ အပထား၊ အစိုးရကို ခုခံရကောင်းလားဟု ဖွတ်ကြိုးပေးချင်လည်း ကြိုးပေးပစ်ကြမည်။ ဤလိုဆိုလျှင် ဘယ်နည်းဖြစ်ဖြစ် ဤတစ်သက် ညားကြရတော့မည် မဟုတ်၊ အကွဲကြီး ကွဲကြရမည်။ ထိုအတွက် ရွှေရီမ၏ ရင်ထဲတွင် မကောင်း။

တစ်ဖက်က ကြည့်ပြန်တော့လည်း ရွှေရီမအဖို့ ကျေနပ်နှစ်သိမ့်မှု ရှိသည်။ သိုက်ထွန်းအနေဖြင့် ငထွားကို ပြိုင်ဆိုင်နိုင်ဖို့ရာမှာ ဤတစ်လမ်းသာ ရှိသည်။ အခြားလမ်း မရှိ။ဤလမ်းဖြင့် သိုက်ထွန်းတို့ဘက်က အောင်နိုင်သွားခဲ့သော် သိုက်ထွန်းနှင့် ငထွားမှာ မယှဉ်သာအောင် ကွာခြားသွားမည်။ အားလုံးအနက် ကျေနပ်စရာ အကောင်းဆုံးမှာကား သိုက်ထွန်းဖမ်းဆီးချုပ်နှောင်ခြင်း ခံရစဉ်အခါက သိုက်ထွန်းအား သေလုမြောပါးနှိပ်စက်ကလူပြုခဲ့သူ၊ ဖွားစိန်မကို လူ့အညွန့်တုံးအောင် မိုက်မဲစွာ စော်ကားခဲ့သူ စံခအား သိုက်ထွန်းက ကလဲ့စားချေနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ သိုက်ထွန်း၏ မိခင် ဒေါ်ငြိမ်းလှ ရှိစဉ်က ဒေါ်ငြိမ်းလှက ရွှေရီမတို့အား တစ်လုံးမကျန်ပြောပြထား၍ ထိုအကြောင်းများကို ရွှေရီမ အလုံးစုံ သိထားပြီး ဖြစ်သည်။

ရွှေရီမသည် စစ်ပုလိပ်များ ရွာရောက်လာကတည်းက ယာတဲသို့လည်း မသွားရ၊ ရေလည်း မခပ်ရဲ၊ အိမ်အောက်သို့ပင် အခြေအနေကိုကြည့်ပြီး ဆင်းသင့်မှ ဆင်းရသဖြင့် စိတ်ထဲတွင် ကျဉ်းကျပ်ကျပ်ကြီး ဖြစ်နေသည်။ ဖခင်ကို တမ်းတရသည်က တစ်မျိုး၊ ချစ်သူနှင့် ခဲအိုတို့ သတိရသည် တစ်ဖုံ ဖြစ်နေရပြန်သေးရာ ဟိုနေရာ မနေတတ်၊ သည်နေရာ မထိုင်တတ် ဖြစ်နေသည်။

တစ်နည်းပြောရလျှင် လွတ်လွတ်လပ်လပ်ကြီး ဟိုသွား သည်လာလုပ်ချင်နေသည်။ သို့သော် လုပ်ခွင့်ကား မရ။ မိခင်က လည်းကောင်း၊

အစ်မဖြစ်သူက လည်းကောင်း အမြဲတစေ ထိန်းသိမ်းထားသည်။သူ အများဆုံး သွားနိုင်လျှင် အိမ်ပေါ်မှ အိမ်အောက်၊ သို့မဟုတ် ရွှေကြည်မတို့၏ လွတ်နေသော အိမ်ကုပ်ကလေး၊ သို့တည်းမဟုတ် ခေါင်းရင်းဘက်၌ ရှိသည့် နွားတင်းကုပ် စသည်တို့သာ ဖြစ်သည်။

ယခုလည်း ရွှေရီမ အိမ်ပေါ်မှ အိမ်အောက်သို့ ဆင်း၍ နွားတင်းကုပ်ရှိရာသို့ လာခဲ့သည်။ နွားတင်းကုပ် ဆိုပေသည့် နွားတင်းကုပ်ချည်း သတ်သတ် မဟုတ်၊ တစ်ပိုင်းသာ နွားကျွေးခေါင်းများနှင့် နွားများထားရာ ဖြစ်ပြီး ကျန်တစ်ပိုင်းက ဆီဆုံတည်ထားသည်။

ယခုအခါ ဆီဆုံသည်လည်း ဆီဆုံချည်း သတ်သတ်၊ နွားကျွေးခေါင်းသည်လည်း နွားကျွေးခေါင်းချည်း သတ်သတ်ရှိနေပြီး ဆီပွတ်သူလည်း မရှိ၊ ဆီပွတ်ရန် နွားများလည်း မရှိဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။ ရေမပြတ်၊ နွားစာမပြတ် ထားလေ့ရှိသော နွားကျွေးခေါင်းများခြောက်သယောင်း၍ အက်ကြောင်း ထ နေပြီ။

ရွှေရီမသည် ထိုအခြင်းအရာများကို ကြည့်ပြီး ရင်ထဲ၌ ဆို့နင့်နေသည်။ အသက်ရှူလည်း ကျပ်လာသည်။

“နဖြူကြီးတို့ နဂျစ်ကြီးတို့ ခုနေဆိုရင် ဘယ်များရောက်နေကြပါလိမ့်မတုံး၊ အမေပြောတော့ ကိုပေါ်အေးတို့လက်ထဲ နွားတွေ ပြန်ရောက်ရင် တစ်ရွာရွာသွားပြီး ဖွက်ထားလိမ့်မယ်တဲ့။ အဲဒီရွာက ဘယ်ရွာပါလိမ့်မတုံး။ သူတို့နွား လေးကောင်စလုံးမှ အတူတူ နေရပါရဲ့လား၊ အစာမှ ဝဝလင်လင် စားကြရပါရဲ့လား”

ဆို့နင့်နေရာမှ နွားများကို အောက်မေ့ တမ်းတလိုက်မိခြင်း ဖြစ်သည်။ ရွှေရီမသည် ကျဉ်းကျဉ်းကျုတ်ကျုတ် အိမ်တွင်းအောင်းနေရာမှ အသက်ရှူမဝ ဖြစ်နေ၍ လည်းကောင်း၊ ဖခင်ဖြစ်သူနှင့် ခဲအိုတို့အား သတိရမိ၍ လည်းကောင်း စိတ်ပြေလက်ပျောက် ဖြစ်ပါစေခြင်းအလို့ငှာ အိမ်အောက်တင်းကုပ်ဆီသို့ ဆင်းလာခဲ့ရာ၊ သက်သာရာ မရသည့်ပြင် နွားများ၏ သံယောဇဉ် နှောင်ကြိုးက ထပ်ဆင့် တိုးလာပြန်သည်။

နွားကိုကော အဘယ်မှာလျှင် သံယောဇဉ်မရှိဘဲ နေနိုင်ပါမည်နည်း။ သူတို့သည် ဘိုးဘွားအစဉ်အဆက်ကတည်းက သူတို့၏ ဝမ်းစာရေးကို

နွားများနှင့်ဖက်၍ လုပ်ကိုင်စားသောက်ခဲ့ကြရသည်။ နွားသည် လည်းကောင်း၊ ယာမြေသည် လည်းကောင်း သူတို့၏ အသက်သခင်စစ်စစ် ဖြစ်သည်။ ဤတွင်သာ မဟုတ်သေး၊ သူတို့၏ ခိုင်းနွားကြီးများသည် များသောအားဖြင့် ခြံပေါက်များသာ ဖြစ်သည်။

ထိုခိုင်းနွားကြီးများမှာ ရွှေရီမတို့၏ မျက်စိအောက်တွင် မွေး၊ မျက်စိအောက်တွင် ကြီးပြင်း၊ ကိုယ်တိုင်ကျောင်း၊ ကိုယ်တိုင်ကျွေး၊ ကိုယ်တိုင်ပြုစုပျိုးထောင်လာခဲ့ရာမှ ယခုကဲ့သို့ ခိုင်းနွားကြီးများဘဝသို့ ရောက်ရှိလျက် အတူတကွ ဒိုးတူပေါင်ဖက် လုပ်ကိုင်လာခဲ့ကြရရာ၊ ရွှေရီမအနေဖြင့် ထိုနွားကြီးများကို အဘယ်မှာလျှင် ခင်မင်တွယ်တာမှုမရှိဘဲ၊ သံယောဇဉ် အမျှင်မတန်းဘဲ၊ မလွမ်းဆွတ် မ တ သ ဘဲ နေနိုင်လိမ့်မည်နည်း။

သို့ဖြစ်ရာ ရွှေရီမ တင်းကုပ်တွင်းသို့ ရောက်လာသောအခါ နွားချည်တိုင်များ ဟာလာဟင်းလင်း ဖြစ်နေသည်ကိုကြည့်ရှုပြီး ရင်တွင်း၌ ဆို့နင့်နေရုံသာမက ပါးစပ်မှ တတွတ်တွတ် တမ်းတရင်း မျက်လုံးအိမ်များထဲမှ မျက်ရည်များပင် အသွယ်သွယ် စီးကျလာပြန်ပါသည်။

ရွှေရီမသည် ရင်ထဲတွင် ဆို့သထက်ဆို့၍၊ ဝမ်းနည်းသထက် ဝမ်းနည်းလာသောအခါ လူများ မမြင်သာသော ဆီဆုံလုံးအကွယ်တွင် ထိုင်၍ ငိုချလိုက်ပါသည်။

'မိန်းကလေး၊ ရွှေရီရေ.... ဟော့ ရွှေရီ၊ ကြည့်စမ်း ခုတွင် မြင်သေးတယ်။ ဘယ်ရောက်သွားပါလိမ့်'

ခဏအကြာ ဒေါ်သာလိ အိမ်ပေါ်မှ ဆင်းလာပြီး ခေါ်လိုက်ခြင်းဖြစ်သည်။ ထိုခေါ်သံကို ရွှေရီမက နားထဲမှာတော့ ကြားသည်။ သို့သော် ထူးကား မထူးနိုင်။ နောက်မှ ဒေါ်သာလိ ရွှေရီမ ရှိရာနေရာသို့ ရောက်လာလျက်–

'ဟဲ့.... မိန်းကလေး၊ ဒီလာပြီး ဘာလုပ်နေတာတုံး ဟင်၊ သူ့မှာ မျက်ရည်တွေနှင့်ပါကော၊ ဘာဖြစ်လို့တုံး ဟင်'

ရွှေရီမက ဒေါ်သာလိ၏ မျက်နှာဆီသို့ မော့ကြည့်ရုံသာ ကြည့်သည်။ ဘာမျှ မပြော။

'ဩော်.... မိန်းကလေးက အဖေ လုပ်နေကိုင်နေကျနေရာ တင်းကုပ်

ထဲ ဝင်လာတော့ ညည့်အဖေကို သတိရတယ်နဲ့ တူတယ်။ တိတ်ပါ မိန်းကလေးရယ်၊ ညည့်အဖေလည်း မကြာခင် ပြန်လွတ်လာမှာပါ၊ သူ့မှာ ဘာအပြစ်ရှိတာ လိုက်လို့'

'အိ.... အဖေ့ကို လွမ်းတာလည်း လွမ်းတာပဲ၊ ကိုပေါ်အေးကိုလည်း အဖေ့လိုပဲ သတိရပါတယ်။ ဒါ့အပြင် နွားကျွေးခေါင်းနား ရောက်လာတော့ နဖြာကြီးနဲ့ နဂျစ်ကြီးတို့ကိုရော၊ နွားလေးကောင်စလုံးကိုပါ ဘယ်လို သနား နည်း သနားနေမိမှန်း မသိဘူး။ သူတို့တစ်တွေ ဒီတင်းကုပ်နဲ့ ဒီချည်တိုင် နေရာကိုမှ ပြန်ရောက်နိုင်ပါတော့မလား'

'အံမလေး မိန်းကလေးရယ်၊ ဒါလောက်တောင် ပူထောင့်ပန်းပင် ဖြစ်မနေပါနဲ့၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ပြန်ရောက်လာမှာပါ။ ဒါထက် မိန်းကလေး ရဲ့ မျက်ရည်စတွေကို ပြောင်အောင် သုတ်ပစ်စမ်းပါဦး၊ အိမ်ပေါ်မှာ သူကြီး ငထွား ရောက်နေတယ်အေ့၊ ငထွားက မိန်းကလေးကို မေးနေတယ်'

'ဟင်.... ဒီသေနာကောင်က ဘာပြုလို့ အိမ်ကို လာရတာတဲ့တုံး'

မျက်ရည်များ ရစ်ဝိုင်းနေသော ရွှေရီမ၏ မျက်လုံးကြီးများမှာ ကျယ်သည်ထက် ကျယ်ထွက်လာပြီး မီးတောက်သွားသည်ဟုပင် ထင်မှတ် ရသည်။ ထိုမျှ ဒေါသရောင် လျှမ်းနေသော မျက်လုံးများကို ကြည့်၍ ဒေါ်သာလိပင် ထိတ်လန့်တကြား ဖြစ်သွားသေးသည်။

'ဟဲ့ ဒီလိုမပြောနဲ့ မိန်းကလေးရဲ့၊ ခုနေခါ သူတို့က ဘုန်းကြီးနေချိန် မှတ်လား၊ လူတစ်ယောက်ကို ဒုက္ခပေးချင်ရင် ချက်ချင်း...'

'အို အမေရယ်၊ ခုခါမှတော့ သူတို့ကို ဘာမျက်နှာချိုသွေးနေစရာ လိုတော့တုံး၊ ဒုက္ခပေးချင်သလောက် ပေးခဲ့ကြဘီ မှတ်လား။ ဝက်ဖြစ်တဲ့ ဘဝကျမှတော့ ချီးမကြောက်တော့ပါဘူး၊ အခုလာတာလည်း အကောင်း လာတာ မဟုတ်ဘူး၊ ရွှေရီမကို တမင်ဒုက္ခပေးမလို့ လာတာ ဖြစ်မှာပါ'

'ဒီလိုမှတ်ဖူး မိန်းကလေးရဲ့၊ မိန်းကလေးအတွက် လာတာ ဖြစ်ချင်မှ ဖြစ်မှာပါ၊ တခြားကိစ္စလည်း ရှိချင် ရှိမှာပေါ့'

'တခြားကိစ္စနဲ့ လာရင် သူက ရွှေရီ့ကို ဘာပြုလို့ မေးရတာတုံး၊ အမေတို့ကကော ရွှေရီ့ဘာသာ ရွှေရီနေတာ ဘာပြုလို့ လာခေါ်ရတာတုံး၊ သွားပါ အမေရယ်၊ ကျုပ် ဒီကောင်နဲ့ မတွေ့ချင်ပါဘူး'

'အို.... မိန်းကလေးကလည်း ဒီလိုသဘောမထားပါနဲ့၊ လူလိမ္မာ အမျက် အပြင်မထွက်ရဘူးတဲ့။ ဝမ်းထဲက သူ့အပေါ် ဘယ်လောက် ရန်ငြိုး ရှိနေနေ၊ လူဆိုတာ အပြင်ပန်းကျတော့ တစ်မျိုးပေါင်းရတယ်။ ညည့်အဖေ က သူတို့လက်ထဲမှာ ရောက်နေတယ် မှတ်လား။ အရေးကြီးတာက ညည့် အဖေ ထောင်မကျဖို့နဲ့ အချုပ်ထဲက ပြန်လွတ်လာဖို့ မှတ်လား။ ဒါကို သူက အများကြီး အကူအညီ ပေးနိုင်တယ်။ သူ အာမခံရင်တောင် ပြန်လွတ် ပစ်နိုင်တယ်'

'သူ ဘာပြောပြော၊ သူက ဒီအထိ ဘာမှ တတ်နိုင်တဲ့အကောင် မှတ်ပါဘူး အမေရယ်။ သူဟာ အဲဒီအထက်က လူကြီးတွေ မပြောပါနဲ့၊ ရွာမှာရောက်နေတဲ့ ဗိုလ်ကြီးကိုတောင် ကြောက်လွန်းလို့ တုန်နေတာပဲ။ သူ အခု မဟုတ်တာ ဘာမှ မလုပ်ရဲတာ ကြည့်ပါ။ ဟိုတုန်းက ဒုက္ခပေးဖို့ အမြဲကြိုးစားနေတဲ့ ရွှေရီတို့ကိုတောင် မျက်စောင်းမထိုးရဲတော့ဘူး မှတ် လား'

ရွှေရီ ဘာပဲပြောပြော နောက်ဆုံး ဒေါ်သာလိ ခေါ်ရာနောက်သို့ လိုက်ပါသွားရသည်။ အိမ်ပေါ်တွင် ရွှေကြည်မနှင့် ငထွားတို့ စကားပြော နေကြသည်။ အိမ်ပေါ်သို့ ရောက်သောအခါ ရွှေရီမက ငထွားသို့လည်း မကြည့်၊ ဘယ်သူ့အားမျှလည်း မကြည့်ဘဲ ငထွားနှင့် ခပ်လှမ်းလှမ်းနေရာ ရွှေကြည်မနှင့် ဒေါ်သာလိတို့ နောက်ကွယ်တွင် ထိုင်လျက် ဦးခေါင်းငုံ့ထား သည်။

'ရွှေရီမ ငါ တခြားကြောင့်လာတာ မှတ်ဘူး၊ စောစောကလည်း ရွှေကြည်မနဲ့ ထိုင်ပြောပြီးပြီ၊ အခု ဒီရွာရောက်နေတဲ့ စစ်ပုလိပ်တွေက သိပ် ဆိုးတယ်။ လူမျိုးခြားတွေဆိုတော့ အရှက်လည်း မရှိ၊ အကြောက်လည်း မရှိ၊ ယဉ်ကျေးမှု ဆိုတာတော့ ပြောကိုမနေနဲ့၊ ရောက်တာ ငါးရက်မကြာ သေးဘူး၊ မနေ့က ကြားလိုက်ရဲ့ မှတ်လား။ မူးမူးရူးရူးနဲ့ လှထွေးတို့ အိမ်ကလေးထဲ ဝင်ပြီး လှထွေးကို အတင်းဆွဲတာ၊ ကံကောင်းလို့ သူတို့ဗိုလ် က ငါ့အိမ်က ပြန်သွားတာနဲ့ ကြုံပေလို့၊ နို့မှတ်ရင် သက်သာမှာ မှတ်ဘူး၊ ပြီးတော့ ဗိုလ်ကျတော့ကော ယဉ်ကျေးသလားဆိုတော့ မယဉ်ကျေးဘူး။ လူကြီးပေမဲ့ ဖိနပ်နဲ့ ကန်ချင်ကန်တယ်၊ လက်သီးနဲ့ ထိုးချင်ထိုးတယ်။ အဲဒါ

ငါ လာပြောတာပဲ၊ နင်တစ်ယောက်တည်း မှတ်ဖူး၊ နင်တို့လို ရွာထဲက မိန်းမချော မိန်းမလှလေးတွေလည်း ဒီလိုပဲ သတိပေးရတာပဲ။ အထူးသဖြင့်တော့ နင်ပဲ။ နင်က ရွာထဲမှာ အချောဆုံး၊ အလှဆုံးဆိုတော့ နင့်အတွက်က ပိုအရေးကြီးတယ်၊ ငါပြောတာ ကြားလား ရွှေရီမ'

ရွှေရီမကမူ ဘယ်သို့မျှ မလှုပ်။

'အဲဒါ သူတို့ရွာထဲ ဝင်လာသံကြားတာနဲ့ တစ်ပြိုင်နက် နင် အိမ်ပေါ်က အောက်ကို မဆင်းပါနဲ့၊ အိမ်ထဲအိမ့်ပြင် မထွက်ဘဲ နေနိုင်ရင် အကောင်းဆုံးပဲ'

'သူတို့တစ်တွေက ဒီမှာပဲ အမြဲနေကြတော့မှာလား၊ ဘယ်တော့မှ မပြန်ကြတော့ဘူးလား မောင်ငထွားရဲ့'

ဒေါ်သာလိက ရွှေရီမ အင်းမလှုပ်၊ အဲမလှုပ်နေသည်ကို အားမလိုအားမရ ဖြစ်ပြီး ကြုံရာစကားဖြင့် စကားကောက်ဖာလိုက်ခြင်း ဖြစ်သည်။

'ဒီအကြောင်း ပြောရဖို့က သိပ်ခက်တယ် အရီးသာလိ၊ အရီးသာလိတို့ အပါအဝင်ပဲ။ ကျုပ်တို့ရွာက လူတွေက အားကြီး လမ်းလွဲနေတယ်။ ဒါလောက် ဘုန်းကံကြီးမား၊ လက်နက်အင်အား ကြီးမားတဲ့ ဗြိတိသျှအရှင်သခင် အစိုးရကို ပုန်စားပုန်ကန်ပြုတယ်ဆိုတာ အိပ်မက်တောင် မမက်သင့်တဲ့ဟာကို သူတို့က သူပုန်ထကြတယ်ဆိုတော့ ဒီရွာလောက်ဆိုးတာ ဘယ်ရွာ ရှိသေးတုံး။ ဒါကြောင့် သူတို့က ဒီလာပြီး နှိမ်နင်းကြရတာပေါ့။ သူပုန်သာ မ ထ ဘူး ဆိုရင် သူတို့ကော ဘာလာဖို့ လိုသေးတုံး'

ရွှေရီမက နှုတ်ကတော့ မဖွင့်၊ မျက်လုံးကြီးများ ထောင့်ကပ်ပြီး ငထွားသို့ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

'ဒါကတော့ကွယ် မင်းကို အငြင်းအခုံ လုပ်တာလည်း မှတ်ပါဘူး၊ ဒီသူပုန်ထတယ်ဆိုတဲ့ လူတွေထဲမှာ အရီးသာလိရဲ့သမက် ပါနေလို့ ပြောတာလည်း မှတ်ပါဘူး။ သူတို့က အချိန်မကျသေးခင်က လူခွန်ကို အတင်းအကျပ်တောင်းရော၊ ဒီကလည်း ပေးစရာ မရှိဘူး။ တကယ်လို့ဆို ဒီတစ်ခါ မပေးနိုင်ရင် နောက်တစ်ခါ တောင်းပေါ့၊ အခု ဒီလိုမှတ်ဘူး၊ ငွေလေးသုံးကျပ် မပေးနိုင်ရုံနဲ့ လှည်းရော နွားရော အတင်းသိမ်းတယ်ဆိုတော့ ဘယ်သူပဲဖြစ်ဖြစ်

ကိုယ်က ကြိုးစားပမ်းစား စုဆောင်းထားတဲ့ ပစ္စည်းဆိုရင် နှမြောကြတာပဲ။ အဲဒီနှမြောတဲ့စိတ်ကို မထိန်းနိုင်လို့ လက်လွန်ခြေလွန် ဖြစ်ကြရတာပါ'

'ဒီလိုမှတ်ဖူး အရီးသာလိ၊ ဒီအကြောင်းတွေ ဘယ်သူမှ မသိဘူး၊ ကျုပ် အသိဆုံး။ ဒီလူတွေက အခွန်တောင်းတောင်း မတောင်းတောင်း၊ ပေးစရာ ရှိရှိ မရှိရှိ၊ သူပုန်ကတော့ ထ ဖြစ်အောင် ထ ကြမှာပဲ။ မှန်တာ ပြောရရင် ဒီအထဲမှာ ဦးကြီးမိုးကောင်းနဲ့ ပေါ်အေးတို့ကတော့ ပါချင်မှ ပါကြမှာပါ'

'ဒီအထဲမှာ အဖေ မပါဘူးဆိုတာ သိရက်သားနဲ့ တော်က တမင် သက်သက် အဖေ့ကို အငြိုးကြီးနဲ့ ဖမ်းတာပေါ့လေ၊ ဟုတ်လား'

ငထွားက လက်ဝါးကာပြရင်း–

'နေဦး ရွှေရီမ၊ နင်က ငါ့ကို ရန်တွေ့ချင် အရင်မလိုနဲ့၊ ငါ့စကား လိပ်ပတ်လည်အောင် နားထောင်ဦး'

'တော့စကားနဲ့ တော်ပဲ၊ အခု လိပ်ပတ်လည်နေပါဘီ၊ သူပုန်ထဖို့ ရည်ရွယ်ကြတဲ့အထဲမှာ အဖေလည်း မပါဘူးတဲ့။ ပြီးတော့ အဖေ့ကို ဘယ် အစိုးရကမှ လာပြီး ဖမ်းတာ မှုတ်ဘူး၊ တော်ကိုယ်တိုင် ဖမ်းပြီးတော့ အိမ် မှာတွင် ချုပ်ထားတာ'

'ဒါကို ငါ ရှင်းပြဦးမယ်၊ ရွှေရီမ နားထောင်'

'အို... ဘာမှ နားထောင်နေစရာ မလိုဘူး၊ တော်က ရွှေရီတို့ တစ် အိမ်သားလုံးကို မတရားသက်သက် အငြိုးကြီးနဲ့ ဒုက္ခရောက်အောင် လုပ် နေတာ'

'ဟဲ့ မိန်းကလေး၊ ဒီလို မပြောရဘူး'

"မပြောရဘူး" ဆိုပေသည့် ရွှေရီမက ပြောပြီးပြီ။ ပြောရုံမက ဖနောင့် ဆောင့်နင်းကာ အိမ်ခန်းထဲသို့ပင် ဝင်သွားပါပြီ။ ထိုအခါ ဒေါ်သာလိလည်း ဘာမျှ မတတ်နိုင်တော့။ အံ့အားသင့်စွာကြည့်ရင်း ပြောလက်စ စကားကို ရပ်ထားလိုက်ရသည်။ သို့တိုင်အောင်ပင် ငထွားက မျက်နှာပျက်မသွားပါ။ ရွှေရီမ သွားရာနောက်သို့ ပြုံးပြုံးကြီး ကြည့်ရင်း စကားကို ပြောမြဲတိုင်း ဆက်ပြောသည်။

'ဒါ ဦးကြီးမိုးကောင်းကိုယ်တိုင် မပါပေတဲ့ ပတ်သက်ရာ ပတ်သက်

ကြောင်းတွေက ရှိနေတယ် မှတ်လား။ ဦးကြီးမိုးကောင်းတို့ ရဟန်းခံထား တဲ့ ဦးဇင်းကိုယ်နှိုက်က ဒီသူပုန်ထဖို့ အရေးထဲမှာ အခါပေး ဦးပုညပဲ။ ပြီးတော့ ဦးကြီးမိုးကောင်းကလည်း ဦးပဥ္စင်း ပြောရင် ဘာမဆို နားထောင် တယ်။ ဦးကြီးမိုးကောင်းကို ကျုပ် ဖမ်းချုပ်ခဲ့တာ မှန်ပါတယ်၊ ကျုပ် အဖမ်း ဦးခင်လို့၊ အဖမ်းမဦးဘူးဆိုရင်လည်း သူပုန်ထဲ ရောက်သွားမှာ အမှန်ပဲ။ သူပုန်ဖြစ်တာနဲ့ တစ်ပြိုင်နက် မသက်သာတော့ဘူး။ အစိုးရက တိုက်လို့ သေရင်သေ၊ မသေရင် အဖမ်းခံရတော့မှာပဲ။ အဖမ်းခံရတယ်ဆိုရင် အနည်း ဆုံး တစ်သက်တစ်ကျွန်း၊ ကျွန်းကလွဲရင် ကြိုးစင်အတင်ခံရမှာပဲ။ ကျုပ်က ဦးကြီးမိုးကောင်းကို သနားလို့ ကယ်တင်လိုက်တာ၊ ခုတိုင်းဆိုတော့ ဘာမှ အပြစ်ကြီးကြီးမားမား မရှိဘူး။ လူတွေ သူပုန်ထဖို့ စည်းဝေးတဲ့အခါတုန်းက ပါဘူးတာရယ်၊ အိမ်က သမက်လုပ်တဲ့လူ သူပုန်ထဲ လိုက်သွားတာရယ်၊ ဒါတွေက ဘာမှ ဖြစ်စလောက်တာ မှတ်ပါဘူး။ သူပုန်ရန်တွေ ဘာတွေ အေးသွားရင် ကျုပ် ပြန်လွှတ်ဖို့ ပြောမှာပါ၊ ဒါတွေကို ရွှေရီမက မသိဘူး။ သူက စိတ်ဆိုးချင်တာပဲ သိတယ်'

'ဒါဖြင့်လည်း သူပုန်ရန်တွေ ဘာတွေနဲ့ မဆိုင်ပါဘူး၊ သူပုန်ထဖို့ လည်း ဘယ်တုန်းကမှ စိတ်မကူးဖူးဘူး။ သူပုန်တွေ နှိမ်တဲ့အထိ စောင့်ဆိုင်း မနေပါနဲ့ သူကြီးလေးရယ်၊ အခုပဲ လွှတ်ဖို့ ပြောပေးပါ'

'အခုတော့ နေပါဦး အရီးသာလိ၊ အခြေအနေ စောင့်ကြည့်ပြီးမှ လုပ်ပေးပါ့မယ်။ ဘာပြုလို့တုံးဆိုတော့ အခု လောလောဆယ် သတင်း ဖြစ်နေတာက သူပုန်တွေက ဒီရွာက စစ်ပုလိပ်တပ်ကို ဒီနေ့ပဲ စီးတော့မလို၊ နက်ဖြန်ပဲ စီးတော့မလို၊ ကျုပ်ကိုပဲ တိတ်တိတ် လာချောင်းသတ်ကြတော့ မလိုလို'

'သူကြီးလေးကို သတ်မယ် ဆိုတာတော့ ဟုတ်မယ် မထင်ပါဘူး သူကြီးလေးရယ်၊ အစိုးရကို သူပုန် ထ ကြတဲ့ဥစ္စာ၊ သူကြီးလေးနဲ့ ဘာ ဆိုင်လို့တုံး'

ဒေါ်သာလိက အသိသိဖြင့် တမင်ပြောလိုက်ခြင်း ဖြစ်သည်။ ထို အချိန်၌ ရွာအရှေ့ပိုင်းဆီမှ သေနတ်ဖောက်သံလိုလို တစ်ချက် ကြားကြ ရသည်။ ယင်းအသံကို ကြားလျှင် ငထွားအဖို့ ခေါင်းနားပန်း ကြီးသွား

သလို ငထွားနှင့်အတူ မျက်နှာချင်းဆိုင်၍ ထိုင်နေကြသော ဒေါ်သာလိနှင့် ရွှေကြည်မတို့လည်း သည်းထိတ်ရင်ဖိုဖြစ်ကာ ငြိမ်၍ နားထောင်နေကြသည်။ မျက်လုံးများကမူ ကျီးလန့်စာစား ဖြစ်နေကြသည်။

'ဘာတွေများ ဖြစ်ကုန်ကြတယ် မသိဘူး'

ခဏအကြာ ငထွားက ဦးခေါင်းကို ကုတ်ရင်း ညည်းညူလိုက်သည်။

'တိုက်များ တိုက်နေကြပလား'

'ရွှေကြည်မကလည်း နေ့ခင်းကြောင်တောင်ကြီးမှာ ဘယ်သူက လာတိုက်မှာလဲ။ ဟိုတစ်ခါတုန်းကသာ ကိုယ့်ပစ္စည်း လိုချင်လောဘနဲ့ လမ်းကနေ အလစ်ဖြတ်တိုက်ရဲတာပါ။ အခုလိုနေရာမျိုးတော့ ဖြောင်မတိုက်ရဲပါဘူး။ သူတို့မှာက ဓားပဲပါတာ၊ ဒီက သေနတ်ကိုယ်စီနဲ့၊ တိုက်ရင် အကုန်သေကုန်ကြမှာပေါ့။ ပြီး ဒီကောင်တွေက ဒါလောက်လည်း သတ္တိမရှိပါဘူး'

ရွှေကြည်မ ပါးစပ်မှ လွှတ်ခနဲ ထွက်လာသည်ကို ငထွားက ချေပပြောဆိုလိုက်ခြင်း ဖြစ်သည်။ ဤသို့ ပြောဆိုသည်ကို ရွှေကြည်မက မခံချင်။ သို့သော် ငထွားမှာ လက်ညှိုးညွှန်ရာ ရေဖြစ်နေသဖြင့် ပြန်လည်ချေပရန် စိတ်မကူးရဲပါ။

'ဟေ့ သူကြီး၊ မင်းက ဘယ်သွားနေတာတုံး၊ ဟိုမှာဖြင့် ရှန်းရင်းဆန်ခတ်ဖြစ်လို့ သေတဲ့လူ သေကုန်ဘီ၊ မင်းက ဒီလာ အေးအေးဆေးဆေး ထိုင်နေတယ်'

ငထွားရှိရာ ဒေါ်သာလိတို့အိမ်သို့ ချက်ကြီး အူးယားဖားယား ပြေးတက်လာကာ ပြောလိုက်ခြင်း ဖြစ်သည်။ ချက်ကြီး အိမ်ဝင်းထဲသို့ ပြေးဝင်လာကတည်းက တစူးတစိုက် ကြည့်နေကြသော ငထွားအပါအဝင် သုံးဦးသားတို့သည်လည်း ချက်ကြီး၏စကားကို ကြားရသောအခါ ထိတ်လန့်တကြားဖြင့် မျက်လုံး မျက်ဆန်များ ပြူးကုန်ကြသည်။

'ဟေ.... ဟုတ်လား၊ ဘာတုံး၊ ဘာဖြစ်ကုန်ကြတာတုံး၊ ပြောစမ်းပါဦး'

'ဘာရမတုံးကွ၊ ဟိုကုလား စစ်ပုလိပ်ကောင်တွေပေါ့၊ ကိုမာဒင်တို့အိမ် အရက်သောက်လာရာကအပြန် မြရင်မတို့ အိမ်ကပြင်မှာ မြရင်မက

ဆန်ဆေးနေတာ မြင်တော့ မြရင်မကို အတင်းဝင်ပြီး ဆွဲမယ်လုပ်ကြတာ ပေါ့။ ဒါနဲ့ မြရင်မက ကြောက်ကြောက်နဲ့ လန့်အော်ပြီး အိမ်ခန်းထဲ ဝင်ပြေး ရော၊ သူတို့ကလည်း အိမ်ခန်းထဲကို အတင်း စွတ်လိုက်ကြတယ်'

'ဘယ်နှယောက်တုံး'

'သုံးယောက်၊ သူတို့မှာလည်း သေနတ်ကိုယ်စီ ပါတယ်။ အဲဒီလို လိုက်တာလည်း မြင်ရော တင်းကုပ်ထဲမှာ နွားချေးကျုံးနေတဲ့ သူ့အဖေ ကိုစံအေးက လှည်းပချပ်က ဓားမကိုနုတ်ပြီး သူတို့ကို ခုတ်ဖို့ အိမ်ပေါ် အတင်းပြေးတက်တာပဲ။ အိမ်ပေါ်လည်းရောက်၊ ကုလားက သေနတ်နဲ့ဆီးပစ် လို့ ကိုစံအေး နေရာတွင် ပွဲချင်းပြီးပဲ'

'ဟယ်....'

'ဪ.... ကျွတ်ကျွတ် ဖြစ်မှ ဖြစ်ရလေ'

'နို့ မြရင်မ' ·

'အို.... ဒါတွေ မေးမနေနဲ့ကွာ၊ မင်းက သူကြီး၊ မင်း လိုက်ကြည့်မှ ဖြစ်မှာပေါ့၊ ပြီး ကိုစံအေးတို့ မြရင်တို့ဆိုတာလည်း တခြားလူတွေမှ မဟုတ် တာ'

'အဲ.... ကုလားတွေကော'

'အခု မရှိဘူး၊ ထွက်သွားကုန်ကြဘီ'

'ခက်တာပဲ၊ ခက်တာမှ နည်းနည်းခက်တာ မှုတ်ဘူး'

သူကြီးငထွား ညည်းညူပြီး ချက်ကြီးနှင့်အတူ ဆင်းလိုက်သွားပါ သည်။ ဒေါ်သာလိနှင့် ရွှေကြည်မတို့ သားအမိကိုပင် နှုတ်ဆက်ရန် သတိ မေ့လျော့နေပါသည်။ သူ၏ဟန်သွင်ကို ကြည့်ရခြင်းဖြင့် စိတ်ဓာတ် အတော် ကျနေဟန် တူပါသည်။

ကိုစံအေးမှာ သူနှင့် ဆွေနီးမျိုးစပ် တော်ရုံမျှမက သူ၏ ဘက်တော် သား၊ သူ့ကို အားပေးအားမြှောက် လုပ်နေသူ တစ်ဦးလည်း ဖြစ်ပါသည်။ "ရွံ့ပုပ်တော့ မျက်နှာစဉ်သည်" ဆိုသော သဘောပင်။

သူသည် မူလက တစ်ဖက်မှ သူ၏ရန်သူများဖြစ်ကြသော ဘုန်းကြီးဘာ ဦးမိုးကောင်း အပါအဝင် ကိုသော်ကတို့ လူတစ်စုအတွက် ဒုက္ခရောက်ရာ ရောက်ကြောင်း စီစဉ်ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ယခု တစ်ဖက်သူတို့တွင်

မဟုတ်၊ သူ့ဘက်မှ လူများပါ ဒုက္ခရောက်နေကြရပြီ။ ယခု သူ၏အစ်ကို နှစ်ဝမ်းကွဲတော်သူ ကိုစံအေး အသက်ဆုံးရှုံးရသည်သာမက တူမ တော်သူပါ မတရားပြုကျင့်ခြင်း ခံခဲ့ရပြီ ဖြစ်သည်။ ငထွား စိတ်ဓာတ်မကျဘဲ ခံနိုင် မည်လား။

## (၁၅)

'ဟော့ သိုက်ထွန်း၊ မင်းက သိပ်လောမကြီးနဲ့ကွ။ မင်းက လောကြီးချင်တတ် တယ်။ အရင်တစ်ခါမျိုးက ကိစ္စမရှိဘူး၊ ပီး သူတို့က လူလည်း နည်း တယ်၊ လက်နက်ကျတော့လည်း ပါတယ် ဆိုရုံပဲ။ အခုဟာက ဒီလိုမှုတ်ဘူး။ လက်နက်လည်း ကိုယ်စီ ရှိတယ်။ အပစ်အခတ်လည်း ကျွမ်းကျင်တယ်။ နို့ပီး စနစ်တကျ ဖွဲ့စည်းထားတဲ့ စစ်ပုလိပ်အဖွဲ့၊ ဒါကို စွဲစွဲမြဲမြဲ မှတ်ထား ပါ'

'ဟုတ်ကဲ့ ကိုရင်ကြီး၊ ကျုပ် သတိနဲ့ လုပ်ပါ့မယ်'

'သိုက်ထွန်းတွင် မှုတ်ဖူးနော်၊ အားလုံးပဲ အားလုံးပဲ၊ မှတ်ထားကြပါ'

'ဟုတ်ကဲ့ ကိုရင်ကြီး'

ပြိုင်တူ ဆိုကြသည်။

'ဒါထက် ဦးဇင်း၊ ဦးဇင်းက ကေသီကြီး ဖိုသီဖတ်သီနဲ့၊ အဲဒီတိုက်ပွဲ ဝင်တုန်း ခဏတော့ လူဝတ်လဲဖို့ ကောင်းတယ်။ ပီး ပြန်ဝတ်ပေါ့'

ကိုသော်ကက အပါးရှိ ဦးပဥ္ဇင်းဘက်သို့ပါ လှည့်၍ ပြောလိုက်ခြင်း ဖြစ်သည်။

'ဘုန်းကြီးဝတ်နဲ့ တိုက်တော့ကော ဘာဖြစ်တုံး ဒကာသော်ရ၊ သာတောင် ကောင်းသေး။ သင်းတို့ကရော၊ သင်းတို့အပေါ်မှာ အုပ်ချုပ်တဲ့ လူတွေကရော မိစ္ဆာကောင်တွေ မှုတ်လား၊ အဲဒီသာသနာ့ရန်စွယ် အန္တရာယ် တွေကို ဖြိုဖျက်ပစ်ချင်လို့ ရဟန်းဝတ်ကြီးနဲ့ တိုက်တယ်၊ ဒါ ဘာဖြစ်သလဲ။ ရဟန်းဝတ်နဲ့ တိုက်ရတာ ပိုတောင် အရသာတွေ့သေး'

ဦးပဥ္ဇင်း ဦးဓမ္မပါလက လက်တွင် မြဲစွာ ဆုပ်ကိုင်ထားသော ငှက် ကြီးတောင် ဓားကို ဝင့်ကာ၊ ဝင့်ကာဖြင့် အားပါးတရ ပြောပြနေခြင်း ဖြစ်

သည်။ ယနေ့ဆိုလျှင် တန်ဆောင်မုန်း လပြည့်ကျော် ခုနစ်ရက် ဖြစ်နေပြီ။ လပြည့်ကျော် ခုနစ်ရက်လလည်း သူပုန်သူကန်တို့အား အားပေး ကူညီသော အနေဖြင့် အရှေ့လောကဓာတ်မှ ဝင်းဝင်းပပ ထွက်ပြူစ ပြုနေပြီဖြစ်သည်။

ဦးပဥ္စင်း ဦးဓမ္မပါလ ဝင့်လိုက်သော ၄က်ကြီးတောင်ဓားသည် မိစ္ဆာရန်သူတို့အား ခုတ်ပိုင်းရန် အလို့ငှာ ရက်ပေါင်း အဘယ်မျှကြာကြာ သွေးထားခဲ့လေသည်မသိ၊ ဓားကို ဝင့်လိုက်တိုင်း ဝင့်လိုက်တိုင်း လျှပ်စီးပြက်သကဲ့သို့ ဝင်းခနဲ လက်ခနဲ ဖြစ်ရှိနေပါသည်။ ယင်းသည် ဦးဓမ္မပါလ၏ ဓားချည်း မဟုတ်ပါ၊ သူပုန်တပ်သားများ ကိုင်သော ဓားတိုင်းလိုလိုပင် ထိုနည်းလည်းကောင်း ဝင်းလက် တောက်ပ နေပါသည်။

သူတို့သည် ပထမအကြိမ် မိမိတို့၏ လှည်းနှင့်နွားများကို လမ်းမှနေ၍ ဆီးကြို လုယက် တိုက်ခိုက်ခဲ့ကြပြီးနောက် ဤတစ်ကြိမ်တွင်သာ တိုက်ပွဲဝင်ရန် အားထုတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ပထမအကြိမ် တိုက်ခိုက်ခဲ့ကြစဉ်က ရေးကြီးသုတ်ပျာဖြစ်၍ လက်နက်များ ရှာဖွေစုဆောင်းချိန် မရခဲ့ကြပါ။ ရရာလက်နက်၊ ရှိရာဓားမတို့ကို ဆွဲပြီး ထွက်ခဲ့ကြရသည်။ ယခုကား ဤသို့မဟုတ်၊ လေးငါးခြောက်ရက်မျှ လက်နက်ရှာဖွေချိန်၊ လက်နက်စုဆောင်းချိန် ရခဲ့ကြသည်။ လက်နက်များကိုလည်း သွေးချိန်၊ သ ချိန်၊ ပြုပြင်ချိန်ရသည်။ ယင်းသည် အခြားမဟုတ်၊ နီးစပ်ရာ နီးစပ်ရာ ရွာများ၊ ကိုယ်နှင့် အလျဉ်းသင့်ရာ သင့်ကြောင်း လူများထံမှ တိတ်တဆိတ် သွားရောက် ယူငင်ကြခြင်း ဖြစ်သည်။ ဝွေးချို၊ အင်တော၊ အုတ်ဖို၊ ငွေလေး၊ မန်ကျည်းတန်း၊ မနော့ကုန်း စသော ရွာများမှ ဖြစ်သည်။

လက်နက်ဆိုသည်မှာလည်း အခြားတော့ မဟုတ်ပါ။ ဓားနှင့် လှံတို့သာ ဖြစ်ပါသည်။ လှံဆိုသော်လည်း လှံကိုင်လိုသူက နည်းပါသည်။ ဆယ်ယောက်လျှင် တစ်ယောက်လောက်သာ ရှိပါမည်။ များသော သူတို့သည် ဗမာပီပီ ဓားဆွဲပြီး ဓားဖြင့်သာ အနီးကပ် ခုတ်ပိုင်းချင်ကြသည်။ ဓားဖြင့် ခုတ်ရမှ အားရသည်ဟု ပြောကြသည်။

ယင်းသည်လည်း နယ်ချဲ့အင်္ဂလိပ်တို့၏ ဖိနှိပ်ချုပ်ချယ်မှုတစ်ရပ်ပင် ဖြစ်သည်။ လှံသည် ရှေးအခါက မြန်မာသူရဲကောင်းများ အသုံးပြုခဲ့သော အရာဝတ္ထုတစ်ခု ဖြစ်သည်။ သို့သော် နယ်ချဲ့အင်္ဂလိပ်များ မြန်မာ

နိုင်ငံ တစ်ဝန်းလုံး သိမ်းပိုက် အုပ်စိုးလာသောအခါ ယင်းတို့ကို ပြန်လှန် တိုက်ခိုက်မည်စိုးသဖြင့် တောင်သူယာလုပ် ဓားမခုတ်အတွက် အသုံးပြု သော ဓားကိုပင် မလွှဲမကင်းသာ၍ ကိုင်ဆောင်ခွင့် ပေးထားရခြင်း ဖြစ်သည်။ ကျန်ရှိသော သံနှင့်ပတ်သက်သည့် လက်နက်များ ဘာလက်နက်မှ ကိုင် ဆောင်ခွင့် မပြုပါ။ ဟင်းရွက်လှီးသော ဓားကိုပင် ဦးချွန်ဓားဆိုလျှင် ကိုင် ဆောင်ခွင့် မပြုပါ။ ယခု သူတို့ စွဲကိုင်လျက်ရှိကြသော ဆောင်ဓားရှည်၊ ငှက်ကြီးတောင်ဓားနှင့် လှံတို့မှာ တိတ်တဆိတ် ခိုးဝှက် ကိုင်ဆောင်ကြခြင်း ဖြစ်ပါသည်။ မြောင်ကိုင်လိုလျှင် လိုင်စင်ယူရသည်။ လိုင်စင်မရှိလျှင် ဖမ်း သည်။ တော်ရုံလူကိုလည်း လိုင်စင် မပေးပါ။ လက်နက်ကိုင်ဆောင်မှုနှင့် ပတ်သက်၍ ဗမာတို့ကို ယင်းမျှအထိ ချုပ်ချယ်ခြင်း ခံနေရသည်။

ထိုအခါ ဗမာတို့အနေဖြင့် လှံကို အသုံးပြုရကောင်းမှန်းပင် မသိ သလောက် ဖြစ်ကုန်ကြသည်။ လှံနှင့်ပတ်သက်သော အဲမောင်းချင်း သုံး ဆယ့် ခုနစ်ချင်းတို့ကို တတ်သိနားလည်ဖို့ မဆိုထားနှင့်။ လှံကိုင်၊ လှံထိုး၊ လှံပစ် ရိုးရိုးမျှလောက်ကိုပင် နှောင်းလူတို့ လုံးဝ နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ဓားကိုကား တောင်သူယာလုပ်တို့အဖို့ နေ့စဉ် အသုံးပြုနေကြရသည် ဖြစ်ရာ လက်ကျင့်ရနေကြသည်။ ယာလုပ်ကြစဉ်က သစ်ပင်၊ သစ်ကိုင်း၊ သစ်တက်တို့ကို ခုတ်သည်။ ယခု တိုက်ပွဲတွင် လူကို ခုတ်ရမည်။ ဓားအမျိုး အမည်မှာလည်း ဓားရှည်နှင့်ဓားမ ထိုမျှသာ ခြားနားပါသည်။ဘာမျှ မကိုင် တတ်စရာ၊ မခုတ်တတ်စရာ မလိုပါ။ သို့အတွက် ယခု တိုက်ပွဲတွင်လည်း လှံကိုင်လိုသူက နည်းပြီး ဓားကိုင်လိုသူက များရခြင်း ဖြစ်ပါသည်။

သူပုန်တပ်သားပေါင်း ခြောက်ဆယ်ခန့် ရှိပါသည်။ ထိုအထဲ သေနတ် ကို လက်ဝယ်ရထားသော သိုက်ထွန်းကပင် သေနတ် မကိုင်လိုပါ။ ဓားဖြင့် ခုတ်ရမှ အားရသည်ဆိုပြီး သူ၏ တစ်လက်တည်းသော သေနတ်ကို ကိုရင် ကြီး ကိုသော်ကသို့ လွှဲပြောင်းပေးလိုက်ပါပြီ။ ယင်းသေနတ်ကို ကိုင်ဆောင် သော ကိုရင်ကြီးနှင့် လှံကိုင် ခြောက်ဦးခန့်တို့မှလွဲပြီး ကျန်အားလုံးတို့မှာ ဆောင်ဓားနှင့် ငှက်ကြီးတောင်ဓားများချည်း ဖြစ်ပါသည်။ ဓားအားလုံးပင်

ဦးဓမ္မပါလနည်းတူ မြည့်နေအောင် သွေးထားကြရာ လရောင်နုနုအောက်တွင် ဓားရောင်များဖြင့် ဖွေးဖွေးလှုပ်နေပါသည်။

သူတို့သည် ဦးဓမ္မပါလ နေသော ကျောင်းဝင်းအတွင်း၌ စတည်းချနေသော စစ်ပုလိပ်တပ်အား သန်းခေါင်ယံ အချိန်လောက်တွင် စီးနင်းတိုက်ခိုက်ရန် ဖိုမြောင်ကြီးစခန်းမှ တစ်ဆင့် ရွာနားသို့ တိတ်တဆိတ် စုရုံးရောက်ရှိလာကြခြင်း ဖြစ်သည်။

ရွာ၏အထက်ဘက် ယင်းချောင်းကမ်းပါး တစ်နေရာတွင် ဖြစ်သည်။ ယင်းချောင်းအတွင်း၌ စုဝေးကြလျှင်လည်း လရောင်ပွင့်လာသောအခါ အဝေးမှ လှမ်းမြင်နိုင်မည်။ ကုန်းဘက်တွင်လည်း ယာခင်းများ၊ ယာစည်းရိုးများက ပိတ်ဆို့ ကာဆီးနေ၍ သွားလမ်းလာလမ်းက မသာယာလှ။ သို့အတွက် မြောက်ဘက် ယင်းကမ်းပါးခြေမှနေ၍ ထိုကျောင်းဆီသို့ စီတန်းလျှောက်ကြရန် ယင်းကမ်းပါးဆီသို့ အရောက် လာခဲ့ကြခြင်း ဖြစ်သည်။ ထိုယင်းကမ်းပါးသို့ အရောက်၌ ပွဲမဝင်ခင် ပြင်က ကျင်းပ ဆိုသလို ခေါင်းဆောင်လုပ်သူက ညွှန်ကြား စည်းလားရိုက်နေခြင်း ဖြစ်သည်။

ကမ်းပါးထိပ်တွင် နွားစာအလို့ငှာ ကြဲထားသော နှံစားပြောင်းခင်း တစ်ခင်း ရှိသည်။ သို့သော် ထိုနှစ်မှာ မိုးခေါင်သောနှစ် ဖြစ်သဖြင့် ပြောင်းခင်းမှာ ပုလုသေးကွေးဖြစ်ပြီး ကျိုးတိုးကျဲတဲမျှရှိရာ ထိုပြောင်းခင်းစပ်တွင် ထိုင်၍ လည်းကောင်း၊ ရပ်၍ လည်းကောင်း စည်းဝေးနေကြခြင်း ဖြစ်သည်။ ပြောင်းပင် ပြောင်းနှံများတို့သည် ဟိုနား တစ်ပင်၊ သည်နား တစ်နှံ ငေါက်တက်တက်မျှသာ ရှိနေပါသည်။ ထိုအထဲ လက်ဆော့လိုသူ၊ ဓားစမ်းလိုသူများက ပြောင်းပင် ပြောင်းနှံ အတော်များများကို ခုတ်စမ်းနေကြရာ ပြောင်းဟူသမျှ ခါးပြတ်ချည်း ဖြစ်ကုန်ပါသည်။

'ဟေ့ ကြောင်ပျံ၊ မင်းကလည်း လက်အငြိမ်မနေနိုင်လိုက်တာ။ မလုပ်ပါနဲ့ကွ၊ ဒီနှစ် မိုးခေါင်လို့ နွားစာရှားရတဲ့အထဲ ရှိစုမဲ့စု ပြောင်းခင်းလေး ပြုတ်ပြုတ်ပြန်းသွားပါဦးမယ်'

'ကျုပ်က တခြားကြောင့်လုပ်တာ မှုတ်ဖူးဗျ၊ ကျုပ် ဓားလည်း စမ်းရင်း၊ ဒီကျောင်းဒကာ ဦးဖိုးကျော့ကို အမြင်ကတ်လွန်းလို့လုပ်တာ။ သူက ငထွားသူကြီးဖြစ်ခါမှ သူကြီးယောက္ခမ တော်ချင်လို့လား မသိဘူး။ ငထွားကို အရမ်း

မြှောက်နေတယ်။ ကျောင်းဒကာဖြစ်ပြီး ကိုယ့်သိက္ခာကိုမှ မရှက်ဘူး ထင်ပါရဲ့ ဗျာ'

'ဟော့ကောင်တွေ တိုးတိုး တိုးတိုး၊ ဒီအချိန်မှာ လေသံနဲ့ ပြောတာတောင် လေသင့်ရင် အဝေးကြီးက ကြားရတယ်ကွ။ ဒီနေရာ ဒို့ ရောက်လာတာ ဘာလုပ်ဖို့ ရောက်လာသတုံး။ စဉ်းစားကြစမ်း'

'ဒီမှာ အားလုံး နားထောင်ကြစမ်း'

ကိုရင်ကြီး၏ ခပ်အုပ်အုပ် အမိန့်ပေးလိုက်သော အသံကြောင့် အားလုံး ငြိမ်ကျသွားသည်။

'အခု တိုက်ပွဲဝင်ဖို့အတွက် အားလုံး အသင့်ရှိနေကြဘီ။ သွားတိုက်ဖို့ပဲ လိုတော့တယ်။ ဘယ်လို တိုက်ရမယ်၊ ရန်သူကို ဘယ်လို ဝိုင်းပြီး ခုတ်ရမယ် ဆိုတာတော့ အားလုံးသိပြီးပဲ။ အခုမှ ရှင်းပြနေဖို့ အချိန်မရှိတော့ဘူး။ အခု လုပ်ရမယ့် အစီအစဉ်က သူတို့ရှိတဲ့နေရာကို ရွာနဲ့ ကျောင်းတွေကြားထဲကနေ ဖြတ်ဝင်ရင် လူတစ်ယောက်၊ နှစ်ယောက်အဖို့တော့ အရေးမကြီးဘူး။ ဒီလောက် လူအုပ်ကြီးနဲ့ကျတော့ ကျောင်းခွေးတွေအတွက် စိုးရိမ်ရတယ်။ ကျောင်းကလည်း တစ်ကျောင်းတည်း မှုတ်ဘူး၊ ကျောင်းအများကြီး ဖြတ်ကျော်သွားရမှာ၊ အထူးသဖြင့်တော့ ချိုင်းကျောင်းက ခွေးအုပ်ပဲ။ အဲဒီ ခွေးအုပ်နဲ့ တွေ့လိုက်ရင် ဆူညံသွားလိမ့်မယ်။ ဒါနဲ့ တစ်ကျောင်းက ဆူ၊ တစ်ကျောင်းက ဆူ ဖြစ်ပြီး ရွာပျက်သလား အောက်မေ့ရလောက်အောင် ဆူညံသွားလိမ့်မယ်။ ဒီတော့ကာ ကုန်းလမ်းက မသွားဘဲ ယင်းချောင်းထဲဆင်းပြီး ယင်းချောင်းအတိုင်း စုန်သွားကြမယ်။ သွားတော့လည်း ယင်းလမ်းက မသွားဘူး၊ ယင်းကမ်းပါး ကပ်ပြီး တစ်ယောက်စီ တစ်ယောက်စီ စီတန်းသွားမယ်။ လှည်းလမ်းဆင်းရောက်ခါမှ လူစု နှစ်စု ခွဲကြမယ်။ တစ်စုက ကိုရင် စံပ အစု၊ ကျန်တဲ့ တစ်စုက ကျုပ်နဲ့ဦးဇင်း အစု၊ ကျုပ်နဲ့ဦးဇင်း အစုက ရွာလှည်းလမ်းဆင်း ရောက်တာနဲ့ ရွာဘက်ကို တက်ကြမယ်၊ ကျောင်းကို ရွာဘက်ကနေ ဝင်မယ်၊ ကိုရင်စံပ အစုကတော့ ယင်းအတိုင်း ဆက်သွားပြီး ကျောင်းနဲ့ တည့်တည့်နေရာကျတော့မှ ကမ်းပါးက တက်၊ ကျောင်းဝင်းကို ဝင်ကြ။ အဲဒီလို ဝင်တဲ့နေရာမှာ အတတ်နိုင်ဆုံး သိုသိပ်ကျစ်လျစ်ဖို့ လိုတယ်။ မြေကြီးကပ်ပြီး တွားသွားသင့်ရင် တွားသွားကြရ

လိမ့်မယ်။ ကျောင်းဝင်းထဲအရောက် သင်းတို့နေတဲ့ ဇရပ်ကို ဝိုင်းမိတဲ့အထိ ဆိုပါတော့၊ ဘယ့်နှယ်တုံး၊ နားလည်ကြရဲ့မှုတ်လား'

'ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်'

ခပ်အုပ်အုပ် ဖြေဆိုသံများ။

'တိုက်တဲ့ခိုက်တဲ့ နေရာမှာတော့ အရင်က ပြောထားတဲ့အတိုင်းပဲ ပေါ့။ ကျုပ်က အချက်လည်း ပေးတဲ့အနေမျိုး အစောင့် စန္ဒရီကို သေနတ်နဲ့ ချိန်ပြီးပစ်မယ်။ သေနတ်သံ ကြားတာနဲ့ အကုန်လုံး ဝိုင်းပြီး တိုက်ကြ ခိုက်ကြ၊ ထိုးကြခုတ်ကြပေါ့။ ဒါတောင် သိပ်ကြာကြာကြီး အချိန်ယူ တိုက် နေလို့ မဖြစ်ဘူး။ သူတို့က နေရာရထားလို့ ကိုယ်ထင်သလောက် ခရီး မပေါက်ရင်၊ ဇရပ်ကို အလုံပိတ်ထားပြီး အတွင်းကနေ ခုခံနေရင် ပထမ ဇရပ်ကို အတင်းဖွင့်ဖို့နဲ့ တက်ဖို့ ကြိုးစားရမယ်၊ ကြိုးစားလို့ မအောင်မြင် ဘူး ဆိုရင် ချက်ချင်း ပြန်ဆုတ်ကြရမယ်။ ဘာပြုလို့တုံးဆိုတော့ ငထွား ကလည်း သူ့လူအုပ်နဲ့သူ ရှိနေပြီး၊ အသင့်ခံတိုက်ဖို့ စီစဉ်ထားတာကိုး။ တိုက်သံခိုက်သံ ကြားရင် သူကလည်း လူစုပြီး ထွက်လာချင် လာမှာ'

'ဒီလိုဆို သူတို့ထွက်လာမယ့် တံခါးကနေ လူလေးငါးယောက် ကင်းချထားရင် မကောင်းဘူးလား ကိုရင်ကြီး'

'ဒါလည်း တစ်နည်းတော့ ကောင်းတာပဲ။ သို့ပေမဲ့ လေးငါးယောက် တောင်တော့ များပါတယ်။ အချက်ပေးဖို့ သုံးယောက်လောက်ဆိုရင် တော် ပါပြီ'

'ကျုပ် တစ်ခု ပြောချင်တယ်၊ ကျောင်းနဲ့ဇရပ်က အဝေးကြီးပဲဟာ သူတို့ ဇရပ်ထဲက မထွက်ဘဲနေရင် ဇရပ်ကို မီးတိုက်ရ ဘယ်လိုနေမတုံး'

'ဟာ ဒါတော့ သွားမလုပ်နဲ့၊ ကိုယ့်ရဲ့ဘာသာ သာသနာကို ကိုယ် ပြန်ဖျက်သလို ဖြစ်နေမှာပေါ့။ ဒါက သာသနာ့အမွေ၊ သာသနာ့ပစ္စည်း၊ ကိုယ့်အသက် အသေခံချင် ခံရမယ်၊ ဒီပစ္စည်းမျိုးကိုတော့ အထူးရှောင်ကြဉ် ကြရမယ်'

'ကိုရင်ကြီးပြောတာ ဟုတ်တာပေါ့။ ဒီဇရပ်တော့ ဘယ်အထိ ခံလို့ ဖြစ်လိမ့်မတုံး။ အခု ဒီအယုတ်တမာကောင်တွေ ဒီဇရပ်ပေါ် ဖိနပ်စီးတက် တာတောင် ဘယ်လောက် အသည်းခိုက်အောင် နာထားတုံး'

နောက်တစ်ယောက်က ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်ပါတယ် ကိုရင်ကြီး၊ ကျုပ် မှားသွားပါတယ်။ ကျုပ်က ဒီ မိစ္ဆာကောင်တွေကို နိုင်ချင်ဇောနဲ့ ပြောလိုက်မိတာပါ'

မူလ ပြောသူက တောင်းပန်လိုက်ခြင်း ဖြစ်သည်။

'ကိုင်း ဒကာသော်၊ ဒကာသော်ရဲ့ အစီအစဉ်က ပြီးဘီမှတ်လား။ အချိန်လင့်နေမယ်၊ သွားကြစို့'

ဦးပဥ္စင်းက ပြောပြီး သူ၏လက်မှာ မြဲစွာ ဆုပ်ကိုင်ထားသော လရောင် တွင် တလက်လက်ဖြစ်နေသည့် ငှက်ကြီးတောင်ဓားကို ဒကာ တစ်ယောက် အား ခေတ္တကိုင်ထားစေကာ ဧကသီကို ပြင်၍ ရုံတည့်လျက်၊ ဖိုသီဖတ်သီ ဖြစ်နေသော ဧကသီစ နှစ်ခုအား ကျောဘက်မှ သိုင်းပတ်ပြီး ရင်ဆီ၌ တင်းစွာ ချည်နှောင်နေပါသည်။

'တင်ပါ့ ဘုရား၊ သွားဖို့ အချိန်တန်နေပါဘီ၊ ကိုင်း ဒါဖြင့်ရင် လူစု တစ်ဝက်ခွဲလိုက်၊ အဲဒီလူတစ်ဝက်နဲ့အတူ ကျုပ်တို့က အရင်ယင်းထဲဆင်းပြီး တစ်ယောက်ချင်းစီ လျှောက်သွားမယ်။ ကိုရင်စံပနဲ့ ကျန်တဲ့လူတစ်ဝက်က အဲဒီလူအုပ်ဆုံးတော့ နောက်ကနေ လိုက်လာကြ၊ ရွာလမ်းဆင်း ရောက်လို့ ကျုပ်တို့က ကုန်းပေါ်တက်ပေမဲ့ ကိုရင်တို့က မတက်ဘဲ ဆက်သွားကြပေါ့။ ဟုတ်လား ကိုရင်'

'အေး၊ ဒါဖြင့် မင်းတို့က သွားလေ'

လရောင်အောက်တွင် သဲသောင်ဖွေးဖွေးနှင့် ယင်းချောင်းကြီး။ ယင်း ချောင်းကြီးသည် ဝါးကြီးအိုင်အနီး၌ အထူးကျယ်ဝန်းလှသည်။ ညအခါ လည်း ဖြစ်ပြန်၍ ပြန့်ပြူးလှစွာသော သဲပြင်ကြီးမှာ မျက်စိတစ်ဆုံးမျှ ဖြစ် နေသည်။ ၎င်းသဲပြင်ကြီးကို ကြည့်၍ ကြည်နူးစရာလည်း ကောင်းသည်။ ရင်သပ်ရှုမော အံ့ဩဖွယ်ရာလည်း ကောင်းသည်။ အားအင်နုန့်နဲ့သူများ အဖို့ အားငယ်စရာလည်း ကောင်းလှပါသည်။

ထိုသဲပြင်ကျယ်ကြီးထဲတွင် ရေစီးကြောင်းကလေး သေးသေး ငယ် ငယ် ကျဉ်းကျဉ်းမြောင်းမြောင်းမျှ ရှိပါသည်။ မိုးခေါင်သောနှစ်လည်း ဖြစ် သည်။ မိုးအကုန် ဆောင်းအကူး အခါသမယလည်း ဖြစ်သည်။ ရေစီး ကြောင်းသည် တဖြည်းထက်တဖြည်း လျော့နည်းလာရာ ရေအနက်မှာ

ခြေသလုံး တစ်ပတ်ရစ်ခန့်ပင် မရှိတော့ပါ။ ခြေမျက်စိ မြုပ်ရုံသာသာမျှ ရှိပါသည်။

သို့တိုင်အောင် ရေစီးတို့၏ သဘာဝအတိုင်း လှိုင်းတွန့်ကလေးများ၊ လှိုင်းကြက်ခွပ်ကလေးများဖြင့် တလှုပ်လှုပ်တရွရွ တသွင်သွင် ရွေ့လျား စီးဆင်းနေရာ လရောင်ဖြင့် ဝင်းလက်ပြိုးပြက်နေပါသည်။ အနီးကပ်တွင် ရေလျှင်ရေချင်း တွန်းတိုက် ရိုက်ခတ်သံများလည်း တိုးတိုးညင်းညင်း ကြား နေရသည်။ ကြည်နူးဖွယ် တစ်မျိုးပင်။

ထိုရေစီးသည် ယင်းလယ်က သွားသည့်အခါလည်း သွားသည်။ ကမ်းကပ်သည့်အခါလည်း ကပ်သည်။ သို့နှင့်အမျှ စီတန်းလျှောက်သွား နေကြသော ကိုသော်ကတို့ သူပုန်တစ်စုသည် သဲခြောက်များကို ရုန်းကန် သည့် အခါလည်း ရုန်းကန်ကြရသည်။ ရေစီးအလိုက် ရေထဲမှ လျှောက် သည့် အခါလည်း လျှောက်ကြရသည်။ ဤနည်းဖြင့် လိုရာခရီးဖြစ်သော ရွာလမ်းဆင်းနေရာသို့ ရောက်ရှိလာကြရာ ကိုသော်ကနှင့် နောက်ပါတစ်စု က ရွာဆီသွားရာ လမ်းတက်အတိုင်း တက်သွားကြသည်။ ကိုစံပနှင့် သူ့ လူတစ်စုကမူ ဆက်လျှောက်ကြသည်။

အခြေအနေမှာ ပကတိ တိတ်ဆိတ်နေပါသည်။ မြောက်အရပ်မှ ညင်းညင်းညံ့ညံ့ တိုက်ခတ်လာသော လေနုအေးကလေး၏ ဆောင်ယူမှု ကြောင့် ကျောင်းဝင်းအပြင်ဘက်၌ရှိသော လူ၏ လက်ခုပ်တစ်ဖောင်ခန့်ရှိ ပြောင်းရွှေဝါပင်များမှ အဆုပ်အဆုပ် ပြောင်းနှံကြီးများတို့ ယိမ်းကနေကြ သည်မှလွဲ၍ အခြားမည်သည့်အရာမျှ လှုပ်ခတ် ရွေ့လျားနေသည် ဟူ၍ မထင်မှတ်ရပါ။

ဤကြားထဲ မြောက်အရပ်၌ တည်ရှိသော ဟိမဝန္တာတောင်စွယ်တန်း များမှ မြောက်ပြန်လေ သယ်ဆောင်လာသော နှင်းဓာခြည်တို့သည်လည်း လရောင်တွင် ဖြူလွ ဆိုင်းဆို့နေပြန်သေးရာ၊ တော်ရုံ နီးကပ်သော အရာဝတ္ထု တို့မှအပ ဘာကိုမျှ သဲကွဲစွာ မတွေ့မြင်ရသဖြင့် ကျောင်း၏ စည်းရိုးခြေသို့ ရောက်ရှိနေကြသော ကိုသော်ကတို့အား ဘယ်သူမှ မမြင် မတွေ့ရဘဲ ဖြစ်နေပါသည်။

'ကဲ.... ဦးဇင်းက အရင်ဝင်ပြီး ကျောင်းအောက်သို့ သွားနှင့်ပါ၊ ဒါမှ ကျောင်းက ခွေးတွေ ထ မဆူကြမှာ'

ကိုရင်ကြီးက တီးတိုးလျှောက်လိုက်ခြင်း ဖြစ်သည်။

'ကိုရင်ကြီး ကျုပ်ပါ လိုက်သွားမယ်၊ အဲ ဟိုကင်းစောင့်တဲ့ ကုလားကို ကိုရင်ကြီး မပစ်နဲ့၊ ကျုပ် လုပ်မယ်၊ ဓားနဲ့ခုတ်ချင်ရင် ခုတ်မယ်၊ ဘာသံမှ မကြားရအောင် လူကိုပွေ့ပြီး ဓားနဲ့ထိုးချင်ရင် ထိုးမယ်။ ပြီးမှ အားလုံးဝိုင်းပြီး ဇရပ်ပေါ် တက်ကြတာပေါ့။ ဒါမှ ကျန်တဲ့အကောင်တွေ ခုခံချိန် မရမှာ'

'ဟုတ်တယ် ဒကာသော်၊ သိုက်ထွန်း ပြောတာ သိပ်သဘာဝကျတယ်။ အဲဒီကုလားကို သုတ်သင်ပြီးတဲ့အထိ ဒကာသော်တို့ အဲဟို ငှက်ပျောတောထဲကနေ စောင့်၊ ပြီးတာနဲ့ ဇရပ်ပေါ် ပြုတက်၊ တက်ပြီးခါမှ ဒကာသော်က သေနတ်နဲ့ အချက်ပေးလိုက်ပေါ့'

'ကင်းသမားက တစ်ယောက်တည်း မှတ်ဘူး၊ အဲဟို မှန်အိမ်ထွန်းထားတဲ့ အဖီအောက်မှာလည်း အိပ်စင်နဲ့နေတာ တစ်ယောက်လား၊ နှစ်ယောက်လား ရှိသေးတယ်'

'ဒါအတွက် မပူပါနဲ့ ဒကာသော်၊ ကျုပ်လည်း လိုက်သွားမှာပါ။ ကျုပ်ပါတယ်ဆိုရင် ခွေးက ကိစ္စမရှိပါဘူး၊ သိုက်ထွန်း လုပ်နေချိန် ကျုပ်က အဲဒီက ကုလားဆီ အရောက်သွားမှာပဲ'

ဦးပဉ္ဇင်း ပြောနေပုံမှာ လွယ်လွယ်ကလေး ဖြစ်သည်။ တစ်ဖက်က ကိုယ့်ကို ဘာမှ အန္တရာယ်မပြုနိုင်သည့်ပုံမျိုး၊ ဘာမှ စိုးရိမ်ကြောင့်ကြ မရှိသည့်အသွင်။ တကယ်တော့လည်း ထိုသူများမှာ သေလူများ ဖြစ်ကြပါသည်။ သေမည်ကို ဘာမှစိုးရိမ်နေစရာ မလိုပါ။ တစ်ဖက်ရန်သူကို ကိုယ်က အပြုတ်ဖြုတ်နိုင်ဖို့သာ အရေးကြီးသည်။ ဦးပဉ္ဇင်းအနေဖြင့် ဤမျှသေးကွေးသော တပ်ဖွဲ့ကလေးမျှကို မဆိုထားနှင့်၊ တစ်နိုင်ငံလုံး အုပ်ချုပ်မင်းလုပ်နေသည့် နယ်ချဲ့အင်္ဂလိပ် အစိုးရကိုပါ အပြုတ်ဖြုတ်ရန် ရည်ရွယ်ထားသည်။ ယင်းမျှလောက်ကို ဘာမျှ မှုနေလိမ့်မည် မဟုတ်။

အစီအစဉ်အတိုင်း သိုက်ထွန်းနှင့် ဦးပဉ္ဇင်းတို့က ရှေ့ဦးစွာ ကျောင်းဝင်းအတွင်းသို့ ဝင်လျက် မှောင်ခိုကာ ကျောင်းမကြီးအောက်သို့ အရောက်သွား

ကြသည်။ ကျန်ရှိသော ကိုသော်ကတို့ တစ်စုလည်း တစ်စတစ်စ ကျောင်းဝင်း အတွင်းသို့ ဝင်၍ ငှက်ပျောရုံများအကြားမှ စောင့်ဆိုင်းနေကြသည်။ တစ်ဖက် မှ ဝင်ရောက်ကြသော ကိုစံပတို့ လူတစ်စုလည်း ထိုနည်း လည်းကောင်း ကျောင်းဝင်းအတွင်းသို့ ဝင်ကြကာ သူတို့လိုပင် သစ်ပင်များ၊ ပန်းရုံများ၊ ငှက်ပျောပင်များတို့ကို အကာအကွယ်ပြု၍ တစ်ဖက်မှ အချက်ပေးသံကို စောင့်ဆိုင်းနေကြပါသည်။

အစောင့်စန္ဒရီသည် သေနတ်ကို ထမ်းလျက် ဇရပ်၏ မျက်နှာစာ၌ ဟိုမှသည်မှ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်ကို လရောင်ဖြင့် ကောင်းစွာ တွေ့မြင်နေရပါသည်။ သန်းခေါင်အချိန် တိုင်ပြီဖြစ်၍ သူလည်း အိပ်ချင် နေဟန်တူသည်။ တစ်ချက်တစ်ချက် "အိုင်း" ဟု အသံကြီး ထုတ်ကာ သမ်းဝေနေပါသည်။

အထက်တွင် ရေးခဲ့သည့်အတိုင်းပင် သူတို့ ကင်းအဖွဲ့ကနှင့် တူသည့် ဇရပ်၏အဖီအောက်ရှိ ခုတင်တစ်လုံးပေါ်တွင် ကုလားနှစ်ယောက် ယှဉ်လျက် အိပ်နေကြသေးသည်ကို မှန်အိမ်မီးရောင်ဖြင့် တွေ့မြင်ရသည်။ သေနတ် များကို သူတို့ခေါင်းရင်း၌ ထောင်ထားကြသည်။

အစောင့်ကုလား လျှောက်နေရာ၏ တစ်ဖက်ထိပ်တွင် ထန်းပင် ကြီး တစ်ပင်ရှိသည်။ ကုလားအလစ်တွင် သိုက်ထွန်းက ထိုထန်းပင်ခြေသို့ ပြေးကပ်လိုက်သည်။ ကုလား နောက်တစ်ပတ် လှည့်အလာကို ချောင်းနေ သည်။ အလားတူပင် ဦးပဍ္ဍင်းကလည်း ဇရပ်အောက်သို့ ဝင်ကပ်လိုက်ပြန် သည်။ ထိုဇရပ်အောက်မှ တစ်ဆင့် အဖီအောက်၌ အိပ်မောကျနေသော ကုလားများဆီသို့ ရွေ့လျားသွားသည်။

ဦးပဍ္ဍင်းလည်း အဖီဆီသို့ ရောက်အလာ အိပ်နေသော ကုလား နှစ်ယောက်အနက် တစ်ယောက်က ထထိုင်လိုက်သည်။ ဟိုကြည့်သည်ကြည့် ကြည့်သည်။ ဦးပဍ္ဍင်းအဖို့ ရှေ့ဆက်လုပ်ဖို့ ခက်သွားသည်။ ဇရပ်တိုင်က အသာကပ်နေလိုက်ရသည်။ ကုလားသည် မူလကတည်းက "ကုလားအေ ကုလားမြော" အိပ်နေဟန်မတူ၊ နိုးနေဟန်တူသည်။ နားထဲတွင် တစ် တစ်ရာ ကြားရ၍ မသင်္ကာစိတ်ဖြင့် ထ ထိုင် လိုက်ဟန် တူသည်။

ထိုအချိန်၌ပင် အကွက်ရသည်နှင့်တစ်ပြိုင်နက် သိုက်ထွန်းသည

သူ့အနားသို့ ရောက်လာသော စန္ဒရီကုလား နောက်ပြန် အလှည့်လိုက်တွင် နောက်မှနေကာ လည်မျိုကို လက်မောင်းဖြင့် ညှစ်၍ အသင့်ကိုင်ဆောင်ထားသော ဓားမြှောင်ဖြင့် ရင်ဝကို ထိုးစိုက်ပါလေသည်။ ယင်းကုလားက ဘယ်သို့မျှ အသံမပြုနိုင်သော်လည်း ထထိုင်လျက်သား ရှိနေသော ကုလားက တွေ့မြင်ရလျှင် တွေ့မြင်ရချင်း ပါးစပ်မှ အသံကုန် ဟစ်အော်သည်။ အသင့်ရှိနေသော သေနတ်ကိုလည်း ကောက်ကိုင်လေရာ ဦးပဥ္စင်းမှာ မနေသာတော့ဘဲ နေရာမှထွက်၍ ထိုကုလားကို ရင်ဆိုင်ရပါသည်။

တစ်ပြိုင်နက်ပင် ကိုသော်ကက သေနတ်ပစ်ဖောက် အချက်ပေးလိုက်ရာ အသင့်ချောင်းမြောင်း စောင့်ကြည့်နေကြသော လူအုပ်လည်း လေအဟုန်ကဲ့သို့ လျင်မြန်စွာ စုရုံး ရောက်ရှိလာကြပါသည်။ သူတို့ကလည်း အရောက် ဇရပ်ပေါ်မှ ကုလားတွေကလည်း လူးလဲ အထကြနှင့် ဆုံမိပြီး ထိုးကြခုတ်ကြ၊ ပါးစပ်မှ ညာသံပေးကြနှင့် အခြေအနေမှာ ရုတ်ခြည်းပြောင်းလဲသွားကာ တစ်ခဲနက် ဆူညံသွားပါသည်။

'ခုတ်ကြဟ'

'ထိုးကြဟ'

'အင်္ဂလိပ် ကျွန်တွေကို အသေသတ်ပစ်၊ တစ်ယောက်မှ မချန်နဲ့'

'ပစ်လိုက်စမ်း၊ နင်တို့ သေနတ်'

'နင်တို့ သေနတ်လောက်တော့ ဒါ ထင်တယ်ဟ'

'ဟော့ ဟိုမှာ... ဗိုလ် ဆင်းပြေးဘီ၊ လိုက်ကြဟ'

သေနတ်သံ၊ အော်သံ၊ ဆဲသံ၊ ခုတ်သံ၊ ထစ်သံများသည် ဝါးကြီးအိုင် တစ်ရွာလုံးသာမက တစ်ဖက်ကမ်းရှိ မန်ကျည်းတန်းရွာမှ လည်းကောင်း၊ အခြားရွာနီးချုပ်စပ်များမှ လည်းကောင်း ကြားနိုင်သည်ဖြစ်ရာ ကြောက်တတ်သူများဖြစ်လျှင် အသံကြားရုံမျှဖြင့် ဖိမ့်ဖိမ့်တုန်နေလိမ့်မည် ထင်သည်။

ကုလားများလည်း သေသူသေ၊ မသေသူများက ထွက်ပြေးကုန်ကြသည်။ အချို့က ပြေးရင်းမှ သေနတ်များဖြင့် ပြန်လှန် ပစ်ခတ်ကြသည်။ သူပုန်တပ်သားများထဲမှလည်း သေသူရော၊ ဒဏ်ရာရသူပါ အတော်များများ ရှိပါသည်။

စာရင်းချုပ်ကြည့်လိုက်သောအခါ ကုလားအလောင်း ဆယ်လောင်း

ရရှိသည်။ အချို့ကုလားများ ဒဏ်ရာနှင့် ထွက်ပြေးရာတွင် ပါသွားသည်။ ဒဏ်ရာအနာတရဖြင့် ထွက်မပြေးနိုင်သော ကုလားများကိုမူ ခုတ်သတ်ကြသည်။ သူပုန်များတို့က သေနတ်နှင့် ယမ်းတောင့်မှလွဲ၍ အခြားဘာမှ မယူပါ။ သေနတ် ဆယ့်ငါးလက်၊ ယမ်းတောင့် တစ်ရာကျော်ခန့် ရသည်။

သူပုန်ဘက်မှ ငါးယောက်ကျသည်။ ငါးယောက်ခန့် ဒဏ်ရာရသည်။ ဒဏ်ရာရသူများ အလွန်မပြင်းထန်လှပါ။ သေနတ်ရုပ်ထိသူများ လိုလိုချည်း ဖြစ်သည်။ ထိုထက် ဝမ်းနည်းစရာ အကောင်းဆုံးမှာကား အခြားမဟုတ်၊ ခေါင်းဆောင်များ ဖြစ်ကြသော ဦးပဥ္စင်းဦးဓမ္မပါလနှင့် ကိုစံပတို့ ကျဆုံးရာတွင် ပါသွားခြင်းပင် ဖြစ်ပါသည်။ ထို့အတွက် သူပုန်အားလုံးပင် ရင်ထုမနာ ဖြစ်နေကြသည်။

ဦးပဥ္စင်း ကျဆုံးရခြင်းမှာ တိုက်ပွဲ အစပျိုးချိန်ကတည်းက ဖြစ်ပါသည်။ ဦးပဥ္စင်းက အခြေအနေအရ အချိန်မရတော့သည်နှင့် ဇရပ်အောက်မှ ကပျာကသီ ထွက်တည့်ကာ ရှေးဦးဆုံး အိပ်ရာမှ နိုးလာပြီး အော်လိုက်သော ကုလားကို ဓားဖြင့် ခုတ်ပါသည်။ ကုလားမှာ ဦးပဥ္စင်း၏ ဓားချက်ကြောင့် နောက်ထပ်တော့ မအော်နိုင်တော့ပါ။ သို့သော် သတိနှင့်အိပ်နေသော အခြားကုလားတစ်ယောက်က ထလာပြီး လုံ့စွပ် အသင့်တပ်ထားသော သေနတ်ကို ဆွဲယူ၍ ဦးပဥ္စင်းအား ထိုးလိုက်ပါသည်။ ဦးပဥ္စင်းလည်း နေရာ၌ပင် ပုံလျက်ကျသွားရှာသည်။ ထိုကုလားလည်း မသက်သာပါ။ ချက်ချင်းဆိုသလို အသင့်ချောင်းနေသော ကိုစံပတို့ဘက်မှ လူများ ရောက်လာပြီး သူ့အား ဝိုင်းဝန်း ထိုးခုတ် သတ်ဖြတ်လိုက်ကြပါသည်။

ကိုစံပကား အခြားကြောင့် မဟုတ်ပါ။ စစ်ပုလိပ်ဗိုလ် ဇရပ်ပေါ်မှ ဆင်းအပြေး သတိမေ့လျော့ကာ ထက်ကြပ်လိုက်သွားရာ ထိုဗိုလ်က ပြန်လှန်ကာ ခြောက်လုံးပြူးဖြင့် ပစ်၍ ကျဆုံးရခြင်း ဖြစ်ပါသည်။ ကျန်သုံးဦးတို့ကား ချစ်စံ၊ ငမှတ်နှင့် ကိုမြဒင်တို့ ဖြစ်ကြသည်။

ကျန်လူများတို့သည် ရရှိသော လက်နက်များကို လည်းကောင်း၊ မိမိတို့ဘက်မှ ကျဆုံးသူတို့၏ အလောင်းများကို လည်းကောင်း သယ်ဆောင်၍ စခန်းနေရာသို့ ပြန်ခဲ့ကြသည်။

အုတ်နံရံကို ခေါင်းဖြင့် တိုက်၍ မပြိုပျက်နိုင်မှန်း သိပါသည်။ သို့သော် ဦးခေါင်းဖြင့် တိုက်ပါများလျှင်၊ ဦးခေါင်းတွေ အဆမတန် ပေါင်းရုံးပြီး စုပြုံ၍တိုက်လျှင် ထိုအုတ်နံရံကြီး မပြိုနိုင်၊ မပျက်စီးနိုင်ဟု ဘယ်သူ ပြောနိုင်မည်နည်း။

ခေါင်းဆောင်သူများအနက်မှ တစ်ဦးတည်းသာ ကျန်ရှိခဲ့သော ကိုရင်ကြီး ကိုသော်က၏ ရည်ရွယ်ချက်မှာလည်း ထိုနည်းလည်းကောင်း ဖြစ်ပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏ အင်အားသည် အဆမတန် ကြီးမားလှသည်။ နေမဝင်သော အင်ပိုင်ယာရှင်ဟု အများခေါ်ကြသလို ဤကမ္ဘာပေါ်တွင် သူတို့ စိုးပိုင်သသော နိုင်ငံအမြောက်အမြား ရှိသည်။ ယင်းမျှ ကြီးမားလှသော အင်အား ထုထည်ကြီးကို ဝါးကြီးအိုင်ရွာမှ မဖြစ်စလောက် လူစုကလေးမျှဖြင့် တော်လှန် ပုန်ကန်သည်ဆိုလျှင် မြင်းမိုရ်တောင်ကို ဆီးစေ့ဖြင့် ပစ်ပေါက်သည်နှင့် ဘာမျှ ခြားနားလိမ့်မည် မဟုတ်ပါ။

"မင်းတို့က ဘာအရှုံးထရတာတုံး၊ မင်းတို့လောက်ကို မပြောနဲ့၊ ကုန်းဘောင်မင်းဆက် ဘကြီးတော်မင်း လက်ထက်က တစ်ကြိမ်၊ ပုဂံမင်းလက်ထက်က တစ်ကြိမ်၊ နောက်ဆုံး သီပေါမင်းလက်ထက်မှာ တစ်ကြိမ်၊ သူတို့ အင်္ဂလိပ်ဘက်ကရော၊ ဗမာမင်းများဘက်ကရော အင်ကြီးအားကြီး ထုကြီးထည်ကြီးနဲ့ ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြတာပဲ။ ဒါပေမဲ့ ဘုန်းကံချင်းရော လက်နက်ချင်းပါ နည်းနည်းကလေးမှ မယှဉ်သာတော့ ဗမာတွေ ဒီအတိုင်း အညံ့ခံခဲ့ရတယ်၊ အရှုံးပေးရတယ်။ ဗမာဘက်က ရာပေါင်း ထောင်ပေါင်း များစွာ အသေခံ တိုက်ခဲ့ကြတယ်၊ မရဘူး။ မင်းတို့က အဲဒီလူတွေရဲ့ အပုံတစ်ထောင်ပုံလို့ တစ်ပုံရှိမလား၊ အပုံတစ်သောင်းပုံလို့ တစ်ပုံ ရှိမလား၊ မင်းတို့ ဒီလောက်ကလေး ရှုံးတာ အရှုံးတောင် နည်းသေးတယ်။ ဒီလောက်ကလေး သေတာ အသေတောင် နည်းသေးတယ်။တစ်ယောက်မကျန် အကုန်သေဖို့ကောင်းတာ။ ဒါလည်းပဲ အင်္ဂလိပ်က စစ်တပ်ကြီး ဘာကြီးနဲ့ ချီလာတိုက်တာ မဟုတ်သေးလို့၊ သူတို့ရဲ့လက်အောက်ငယ်သား စစ်ပုလိပ်ကလေး တစ်ရာ ကိုးဆယ်လောက် လာတိုက်တာမို့လို့၊ နို့မဟုတ်ရင်ကွာ မင်းတို့လူစု

ထက် အဆတစ်ရာ များပေစေ၊ အင်္ဂလိပ်က ခဏာကလေးနဲ့ စိစိညက်ညက် ခြေပစ်လိုက်မှာပေါ့။ဟဲ...ဟဲ ငါပြောတာ မဟုတ်ဘူးလားကွ မောင်သော်ကရ”

ယင်းစကားစုသည် ကိုသော်ကအထံသို့ ဘယ်သူ တစ်ဦးတစ်ယောက် ကမျှ လာရောက် ပြောဆိုနေခြင်း မဟုတ်ပါ။ အချိန်အခါနှင့် အခြေအနေက ပြောပြနေခြင်း ဖြစ်ပါသည်။ သို့သော် ကိုသော်ကအနေဖြင့် စိတ်ပျက်သလား ဆိုတော့ စိတ်မပျက်ပါ။ ထိုအကြောင်းများကို ယခုမှ လေ့လာ သုံးသပ်မိသည် မဟုတ်။ မဆွကတည်းက သုံးသပ်ပြီး၊ နားလည်ပြီး ဖြစ်ပါသည်။

ဤလို လက်နက်အင်အားလည်း မရှိ၊ လူအင်အားလည်း ထင်သလို စုဆောင်းမရ။ အင်အားချင်းက မြင်းမိုရ်တောင်နှင့် ဆီးစေ့လောက် ကွာခြားသည်ဆိုပြီး မကြံစည်ဘဲ၊ မတိုက်ဘဲ လက်ပိုက်ကြည့်နေမည်လား။ တိုင်းတစ်ပါးသားတို့က နိုင်လိုမင်းထက် မတရားတိုက်ယူ၊ မတရား အုပ်ချုပ်၊ မတရား ဖိနှိပ်ချုပ်ချယ်နေမှုကို ကမ္ဘာချဉ်းသည်အထိ ဘယ်သို့မျှ ပြန်မလုပ်ဘဲ ထိုအတိုင်း ငုံ့ခံနေမည်လား။ တစ်ချိန်က လျှမ်းလျှမ်းတောက် စစ်သွေး စစ်မာန်ကြွခဲ့သော ဒို့ဗမာတွေ ယခု ဇာတိမာန် ဇာတိသွေးဟူ၍ လုံးလုံး မရှိတော့ဘူးလား။ သေရဲသော သတ္တိ၊ တိုက်ရဲသောသတ္တိ မရှိတော့ပြီလား။

ဤလိုတော့ မဟုတ်ပါ။ ဗမာတို့၏ အစဉ်အလာတွင် “လေ့ခွက်ချည်း ကျန် အလံမလဲ” ဟူ၍ ဆိုရိုးစကား ရှိပါသည်။ ထိုဆိုရိုးအတိုင်း ကျင့်ကြံ လိုသူ ယနေ့ ဗမာနိုင်ငံတွင် ဘယ်နှယောက် ရှိပါသနည်း။ တစ်နိုင်ငံလုံးမှ ဆယ်ယောက်ရှိရှိ၊ ငါးယောက်ရှိရှိ၊ တကယ်တော့ ထိုမျှမက ရှိနေပါသည်။ ယခုပင်လျှင် လူခြောက်ဆယ်လောက်အနက်မှ လူနှစ်ဆယ်လောက် အသက် စွန့်သွားကြပြီးပြီ။ ထိုသူမျိုးများ နောက်ထပ် မပေါ်လာဟူ၍ ဆိုနိုင်မည် လား။ ပင်လယ်တွင်း သင်္ဘောပျက်၍ တွယ်ရာမဲ့ဖြစ်နေသူ တစ်ဦးသည် ငါ ကူးလို့တော့ မရပြီ၊ ကမ်းမမြင်လမ်းမမြင် ပင်လယ်တွင်း၌ မုချ ရေနစ် သေရတော့မည်ဆိုပြီး ထိုအတိုင်း လုံးဝ မကူးခပ်ဘဲနေမည်လား။ သေတာ ရှင်တာက အကြောင်းမဟုတ်၊ ကူးခပ်ဖို့ တာဝန်က သူ့တာဝန်ဆိုလျက် မသေခင်စပ်ကြား ကူးခပ်နေမည်လား။ ကူးခပ်ကြမည်မှာ အမှန်ပင် ဖြစ်ပါ သည်။ ယခု ကိုသော်ကကလည်း ထိုအသိဖြင့် လုပ်ကိုင် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

ကိုသော်ကချည်းမဟုတ်၊ ထိုအထဲ သိုက်ထွန်း ပါသည်၊ ကြောင်ပျံ ပါသည်၊ ငပွေး ပါသည်။ ပေါင်း လေးဦးဖြစ်ပါသည်။ သူတို့လေးဦးသား သည် ဝါးကြီးအိုင်ရွာနားသို့ပင် မကပ်နိုင်ကြပါ။ တောနက်ရာ၊ ချောက်ကမ်း ထူထပ်ရာ ဝါးကြီးအိုင်ရွာနှင့် ဝေးသောနေရာတို့တွင် သွားရောက် ခိုအောင်း နေကြရပါသည်။

အနေကျတော့လည်း ဖြစ်သလိုနေ၊ အစားကျတော့လည်း ဖြစ်သလို စား၊ ရရာနှင့် တင်းတိမ်၊ သူတို့အနေဖြင့် သူပုန် ဟူ၍ပင် ခေါ်ဖို့ခက်နေသည်။ ဤရက်များအတွင်း၌ဆိုလျှင် ဝရမ်းပြေးများလို ဟိုပြေးသည်လွှား လုပ်နေကြ ရပါသည်။ တိုက်ရေးခိုက်ရေးကို မစဉ်းစားနိုင်ကြသေးပါ။ တိုက်ခိုက်ရန် လည်း မလွယ်လှပါ။ အစိုးရဘက်သားများက အုပ်ကြီးစုကြီးများဖြင့် သူတို့ အား တရမန်းကြမ်း လိုက်လံ ရှာဖွေနေကြ၍ ဖြစ်ပါသည်။ ထိုသူများအား သူတို့ ခံတိုက်လျှင် သေရုံသာ ရှိမည်၊ ဘာမျှ အကြောင်းထူးလိမ့်မည် မဟုတ်။ ခေါင်းဆောင်ကိုသော်က ကိုယ်တိုင်က ယခုအခြေအနေ အတိုင်းဆိုလျှင် ခံမတိုက်ရဟု ပြောထား၍ မတိုက်ဘဲ နေကြခြင်း ဖြစ်ပါသည်။

လူလေးယောက်အနက် သိုက်ထွန်းနှင့် ကြောင်ပျံတို့ နှစ်ယောက် ကမူ တိုက်ချင်သည်မှ လက်ယားနေကြသည်။

'ကျုပ်တို့လည်း သေချင် သေပါစေ၊ သူတို့ဘက်က ဗိုလ်လုပ်တဲ့လူ တစ်ယောက်ဖြစ်ဖြစ်၊ နှစ်ယောက်ဖြစ်ဖြစ်၊ ဘယ်နှယောက်ဖြစ်ဖြစ် ကျုပ်တို့ မသေခင် သတ်သွားရရင် ကျေနပ်ပါဘီ'ဟု ဆိုကြသည်။ သို့သော် ကိုသော်က က တိုက်ခွင့် မပြုပါ။

'ကိုယ် သေလိမ့်မယ်မှန်း သိရက်နဲ့ အကြောင်းမဲ့တော့ အသေမခံ ကြပါနဲ့၊ တကယ်လို့ အကြောင်းထူးမယ်ဆိုရင် မင်းတို့ချည်းမှုတ်ဘူး၊ ငါပါ အသေခံ တိုက်မယ်။ အခု အဲဒီအချိန် မရောက်သေးဘူး၊ အဲဒီအချိန် ရောက် အောင် စောင့်ကြဦး'ဟု ပြောထားခြင်း ဖြစ်သည်။

ဦးခမ္မပါလနှင့် ကိုစံပတို့ အပါအဝင် ငါးဦးကျဆုံးခဲ့သော ဘုန်းကြီး ကျောင်းတွင်း တိုက်ပွဲပြီးခဲ့သည့်နောက် ရက်သတ္တတစ်ပတ်ထက် ပို၍ ကြာ လိမ့်မည် မထင်ပါ။ သူပုန်များ ခိုအောင်းလျက်ရှိသော ဗိုမြှောင်ကြီးစခန်းသို့ အမှတ်မထင် စစ်ပုလိပ်တပ်ကြီး တစ်တပ် လာရောက် ဝိုင်းဝန်းခြင်း ခံရပါ

သည်။ သို့ ဝိုင်းဝန်းစဉ်က သူပုန်ဘက်ကလည်း ပစ်သည်၊ အစိုးရဘက်ကလည်း ပစ်သည်။

စစ်ပုလိပ်တပ်ကြီးဟု ဆိုသော်လည်း စစ်ပုလိပ်တပ်သားများက လွန်ရော ငါးဆယ် ခြောက်ဆယ်ခန့်သာ ရှိမည်ထင်ပါသည်။ ကျန်သူတို့မှာ ရိုးရိုးပုလိပ်များနှင့် ပုလိပ်အရာရှိများ ဖြစ်ကြသည်။ အားလုံးပေါင်းမှ ခုနစ်ဆယ့်ငါး ရှစ်ဆယ်ခန့်လောက် ရှိပါလိမ့်မည် ထင်သည်။ စစ်ပုလိပ်များက ယခင် စစ်ပုလိပ်များကဲ့သို့ပင် ကုလားလူမျိုးများဖြစ်ပြီး ရိုးရိုးပုလိပ်သားနှင့် အရာရှိတို့ကမူ မြန်မာလူမျိုးများ ဖြစ်ကြပါသည်။

ထိုအထဲ သူကြီးငထွားလည်း လမ်းပြအဖြစ် ပါလာသေးသည်။ ငထွား၏ စုံစမ်းထောက်လှမ်းမှုအရ ယင်းနေရာကို သိရှိကြရခြင်းဖြစ်သည်။ ဘုန်းကြီးကျောင်း ဝင်စီးစဉ်ညက တိုက်ပွဲအပြီး ငထွား၏ လူများက နောက်ယောင်ခံကာ လိုက်ကြည့်ကြခြင်း ဖြစ်သည်။

သူပုန်ဘက်ကမူ လူပေါင်း ငါးဆယ်ခန့်သာ ရှိပါသည်။ ဒဏ်ရာရသူများ တစ်နေရာပို့ထား၍ လူဦးရေ လျော့သွားရခြင်း ဖြစ်သည်။ ဤလိုခံ၍ တိုက်နိုင်သည်မှာလည်း ကင်းချထားရာမှ ကင်းသမားက အချက်ပေး၍ ကြိုတင် ပြင်ဆင်ကာ ခုခံတိုက်ခိုက်ကြခြင်း ဖြစ်သည်။ သို့သော် လက်နက်ချင်းက မတူ၊ အားချင်းက မမျှ၍ သေသူသေ၊ ဖမ်းမိသူတို့ ဖမ်းမိ၊ ထွက်ပြေး လွတ်မြောက်သူဟူ၍ ကင်းသမား ငပွေးပါနှင့်မှ ခြောက်ယောက်သာ ရှိပါသည်။

ခုခံ တိုက်ခိုက်ရင်း လူဆယ့်ငါးယောက် ကျသည်။ ကိုသော်က၊ သိုက်ထွန်း၊ ကြောင်ပျံ၊ ငပွေးနှင့် အခြားနှစ်ယောက်တို့ ထွက်ပြေး လွတ်မြောက်ခဲ့ကြသည်။ ကျန်လူအားလုံး အဖမ်းခံရပါသည်။ အဖမ်းခံရသည့် အထဲတွင် ပေါ်အေးနှင့် လူကြီးခပ်များများ ပါသည်။ ကိုသော်က၊ သိုက်ထွန်းနှင့် ကြောင်ပျံတို့ ထွက်ပြေး လွတ်မြောက်ရသည်မှာလည်း သက်သာလှသည်တော့ မဟုတ်ပါ။ ကျောက်ဆောင်ကျောက်တုံးကြီးများအကြား ကျည်ဆန်မိုးရွာချသလို တိုက်ခိုက်နေသည့်အထဲမှ ပြန်လည် ခုခံ ပစ်ခတ်ရင်း ကံကောင်းထောက်မသဖြင့် လွတ်မြောက်လာကြခြင်း ဖြစ်ပါသည်။

တိုက်ပွဲမှ ရရှိထားသော သေနတ်များကို လေ့ကျင့်ခဲ့ကြပြီးနောက် လက်နက်ကိုင်ဆောင်သူ အတော်များများ ရှိပါသည်။ ထိုသူတို့လည်း တိုက်ရင်းခိုက်ရင်း ထွက်ပြေး လွတ်မြောက်ရန် ကြိုးစားကြပါသေးသည်။ သို့သော် သူတို့ ကံမကောင်းရှာကြပါ၊ ရန်သူ့လက်ချက်ဖြင့် ကျဆုံးကြရပါသည်။

အခြား လွတ်မြောက်သူ နှစ်ဦးကမူ လွတ်မြောက်ပြီ ဆိုကတည်းက ဘယ်အရပ် ဘယ်ဒေသသို့ ထွက်ပြေးကြလေသည်မသိ၊ ယခုထက်တိုင် စုံစမ်းရှာဖွေ၍မရဘဲ ဖြစ်နေပါသည်။ ယခု ကျန်ရှိနေသူ လေးဦးကမူ စိတ်တူသဘောတူ၊ သေအတူ ရှင်မကွာ၊ ငတ်လျှင်လည်း အတူတူ၊ ထွက်ပြေးလျှင်လည်း အတူတူ နေရန် ဆုံးဖြတ်ထားကြသူများ ဖြစ်ပါသည်။

သူတို့သည် ယခုအခါ တစ်လကျော်ကျော် နှစ်လနီးပါး ရှိနေပြီ။ ကြုံသလိုသွား၊ ကြုံသလို စားရင်း ဟိုပြေးသည်လွှား လုပ်နေကြရသည်။ တစ်ခါတစ်ရံ လူခွဲနေကြရသည်။ သို့သော် ဝါးကြီးအိုင်ရွာနားသို့ လည်းကောင်း၊ ငွေးချို့ရွာနားသို့ လည်းကောင်း မကပ်ရဲကြပါ။ ထိုရွာများနှင့် ဝေးရာ အရပ်ဖြစ်သော ရွာများသို့ တစ်ရွာဝင် တစ်ရွာထွက် ကိုယ့်အဆက်ရှိရာ အဆက်ရှိရာ ရွာများသို့ သွားကြရသည်။ သွားသည် ဆိုသော်လည်း နေ့မဟုတ်၊ ညအခါမှ သွားကြရသည်။ ဘုန်းကြီးအသိရှိလျှင် ဘုန်းကြီးကျောင်း၊ လူအသိရှိလျှင် လူအိမ်၊ ဤနည်းဖြင့် ရွာစဉ် လျှောက်ပြေးနေကြရသည်။

'ဟေ့ ဒို့ ဒီလို လုပ်ကြရင် ကောင်းလိမ့်မယ် ထင်တယ်ကွ'

'ဘယ်လို လုပ်ချင်လို့တုံး၊ ပြောပါ ကိုရင်ကြီး'

'မနေ့က ဒို့ဆရာရွှဲနဲ့ တိုင်ပင်ကြသလိုပေါ့ကွာ၊ လူလေးယောက်ပြူးကြီးဆိုတော့ နေရေးစားရေး တာဝန်က သိပ်မသေးလှဘူး၊ ဘာမှ အကြံအစည် မမြောက်သေးခင် တစ်ယောက်တကွဲစီ ခွဲနေကြရအောင်၊ ခြေရာဖျောက်ပေါ့ကွာ။ သိုက်ထွန်းက တစ်နေရာ၊ ငါက တစ်နေရာ၊ ကြောင်ပုံနဲ့ ငပွေးတို့က တစ်နေရာစီပေါ့ကွာ။ ဒါမှလည်း ဒို့ အသက်ရှည်မယ်၊ ဒါမှလည်း နောင်တစ်နေ့ လုပ်မယ့်အလုပ်ကို အထမြောက်အောင် လုပ်နိုင်မယ်၊ ဟုတ်ဘူးလား ငပွေး'

'တစ်ယောက်တကွဲစီ နေတာကတော့ ဟုတ်ပါဘီ ကိုရင်ကြီးရဲ့၊ ကျုပ်တို့က ဘယ်သူ့ဆီ သွားနေလို့ ကိုရင်ကြီးက ဘယ်မှာနေမှာတုံး'

'အို.... ဒါအတွက်က မင်း ဘာမှမပူနဲ့၊ မနေ့က ညောင်ဇင်ဘုန်းကြီး ကျောင်းမှာတုန်းက ဆရာရွှဲ ပြောတာ ကြားရဲ့မှတ်လား။ မင်းတို့လေးဦး အဲဒီလို တစ်ယောက်တကွဲစီ နေကြပါတဲ့။ နေဖို့နေရာလည်း သူ ပို့ပေးမယ် တဲ့။ ဒါပေမဲ့ သိုက်ထွန်းနဲ့ ငါ့အတွက်ကတော့ မလွယ်ဘူးတဲ့၊ ငါဆိုတာက ထင်ရှားတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး လူသိများနေလို့၊ သိုက်ထွန်းကျတော့ စာသင် စံခ သတ်တာရော၊ စန္ဒရီစစ်ပုလိပ် သတ်တာရော ထင်ထင်ရှားရှား ဖြစ်နေလို့ ဘယ်သူ့မှ အတွေ့မခံဘဲ ရှောင်ကိုနေမှ ဖြစ်မယ်တဲ့။ မင်းတို့ ကျတော့ သူပုန်ထဲ ပါတာကလွဲလို့ ဘာစွဲချက်မှ တင်စရာမရှိဘူး။ မင်းတို့ကို ထူးထူးခြားခြား မလိုက်ဘူး။ လူသိလည်း အင်မတန် နည်းတယ်။ ဘယ်ရွာ ဘယ်မြို့သွားပြီး အလုပ်လုပ်နေနေ၊ နာမည်နဲ့ နေရပ်လိပ်စာ ပြောင်းထား လိုက်ရင် ပြီးတာပဲတဲ့။ ဒါကြောင့် မင်းတို့နှစ်ယောက်ကို ဆရာရွှဲက သူ တာဝန်ခံပြီး မြို့က ပွဲရုံတစ်ရုံ ဖြစ်ဖြစ်၊ ဘယ်မှာဖြစ်ဖြစ် ပို့ပေးမယ် တဲ့'

ကိုသော်ကသည် ပြေးရင်းလွှားရင်းဖြင့် ဤလိုလည်း ရှေ့ဆက်၍ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် အကြောင်းများကို မိတ်ဟောင်းဆွေဟောင်း များနှင့် တွေ့ဆုံကာ တိုင်ပင် ဆွေးနွေးတတ်လေ့ ရှိပါသည်။ ယင်းသည် ဆရာရွှဲ တစ်ဦးတည်း မဟုတ်သေးပါ။ အခြားစိတ်တူသဘောတူ လူအတော် များများထံသို့ သွားရောက်ခဲ့ပါသေးသည်။ သူတစ်ယောက်တည်း မြို့တက် ၍လည်း မြို့ကလူများနှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုသေးသည်။ အများဆုံး တွေ့ဆုံရသူမှာကား ဆရာရွှဲပင် ဖြစ်ပါသည်။

ဆရာရွှဲကမူ ဝါးကြီးအိုင်အကြောင်းလည်း အကုန်သိသည်။ ငွေးချို ရွာမှ သိုက်ထွန်း၏နမနှင့် ညီတို့၏ နေထိုင်စားသောက်ရပုံ အကြောင်း များကိုလည်း တစ်လုံးမကျန် ပြောပြနိုင်သည်။ ထိုအကြောင်းများ ကြားရ၍ သိုက်ထွန်း ဝမ်းသာသည့်အချက်တစ်ခု ရှိသည်။ ယင်းသည် အခြားမဟုတ်၊ အတိုးကြီးစား၊ အမြတ်ကြီးစား၊ သူတစ်ပါးကို မတော်မတရား ကြံစည်သူ ဦးလူမင်းတို့သားအဖ အသေအချာ ထောင်ကျလိမ့်မည်ဆိုသော အကြောင်း နှင့် ယခု အမှုစစ်နေဆဲ အချိန်အတွင်း အာမခံပင် မပေးဘဲ ထောင်တွင်းကြီး

ထောင်၌ ချုပ်ထားသောအချက်ပင် ဖြစ်ပါသည်။ ဦးလူမင်း လွတ်မလာသရွေ့ သူ၏နှမနှင့် ညီတို့ မူလနေမြဲ အိမ်ကလေး၌ပင် ဆက်လက် နေထိုင်နိုင်ကြမည် ဖြစ်သည်။

'ဒါဖြင့် ကိုရင်ကြီးနဲ့ သိုက်ထွန်းတို့ကတော့ကော ဘယ်လို နေကြမှာတုံး'

ငပွေးက ထိုနှစ်ယောက်အတွက် စိတ်ပူစွာဖြင့် ပြန်လည် မေးမြန်းလိုက်ခြင်း ဖြစ်ပါသည်။

'ဟာ ဒါတော့ ဒို့အတွက် ဘာမှမပူပါနဲ့၊ သိုက်ထွန်းကလည်း သူ့နည်းနဲ့သူ၊ ငါကလည်း ငါ့နည်းနဲ့ငါ ဖြစ်သလို နေသွားကြမှာပေါ့။ ငါတို့ကမင်းတို့နှစ်ယောက်အတွက် စိတ်ပူတာ၊ ဒို့က ဒို့နဲ့ အတူမနေဘဲ ခွဲထားလို့ စိတ်အားများ ငယ်နေမလား၊ ဒါမှမှုတ် ကိုယ်လွတ်ရုန်းတယ်ဆိုပြီး ဒို့အပေါ်ပဲ တလွဲထင်နေမလားဆိုပြီး ခုလို ဖွင့်ပြောရတာတောင် စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အခု မင်းတို့ ကိုယ်တွေ့ပဲလေ၊ လေးယောက်ပြူးကြီးဆိုတော့ အနေအစား အသွားအလာ ဘယ်လောက် ဒုက္ခရောက်သလဲ။ ဒီဒုက္ခကို ငါကသာ ခံချင်တယ်၊ သူများ မခံစေချင်ဘူး။ ငါသာ ဆင်းရဲ၊ ငါသာ ငတ်၊ သူများ မငတ်စေချင်ဘူး။ ငါတို့ကို မတရား ဖိနှိပ်ချုပ်ချယ်တဲ့ အင်္ဂလိပ်အစိုးရ ခံတိုက်တာလည်း ဒါကြောင့်ပဲ။ ငါကိုယ်တိုင် မဆင်းရဲပါဘူး၊ ငါကိုယ်တိုင် မငတ်ပါဘူး၊ သူများတွေ ဆင်းရဲတာ၊ သူများတွေ ငတ်တာ၊ သူများတွေကို မတရားသက်သက် ဖိနှိပ်ချုပ်ချယ်နေတာ မျက်စိအောက်တွေ့နေရတော့ မခံချင်လို့။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကသာ အုပ်ချုပ်စေချင်လို့။ တိုင်းတစ်ပါးသားရဲ့ ကျွန်မခံကြရအောင်ဆိုပြီး ဘယ်သူမှ မလုပ်ရဲတဲ့ အလုပ်ကို ထလုပ်တာ၊ ငါ့တစ်သက် မအောင်မြင်သေးဘူး။ နေပါစေ၊ နောင်လာ နောက်သားတွေကျတော့ ကိုယ့်ကို မတရား ဖိနှိပ် ချုပ်ချယ်ရင် ဒီလို တော်လှန်ရတယ်ဟေ့၊ ဒီလို သူပုန်ထရတယ်ဟေ့ဆိုတာ သိအောင်လို့၊ အတုယူနိုင်အောင်လို့ ရှေ့ကနေ အနာခံပြီး တိုက်ပြတာ။

'ဒါလည်း စကားပမာသာ ပြောတာပါ။ ဒီတော်လှန်တဲ့ အလုပ်က ခုမှ ပေါ်လာတာမှုတ်ပါဘူး၊ ရိုးနေပါဘီ၊ အင်္ဂလိပ် တက်လာစကတည်းက ဒို့နယ်က ဗိုလ်မင်းရောင်တို့၊ ပုပ္ပါးက ဗိုလ်ရာညွန့်တို့၊ ပုဂံက ဗိုလ်ချိုတို့၊

မြစ်အနောက်ဘက်က ဗိုလ်ဉတ္တမတို့၊ ချင်းအမျိုးသားထဲက ဆွန်ပက်တို့၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်တို့၊ အို... ဒါတွေပြောနေရင် မဆုံးနိုင်တော့ ပါဘူးကွာ။ အဲဒီအချိန်အခါကတည်းက တော်လှန် ပုန်ကန်ခဲ့ကြတာ၊ ဒို့ လက်ထက်ရောက်မှ လူတွေ စိတ်ဓာတ်တွေက ပျော့ညံ့ကုန်ကြလို့ ဘယ်သူမှ တုတ်တုတ်မလှုပ်ရဲတာ။ အခု ဒို့နယ်မှာဆိုရင် ဒို့က စလုပ်တာပဲ။ ဒါဟာ အစပဲရှိသေးတယ်။ ရှေ့လျှောက် ဒို့ မသေမချင်း၊ လွတ်လပ်ရေး မရမချင်း လုပ်သွားကြရမှာ။ အခု မင်းတို့နဲ့ ငါတို့နဲ့ ခွဲနေကြရတာ လုပ်ငန်းပြန်မစခင် ခဏပါ။ တော်ကြာရင် ငါတို့ လာခေါ်မှာပဲ။ လာအကြောင်းကြားမှာပဲ။ အဲဒီတော့သာ စိတ်အားမလျှော့နဲ့၊ ပီး ခွဲနေတဲ့အခိုက်မှာလည်း အမြဲတမ်း သတိဝီရိယနဲ့နေပါ။ အပြောမှား အဆိုမှား မဖြစ်အောင်လည်း အထူးဂရုစိုက် ပါ။ ကဲ.... ဒါဖြင့် မနက်ဖြန်ခါ ဆရာရွှဲကို ငါ သွားတွေ့ပြီး ပြောမယ်။ ဆရာရွှဲ ဒီလာခေါ်လိမ့်မယ်။ အခု ဆရာရွှဲ ညောင်ဇင်မှာပဲ ရှိသေးတယ်၊ မပြန်သေးဘူး။ ဟုတ်လား ကြောင်ပျံ'

'ဟုတ်ကဲ့၊ ကျုပ်တို့အတွက်တော့ စိတ်ချပါ ကိုရင်ကြီး။ ကိုရင်ကြီး အလိုရှိတဲ့အချိန် ကျုပ်တို့ ဒုန်းဆောင့်ပြေးခဲ့ပါ့မယ်။ ကျုပ်တစ်ယောက်တည်း သဘော ပြောရရင် ကျုပ်ဟာ တကယ်ပဲ ကိုရင်ကြီးတို့နဲ့ မခွဲချင်ပါဘူး။ ဘယ်လောက် ဆင်းရဲ ဆင်းရဲ၊ ငတ်ငတ်ပြတ်ပြတ်၊ သေတောင် အတူတူပဲ သေချင်ပါတယ်။ ခုတော့ ကိုရင်ကြီးက ရှေ့လုပ်ငန်း လုပ်ဖို့အတွက် တစ် ယောက်စီ တကွဲစီနေတာက ကောင်းတယ်။ လေးယောက်စလုံး ပူးနေတော့ အနေခက် အထိုင်ခက်၊ အသွားခက် အစားခက်၊ လုပ်ငန်းကျတော့လည်း မတွင်ဘူး၊ နောက်ဆံတင်းနေရတယ်ဆိုလို့ ကိုရင်ကြီးစကား နားထောင်ပြီး ခွဲရမှာပါ။ ဘယ်အရပ်ရောက်ရောက်၊ ဘာလုပ်နေရ လုပ်နေရ ကိုရင်ကြီးကို အမြဲစောင့်မျှော်နေမှာပါ။ ဒီလူမျိုးခြား မိစ္ဆာကောင်တွေ တိုက်ဖို့ အမြဲကြိုးစား နေမှာပါ'

ကြောင်ပျံသည် လူချင်းခွဲရတော့မည်ဆိုသဖြင့် စိတ်ကောင်းဟန် မတူပါ။ ရည်ရွယ်ချက် မအောင်၍လည်း ဝမ်းနည်းပက်လက် ဖြစ်မိဟန် တူသည်။ ပါးစပ်မှသာ မခွဲချင်ကြောင်း ပြောနေသည် မဟုတ်၊ မျက်လုံး အိမ်များထဲမှ မျက်ရည်များလည်း ဖိတ်ကျ ယိုစီးလာ၍ ပုဆိုးစကိုလှန်ကာ

သုတ်နေပါသည်။ ကြောင်ပျံ ဤသို့ဖြစ်ရှိနေသလို ကျန်လူများလည်း မျက်စိမလှ၊ မျက်နှာမလှ ဖြစ်နေကြပါသည်။ အချိန်အတန်ကြာမှ ကိုရင်ကြီးက ဝမ်းနည်းသံကြီးဖြင့် သူတို့နှစ်ဦးအား ယခုလို ခွဲခွာနေရသဖြင့် သူလည်း စိတ်မကောင်းကြောင်း၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အချင်းချင်း ပြန်လည်ပေါင်းဆုံကြရဖို့ အမြဲကြိုးစားနေမည် ဖြစ်ကြောင်းများနှင့် နှစ်သိမ့်စကားပြောဆိုပါသည်။

ပြောသာ ပြောရသည်။ သူတို့အချင်းချင်း ပြန်လည် ပေါင်းဆုံကြရဖို့မှာ ကမ်းမမြင် လမ်းမမြင်သော ပင်လယ် သမုဒ္ဒရာတွင် လက်ပစ်ကူးနေရသူတို့ကဲ့သို့ ဘယ်လိုမျှော်မှန်း၍မှ မရနိုင်အောင် ဖြစ်နေပါသည်။

## [ ၁၇ ]

'အမေ့၊ ဟယ်.... ငါ့လန့်လိုက်တာဟယ်၊ ရင်ကို တုန်သွားတာပဲ'

ရွှေကြည်မသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ သူ့ရင်ဘတ်သူ လက်နှစ်ဖက်စုံဖြင့် ဖိထားရင်း ပြောလိုက်ခြင်း ဖြစ်သည်။ ပြောသည့်အတိုင်းလည်း ရင်တုန်ပန်းတုန် ဖြစ်နေ၍ စကားကို တစ်ဆက်တည်း မပြောနိုင်ရှာဘဲ ပြတ်တောင်း ပြတ်တောင်း ပြောနေရသည်။

'အစ်မကြည်ကလည်းဗျာ ကျုပ် ဒီမှာရှိနေမယ်ဆိုတာ အသိရက်သားနဲ့၊ ဒါလောက်တောင် ထိတ်ရလန့်ရသလား။ ဟဲ.... ဟဲ'

'ထိတ်တာပေါ့ဟဲ့၊ နင်က တကယ့်ကို မိုးမှောင်ကြီးကျနေတာပဲ၊ ဘာမှန်းမသိ ညာမှန်းမသိ၊ အသံလည်း မပြုဘဲနဲ့ သစ်ပင်ပေါ်ကနေ ကျလာတော့ ငါ့လိပ်ပြာ လွင့်မသွားတာ ကံကောင်း'

သိုက်ထွန်းနှင့် ရွှေရီမတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာရယ်ကြသည်။ ရွှေကြည်မကမူ မရယ်နိုင်ရှာသေး။ ထိုအချိန်တိုင် ရင်တုန်နေသေးသည်။

'ကိုသိုက်ထွန်းကလည်း အဟုတ်သားပဲ၊ အစ်မကြည် ပြောမယ်ဆိုလည်း ပြောစရာပဲ။ ရွှေရီတောင် ပထမ သစ်ပင်ပေါ်က သစ်ကိုင်းလှုပ်သံကြားတော့ လန့်သွားသေးတယ်။ နောက်မှ သူမှန်းသိလို့ မလန့်တော့တာ။ ဟိ'

'ဒါနဲ့များဟဲ့ ရွှေရီမတို့က မပြောဘူး၊ ကြည့်ပါဦး ညည်းလူက မလန့်ကော ခံနိုင်မလား။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေလည်း ရှည်လို့၊ ပြီးတော့ ခါးမှာ ဓားမြှောင်ထိုးလို့၊ ကျောမှာလည်း ဆောင်ဓားကြီးလွယ်လို့။ ဒါတွေကကော တစ်နေရာရာ ဖွက်ထားပါတော့လား၊ ဘာပြုလို့ ဆောင် ထားရတာတုံး၊ အရေးအကြောင်း ပေါ်တော့မှ ထုတ်ကိုင်ပေါ့'

'ဟာ မလုပ်နဲ့ အစ်မကြည်၊ ကျုပ်မှာ ရန်သူက အချိန်မရွေး တွေ့ နိုင်တယ်။ ကျုပ်က သူပုန်၊ ရာဇဝတ်ကောင်၊ ကျုပ်နဲ့ ကိုရင်ကြီးကို အစိုးရ က အပူတပြင်း လိုက်ရှာနေကြတယ် မှတ်လား။ ကျုပ်အဖို့ အကြီးဆုံး ရန်သူက ဟိုမသမာကောင်ပဲ မှတ်လား။ ကျုပ်ဆိုရင် သူက အစိမ်းလိုက် တောင် ဝါးစားချင်ရဲ့၊ အခုလည်း သူက ကျုပ် ဘယ်မှာရှိတယ်၊ ဘယ်မှာ နေတယ် ဆိုတာ လိုက်ပြီး ထောက်လှမ်းနေတယ်'

'အဲ.... နင်ပြောမှ ငါ သတိရတယ်၊ မနေ့က ဒို့ပြန်တော့လေ ဟို ခွေးတိရစ္ဆာန်က လမ်းက ဆီးပြီး စစ်လား မေးလား လုပ်တယ်တော့'

'အို.... အစ်မကြည်ကလည်း ဒီကောင် မူးလို့ တောပြောတောင်ပြော ပြောတာပါ၊ တကယ်တော့ သိလို့မေးတာ မှုတ်ပါဘူး'

ရွှေရီမက ရွှေကြည်မ၏ စကားကို ဖမ်းအုပ်လိုက်သည်။ သူကြီး ငထွားက သိုက်ထွန်းအား လိုက်ရှာနေသည်၊ စုံစမ်း ထောက်လှမ်းနေသည် ဆိုလျှင် သိုက်ထွန်း အဝေးလွင့်သွားမည်စိုး၍၊ သူနှင့် ခဏခဏ မတွေ့ရမည် စိုး၍ ဖုံးဖိထားလိုသည့်ဟန်။

ကိုရင်ကြီး ကိုသော်ကက ကြောင်ပျံနှင့် ငမွေးတို့အား တစ်နေရာတွင် လျှိုထားရန် ဆရာ့ရွှဲ နောက်သို့ ထည့်လိုက်ပြီးသည်နောက် သိုက်ထွန်းနှင့် ကိုသော်ကတို့ နှစ်ယောက်ထဲ ကျန်တော့ရာ သိုက်ထွန်းက–

'ကျုပ် ဝွေးချိုနဲ့ ဝါးကြီးအိုင်ကို ခဏပြန်ချင်တယ်။ ဝွေးချိုမှာရော ဝါးကြီးအိုင်မှာရော လုပ်စရာအလုပ်တွေ၊ ပြောစရာ စကားတွေ ရှိနေတယ်။ တကယ်လို့ ကိုရင်ကြီးက အရေးတကြီး တွေ့ချင်တယ်ဆိုရင် ရောင်းမင ရွာက ဖြစ်ဖြစ်၊ ညောင်ဇင်အိုင်သာကဖြစ်ဖြစ် စောင့်ပြီး ကွမ်းထမ်းတဲ့ ကိုကြွက် သိုးတို့၊ ကိုသာညြတို့ကို မှာပါ။ မှာတဲ့အချိန် ကျုပ် ပြန်လာခဲ့ပါမယ်'ဟု

ပြောရာ၊ ပထမတွင် ကိုသော်ကက မလွှတ်ချင်။ အထူးသဖြင့် ဝါးကြီးအိုင်၌ အန္တရာယ်များလှ၍ ထိုရွာသို့ မသွားစေချင်။

အဘယ်ကြောင့်ဆိုသော် သိုက်ထွန်း ဝါးကြီးအိုင်သို့ သွားလျှင် ရွှေရီမနှင့် မတွေ့ တွေ့အောင် ကြိုးစားမည်။ ရွှေရီမနှင့် တွေ့သည်ဆိုလျှင် သူ့အဖို့ ထောင်ချောက်လို ဖြစ်နေမည်။ သူကြီးငထွားက သူ့အား အလွန်မုန်းသည်။ ရွှေရီမအတွက် ပို၍ မုန်းသည်။ ဝါးကြီးအိုင်နယ်သို့ သိုက်ထွန်း ရောက်လာမှန်း သိသည်နှင့် တစ်ပြိုင်နက် ဘယ်နည်းမဆို ငထွားက နောက်ယောင်ခံပြီး ဖမ်းမည်။ မ စိတ် မွှန်နေလျှင် အန္တရာယ်ကို မြင်ဖို့မလွယ်။

ဘုရားအလောင်း ဥဒေါင်းမင်းကို ဒေါင်းမနှင့် မျှားဖမ်းဖူးသောထုံးရှိသည်။ သတိ၊ ဝီရိယ ကောင်းပြီး ပညာရည် ထက်မြက်သော ဘုရားအလောင်းသော်မှ မ နှင့် ကျတော့ ညွှတ်ကွင်းမိရသေးလျှင် သိုက်ထွန်းအဖို့ ပြောဖွယ်ရာမရှိ၊ မုချ ဘေးဒုက္ခရောက်နိုင်သည်ဟု တွက်ဆမိသည့်အပြင် သိုက်ထွန်းက ငထွားကိုလည်း အငြိုးကြီး ငြိုးနေသူ ဖြစ်သည်။ ကိုသော်ကက အနေဖြင့် ထိုအချိန်တွင် ငထွားအား ရန်ပြုတိုက်ခိုက်ရန် မလိုသေး။ ငထွားကို လိုလားသူအများ ရှိနေသေးသည်။ သူ့အား ရန်ပြုလျှင် သူ့လူတွေက မခံ။ ကိုယ်က တစ်ယောက်တည်း၊ ထင်ထင်ပေါ်ပေါ် နေရသည်လည်း မဟုတ်၊ သူ့ဘက်က လူအများတွင် လက်နက်ရှိသည်။ ခံခြင်း ခံရလျှင် ကိုယ်သာ ခံရဖို့ရှိသည်။ သို့အတွက် သိုက်ထွန်း တစ်ယောက်တည်းဖြင့် မတိုက်စေချင်။ မကောင်းသူသည် မကောင်းသောလမ်း သွားလိမ့်မည်။ သူ့အား လူမုန်း များလာသောအခါ သူ့ကာယကံနှင့်သူ သွားလိမ့်မည်ဟုလည်း ထင်သည်။ ယင်းကို သိုက်ထွန်းက လုံ့လထုတ်နေလျှင် သိုက်ထွန်းသာ ဘေးတွေ့စရာအကြောင်း ရှိသည်ဟု ထင်မှတ်ပြီး မသွားစေလိုခြင်းဖြစ်သည်။

သို့သော် သိုက်ထွန်းက ဤသို့ မဖြစ်စေရပါ။ သတိနှင့် နေပါမည်ဟု အတန်တန် ပြောသဖြင့် ကိုသော်ကက မလိုက်လျောချင်ဘဲဖြင့် လိုက်လျောရပါသည်။ ကိုသော်ကကမှ သူလည်း မြို့ဘက်တွင် ကိစ္စရှိသေးသည်၊ တစ်လ နှစ်လ ကြာချင်ကြာမည်၊ နောက်မှ လူချင်း ပြန်ဆုံကြမည်ဆိုပြီး သူလည်း ညောင်ဇင် အိုင်သာ စသော ယင်းနားရွာများတွင် ခိုမနေတော့

မူဘဲ မြို့ဆီသို့ ထွက်သွားပါသည်။ မြို့ဆိုသည်မှာ မြို့သစ်ကို ခေါ်ခြင်း မဟုတ်ပါ၊ တောင်တွင်းကြီးမြို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။

သိုက်ထွန်းသည် ဤနည်းဖြင့် ဝါးကြီးအိုင်ရွာအနီးသို့ ရောက်ရှိလာခဲ့ပါသည်။ ဝါးကြီးအိုင်ရွာအနီးသို့ မရောက်လာမီ ငွေးချိုရွာ အရှေ့ကုန်းပေါ် ဦးဂွန္နဝါ ရေကန်နားဆီတွင် ခေတ္တ ခိုအောင်းပြီး ညီ၊ နှမတို့နှင့် ဆက်သွယ်ခဲ့သေးသည်။ တစ်ခါတစ်ရံ ရွာတွင်းသို့ပင် ခိုးဝင်သေးသည်။ သူ့အဖို့ ဦးလူမင်းတို့သားအဖ မရှိခြင်းအတွက် များစွာ အဆင်ပြေလှသည်။ သူ ရွာသို့ ဝင်လာမှန်း သိသော်လည်း တော်ရုံလူက မပြောပါ။ ဦးလူမင်းတို့ ဆိုလျှင် စပ်စပ်စုစုဖြင့် ပြောကြမည်။ အထူးသဖြင့် အစိုးရအား မျက်နှာလို မျက်နှာရ လုပ်ချင်သဖြင့် ပို၍ ပြောမည်။ သူ့ကိုလည်း မုန်းတီး ရွံရှာနေကြသည် ဖြစ်၍။

သူသည် နှမဖြစ်သူ ဖွားစိန်မတို့နှင့် လည်းကောင်း၊ ချစ်သူရည်းစားနှင့် လည်းကောင်း ဆက်သွယ်လိုလျှင်၊ မှာကြားလိုလျှင် အထူးအဆင်ပြေလှပါသည်။ ကြွက်သိုး၊ ကြာဖံနှင့် သာညြတို့မှာ သူ မပါသော်လည်း နှစ်စဉ်နှစ်တိုင်းလိုပင် ကွမ်းထမ်းအလုပ်ကို လုပ်ကိုင်မြဲ လုပ်ကိုင်နေကြသည်ဖြစ်ရာ ငွေးချိုသည် လည်းကောင်း၊ ဝါးကြီးအိုင်သည် လည်းကောင်း ယင်းတို့၏ ခရီးလမ်းများ ဖြစ်နေသဖြင့် အသွားဖြစ်စေ၊ အပြန်ဖြစ်စေ၊ နေ့ဖြစ်စေ၊ ညဖြစ်စေ ထိုအိမ်များသို့ ဝင်ရောက်နိုင်သည်။ တိတ်တဆိတ် သတင်းပို့နိုင်သည်။ သူကလည်း အချိန်မရွေး လမ်းက ဆီးကြိုမေးနိုင်သည်။ ဤနည်းဖြင့် ကိုယ်တိုင် မတွေ့ရမီကတည်းက ချစ်သူရွှေရီမတို့၏ သတင်းစုံကို ကြားသိနေရပါသည်။ လူချင်း မျက်နှာချင်းဆိုင်ကာ စကားမပြောရသည်မှ လွဲ၍ ချစ်တင်းစကားလည်း ဆိုနိုင်ကြပါသည်။ သူတို့၏ နှစ်ဖက်စကားများကို သာညြက အပို့အယူ လုပ်နေပါသည်။ ယင်းသို့ ပြုလုပ်နေသည်ကို ငထွားက နည်းနည်းကလေးမှ ရိပ်မိဟန် မတူပါ။ ငထွားသာ ရိပ်မိလျှင် အနှောင့်အယှက် ပြုမည်မှာ မုချဖြစ်ပါသည်။

ငထွားသည် ယခုတော့ ရိပ်မိဟန်တူသည်။ သာညြ ဝင်ထွက်နေ၍ ရိပ်မိခြင်းမဟုတ်၊ ရွှေကြည်မနှင့် ရွှေရီမတို့ မြေပဲ ကောက်သင်း ကောက်

ကြရင်း ယာတောတွင် သိုက်ထွန်းနှင့် ယခုကဲ့သို့ ချိန်းတွေ့ကြသည်ကို ရိပ်မိသွားပုံ ရပါသည်။

မနေ့က ရွှေရီမတို့ ညီအစ်မနှစ်ယောက် ယာတောသို့ မြေပဲ ကောက်သင်း ကောက်လာရာမှအပြန် ငထွားက လမ်းမှ ဖမ်းပြီး စစ်မေးသည် ဆိုသည်မှာ အမှန်ဖြစ်ပါသည်။

သူတို့ညီအစ်မသည် ယခုအခါ အခြေအနေအရ ကောက်သင်း ကောက်နေကြရပါသည်။ ဦးမိုးကောင်းရှိစဉ်က ဤလို ကောက်သင်းကောက် ခွင့် မပြုပါ။ ကိုယ့်ယာမှလွဲလျှင် ဘယ်ယာခင်းကိုမျှ သွားမကောက်ရပါ။ ယခု ဦးမိုးကောင်းလည်း သူပုန်မထဘဲဖြင့် အချုပ်အနှောင် ခံနေရသည်။ ပေါ်အေးလည်း တိုက်ပွဲတွင် အဖမ်းခံရသည်။

သူတို့နှစ်ဦး မရှိကြပြီးနောက်မှ မြေပဲသိမ်းရာတွင်၊ မြေပဲခင်း ထွန်ရာ တွင် လူရော နွားရော မရှိသဖြင့် သူတစ်ထူးကို ငှားရသေးသည်။ မိုးခေါင်၍ သီးနှံများ ဆွံ့အရသည့်အထဲ စရိတ်ပိုကြီးသွားသည်။ ယခုပုံအရ နောင်နှစ် တွင်လည်း တောင်သူလုပ်ဖို့ လွန်စွာ ခက်ခဲနေရာ ဤလို ကောက်သင်း ကောက်ရုံမျှ မဟုတ်၊ အငှားအစေပင် လိုက်စားကောင်း လိုက်စားရပေ ဦးမည်။ သို့အတွက် ယခုကစ၍ မြေပဲခင်းလွတ်များတွင် ကောက်သင်း ကောက်၍ စုဆောင်းထားကြမည်ဆိုကာ ကောက်သင်း ထွက်ကောက်ကြ ခြင်း ဖြစ်သည်။

ကောက်သင်း ကောက်သည် ဆိုသော်လည်း တစ်နေကုန် မကောက် နိုင်ကြပါ။ အညာ၏ တပေါင်းနေသည် အလွန်ပူပြင်းလှရကား နေ့အခါတွင် နေရိပ်ခိုနေကြရပါသည်။ နေချိုသော နံနက်ပိုင်းနှင့် နေညိုသော ညနေပိုင်း တို့ လောက်သာ အားထုတ်ပါးထုတ် ကောက်နိုင်ကြပါသည်။

သူတို့ ကောက်သင်း ကောက်ကြသည့် အခြားအကြောင်းတစ်ခု လည်း ရှိပါသေးသည်။ ယင်းမှာ အခြားမဟုတ်ပါ။ သိုက်ထွန်းနှင့် တွေ့ဆုံ ရန် ဖြစ်ပါသည်။ သိုက်ထွန်းနှင့် တွေ့ဆုံနိုင်ရန် ရွှေရီမက လော၍ ဖြစ်ပါ သည်။ သို့ဖြစ်ရာ သူတို့သည် ရွာနှင့်အဝေးဆုံးနေရာ၊ လူအရှင်းဆုံးသော မြေပဲခင်းကျွတ်နှင့် လျှိုမြောင်ချောက်ကမ်း အနီးဆုံးသော ယာခင်းတို့ကို ရွေး၍ လာခဲ့ကြခြင်း ဖြစ်သည်။

နံနက်အစောကြီး ထွက်လာကြပြီး သိုက်ထွန်း စားရန်အတွက်ပါ ထမင်းချက်၍ ယူလာကြသည်။ သိုက်ထွန်းမှုလည်း ညစာ၊ မနက်စာ ခွဲမနေ တော့ပြီ။ မြို့မှ ဘုန်းကြီးများလို တစ်ထပ်တည်းနှင့် အဝစားသည်။ ဤလို ချည်း လာရောက်တွေ့ဆုံကြသည်မှာ ရက်သတ္တ တစ်ပတ်ခန့်ထက်မနည်း ကြာခဲ့ကြပြီ ဖြစ်သည်။ သို့တိုင်အောင်ပင် သူတို့နှစ်ဦးစလုံးသည် အားမရ ကြသေး၊ စကားပြော၍ မကုန်ကြသေးပါ။ နေ့လယ် နေ့ခင်းဆိုလျှင် ချစ်သူ နှစ်ယောက်ထဲ ချောက်ကမ်း ထူထပ်ရာ၊ တောနက်ရာ နေရာများသို့ သွား ရောက် ချစ်တင်းနှောတတ်ကြသည်။ ရွှေကြည်မ တစ်ယောက်တည်း သစ်ပင် အောက်တွင် အိပ်ချင်လျှင် အိပ်နေသည်။ တစ်ခါတစ်ရံ နေပူထဲမှာပင် ထွက်၍ ကောက်သင်း ကောက်နေတတ်သည်။ သိုက်ထွန်းကလည်း သူတို့ မလာခင် ကောက်ထားတတ်သေးသည်။ သူတို့မှ မရောက်သေးလျှင် ယင်း နေရာသည် ချောင်ကျပြီး ရွာနှင့်ဝေးလှသဖြင့် အခြားသူများလည်း ရောက် မလာတတ်ပါ။ သိုက်ထွန်းက ချောက်ထဲမှ စောစောထပြီး ဝေလီဝေလင်း အချိန် စတင်ကောက်လိုက်လျှင် နှစ်ပြည်သားလောက်တော့ ခပ်လွယ်လွယ် ရတတ်ပါသည်။

မနေ့က ငထွားနှင့် ချက်ကြီးတို့က ကိုမုန်း၏ထန်းတဲနှင့် ထမ်းပိုး တန်း နေရာလောက်တွင်ရှိသော လှည်းလမ်းမြောင် အဝမှ ရွှေရီမတို့အပြန် စောင့်ကြို၍ မေးမြန်းကြခြင်း ဖြစ်ပါသည်။ သူတို့နှစ်ဦးမှာ မူးနေပုံလည်း ရသည်။ ထိုအထဲ ချက်ကြီးက ငထွား၏ နှစ်လုံးပြူး သေနတ်ကြီးကို မောင်း တင်ထားသည့်အသွင် ကိုင်ထားသေးသည်။

တကယ်တော့ ငထွား သူကြီးရာထူးရခါမှဆိုလျှင် ကိုမုန်း၏ ထန်း တဲသို့ လာလေ့လာထ မရှိပါ။ သောက်ချင်လျှင် အိမ်တွင် သောက်ပါသည်။ ယခုလည်း ထိုထန်းတဲသို့ဝင်၍ သောက်ချင်မှ သောက်မည်၊ အိမ်မှ သောက် လာခဲ့ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်၊ ရွှေကြည်မတို့ ညီအစ်မအား အကဲခတ် လို၍ ထိုနေရာမှ စောင့်ကြိုနေခြင်း ဖြစ်ကောင်းဖြစ်မည်။

သူတို့နှစ်ဦး ရပ်စောင့်နေသည်ကို တွေ့မြင်ရသောအခါ ရွှေကြည်မ တို့ ညီအစ်မက စိုးရိမ်မကင်းဖြစ်ကြသော်လည်း ပထမတွင် ဘာမှ မဖြစ်

လေပဟန်၊ မသိကျိုးကျွန်ပြု၍ ရှောင်ဖယ်သွားမည့်ဟန် ဘယ်သို့မျှမကြည့်ဘဲ ခပ်သုတ်သုတ် လှမ်းသွားကြသည်။ နောက်မှ–

'ဟေ့ ရွှေရီမ၊ နင်တို့ညီအစ်မ နေကြဦး၊ နင်တို့ကို စစ်စရာတစ်ခု ရှိတယ်' ဟု ငထွားက ငေါက်ဆတ်ဆတ် အသံဖြင့် ပြောလိုက်၍ ညီအစ်မ နှစ်ယောက် တိုင်ပင်မထားရဘဲဖြင့် ရပ်တန့်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ နှစ်ဦးစလုံး၏ မျက်နှာမှာပင်–

"တစ်ခါတော့ ခက်ပြီ၊ ငါတို့အကြောင်းတွေ သိသွားဘီနဲ့ တူတယ်။ ငါတို့ ဘယ်လို ဖြေရပါ့မတုံး" ဟူ၍ မဆိုပေသည့် ဆိုဘိသကဲ့သို့ အသွင်များ ဆောင်နေပါသည်။ သို့သော် ညီအစ်မနှစ်ဦးစလုံး လိမ္မာပါးနပ်သူများ၊ လျှင်မြန် ဖျတ်လတ်သူများ ဖြစ်ကြပေရာ ယင်းတို့ ဟန်အမူအရာကို ရုတ်ခြည်း ပြင်လိုက်နိုင်ကြပါသည်။

'ဘာတုံး သူကြီးလေးရဲ့၊ သူကြီးလေးက ဒို့ကို ဘာများ စစ်စရာ ရှိလို့တုံး'

'ဟုတ်တယ်၊ စစ်စရာရှိတာကို နောက်တော့ ပြောမယ်။ ရွှေကြည်မ တို့ ခေါင်းပေါ်က တောင်းတွေ အောက်ကို ချကြစမ်း'

'ဘာပါတယ် ထင်လို့တုံး၊ မြေပဲ ကောက်သင်းကောက် သွားတာ မြေပဲပါတာပေါ့တော့၊ ဒါများ ကြည့်နေရသေးသလား၊ ဟော.... ကြည့်ချင် သပဆို ကြည့်'

ရွှေရီမက စိတ်ဆိုးသော ဟန်အမူအရာဖြင့် ခေါင်းပေါ်က တောင်းကို ကပျာကယာ ချ၍ ပြလိုက်ခြင်း ဖြစ်သည်။

'မြေပဲကောက်သွားတာ မြေပဲ ပါတာတော့ ဟုတ်ပါဘီ၊ ဟိုရွှေကြည်မ ရွက်လာတဲ့ တောင်းထဲက ထောင်ပိုက ဘာလုပ်တာတုံး၊ ပြီး အဲဒီ ထောင် ပိုထဲမှာလည်း ဗို့အိုးနဲ့'

'ဒါက ဒို့ မနက်အစောကြီးကတည်းက သွားလို့ မနက်စာအတွက် ထမင်းထည့်ယူသွားတာပါ၊ အဲဒီ ဗို့အိုးကတော့ ပဲငရုံစေ့ ဟင်းချိုထည့်တာ'

'ထမင်းထည့်တဲ့ ထောင်ပိုနဲ့ ဟင်းထည့်တဲ့ ဗို့အိုးကလည်း ကြီးလှ ချည်လား၊ ခင်ဗျားတို့ မှန်မှန်ပြောပါ၊ ဟိုခွေးသား ဝရမ်းပြေး ဒီဘက် ရောက်

နေတယ်လို့ ကြားတယ်။ သူ့ကို ထမင်းသွားပို့ရင်းနဲ့ ကောက်သင်းကောက် ဟန် ဆောင်တာလား'

'အံမယ်တော် မလုပ်ပါနဲ့၊ ဒို့က သူနဲ့ ဘာဆိုင်လို့ သူ့ကို တယောင် တဆောင် ထမင်းသွားပို့ရမှာတုံး၊ သူကြီးလေးနယ်ကွယ် မဆိုင်တာကို မေးမှ မေးပလေတယ်'

ရွှေကြည်မက အဖြစ်မှန်ကို ဖုံးဖိလိုသဖြင့် ရယ်ရွှန်းဖတ်ရွှန်း ပြော နေပေသည့် ငထွား၏ ရင့်သီးသောစကားကို ကြားရသောအခါ ရွှေရီမ အနေ ဖြင့် အတော်ခံပြင်းနေပုံ ရသည်။ စောစောက မျက်နှာပျက်သည်ထက်ပင် မျက်နှာမှာ တစ်ချီတည်း ရဲသွားသည်။

'နို့ ဒီမြေပဲကကော ဘယ်ယာခင်းက ကောက်ခဲ့တာတုံး'

'ဦးကြီး ဖိုးကျော့ရဲ့ ဆလွေပင်အင်တိုင်းက ကောက်ခဲ့တာ'

ဆလွေပင်အင်တိုင်း ဆိုသည်မှာ သူတို့ဖြတ်သန်းလာခဲ့သော နေရာ တစ်နေရာ ဖြစ်ပါသည်။ အမှန်သွားသောနေရာမှာ ထိုထက် ခရီးတစ်ဆ လောက် ဝေးပါသေးသည်။

'နှစ်ယောက် တစ်နေကုန် ကောက်တဲ့ မြေပဲကကော နည်းလှချည် လား'

'အံမယ် ဒါများနည်းသေးသလား၊ တော်ပဲ သွားကောက်ပါဦး၊ အခု နွေကြီးခေါင်ခေါင် ရောက်လာတော့ ကောက်သင်းကောက်ဖို့ နေရာတွေက ရှားသွားဘိ၊ သူများ ကောက်ပြီးသား နေရာတွေ ထပ်ကောက်ရတာ၊ မယုံ ရင် ဒို့ပြင် ကောက်သင်း ကောက်တဲ့လူတွေ မေးကြည့်ပါ၊ ဒါထက် ပိုရတယ် ဆိုရင် ကျုပ်တို့ကို ဘယ်လိုပြောပြော ပြောချင်သလို ပြော'

ရွှေရီမက သူ့စိတ်သူ မနည်းငြိမ်အောင်လုပ်ပြီးမှ စကားကို ဖြန်းပြော လိုက်ခြင်း ဖြစ်သည်။ နောက်လည်း အတော်ကြာအောင် စစ်မေးနေပါသေး သည်။ သို့သော် ထိုထက် မထူးခြားပါ။

'သူ့ပုံပန်း လက္ခဏာကတော့ နင်နဲ့ ဒို့နဲ့ နေ့တိုင်း ချိန်းတွေ့ကြတဲ့ အထိတော့ သိသေးဟန် မတူပါဘူး။ ဒါပေမဲ့ အနှေးနဲ့အမြန် တစ်နေ့မဟုတ် တစ်နေ့တော့ သိမှာပဲ။ သိရင် ဒို့လည်း မသက်သာဘူး၊ နင်လည်း ဒုက္ခ

ရောက်ဖို့ပဲ၊ အဲဒီတော့ နင်နဲ့ ဒို့ဟာ ဒီနည်းမတွေ့ဘဲနဲ့ တခြားနည်း တွေ့ကြရင် ကောင်းလိမ့်မယ် ထင်တယ်'

ရွှေကြည်မက ယမန်နေ့ ညနေက သူတို့ညီအစ်မနှင့် ငထွားတို့ တွေ့ဆုံခဲ့ကြပုံ အကြောင်းများကို ရှင်းလင်းပြောပြပြီးနောက် သူ၏ အကြံကို တင်ပြလိုက်ခြင်း ဖြစ်သည်။

'ဒါတော့လည်း ဒါပေါ့လေ၊ ဒီအတိုင်းချည်း ကြာရှည်သဖြင့် သွားနေလို့တော့လည်း ဘယ်ဖြစ်လိမ့်မတုံး။ ဒါပေမဲ့ ကျုပ် သူ့ကို မကြောက်ပါဘူး။ သူနဲ့ အခု ရင်ဆိုင်ရမလား၊ ရင်ဆိုင်ရဲပါတယ်။ သူ့မှာ တပည့်လက်သား ပါလှရင် နှစ်ယောက် သုံးယောက်ပါ။ အဲဒီ နှစ်ယောက် သုံးယောက်ပါလည်း ကျုပ် မကြောက်ဘူး'

'အံမယ် သူ့မှာ သွားလေရာ သေနတ်ကြီးနဲ့တော့'

ရွှေရီမက ကြားဝင် ပြောလိုက်ခြင်း ဖြစ်သည်။

'သေနတ်လည်း ကြောက်စရာ မဟုတ်ပါဘူး။ တစ်ခုတော့ ရှိတယ်။ ကိုယ်က မသိတုန်း ချောင်းပစ်ရင်၊ အဲဒီလိုဆို ထိချင်ထိမယ်၊ နို့မဟုတ်ရင် မကြောက်ရေးချ မကြောက်ကြီးထဲကပါ။ အစ်မကြည် ကျုပ် ဒီရွာ ရောက်လာတာကိုက အစ်မကြည်တို့နဲ့ တွေ့ချင်လို့အပြင် သူနဲ့ ရင်ဆိုင်ချင်တဲ့ အကြောင်းလည်း ပါတယ်။ ဒီကောင် အသက်ရှင်နေသရွေ့ ကာလပတ်လုံး အစ်မကြည်တို့ကို အမြဲတမ်း ဒုက္ခပေးနေပြီး ရွာသူရွာသားတွေလည်း မင်းဆိုးမင်းညစ်ရဲ့ လက်အောက်မှာ နေကြရသလို ဘယ်နေ့ ဒုက္ခပေးမလဲဆိုပြီး အမြဲကြောင့်ကြနေကြရမှာ။ ကျုပ်တို့က တိုင်းတစ်ပါးသား မိစ္ဆာနယ်ချဲ့ကို တိုက်တဲ့အပြင် ရေးကအခေါ်နဲ့ဆိုရင် သစ္စာဖောက်ပေ့ါ။ အခုဆိုတော့ တစ်ပါးကျွန်၊ အလိုတော်ရိ၊ အဲဒီ အကောင်တွေလည်း ဖြုတ်ပစ်ရမှာပဲ'

'ပေါ့ပေါ့ဆဆတော့ သွားမလုပ်နဲ့နော်၊ သူ့မှာက သူ သွားလေရာ တပည့်လက်သားက အမြဲပါတယ်။ ဘယ်သူမှ မပါဘူးဆိုတောင် ချက်ကြီးတော့ ပါတာပဲ။ အခု ရွာက လူတွေက သူ့ထက် ချက်ကြီးကို ပိုကြောက်နေကြရသေးတယ်။ ပြီးတော့ နင့်အပေါ်မှာကော အမှုက လေးသထက် ပိုလေးမသွားဘူးလား'

'ကျုပ်အဖို့ ဘာထူးပြီး အမှုလေးစရာ ရှိတော့တုံး အစ်မကြည်ရဲ့၊

တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲဟာ။ ပီး ကျုပ်ဟာ ဗမာပြည်ကြီး လွတ်လပ်ရေး ရတယ်အထိ၊ ဒါမှမှုတ် သေအထိ တိုက်သွားမယ့် အကောင်။ အစိုးရနဲ့ ပတ်သက်လို့ ဘာမှ အမှုလေးစရာ မရှိတော့ဘူး၊ လေးချင်သမျှလည်း အကုန်လေးပီးဘီ'

ထိုစကားများကို ကြားရသောအခါ ရွှေရီမ မျက်နှာမကောင်းပါ။ "ဤဘဝတွင် သူတို့ချစ်သူနှစ်ဦး တင့်တောင့်တင့်တယ် နေထိုင်သွားကြဖို့ လမ်းမရှိတော့ပါကလား" ဟု တွေးမိ၍လားတော့ မဆိုနိုင်ပါ။

'ကိုင်းပါလေ ဒီစိတ်ညစ်စရာတွေ ပြောမနေကြပါစို့နဲ့၊ တွေ့တုန်း ကြုံတုန်း ပျော်ပျော်ပါးပါး နေကြတာပဲ ကောင်းပါတယ်'

သိုက်ထွန်းက ရွှေရီမ မျက်နှာမသာ ဖြစ်သွားသည်ကို ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

'ရွှေရီ ဟိုတည်ပင်ခြေမှာ သွားကြည့်စမ်း၊ ငါ ဖက်ရွက်နဲ့ အုပ်ထား တယ်'

ရွှေရီမက သိပြီးဖြစ်သည်။ သိုက်ထွန်း မနက်စော ထ ကောက်ထား သော မြေပဲ။ ရွှေရီမတို့ အဝေးက လာနေသည်ကို မြင်ရတော့မှ သိုက်ထွန်း က တည်ကုလားပင်ကြီးပေါ်သို့ ကမန်းကတန်း တက်လိုက်ခြင်း ဖြစ်သည်။ နောက် ရွှေရီမတို့ သစ်ပင်အောက် ရောက်လာတော့မှ တည်ကိုင်းကို ဟီလေး ခိုပြီး ခုန်ချလိုက်သည်။ ယင်းကို ရွှေကြည်မက သိုက်ထွန်း ရှိနေမည်ကို သိလျက်ဖြင့် လန့်မိအောင် လန့်လိုက်သေးသည်။

နောက် ရွှေရီမက တည်ပင်ခြေသို့ သွားကြည့်ရာ မြေပဲများ တွေ့ ရ၍၊ တောင်းထဲသို့ ကျုံးထည့်လိုက်သည်။

'ကိုသိုက်ထွန်း ထမင်းဆာရင် စားနှင့်ပါလား၊ ဒီကနေ့တော့ ကိုင်း ချဉ်ပေါင်ဟင်းနဲ့ ပဲကြီးသဘွန်း လုပ်လာတယ်။ ပီးတော့ ငရုတ်သီးထောင်း'

'ဟာ... ဒါဆို သိပ်မိန်ပေါ့။ သို့ပေမဲ့ မဆာသေးပါဘူး၊ အားလုံးမှ အတူစားကြတာပေါ့။ ဒါထက် အစ်မကြည်၊ ရေဘူးထဲ ရေအပို ထည့်ခဲ့ သေးလား၊ ကျုပ်မှာ ရေကုန်နေဘီ၊ ညက တစ်နေရာ သွားခပ်မယ် လုပ် တော့လည်း မခပ်ဖြစ်ဘူး'

'ပိတာပေါ့ဟဲ့၊ ဘယ်မပိုဘဲ နေလိမ့်မတုံး၊ နေ့တိုင်းနေ့တိုင်း နင့်ဖို့ အပို ထည့်ထည့်လာတဲ့ ဥစ္စာ'

'ဒါဖြင့် စောစောထည့်ထားမှ၊ ကျုပ် ရေဘူး ချောက်ထဲ သွားယူ လိုက်ဦးမယ်'

ပြောပြီး သိုက်ထွန်းက ရွှေရီမကို မျက်စ ပစ် ပြလိုက်သည်။

'အစ်မကြည်ရေ ရွှေရီလည်း ချောက်ဘက် ခဏ ဆင်းလိုက်သွား ဦးမယ်၊ ခု ပြန်လာမှာပါ'

'အေး... အေး၊ ဘယ်သွားသွားနော် လူရိပ်လူဆင်လည်း ကြည့်ကြ၊ နောက် အင်တိုင်းပေါ် ပြန်တက်လာတော့လည်း ဒီအတိုင်းပဲ'

'ဟုတ်ကဲ့ အစ်မကြည်၊ ကျုပ်တို့အတွက်တော့ စိတ်ချပါ'

ချစ်သူနှစ်ဦးတို့သည် ချောက်ရှိရာဘက်သို့ မြူးဆင်းသွားကြသည်။ တစ်ဦးတည်း ကျန်ရစ်ခဲ့သော ရွှေကြည်မသည်သာ မြေပဲ ကောက်သင်း ကောက်ရန် ပြင်ဆင်ပါလေသည်။

[ ၁၈ ]

ယခင်ကဆိုလျှင် ဝါးကြီးအိုင်ရွာကြီးသည် တောရွာတစ်ရွာပင် ဖြစ်လင့်ကစား ကာကာကုလားများ ရောင်းချသော လက်ဖက်ရည်ဆိုင်နှင့် ရှပ်ဆိုင်များ ရှိသည်။ အခြားကုန်စုံဆိုင်များလည်း ရှိသည်။ မြို့ငယ် တစ်မြို့နှင့်မခြား အလွန် စည်ကားလှပါသည်။

ရွာနီးချုပ်စပ်မှ လူများတို့သည် တစ်စုံတစ်ခု ဝယ်လိုလျှင် ဝေးလံ လှသော မြို့ဈေးများသို့ သွားရောက်ဝယ်ယူခြင်း မပြုကြဘဲ နီးနီးနားနား ထိုရွာသို့သာ လာရောက် ဝယ်ယူတတ်ကြလေ့ ရှိပါသည်။ ကုန်ခြောက် ဆိုလျှင် အထည်အဝတ် အစ ဘာမဆို အကုန်ရနိုင်သည်။

ယခုမူကား တစ်အိမ်ထောင်လျှင် သုံးကျပ်မျှသော သဿမေဓ အခွန် မပေးကြကောင်းလားဟုဆိုကာ မသမာသူ အစိုးရက ရာချီတန်သော လှည်းနှင့် နွားများကို အတင်းအဓမ္မ သိမ်းယူခဲ့သည်မှအစ သူပုန်ထရန် ရည်ရွယ်ချက် မရှိဘဲဖြင့် မိမိတို့ပိုင်ပစ္စည်းများ လွန်စွာ နမြောတသပြီး

တောင်သူကြီးများကိုယ်တိုင် လမ်းခုလတ်မှ ဆီးကြိုတိုက်ခိုက် လုယက်ခဲ့ကြရာ၊ ရွာသားများ သူပုန်ဘဝသို့ ရောက်မှန်းမသိ ရောက်ခဲ့ကြရပါသည်။

ငွေသုံးကျပ်ကိုမူ အချို့က အကယ်မပေးနိုင်ကြပါ။ အချို့ကမူ ပေးနိုင်လျက်ဖြင့် အချိန်အခါ မဟုတ်သေးဘဲ တောင်းခံရပါမည်လားဟု မပေးဘဲ နေခဲ့ကြခြင်း ဖြစ်သည်။ တကယ်တော့လည်း အင်္ဂလိပ်အစိုးရက မြန်မာလူမျိုးများအား တမင်ဖိနှိပ်ချုပ်ချယ်လို၍၊ နှိပ်စက်ညှဉ်းပန်းလို၍ "မလို၍ ကူးတို့ခ တောင်း" ဆိုသလို စောစွာ အခွန်ငွေတောင်းခံခြင်း ဖြစ်ပါသည်။

မူလက အလွန် စည်ကားလှသော ထိုရွာကြီးလည်း ယင်းအချိန်မှစ၍ ရွာပျက်ကြီးလို၊ ပွဲပြီးစ ပွဲခင်းကြီးလို ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေပါသည်။ မြန်မာလူမျိုးများအပေါ် အမြတ်ကြီးစား၊ ခေါင်းပုံဖြတ်၊ သွေးစုပ်ပြုလုပ်နေကြသော ရှပ်ဆိုင်ရှင် ကာကာ ကုလားများလည်း ထိုအချိန်မှစ၍ ကြောက်လန့်တကြား ဖြစ်ကာ မြို့သို့ ပြောင်းပြေးကြပါသည်။

ကုလားစစ်ပုလိပ်တပ် ရောက်ရှိလာသောအခါ ပို၍ ဆိုးသေးသည်။ မူးကြ၊ ရူးကြ၊ နှိပ်စက်ကလူပြုကြ၊ မတရား စော်ကားကြဖြင့် ရွာတွင် ကျန်ရှိနေသူများလည်း အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ရဲလောက်အောင်ပင် ဖြစ်နေကြပါသည်။

နောက် သူပုန်များထဲမှ သေသူသေ၊ ဖမ်းမိသူ ဖမ်းမိ၊ ပြေးသူဟူ၍ သုံးလေးငါးယောက်မျှလောက်သာ ရှိတော့ရာ ဘာမှ မမှုလောက်သဖြင့် နောက်ထပ် ရောက်ရှိလာသော စစ်ပုလိပ်တပ်လည်း ပြန်လည် ရုပ်သိမ်းသွားပါသည်။ သို့တိုင်အောင်ပင် ဝါးကြီးအိုင်ရွာကြီးသည် ခြောက်ကပ်မြဲ ခြောက်ကပ်နေပါသည်။ နေ့ပဲ ကာလပျက်တော့မလို၊ ညပဲ ကာလပျက်တော့ မလိုဖြင့် သွေးလန့်မြဲ သွေးလန့်နေကြပါသည်။ လူတိုင်းလူတိုင်း ကျီးလန့်စာစား ဖြစ်နေကြသည်။

မဖြစ် ခံနိုင်မည်လား။ နယ်ချဲ့အစိုးရ၏ လက်ချက်ဖြင့် သေသူများ၏ သွေးများလည်း ညီနံ့ နံမြဲနံလျက်၊ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသူတို့လည်း မကွေးထောင် အတွင်းတွင် ထိုအတိုင်း ရှိနေကြသည်။ ကျန်သူများအဖို့ အဘယ်မှာလျှင် စိတ်အေးချမ်းသာ နေနိုင်ကြလိမ့်မည်နည်း။ ထိုသူတို့၏ ကျန်ရှိခဲ့သော သားသမီး သားမယားတို့လည်း မျက်ရည်နှင့်မျက်ခွက်။

ယခုဆိုလျှင် ရွက်ဟောင်းကြွေ၍ ရွက်သစ်လောင်းသော တပေါင်းလ ရာသီဖြစ်၍နှင့် တူသည်။ ရွာလမ်းတစ်လျှောက် ရှိနေသော မန်ကျည်းပင်၊ တမာပင်၊ ယင်းမာပင်၊ ဆီးပင်နှင့် ထနောင်းပင်တို့မှာ အချို့ရွက်ကျင်ရွက်ဝါ များ ကျိုးတိုးကျဲတဲ၊ အချို့ အရိုးပြိုင်းပြိုင်း ဖြစ်နေကြရာ ပို၍ ခြောက်သွေ့ နေပြန်သေးသည်။

သို့ဖြင့် အရိပ်အာဝါသ လုံးဝ ကင်းရှင်းနေသည့်အပေါ်တွင် နေ ရောင် အရင့်ဆုံးအခါ နေမွန်းတိမ်းစအချိန်လည်း ဖြစ်နေပြန်ရာ၊ ရွာလမ်း တစ်လျှောက် လူသွားလူလာ လွန်စွာ ကင်းရှင်းနေပါသည်။ လူ မဆိုထား နှင့်၊ ခွေးများ၊ ကြက်များ၊ ကျီးများပင် ထိုနေပူဒဏ်ကို ခံနိုင်ကြဟန် မတူပါ။ ခါတိုင်း ခွေး၊ ကြက်၊ ကျီးတို့ဖြင့် ရှုပ်ယှက်ခတ်နေသော လမ်းများပေါ်တွင် ယင်းတို့အားပင် မတွေ့ရဘဲ ရှိနေပါသည်။

ထိုအခိုက် ရွာတောင်တံခါးမှ အမျိုးသမီးကြီးတစ်ဦး လုံကွင်းအို တစ်ထည်ကို ခေါင်းထက်တင်၍ ဖိနပ်မစီး၊ ဘာမစီးဖြင့် ရွာတွင်းသို့ ခပ် သုတ်သုတ် ဝင်လာသည်ကို အထင်းသား၊ အရှင်းသား တွေ့မြင်နေရပါသည်။ သူသည် အသက်ကြီးလာ၍ မျက်စိများ မွဲနေပြီဖြစ်ရာ ထိုမွဲသော မျက်စိက နေရောင်၏ဒဏ်ကို မခံနိုင်၍လား၊ သို့မဟုတ် မျက်ခမ်း ပေရှိန်းရှိန်းဖြစ်နေ ၍ အလင်းရောင်ကို ကာကွယ်လိုသည့် သဘောလား မသိ။ တစ်ခါတစ်ခါ မျက်လုံးအစုံပေါ်မှနေ၍ လက်ကလဖျင်းထိုးကာ ရှေ့တူရူသို့ လည်းကောင်း၊ ဘေးဘီဝန်းကျင်သို့ လည်းကောင်း ကြည့်တတ်ပါသည်။

အမျိုးသမီးကြီးသည် ဤနည်းဖြင့် ရွာလမ်းမကြီးမှ တစ်ဆင့် ရွာ သူကြီး ငထွား အိမ်ဝင်းအတွင်းသို့ ရောက်ရှိလာပါသည်။

'သူကြီးလေးကော ဟဲ့၊ သူကြီးလေး'

'ဩော်... ရှင်ငယ်ပု၊ ဘာကိစ္စတုံး၊ လာ လာ၊ လူလေး ရှိပါတယ်၊ ဟောဟိုမယ် ပူလွန်းလို့တဲ့၊ အိပ်မရတာနဲ့ ကွပ်ပျစ်ပေါ် လှိမ့်နေလေရဲ့'

ငထွား၏မိခင် သူကြီးကတော်ဟောင်းကြီးက ဆီးကြို ပြောလိုက် ခြင်း ဖြစ်သည်။

'ကိစ္စလား၊ ကိစ္စက ရှိတာပေါ့။ ဒါပေမဲ့ သူကြီးလေးကိုယ်တိုင်ကို ပြောမှ ဖြစ်မှာ၊ ပြီးတော့ အရေးကြီးတဲ့ကိစ္စ'

'ဘာတုံးဗျ မငယ်ပု၊ ဘာများ အရေးကြီးတဲ့ကိစ္စ ရှိလို့တုံး'

ငထွားသည် အရက်ပူပြန်နေ၍လား၊ ဘိန်းဆိပ်မွန်နေ၍လား မသိ၊ အကျီပင် မကပ်နိုင်ပါ။ သူကြီးအိမ်မှာ ခြေတံရှည် အိမ်မြင့်ဖြစ်သည်။ သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ ဖြစ်သည်။ ထရံကို အပေါ်ထပ်ချည်းမဟုတ်၊ အောက်ဘက်ပါ ရောကာထားရာ နှစ်ထပ်လို ဖြစ်နေသည်။ သို့သော် အောက်ထပ်တွင် ဘာမှတော့ ခင်းထားခြင်းမရှိ။ ပျဉ်လည်း မခင်း၊ သမံတလင်းလည်း မကိုင်ပါ။ ဧည့်သည်များလာလျှင် ထိုင်နိုင်ရန်အလို့ငှာ တန်းလျားနှစ်လုံး ရှိသည်။ တန်းလျားနှစ်ခု၏ အလယ်မှာ စာပွဲကြမ်းကြီးတစ်ခု ရှိသည်။ ခေါင်းရင်းဘက်တွင်မူ ကွပ်ပျစ်လို အဆင့်လုပ်ထားသည်။ ငထွားက ပြတင်းပေါက်များ ဖွင့်ပြီး ထိုအဆင့်ပေါ်၌ တုံးလုံးလှဲနေခြင်း ဖြစ်သည်။

အရေးတကြီးကိစ္စ ရှိသည်ဆိုပြီး ရောက်လာသူ ဒေါ်ငယ်ပုမှာ ရောက်လျှင် ရောက်ချင်း တန်းလျားပေါ်တွင် ကွမ်းအစ်တစ်လုံးနှင့် ထိုင်နေသော ငထွား၏ မိခင်နားတွင် ထိုင်လျက် ရှိနေပါသည်။ ငထွားက ဒေါ်ငယ်ပု ပြောစကားများအရ နေရာမှ ငေါက်ခနဲ ထ တည့်ပြီး ခြေရင်းဘက်သို့တိုးကာ မေးလိုက်ခြင်း ဖြစ်သည်။

'ဒီနား တိုးပါဦး သူကြီးလေးရဲ့၊ ကိစ္စက တိုးတိုးပြောရမယ့် ကိစ္စမို့လို့ပါ'

ဒေါ်ငယ်ပုက မျက်စိကလေး ပေကလတ် ပေကလတ်ဖြင့် နေရာမှ ထ ကာ ကွပ်ပျစ်ဆီသို့ တိုးကပ် ပြောလိုက်ခြင်း ဖြစ်သည်။

'မောင်မုန်းက လွှတ်လိုက်လို့ကွယ့်၊ အဲဒါ မင့်အတွက် ချက်ကောင်းပဲ တဲ့။ ဒါကြောင့် တိတ်တိတ်ကလေး ပြေးလာ ပြောရတာ'

'ဘယ်မောင်မုန်းတုံး၊ ထန်းသမား ကိုမုန်းလား'

'အေးပေါ့ကွယ့်၊ ဒီမောင်မုန်းအပြင် ဘယ်မောင်မုန်း ရှိရဦးမှာတုံး'

'အဲဒါတော့ ဟုတ်ပါဘီ၊ ခင်ဗျားစကားက ဝေ့တီးဝေ့လည်နဲ့၊ ဘာတုံး၊ ဘာကိစ္စတုံးဆိုတာ လိုရင်းကို ပြောစမ်းပါ'

'တခြားမှုတ်ဘူးကွဲ့၊ ဟိုအကောင် ဝရမ်းပြေးသိုက်ထွန်း သူတို့ထန်းတဲမှာ ရောက်နေတယ် တဲ့'

'ဟင်.... သိုက်ထွန်း၊ ဟုတ်လား'

ငထွားက အံ့ဩဝမ်းသာ ဖြစ်သွားပုံ အမူအရာဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ သူသည် သိုက်ထွန်းကို ဖမ်းဆီးဖို့ ကြိုးစားနေသည်မှာ ကြာပြီ မဟုတ်ပါလား။

'နေဦး၊ ဒီက စကားဆုံးအောင် နားထောင်ဦး၊ သိုက်ထွန်းက စိတ်ပျက်ပျက်နဲ့ သူတို့ထန်းတဲကို ထန်းရည်ခါး လာသောက်တာတဲ့။ သူကလည်း မှန်းမှန်းနဲ့ ထန်းရည်ခါးတွေ နင်းတိုက်ထားလို့ အခု တဲထဲမှာ မူးလဲနေဘီတဲ့၊ အသာလေး ဖမ်းရုံဘဲတဲ့၊ အဲဒါ မင်းလည်း နာမည်ကောင်းရအောင် မြန်မြန်လာဖမ်းပါလို့ ငါ့ကို တိတ်တိတ်ကလေး အပြောခိုင်းလိုက်တာ'

ငထွား၏မျက်နှာမှာ စောစောကနှင့်ပင် မတူပါ။ တစ်ချီတည်း ဝင်းထိန်သွားပါသည်။

'တကယ်နော် မငယ်ပု'

'အို... ငါက မဟုတ်ဖဲနဲ့ အလကား အပင်ပန်းခံပြီး လာပြောပါ့မလား'

'ဒီကောင် မူးလဲနေတာ ခင်ဗျားကိုယ်တိုင်ကော တွေ့ခဲ့သလား'

'ကိုယ်တိုင် မတွေ့ပေသည့် ကိုယ်တိုင် တွေ့သလိုပဲ။ ငါက အဲဒီ ထန်းတောထဲမှာ ဆိတ်အုပ်ကျောင်းနေတာ၊ အဲဒီကောင် တစ်ယောက်တည်း ငမုန်းတဲထဲ ဝင်သွားတာ မြင်လိုက်ရတယ်။ တော်တော်ကြီးကြာတော့ ငမုန်းက ထွက်လာပြီး ဒီလို ဒီလိုဖြစ်နေဘီလို့ ငါ့ကို ဒီလွှတ်လိုက်တာပဲ။ မြန်မြန်သွားပြောချည်ပါတဲ့၊ တော်ကြာ အမူးပြေပြီး ထ ပြန်သွားမှာ စိုးလို့ တဲ့။ ဒါနဲ့ ငါလည်း ကမန်းကတန်း ပြေးလာခဲ့ရတာ။ နေကပူပူ၊ ခလုတ်တိုက် မလဲတာ ကံကောင်း'

'အင်း ဘုရင်တို့ဘုန်း မိုးလိုချန်း၊ လူပုန်းတောမှာ မနေသာတဲ့။ ကျုပ်အဖို့ ကံကောင်းချင်လို့ ဒီလိုလာကြုံရတာပေါ့ ဟဲဟဲ။ နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြမြပေါ့ သိုက်ထွန်းရာ၊ မင်းနဲ့ ငါနဲ့တော့ ဒီနေ့ တွေ့ကြရဦးမှာပေါ့။ ကိုင်း မငယ်ပု၊ ကျုပ် ချက်ကြီးခေါ်ပြီး လိုက်လာခဲ့မယ် ခင်ဗျားပြန်နှင့်'

'သိပ်ကြာနေလို့တော့ မဖြစ်ဘူးနော် သူကြီးလေး၊ ငမုန်းက မှာလိုက်တယ်၊ မြန်နိုင်သမျှ မြန်မြန် တဲ့'

'ဟုတ်ပါတယ်၊ ကျုပ်ကလည်း ကြာကြာဆိုင်းမနေပါဘူး၊ အခု ချက်ချင်း လိုက်လာမှာပါ။ လာတာတောင် ခြေကျင်ဆိုရင် နေးနေဦးမယ်၊ မြင်းနဲ့လာမှာ၊ ဒါမှ ဒီကောင် အမူးပြေပြီး ထွက်ပြေးဦးတော့၊ မလွတ်တမ်း ဖမ်းနိုင်မှာ'

'ဩော်.... ဒီလိုဆို ငါကတောင် နေးနေဦးမှာပဲ။ သွားမယ်ကွယ်၊ အရေးတကြီးကိစ္စမို့ လာခဲ့ရပေမဲ့ ဆိတ်အုပ်ကို ဒီတိုင်း ပစ်ထားခဲ့ရတာ'

ဒေါ်ငယ်ပုက ပြောလည်းပြော၊ တစ်ခါတည်းပင် ထွက်သွားပါသည်။ ငထွားလည်း ဘာမှမကြာပါ၊ လူတစ်ယောက် လွှတ်၍ ချက်ကြီးကို အခေါ် ခိုင်းသည်။ မြင်းများလည်း အပြင်ခိုင်းသည်။ မြင်းများဆိုရာ၌ သူ့မြင်းက တစ်ကောင်၊ အခြားအိမ်တစ်အိမ်ရှိ မြင်းက တစ်ကောင်ဖြစ်သည်။ နောက် သူ၏ နှစ်လုံးပြူးသေနတ်ထဲတွင် ဆင်ကိုပင် သေစေနိုင်သော တစ်လုံးကျည် ယမ်းတောင့်များဖြစ်သည့် အယ်လ်ဂျီယမ်းတောင့် နှစ်တောင့် အသင့်ထိုး ထည့်ထားသည်။ ကျည်ပိုများလည်း ဆောင်ယူသည်။ ပြီး ကာကီအင်္ကျီ၊ ရှမ်းဘောင်းဘီနှင့် ပျော့ခမောက်တို့ကို ယူသည်၊ ဝတ်သည်၊ ဆောင်းသည်။

ချက်ကြီး လာသောအခါ ချက်ကြီးကို ဓားအိမ်နှင့် ဆောင်ဓား တစ်လက် ပေးသည်။ နှစ်ယောက်သား မြင်းကိုယ်စီဖြင့် ထန်းတောနှင့် ကိုမှန်း တဲရှိရာသို့ ထွက်ခဲ့ကြပါသည်။ ထန်းတောဆိုပေသည့် နီးလှသည်တော့ မဟုတ်ပါ။ မိုင်ဝက်ခန့် ဝေးလိမ့်မည် ထင်ပါသည်။ ဒေါ်ငယ်ပု ပြောသလို ခြေကျင်သာ သွားမည်ဆိုလျှင် မူးလဲနေသည်ဆိုသူပင် အမူးပြေကောင်း ပြေသွားနိုင်သည်။

သူတို့နှစ်ဦးသည် အချိန်တစ်ခဏအတွင်း ကိုမှန်း တဲဆီသို့ ရောက် သွားကြပါသည်။ နေ့လယ် နေရှိန်ပြင်းချိန် ဖြစ်၍လားတော့ မသိ။ တဲ၏ အပြင် တဲဝန်းကျင်၌ လူတစ်ယောက်တလေကိုမျှ မတွေ့ရပါ။ တဲပတ်ပတ် လည်တွင် မြူအိုးများ၊ ရင်းထောင် လေ့ကားများနှင့် ထန်းလျက် ချက်ဖို့ အစရှိသော ထန်းတောင်သူသုံး ပစ္စည်းပစ္စယများကိုသာ တွေ့ရှိရပါသည်။

တဲအနီးသို့ ရောက်သောအခါ နှစ်ယောက်စလုံး မြင်းပေါ်မှ ဆင်း ကြပြီး တဲအတွင်းသို့ လှမ်းမျှော် အကဲခတ်ကြရင်း၊ မြင်းဇက်များကို နဘူးချုံ မှ နဘူးကိုင်းများသို့ ချိတ်ထားလိုက်ကြသည်။

ထန်းတဲသည် မူလကတည်းက ထန်းရည်ခါးကို ခိုးကြောင်ခိုးဝှက် တည်ရောင်းသော တဲဖြစ်ရာ အထူးလုံခြုံလှပါသည်။ ထန်းရွက်ခြောက်များ မိုး၍ ထန်းရွက်ခြောက်များ ကာထားရာ အတွင်းရှိ လူများသို့ အပြင်မှ မြင်နိုင်ရန် မလွယ်ကူလှပါ။

'အင်း ကိုမုန်း တစ်ယောက်တော့ ဟိုကောင် အမူးပြေသလား၊ မပြေသလား စောင့်ကြည့်နေလို့နဲ့ တူတယ်၊ အပြင်မှာ မတွေ့ရဘူး'

ငထွားက ချက်ကြီး၏ နားနားသို့ကပ်၍ တီးတိုး ပြောလိုက်ခြင်း ဖြစ်သည်။

'ဟုတ်တယ်၊ မဖြားဒုတ်ပါ နှစ်ယောက်စလုံး စောင့်ကြည့်နေတယ်နဲ့ တူတယ်၊ တဲထဲမှာပဲ ရှိကြလိမ့်မယ်'

'ဟော့ ဒါထက် မင့်းမှာပါတဲ့ကြိုး အသင့်ပြင်ထားနော်'

'ကိစ္စမရှိဘူး၊ ဒါအတွက် မပူနဲ့'

နှစ်ယောက် တီးတိုး တိုင်ပင်ကြပြီးနောက် တစ်ယောက်က နှစ်လုံးပြူး သေနတ်ကို အသင့်မောင်းတင်၍ လည်းကောင်း၊ တစ်ယောက်က ငှက်ကြီးတောင်ဓားကို ဓားအိမ်မှချွတ်ကာ ဓားလွတ်ကိုင်၍ လည်းကောင်း ခြေများကို ခပ်ဖွဖွ နင်းကာ တဲဆီသို့ လာခဲ့ကြသည်။

ဓားလွတ်ကိုင်ထားသော ချက်ကြီးက ရှေးဦးစွာ တဲတွင်းသို့ ဝင်သည်။ ငထွားက ချက်ကြီးနောက်မှ သေနတ်ကို ချိန်ထားရင်း ကပ်ပါသွားသည်။

'ဟဲ.... ဟဲ.... ဟဲ'

ထိုအသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် တဲတွင်းသို့ ဝင်မိကြပြီဖြစ်သော ငထွားတို့နှစ်ယောက်စလုံး ထိတ်လန့် အံ့သြဖြစ်ကုန်သည်။ ရုတ်တရက်ဆိုသော် မလန့်ခံနိုင်မည်လား။ ဘယ်ကလာသော အသံမှန်းလည်း မသိ၊ ဘယ်သူ့ အသံမှန်းလည်း မသိ။ အသံကြီးကလည်း အောင်ကအောင်၊ မာပါဘိသည်နှင့်။

'ဟဲ.... ဟဲ မင်းတို့ လူစွမ်းကောင်းကြီးတွေပေါ့လေ၊ တစ်ယောက်ကလည်း ဓားလွတ်ကိုင်လို့၊ တစ်ယောက်ကလည်း သေနတ်မောင်းတင်လို့၊

မူးလဲနေပါတယ်ဆိုတဲ့ လူကို အမဲဖျက်ကြမယ်နဲ့ တူတယ်။ ခရု ခါးတောင်း ကျိုက် ဖမ်းကြတော့မယ်နဲ့ တူတယ်။ ဟဲ.... ဟဲ... ဟဲ'

အသံသည် တဲတွင်းမှမဟုတ်၊ တဲပြင် ငထွားတို့၏ နောက်ဘက်မှ ဖြစ်သည်။ အဟုတ်ပင် သိုက်ထွန်း၏အသံ၊ လူကိုယ်တိုင်ကလည်း သိုက်ထွန်း။

ငထွားတို့ နှစ်ယောက်သည် ထိတ်လန့်အံ့သြ ဖြစ်နေကြ၍ ရုတ်တရက်ပင် သိုက်ထွန်းရှိရာ နောက်ဘက်သို့ ပြန်မကြည့်ရဲကြသေးပါ။ သိုက်ထွန်းသည် သူတို့နောက်ဘက်မှ သူတို့ကျောကို ဓားဖြင့် ထောက်ထားနေပြီလား၊ သေနတ်ဖြင့် ချိန်ထားလေပြီလား၊ ထိုမျှ ရဲရင့်ပြတ်သားနေသည်ကို ထောက်သော် သူတို့ကို လုပ်ကြံသတ်ဖြတ်ဖို့ အဆင်သင့် ရှိနေပြီလားဟူ၍ ဝေခွဲမရဖြစ်ပြီး လှည့်မကြည့်ရဲကြပါ။

နောက်မှ တဲအပြင်ဘက်တွင် ရှိနေသော သိုက်ထွန်းနှင့် ပို၍နီးသော ငထွားက "ပေါက်သည့်နဖူး မထူးတော့ပြီ" ဆိုကာ နောက်ဘက်သို့ လှည့်လည်း လှည့်၊ သေနတ်ဖြင့်လည်း တစ်ခါတည်း ထိုးပစ်လိုက်ပါသည်။ သို့သော် သူ၏ကျည်က သိုက်ထွန်းလောက် မြန်ဆန်ခြင်း မရှိပါ။ သူ့ကျည်ဆန် သိုက်ထွန်းဆီသို့ရောက်လာချိန် သူ့အပေါ်းတွင် ကပ်လျက်ရှိသော ထန်းပင် ကိုယ်လုံးသို့ ကွယ်လိုက်ပြီးပြီ ဖြစ်သည်။

သိုက်ထွန်းက ချက်ချင်း နောက်ဘက်သို့ ဆုတ်လိုက်သည်။ ငထွားက ထွက်လိုက်သည်။ နောက်တစ်ချက် ဆက်ပစ်သည်။ ရှေးနည်းတူ ရှောင်လိုက်သည်။ သိုက်ထွန်းတွင် သေနတ်မပါ၊ ငှက်ကြီးတောင်ဓားသာ ပါသည်။

ငထွားက ယမ်းတောင့် နှစ်တောင့် ကုန်သွား၍ ယမ်းတောင့်အသစ် ထည့်ရန် သူ့ကိုယ်တွင် စလွယ်သိုင်းထားသော ယမ်းအိတ်မှ ယမ်းတောင့်များ ယူသည်။ လွယ်လွယ်နှင့် ထုတ်ယူမရဘဲ ဖြစ်နေသည်။ ဤတွင် သိုက်ထွန်းက သူ့ဆီသို့ ဓားဖြင့် ပြေးလာခုတ်သည်။ သူ့အဖို့ ယမ်းတောင့်ထုတ်ချိန်၊ ထည့်ချိန် မရတော့။ သိုက်ထွန်း၏ဓားချက်ကို သေနတ်ပြောင်းဖြင့် ဆီးခံရသည်။ နောက် ချက်ကြီးကပါ ပြေးလာကူသည်။ နှစ်ယောက် တစ်ယောက် ဖြစ်နေသည်။

ထိုအချိန်၌ တဲအတွင်း အိပ်ပျော်နေကြသော ထန်းသမား လင်မယား တို့ လန့်နိုးပြီး ထွက်ကြည့်ကြသည်။ နောက် ကြောက်၍ တဲအတွင်းသို့

ပြန်ဝင်ပြေးကြသည်။ ငထွားလည်း ဤလို ရင်ဆိုင်တိုက်ပွဲ၌ သူ့သေနတ် အသုံးမဝင်တော့ကြောင်း သိရရာ၊ ချက်ကြီးဆီက ဓားကို တောင်းယူပြီး သူ့သေနတ်အား ချက်ကြီးသို့ ပေးသည်။

နှစ်ယောက်သား ထန်းပင်များ၊ ထန်းလုံးများအကြားတွင် တစ်ယောက် က လိုက်ခုတ်ချိန် တစ်ယောက်က ရှောင်ပြေးသည်။ ပြီး ပြန်ခံသောအခါ ဓားချင်း ဓားချင်း ဆိုင်မိကြပြန်သည်။ အတန်ကြာအောင် ဘာစကားမျှ မပြောဘဲ အင်း... အဲသာ အသံထွက်လာကာ မဲခုတ်နေကြသည်။

သိုက်ထွန်းက ခပ်များများ နောက်ဆုတ်ပေးသည်မှာကား အခြား မဟုတ်ပါ။ ကူသူ ဝေးစေရန် မျှားခေါ်ခြင်း ဖြစ်သည်။

'နင့်လို လူယုတ်မာကောင်၊ သစ္စာဖောက်ကောင်ကိုမှ မဖြုတ်ရသမျှ ငါ ဝါးကြီးအိုင်ရွာက ဘယ်ကိုမှ မသွားဘူးကွ ငထွားရ၊ ငါတို့မှာ တခြား လုပ်စရာတွေ အကြံအစည်တွေ အများကြီး ရှိသေးတယ်။ နင့်ကို သတ်ဖို့ ဒီရွာကို ပြန်လာရတာ၊ သိရဲ့လား'

'ဟေ့ သိုက်ထွန်း၊ နင့်လို ဓားပြလူဆိုး၊ ဝရမ်းပြေးကိုလည်း ငါက တွေ့ချင် သတ်ချင်နေတာ ကြာပါဘီ။ ဒီတစ်ချီ နင်ပဲ သေမလား၊ ငါပဲ သေမလား၊ ကြည့်ကြသေးတာပေါ့'

ငထွားလည်း သူကြီးတစ်ယောက် ဖြစ်နေ၍ သတ္တိကတော့ သေး မည် မဟုတ်ပါ။ ပြီး ငယ်ရွယ်စဉ်ကတည်းက သောက်စား ရမ်းကားလာ ခဲ့သူဖြစ်ရာ တစ်ဦးချင်း တိုက်ခိုက်သည့် နေရာတွင်လည်း ထိုက်သလောက် တော့ ကျွမ်းကျင်ပါသည်။

သူတို့အချင်းချင်း မာန်မဲ ကြိမ်းမောင်းကြသံများ၊ ဓားချင်း ဓားချင်း ခတ်သံများ၊ လေထဲသို့ ဓားခုတ်သံများတို့သည် တစ်မျိုးပြီးတစ်မျိုး၊ တစ်သံ ပြီး တစ်သံ ဆိုင်းချက်ချသံများလို အဆက်မပြတ် ကြားနေရပါသည်။

ထိုအထဲ ငထွားဘက်မှ ချက်ကြီးက ကူချင်၏။ ဓားပိုက မပါ။ သေနတ်ရှိပါသော်လည်း ယမ်းတောင့်များက ငထွားဆီ၌ ရှိနေသည်။ ငထွား ကလည်း ထိုယမ်းစလွယ်ကို သတိတရ ဖြုတ်မပေးပါ။ သိုက်ထွန်း၏ ဓားချက်ကို မလွတ်အလွတ် ရှောင်တိမ်းနေရ၍ ဖြုတ်ချိန်လည်း ရပုံ မပေါ် ပါ။ ပြီး သိုက်ထွန်းက မမောသေးမီ သူ့မှာ ဟောဟဲ ဟောဟဲ ဖြစ်နေပြီ။

ယင်းအချိန်၌ ငထွား ထွက်မလာမီက ရွာတွင် မှာထားခဲ့၍လား၊ သို့မဟုတ် ငထွား၏မိခင် သူကြီးကတော်ပောင်းကြီးက သူ့သားအတွက် စိတ်မချ၍လား မသိ၊ ရွာဆီမှ မောင်းတီး၍ လူစုသံကြားရပါသည်။ ဤတွင် သိုက်ထွန်းအဖို့ အချိန်ဆွဲနေ၍မဖြစ်၊ မဲချီတင် ခုတ်ရပါသည်။ တစ်ချက်တည်း စလွယ်သိုင်း ပိုင်းချလိုက်ရာ ငထွား ပုံခနဲကျသွားပါသည်။ နောက်ချက်ကြီးကို လိုက်ပြန်သည်။ ချက်ကြီးလည်း မြင်းဆီကိုမှ မသွားနိုင်ဘဲ သေနတ်ကြီး ကိုင်လျက်ဖြင့်ပင် တစ်ချိုးတည်း လစ်ပါလေသည်။ များမကြာမီ ရွာဘက်မှ ဆူဆူ ဆူဆူ ကြားရသည်။ သိုက်ထွန်းမှာ အသင့်ရှိနေသော မြင်းတစ်ကောင်ကို တက်ခွပြီး လိုရာခရီးသို့ ဆက်ခဲ့ပါသည်။

## (၁၉)

"နာရီကို ရက်စား၊ ရက်ကို လစား၊ လကို နှစ်စား" ဟူ၍ ဆိုရိုးစကားရှိပါသည်။ အချိန်သည် ဘယ်အခါမှ ရပ်တန့်မနေပါ။ တစေ ရွေ့လျားပြောင်းလွဲနေသည်။ တစ်နှစ်လျှင် ရက်ပေါင်း သုံးရာ့ခြောက်ဆယ့်ငါးရက်ရှိသည်။ ထိုတစ်နှစ်အတွင်း ရက်များကို ပေါင်းစပ်ရေတွက်လျှင် အတန်များသည်၊ အတန်ကြာသည်ဟု ထင်မှတ်ရပေသည့် တကယ်တော့ တစ်နှစ်ဆိုသည်မှာ ဘာမျှ မကြာပါ။ "တစ်" ဂဏန်းမျှ ဖြစ်ပါသည်။

နှစ် မဆိုထားနှင့်၊ ခေတ်သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ရပြန်သည်။ ဝါးကြီးအိုင်မှ သူပုန်ထခဲ့သည့်နှစ် အပါအဝင် ၁၉၂၅–၂၆ ခုမှသည် ၁၉၂၇–၂၈ ခုနှစ်များသို့တိုင်အောင် ဆရာတော် ဦးဥတ္တမ၊ ဆရာတော် ဦးဝိစာရတို့မှအစ ဦးစိုးသိန်း ဂျီစီဘီအေသို့တိုင်အောင် "လိပ်ကို အခွန်ခွာရမည်" ဟူသော ကြွေးကြော်သံနှင့်အညီ အင်္ဂလိပ်သို့ အခွန်မပေးရေး၊ အတင်းအကျပ် တောင်းခံခဲ့သော် သူပုန်ထသင့်က သူပုန် ထရေးများ ဟောပြော လုပ်ဆောင်သည့်ခေတ် (ဝါးကြီးအိုင်သာမက အချို့နေရာတို့တွင်လည်း သူပုန်ထခဲ့ကြပါသည်) မှ သည်ဆရာစံ သူပုန်ခေတ်သို့ ရောက်ခဲ့သည်မှာလည်း ဘာမျှမကြာပါ။ ထိုခေတ်ပြီး နောက်တစ်ခေတ် ဖြစ်ပါသည်။ ယင်းခေတ်ကို တောင်သူလယ်သမား အရေးတော်ပုံခေတ်ဟု ခေါ်ကြသည်။

ပြီး သခင်ခေတ်၊ သခင်ဖိုးလှကြီးတို့၏ အလုပ်သမားအရေးတော်ပုံ ခေတ်၊ ဗိုလ်အောင်ကျော်တို့ ကျဆုံးရသည့် ကျောင်းသားအရေးတော်ပုံ ခေတ်တို့သည် တဆက်တည်း ဖြစ်ပေါ်လာပြန်သည်။ ထိုဖြစ်ရပ်များနှင့် မရှေးမနှောင်းပင် ယင်းကိစ္စအတွက် ဆန္ဒပြမှုဖြင့် မန္တလေးတွင်လည်း နယ်ချဲ့ အင်္ဂလိပ်၏ လက်ချက်ကြောင့် သံဃာခုနစ်ပါး အပါအဝင် အာဇာနည် ဆယ့်ခုနစ်ဦးတို့ ကျဆုံးရပြန်သည်။ ထိုဖြစ်ရပ်အားလုံးကို ခြုံ၍ "၁၃၀၀ ပြည့် အရေးတော်ပုံ" ခေတ်ဟု သမိုင်းမော်ကွန်း တင်ကြသည်။

တဆက်တည်းပင် ဒုတိယကမ္ဘာစစ်ကြီးနှင့် ကြုံလာပြန်သည်။ တစ်လျှောက်လုံး ခေါင်းထောင်လာခဲ့သော နယ်ချဲ့အင်္ဂလိပ်တို့ ဘေးကျပ် နံကျပ်ဖြင့် ကြုံကြရပြီ။ အင်္ဂလိပ်များ အခက်ကြုံသည်နှင့် မြန်မာတို့အဖို့ လွတ်လပ်ရေးရောင်ခြည်ဦး သမ်းလာပြီ။ မြန်မာတို့က "အင်္ဂလိပ်အခက်၊ မြန်မာ့အချက်" ဟု တွက်လာကြသည်။ တွက်ရုံမျှမဟုတ်၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရယူနိုင်ရန်အလို့ငှာ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ရဲဘော်သုံးကျိပ်တို့ တိုင်းတစ်ပါးသို့ တိတ်တဆိတ် ထွက်ခွာသွားကြသည်။ နောက် စစ်ပညာများ သင်ကြားကာ ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့ စည်းလျက် မြန်မာပြည်၌ရှိနေသော နယ်ချဲ့အင်္ဂလိပ်တို့အား ထိုတပ်မတော် က ဦးဆောင်ကာ ဂျပန် စစ်တပ်နှင့်အတူ ဝင်လာတိုက်သည်။

မြန်မာပြည်သူ ပြည်သားတို့အား တစ်ချိန်လုံး ဖိနှိပ်ချုပ်ချယ် ညှဉ်း ပန်းလာခဲ့သော နေမဝင် အင်ပိုင်ယာရှင် အင်္ဂလိပ်တို့လည်း ဗမာ့လွတ်လပ် ရေး တပ်မတော် (ဘီအိုင်အေ) တပ်၏ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တိုက်ခိုက် ခြင်းကို အလူးအလဲ ခံရကြပြီး၊ မြန်မာပြည်မှ တဖြည်းဖြည်းချင်း ဆုတ်ခွာ ထွက်ပြေးနေကြရပြီ ဖြစ်ပါသည်။

ဝါးကြီးအိုင်တွင် သူပုန်ထသော နှစ်မှသည် ယင်းသက္ကရာဇ် ၁၉၄၂ ခုနှစ်သို့တိုင်အောင် နှစ်အရေအတွက်အားဖြင့် ဆယ့်ခြောက်နှစ်ကာလမျှ ဖြစ်ပါသည်။ ဆယ့်ခြောက်နှစ်ကာလသည် လူတစ်ယောက်၏ ဘဝသက်တမ်း အနေဖြင့် အတော်အတန် ကြာညောင်းသည်ဟု ထင်မှတ်ကောင်း ထင်မှတ် ဖွယ်ရာ ရှိပါသည်။ သို့သော် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် သမိုင်းမှတ်တိုင် တစ်ခုအနေဖြင့်မူ ဘာမျှ ဝေးသည်၊ ကြာသည်ဟု မထင်မှတ်ရပါ။ စင်စစ်

ကြာလည်း မကြာပါ။ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ခုတ်မောင်းသွားသော အမြန်ရထားကြီးသည် တစ်ဘူတာပြီး တစ်ဘူတာ၊ တစ်ဘူတာပြီး တစ်ဘူတာ လျင်စွာ ကျော်ဖြတ်ပြီးနောက် မန္တလေးသို့ ရောက်ရှိသွားသကဲ့သို့ ခေတ်တို့မှာလည်း တစ်ခေတ်နှင့်တစ်ခေတ် လျှိုဝင်ဆက်စပ်နေကာ မကြာမီ တစ်ခေတ်မှ တစ်ခေတ်သို့ အချိန်တစ်ခဏအတွင်း ကူးပြောင်း ရောက်ရှိလာတတ်ပါသည်။

ဤလို တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာခဲ့ရသည်နှင့်အမျှ ဝါးကြီးအိုင် ရွာသည်လည်း ယခင်ကနှင့် လုံးဝ မတူတော့ပါ။ အထူးသဖြင့် စစ်ကြီးဖြစ်လာခါမှ အပြောင်းလဲကြီး ပြောင်းလဲလာပါသည်။ ဆင်းရဲသည်၊ ချမ်းသာသည်ကို မဆိုလိုပါ။ လူတို့၏ အသိဉာဏ်၊ လူတို့၏ ပေါင်းသင်းဆက်ဆံရေး၊ လူလူချင်း အထင်ကြီးမှု၊ လူလူချင်း သွေးကွဲမှု၊ တစ်ပိုင်းနှင့်တစ်ပိုင်း မတည့်မှု၊ တစ်ဦးက တစ်ဦးကို ဖိနှိပ်မှု စသည်တို့ကို ဆိုလိုပါသည်။

အားလုံးပင် ရှေးကနှင့်မတူ ပြောင်းပြန်လို ဖြစ်သွားသည်။ "အရေးကြီးတော့ သွေးနီးမှ" ဆိုသော စကားလို စစ်ကြီးဖြစ်လာသောအခါ များမြောင်လှစွာသော အန္တရာယ်များ ကျရောက်လာသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး စည်းလုံးမိလာကြပါသည်။ အင်္ဂလိပ်အပြေး ဘီအိုင်အေတပ်နှင့် ဂျပန်များ ဝင်အလာ ကြားကာလတွင် အုပ်ချုပ်ရေး ကင်းမဲ့နေခဲ့ရာ လူဆိုး၊ သူခိုးတို့ရန်ကို တစ်ရွာလုံး စုပေါင်း ကာကွယ်ခဲ့ကြပါသည်။

ထိုအချိန်၌ဆိုလျှင် သူပုန်မှုနှင့် ထောင်ကျနေသူများလည်း လွတ်မြောက်နေကြပြီး ဖြစ်သည်။ သူပုန်များနှင့် အလိုတော်ရိတပ်တို့ တိုက်ခိုက်ခဲ့စဉ်က သေသူများကိုလည်း မေ့ပျောက်သလောက် ရှိနေကြပြီ။ ဘုန်းကြီးဘဦးမိုးကောင်း မပါ။ သူပုန်အားလုံး ပေါ်အေးတို့အပါအဝင် ထောင် ဆယ့်ငါးနှစ်စီ အပြစ်ပေးခံကြရသည်။ သို့သော် ဆယ့်ငါးနှစ်ပြည့်အောင် မနေကြရ။ ဆယ်နှစ်ကျော် ဆယ့်တစ်နှစ်ခန့်မျှဖြင့် လွတ်မြောက်လာကြသည်။

သူတို့လွတ်မြောက်ပြီး ဘာမျှမကြာမီ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာပါသည်။ ယင်းအချိန်မှစ၍ ထိပ်ဆုံး အင်္ဂလိပ်အရာရှိကြီးများမှ အောက်ပိတ်ဆုံး သူကြီးနှင့် ဆယ်အိမ်ခေါင်းများအထိ အုပ်ချုပ်သူ လူတန်းစားတို့သည် ယခင်ကလို ခေါင်းမမာရဲတော့ပါ၊ ပျော့ညံ့လာကြသည်။ ဆင်းရဲ

သားများအပေါ် အရာရာ လိုက်လျောလာကြသည်။ ဝါးကြီးအိုင်ရွာအနေဖြင့် ပြောရလျှင် သူကြီးဆိုး ငထွားကို သိုက်ထွန်း သုတ်သင်လိုက်ပြီးကတည်းက နောက်တက်လာသော သူကြီးများလည်း ငထွားကဲ့သို့ မဆိုးသွမ်းတော့ပါ။ ရွာနှင့် အဆင်ပြေပြေ စီမံ အုပ်ချုပ်ပါသည်။

သိုက်ထွန်းလည်း ထိုအခါကစ၍ စုပ်စမြုပ်စ ပျောက်ဆုံးသွားပါသည်။ သိုက်ထွန်းတွင်မဟုတ်၊ ကိုရင်ကြီး ကိုသော်ကလည်း ထိုနည်း လည်းကောင်း ဖြစ်ပါသည်။ ယခု စစ်ကြီးဖြစ်၍ အင်္ဂလိပ်များ သေပြေးရှင်ပြေး ပြေးကြသည်အထိမှ ပေါ်မလာဘူးဆိုသောအခါ စစ်မဖြစ်မီကတည်းကပင် ပြေးရင်းလွှားရင်းဖြင့် တစ်နေရာရာတွင် အနိစ္စ ရောက်ခဲ့ကြပြီလား၊ သို့မဟုတ် စစ်ကြီးဖြစ်လာခါမှ စစ်နှစ်ဖက်ကြားတွင် မြေဇာပင်သဖွယ် ဗုံး၊ အမြောက် ထိမှန်၍ သေဆုံးကြပြီလား၊ သို့မဟုတ် ကိုယ်တိုင်ကိုယ်ကျ ပါဝင် တိုက်ခိုက်ခဲ့၍ တိုက်ပွဲများတွင် ကျဆုံးသွားကြပြီလား မတွေးတတ်နိုင်အောင် ဖြစ်နေကြပါသည်။

မတွေးသာ မတွေးတတ်သည်။ ရွှေရီမကမူ ယနေ့ထက်တိုင်အောင် တွေးတုန်း တွေးဆဲ၊ လွမ်းတုန်း လွမ်းဆဲ၊ တမ်းတတုန်း တမ်းတဆဲ ရှိနေပါသေးသည်။ ယခုဆိုလျှင် ဆယ့်ခြောက်နှစ် ကြာခဲ့ပြီ။ သူသည် သိုက်ထွန်း ပျောက်ဆုံးသွားပြီးသည့်နောက် တစ်နေ့ တစ်ရက်ကလေးမျှ မမေ့ပါ။ သူ့တွင် မမေ့နိုင်စရာ အကြောင်းလည်း ရှိနေပါသည်။ ယင်းသည် အခြားမဟုတ်ပါ၊ တစ်ချိန်က သူတို့ညီအစ်မ မြေပဲ ကောက်သင်းကောက်ချင်ယောင်ဆောင်ကာ သူပုန် ဝရမ်းပြေးကြီး ဖြစ်နေသော သိုက်ထွန်းအား တောတွင်း၌ သွားရောက် တွေ့ဆုံခဲ့ကြစဉ်က သိုက်ထွန်း ပေးခဲ့သော အမွေအနှစ် သူ့တွင် ကျန်ရှိနေခဲ့၍ ဖြစ်ပါသည်။ ထိုအမွေအနှစ်ကို နေ့တိုင်း တွေ့ရသည်။ မြင်ရသည်။ ကြည့်၍ အားမရနိုင်အောင်လည်း ဖြစ်ခဲ့သည်။ ကြည့်၍ အားမရတိုင်း ကြည့်သည်။ ကြည့်တိုင်း ကြည့်တိုင်းလည်း ပျောက်ဆုံးသွားသော မိမိ၏ချစ်သူ သူပုန်ကြီးကို လွမ်းဆွတ် တမ်းတရသည်။ တမ်းတမိတိုင်း ကျမြဲဖြစ်သော မျက်ရည်များက မနေ၊ အလိုလို စီးစိမ့်လာတတ်ပါသည်။

'သား....'

သို့မဟုတ် "မောင်ထွန်းရီ"၊ သို့တည်မဟုတ် သိုက်ထွန်း ပေးခဲ့သော အမွေ။

တဆက်တည်းပင် "အဖေ" ပြီး "အမေ" မိဘနှစ်ပါးကိုပါ သတိရ တမ်းတမိပြန်သည်။ ဘုန်းကြီးဘ ဦးမိုးကောင်းသည် ထောင်တော့ မကျပါ။ သို့သော် အချုပ်မှ လွတ်လာပြီးနောက် မကြာမီ အနိစ္စရောက်သွားရှာသည်။ မိခင် ဒေါ်သာလိကမူ ပေါ်အေး ထောင်က လွတ်လာပြီးမှ အနိစ္စ ရောက်ရ ရှာသည်။

တော်သေးသည်။ ပေါ်အေး လွတ်လာပြီးနောက် တောင်သူ ပြန်လုပ် နိုင်ကာ စီးပွားကလေး အထိုက်အလျောက် တက်လာ၍ သူတို့သားအမိ သည် ပေါ်အေးတို့၊ ရွှေကြည်မတို့နှင့် စီးပွားမခွဲ၊ လက်ရည်တစ်ပြင်တည်း ပင် လုပ်ကိုင် စားသောက်နေကြသည်။ စီးပွားခွဲစရာ မလို။ ရွှေကြည်မတွင် လည်း သားသမီး မထွန်းကားသဖြင့် ယခု ဆယ့်ငါးနှစ်အရွယ်မျှ ရှိနေပြီဖြစ် သော ထွန်းရီကလေးကိုပင် ဝိုင်းချစ်နေကြသည်။

ယခု ထွန်းရီနှင့် ပေါ်အေးတို့ တူဝရီးနှစ်ယောက် လှည်းဖြင့် တော ထဲသို့ ထင်းတိုက်သွားရာမှ ပြန်လာကြသည်။ သူတို့လှည်း အိမ်ဝင်းထဲသို့ ဝင်လာကတည်းက သားကို တွေ့မြင်ရပြီး၊ ရွှေရီမသည် ချက်ချင်း သိုက် ထွန်းကို ပြေး၍ သတိရမိသည်။ နောက် မျက်ရည် ကျရသည်။

'အမေ အရှေ့ ဦးဖြားကြီးကုန်းမှာ ဦးလေးသာညြနဲ့ တွေ့ခဲ့တယ် ဗျာ'

'ဟော့ ဟုတ်လား လူလေး၊ ကိုသာညြကြီးက ဘာများ မှာလိုက်သေး တုံး၊ ဖွားစိန်မတို့သားအမိ လာမယ်ဆိုတာ ဘာပြုလို့ မလာကြတဲ့တုံး၊ ပီး သူတို့ ငွေးချိုမှာကော သာသာယာယာပဲတဲ့လား'

'ဟုတ်တယ်၊ အဲဒီအကြောင်းလည်း ဦးလေးသာညြက ပြောလိုက် တယ် အမေ။ ငွေးချိုမှာ ဘာမှမရှိပေမဲ့ အင်တောမှာတော့ ဂျပန်တပ်တွေ ရောက်နေသတဲ့ဗျ။ အရီးလေး ဖွားစိန်နဲ့ အစ်ကိုကံမြင့်တို့လည်း ဒါကြောင့် ကြောက်ပြီး မလာကြတာ တဲ့'

'အင်တောမှာ ဂျပန်တပ် ရှိတာနဲ့ ဝါးကြီးအိုင် လာတာနဲ့ ဘာ ဆိုင်လို့တုံးကွယ်၊ တစ်လမ်းစီပဲ ဟာ'

'မှုတ်ဘူး အမေရဲ့၊ အင်တောမှာတောင် ဂျပန်တွေ ရှိနေရင် ဝါးကြီးအိုင်လို ရွာကြီးမှာလည်း သူတို့ ရောက်နေမှာပဲဆိုပြီး မလာတာတဲ့။ နောက်တစ်ခုကလည်း ပထွေးလေး သိုက်ညွှန်း အိမ်မှာမရှိဘူးတဲ့ အမေ။ အင်္ဂလိပ်တွေ ပြေးတဲ့နောက် လိုက်တိုက်ချင်လို့ ဘီအိုင်အေတပ်ထဲ ဝင်ရအောင်ဆိုပြီး မြို့တက်သွားသတဲ့'

'ဟယ် ဟုတ်လား၊ ဟုတ်မှာပေါ့လေ၊ တစ်ချိန်ကတည်းက လက်နက်ဆိုလို့ ဘာတစ်ခုမှ မရှိဘဲ အင်္ဂလိပ်ကို အမုန်းကြီး မုန်းပြီး အသက်ကိုတောင် မမှုဘဲ သူပုန်ထခဲ့တဲ့လူရဲ့ ညီဆိုတော့။ ဒါထက် နေပါဦး၊ လူလေးက ကိုသာဩကြီးကို အမေက တွေ့ချင်လို့ ရွာလာပါဦးလို့ မမှာခဲ့ဘူးလား'

'ဒါတော့ ကျုပ် မေ့နေတယ် အမေ၊ မပြောမိခဲ့ဘူး'

သာဩမှာ တစ်ချိန်ကတည်းက သိုက်ထွန်းတို့မောင်နှမကို သံယောဇဉ် ငြိတွယ်ပြီး သိုက်ထွန်း ပျောက်ကွယ်သွားပြီးနောက် ဖွားစိန်မနှင့် အိမ်ထောင်ပြုခဲ့ပါသည်။ သို့ဖြစ်ရာ သူသည် နဂိုကတည်းက ရွှေရီမတို့နှင့် ခင်မင်ရင်းစွဲ ရှိနေလျက် တစ်နွယ်ငင် တစ်စင်ပါ ဆိုသည့်အတိုင်း ဆွေမျိုးတော်စပ်သည့်အဖြစ်သို့ ရောက်ပြန်သောအခါ ပိုမို ခင်မင်ကြပါသည်။ သူတို့အိမ်ဝင်းကိစ္စနှင့် ပတ်သက်၍မူ ဦးလူမင်းတို့သားအဖ ထောင်ကျလျက် ဦးလူမင်း ထောင်ထဲမှာပင် အနိစ္စရောက်ခဲ့ပြီးနောက် ဘာပြဿနာမှ မပေါ်ပေါက်ခဲ့ပါ။ သားဖြစ်သူ ကျော်ဇောမှာလည်း ထောင်မှ ထွက်လာချိန်တွင် ပစ္စည်းများ ပျက်ပြုန်းနေပြီး ယခုအခါ ဘိန်းစားလုံးလုံးဖြစ်နေကာ ရေမြွေနှင့် ဘာမျှ မခြားတော့ပါ။

'ဟော အမေ့၊ တောင်ဘက်ပိုင်းက ခွေးသံတွေရော လူသံတွေပါ ဆူဆူ ဆူဆူနဲ့ ကြားတယ်။ ရွာထဲ ဂျပန်တပ်များ ဝင်လာသလား မသိဘူး'

'ဟေ ဟုတ်လား၊ ဒါဖြင့် လူလေး အိမ်ပေါ်တက်နေ၊ ကိုပေါ်အေးကော နွားကျွေးပြီး တစ်နေရာရှောင်နေရင် ကောင်းလိမ့်မယ် ထင်တယ်'

'အမေကလည်း ကျုပ်တို့ယောက်ျားတွေက ဘာအရေးကြီးတုံး အမေရဲ့၊ အမေတို့ကမှ ခက်တာ'

'ဟုတ်ဘူး လူလေးရဲ့၊ ယောက်ျားဆိုရင် ဂျပန်တွေက အုန်းပင်

အတက်ခိုင်းဖို့၊ ထန်းပင် အတက်ခိုင်းဖို့၊ ကူလီလုပ်ခိုင်းဖို့ ဆွဲခေါ်သွားတတ်တယ်လို့ ပြောတယ်။ ပီး သူတို့က သိပ်ရက်စက် ကြမ်းကြုတ်တာပဲတဲ့'

ရွှေရီမ တွေးပုံက တစ်မျိုး၊ သားထွန်းရီ ယူဆချက်က တစ်ဖုံ ဖြစ်နေသည်။ ထွန်းရီ၏အယူအဆကား သူ့မိခင်မှာ အရွယ်ရှိသေးသည်။ အရွယ်ရှိသလောက် ရုပ်ကလည်း မကျသေး။ ငယ်ငယ်ကလိုပင် ချောမြ ချောလျက်သာ။ ဂျပန်စစ်တပ်များနှင့် ပတ်သက်၍ သူတို့ ကြားသိရသည့် သတင်းများထဲတွင် ယောကျ်ားများကို ကူလီအလုပ်ခိုင်းပြီး ပါးရိုက်နားရိုက်ဖြင့် ဖက်ဆစ်ဆန်ဆန် ပြုလုပ်တတ်ကြသည်သာမက မိန်းမများဆိုလျှင်လည်း ငယ်သည်၊ ကြီးသည် အပျိုအအိုမဟူ သရဲမင်းရဲ စီးသလို မတရားပြုကျင့်တတ်ကြသည်။ ဤလိုမှ မလုပ်ရလျှင် သို့မဟုတ် တိမ်းရှောင်ထွက်ပြေးလျှင် ကြက်ကလေး ငှက်ကလေးများလို သဘောထားပြီး သေနတ်ဖြင့် ပစ်သတ်တတ်ကြသည် ဟူ၍ ဖြစ်သည်။ သို့အတွက် သားဖြစ်သူက မိခင်ကို စိုးရိမ်ပြီး "ကျုပ်တို့ ယောကျ်ားတွေက ဘာအရေးကြီးတုံး အမေရဲ့၊ အမေတို့ကမှ ခက်တာ" ဟု ဆိုခဲ့ခြင်း ဖြစ်သည်။ ဟုတ်ပါသည်၊ ရွှေရီမ၏ အသက်မှာ ယခုမှ သုံးဆယ့်ငါးနှစ်သာ ရှိပါသေးသည်။ အစွမ်းကုန် လှတုန်း၊ အစွမ်းကုန် စည်ကားတုန်း အရွယ်ပင် ဖြစ်သည်။

'ဟုတ်တယ် အမေ၊ ဟိုလမ်းမပေါ်မှာ ဂျပန်စစ်ဗိုလ်ကြီး တစ်ယောက်မြင်းကြီးနဲ့ ဒီဘက်လာနေတယ်၊ ရွာထဲ ဘာလျှောက်ရှာနေတာလဲ မသိဘူး'

'ဟဲ့ ဒီလိုဆို ပုန်းကြမှနဲ့ တူတယ်'

'ခုမှတော့ ပုန်းမနေနဲ့တော့ အမေ၊ အိမ်ရှေ့တည့်တည့် ရောက်နေဘီ၊ အမေကသာ ဣန္ဒြေရရနေ၊ တပ်က နောက်မှာ ကျန်ရစ်ခဲ့တယ်နဲ့ တူတယ်။ သူတစ်ယောက်တည်း လျှောက်ကြည့်နေတာ၊ ဟော အိမ်ဝင်းထဲ ဝင်လာဘီ'

ထွန်းရီက ပြောပြောဆိုဆို သူ့မိခင်အပါး ယို့ယို့ကလေး ကပ်ထိုင်လိုက်သည်။

'ဟယ် တစ်ခါဖြင့် ခက်ကြဘီနဲ့ တူတယ်'

'အမေကလည်း အသာနေပါ၊ ဒါထက် ဘာလိုချင်သလဲလို့ ကျုပ်သွားမေးရရင် မကောင်းဘူးလား'

ရွှေရီမက သူ့သားကို လက်ကုတ်လိုက်သည်။

'မသွားနဲ့ လူကလေး၊ သူ့မှာ ဓားကြီးလည်း ပါတယ်။ ခါးမှာ ခြောက်လုံးပြူးလည်း ပါတယ်။ မတော်လို့ တစ်ခုခုနဲ့ ခုတ်လိုက် ပစ်လိုက်မှ ဖြင့်'

လေသံတိုးဖြင့် ကျိတ်၍ ပြောနေခြင်း ဖြစ်သည်။ သားအမိ နှစ်ယောက်လည်း ထိုမြင်းဖြင့် ဝင်ရောက်လာသော ဂျပန်စစ်ဗိုလ်ကို ကြည့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေကြသည်။ ကိုပေါ်အေးလည်း ထိုနည်းလည်းကောင်းပင်။ နွားတင်းကုပ်ထဲမှ နေကာ ထိုဂျပန်၏ အမူအရာကို စိုက်ကြည့်နေသည်။

ထိုစစ်ဗိုလ်ကလည်း ဟုတ်သည်။ မြင်းပေါ်မှ ဆင်းပြီး သူ့မြင်း၏ ဇက်ကြိုးကို စောစောက ဖြုတ်ထားသော ထင်းလှည်း နောက်မြီးတွင် ချိတ်ကာ ရွှေရီမတို့ ထိုင်ကြရာ အိမ်အောက် ကွပ်ပျစ်ဆီသို့ လျှောက်လာနေသည်။

နှုတ်ခမ်းမွေးသဲ့သဲ့၊ မုတ်ဆိတ်မွေးရေးရေး၊ ဂျပန်ဦးထုပ်ကို ဆောင်း၊ ဂျပန်စစ်အင်္ကျီ၊ စစ်ဘောင်းဘီတို့ကို ဝတ်သည့်အပြင် စစ်ဘော့ဘွတ်ကြီးကို စီးလျက်၊ စောစောက ပြောသလို ဂျပန်စစ်ဗိုလ်များ ဆောင်တတ်လေ့ရှိသော ကြောက်စရာ ဓားကြီးနှင့် ခြောက်လုံးပြူးတို့ ပါရှိရာ၊ သားအမိနှစ်ဦးတို့သည် အဘယ်မှာလျှင် မကြောက်ဘဲ ရှိကြလိမ့်မည်နည်း။

ခက်ကြပြီ ထင်သည်။ ဂျပန်စစ်ဗိုလ်က ယောကျ်ားများကို ခိုင်းရန် အလိုရှိလျှင် ထွန်းရီကလေးကို လည်းကောင်း၊ တင်းကုပ်တွင်းမှ မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြင့် လှမ်းကြည့်နေသော ပေါ်အေးကို လည်းကောင်း ရောက်ရာနေရာမှ လှမ်းခေါ်မည်။ လှမ်းခေါ်နိုင်သည်။ ဤလိုကိုယ်ထိလက်ရောက် လာနေစရာ မလို။ ယခု လာနေပုံကိုထောက်သော် ယောကျ်ားများကို အလိုရှိ၍ မဟုတ်။ ယောကျ်ားများကို အလိုမရှိလျှင် ဘာကို အလိုရှိမည်နည်း။ စောစောက ထွန်းရီကလေး တွေးဆသလို မိန်းမကို အလိုရှိ၍ ဖြစ်ရမည်။

ရွှေရီမမှာ တောသူဖြစ်၍ တောသူမကဲ့သို့ပင် သူ့အထိုက်အလိုက် ဝတ်စား ဆင်ပြင်ထားသော်လည်း မျက်နှာအလှနှင့် ကိုယ်အလှမှုကား မြို့သူဖြစ်စေ၊ တောသူဖြစ်စေ တိုးတက်လှစေချင်၍လည်း မရ။ ရှိပြီး အလှ

ကို လျှော့ပစ်၍လည်း မဖြစ်။ လှသူဟာ လှသူပင် ဖြစ်သည်။ ထိုအလှကို သားကလည်း သိသည်။ မိခင်ကလည်း သူ့ကိုယ်သူ စိတ်ပူသည်။ ပူသည်မှ ထပြေး၍ရလျှင် ထပင် ပြေးချင်သေးသည်။ သားအမိ နှစ်ယောက်စလုံး အထူး ကြောက်လန့်နေကြသည်။ သို့ဖြင့် ဂျပန်စစ်ဗိုလ် အပါးသို့ ရောက်လာသောအခါ ရွှေရီမက ရဲဆေးတင်ပြီး တစ်စုံတစ်ခု ပြန်းသန်းပြောသလိုဟန်ဖြင့်–

'သြော်.... အင်း... ဗိုလ် ဗိုလ်'

ပြောတော့ ပြောပါသည်။ သို့သော် ဘာပြောရမှန်း မသိဘဲ အနေသည်။ ဂျပန်လိုလည်း မပြောတတ်။ ဗမာလိုပြောလျှင်ကော ထိုစစ်ဗိုလ်က နားလည်ပါမည်လားဟူသော အသိစိတ်က ဝင်နေ၍ ယခုကဲ့သို့ အနေခြင်း ဖြစ်ပေမည်။ ထိုအထဲ ဂျပန်စစ်ဗိုလ်က ပြုံးဖြီးဖြီးကြီး ကြည့်နေပြန်၍ တိုးလို့ ကြောက်အားပိုရပြန်သည်။

'ရွှေရီ'

ရွှေရီမ၏ ရင်တွင်းမှ လှိုင်းတံပိုးများ ထ သလို အလိုအလျောက် ရိုက်ခတ် လှုပ်ရှားလာသည်။ ခေါင်းနားပန်းများ ကြီးလာသည်။ မျက်ဝန်းအစုံလည်း ရှေ့သို့ ပြူးထွက်လာသည်။ ပါးစပ်မှ ဖွင့်ဟ မေးမြန်းချင်သည်။ သို့သော် မဖွင့်ရဲ။ ဟုတ်ရဲ့လား၊ မဟုတ်ဘူးလား။

'ရွှေရီ လူမှားနေတယ်နဲ့ တူတယ်၊ ငါပါ ရွှေရီရယ်'

'တော်... တော်...'

ရွှေရီမက လက်ညှိုးငေါက်ငေါက် ထိုးလျက် မေးသည်။

'တော် ကိုသိုက်ထွန်း'

'အေးပါဟဲ့... ငါပါ'

ရွှေရီမ စကားဆို၍ မရတော့ပါ။ သိုက်ထွန်းသို့လည်း မကြည့်ပါ။ မျက်နှာကို အောက်ချလိုက်ရင်း သူ့ရင်သူ ဖိလျက် ငိုရှိုက်နေပါလေသည်။

'ငါ ပြန်လာဘီပဲ ရွှေရီရယ်၊ ဒါလောက်တောင် ဝမ်းနည်းပက်လက် ဖြစ်နေဖို့ မလိုတော့ပါဘူး'

သိုက်ထွန်းက ခါးတွင် ချိတ်ထားသော ဓားကို ဖြုတ်လျက် ရွှေရီမ၏ ဘေးနားတွင် ဝင်ထိုင်လိုက်သည်။ ပြီး ငုံ့ထားသော ရွှေရီမ၏ မျက်နှာကို

လည်းကောင်း၊ ရွှေရီမ၏ဘေးတွင် မျက်လုံး အကြောင်သားဖြင့် ဟိုကြည့် သည်ကြည့် ကြည့်နေသော ထွန်းရီကလေးကို လည်းကောင်း တစ်လှည့်စီ ကြည့်နေပြန်သည်။

'သား.... သား.... သား.... လူလေး၊ အဲဒါ သားအဖေပဲ လူလေးရဲ့'

ရွှေရီမက လက်နှစ်ဖက်စုံဖြင့် သား၏ပခုံးကို လှမ်းကိုင်လိုက်ကာ ရင်ဆို့သံ၊ ငိုသံကြီးဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

'ဟင် ဒါ ကိုယ့်သား ဟုတ်လား၊ ကြည့်စမ်း ကိုယ့်သားတောင် ကိုယ့်သားမှန်း မသိဘူး'

သိုက်ထွန်းက လက်တွင် ကိုင်ထားသောဓားကို ကွပ်ပျစ်ပေါ်သို့ ကပျာကယာ ပစ်ချလိုက်ကာ သားရှိရာဘက်သို့ ထသွားပြီး သား၏ပခုံး နှစ်ဖက်ကို အားရပါးရ ဆုပ်ကိုင်ရင်း မေးမြန်းလိုက်ခြင်း ဖြစ်ပါသည်။ နောက် သား၏မျက်နှာကို အသေအချာ ကြည့်သည်။ သားကလည်း ယခုမှ တွေ့ဖူး မြင်ဖူးသော ဖခင်၏မျက်နှာကို စိုက်ကြည့်နေသည်။ ဤသို့ တစ်ဦးကိုတစ်ဦး ကြည့်ရင်း ကြည့်ရင်း သားအဖ နှစ်ယောက်စလုံး၏ မျက်ဝန်းစုံများတွင် မျက်ရည်စတွေ ရစ်ဝိုင်း သိုင်းခြုံလျက် ရှိနေပါသည်။

ပြီး သိုက်ထွန်းက သား၏တစ်ကိုယ်လုံးကို သိမ်းကျုံး ပွေ့ဖက်ကာ သားအပါးတွင် ကပ်၍ ထိုင်လိုက်ပါသည်။ ထိုအခြင်းအရာတို့ကို ရွှေရီမက မျက်ရည်ယိုရွှဲဖြင့် ကြည့်ရင်း ပီတိတွေ ဖြာနေမိသည်။ နောက် ပေါ်အေး လည်း ၎င်းတို့အပါးသို့ ရောက်လာသည်။

'ဟာ မောင်သိုက်ထွန်း၊ မင်းတော့ သေဘီလို့ ဒို့က အောက်မေ့ နေကြတာ'

'အစ်မကြည်ရေ ဟောဒီမယ်...'

ရွှေရီမသည် ဝမ်းသာလွန်း အားကြီးပြီး ဆို့နင့်နေ၍ အသံ ကောင်း ကောင်း မထွက်လာပါ။ သို့အတွက် အိမ်ပေါ်၌ရှိနေသော သူ့မိန်းမအား ပေါ်အေးက ဆက်ခေါ်ရသည်။ ရွှေကြည်မလည်း မဆိုင်းမတွပင် အိမ်ပေါ်မှ ပြေးဆင်းလာသည်။ တစ်အိမ်လုံး ဝမ်းသာအယ်လဲဖြစ်ကာ ဆူညံသွားပါ သည်။

ပြီး သိုက်ထွန်း မြင်းဖြင့် ဝင်လာကတည်းက တစေ့တစောင်း ကြည့်

နေကြသော အိမ်နီးပါးချင်းနှင့် ဆွေဆွေမျိုးမျိုးတို့လည်း သိုက်ထွန်းမှန်း သိရသည် ဆိုကတည်းက ဝိုင်းဝန်း ရောက်ရှိလာကြရာ ဆူသထက်ဆူ၊ ညံသထက် ညံသွားပါသည်။ အကျိုးအကြောင်း မေးကြမြန်းကြသဖြင့် သိုက်ထွန်းက အတိုချုံး၍ ပြောပြရသည်။

သူနှင့် ကိုရင်ကြီးတို့နှစ်ဦး အောက်ပြည် ရန်ကုန်သို့ တိတ်တဆိတ် သွားရောက်ခဲ့ကြကြောင်း၊ ရန်ကုန်တွင်လည်း စိတ်မလုံသဖြင့် အောက်ဘက်သို့ ဆက်၍ ဆက်၍ သွားကြရာ ပလောပီနံသို့ပင် ရောက်ခဲ့ကြကြောင်း၊ ထိုတွင် ကိုးနှစ် ဆယ်နှစ်ခန့် နေကြပြီး မြန်မာပြည်တွင်း ကော့သောင်းဘက်သို့ ပြန်ရောက်လာကြကြောင်း၊ ထိုမှတစ်ဆင့် ဘုတ်ပြင်း၊ ၎င်းမှတစ်ဖန် မြိတ်၊ မြိတ်သို့ ရောက်သောအခါ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ရုံမက အရှေ့ဘက်သို့ စစ်မီးကူးစက်လာပြီဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ရဲဘော်သုံးကျိပ်တို့ ယိုးဒယားနိုင်ငံသို့ပင် ရောက်ရှိလျက် ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းနေကြပြီ ဖြစ်ကြောင်း။

သို့အတွက် သူတို့အဖို့မှာလည်း အင်္ဂလိပ်က ဖမ်းဆီး အရေးယူနိုင်မည့် အခြေအနေတွင် မရှိတော့ကြောင်း၊ လွတ်လပ်စွာနေ၍ လွတ်လပ်စွာ သွားလာနိုင်ကြပြီ ဖြစ်ကြောင်း၊ ဤတွင် ကိုရင်ကြီးနှင့် ၎င်းတို့နှစ်ယောက်သည် ယိုးဒယားတွင် ရှိနေသော ဗမာ့လွတ်လပ်ရေး (ဘီအိုင်အေ) တပ် မြိတ်သို့ ရောက်အလာ တပ်ထဲသို့ ဝင်ကြရန် မြိတ်ကနေ စောင့်ဖို့ တိုင်ပင်ထားကြကြောင်း၊ ထိုအတွင်း ကိုရင်ကြီးမှာ အပြင်းဖျားကာ အနိစ္စ ရောက်ခဲ့ရကြောင်း၊ သူလည်း ကိုရင်ကြီး မရှိတော့သဖြင့် စိတ်မကောင်းဖြစ်ပြီး မြိတ်တွင် ဆက်မနေတော့ဘဲ ထားဝယ်သို့လာကာ ထားဝယ်ကမှ ဘီအိုင်အေ တပ်ကို စောင့်ခဲ့ကြောင်း။

စောင့်သည့်အတိုင်း ထားဝယ်သို့ ဘီအိုင်အေတပ် ရောက်လာသော အခါ ရောက်လျှင်ရောက်ချင်း ထိုတပ်တွင်းသို့ ဝင်ခဲ့သည်။ ထားဝယ်မှာပင် တစ်လခန့် စစ်ပညာလေ့ကျင့် သင်ကြားခဲ့ရသည်။ ထိုမှ တစ်စတစ်စ အင်္ဂလိပ်များအား ချီတက် တိုက်ခိုက်လာခဲ့ရာ ရန်ကုန်သို့ ရောက်လာကြသည်။ နောက် ရန်ကုန်မှ ပြည်လမ်းအတိုင်း အထက်သို့ ဆက်တက်ခဲ့ကြ

သည်။ ပြည်မြို့သို့အရောက် ငပွေးကို တွေ့ရသည်။ ယခု ငပွေး သူ့တပ်ထဲတွင် တပ်သားတစ်ဦးအဖြစ် ပါလာသည်။

နားထောင်ရသူတို့သည် ကိုရင်ကြီး အနိစ္စရောက်သည် ဆိုစဉ်က ဝမ်းနည်းပက်လက်ဖြစ်ကြသလို ယခုငပွေး သူနှင့်အတူ လိုက်ပါလာသည် ဆိုတော့လည်း ဝမ်းသာကြရပြန်သည်။ ဤတွင် မဟုတ်သေး၊ ငပွေးနှင့် အတူ ထားရစ်ခဲ့သော ကြောင်ပျံသည်လည်း ငပွေးထက် စော၍ပင် ဘီအိုင်အေ တပ်တွင်းဝင်ရောက်ခဲ့သည်။ သူတို့နှစ်ဦးသည် ပြည်မြို့တွင် အတူတူပင် နေကြသည်။ ဘီအိုင်အေတပ် ရွှေတောင်တိုက်ပွဲတွင် အောင်ပွဲရသဖြင့် ဟိုးလေးတကျော် ဖြစ်သွားသောအခါ ထိုတပ် ပြည်မြို့သို့ ရောက်အလာ ကြောင်ပျံက ထိုတပ်တွင်းသို့ ဝင်သွားသည်။ ထိုစဉ် ငပွေးကို ခေါ်သော်လည်း ငပွေးက ရှာပြန်လိုသည်ဆိုပြီး မဝင်ဘဲ နေခဲ့သည်။ သိုက်ထွန်းနှင့် တွေ့ခါမှ သိုက်ထွန်းကို သံယောဇဉ်ငြိပြီး လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ ယခု သိုက်ထွန်း၏တပ်ခွဲ သစ်ယာခေါက်တွင် ရောက်နေသည်။ သစ်ယာခေါက်သို့ ရောက်လျှင်ရောက်ချင်း ရွှေရီမအား တွေ့လိုဇောဖြင့် သူ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ငပွေးအား ခေါ်သော်လည်း ငပွေးက အင်္ဂလိပ်ကို တစ်ချီလောက် တိုက်ပြီးမှ ရှာပြန်မည်ဆိုပြီး နေခဲ့ကြောင်း ပြောသည်။

'ကဲ မင်းတို့နှစ်ယောက် ကွဲကြနေတာလည်း ကြာဘီ၊ ရောက်တုန်း အချင်းချင်း အေးအေးဆေးဆေး စကားပြောကြဦး၊ ဒို့လည်း အိမ်ပြန်လိုက်ဦးမယ်။ ဒါလောက်သိရရင် ကျေနပ်ပါဘီ' ဟု တစ်ယောက်က ပြောလိုက်သဖြင့် တစ်ယောက်ပြီးတစ်ယောက် ထပြန်သွားကြရာ အိမ်သားစုချည်း ကျန်တော့သည်။ ပြီး ရွှေကြည်မကလည်း ဧည့်သည်ကျွေးရန် စီမံရေးအတွက် သူ့လင် ပေါ်အေးကို ခေါ်ထုတ်သွားသည်။ နောက် တူကလေး ထွန်းရီကိုပါ ခေါ်ပြန်သည်။ သိုက်ထွန်းနှင့် ရွှေရီမတို့ချည်း ကျန်ခဲ့ကြသည်။

ချစ်သူနှစ်ဦးတို့သည် တစ်ယောက်ကို တစ်ယောက် ချစ်ရည်လူးသော အကြည့်ဖြင့် ကွဲကွာနေခဲ့သော ဆယ့်ခြောက်နှစ်စာ တဝကြီး ကြည့်ကြရင်း မျက်လုံးချင်း ချစ်တင်း တုံ့တင်နေကြပါသည်။ ။

ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံ မတိုင်မီ

-ဝံသာနု ခေတ်ကာလ-

နယ်ချဲ့အာဏာပိုင်နှင့် လက်ပါးစေ ပုလိပ်၊ သူကြီးတို့၏ ဖိနှိပ်ချုပ်ချယ် နှိပ်စက်ညှင်းပန်းမှုနှင့် အတူ

သဿမေဓ လူခွန်တော် အတင်းအကျပ် တရားမဲ့ တောင်းခံမှုကို အန်တု တိုက်ပွဲဝင်ခဲ့သည့်

မြို့သစ်နယ် ဝါးကြီးအိုင်ရွာသားတို့၏

ဓားတစ်လက်၊ လုံတစ်ချောင်း၊ ဝါးရင်းတုတ် ကိုယ်စီကိုင်လျက် သွေးပွက်ပွက်လျှံ၊ နီစွေးပြင်းထန်

တော်လှန်ပုန်ကန်မှု။

ဇွေလင်း

# ဝါးကြီးအိုင်သူပုန်



YP 480

9781995004808